HUB MYANMAR

# သစ်စေ့ခုနစ်စေ့ရဲ့ လျှို့ဝှက်ချက်

(လုပ်ငန်းခွင်နှင့်ဘဝ ဟန်ချက်ညီစွာနေထိုင်နည်းဆိုင်ရာ ပုံဆောင်ဝတ္ထု)

## The Secret of the Seven Seeds

**David Fischman**

ဖိုးဝေ (မဟာဝိဇ္ဇာ)

မြန်မာပြန်သည်

2015.GRAPHIC DESIGN : KYAW MINN MOUNG





## David Fischman

လက်တင်အမေရိကသတင်းစာများ၏ လူသိများသည့် ပင်တိုင်ဆောင်းပါးရှင် ဖြစ်သည်။ စပိန်ဘာသာဖြင့် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စာအုပ်များရေးသားခဲ့ပြီး လက်တင်အမေရိကနှင့် စပိန်တို့တွင် ရောင်းအားကောင်းသည့် စာအုပ်များဖြစ်ခဲ့သည်။ David Fischman သည် Georgia Institute of Technology မှ ဆောက်လုပ်ရေး အင်ဂျင်နီယာဘွဲ့ ရရှိခဲ့ပြီး University of Boston မှ MBA ဘွဲ့ ရရှိခဲ့သည်။ သူသည် ပီရူးနိုင်ငံတွင် ထင်ရှားသည့် ကွန်ပျူတာသိပ္ပံကျောင်း Technological Institute Cibertec၊ Sir Alexander Fleming English School၊ Universidad Peruana de Ciencias Aplicadas (UPC)၊(The Peruvian University of Applied Sciences)တို့၏ ပူးတွဲတည်ထောင်သူလည်း ဖြစ်သည်။ လက်ရှိအချိန်တွင် ခေါင်းဆောင်မှုသင်တန်းနည်းပြ၊ နိုင်ငံတကာအကြံပေးနှင့် (UPC) အကြံပေးဌာန၏ နည်းပြအဖြစ် ဆောင်ရွက်လျက်ရှိသလို ဇနီး Cecilia နှင့် သားသမီးနှစ်ဦးတို့နှင့်အတူ ပီရူးနိုင်ငံတွင် နေထိုင်လျက်ရှိသည်။



## ဖြိုးဝေ(မဟာဝိဇ္ဇာ)

၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ အဖ ဦးဇော်မျိုး၊ အမိ ဒေါ်ယုဝေ တို့က မွေးဖွားခဲ့သည်။

အရှေ့တိုင်းပညာဘာသာရပ် အထူးပြုဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီးနောက် မီဒီယာလောကသို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်အထိ TODAY Publishing House ၌ အမှုဆောင်အယ်ဒီတာ အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

လက်ရှိအချိန်တွင် Myanmar B2B Management Magazine နှင့် ACUMEN Magazine (English) တို့၌ အမှုဆောင်အယ်ဒီတာအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသလို **ထက်သူ (မဟာဝိဇ္ဇာ)**၊ **ဖြိုးဝေ (မဟာဝိဇ္ဇာ)** အမည်များဖြင့် စံတော်ချိန်နေ့စဉ်၊ FACES၊ ပေဖူးလွှာ၊ Myanmar B2B Management Magazine နှင့် ACUMEN Magazine (English) တို့တွင် သတင်းဆောင်းပါး၊ ဘာသာပြန်ဝတ္ထုတိုနှင့် ဆောင်းပါးများ ရေးသားလျက် ရှိသည်။

၂၀၁၄ ခုနှစ်တွင် ‘**တက်မစုံသောလှေတစ်စီး နောက်ကြောင်းပြန်လှည့်နိုင်လား**’ အမည်ရှိ ဆောင်းပါးပေါင်းချုပ်စာအုပ်ကို စာရေးသူ **ဟိန်းဇော်**နှင့်အတူ ပူးတွဲရေးသား ထုတ်ဝေထားသည်။




ထုတ်ဝိုးမှုပုံစံသင်မိတ်ဆက်ပွဲ၊ ဂုဏ်ပြုဆုချီးမြှင့်ပွဲ နှင့်
၁၅နှစ်ပြည့်မိတ်ဆုံစားပွဲ အမှတ်တရလက်ဆောင်

# သစ်စေ့ခုနစ်စေ့ရဲ့လျှို့ဝှက်ချက်

(လုပ်ငန်းခွင်နှင့်ဘဝ ဟန်ချက်ညီစွာနေထိုင်နည်းဆိုင်ရာပုံဆောင်ဝတ္ထု)

**ဖြိုးဝေ (မဟာဗိဇ္ဇာ)**
**မြန်မာပြန်သည်**

# The Secret of the Seven Seeds

David Fischman

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | တတိယအကြိမ်၊ ဇန်နဝါရီလ ၂၀၁၆ |
| အုပ်ရေ | - | ၁၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း | - | ကျော်မင်းမောင် |
| အတွင်းအပြင်အဆင် | - | စင်ဝေဝေမှိန် |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | ဒေါ်ဝင်းမာ<br>စိတ်ကူးချိုချိုပုံနှိပ်တိုက် (၀၀၄၁၂)<br>၁၁၇၉၊ မဟိုးရိပ်လမ်း၊ ကံဘဲ့၊ ရန်ကင်းမြို့နယ်၊<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဒေါက်တာထက်ဖိလင်း (၀၀၀၇၅)<br>(Hub Myanmar)<br>အမှတ် ၂၄/၂၆၊ ၄ ဘီ/စီ၊ မြင်းပြိုင်ကွင်းကွန်ဒို၊<br>တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ဘာသာပြန်စာမူမူပိုင် | - | မြို့ဝေ (မဟာဝိဇ္ဇာ) |
| ဖြန့်ချိရေး | - | Hub Myanmar |
| တန်ဖိုး | - | ၃၀၀၀ ကျပ် |

# မာတိကာ


ဘာသာပြန်သူ၏အမှာ

၁။ တပ်လှန့်သံ ၁

၂။ ပထမဆုံးသစ်စေ့ကိုရေလောင်းခြင်း ၁၉

၃။ အထိမခံတဲ့သစ်စေ့ ၄၉

၄။ တတိယသစ်စေ့အပင်ပေါက်ခြင်း ၈၅

၅။ စတုတ္ထသစ်စေ့ကပေးတဲ့သင်ခန်းစာ ၁၀၃

၆။ နေကြာစေ့ ၁၄၃

၇။ ဟန်ချက်ညီတဲ့အစေ့ ၁၆၁

၈။ သစ်စေ့ခြောက်စေ့ကိုပြန်လည်သုံးသပ်ခြင်း ၁၈၅

၉။ သတ္တမသစ်စေ့ ၁၉၉

၁၀။ နိဂုံးစကား ၂၂၄

၁၁။ အမေး အဖြေ ၂၂၇

ဤစာအုပ်ဖြင့် အဖေ၊ အမေ၊ အစ်ကိုနှင့်
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့၏
ကျေးဇူးတရားအား ဂါရဝပြုပါသည်။

မြိုးဝေ (မဟာဝိဇ္ဇာ)

## တတိယအကြိမ်ပုံနှိပ်ခြင်းအမှာ

မြန်မာနိုင်ငံမှာစာဖတ်သူကျဆင်းလာတဲ့အတွက် စာအုပ်ဆိုင်တွေပိတ်တဲ့သူပိတ်နဲ့ စာအုပ်ဈေးကွက်ပျက်တော့မယ်လို့ ဝေဖန်ပြောဆိုမှုတွေများနေတဲ့အချိန်မှာ **သစ်စေ့ခုနစ်စေ့နဲ့လျှို့ဝှက်ချက်** စာအုပ်ဟာ ခြောက်လအတွင်း တတိယအကြိမ်ထပ်ရိုက်ရတဲ့အတွက် စာဖတ်သူတွေ သိချင်၊ လိုချင်၊ ရှာဖွေနေတဲ့တစ်စုံတစ်ခု ဒီစာအုပ်မှာပါလို့ဖြစ်မယ်လို့ယုံကြည်မိပါတယ်။ ဒီစာအုပ်ဟာ တကယ်တော့ ယနေ့ကမ္ဘာကြီးမှာ လူတိုင်းလိုချင်တောင့်တပြီး အချိန်နဲ့အမျှ ကြိုးစားရှာဖွေနေပေမဲ့ လိုချင်သလောက်မရတဲ့ တစ်စုံတစ်ခုအကြောင်းနဲ့ပတ်သက်နေပါတယ်။ အဲဒီတစ်စုံတစ်ခုကတော့ **'ပျော်ရွှင်မှု'** ပါ။ ပျော်ရွှင်မှုကို လူတိုင်းနှစ်သက်လိုချင်ပါတယ်။ ဒါကြောင့် ပျော်ရွှင်မှုကိုလိုချင်လို့ ပျော်ရွှင်မှုရမယ်လို့ထင်တဲ့အရာမှန်သမျှကို ရှာဖွေပြီး ရယူနိုင်ဖို့ကြိုးစားပါတယ်။ အထူးသဖြင့် ပုဂ္ဂိုလ်ရေးဘဝနဲ့ လုပ်ငန်းခွင်ဘဝဆိုတဲ့ဘဝနှစ်ခုမှာ ရှင်သန်နေရတဲ့လူတွေအနေနဲ့ ဘဝနှစ်ခုလုံးမှာ ပျော်ရွှင်နိုင်ဖို့က ပိုပြီးခက်ခဲလာကြပါတယ်။ တချို့က ပုဂ္ဂိုလ်ရေးဘဝမှာပျော်ရွှင်မှုရကြပေမဲ့ လုပ်ငန်းခွင်ဘဝမှာတော့ အခက်အခဲပြဿနာတွေကြောင့် စိတ်ဖိစီးမှုတွေများပြီး မပျော်ကြပါဘူး။ တချို့က လုပ်ငန်းခွင်ဘဝမှာပျော်ရွှင်မှုရကြပေမဲ့ ပုဂ္ဂိုလ်ရေးဘဝမှာတော့ ပြဿနာပေါင်းသောင်းခြောက်ထောင်နဲ့ စိတ်ဖိစီးမှုတွေဖြစ်ပြီး မပျော်မရွှင်ဖြစ်နေကြပါတယ်။ တချို့ကတော့ ပုဂ္ဂိုလ်ရေးဘဝမှာရော လုပ်ငန်းခွင်ဘဝမှာပါ အဆင်မပြေမှုတွေနဲ့လုံးထွေးပြီး ပျော်ရွှင်မှုဆိုတဲ့အရာကို ငတ်မွတ်နေကြပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီလိုလူတွေထဲမှာတစ်ဦးအပါအဝင်ဖြစ်ခဲ့ပါတယ်။ လုပ်ငန်းခွင်ဘဝမှာ ဖြစ်ချင်တာတွေ၊ လုပ်ချင်နေတာတွေနဲ့ တကယ်ဖြစ်လာတာတွေ၊ လုပ်နေရတာတွေတခြားစီဖြစ်ပြီး စိတ်ဖိစီးမှုတွေကြောင့် ပုဂ္ဂိုလ်ရေးဘဝမှာလည်း စိတ်တိုင်းမကျဘဲ လူပန်း၊ စိတ်ပန်းဖြစ်လာပါတော့တယ်။ အဲဒီလိုလုပ်ငန်းခွင်နဲ့ဘဝဟန်ချက်မညီဘဲ မပျော်မရွှင်ဖြစ်နေတဲ့အချိန်မှာ ကျွန်တော့်ကိုလမ်းပြမယ့်စာအုပ်တစ်အုပ်ကို ဖတ်ခွင့်ရခဲ့ပါတယ်။ အဲဒီစာအုပ်ကတော့ မိတ်ဆွေလက်ထဲမှာအခုရောက်နေတဲ့ **'သစ်စေ့ခုနစ်စေ့နဲ့လျှို့ဝှက်ချက်'** ဆိုတဲ့စာအုပ်ပါ။ စဖတ်တုန်းက သကြိန်ပိတ်ရက်ဖတ်မယ့်စာအုပ်စာရင်းထဲပါလို့ စဖတ်ရင်းကနေ အဲဒီထဲမှာပါတဲ့ဇာတ်ကောင်ကို ဇာတ်ကောင်လို့မမြင်တော့ဘဲ ကိုယ့်ကိုယ်ကိုယ်ပြန်မြင်နေရသလိုဖြစ်လာပါတယ်။ အဲဒီဇာတ်ကောင်နေရာမှာ

ကိုယ်တိုင်ဝင်ခံစားပြီး ဘာဖြစ်မလဲသိရအောင် အဆုံးထိတစ်ဆက်တည်းဖတ်ပြီးတဲ့နောက်မှာတော့ "ငါ့အတွက်လမ်းစတွေ့ပြီ" ဆိုပြီးအဖြေတွေ့ခဲ့ပါတယ်။ တကယ်တော့ ဒီစာအုပ်က ကျွန်တော့်အတွက်တော့ စာအုပ်မဟုတ်တော့ပါဘူး။ လမ်းညွှန်မြေပုံတစ်ခုပါ။ မြေပုံဆိုတဲ့အတိုင်း ကျွန်တော်သွားရင် သွားသလောက်ရောက်ပါလိမ့်မယ်။ ရပ်ရင် ရပ်နေသလောက်ရောက်ပါလိမ့်မယ်။ ကျွန်တော်အခု လမ်းညွှန်မြေပုံကိုလက်စွဲထားပြီး ဆက်သွားနေပါတယ်။ လိုတဲ့အခါတိုင်း လမ်းညွှန်မြေပုံကိုပြန်ကြည့်ပါတယ်။ အဲဒီလို ကျွန်တော့်အတွက် လမ်းညွှန်ဖြစ်တဲ့မြေပုံတစ်ခုကို ကျွန်တော်တစ်ယောက်တည်း မသုံးချင်ပါဘူး။ အခြားသူတွေလည်း သုံးလို့ရအောင် ဝေမျှချင်တဲ့အတွက် အဲဒီမြေပုံကိုမိတ္တူကူးပြီး မိတ်ဆွေလက်ထဲအရောက်ထည့်ပေးလိုက်ပါတယ်။ တကယ်လို့ မိတ္တူကောင်းရင် မူရင်းကောင်းလို့ပါ။ မိတ္တူမကောင်းရင်တော့ မိတ္တူကူးတဲ့ကျွန်တော် မကောင်းလို့ပါ။ လမ်းညွှန်မြေပုံကို လိုအပ်တိုင်းသုံးပါ။ အသုံးတဲ့ရင် ကျွန်တော့်လိုပဲ သူများကိုဆက်လက်ဝေမျှနိုင်ပါစေ. . .

ဟန်ချက်ညီပြီး ပျော်ရွှင်တဲ့ဘဝတစ်ခုကိုရကြပါစေလို့ ဆန္ဒပြုလျက်. . .

ဖြိုးဝေ (မဟာဝိဇ္ဇာ)

၂. ၁. ၂၀၁၆ (စနေနေ့) မနက် ၁၀ နာရီ ရန်ကုန်မြို့။

phyowai44@gmail.com

https://www.facebook.com/phyo.wai.9275439

# တပ်လှန့်သံ

ဦးမင်းနိုင်ဟာ နှလုံးရောဂါအထူးကုနဲ့ပြဖို့ သူ့အလှည့်ကိုစောင့်ရင်း စိတ်လှုပ်ရှားနေပါတယ်။ အသက် ၄၂ နှစ်ရောက်တဲ့အချိန်မှာ သူ့ဆီမှာ နှလုံးရောဂါပြဿနာရှိနေတယ်ဆိုတာကို ဦးမင်းနိုင်မယုံနိုင်သေးဘူးဖြစ်နေတယ်။ သူက အမြဲတမ်းကျန်းမာရေးကောင်းခဲ့တဲ့လူတစ်ယောက်။ သူဟာ အခုအချိန်ထိ အိပ်ချိန်ကလွဲပြီး တနင်္လာနေ့ကနေ စနေနေ့အထိ တစ်နေ့ ၁၈ နာရီ အလုပ်လုပ်နေတာပါ။ သူ့သားသမီး၊ ဇနီးမယားနဲ့ သူ့ကိုယ်သူတောင် မသိကျိုးကျွန်ပြုနေခဲ့တာပါ။ လေ့ကျင့်ခန်းလည်းဘယ်တော့မှမလုပ်ဘူး။ အရက်ရော ဆေးလိပ်ပါအသောက်များတယ်။ နောက်ပြီးနေ့လယ်စာကိုလည်း ရုံးမှာအလုပ်လုပ်ရင်း အလွယ်တကူရတဲ့အမြန်စာတွေပဲစားဖြစ်တယ်။

သူ့အဖေဆုံးတဲ့နေ့ကို သူအမှတ်ရနေတုန်းပါပဲ။ သူ့အဖေမကွယ်လွန်ခင်က သူတို့မိသားစုကုမ္ပဏီရဲ့စီမံခန့်ခွဲမှုမှာ အစစအရာရာဆောင်ရွက်ပေးဖို့ သူ့ကိုတာဝန်လွှဲအပ်ခဲ့ပါတယ်။ ဦးမင်းနိုင်ဟာ ကုမ္ပဏီကို ဈေးကွက်မှာဦးဆောင်နိုင်အောင် တည်ဆောက်နိုင်ခဲ့သလို ယခုအချိန်မှာ အဲဒီနေရာကိုဆက်ထိန်းထားဖို့ သူ့မှာတာဝန်ရှိလာ

ပါတယ်။ ဒါပေမဲ့ အစစအရာရာခက်ခဲရှုပ်ထွေးလာပါတယ်။ အခုအချိန်မှာ သူဟာ လှိုင်းတွေကြားထဲကနေထွက်အောင် လက်တွေလှုပ်ရှားပြီး ရေလွှာလျှောစီးနေရတဲ့သူ တစ်ယောက်လိုဖြစ်နေပေမဲ့ ပင်လယ်ထဲကနေဝေးဝေးရောက်အောင်မလုပ်နိုင်ဘူးလို့ ခံစားနေရပါတယ်။ ပြောင်းလဲမှုဆိုတဲ့လှိုင်းလုံးတွေဟာ ကုမ္ပဏီအပေါ်ရိုက်ခတ်တာ ပြင်းထန်လွန်းတဲ့အတွက် လှိုင်းလုံးတစ်လုံးရိုက်လိုက်တိုင်း သူလုပ်နေတဲ့လုပ်ငန်းစဉ် ကနေ အဝေးကြီးကိုလွင့်စင်သွားပြီး ကြိုးစားလိုက်၊ ခြေကုန်လက်ပန်းကျလိုက်နဲ့ အဆိုး ကျော့သံသရာလည်နေတာကိုတွေ့ခဲ့ရပါတယ်။ ဂလိုဘယ်လိုက်ဈေးရှင်းခေတ်ကြီး ထဲမှာ လွတ်လပ်စွာကုန်သွယ်ခွင့်တွေဟာ ကုမ္ပဏီတွေအတွက် အခွင့်အလမ်းတွေ ဖြစ်သလို ပြိုင်ဆိုင်မှုတွေလည်းပြင်းထန်လာပါတယ်။ ပြိုင်ဆိုင်မှုပြင်းထန်လာတာတွေ ဟာ သူ့ကုမ္ပဏီအဆိုးဝါးဆုံးအခြေအနေမှာဖြစ်ပေါ်လာပါတယ်။ နှစ်နှစ်ကြာတဲ့ အချိန်ထိ ငွေစာရင်းရှင်းတမ်းမှာအရှုံးပြနေပြီး ကုမ္ပဏီဟာ အကြွေးတင်နေပါတယ်။

လတစ်လရဲ့နောက်ဆုံးရက်တွေဟာ ဦးမင်းနိုင်အတွက် စိတ်ပင်ပန်းစရာ အချိန်တွေပါပဲ။ မကြာခဏဆိုသလို သူ့ဝန်ထမ်းတွေကိုပေးဖို့ လစာမလောက်ဘူးဖြစ် နေပါတယ်။ သူ့ ဝန်ထမ်းလျှော့တာ နှစ်ခါရှိပါပြီ။ ဒါပေမဲ့ ငွေစာရင်းနဲ့ကိုက်အောင် မညှိနိုင်သေးပါဘူး။

ကုမ္ပဏီအတွင်းပိုင်းမှာလည်း အခြေအနေသိပ်မကောင်းသလို မသေချာ မရေရာမှုတွေနဲ့ပြည့်နှက်နေပါတယ်။ ဝန်ထမ်းတွေစိတ်ဓာတ်ကျနေပြီး ဦးမင်းနိုင် ကုမ္ပဏီစကိုင်တွယ်ပြီးကတည်းက ပြောင်းလဲသွားတဲ့အခြေအနေအရပ်ရပ်နဲ့ပတ်သက် ပြီး ဝန်ထမ်းတွေကြားမှာ တီးတိုးပြောလာကြပါတယ်။ ဝန်ထမ်းတွေဟာ သူ့အပေါ်ယုံ ကြည်မှုကျဆင်းလာပြီး သူ့အဖေကိုင်တွယ်ခဲ့တုန်းက ကုမ္ပဏီအောင်မြင်ခဲ့တဲ့အချိန် ကာလကို ပြန်ပြောင်းလွမ်းဆွတ်တမ်းတနေကြပါတယ်။

သိပ်မကြာခင်မှာပဲ အရောင်းမန်နေဂျာက ထွက်စာကိုသူ့လက်ထဲထည့်ပေးပြီး လစာနှစ်ဆရတဲ့ပြိုင်ဘက်ကုမ္ပဏီဆီသွားတော့မယ်လို့ ဝန်ခံပြောဆိုသွားပါတယ်။ ဦးမင်းနိုင်တစ်ယောက် ဒေါသပေါက်ကွဲပြီး အော်ဟစ်ပါတော့တယ်။ အဲဒီအချိန်မှာပဲ ရင်ညွန့်အောက်နားရင်ဘတ်ထဲမှာ စူးခနဲဖြစ်သွားတဲ့ဝေဒနာကိုခံစားမိလိုက်ပါတယ်။

ခုတင်ထဲမှာ ဖိနှိပ်ထားသလိုခံစားလိုက်ရပြီး သူ့ရဲ့ဘယ်ဘက်လက် လှုပ်မရသလို ငြိမ်သွားပါတယ်။ သူ့အရမ်းတုန်လှုပ်သွားပါတယ်။ အသက်မှန်မှန်မရှူတော့ဘူးဆိုတာ ဆိုတိုက်ချင်းနောက် မူးမေ့သွားပါတော့တယ်။

* * * * *

နာရီအနည်းငယ်ကြာပြီးနောက် အထူးကုဆေးရုံတစ်ခုမှာ သူရောက်နေတာ ကိုသိလိုက်ပါတယ်။ နှလုံးရောဂါလက္ခဏာဖြစ်တဲ့ ရင်ဘတ်ထဲစူးပြီးအောင့်တဲ့ဝေဒနာ ခံစားနေရတာဖြစ်ပြီး အသက်ရှင်တာ အရမ်းကံကောင်းတယ်လို့ ဝန်ထမ်းတွေက သူ့ကိုပြောပါတယ်။ သူ့အသက်အရွယ်မှာ လူတော်တော်များများ နှလုံးဖောက်လို့ အသက်ဆုံးရှုံးနေရပါတယ်။

အဲဒီလိုဖြစ်ပြီး တစ်ပတ်အကြာမှာ ဦးမင်းနိုင်တစ်ယောက် ပြန်ကောင်းလာ ပါတယ်၊ ဒါပေမဲ့ ဆရာဝန်ဆီပြန်သွားပြပြီး ဆရာဝန်ကိုစောင့်ရတာဟာ အလကား အချိန်ဖြုန်းနေတာပဲလို့ တွေးထင်နေပါတယ်။ ဆေးရုံတက်ခဲ့တဲ့သုံးရက်တာကာလ တုန်းကလည်း ကုမ္ပဏီကိုပြန်ပြီး အလုပ်အကြွေးတွေဖြေရှင်းရမယ်ဆိုတဲ့ စိုးရိမ်ပူပန် စိတ်တွေပဲ လွှန်လွှန်ကဲကဲဖြစ်နေခဲ့တာပါ။

နောက်ဆုံးတော့ ဆရာဝန်က သူ့ကိုအခန်းထဲခေါ်တွေ့ပါတယ်။ ဆရာဝန်က ပထမဆုံးသူ့အခြေအနေကောင်းကြောင်း အတည်ပြုပါတယ်။

"အံ့ဩစရာပဲဗျာ။ ခင်ဗျားရဲ့နှလုံးက ပုံမှန်ထက်ပိုပြီးမြန်မြန်ကောင်းလာတယ်"

ဦးမင်းနိုင်ဟာ ကုလားထိုင်ကနေ ဖျတ်ခနဲထလိုက်ပါတယ်။

"ကောင်းတာပေါ့။ ဒါဆို အခုကျွန်တော်ရုံးပြန်တက်ပြီး အလုပ်တွေပြန်လုပ် လို့ရပြီပေါ့"

"အလျင်မလိုပါနဲ့ဦးဗျာ" သူ့လက်ကို ဆရာဝန်ကလှမ်းကိုင်ပြီးပြောလိုက်ပါ တယ်။

"လေးလေးနက်နက်စဉ်းစားပါ ကိုမင်းနိုင်၊ ခင်ဗျားမှာ ဖြစ်နိုင်ခြေနှစ်ခုရှိတယ် ဆိုတာ နားလည်ထားရမယ်။ တကယ်လို့ ခင်ဗျားအနေနဲ့ စိတ်ဖိစီးမှုနဲ့ စိုးရိမ်ပူပန်မှု တွေအမြဲဖြစ်နေရတဲ့ ကသောင်းကနင်းဘဝမျိုးနဲ့ဆက်နေဦးမယ်ဆိုရင် ခင်ဗျားသေ

လောက်တဲ့နှလုံးရောဂါဖြစ်ဖို့ နှစ်အနည်းငယ်ပဲလိုလိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ဘဝနေထိုင်မှုပုံစံကို သိသိသာသာပြောင်းပစ်နိုင်ရင်တော့ ကျန်းမာသက်ရှည်တဲ့ဘဝမျိုး ခင်ဗျားရလိမ့်မယ်။ အဲဒီတော့ ခင်ဗျားဆုံးဖြတ်ချက်အပေါ်မူတည်တယ်။ ခင်ဗျားကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ရင် ပိုကောင်းမယ်။ ခင်ဗျားအသက်အရွယ်မှာ နှလုံးရောဂါရှိတာ အရမ်းအန္တရာယ်များတယ်။ ကျွန်တော့်ဆီမှာ အသက်အရွယ်အလိုက် နှလုံးရောဂါနဲ့ သေဆုံးတဲ့ကိန်းဂဏန်းစာရင်းဇယားတွေတော့မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော့်လူနာတွေနဲ့ပတ်သက်တဲ့အတွေ့အကြုံအရ ခင်ဗျားအရွယ်လူနာ ပျမ်းမျှထက်ဝက်လောက်ဟာ နှလုံးရောဂါနဲ့သေဆုံးသွားကြရတယ်"

"ဆရာရယ် သိပ်ပြီးမစိုးရိမ်ပါနဲ့" ဦးမင်းနိုင်က ဆရာဝန်ပြောတာကိုလက်မခံချင်တဲ့မျက်နှာထားနဲ့ကြည့်ပြီးပြောလိုက်ပါတယ်။ "ကျွန်တော် ဘယ်လောက်မြန်မြန်ကောင်းလာတယ်ဆိုတာ ဆရာတွေ့တယ်မလား။ မစိုးရိမ်ပါနဲ့၊ ကျွန်တော်က သံမဏိလိုမာကျောပါတယ်။ ကျွန်တော့်အတွက် အချိန်တွေအများကြီးကျန်ပါသေးတယ်။ အခုတော့ ကျွန်တော့်ကုမ္ပဏီမှာ နောက်ထပ်ဆိုးဝါးတဲ့ကိစ္စတွေမဖြစ်ခင်ကာကွယ်နိုင်ဖို့ လုပ်ငန်းခွင်ပြန်ဝင်ခွင့်ပြုပါဆရာ"

ဆရာဝန်က ဦးမင်းနိုင်ကိုသူ့အမှားသူမမြင်တဲ့ကလေးငယ်တစ်ယောက်လိုကြည့်ပြီး မယုံကြည်နိုင်အောင်ဖြစ်သွားပါတယ်။

"ဒီမှာကိုမင်းနိုင်၊ ခင်ဗျားဘဝကို ခင်ဗျားဘာသာ လွတ်လွတ်လပ်လပ်ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်ဗျာ၊ ခင်ဗျား သေခြင်းတရားကိုရွေးချယ်ရင်လည်း အဲဒါ ခင်ဗျားဆုံးဖြတ်ချက်ပဲ။ ဒါပေမဲ့ ကျေးဇူးပြုပြီးတော့ဗျာ ခင်ဗျားအတွက်ပဲခင်ဗျားစဉ်းစားတာတွေရပ်ပြီးကလေးတွေအတွက်စဉ်းစားပေးပါ။ ခင်ဗျားမှာ ကလေးနှစ်ယောက်ရှိတယ်။ သူတို့အသက်အရွယ်မှာ အဖေတစ်ယောက်ဆုံးရှုံးရတာမျိုးမဖြစ်ပါစေနဲ့။ အဲဒါဟာ သူတို့ဘဝအတွက် အမာရွတ်ကြီးဖြစ်သွားပါလိမ့်မယ်"

"ကောင်းပါပြီ" ဦးမင်းနိုင်တစ်ယောက် ကြိတ်မှိတ်သည်းခံပြီး တစ်ဖန်ပြန်ထိုင်ချလိုက်ပါတယ်။

"ကျွန်တော် ဘာလုပ်ရမလဲဆရာ"

"ခင်ဗျား ပိုပြီးဟန်ချက်ညီတဲ့ဘဝမျိုးဖြစ်အောင်လုပ်ဖို့လိုတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့စားစရာ၊ ဆေးလိပ်ဖြတ်၊ တကယ်လို့ အရက်သောက်မယ်ဆိုရင်လည်း အလွန်အကျွံမသောက်နဲ့၊ နောက်ပြီး အလုပ်နဲ့စိတ်ဖိစီးမှုတွေကိုလျှော့ပေါ့ဗျာ"

"ဆရာ၊ ကျွန်တော် အဲဒါတွေအားလုံးလုပ်နိုင်ပါတယ်။ ဒါပေမဲ့ ရုံးက ပြဿနာတွေ၊ ပြင်းထန်တဲ့ပြိုင်ဆိုင်မှုတွေ၊ ငွေကြေးဖြတ်လပ်နေတာတွေ၊ စီးပွားရေး ကျဆင်းနေတာတွေကိုတော့ ကျွန်တော်မကူညီနိုင်၊ မထိန်းချုပ်နိုင်ဘူးဆရာ"

"ကောင်းပြီ၊ ဒါပေမဲ့ ခင်ဗျားကို အဲဒီလိုဖြစ်စေတဲ့အရာတွေကို မတုံ့ပြန်မိအောင်တော့ ခင်ဗျားထိန်းချုပ်နိုင်ပါတယ်။ ခင်ဗျား သက်သောင့်သက်သာနေဖို့လိုသလို ဘဝနဲ့ပတ်သက်တဲ့ကွဲပြားခြားနားတဲ့အမြင်တွေကိုလေ့လာဖို့လိုတယ်။ ခင်ဗျား တရားထိုင်တာကိုသိတယ်မလား"

"တောင်းပန်ပါတယ်ဆရာ။ ကျွန်တော်အဲဒီလိုဘာသာရေးဆိုင်ရာကိစ္စတွေကိုသိပ်စိတ်မဝင်စားဘူး။ ကျွန်တော့်မိန်းမကတော့ အဲဒါမျိုးတွေလုပ်တယ်။ ကျွန်တော်ကတော့ မလုပ်ဘူး" ဦးမင်းနိုင်တစ်ယောက် ကိုယ့်ကိုယ်ကိုယ်ကျေနပ်နေတဲ့ပုံနဲ့ဖြေလိုက်ပါတယ်။

စကားပြောနေရင်း ဦးမင်းနိုင်ဟာ လက်ပတ်နာရီကိုကြည့်ပြီး ထိုင်ရတာ သိပ်အဆင်မပြေတဲ့ပုံမျိုးနဲ့ ကိုယ်ကိုလှုပ်လိုက်ပါတယ်။ ဦးမင်းနိုင်ကို လိုရင်းတည့်တည့်ပြောမှပဲလက်ခံလာမယ်ဆိုတာ ဆရာဝန်သဘောပေါက်လိုက်ပါပြီ။

"တရားထိုင်တယ်ဆိုတာ ဘာသာရေးသက်သက်ကြီးမဟုတ်ပါဘူး။ ဟားဗတ်တက္ကသိုလ်က ဒေါက်တာဘရန်ဆန်ဆိုတဲ့ပုဂ္ဂိုလ်က ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေရဲ့တရားထိုင်တဲ့အကျိုးကျေးဇူးတွေကို သုတေသနလုပ်ပြီးဖော်ပြခဲ့ဖူးတယ်။ သူ့ရဲ့သုတေသနရလဒ်တွေက အံ့သြဖို့ကောင်းတယ်။ လူ့ခန္ဓာကိုယ်မှာ ရင်ဆိုင်မလား၊ ဒါမှမဟုတ် ထွက်ပြေးမလားဆိုတဲ့ တုံ့ပြန်တဲ့ခန္ဓာကိုယ်ယန္တရားကြီးတစ်ခုရှိတယ်ဗျ။ ကျောက်ခေတ်ဂူထဲမှာနေခဲ့ကြတဲ့ လူသားတွေကိုပြန်ကြည့်လိုက်ရင် အဲဒီအချိန်က တောကောင်ကြီးတွေရဲ့ဟိန်းသံ၊ အော်မြည်သံတွေလို ကြောက်လန့်မှုကိုစေ့ဆော်တဲ့အသံတွေကြားရင် အဲဒီလူတွေဟာ ရင်ဆိုင်တိုက်ခိုက်မလား၊ ဒါမှမဟုတ် ထွက်ပြေး

လေးဆိုတာကို အလိုလိုပြင်ဆင်ကြတယ်။ လူ့ဦးနှောက်အနီးမှာရှိတဲ့ ဟိုက်ပိုသဲလမတ်စ် (**Hypothalamus**) ဆိုတဲ့အကျိတ်ဟာ ဇီဝကမ္မတုံ့ပြန်မှုတစ်ခုလုံးကို စေ့ဆော်ပေးတယ်။ ကျွန်တော်တို့ ထိတ်လန့်တကြားဖြစ်ရင် နှလုံးခုန်မြန်လာပြီး ခြေတွေ၊ လက်တွေဆီ သွေးတွေပိုပြီးပို့လွှတ်တယ်။ အသက်ရှူမြန်လာတယ်။ ခန္ဓာကိုယ်ရဲ့အားနည်းသွားတဲ့တခြားအစိတ်အပိုင်းတွေကိုကာကွယ်ဖို့ အစာအိမ်ထဲကသွေးဟာ အပြင်ကိုရွှေ့လျားတယ်။ စိတ်လှုပ်ရှားတဲ့အခါ နှလုံးခုန်နှုန်း၊ စွမ်းအင်နဲ့တုံ့ပြန်မှုကိုပိုမိုထက်မြက်စေတဲ့ အဒရီနလင်ဂလင်းတွေနဲ့ ကော်တီဇုန်းဟော်မုန်းတွေကို ထုတ်လွှတ်ပေးတယ်"

သူပြောတာ ဘယ်လောက်ထိထိရောက်လဲသိချင်လို့ ဆရာဝန်က စကားကို ခဏရပ်လိုက်ပါတယ်။ ပြီးတော့မှ အခုလိုဆက်ပြောပါတယ်။

"ဒီနေ့လူတွေမှာဖြစ်နေတဲ့ပြဿနာက စီးပွားရေးပြဿနာ၊ မိသားစုပြဿနာ၊ လုပ်ငန်းခွင်ပြဿနာ စသဖြင့် ထိတ်လန့်စေတဲ့စေ့ဆော်မှုတွေကို ဆက်ပြီးထိန်းထားတဲ့ကိစ္စပဲ။ ပြီးတော့ အဲဒီပြဿနာတွေကိုရင်ဆိုင်မလား၊ ထွက်ပြေးမလားဆိုတဲ့ တုံ့ပြန်မှုတစ်ခုခုနဲ့ပဲ အလိုအလျောက်တုံ့ပြန်နေကြတုန်းပဲ။ ကျောက်ခေတ်နဲ့မတူတာက အဲဒီအချိန်တုန်းက ထိတ်လန့်အောင်စေ့ဆော်တဲ့အရာတွေက ကြံ့ကြား၊ ကြံ့ကြားနဲ့ဖြစ်တာ။ ဒါပေမဲ့ ယနေ့ခေတ်မှာတော့ ထိတ်လန့်မှုတွေအောက်မှာ အဆက်မပြတ်ရောက်နေတာပါပဲ။ ပိုပြီးဆိုးနေတာက ထိတ်လန့်မှုတွေက စိတ်ကြောင့်ဖြစ်တာဖြစ်တဲ့အတွက် ဘယ်သူနဲ့မှရင်ဆိုင်လို့မရသလို ထွက်ပြေးလို့လည်းမရဘူး။ ရလဒ်ကတော့ ခန္ဓာကိုယ်ထဲက ဓာတ်ပစ္စည်းတွေရဲ့သက်ရောက်မှုကိုလျှော့ချဖို့အတွက် အရေးပါတဲ့ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်းတွေကို ကျွန်တော်တို့မလုပ်ကြဘူး။ ဒါဟာ ယနေ့လုပ်ငန်းခွင်ထဲကလူတွေ တော်တော်များများမှာဖြစ်နေတဲ့ တကယ့်အမှန်တရားပဲ။ အလုပ်တွေအလွန်အကျွံလုပ်တာဟာ ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်းတွေမလုပ်နိုင်အောင်လုပ်လိုက်တာပဲ။ အဲဒီတော့ ခင်ဗျားခန္ဓာကိုယ်ကြီးက နာကျင်ကိုက်ခဲမှုနဲ့ ဖိစီးမှုတွေကိုဖြစ်စေတဲ့ဟော်မုန်းနဲ့ ဓာတ်ပစ္စည်းတွေကိုမစွန့်ပစ်တော့ဘဲ အဆက်မပြတ်ထိန်းသိမ်းထားလိုက်တယ်"

ဦးမင်းနိုင်တစ်ယောက် ဆရာဝန်ကိုကြည့်သာကြည့်နေရတယ်။ လက်ပတ်နာရီကိုလည်း မကြာခဏကြည့်နေမိပါတယ်။

ဆရာဝန်က ဆက်ပြောပါတယ်။ "ခင်ဗျားခန္ဓာကိုယ်ကြီးကို တစ်နာရီကီလို ၁၅၀ နဲ့မောင်းနေရတဲ့ကားတစ်စီးလိုမြင်ကြည့်လိုက်ဗျာ၊ ကျွန်တော်တို့အများစု ယနေ့အဲဒီအတိုင်းဖြစ်နေတယ်။ အချိန်တိုင်းမှာ ထိတ်ထိတ်လန့်လန့်နဲ့ ကားကိုမိုင်တက်မောင်းသလို ဘဝကိုကုန်ဆုံးနေရတယ်။ ဒါကြောင့် စီးချင်တဲ့အချိန်မှာကြည့်လိုက်တော့ အင်ဂျင်က ကျနေပြီ။ အဲဒီလိုမျိုးအမြဲရှင်သန်နေထိုင်ရတဲ့ဘဝဟာ အင်ဂျင်ကျနေတဲ့ကားနဲ့တူတယ်။ ဒါကြောင့် သွေးတိုးနဲ့ နှလုံးရောဂါပြဿနာတွေဖြစ်တာပေါ့။ ဒေါက်တာဘရန်ဆန်ပြောတဲ့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေကိုလေ့လာမှုအရ တရားထိုင်တဲ့အကျိုးဆက်အနေနဲ့ ရင်ဆိုင်မလား၊ ထွက်ပြေးမလားဆိုတဲ့တုံ့ပြန်မှုကိုဖြစ်စေတဲ့ဂလင်းတွေက ခန္ဓာကိုယ်ယန္တရားကြီးကိုပြောင်းပြန်လည်ပတ်စေပြီး သက်သောင့်သက်သာဖြစ်တဲ့တုံ့ပြန်မှုတွေကိုဖြစ်စေတယ်လို့ ဖော်ထုတ်တွေ့ရှိခဲ့တယ်။ ဘုန်းကြီးတွေတရားထိုင်တဲ့အခါ သူတို့ရဲ့နှလုံးခုန်နှုန်း၊ အသက်ရှူနှုန်းနဲ့ အောက်ဆီဂျင်ကို အသုံးပြုမှုတွေနှေးသွားပြီး တည်ငြိမ်အေးချမ်းတဲ့ခံစားမှုမျိုး သူတို့မှာဖြစ်ပေါ်လာတယ်။ အဲဒီတော့ ခင်ဗျားလုပ်ဖို့လိုတာက ခင်ဗျားခန္ဓာကိုယ်မှာ စိတ်ဖိစီးမှုကြောင့်ဖြစ်တဲ့သက်ရောက်မှုတွေကိုဖယ်ရှားပစ်နိုင်အောင် လေ့ကျင့်ဖို့ပဲဗျ"

"ကောင်းပါပြီ၊ ကျေးဇူးအများကြီးတင်ပါတယ်ဆရာ"။ အဲဒီလိုနဲ့ ဦးမင်းနိုင်ဟာဆင်ခြေဆင်လက်နဲ့ ထင်မြင်ချက်အမျိုးမျိုးပေးပြီးထွက်လာခဲ့ပါတယ်။

ဆရာဝန်ပြောလိုက်တဲ့ တရားထိုင်တဲ့ကိစ္စကိုတော့ သူစိတ်ဝင်စားတယ်၊ ဒါပေမဲ့ အပြည့်အဝယုံကြည်မှုတော့မရှိဘူး။

တရားထိုင်တာဟာ သူ့မိန်းမစိတ်အားထက်သန်တဲ့အရာတွေထဲက တစ်ခုဖြစ်ပေမဲ့ သူ့အတွက်တော့ အချိန်ရနေတဲ့အမျိုးသမီးတွေ ဝါသနာတစ်ခုအနေနဲ့လုပ်တဲ့အရာတစ်ခုလို့ပဲမြင်တယ်။

အိမ်ပြန်ရောက်တော့ သူ့မိန်းမကို ဆရာဝန်ညွှန်းလိုက်တဲ့တရားထိုင်တဲ့အကြောင်းပြန်ပြောတဲ့အချိန်မှာတော့ မိန်းမက အားတက်သရောဖြင့် "နောက်ဆုံး

တော့ ရှင်တရားထိုင်တော့မယ်ဆိုတာ အံ့ဩစရာပဲ။ အဲဒါဟာ ကမ္ဘာပေါ်မှာ ရှင့်အတွက် အကောင်းဆုံးအလုပ်တစ်ခုပဲ။ အခု မြန်မာနိုင်ငံရောက်နေတဲ့အိန္ဒိယက ယောဂီဆရာကြီးတစ်ယောက်ကို ကျွန်မသိတယ်"

မိန်းမက သူ့ကို နာမည်နဲ့လိပ်စာပါတဲ့စာရွက်ပိုင်းလေးတစ်ခုကိုပေးလိုက်ပါတယ်။ ဦးမင်းနိုင်တစ်ယောက် စိတ်မပါလက်မပါနဲ့ စာရွက်ပိုင်းလေးကို သူ့ပိုက်ဆံအိတ်ထဲထည့်လိုက်ပါတယ်။ ပြီးတော့မှ "မင်းလုပ်နေတာတွေကို ငါလိုက်လုပ်မယ်လို့မျှားမထင်လိုက်နဲ့၊ ငါ့အချိန်ဖြုန်းပြီးမသွားနိုင်ပါဘူး" လို့ စိတ်ထဲကနေရေရွတ်လိုက်ပါတော့တယ်။

* * * * *

နှလုံးဖောက်ပြီးတစ်လလောက်အကြာမှာတော့ ဦးမင်းနိုင်တစ်ယောက်နေလို့ထိုင်လို့ကောင်းလာပါတယ်။ သူ့ရောဂါ အပြီးအပြတ်ပျောက်ကင်းသွားပြီလို့ သူဘာသာသူယူဆနေပါတယ်။ ပြဿနာတွေကတော့ရှိနေတုန်းပါပဲ။ သူဟာအရက်နဲ့ဆေးလိပ်အလွန်အကျွံသောက်တာကိုရပ်လိုက်သလို အဲဒီလိုလုပ်နိုင်တဲ့အတွက် သူ့ကိုယ်သူလည်းဂုဏ်ယူနေပါတယ်။

အဲဒီနေ့မနက် သူရုံးရောက်တော့ အရောင်းတာဝန်ခံက သူတို့ငွေစာရင်းမှာအရှုံးပြနေပြီလို့လာပြောပါတယ်။ ဖောက်သည်ဈေးဝယ်စင်တာကြီးတစ်ခုက သူတို့ဆီကဝယ်ယူမှုတွေကိုရပ်ဆိုင်းပြီး သူတို့ရဲ့ပြိုင်ဘက်တွေနဲ့အလုပ်တွဲလုပ်တော့မှာဖြစ်ပါတယ်။ ဦးမင်းနိုင်ဟာ အရောင်းဌာနမှူးကိုအော်ဟစ်ပြောဆိုပြီး အားလုံး အဲဒီလူအမှားတွေကြောင့်ဖြစ်တာလို့ ပြောပါတော့တယ်။ အဲဒီလူကို တဖျစ်တောက်တောက်ပြောဆိုနေရင်းမှာပဲ သူ့ရင်ဘတ်ထဲက နည်းနည်းပြန်နာကျင်လာပါတယ်။ သူကြောက်လန့်တကြားနဲ့ထိုင်ချလိုက်ပြီး အော်တာကိုရပ်လိုက်ပါတယ်။ သူတည်ငြိမ်အောင်ကြိုးစားလိုက်ပြီး တဖြည်းဖြည်းနဲ့ ပုံမှန်အနေအထားပြန်ရအောင်လုပ်လိုက်ပါတယ်။ သေမင်းက သူ့ကိုနောက်ဆုံးအကြိမ်သတိပေးတပ်လှန့်လိုက်တာဖြစ်ပြီး နောက်ထပ်ဘယ်တော့မှသတိပေးတော့မှာမဟုတ်ဘူးဆိုတာ သူသဘောပေါက်လိုက်ပါတယ်။ သူ့ရဲ့စိတ်ဖိစီးမှုတွေကိုမလျှော့ချနိုင်ဘူးဆိုရင် သူ့အသက်အန္တရာယ်စိုးရိမ်နေရပါပြီ။ သူ

ပိုက်ဆံအိတ်ထဲက ယောဂီဆရာကြီးရဲ့လိပ်စာကို သူသတိရလိုက်ပါတယ်။ ဒါနဲ့ ပိုက်ဆံအိတ်ကိုထုတ်လိုက်ပြီး ဟိုစမ်းဒီစမ်းနဲ့ အသည်းအသန်ရှာပါတယ်။ ပြီးတော့ သူကုတ်အင်္ကျီကိုကောက်ယူလိုက်ပြီး ယောဂီကြီးဆီထွက်ခဲ့ပါတော့တယ်။

* * * * *

ဦးမင်းနိုင်ဟာ ယောဂီကြီးရှိတဲ့အိမ်ရှေ့မှာ ချီတုံချတုံဖြစ်နေပါတယ်။ တံခါးခေါက်သင့်လား၊ မခေါက်သင့်လားစဉ်းစားနေပါတယ်။ အဲဒီကို သူဘာလာလုပ်နေတာလဲလို့လည်း တွေးနေပါတယ်။ သူ့ဘဝမှာတစ်ခါမှ ဗေဒင်ဆရာတွေ၊ အကြားအမြင်ဆရာတွေနဲ့ ယောဂီကြီးတွေဆီမသွားခဲ့ဖူးဘူး။ သူက လက်တွေ့ကျပြီး ပရော်ဖက်ရှင်နယ်ဆန်တဲ့စီးပွားရေးသမားတစ်ယောက်၊ အခုလိုထူးထူးဆန်းဆန်းတွေကိုလည်း သူအယုံအကြည်မရှိဘူး။ ဒါပေမဲ့ မွန်းကျပ်နေတဲ့ခံစားချက်က သူ့ကိုခြောက်လှန့်နေတုန်းပဲ။ အချိန်မနှောင်းခင် ကျန်းမာရေးအတွက် တစ်ခုခုလုပ်ရတော့မယ်ဆိုတာ သူသဘောပေါက်ခဲ့တယ်။ သူတံခါးခေါက်ပြီး အထဲကိုဝင်သွားပါတယ်။ တံခါးရဲ့တခြားတစ်ဖက်မှာ သစ်ပင်ပန်းမန်မျိုးစုံနဲ့ သေချာပြုစုပျိုးထောင်ထားတဲ့ဥယျာဉ်တစ်ခုရှိပါတယ်။ ကမ္ဘာသစ်တစ်ခုကိုရောက်သွားသလိုပါပဲ။ အိမ်နဲ့လမ်းဟာ ကိုက် ၂၀ လောက်ခွာထားပါတယ်။ ဥယျာဉ်ဟာ အိမ်ရှေ့နဲ့လမ်းဝင်ပေါက်ကြားမှာရှိပါတယ်။ အိမ်ရှေ့တံခါးဘေးမှာ ကြိမ်ကုလားထိုင်ခြောက်လုံးရှိပါတယ်။ အဲဒီမှာ လူလေးယောက်ထိုင်ပြီးစကားပြောနေကြပါတယ်။ ဦးမင်းနိုင်ကိုတွေ့တော့ သူတို့စကားပြောရပ်သွားပြီး တခြားဂြိုဟ်တစ်ခုကလာတဲ့လူတစ်ယောက်လိုသူ့ကိုကြည့်ပါတယ်။ သူရှိုးတိုးရှန့်တန့်ဖြစ်သွားပါတယ်။

"သူတို့ ငါ့ကိုဘယ်လိုထင်ကြမလဲ။ ငါ့လိုစီးပွားရေးသမားတစ်ယောက်က ဒီမှာလာပြီးအကူအညီယူရတယ်လို့၊ သူတို့ထဲကတစ်ယောက်ယောက်ကများ ငါ့ကိုသိနေသလား။ ငါ့မိတ်ဆွေတစ်ယောက်ယောက်ရဲ့မိန်းမများပါနေသလား။ ဒီကိစ္စငါ့အသိုင်းအဝိုင်းကသိရင်တော့ အဟားခံရတော့မှာပဲ" လို့ သူ့ဘာသာသူပြောလိုက်ပါတယ်။

ဦးမင်းနိုင်ဟာ ဥယျာဉ်အဆုံးမှာထိုင်လိုက်ပါတယ်။ သူထိုင်စောင့်နေရင်းခြံစည်းရိုး အကြီးကြီးတွေနဲ့ နံရံတစ်ဖက်တစ်ချက်မှာ အပင်ပုလေးတွေစီတန်းထား

တာကိုသတိပြုမိပါတယ်။ ဒါပေမဲ့ သူ့အာရုံကိုအဖမ်းစားဆုံးကတော့ များပြားလှတဲ့ သစ်ပင်ပန်းပင်မျိုးစုံတွေပဲဖြစ်ပြီး အမျိုးအစားတူတာတစ်ခုမှမပါပါဘူး။ မကြာခင်မှာပဲ လူငယ်တစ်ယောက် သူ့ဆီရောက်လာပြီး အထဲကိုဝင်လာဖို့ပြောပါတယ်။ အိမ်တစ်အိမ်လုံးက အမွှေးနံ့တွေနဲ့သင်းထုံနေပါတယ်။ နံရံမှာတော့ ကြာပဒုမ္မာပုံသဏ္ဌာန်ထိုင်နေကြတဲ့လူတွေရဲ့ပုံတွေ ချိတ်ဆွဲထားပါတယ်။ လမ်းပြလူငယ်ခေါ်သွားတဲ့ အခန်းထဲရောက်တဲ့အခါ အခန်းထဲမှာ မျက်ခုံးထူထူနဲ့ အသက် ၇၀ အရွယ်လူတစ်ယောက်ထိုင်နေတာကိုတွေ့ရပါတယ်။ အဲဒီလူဟာ အသားညိုညိုနဲ့ အိန္ဒိယယောဂီပုဂ္ဂိုလ်တွေ ဝတ်လေ့ရှိတဲ့ လိမ္မော်ရောင်သင်တိုင်းပွပွတစ်မျိုးကိုဝတ်ထားပြီး အဖြူရောင်ကူရှင်ပေါ်မှာထိုင်နေပါတယ်။ သူ့နောက်ကနံရံမှာတော့ ပန်းချီကားတွေတစ်ဒါဇင်လောက်ချိတ်ဆွဲထားပါတယ်။ အဲဒီပုံတွေထဲမှာတစ်ပုံက ပိုကြီးပိုပေါ်လွင်ပြီးတော့ ယောဂီကြီးလိုအင်္ကျီဝတ်ထားတဲ့ အသက်တစ်ရာနီးပါးရှိတဲ့ပုဂ္ဂိုလ်တစ်ယောက်ရဲ့ပုံပါ။ တခြားပုံသေးသေးလေးတွေကတော့ အရှေ့တိုင်းကဘာသာရေးဆိုင်ရာနတ်ဘုရားတွေရဲ့ပုံတွေဖြစ်ပါတယ်။ စားပွဲပေါ်မှာတော့ ဖယောင်းတိုင်တွေထွန်းညှိထားပါတယ်။

ယောဂီကြီးက ဦးမင်းနိုင်ကို ကူရှင်ပေါ်မှာထိုင်ဖို့ အသာအယာညွှန်ပြပါတယ်။ ပြီးတော့ သူ့ကိုစက္ကန့်အနည်းငယ်ကြာစူးစိုက်ကြည့်ပါတယ်။ ယောဂီကြီးက သူ့ကိုကြည့်နေပေမဲ့ ဘာမှမပြောပါဘူး။ ဦးမင်းနိုင်ဟာ နေသားတကျမဖြစ်သလိုခံစားချက်မျိုးခံစားလိုက်ရပါတယ်။

"ဒီထူးဆန်းတဲ့ပုဂ္ဂိုလ် ဘယ်တော့စကားပြောမလဲ။ သူကြည့်ရတာ ဆွံ့အနေတာများလားလို့" သူသိချင်နေပါတယ်။ သူ့ကို ဒီရောက်လာအောင်တွန်းပို့ခဲ့တဲ့ အချိန်ကာလတွေကိုလည်း တိုးတိုးလေးကျိန်ဆဲနေမိပါတယ်။ နောက်ဆုံးတော့ ယောဂီကြီးစကားပြောပါတော့တယ်။

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

"မင်းနိုင်ပါ"

"ဒီကိုဘာကြောင့်ရောက်လာတာလဲ"

"ဆရာတို့ခေါ်တဲ့ တရားထိုင်တဲ့နည်းနဲ့ ကျွန်တော့်အတွက်သက်သာရာ

ရအောင် ဆရာ့ဆီကနည်းယူချင်လို့ပါ"

ယောဂီကြီးက တစ်ခါပြန်ငြိမ်သက်သွားပြီး ဦးမင်းနိုင်ရဲ့မျက်လုံးကိုပဲ စိုက်ကြည့်နေပါတယ်။ ဦးမင်းနိုင် မသက်မသာဖြစ်နေပါတယ်။ အကြည့်တွေက သူ့ကို ဖောက်ထွင်းသွားတယ်လို့ သူခံစားနေရပါတယ်။ ထရပ်ပြီးသွားရမလား၊ ငြိမ်ပြီးထိုင်နေရမလားမသိတော့ပါဘူး။ ဦးမင်းနိုင်အတွက် နာရီပေါင်းများစွာကြာတယ်လို့ထင်ရတဲ့ မိနစ်အနည်းငယ်ငြိမ်သက်နေပြီးနောက် ယောဂီကြီးက သူ့ကိုတစ်ခါထပ်မေးပြန်ပါတယ်။

"ခင်ဗျားကို ဘယ်အရာက ဒီရောက်အောင်တွန်းပို့လိုက်တာလဲ"

"ကျွန်တော်ပြောခဲ့သလိုပါပဲ။ ဆရာ့ဆီကနေ ကျွန်တော့်အတွက် သက်သာရာရတဲ့နည်းသင်ယူချင်လို့ပါ" ဦးမင်းနိုင် အသံကျယ်ကျယ်နဲ့ဖြေလိုက်ပါတယ်။ ဒါဟာ သူ့အတွက် အလကားအချိန်ဖြုန်းနေရုံမှတစ်ပါး အခြားမရှိဘူးဆိုတဲ့သဘောပြချင်လို့ပါ၊ သူ့သည်းခံနိုင်စွမ်းလည်း ကုန်သွားပါပြီ။

ယောဂီကြီးဟာ နောက်ထပ်မိနစ်အနည်းငယ်ကျော်ကြာ ငြိမ်သက်သွားပြန်ပါတယ်။ အဲဒီလိုငြိမ်သက်နေတာဟာ သူ့ကိုတမင်လုပ်နေတာလို့ ဦးမင်းနိုင်ခံစားနေရပါတယ်။

"ဒီပုဂ္ဂိုလ်နဲ့တော့ ငါတော့ရှုံးပြီထင်တယ်။ သူ့ကြည့်ရတာ နားမကောင်းဘူးထင်တယ်" လို့တွေးနေပါတယ်။ သူဟာ အမြဲတမ်းလှုပ်ရှားနေတတ်တဲ့သူတစ်ယောက်၊ သူ့အတွက် အချိန်ဆိုတာရွှေပဲ၊ ဒါကြောင့် အခု သူအချိန်ဖြုန်းနေတာပဲလို့ခံစားနေရပါတယ်။

နောက်ဆုံးတော့ ယောဂီကြီးစကားပြောပြန်ပါတယ်။

"ဒါဟာ ခင်ဗျား ဒီကိုရောက်လာရတဲ့ တကယ့်အကြောင်းရင်းမဟုတ်ဘူး။ ခင်ဗျားကို ကျွန်တော်ကူညီနိုင်တယ်လို့မယုံကြည်ရင် ဘာဖြစ်လို့ဒီကို ခင်ဗျားလာရသလဲဆိုတာ ကျွန်တော့်ကိုပြောပြပါ"

"ဟုတ်တယ်။ အဲဒါ ကျွန်တော်တွေးနေတာအမှန်ပဲ" ဦးမင်းနိုင်စိတ်ဆိုးမာန်ဆိုးနဲ့ဖြေလိုက်ပါတယ်။

"တကယ့်ကိုအချိန်ဖြုန်းနေတာ၊ ရူးမိုက်တာပဲလို့ ကျွန်တော်တွေးနေတာဗျ" သူ့ကုတ်အင်္ကျီကိုမယူလိုက်ပြီး ထပ်ပြောလိုက်ပါတယ်။

"ခင်ဗျားကအိန္ဒိယကလာတာဆိုပြီး ခင်ဗျားပြောတာတွေကိုယုံတဲ့သူဌေးမတွေကို ဆက်လိမ်ပေါ့ဗျာ၊ ကျွန်တော့်အမြင်တော့ ခင်ဗျားက ဆရာယောင်ပဲ"

ဦးမင်းနိုင်ဟာ အခန်းတံခါးဆီခြေလှမ်းကျဲကျဲဖြင့်လျှောက်သွားလိုက်ပါတယ်။ တံခါးနားလည်းရောက်ရော ယောဂီကြီးက သူ့ကို ညင်ညင်သာသာနဲ့လှမ်းမေးလိုက်ပါတယ်။

"ခင်ဗျားပျော်သလား ကျွန်တော့်ကိုပြောပါ"

အဲဒီစကားလုံးတွေဟာ သူ့ကျောနောက်တည့်တည့်ကိုလာထိမှန်သလို ဦးမင်းနိုင် ခံစားလိုက်ရပါတယ်။ ရုတ်တရက် အသက်အရွယ်ကြီးတဲ့သူတစ်ယောက်ကို ကိုယ်ထိလက်ရောက်စော်ကားချင်သလို ခံစားလိုက်ရပါတယ်။ ဒါပေမဲ့ သူ့ကိုယ်သူ ချုပ်တည်းလိုက်ပါတယ်။ သူ့ကိုမပျော်ဘူးလို့ပြောရအောင် ဘယ်လောက်မှန်သလဲ။ သူဟာ အလုပ်မှာဒေါသအိုးပေါက်ကွဲလွန်းရုံမက အခုဒီလိုအခန်းငယ်ကလေးထဲမှာလည်း လာပေါက်ကွဲနေပါတယ်။ ဒါပေမဲ့ အခုအချိန်မှာ ထူးခြားတဲ့ခံစားချက်တစ်ခု သူ့ဆီမှာဖြစ်နေပါတယ်။ အဲဒါဟာ လူတစ်ယောက်ကိုတွေ့တဲ့အခါ သိနေပေမဲ့ နာမည်ကိုမမှတ်မိတာနဲ့ အလားသဏ္ဌာန်တူနေပါတယ်။ သူ့ကိုမေးတဲ့မေးခွန်းရဲ့အဖြေကို သိတယ်လို့ခံစားနေရပေမဲ့ ဘယ်လိုဖြေရမှန်းမသိဘူးဖြစ်နေတယ်။ ဒါကြောင့် နဂိုပုံစံအတိုင်း ရှုရှုးဒိုင်းဒိုင်းနဲ့ပဲတုံ့ပြန်ဖြေဆိုလိုက်ပါတယ်။

"ကျွန်တော်လား၊ ပျော်တာပေါ့၊ ကျွန်တော်က အောင်မြင်တဲ့စီးပွားရေးသမားတစ်ယောက်၊ အခြားသူတွေလိုပဲ စီးပွားရေးပြဿနာတွေတော့ရှိတာပေါ့။ ဒါပေမဲ့ ကျွန်တော်ဆက်လက်ဖြေရှင်းလုပ်ဆောင်နေပါတယ်။ ကျွန်တော်လိုတာ ကျွန်တော့်မှာအကုန်ရှိတယ်။ ကျွန်တော့်မှာ အိမ်ရှိတယ်၊ ကားရှိတယ်၊ ဇနီးကောင်းတစ်ယောက်နဲ့ ကလေးနှစ်ယောက်လည်းရှိတယ်။ ကျွန်တော် အောင်မြင်မှုတွေအများကြီးရခဲ့ပြီးပြီ။ စီးပွားရေးလောကမှာလည်း ဂုဏ်သိက္ခာတစ်ခုတည်ဆောက်ပြီးပြီ"။ သူဟာ မေးခွန်းကိုအမြောက်နဲ့ပစ်သလို ပစ်ခတ်ဖြေဆိုပြီးလို့ ရန်သူဟာ ပြားပြားဝပ်သွားပြီလို့ ခံစား

နေရပါတယ်။

သူဟာ သူ့ရဲ့ပိုင်ဆိုင်မှုတွေကိုပြောပြီး သူ့ဘဝပတ်လည်မှာ အောင်မြင်မှုတံတိုင်းတွေ ကာဆီးတည်ဆောက်လိုက်ပါတယ်။

"ခင်ဗျား ဘာတွေအောင်မြင်ခဲ့တယ်၊ ဘာတွေပိုင်ဆိုင်ခဲ့တယ်ဆိုတာကိုမေးတာမဟုတ်ဘူး။ ခင်ဗျားပျော်သလားလို့ပဲ ရိုးရိုးလေးမေးနေတာပါ" လို့ ယောဂီကြီးကပြောလိုက်ပါတယ်။

ယောဂီကြီးရဲ့တုံ့ပြန်ပြောဆိုမှုဟာ ပင်လယ်ရေက သဲနဲ့ဆောက်တဲ့ရဲတိုက်ကြီးကို ဖျက်ဆီးလိုက်သလို သူ့ရဲ့ပိုင်ဆိုင်မှုတံတိုင်းကြီးကို အလွယ်တကူချိုးဖျက်လိုက်ပါတယ်။ ပထမတော့ သူ့ရဲ့အမြင်တွေနဲ့ အကျိုးသင့်အကြောင်းသင့်တုံ့ပြန်ဖို့ကြိုးစားပါသေးတယ်။ ဒါပေမဲ့ ထူးခြားတာတစ်ခုကတော့ သူ့ဆီမှာဖြစ်ပေါ်နေပါတယ်။ ဘာကြောင့်ဖြစ်လဲဆိုတာတော့ သူမသိပါဘူး။ ဒါပေမဲ့ ယောဂီကြီးရှေ့မှာရပ်နေရတာဟာ သူ့ကိုယ်သူပြန်မြင်နေသလိုခံစားနေရပါတယ်။ အဲဒီနောက် နက်နဲသိမ်မွေ့တဲ့အမှန်တရားတစ်ခုကို သူရှင်းရှင်းလင်းလင်း စတင်တွေ့ရှိခဲ့ပါတယ်။ သူ တခြားသူတွေကိုလှည့်စားကောင်းလှည့်စားလို့ရမယ်။ ဒါပေမဲ့ ယောဂီကြီးရဲ့ပျော်ရွှင်မှုနဲ့ပတ်သက်တဲ့မေးခွန်းကိုရင်ဆိုင်ရတဲ့အခါမှာတော့ သူမလှည့်စားနိုင်တော့ပါဘူး။ တကယ်လို့သူဟာ ပျော်ရွှင်တဲ့သူတစ်ယောက်ဆိုရင် အခုလို ယောဂီတစ်ယောက်ရဲ့လမ်းညွှန်ပြသတူညီမှုကိုလာရှာနေဖို့မလိုပါဘူး။ အဲဒီနောက်မှာတော့ သူ့မျက်လုံးထောင့်ကနေ မျက်ရည်တစ်ပေါက်စီးကျလာပါတယ်။ သူ့ကိုယ်သူထိန်းချုပ်နိုင်စွမ်းမရှိတော့သလို ခံစားချက်မျိုး လွှမ်းမိုးသွားပါတယ်။ သူဟာ တက်ကြွလန်းဆန်းတဲ့သူတစ်ယောက်ရှေ့က အားအင်ချည့်နဲ့နေသူတစ်ယောက်ပမာဖြစ်သွားပါတယ်။ ဒါပေမဲ့ နှစ်ယောက်ထဲမှာ သူက ပိုပြီးသန်စွမ်းတဲ့သူတစ်ယောက်လို့ သူ့ကိုယ်သူသတ်မှတ်နေတုန်းပါပဲ။ မိနစ်အနည်းငယ်အကြာ မျက်ရည်စီးကျပြီးတဲ့နောက် ဦးမင်းနိုင်က အခုလိုပြန်ဖြေပါတယ်။

"ဟုတ်တယ်။ ကျွန်တော်မပျော်ဘူး"

အဲဒီမှာ ဦးမင်းနိုင်ဖြေမှာကိုကြိုသိနေသလို ယောဂီကြီးကအခုလိုပြောပါတယ်။

"တစ်ခါတုန်းက ချစ်စရာကောင်းတဲ့မြင်းလေးတစ်ကောင်ရှိတဲ့လယ်သမား တစ်ယောက်ရှိခဲ့တယ်။ တစ်နေ့တော့ ကျင်းနက်ကြီးထဲကိုမြင်းပြုတ်ကျသွားတယ်။ လယ်သမားဟာ နည်းမျိုးစုံနဲ့ သူ့မြင်းကိုကယ်ထုတ်ဖို့ကြိုးစားတယ်။ ဒါပေမဲ့ ကျင်းက နက်လွန်းတယ်။ ကြိုးစားသမျှ အချည်းအနှီးဖြစ်ပြီး ရက်အနည်းငယ်အကြာမှာ သူ့ မြင်းကိုသတ်ပစ်ဖို့ဆုံးဖြတ်ခဲ့တယ်။ သူ့မြင်းကိုမွန်းကျပ်အောင်လုပ်ပြီးသတ်ဖို့ ကျင်းထဲ ကိုမြေကြီးတွေဖို့တယ်။ ဒါပေမဲ့ မြေကြီးတွေဖို့တဲ့အခါမှာ မြင်းကသေမှာကြောက်တဲ့ အတွက် ကြောက်လန့်တကြားနဲ့ မြေကြီးတွေကိုခါချပြီး ကျလာတဲ့မြေကြီးတွေပေါ် တက်တယ်။ တဖြည်းဖြည်းနဲ့ ကျင်းမှာမြေကြီးတွေပြည့်လာတဲ့အခါမှာတော့ မြင်းဟာ ပြည့်လာတဲ့မြေကြီးတွေအပေါ်တက်ရပ်နိုင်ခဲ့တယ်။ နောက်ဆုံးမှာ ကျင်းထဲကနေ ခုန်ထွက်နိုင်လောက်တဲ့အမြင့်ကို မြင်းရောက်သွားခဲ့တယ်"

ဦးမင်းနိုင်ဟာ ယောဂီကြီးပြောတာကို စိတ်ဝင်တစားနားထောင်နေပါတယ်။ ဒါပေမဲ့ အဲဒီအဖြစ်အပျက်ဟာ သူနဲ့ဘယ်လိုသက်ဆိုင်သလဲဆိုတာ သူနားမလည်ပါဘူး။

"ခင်ဗျားဆီကနေ ကြောက်ရွံ့မှုတွေ၊ မချိတင်ကဲဝေဒနာတွေ၊ ဒေါသတွေနဲ့ မပျော်ရွှင်မှုတွေကို ကျွန်တော်ခံစားမိနေတယ်။ ခင်ဗျားအထီးကျန်ပြီး ဒုက္ခရောက် နေတယ်ဆိုတာ ကျွန်တော်ခံစားမိတယ်။ ခင်ဗျား အဲဒီအဖြစ်အပျက်ထဲကမြင်းလို ခက်ခဲတဲ့အချိန်ကာလတွေကိုဖြတ်သန်းနေရတယ်။ ခင်ဗျား အဲဒီအခက်အခဲတွေကို စိုးရိမ်ပူပန်မှုတွေကြားထဲမှာပဲ ကိုယ့်ကိုယ်ကိုယ်အနစ်မြုပ်ခံပြီးတော့ပြန်နိုင်သလို မြင်း လိုပဲအခက်အခဲတွေကို ခင်ဗျားလွတ်မြောက်ဖို့အတွက် အခွင့်အလမ်းအဖြစ်သုံးပြီး ပျော်ရွှင်မှုကိုရယူနိုင်ပါတယ်။ ခင်ဗျား ဒီလောက်ထိသဘောပေါက်တယ်ဆိုရင် ကျွန်တော် ခင်ဗျားကိုလမ်းညွှန်ပြသနိုင်တဲ့လမ်းဟာ ဒါပဲဆိုတာကို ခင်ဗျားအလိုလို သိနေလို့ပဲ" လို့ ယောဂီကြီးကပြောပါတယ်။

ယောဂီကြီးပြောနေတုန်းမှာ ထူးဆန်းပြီးရင်းနှီးတဲ့ခံစားချက်မျိုး သူခံစား ရတယ်။ ဒီယောဂီကြီးကို သူ့ဘဝတစ်လျှောက်လုံး ရင်းနှီးခဲ့သလိုမျိုးပေါ့။ သူ့ရဲ့စိတ် မသက်မသာဖြစ်မှုတွေဟာ ယုံကြည်မှုရှိပြီး နွေးထွေးတဲ့ခံစားချက်အဖြစ်ပြောင်းလဲ သွားပါတယ်။ ယောဂီကြီးရဲ့မေတ္တာမီးလျှံဟာ သံချပ်ဝတ်တုန်ဆာကိုအရည်ပျော်စေပြီး

သူ့ကိုအားမြဲသွားစေပါတယ်။

ဒါဟာ သူ့ဘဝတစ်လျှောက်လုံးမှာ ပထမဆုံးအကြိမ် သူ့အားနည်းချက်ကို ဖော်ထုတ်ခွင့်ပြုလိုက်တာပါ။ သူဟာ အမြဲတမ်း သူ့ခံစားချက်တွေကိုဖုံးကွယ်ခဲ့တာပါ။ ခံစားချက်ဖော်ပြသတာဟာ အားနည်းတဲ့သူတွေရဲ့စရိုက်လက္ခဏာလို့ သူကမှတ်ယူခဲ့တယ်၊ အောင်မြင်မှုတွေရယူပြီး အသုံးချခံရမှုကိုရှောင်ရှားနိုင်ဖို့အတွက် တစ်ခုတည်းသောနည်းလမ်းက ခက်ထန်မာကျောပြီး စာနာစိတ်ကင်းမဲ့တတ်ဖို့ပဲလို့ ဘဝက သူ့ကိုသင်ကြားခဲ့တယ်။ သူ့ရဲ့ခံစားချက်အားလုံးက အတွင်းပိုင်းမီးခံသေတ္တာထဲမှာ ပိတ်ထားခဲ့ပြီး နှစ်အတော်ကြာအောင် မီးခံသေတ္တာဖွင့်တဲ့လျှို့ဝှက်နံပါတ်တွေပျောက်ကွယ်နေခဲ့ပါတယ်။

အခုတော့ ယောဂီကြီးက တံခါးဖွင့်လိုက်ပါပြီ။ သူ့ခံစားချက်တွေဟာ လှောင်အိမ်ထဲမှာ နှစ်ပေါင်းအတော်ကြာပိတ်လှောင်ခံထားရာကနေ လွတ်မြောက်လာတဲ့ ငှက်တွေလို ရုန်းကန်ပျံထွက်လာပါတယ်။ သူချစ်ခင်ပြီးနှစ်ပေါင်းအတော်ကြာ မတွေ့ရတဲ့မိတ်ဆွေတစ်ယောက်ကိုပြန်တွေ့ရသလို ခံစားနေရပါတယ်။ အဲဒီတစ်ယောက်ကတော့ သူကိုယ်တိုင်ပါပဲ။

ဒါပေမဲ့ သူ့ရဲ့ပင်ကိုဆင်ခြင်တုံတရားက ပြန်လည်ပေါ်ပေါက်လာပါတယ်။ ယောဂီကြီးအခန်းထဲမှာသူထိုင်နေတုန်း "ဒါဟာ အဓိပ္ပာယ်မရှိတာပဲ။ မင်းနိုင် မင်းဘာတွေလုပ်နေတာလဲ" ဆိုတဲ့စကားသံတွေဟာ သူ့နားထဲမှာကြားယောင်နေပါတယ်။ ဒါပေမဲ့ သူနားမလည်နိုင်တဲ့အကြောင်းရင်းတချို့ကြောင့် ယောဂီကြီးရဲ့အရှိန်အဝါက သူ့ကိုတည်ငြိမ်စေပြီး သူ့ကိုယ်သူမှန်ကန်တဲ့နေရာမှာရောက်နေတယ်လို့ခံစားရပါတယ်။

"ကျွန်တော်နားမလည်နိုင်ဘူး ဆရာကြီး" ဦးမင်းနိုင်တစ်ယောက်ကွဲအက်နေတဲ့အသံနဲ့ အထစ်ထစ်အငေါ့ငေါ့ပြောပါတယ်။ "ကျွန်တော်ပျော်နေတယ်လို့ပဲထင်နေတာ၊ ပျော်ရွှင်ဖို့လိုအပ်တာတွေ ကျွန်တော့်မှာအကုန်ရှိတယ်လို့ထင်နေတာ၊ ဒါပေမဲ့. . ."

"ဦးမင်းနိုင်၊ ပျော်ရွှင်မှုဆိုတာ ငွေနဲ့ဝယ်လို့မရဘူး။ ခင်ဗျားပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲက ခင်ဗျားရာထူး၊ သံယောဇဉ်တွေ၊ ပစ္စည်းတွေ၊ အောင်မြင်မှုတွေ

ပေါင်းစပ်တွက်ချက်ပြီးဖြစ်လာတာမဟုတ်ဘူး။ ပျော်ရွှင်မှုဆိုတာ ခံစားချက်ပဲ"

သူ နေ့စဉ်ရုံးမှာဖြတ်သန်းတွေ့ကြုံနေရတဲ့ခက်ခဲတဲ့အခြေအနေတွေနဲ့ နှလုံးရောဂါပြဿနာကို ယောဂီကြီးကိုပြောပြပါတယ်။ စိတ်သက်သာရာရအောင် တရားထိုင်ကြည့်ဖို့ ဆရာဝန်ကတိုက်တွန်းတဲ့အကြောင်းလည်းပြောပြတယ်။

"ခင်ဗျားရဲ့စိတ်ဖိစီးမှုတွေနဲ့ စိုးရိမ်ပူပန်မှုတွေဟာ ခင်ဗျားကိုပြဿနာဖြစ်စေတဲ့အကြောင်းရင်းလက္ခဏာတွေပဲ။ အဲဒီလက္ခဏာအကြောင်းရင်းတွေကိုဖြေရှင်းတာဟာ အထောက်အကူပြုနိုင်ပေမဲ့ ပြဿနာကိုလုံးဝဖြေရှင်းနိုင်တာတော့မဟုတ်ဘူး။ ဘာနဲ့တူသလဲဆိုတော့ အပေါက်တွေအများကြီးရှိတဲ့စည်ပိုင်းကြီးတစ်လုံးရှိတာနဲ့တူနေတယ်။ အဲဒီအပေါက်တွေကနေရေတွေယိုစိမ့်ပြီး ကြမ်းပြင်ရေတွေမြုပ်နေတယ်။ အကြောင်းရင်းလက္ခဏာနဲ့တူတဲ့ကြမ်းပြင်ပေါ်ကနေ ရေတွေကိုရေမြုပ်နဲ့စုပ်ပြီးဖယ်ရှားဖို့ အချိန်အများကြီးပေးရနိုင်တယ်။ ဒါပေမဲ့ ရေကတော့ ကြမ်းပြင်ပေါ်မှာမြုပ်နေဆဲပဲ။ နောက်ထပ်ဖြစ်နိုင်ခြေတစ်ခုကတော့ စည်ပိုင်းအပေါက်တွေကိုဖာပြီးပြဿနာကိုဖြေရှင်းလိုက်တာပဲ။ ခင်ဗျားမှာ အခုပျော်ရွှင်မှုတွေ ပြည့်နေတဲ့စည်ပိုင်းကြီးရှိတယ်။ ဒါပေမဲ့ အပေါက်တွေအများကြီးရှိနေတဲ့အတွက် အဲဒီအပေါက်တွေကနေပျော်ရွှင်မှုတွေစိမ့်ထွက်နေတယ်။ အဲဒီတော့ ခင်ဗျားအနေနဲ့ အဲဒီယိုပေါက်တွေကိုပိတ်ဖို့တင်မကဘူး။ ဘဝမှာပျော်ရွှင်မှုကိုဖန်တီးတတ်အောင်လည်း လေ့လာဖို့လိုတယ်" ယောဂီကြီးကပြောလိုက်ပါတယ်။

"ဒါဆိုရင် ကျွန်တော်ဘာလုပ်ရမလဲပြောပါ" ဦးမင်းနိုင်ကမေးလိုက်ပါတယ်။ အခုအချိန်မှာတော့ ယောဂီကြီးက သူ့ကိုအကူအညီပေးနိုင်တယ်လို့ထင်စပြုလာပါပြီ။

ယောဂီကြီးဟာ သူ့ပစ္စည်းတွေထဲကနေ တစ်စုံတစ်ရာကို ရှာဖွေလိုက်ပါတယ်။ တွန့်ကြေလိပ်ထားတဲ့ သတင်းစာအပိုင်းအစလေးတွေပါတဲ့ သစ်သားသေတ္တာလေးတစ်ခုကို မ,လိုက်ပါတယ်။ ပြီးတော့ တွန့်ကြေလိပ်ထားတဲ့သတင်းစာပိုင်းလေးတစ်ခုကို သေချာရွေးထုတ်လိုက်ပြီး အဲဒီအထဲကအစေ့တစ်စေ့ကိုထုတ်လိုက်ပါတယ်။

"ဒီသေတ္တာထဲမှာ ပျော်ရွှင်မှုဆိုတဲ့သစ်စေ့ခုနစ်စေ့ထည့်ထားတယ်။ အဲဒီသစ်စေ့တစ်ခုချင်းစီမှာ ခင်ဗျားကို လမ်းမှန်ပေါ်ရောက်အောင်ကူညီပေးမယ့် သင်ခန်း

စာကောင်းတွေပါတယ်။ ကျွန်တော်တို့ ဒီသစ်စေ့တစ်စေ့နဲ့စရအောင်"

ယောဂီကြီးက ဦးမင်းနိုင်ကို သစ်စေ့တစ်စေ့ပေးလိုက်ပါတယ်။ ဦးမင်းနိုင်ဟာ သစ်စေ့ကို မွေးကင်းစကလေးငယ်လေးပမာ ဂရုတစိုက်ကိုင်တွယ်ပြီး ယူလိုက်ပါတယ်။ သူ့ဘဝတစ်ခုလုံးဟာ ဒီသစ်စေ့ပေါ်မှာအမှီပြုနေတယ်လို့ သူခံစားနေရပါတယ်။

"ဒီသစ်စေ့ကိုသွားစိုက်ပြီး အဲဒီသစ်စေ့ကြီးလာတဲ့အချိန်ကျမှ ပြန်လာခဲ့ပေါ့။ အဲဒီအခါကျရင် အဲဒါနဲ့ပတ်သက်တဲ့သင်ခန်းစာကိုဖော်ပေးမယ်" လို့ ယောဂီကြီးက အဆုံးသတ်ပြောလိုက်ပါတယ်။

* * * * *

ဒီလိုနဲ့ ဦးမင်းနိုင်အိမ်ပြန်သွားပါတယ်။ အိမ်ရောက်တော့ ဇနီးနဲ့အခန်းထဲမှာထိုင်ကစားနေတဲ့ကလေးတွေကိုနှုတ်ဆက်ပါတယ်။ ပြီးတော့မှ ဘယ်သူမှမမြင်အောင် ဥယျာဉ်ထဲလမ်းလျှောက်သွားပြီး သစ်စေ့ကိုစိုက်လိုက်ပါတယ်။ ဒါပေမဲ့ ယောဂီကြီးပြောသမျှစကားလုံးတိုင်းကို ယုံကြည်စိတ်ချစွာလက်မခံခင် တရားထိုင်တာနဲ့ပတ်သက်ပြီး လေ့လာသင့်တယ်လို့ ယူဆလိုက်ပါတယ်။ အဲဒါမှ သူ့သံသယတွေမှန်ကန်ကြောင်းသက်သေပြနိုင်မလား၊ ဒါမှမဟုတ် သူ့ကိုရှေ့ဆက်လုပ်ဖြစ်အောင် တွန်းအားပေးနိုင်မလားသိရမှာပါ။ သူ အင်တာနက်ထဲမှာမွှေနှောက်ရှာဖွေကြည့်ပါတယ်။ ဘယ်လောက်လေးနက်သလဲဆိုတာဖတ်ကြည့်ရင်း ပိုပြီးအံ့အားသင့်လာပါတယ်။ သူလေ့လာရင်းနဲ့ဘာသွားတွေ့သလဲဆိုတော့ တရားထိုင်တဲ့သူတွေဟာ အောက်ဆီဂျင်အသုံးပြုမှုကိုလျှော့ချနိုင်ပြီး စိတ်ဖိစီးမှုကိုဖြစ်စေတဲ့ဟော်မုန်းစိမ့်ထွက်မှုတွေကိုလျှော့ချပေးတယ်။ ပြီးတော့ ကိုယ်ခံအားတိုးလာစေပါတယ်။ သူဟာ တရားထိုင်တဲ့သူတွေကိုလေ့လာမှုပြုပြီးရေးထားတဲ့ဆောင်းပါးတစ်ခုကို မဂ္ဂဇင်းတစ်အုပ်ထဲမှာသွားတွေ့ပါတယ်။ အဲဒီလေ့လာမှုအရ တရားထိုင်တဲ့သူတစ်ဦးချင်းဟာ အချိန်တိုအတွင်း သိသာထင်ရှားကောင်းမွန်တဲ့အပြောင်းအလဲတွေဖြစ်ပေါ်ပြီး တရားအားမထုတ်တဲ့သူတွေထက် အသက်ပိုရှည်တယ်လို့ဆိုပါတယ်။ နောက်ပြီး နှလုံးရောဂါသည်အယောက် ၄၀ ကို လေ့လာထားတဲ့ဆရာဝန်တစ်ဦးရဲ့ဆောင်းပါးကိုလည်း တွေ့ရပါတယ်။ အဲဒီဆောင်းပါးအရ တရားထိုင်တာ၊ ယောဂကျင့်တာနဲ့ ဓာတ်စာကြပ်ကြပ်မတ်မတ်စားတာတွေဟာ

အနေနာသည်တွေရဲ့ သွေးကြောတွေကိုပိတ်ဆို့ဟန့်တားနေတဲ့အဆီတွေကိုလျှော့ချနိုင်တယ်လို့ဆိုပါတယ်။ နှစ်နာရီလောက် အချက်အလက်တွေကိုလေ့လာဖတ်ရှုပြီးတဲ့နောက် တရားထိုင်တာဟာ ကျန်းမာရေးအတွက် သိပ်အရေးကြီးတယ်ဆိုတာ ဦးမင်းနိုင်လက်ခံသွားပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ ဦးမင်းနိုင်တစ်ယောက် ရုံးကပြန်လာတိုင်း ပထမဆုံးလုပ်တာကတော့ သစ်စေ့စိုက်ထားတဲ့နေရာကိုသွားကြည့်တာပါပဲ။ သူ့ရဲ့ပြဿနာတွေကို အံ့ဩဖွယ်ကောင်းလောက်အောင်ဖြေရှင်းပေးမယ့် ပဥ္စလက်ဆန်တဲ့အပင်ပေါက်လေးတစ်ခုကိုတွေ့ရတော့မယ်လို့ မျှော်လင့်နေပါတယ်။ ဒါပေမဲ့ ထူးထူးခြားခြားပေါက်မလာပါဘူး။ သူ ရေကို သေချာဂရုတစိုက်လောင်းပါတယ်။ ကြီးထွားဖို့အတွက် လိုအပ်တဲ့ရေပမာဏကို အတိအကျဖြစ်အောင်ကြိုးစားလောင်းတယ်။ သူ့ကို ရက်အတော်ကြာစောင့်ကြည့်နေတဲ့သူ့ဇနီးက "ရှင်ဘာတွေဖြစ်နေတာလဲ၊ ရှင်နဲ့ပေါင်းသင်းနေထိုင်ခဲ့တဲ့သက်တမ်းတစ်လျှောက် ဥယျာဉ်ကိုရေလောင်းတာ အရင်ကတစ်ခါမှမတွေ့ဖူးဘူး" လို့ပြောပါတယ်။

သူ့ယောဂီဆရာကြီးအကြောင်းကို ဘယ်သူ့ကိုမှမပြောဘူးလို့ ဦးမင်းနိုင်ဆုံးဖြတ်ထားပါတယ်။ သူ့ဘဝတစ်လျှောက်လုံး ဘာသာရေးနဲ့စိတ်ပိုင်းဆိုင်ရာတွေမှာယုံကြည်တဲ့မိတ်ဆွေတွေနဲ့ သူ့ဇနီးကိုအမြဲပြက်ရယ်ပြုခဲ့ပေမဲ့ သူ့ရဲ့လျှို့ဝှက်ချက်ကိုသိပြီး ဝမ်းသာအားရဖြစ်ကြမှာကိုမလိုလားဘူး။

"ဘာတွေဖြစ်နေတာလဲဆိုတော့ ဆရာဝန်က သစ်ပင်ပန်းမန်စိုက်တာ ငါ့ကျန်းမာရေးအတွက်အကောင်းဆုံးကုထုံးလို့ပြောလို့ပါကွာ၊ သစ်ပင်စိုက်တော့ သဘာဝတရားနဲ့ထိတွေ့နေပြီး စိတ်ပန်းပြေစေတယ်လေကွာ၊ ငါအခု ဥယျာဉ်ကိုပိုပြီးကြည့်ကောင်းအောင်စိုက်ဖို့ သစ်စေ့တွေဝယ်ထားတယ်"

သူ့အဖြေကို သူ့ဇနီးကျေနပ်သွားပါတယ်။ အခုဆိုရင် ဦးမင်းနိုင်တစ်ယောက်သူ သစ်ပင်စိုက်တာနဲ့ပတ်သက်ပြီး ဘယ်သူကမေးခွန်းထုတ်လာလာ ဖြေစရာအဖြေတစ်ခုရသွားပြီဖြစ်ပါတယ်။

◈ ◈ ◈

# ပထမဆုံးသစ်စေ့ကိုရေလောင်းခြင်း

ဦးမင်းနိုင်ဟာ လေးပတ်လုံးလုံး သစ်စေ့ကိုနေ့တိုင်းရေလောင်းပေမဲ့ သူ့ဥယျာဉ်ထဲကအဲဒီနေရာလေးဟာ အရင်အတိုင်းပုံမပျက်ပါပဲ။ ထူးထူးခြားခြားဘာမှ ပေါက်မလာပါဘူး။ သူဟာ အလွန့်အလွန်မခံချိမခံသာဖြစ်လာတဲ့အတွက် မြေကြီးကိုကိုင်တွယ်ဖွကြည့်ပြီး အစေ့ကိုတူးထုတ်လိုက်ပါတယ်။ အစေ့က စိုက်တဲ့နေ့က အတိုင်း ပုံမပျက်ရှိနေပါတယ်။

"ဘာများမှားနေပါလိမ့်။ ငါသူ့ကိုရွှေလိုတန်ဖိုးထားပြီးစိုက်ခဲ့တာပဲ။ ဒါပေမဲ့ ဘာမှလည်းပေါက်မလာဘူး" ဦးမင်းနိုင်သူ့ဘာသာသူရေရွတ်လိုက်ပါတယ်။ ပြီးတော့ သူ့သံသယစိတ်တွေစဖြစ်ပေါ်လာပါတော့တယ်။ "ဒီကိစ္စက ယောဂီကြီးငါ့ကိုသက်သက် အရူးလုပ်တာဖြစ်ကောင်းဖြစ်နိုင်တယ်။ သူငါ့အချိန်ကိုဖြုန်းနေတာပဲ။ ဒီသစ်စေ့အပင် ပေါက်လာရင် အဲဒီမှာ ဘယ်လိုအသိပညာသင်ခန်းစာပါနိုင်သလဲ။ ဒါမှမဟုတ် ငါ့မှာ ပျော်ရွှင်မှုကိုရှာတွေ့ဖို့အခွင့်အရေးမရှိတဲ့အတွက် ငါ့ဥယျာဉ်ထဲမှာ အစေ့ကပေါက် မလာတာဖြစ်ကောင်းဖြစ်နိုင်တယ်"။ သူ့မိန်းမအဆိုအရတော့ အပင်တွေဟာ လူ့စွမ်းအင်ကိုသိပြီး သူ့စွမ်းအင်ကပဲ အပင်ကိုမကြီးထွားအောင်ဟန့်တားနေတာ ဖြစ်

ကောင်းဖြစ်နိုင်တယ်လို့ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီအစေ့မကြီးထွားလာတာက ပြဿနာကြီးမဟုတ်ဘူး။ အဓိကအချက်က အဲဒီအစေ့ကိုဖြစ်ထွန်းအောင်မြင်အောင် မလုပ်နိုင်တာပါပဲ။ ဦးမင်းနိုင်ဟာ ခဲလေသမျှသဲရေကျသလိုဖြစ်ပြီး အရှုံးလုပ်ခံရသလိုခံစားမှုမျိုးခံစားလိုက်ရပါတယ်။ အဲဒီခံစားချက်ကြီးကို သူမကြိုက်ပါ။ သူဟာ စိတ်အနှောင့်အယှက်ဖြစ်ပြီး သူ့ကိုယ်သူနာကြည်းသွားပါတယ်။ ဒါကြောင့် ဖြေရှင်းချက်သိရအောင် ယောဂီကြီးဆီသွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူ့စိတ်ကိုစိုးပိုင်ထားတဲ့အိမ်ကို သူရောက်သွားပြီး တံခါးကိုချက်ချင်းခေါက်လိုက်ပါတယ်။ ယောဂီကြီးကိုတွေ့ချင်မြင်ချင်ဇောနဲ့ သူ့ကိုအခန်းထဲခေါ်သွားတဲ့အခါ ဥယျာဉ်ကိုတောင်သတိမထားမိတော့ပါဘူး။

"ဆရာ" ဦးမင်းနိုင်တစ်ယောက်ဒေါသထွက်ပြီး စိတ်မရှည်တဲ့လေသံနဲ့ပြောလိုက်ပါတယ်။ "ကျွန်တော့်အချိန်တွေကို ဆရာဖြုန်းနေတာပဲ။ ဒီအသုံးမဝင်တဲ့သစ်စေ့ကို လေးပတ်အချိန်ပေးပြီး ရေလောင်းခဲ့ရတယ်။ ဘာမှလည်းဖြစ်မလာဘူး။ ကျွန်တော်ရှာဖွေတွေ့ရှိမယ်လို့ယူဆထားတဲ့ အသိပညာသင်ခန်းစာကဘာလဲ။ စီးပွားရေးသမားဆိုတာ ညံ့ဖျင်းတဲ့ဥယျာဉ်မှူးတွေလား။ ရုံးကတစ်ယောက်ယောက်ကများ ဒီပဋိလက်ဆန်တဲ့သစ်စေ့ကို ကျွန်တော်ရေလောင်းနေတာတွေ့ရင် ကျွန်တော့်ကို ကမ္ဘာပေါ်မှာ အရူးမိုက်ဆုံးလူတစ်ယောက်လို့ထင်သွားလိမ့်မယ်။ လှည့်ကွက်တွေနဲ့ဆော့ကစားတာတွေ ရပ်လိုက်ကြရအောင်။ ကျွန်တော့်ကို သက်သောင့်သက်သာဖြစ်စေမယ့် နည်းနာနိဿယတွေပဲသင်ပေးပါ။ ကျွန်တော် အဲဒီအတွက်ပဲ ဒီကိုရောက်လာခဲ့တာပါ"။

ယောဂီကြီးက ဦးမင်းနိုင်ရဲ့မျက်လုံးထဲကိုနက်နက်ရှိုင်းရှိုင်းကြည့်လိုက်ပြီး တည်တည်ငြိမ်ငြိမ်နဲ့ပြောလိုက်ပါတယ်။

"ကျွန်တော် ခင်ဗျားကိုပေးလိုက်တဲ့သစ်စေ့က တူနဲ့ထုပြီးဖျက်ဆီးထားတဲ့ သစ်စေ့ပါ။ ဘယ်တော့မှကြီးထွားပြီးပေါက်လာမှာမဟုတ်ဘူး"။

"ဗျာ. . . ဒါဆိုရင် ဒီသုံးမရတဲ့သစ်စေ့ကို ကျွန်တော့်ကိုဘာဖြစ်လို့ပေးသလဲ။ ကျွန်တော့်ကိုအရူးလုပ်ဖို့လား။ ဒီသစ်စေ့နဲ့ပတ်သက်ပြီးသိစေချင်တာ ဒါအကုန်ပဲလား။ ပျော်ရွှင်ဖို့အတွက် အရှက်ရပြီးအသုံးမကျသလိုခံစားရမှာလား"။

"ဦးမင်းနိုင်" ယောဂီကြီးကပြောပါတယ်။ "ကလေးတွေဟာ သစ်စေ့တွေနဲ့တူတယ်၊ သစ်ပင်တစ်ပင်ဟာ အမြင့်ကြီးကိုရောက်နိုင်သလိုပဲ ကျွန်တော်တို့မွေးတဲ့အချိန်တုန်းက ကျွန်တော်တို့မှာအလားအလာတွေအများကြီးရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့မိဘတွေက သစ်စေ့ကိုဖျက်ဆီးပစ်တယ်ဆိုရင်၊ ဆိုလိုတာက ကျွန်တော်တို့ကို စိတ်ဆင်းရဲအောင်လုပ်တယ်၊ အရှက်ရအောင်လုပ်တယ်၊ ကျွန်တော်တို့မလုပ်ချင်တာတွေလုပ်ခိုင်းတယ်၊ ကျွန်တော်တို့ကို တန်ဖိုးမထားဘူး၊ ချစ်ခြင်းမေတ္တာမပေးဘူးဆိုရင် သစ်စေ့က ကြီးထွားမှာမဟုတ်ဘူး။ ဒါမှမဟုတ် ကြီးထွားရင်တောင် အားနည်းတဲ့၊ မြင်ထွန်းတဲ့သစ်ပင်ပဲဖြစ်လာလိမ့်မယ်။

ဒီလိုသစ်စေ့ကိုစိုက်လို့ ဘယ်လိုမှမကြီးထွားနိုင်ဘူးဆိုတာ ခင်ဗျားကိုယ်တိုင်ခံစားပြီးသိစေချင်တာပါ။ ဒါမှ ဒီအတွေးအမြင်ကို ခင်ဗျားဘယ်တော့မှမမေ့မှာပေါ့။ ဒါပေမဲ့ သစ်စေ့တွေနဲ့မတူတာက ကလေးငယ်တွေအဖြစ်နဲ့ ဖျက်ဆီးခံရတဲ့လူသားတွေက ကြီးထွားနိုင်တယ်၊ ဖွံ့ဖြိုးနိုင်တယ်၊ ပျော်ရွှင်နိုင်တယ်။ ဒါပေမဲ့ အဲဒီလိုလုပ်နိုင်ဖို့အတွက် သူတို့ကိုယ်သူတို့သိဖို့လိုတယ်။ ဒါမှ သူတို့ရဲ့အတိတ်ကိုသိမြင်ပြီး အဲဒီအတိတ်ကပစ္စုပ္ပန်အပေါ် ဘယ်လိုသက်ရောက်မှုရှိသလဲနားလည်လာမယ်။ ပျော်ရွှင်မှုဆိုတဲ့သစ်စေ့ခုနစ်စေ့ထဲမှာ ပထမဆုံးပျော်ရွှင်မှုသစ်စေ့က *'ကိုယ့်ကိုယ်ကိုယ်သိမြင်ခြင်း'* ပဲ"။

ဦးမင်းနိုင်တစ်ယောက် စိတ်ဝင်စားတဲ့စိတ်နဲ့ သံသယဖြစ်တဲ့စိတ်တွေ ထူးဆန်းစွာရောပြွမ်းပြီး ယောဂီကြီးပြောတာကိုနားထောင်နေပါတယ်။ ဦးမင်းနိုင်ရဲ့အကြည့်တွေဟာ ယောဂီကြီးရဲ့မျက်နှာကနေ ယောဂီကြီးရဲ့ငြိမ်သက်နေတဲ့လက်တွေဆီရောက်သွားပါတယ်။ အဲဒီကနေ စိတ်ပညာရပ်လမ်းကြောင်းကျယ်ကြီးအပေါ် သံသယကင်းစွာလျှောက်ခဲ့ကြတဲ့ နံရံပေါ်ကပုဂ္ဂိုလ်ကြီးတွေရဲ့ပုံတွေဆီရောက်သွားပါတယ်။ ရုတ်တရက် ဒီဆရာအစဉ်အဆက် ဆင်းသက်လာတဲ့အသိပညာရဲ့ရှေ့မှောက်မှာ သူ့ကိုယ်သူဘာမှမဟုတ်သလို ဦးမင်းနိုင်ခံစားလိုက်ရပါတယ်။ သူ့ရဲ့လှုပ်ရှားတက်ကြွနေတဲ့စိတ်ကို အေးချမ်းတည်ငြိမ်အောင်ပြန်ထိန်းလိုက်ပါတယ်။ ယောဂီကြီးဟာ ကြီးမားတဲ့အသိပညာရှိတဲ့အပြင် တပည့်တစ်ယောက်ကို သင်ခန်းစာပေးနိုင်တယ်ဆိုတာကို

ပြောလိုက်ပါတယ်။

ခဏကြာတော့ ယောဂီကြီးကဆက်ပြောပါတယ်။ "ကျွန်တော်တို့ဟာ မွေးကတည်းက စိတ်ပိုင်းဆိုင်ရာမှတ်ဉာဏ်တွေကိုမှတ်ထားတဲ့ အပြည့်အဝဖွံ့ဖြိုးပြီးသား အမိတ်ဒလာ (Amygdala) ဆိုတဲ့ဦးနှောက်အစိတ်အပိုင်းတစ်ခုနဲ့အတူ ကမ္ဘာလောကကြီးထဲကိုရောက်လာခဲ့တယ်။ တခြားတစ်ဖက်မှာလည်း သတိဆင်ခြင်တဲ့တရားမှတ်ဉာဏ်တွေနဲ့ပြည့်နေတဲ့ ဦးနှောက်အပြင်လွှာ (Cortex) ဆိုတဲ့ဦးနှောက်အစိတ်အပိုင်းကလည်း တဖြည်းဖြည်းတည်ဆောက်လာတယ်။ ဒါကြောင့် ကလေးတစ်ယောက်ဟာ ပြင်းထန်တဲ့ခံစားချက်တွေကိုဖြစ်ပေါ်စေတဲ့ ခက်ခဲတဲ့အချိန်တွေကိုဖြတ်သန်းရရင် အဲဒီခံစားချက်တွေကို စိတ်ပိုင်းဆိုင်ရာမှတ်ဉာဏ်မှာသိမ်းထားလိုက်ပြီး သတိဆင်ခြင်တဲ့တရားမှတ်ဉာဏ်မှာတော့ သိမ်းမထားလိုက်ပါဘူး။

တစ်နည်းပြောရရင် ကလေးဘဝ ခက်ခဲတဲ့အချိန်ကာလမှာဖြစ်ပေါ်လာတဲ့အာရုံတွေကို စိတ်ပိုင်းဆိုင်ရာမှတ်ဉာဏ်ထဲမှာသိမ်းထားလိုက်တာကို ကျွန်တော်တို့သတိမထားမိကြဘူး။ ပညာရပ်ဆိုင်ရာအခေါ်အဝေါ်အရ အဲဒီစိတ်ပိုင်းဆိုင်ရာမှတ်ဉာဏ်ကို ***'မသိစိတ်'*** လို့ခေါ်ပြီး ကျွန်တော်တို့အတွက် ကံမကောင်းတာကသူ့မှာအချိန်ကာလနဲ့တိုင်းတာလို့မရတဲ့ ထူးခြားတဲ့လက္ခဏာရှိတယ်။ ဆိုလိုတာကမနေ့တစ်နေ့ကဖြစ်ခဲ့သလို ကျွန်တော်တို့မှတ်မိနေတာပါ။ ကျွန်တော်တို့ဘဝတစ်လျှောက်လုံးမှာ သတိမထားမိဘဲ အဲဒီပြင်းထန်တဲ့စိတ်ခံစားချက် (မသိစိတ်) ကတောက်လျှောက်ရှိနေတယ်"။

ဦးမင်းနိုင်တစ်ယောက် ယောဂီကြီးရဲ့စကားလုံးတွေကို လိုက်မမီဘူးဖြစ်နေပါတယ်။

"ဒါပေမဲ့ဆရာ၊ ဒီဟာတွေက သစ်စေ့နဲ့ဘယ်လိုများဆိုင်ပါသလဲ"

"ကျွန်တော်တို့ သစ်စေ့ဘဝမှာရှိနေတုန်း မိဘတွေကချေဖျက်ဖျက်ဆီးပစ်တဲ့အခါ ကျွန်တော်တို့မှာပျက်စီးထိခိုက်နာကျင်တဲ့ခံစားချက်တွေပြည့်နေတဲ့ 'မသိစိတ်' ဖြစ်ပေါ်လာပါတယ်။ ဦးနှောက်ရဲ့သဘာဝအရ အဲဒီစိတ်ခံစားချက်တွေကို ဘဝတစ်လျှောက်လုံးသိမ်းသယ်ဆောင်လာကြတယ်။ အဆိုးဆုံးကတော့ ပစ္စုပ္ပန်မှာ သူတို့ကိုယ်

သူတို့ပေါ်လွင်အောင်ပြသပေမဲ့ အဲဒီစိတ်တွေကို ကျွန်တော်တို့သတိမထားမိကြဘူး။ ပျက်စီးထိခိုက်နာကျင်တဲ့စိတ်ခံစားချက်တွေဟာ ကျွန်တော်တို့ရဲ့အပြန်အလှန်ဆက်ဆံရေးတွေ၊ လုံခြုံမှုတွေ၊ ပုဂ္ဂိုလ်ရေးတန်ဖိုးထားမှုတွေကို ဖျက်လိုဖျက်ဆီးလုပ်ပြီး ပျော်ရွှင်မှုတွေမခံစားနိုင်အောင် တားဆီးပစ်တယ်"။

"ဒါပေမဲ့ ကလေးဘဝတုန်းက ထိခိုက်ပျက်စီးသွားတဲ့စိတ်ခံစားချက်တွေဟာ မသိစိတ်ထဲမှာရှိနေပြီး အဲဒီဟာတွေကို ကျွန်တော်တို့ကမမှတ်မိနိုင်ဘူးဆိုရင် အဲဒီခံစားချက်တွေကနေ ကျွန်တော်တို့လွတ်မြောက်ပြီး ပျော်ရွှင်နိုင်ပါ့မလား" ဦးမင်းနိုင်က မေးလိုက်ပါတယ်။

"လူတွေရုပ်ရှင်သွားကြည့်ရင် ဇာတ်ကားထဲမှာနစ်မျောနေတဲ့အတွက် ပိတ်ကားပေါ်မှာပုံရိပ်တွေကို ပရိုဂျက်တာနဲ့ထိုးပြနေမှန်းမေ့သွားပါတယ်" ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိတဲ့ဆရာဝန်က မှားနိုင်စရာအကြောင်းမရှိတဲ့ဆေးညွှန်းကိုပေးသလို ယောဂီကြီးကဆက်ပြောပါတယ်။ "သူတို့က ရုပ်ရှင်ကိုတကယ့်အစစ်အမှန်လိုကြည့်ရင်း ပျော်ရွှင်တယ်၊ ငိုကြွေးတယ်၊ ခံစားပူဆွေးတယ်။ သူတို့စိတ်ကူးယဉ်ပြီးနေကြတာကိုမေ့နေကြတယ်။ ဒါပေမဲ့ လူတစ်ယောက်ဟာ ရုပ်ရှင်ပြတဲ့အခန်းထဲသွားပြီး အခန်းပြတင်းပေါက်ကကြည့်လိုက်ရင် တကယ့်အစစ်အမှန်အခြေအနေကိုတွေ့ရမယ်၊ အစစ်အမှန်မဟုတ်တဲ့ရုပ်ရှင်ကို လူတွေထိုင်ကြည့်နေပြီး တကယ့်အစစ်အမှန်လို အဲဒီလူတွေပြုမူခံစားနေတာကိုတွေ့ရလိမ့်မယ်"။

စကားလုံးတိုင်းမှာ ပဟေဠိပုစ္ဆာအတွက်သော့ချက်အဖြေပါသလို ဦးမင်းနိုင်တစ်ယောက် အာရုံစိုက်ပြီးနားထောင်နေပါတယ်။

"နေ့စဉ်ဘဝမှာလည်း ဒီအတိုင်းအတူတူပဲ" ယောဂီကြီးကဆက်ပြောပါတယ်။ "ကျွန်တော်တို့ရဲ့မသိစိတ်ကမှတ်သားထားတာတွေကို ပစ္စုပ္ပန်ကလူတွေနဲ့ အခြေအနေတွေဆိုတဲ့ပိတ်ကားပေါ်ကို ပရိုဂျက်တာလိုမီးထိုးပြတယ်။ အဲဒီလိုမျိုးက ရုံးမှာလည်းဖြစ်နိုင်တယ်။ မိသားစုနဲ့ အိမ်မှာနေတုန်းလည်းဖြစ်နိုင်တယ်။ နေရာမရွေးဖြစ်နိုင်တယ်။ ဒါပေမဲ့ အဲဒီမသိစိတ်မှာမှတ်သားထားတာတွေကပေါ်ပေါ်လာပြီး ခင်ဗျားဘဝမှာ အနှောင့်အယှက်ပေးတယ်။ ကျွန်တော်ကတော့ ရုပ်ရှင်ပြတဲ့အခန်းထဲသွားကြည့်တဲ့သူ

လိုပဲ။ ခင်ဗျားရဲ့အတိတ်က အခက်အခဲတွေ၊ အခြေအနေတွေ၊ ပြဿနာတွေအကြောင်း ကျွန်တော့်ကိုပြောပြတဲ့အခါ ခင်ဗျားဘဝပိတ်ကားပေါ်က မသိစိတ်မှတ်ဉာဏ်တွေကို ထိုးပြနေတာကို ကျွန်တော်အလွယ်တကူလေ့လာလို့ရတယ်။ ခင်ဗျားရဲ့မသိစိတ်ပုံရိပ်တွေကို ကျွန်တော်ဖော်ကြည့်မယ်ဆိုရင် ခင်ဗျားရဲ့အပြုအမူနဲ့ပတ်သက်လို့ သဲလွန်စပေးနိုင်တဲ့ ခင်ဗျားရဲ့ကလေးဘဝအဖြစ်အပျက်ဇာတ်ဝင်ခန်းတွေကို ကျွန်တော်စတင်ဖော်ထုတ်တွေ့ရှိလိမ့်မယ်။

ဒီလုပ်ငန်းစဉ်မှာ ခင်ဗျားအကြောင်းခင်ဗျား ကောင်းကောင်းပိုသိလာသလို ခင်ဗျားကိုမပျော်အောင် အသေအချာလုပ်တဲ့နည်းလမ်းတွေကို ခင်ဗျား ဘာကြောင့်လုပ်နေသလဲ နားလည်လာလိမ့်မယ်။ ဦးမင်းနိုင်၊ လူ့စိတ်ဟာ ပင်လယ်ထဲမျောနေတဲ့ရေခဲစိုင်ကြီးနဲ့တူတယ်။ သိစိတ်ဆိုတာ ရေပေါ်ပေါ်နေတဲ့ ရေခဲစိုင်ထိပ်ပိုင်းစွန်းနဲ့တူတယ်၊ ဒါပေမဲ့ ကျွန်တော်တို့မမြင်နိုင်တဲ့ရေအောက်မှာမြုပ်နေတဲ့ ရေခဲစိုင်ကြီးရဲ့ ကြီးမားတဲ့ထုထည်အစိုင်အခဲကြီးရှိနေတယ်။ အဲဒါက 'မသိစိတ်' ပဲ။ ခင်ဗျားရဲ့မသိစိတ်ကနေ သိစိတ်နဲ့အသိပညာတွေကိုပိုယူနိုင်လေ ခင်ဗျားမှာ လွတ်လပ်မှုပိုရလေ၊ ပိုပျော်ရွှင်အောင်လုပ်နိုင်တဲ့စွမ်းရည်တွေ ကြီးမားဖွံ့ဖြိုးလေလေပါပဲ"။

"ဘာကိုဆိုလိုတာပါလဲ" ဦးမင်းနိုင်က မေးလိုက်ပါတယ်။

"ဥပမာဗျာ၊ ကလေးဘဝတုန်းက ဆိုးဆိုးဝါးဝါးဆက်ဆံခံရတဲ့လူတစ်ယောက်ကိုမြင်ကြည့်ပါစို့။ သူအမှားတစ်ခုခုလုပ်တိုင်း သူအဆော်ခံရမယ်၊ ကြမ်းကြမ်းတမ်းတမ်းအပြစ်ပေးခံရမယ်။ အဲဒီလူဟာ သူရယူဖို့ခက်ခဲတယ်လို့ထင်တဲ့ ရည်မှန်းချက်တစ်ခုခုကိုယူရပြီဆိုရင် ထိခိုက်ပျက်စီးနေတဲ့အတွင်းစိတ်က စကားပြောပါတော့တယ်။ သူ့ကိုယ်သူအသုံးမကျသလို၊ ရှုံးမိုက်သလို၊ မပျော်ရွှင်သလိုခံစားရတယ်။ သူ့ကိုယ်သူဒေါသထွက်လိမ့်မယ်။ အဲဒါတွေအားလုံး သူ့အမှားကြောင့်လို့ခံစားရလိမ့်မယ်။ သူကလေးဘဝကကြုံတွေ့ခဲ့ရတဲ့ခံစားချက်နဲ့တစ်ပုံစံတည်း ပစ္စုပ္ပန်အခြေအနေအပေါ်ပရိုဂျက်တာနဲ့ထိုးသလိုခံစားရလိမ့်မယ်။ အဲဒါမျိုး တော်တော်အကျွမ်းတဝင်ဖြစ်နေတယ်မဟုတ်လား"။

"ဒါပေမဲ့ ကျွန်တော်တို့အမှားလုပ်တိုင်း အပြစ်ရှိသလိုဆိုးဆိုးဝါးဝါးခံစားရတာ

ပုံမှန်ပဲမဟုတ်လား" ဦးမင်းနိုင်က ကြားဖြတ်မေးလိုက်ပါတယ်။ ယောဂီကြီးရဲ့မျက်လုံးတွေထဲမှာ သူ့စိတ်ဟာ ဖောက်ထွင်းမြင်နိုင်တဲ့ပြတင်းပေါက်လိုဖြစ်နေပြီဆိုတာ ဦးမင်းနိုင် တဖြည်းဖြည်းခံစားမိလာပါတယ်။

"ခင်ဗျားဘဝတစ်လျှောက်လုံး ဒီလိုပဲနေထိုင်လာတဲ့အတွက် ပုံမှန်လိုပဲခင်ဗျားခံစားရတာပေါ့" ယောဂီကြီးကပြန်ဖြေပါတယ်။ "မျက်မှန်တပ်မထားတဲ့အဝေးမှုန်တဲ့သူတစ်ယောက်ဟာ အစစ်အမှန်ကိုလည်း ဝါးနေတဲ့အရာတစ်ခုလို့ယူဆမှာပဲ။ မျက်မှန်ဝယ်မတပ်မချင်း အဲဒါဟာ တကယ့်အစစ်အမှန်ပုံမှန်အနေအထားလို့ ထင်နေဦးမှာပဲ။ ကျွန်တော်တို့အမှားတစ်ခုခုကိုလုပ်မိတဲ့အခါ၊ ကျွန်တော်တို့ရဲ့မျှော်လင့်တဲ့အရာတွေအလုပ်မဖြစ်တဲ့အခါ အချည်းအနှီးဖြစ်သလို ရှုံးမိုက်သလို၊ အပြစ်ရှိသလိုခံစားစရာ ဘာအကြောင်းမှမရှိပါဘူး။ ကျွန်တော်တို့ရဲ့အမှားကိုနားလည်သင့်တယ်။ အမှားထဲက သင်ခန်းစာယူသင့်တယ်။

မိမိကိုယ်ကိုတန်ဖိုးထားမှုလျော့မသွားစေဘဲ တခြားရွေးချယ်စရာတစ်ခုခုကိုရှာသင့်တယ်။ အချည်းအနှီးဖြစ်သလို၊ အသုံးမကျသလို ခံစားရတဲ့အာရုံတွေဟာ ကလေးဘဝကဇာတ်ကွက်တွေကို ပရိုဂျက်တာနဲ့ပြန်ထိုးပြတာနဲ့တော်တော်တူပါတယ်။ ခင်ဗျားအမှားတစ်ခုခုလုပ်ရင် အဲဒီနည်းလမ်းအတိုင်းခံစားရအောင် တစ်ယောက်ယောက်ကလုပ်လိမ့်မယ်။ ဒါပေမဲ့ ကလေးဘဝတုန်းက ထိခိုက်နှိပ်စက်ခံခဲ့ရတဲ့လူတွေပဲ အခုလိုပြဿနာမျိုးဖြစ်မယ်လို့ ထင်ရင်မှားလိမ့်မယ်"။

ယောဂီကြီးက ဆက်ပြောပါတယ်။ "ကလေးတွေကို အတိုင်းမသိလွတ်လပ်ခွင့်ပေးထားတာဟာ အကောင်းဆုံးပြုစုပျိုးထောင်ခြင်းလို့ မှားယွင်းယူဆထားတဲ့မိဘတွေရဲ့ကလေးတွေမှာလည်း 'မသိစိတ်' စိတ်ဒဏ်ရာတွေဖွံ့ဖြိုးနိုင်ပါတယ်။ ကလေးဘဝဆိုတာ တောင်တက်နေတာနဲ့တူတယ်။ ခင်ဗျားရဲ့မိဘကတော့ တောင်တက်လမ်းပြပေါ့။ ခင်ဗျားကို တောင်နံရံပေါ် ခပ်ကြမ်းကြမ်းတွန်းတင်ရင်း ခင်ဗျားကိုဂရုစိုက်ဖို့ကြိုးစားတာက ခင်ဗျားကိုနှိပ်စက်သလိုဖြစ်နေရင် ခင်ဗျားမှာစိတ်ဒဏ်ရာဖြစ်ပြီး မသိစိတ်ထဲမှာနာကျင်မယ်။ ဒါပေမဲ့ ခင်ဗျားမိဘတွေက ခင်ဗျားကို လုံးဝတစ်ယောက်တည်းထားပြီး ချောက်ကမ်းပါးအစွန်းနားပါးထိသွားခွင့်ပြုထားမယ်ဆိုရင် ခင်ဗျားမှာ

ကြောက်စိတ်တွေ၊ မလုံခြုံမှုတွေဖြစ်ထွန်းလာပြီး မသိစိတ်ထဲမှာစူးနစ်ဝင်နေလိမ့်မယ်။ ကလေးတွေအနေနဲ့ သူတို့မိဘတွေက သူတို့အစွန်းပေါ်ကနေပြုတ်ကျအောင် အတား အဆီးတွေချထားပေမဲ့ အဲဒီအတားအဆီးတွေဟာ သူတို့ပြုတ်မကျအောင်ထားတဲ့ အကန့်အသတ်တွေဖြစ်တယ်လို့ခံစားမိဖို့လိုတယ်"။

ဦးမင်းနိုင် ‌ားလည်စပြုလာပြီလို့မြင်တဲ့အတွက် ယောဂီကြီးက အခုလိုစကား ကိုအဆုံးသတ်လိုက်ပါတယ်။

"လက်ဖက်အိတ်ကလေးကနေလုပ်တဲ့လက်ဖက်ရည်ကို ခင်ဗျားသောက်တဲ့ အခါ ခွက်ထဲကအရည်က အမည်းရောင်ကနေ တဖြည်းဖြည်းပိုပြီးအရောင်ရင့်လာ လိမ့်မယ်။ အဲဒီလိုပဲ ဘဝရဲ့အခြေအနေအမျိုးမျိုးမှာ ကျွန်တော်တို့ရဲ့ကလေးဘဝဟာ အခက်အခဲတွေရှိတဲ့အခါ ကျွန်တော်တို့ဟာ လက်ဖက်အိတ်ကလေးတွေနဲ့တူပါတယ်။ ကျွန်တော်တို့စိတ်ထဲမှာ အချိန်အတော်ကြာခိုအောင်းနေတဲ့ မည်းမှောင်တဲ့စိတ်ခံစား မှုတွေက အခြေအနေတွေကို အရောင်ဆိုးလိုက်ကြတယ်။ ဒါပေမဲ့ ကံမကောင်းတာက ကျွန်တော်တို့ အဲဒါကိုသတိမထားမိကြဘူး"။

နောက်ဆုံးမှာတော့ ယောဂီကြီးက ဦးမင်းနိုင်ကို နောက်နေ့ကစပြီး ကိုယ့် ကိုယ်ကိုယ်သိတဲ့လုပ်ငန်းစဉ်ကို စလုပ်ဖို့ခိုင်းလိုက်ပါတော့တယ်။

* * * * *

ဦးမင်းနိုင်ဟာ အိမ်ကိုကားမောင်းပြန်ရင်း ယောဂီကြီးနဲ့ သူနဲ့ဆက်ဆံရေး ကိုပြန်တွေးနေပါတယ်။ ထူးဆန်းတဲ့ဖြစ်စဉ်တစ်ခုတော့ဖြစ်နေပါပြီ။ ယောဂီကြီးနဲ့ အတူရှိနေချိန်ဆို ယောဂီကြီးက ထူးကဲတဲ့အသိပညာတွေ သူ့ကိုပေးနေသလိုခံစား ရတယ်။ သူ့ရဲ့သုံးသပ်ချက်စကားတွေဟာ ဦးမင်းနိုင်အတွက် သင့်တင့်လျောက်ပတ် ပြီး ယုတ္တိရှိလှပါတယ်။ ဒါပေမဲ့ ဦးမင်းနိုင်ဟာ အဝေးကိုရောက်လာတာနဲ့အမျှ ကိစ္စ တစ်ခုလုံးဟာ ယုတ္တိမရှိဘူးလို့စထင်လာပါတယ်။ ငါတို့ကလေးဘဝကအတွေ့အကြုံ တွေက ငါတို့ဘဝအပေါ် သက်ရောက်မှုအများကြီးရှိတယ်ဆိုတာ ဘယ်လိုဖြစ်နိုင်မှာ လဲ။ ငါတို့ရဲ့အပြုအမူကိုလွှမ်းမိုးထားတဲ့ မသိစိတ်မှတ်ဉာဏ်တွေဆိုတာကကော ဘာ တွေလဲ။ မိုက်မဲသလို၊ အသုံးမကျသလိုခံစားရတာတွေက သူ့ရဲ့ကလေးဘဝနဲ့ ဘယ်လို

ဝတ်သက်နေတာလဲ။ ဘာပဲဖြစ်ဖြစ် ဒီလမ်းကိုဆက်ပြီးစူးစမ်းလေ့လာက်လှမ်းသင့်တယ်လို့ သူ့အတွင်းပိုင်းတစ်စုံတစ်ရာက သူ့ကိုပြောပါတယ်။

ဒီလိုကလေးဘဝကို ရည်ညွှန်းပြောဆိုတာတွေအပြင် စိတ်ပိုင်းဆိုင်ရာကိစ္စရပ်တွေဟာ ဦးမင်းနိုင်အတွက်ပြောဖို့ စိတ်ကသိကအောက်ဖြစ်စရာ နောက်ထပ်အကြောင်းအရာတစ်ခုပါ။ သူ့ဘဝမှာ သူရယူနိုင်ခဲ့သမျှအားလုံးဟာ သူ့ရဲ့စိတ်ကြောင့်နဲ့ စိတ်ခံစားချက်တွေကိုထိန်းချုပ်ပြီး မေ့ထားနိုင်တာကြောင့်ဖြစ်နိုင်တယ်လို့သူတွေးဆင်ခဲ့ပါတယ်။ သူ့ဘဝထဲကို စိတ်ခံစားချက်တွေကယူဆောင်လာတဲ့ တစ်ခုတည်းသောအရာကတော့ ပြဿနာတွေပါပဲ။ စိတ်ခံစားချက်ရှိတဲ့သူတွေကို အားနည်းတဲ့သူတွေ၊ အစွမ်းအစမရှိတဲ့သူတွေ၊ အားနွဲ့တဲ့သူတွေလို့ သူမှတ်ယူခဲ့ပါတယ်။

ဦးမင်းနိုင်ဟာ အိမ်ကိုပြန်ရောက်ပြီး တတိယထပ်က သူ့အခန်းဆီတက်သွားပါတယ်၊ ကမ္ဘာလောကကြီးကနေပုန်းအောင်းပြီး တစ်ယောက်တည်းတွေးနိုင်၊ အလုပ်လုပ်နိုင်တဲ့သူ့အကြိုက်ဆုံးနေရာပါ။ တကယ်တော့ အဲဒီနေရာဟာ ကြမ်းပေါ်ကနေမျက်နှာကြက်ထိရောက်တဲ့ မဟော်ဂနီစာအုပ်စင်ကြီးတွေရှိတဲ့စာကြည့်ခန်းကြီးတစ်ခုပါ။ အဲဒီမှာ အများစုက စီးပွားရေးနဲ့ စီမံခန့်ခွဲမှုဆိုင်ရာစာအုပ်တွေနဲ့ပြည့်နေပါတယ်။ သူ့စားပွဲက နိုင်ငံခြားကနေမှာယူထားတဲ့ တောက်ပတဲ့ပရိဘောဂတစ်ခုပါ။ ဖြစ်နိုင်သမျှ ကိရိယာတန်ဆာပလာတွေနဲ့တွဲဖက်ထားတဲ့ နောက်ဆုံးပေါ် မော်ဒန်ကွန်ပျူတာတစ်လုံးလည်းရှိပါတယ်။ အစစအရာရာအပြစ်အနာအဆာကင်းပြီး သပ်ရပ်နေပါတယ်။ အဲဒါဟာ ဦးမင်းနိုင်ရဲ့နန်းတော်ကြီးပါ။

အဲဒီကိုရောက်ရင် သူ့ကိုယ်သူစွမ်းအားပြည့်ရှိပြီး ထိန်းချုပ်လာနိုင်တယ်လို့ခံစားရပါတယ်။ သူစိတ်အနှောင့်အယှက်ဖြစ်ရင် အဲဒီနန်းတော်ခန်းမကြီးထဲကိုသွားလေ့ရှိပါတယ်။ ဦးမင်းနိုင်ဟာ အားနည်းတဲ့၊ ညံ့ဖျင်းတဲ့စိတ်ခံစားချက်တွေကိုဖယ်ရှားဒဲ့နည်းလမ်းကိုလေ့လာခဲ့ပါတယ်။ ရုံးကကိစ္စတွေလုပ်ဖို့၊ အင်တာနက်သုံးဖို့နဲ့ စီမံခန့်ခွဲမှုစာအုပ်တွေဖတ်ဖို့ စားပွဲမှာတစ်ကိုယ်တည်းနေလေ့ရှိပါတယ်။ ဒီနေ့ဟာ သူ့အတွက်ကမ္ဘာလောကကြီးကနေ ရှောင်ပုန်းဖို့လိုအပ်တဲ့နေ့တွေထဲကတစ်နေ့ဖြစ်ပါတယ်။ သူစိတ်သောကရောက်သလိုခံစားနေရပြီး ဘာကြောင့်ဖြစ်မှန်းလဲသူမသိပါ။ မိနစ်ပိုင်း

အတွင်းမှာပဲ ပြည်ပကိုတင်ပို့ဖို့စဉ်းစားနေတဲ့ကုန်ပစ္စည်း အမျိုးအစားတစ်ခုရဲ့ဈေးနှုန်း အပေါ် အာရုံရောက်သွားပါတယ်။ သူဟာ သူ့ရဲ့စိတ်ခံစားချက်တွေကို တစ်ခါပြန်ပြီး ဖုံးကွယ်ထားနိုင်ခဲ့ပါတယ်။ အစစအရာရာကိုထိန်းချုပ်ထားနိုင်ပါတယ်။

ရုံးမှာတော့ အစစအရာရာသိပ်ထူးခြားကောင်းမွန်လာတာမျိုးမရှိပါ။ ဒါပေမဲ့ အလုပ်တွေကစုပုံလာပြီး ပြဿနာတွေအဆုံးမသတ်သေးပေမဲ့ ယောဂီကြီးဆီနောက် တစ်နေ့ ၆ နာရီလာခဲ့မယ်လို့ကတိပေးခဲ့ပါတယ်။ တစ်ဖက်မှာတော့ သူ့အတွက် ကမ္ဘာ သစ်တစ်ခုဆီ စူးစမ်းသွားချင်သလို တစ်ဖက်မှာလည်း ဒါကိုအချိန်ဖြုန်းသလိုခံစား ရပြီး အထူးသဖြင့် အခုလိုလုပ်စရာတွေအများကြီးရှိတဲ့အချိန်မှာပေါ့။ သံသယတွေ တစ်ပွေ့တစ်ပိုက်နဲ့သူ့ကိုယ်သူတွန်းအားပေးရင်း သူ့ရဲ့ကားနဲ့ယောဂီကြီးဆီထွက်ခဲ့ပါ တော့တယ်။

* * * * *

သူရောက်တဲ့အချိန်မှာ ယောဂီကြီးကသူ့ကိုခေါ်မတွေ့ခင် သူ့အတွက်အလွန် ရှည်လျားတယ်လို့ထင်ရတဲ့ငါးမိနစ်လောက်စောင့်ရပါတယ်။ ဒီနေရာမှာ သူ့ရဲ့စိတ်ရှည် သည်းခံနိုင်စွမ်းကို အစွမ်းကုန်အသုံးပြုရပါတယ်။

"ဒီမှာဆရာ" ဦးမင်းနိုင်ဟာ ဩဇာသံပါတဲ့အသံနဲ့ပြောလိုက်ပါတယ်။ "တကယ်တော့ ကိုယ့်ကိုယ်ကိုယ်သိမြင်အောင်လုပ်ရတဲ့ကိစ္စတစ်ခုလုံးက ကျွန်တော့် အတွက် စိတ်ဝင်စားစရာလို့ထင်ရပါတယ်။ ဒါပေမဲ့ စိတ်ခံစားချက်တွေအကြောင်း ဆွေးနွေးရင်း ကျွန်တော့်အချိန်တွေကိုမဖြုန်းချင်ဘူး"

ဦးမင်းနိုင်က ယောဂီကြီးကို သူ့ရဲ့စိတ်ခံစားချက်တွေကိုထိန်းချုပ်ဖို့ အလုပ် မှာ သူ့ကိုယ်သူစွမ်းဖြုပ်ထားတဲ့နည်းဗျူဟာကိုပြန်ပြောပြသလို သူ့စိတ်ကိုသူ အပြည့်အဝ ထိန်းချုပ်နိုင်တဲ့သူတစ်ယောက်ဖြစ်ရတာ ဂုဏ်ယူတဲ့ပုံကိုလည်းပြသလိုက်ပါတယ်။

"ဘဝမှာ အောင်မြင်တဲ့သူတွေဆိုတာ သူတို့စိတ်ကိုသူတို့ထိန်းချုပ်နိုင်တဲ့သူ တွေပါ။ ဒါကို ကျွန်တော် ရှင်းရှင်းလင်းလင်းနဲ့ ကောင်းကောင်းသိတယ်" ဦးမင်းနိုင် က သေချာတဲ့ပုံနဲ့ပြောပါတယ်။

သူပြောတာကို တည်တည်ငြိမ်ငြိမ်နားထောင်နေတဲ့ယောဂီကြီးက သူ့ကို

ပြောပြီး ခဏထသွားပါတယ်။ မိနစ်အနည်းငယ်အကြာမှာ ရေခဲတုံးအချို့ပါတဲ့ရေ ထင်ခွက်နဲ့ ပြန်ရောက်လာပါတယ်။

"ဖန်ခွက်ကိုယူပြီး ရေခဲကို ရေထဲတစ်ချက်တည်းနဲ့နစ်သွားအောင်နှစ်ပါ" ယောဂီကြီးက ဖန်ခွက်ကိုပေးရင်းပြောလိုက်ပါတယ်။ "အဲဒီလိုလုပ်ပြီး ရေခဲတုံးကိုကြာနိုင်သမျှကြာကြာနှစ်ထားပါ"။

ဦးမင်းနိုင် နောက်ထပ်အချိန်ထပ်မယူနိုင်တော့ပါဘူး။

"ဆရာ ကျွန်တော်ပြောတာကို ဆရာနားမထောင်တဲ့အတွက် ပင်ပန်းရတဲ့အသဲ ဆရာ့ရဲ့ရယ်စရာကောင်းတဲ့ကစားနည်းတွေဆီအဲချော်သွားပြန်ပြီ။ ကျွန်တော့်အတွက် အရေးကြီးတဲ့အရာကိုဆရာ့ကိုပြောပြနေတာပါ။ ဆရာကတော့ ကျွန်တော့်ကို ဒီရေခဲတုံးကိုနှစ်စေချင်နေတယ်"။

"ကျွန်တော့်ကိုယုံပါ ဦးမင်းနိုင်၊ ဘဝမှာ အရာရာတိုင်းကအဓိပ္ပာယ်ရှိတယ်။ ရေခဲတုံးကိုအောက်ထဲထပ်တွန်းချလိုက်ပါ"

တော်တော်အဓိပ္ပာယ်မရှိတာပဲလို့ခံစားရပေမဲ့ ကြိတ်မှိတ်သည်းခံပြီး ရေခဲတုံးကို အောက်ကိုတွန်းချလိုက်ပါတယ်။ စက္ကန့်အနည်းငယ်လောက် ရေထဲမှာရေခဲတုံးနစ်နေပါတယ်။ ဒါပေမဲ့ ရေခဲတုံးက မျက်နှာပြင်ပေါ်တစ်ဖန်ပြန်တက်လာခဲ့ပါတယ်။ သူတစ်ခါထပ်လုပ်ပြန်တယ်။ ဒီတစ်ကြိမ်မှာလည်း မျက်နှာပြင်ပေါ် ရေခဲတုံးပြန်ပေါ်လာပြန်တယ်။

"အခုဆရာ ကျွန်တော့်ကို ဘာသင်ပေးဖို့ကြိုးစားနေတာလဲ" ဦးမင်းနိုင်က ငြို့ပြီးမေးလိုက်ပါတယ်။ "ကျွန်တော့်မှာ စိတ်ခံစားချက်မရှိတဲ့အတွက် ကျွန်တော်အခု ရေခဲတုံးလေးဖြစ်နေပြီလို့ဆိုချင်တာလား။ ဒီလိုအနေအထားမှာ ရေနဲ့တူတဲ့အသိပညာဟာ ဘယ်လိုမှဝင်နိုင်မှာမဟုတ်ဘူး။ ဆရာ့ကို ကျွန်တော်တစ်ခုလောက်ပြောပါရစေ။ ကျွန်တော်နေထိုင်ခဲ့တဲ့ ဒီပြဿနာသမုဒ္ဒရာကြီးထဲမှာရှင်သန်ဖို့တစ်ခုတည်းသောနည်းလမ်းက ကျွန်တော့်ရဲ့စိတ်ခံစားချက်တွေကိုမဖော်ပြဘဲ ရေခဲတုံးဖြစ်ရမှာလား။ ဆရာမြင်ရတဲ့ရေခဲတုံးလိုပဲ အဲဒါဟာ အကြိမ်ကြိမ်အခါခါပြန်တက်လာနိုင်တဲ့ တစ်ခုတည်းသောနည်းလမ်းပဲမဟုတ်လား"။

"ခင်ဗျားကောက်ချက်ဆွဲတာ စိတ်ဝင်စားစရာပဲ ဦးမင်းနိုင်၊ ဒါပေမဲ့ ကျွန်တော် ပေးချင်တဲ့အဓိပ္ပာယ်က အဲဒါမဟုတ်ဘူး"။ ယောဂီကြီးကအသက်ပြင်းပြင်းရှူလိုက်ပြီး ဦးမင်းနိုင်ရဲ့မျက်လုံးတွေကိုကြည့်လိုက်ပါတယ်။ "ကျွန်တော်တို့ရဲ့ကလေးဘဝမှာ စိတ်ဒဏ်ရာတွေရှိတဲ့အခါ ကျွန်တော်ရှေ့မှာရှင်းပြခဲ့သလိုပဲ ကလေးဘဝဇာတ်ကွက်ထဲက စိတ်ခံစားချက်တွေဟာ မျက်နှာပြင်ပေါ်ပေါ်လောပေါ်လာတယ်။ ခင်ဗျားကျွန်တော့်ကိုပြောပြခဲ့တဲ့ ခင်ဗျားလုပ်သလိုမျိုးစိတ်ခံစားချက်တွေကိုနှစ်ထားပြီး ဖိနှိပ်ပိတ်ထားမယ်ဆိုရင် ရေခဲတုံးကိုဖိနှိပ်ချထားတာနဲ့ အလားသဏ္ဍာန်တူလိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားမြင်တဲ့အတိုင်းပဲ၊ ရေခဲတုံးက အမြဲတမ်းပြန်ပြန်ပေါ်လာတယ်။ ခင်ဗျားမြင်နေရတဲ့ ထိပ်ကို ပေါ်လောပြန်ပေါ်လာတဲ့ရေခဲတုံးနဲ့မတူတာက ကျွန်တော်တို့ဖိနှိပ်ပိတ်လှောင်ထားတဲ့စိတ်ခံစားချက်တွေ မျက်နှာပြင်ပေါ်ပြန်ပေါ်လာတဲ့အခါ ကျွန်တော်တို့မမြင်ရတာပဲ။

ဆိုလိုတာက အဲဒီလိုဖြစ်ပျက်နေတာကို ကျွန်တော်တို့သတိမထားမိဘူး။ ဒီခံစားချက်တွေပြန်ပေါ်မလာအောင်သေချာလုပ်နိုင်တဲ့ တစ်ခုတည်းသောနည်းလမ်းကတော့ ရေထဲကရေခဲတုံးလိုပဲ အဲဒါတွေအားလုံးအရည်ပျော် ပျောက်ကွယ်သွားအောင်လုပ်ဖို့ပဲ။ ရေရဲ့အပူရှိန်ကိုမြင့်သလို ဒါကိုစိတ်ရှည်ရှည်နဲ့လုပ်နိုင်ပါတယ်။ ဦးမင်းနိုင်၊ ခင်ဗျားရဲ့စိတ်ပိုင်းဆိုင်ရာအပူချိန်ကိုမြှင့်ရမယ်။ လူတစ်ယောက်လို တစ်သားတည်းပြန်ဖြစ်လာအောင်ပေါ့။ ခင်ဗျားကိုခင်ဗျား စက်ရုပ်တစ်ရုပ်လိုထင်မှတ်ပြီး ဘဝကို ဖြတ်သန်းလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ ဒါဟာ ကိုယ့်ကိုယ်ကိုယ်လှည့်စားနေတာ ဆိုတာရှင်းပါတယ်။ ခင်ဗျားမှာ စိတ်ခံစားမှုနဲ့ဆိုင်တဲ့ စိတ်နဲ့ဆင်ခြင်တုံတရားကို အခြေခံတဲ့ စိတ်နှစ်ခုရှိတယ်ဆိုတာ နားလည်ရမှာဖြစ်သလို အဲဒီနှစ်ခုကိုတစ်သားတည်းဖြစ်အောင်ပေါင်းပြီး ပျော်ရွှင်အောင်လုပ်ဖို့လိုတယ်"။

ဦးမင်းနိုင် ကောင်းကောင်းနားမလည်ဘူးဆိုတာမြင်တဲ့အတွက် ယောဂီကြီးက ဆက်ပြောပါတယ်။

"လူတစ်ယောက် ခင်ဗျားကိုဝမ်းနည်းစရာကိစ္စတစ်ခုလာပြောတဲ့အခါ အဲဒီလူပြောတာကို ခင်ဗျားမကြားချင်ရင် သူ့ပါးစပ်ကိုခင်ဗျားလက်နဲ့ပိတ်လို့ရတယ်။ ဒါပေမဲ့

သူ့ရဲ့ဝမ်းနည်းပူဆွေးတဲ့မျက်နှာအမူအရာနဲ့ မျက်ရည်တွေက သူ့ခံစားချက်တွေ ခင်ဗျား ကိုဆက်ပြောနေတာကိုတော့ တားလို့မရဘူး။ ဦးမင်းနိုင်၊ ခင်ဗျားကိုယ်ထဲမှာလည်း နောကျင်ထိခိုက်တဲ့စိတ်ခံစားချက်တွေကိုပြောနေတဲ့ အရမ်းဝမ်းနည်းနေတဲ့သူတစ် ယောက်ရှိနေတယ်။ အဲဒီလူပြောတာကိုမကြားရအောင် သူ့ပါးစပ်ကိုပိတ်ကာဖို့ ခင်ဗျား လုပ်နေတယ်။ အဲဒီလူကို ခင်ဗျားဖုက်နေတယ်။ ပြီးတော့ ခင်ဗျားကိုယ်ထဲကိုပြန်ဖိ သွင်းနေတယ်။ ဒါပေမဲ့ အဲဒီလူကဆက်ငိုကြွေးနေတယ်။ သူ့ရဲ့မျက်ရည်ပေါက်တိုင်းက ခင်ဗျားဆီမှာပေါ်လာပြီး ခင်ဗျားသဘောမပေါက်လိုက်ဘဲ ခင်ဗျားရဲ့အပြုအမူကို လွှမ်းမိုးလိုက်တယ်ဆိုတာ ခင်ဗျားခေါင်းထဲစွဲနေဖို့လိုတယ်"။

ဒီတစ်ခါထပ်ပြီး ယောဂီကြီးဟာ ဦးမင်းနိုင်ရဲ့ဆင်ခြင်တုံတရားကို အနိုင်ယူ လိုက်ပြန်ပါပြီ။ ဦးမင်းနိုင်ဟာ ဂျူဒိုတက်တဲ့တပည့်က ဆရာကိုတိုက်ခိုက်သလို ယောဂီ ကြီးကို တိုက်ခိုက်နေတာပါ။ ဒါပေမဲ့ ယောဂီကြီးက ထိုးနှက်ချက်တွေကိုရှောင်တိမ်းပြီး နမ်ပြုသူကို သူ့အားနဲ့သူခုခံနိုင်စွမ်းမရှိတဲ့ အနေအထားရောက်အောင်လုပ်လိုက်ပါ တယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ဦးမင်းနိုင်မသိလိုက်တာကတော့ အဲဒီအနေအထားဟာ သူ့ကိုစတင်တိုးတက်အောင်ပြောင်းလဲပေးမယ်ဆိုတာပါပဲ။

"မှန်ပါတယ်" ဦးမင်းနိုင်ကပြောလိုက်ပါတယ်။ "ဆရာနိုင်ပါတယ်၊ အဲဒီတော့ ကျွန်တော်လုပ်ရမှာက. . ."

"ကဲ. . . ကျွန်တော့်ကိုပြောပါ ဦးမင်းနိုင်၊ ဒီနေ့ခင်ဗျားအတွက်အကျိုးရှိ နဲ့လား"။

"အမှန်ကတော့ တော်တော်ဆိုးဝါးပါတယ်" ဦးမင်းနိုင်ကစိတ်ဆိုးမာန်ဆိုး နဲ့ပြောပါတယ်။ "ဆရာနဲ့အတူအလုပ်တွဲလုပ်တဲ့သူတွေဟာ အရည်အချင်းမပြည့်မီဘူး ဆိုရင် အားလုံးမှားပြီပဲ။ ကြည့်လေ ဒီနေ့ကျွန်တော့်ဖောက်သည်တစ်ယောက် ကျွန်တော့်ဆီဖုန်းဆက်လာတယ်။ ကျွန်တော်တို့ဆီကပိုက်ဆံပေးပြီးမှာထားတဲ့ပစ္စည်းကို သုံးပတ်နောက်ကျပြီးမှရောက်တဲ့အတွက် ကျွန်တော့်ကိုမကျေမနပ်နဲ့ပြောတယ်။ ကျွန်တော်တို့က ပရော်ဖက်ရှင်နယ်မဆန်ဘူးတဲ့။ ဒါကြောင့် တစ်ဖက်ကပြိုင်ဘက် ကုမ္ပဏီနဲ့ပဲဆက်လုပ်ဖို့စဉ်းစားနေပြီလို့ပြောပါတယ်"။

"သူပြောတာကိုခင်ဗျားနားထောင်နေတုန်း ဘယ်လိုခံစားရသလဲဆိုတာ ကျွန်တော့်ကိုပြောပြပါဦးမင်းနိုင်" ယောဂီကြီးကမေးလိုက်ပါတယ်။

"ကျွန်တော်ဒေါသထွက်ပြီး စိတ်ပျက်တာပေ့ါ။ အကူအညီမဲ့သလိုလို၊ ရှုံးချင်သလိုလို၊ ဘာမှမတတ်နိုင်တော့သလိုလို ခံစားရတာပေ့ါ။ ပြီးတော့ ဖြန့်ချိရေးဌာနတာဝန်ခံဆီသွားပြီး အဲဒီလူညံ့ဖျင်းကြောင်း၊ အသုံးမကျကြောင်းသွားအော်တာပေ့ါ။ နောက်တစ်ခါထပ်မှားရင် အလုပ်ဖြုတ်ပစ်မယ်လို့လည်း ကြိမ်းခဲ့တာပေ့ါ။ အဲဒါကို တခြားလူတွေရှေ့မှာပဲပြောခဲ့တာပါ။ ဒါမှ သူတို့လည်း အလုပ်ကိုအရည်အသွေးပြည့်မီအောင်လုပ်ရမယ်ဆိုတာ သင်ခန်းစာရမှာပေ့ါ"။

"ခင်ဗျားအဲဒီလိုတုံ့ပြန်ခဲ့တာ စိတ်လိုက်မာန်ပါရန်လိုတဲ့အပြုအမူလို့မထင်မိဘူးလား၊ ဦးမင်းနိုင်"

"ဒါက ကျွန်တော့်အတွက်ပုံမှန်ပါပဲ။ ဘာမှမဆန်းပါဘူး" ဦးမင်းနိုင်ကဖြေပါတယ်။ "ကျွန်တော့်ဘဝတစ်လျှောက်လုံး ဒီလိုပဲတုံ့ပြန်ခဲ့တာပဲ။ အဖေက ကျွန်တော်တို့ကို အမှားလုပ်ရင် ပြန်ပေးဆပ်ရမယ်လို့ဆုံးမခဲ့တယ်"။

"ခင်ဗျားအဖေနဲ့ပတ်သက်ပြီး နည်းနည်းလောက်ထပ်ပြောပြပါလား၊ ဥပမာ အဖြစ်အပျက်တစ်ခုခုနဲ့ပေ့ါ" ယောဂီကြီးကမေးလိုက်ပါတယ်။

"ဒါဆိုလည်း ပြောပြရတာပေ့ါ" ဦးမင်းနိုင်ဟာ သူ့ဘဝအတိတ်ဇာတ်ကြောင်းကိုပြန်ပြောဖို့စဉ်းစားသလိုမျိုး မျက်လုံးလေးမှိတ်လိုက်ပါတယ်။ "အဖေက ကျွန်တော်တို့အပေါ် အမြဲတင်းကျပ်တာကိုသတိရမိတယ်။ ကျွန်တော်တို့ညီအစ်ကိုကို အမြဲကောင်းကောင်းမွန်မွန်ဝတ်စေချင်တယ်။ ကျွန်တော်တို့အမြဲတမ်းသူဖြစ်ချင်သလို လုပ်ကိုလုပ်ရတယ်။ ကျွန်တော်တို့မနာခံရင် နောက်ဆက်တွဲအကျိုးဆက်ကတော့ နာပြီသာမှတ်။ တနင်္ဂနွေနေ့နေ့လယ်ပိုင်းတစ်ခုမှာပေ့ါ။ အိမ်ကိုဧည့်သည်တစ်ယောက်လာဖို့ရှိလို့ လေးနှစ်သားကျွန်တော်နဲ့ ငါးနှစ်သားကျွန်တော့်အစ်ကိုကို အကောင်းဆုံးအဝတ်အစားတွေဝတ်ခိုင်းပါတယ်။ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်စောင့်နေရတာ ပျင်းလာတဲ့အတွက် အိမ်ရှေ့ခြံထဲကိုထွက်ခဲ့ပါတယ်။

အဲဒီမှာ ကျွန်တော်ချော်လဲကျပြီး ခြေဖျားကနေခေါင်းအထိ တစ်ကိုယ်လုံး

၌ အလိမ်းလိမ်းဖြစ်သွားတာမှတ်မိတယ်။ အဖေတွေ့လို့ကတော့ ကောင်းကောင်း အဆော်ခံရမယ်ဆိုတာ ကျွန်တော်တို့သိတယ်။ အစ်ကိုက ကျွန်တော့်ကိုယ်ကနွံ့ထွက် ဖော့ကို ကြိုးစားသုတ်ပေးတယ်။ ဒါပေမဲ့ မရပါဘူး။ ကျွန်တော်တို့လက်လျှော့လိုက်ပြီး ဒေါသအိုးကိုရင်ဆိုင်ဖို့ အိမ်ထဲဝင်ခဲ့ပါတယ်။ ဒါပေမဲ့ တော်တော်ဆိုးဆိုးဝါးဝါးဖြစ် သွားမယ်လို့ဘယ်လိုမှမထင်ခဲ့ကြဘူး။

ကျွန်တော့်ကိုအဖေလည်းတွေ့ရော ချက်ချင်း အော်ဟစ်ပြီး ကျွန်တော် နားမလည်တဲ့ ပြင်းထန်တဲ့စကားလုံးတွေနဲ့ဆဲဆိုပါတော့တယ်။ ဒေါသတွေနဲ့နီမြန်း နေတဲ့သူ့မျက်နှာကို မှတ်မိနေပါသေးတယ်။ ကျွန်တော့်ကိုလက်ကဆုပ်ကိုင်ပြီး ရေပန်း ဆီခေါ်သွားပါတယ်။ ရေအေးတွေဖွင့်ပြီး ကျွန်တော့်ကိုရေပန်းအောက်မှာထားပါတယ်။ ကျွန်တော့်ကိုအဝတ်အစားဝတ်လျက်ပဲ ရေအေးတွေနဲ့ပွတ်တိုက်လျှော်ဖွပ်သလို ပါးစပ် ကလည်း အဆက်မပြတ်အော်ဟစ်ပြီးရိုက်ပါတယ်။

ကျွန်တော် ပါးစပ်လည်းမဟရဲ ငိုလည်းမငိုရဲပါဘူး။ အပြစ်ဒဏ်ကို ကျွန်တော် သည်းခံပြီးရှိခဲ့ယူပါတယ်။ ငိုဖို့မရည်ရွယ်ပါဘူး။ သူကျွန်တော့်ကို ပြင်းပြင်းထန်ထန် ရိုက်ပါတယ်။ ဒါပေမဲ့ အဆိုးဆုံးကတော့ ကျွန်တော့်ပါးကိုရိုက်တာပါပဲ။ ခန္ဓာကိုယ်ကို ရိုက်နှက်ပြီးတဲ့အခါ ပိုပြီးဆိုးတာတွေက ထပ်ပေါ်လာပါတယ်။ သူ အော်ဟစ်ပါတယ်။ "မင်းကိုယ်မင်းဘာထင်နေသလဲ။ ဒီလိုတစ်ကိုယ်လုံးညစ်ပတ်သွားရလောက်အောင် မင်းတော်တော်ဆော့တဲ့ကောင်ပဲ။ ပြောစမ်း မင်းဘာကောင်လဲ။ အရှုပ်ထုပ်ကိုဖြေလေ ဟာ" ကျွန်တော့်ရင်ထဲအသည်းထဲကနေ စကားလုံးတွေထွက်လာတယ်။ "အဖေ ကျွန်တော်ယောကျ်ားလေးတစ်ယောက်ပါ"။

ကျွန်တော် အဲဒီစကားလုံးတွေပြောတဲ့ အချိန်မှာ ကျွန်တော့်မျက်လုံးထဲမှာ မျက်ရည်ဆို့လာပါတယ်။ ဒါပေမဲ့ မျက်တောင် ခတ်ပြီး မျက်ရည်မကျအောင်လုပ်နိုင် ခဲ့ပါတယ်။ ကျွန်တော်မငိုပါဘူး။ ယောကျ်ား ဆိုတာမငိုရဘူးလို့ အဖေကအမြဲပြော ပါတယ်။ ကျွန်တော်သာငိုခဲ့ရင် ကျွန်တော့်ကို ထပ်ရိုက်ဦးမယ်ဆိုတာ ကျွန်တော်သိ တယ်။

ယောဂီကြီးက သူ့စကားလုံးတွေကို အာရုံစိုက်ပြီးနားထောင်နေပါတယ်။

ဦးမင်းနိုင်တစ်ယောက် စိတ်ထဲမှာအလွန်ဝမ်းနည်းပူဆွေးလာပြီး အရှိန်ရလာပြီဆိုတာ မြင်တဲ့အတွက် ဆက်ပြောဖို့အမူအရာနဲ့ပြပါတယ်။

"ဆက်ပါဦး။ ကျွန်တော့်ကိုနောက်ထပ်ပြောပြပါဦး"

"တစ်ခါတုန်းကပေါ့ ကျွန်တော့်အစ်ကိုအပြစ်ပေးခံရတာကိုမှတ်မိသေးတယ်။ အဲဒီတုန်းက ကျွန်တော့်အသက်က ခြောက်နှစ်၊ အစ်ကိုကဇဘာ့ ခုနစ်နှစ်။ တနင်္ဂနွေ တစ်ရက်မှာ အစ်ကို့သူငယ်ချင်းက သူ့အိမ်ကိုလာဖို့ အစ်ကို့ကိုဖိတ်တယ်။ အဖေက အစ်ကို့ကို ၆ နာရီပြန်လာခေါ်မယ်လို့ပြောခဲ့ပါတယ်။ အဲဒီအချိန်လည်းရောက်ရော အစ်ကို့ကိုသွားခေါ်ဖို့ကျွန်တော့်ကိုလိုက်ခဲ့ဖို့ပြောပြီး ကားနဲ့ထွက်ခဲ့ကြပါတယ်။ ဒါပေမဲ့ အစ်ကိုက သူ့သူငယ်ချင်းအိမ်မှာမရှိတော့ပါဘူး။

အစောပိုင်းတစ်နာရီလောက်ကတည်းက ထွက်သွားပါပြီ။ အဖေက ကား ထဲပြန်ဝင်ပြီး စိုးရိမ်တကြီးနဲ့ အနီးနားဝန်းကျင်မှာ ရှာကြည့်ပါတယ်။ အစ်ကို့ကိုရှာနေ တုန်းမှာ ကျိန်လည်းကျိန်ဆဲပါတယ်။ "ခွေးကောင်လေး ငါ့ကိုအာခံရအောင် ဘာများ အောက်မေ့နေသလဲ။ ငါ့ကိုအသိမပေးဘဲသွားရလောက်အောင် တော်တော်ဆိုးတဲ့ ကောင်ပဲ"။ ကျွန်တော် မလှုပ်ရဲဘူး။ စကားလုံး တစ်လုံးမှလည်းမပြောရဲဘူး။ သူ့ဒေါသ ကျွန်တော့်ဘက်လှည့်လာမယ့်အခွင့်အရေး ကျွန်တော်သူ့ကိုမပေးချင်ဘူး။ ကျွန်တော် လည်း ကြက်သေသေနေပါတယ်။

တစ်နာရီလောက်ရှာပြီးတဲ့နောက် ကျွန်တော်တို့အိမ်ပြန်ခဲ့ကြပါတယ်။ ကျွန်တော့်အစ်ကိုက အိမ်မှာရောက်နှင့်နေပါပြီ။ သူက အိမ်ကိုလမ်းလျှောက်ပြန်လာ တာပါ။ ကျွန်တော့်အဖေက သူ့ကိုခြေထောက်ကနေဖမ်းဆုပ်ပြီး ဇောက်ထိုးမ,လိုက် ပါတယ်။ ခြေထောက်ကနေကိုင်ထားတဲ့အတွက် အစ်ကို့ခေါင်းက ကြမ်းပြင်နားမှာ တွဲလောင်းလွဲနေပါတယ်။ သူ့ကိုကျောကုန်းကနေကန်ပြီး သူ့စကားနားမထောင်ရ ကောင်းလားဆိုပြီး အော်ငေါက်ပါတယ်။

ပြီးတော့ ခြေထောက်နှစ်ဖက်ကနေကိုင်ထားလျက်ပဲ သန့်စင်ခန်းဆီ တန်း တန်းမတ်မတ်သွားပြီး အိမ်သာခွက်ထဲကိုခေါင်းစိုက်ပြီး ရေဆွဲချလိုက်ပါတယ်။ အစ်ကိုက အိမ်သာရေနဲ့မွန်းနေတုန်းမှာ အဖေကဆက်ပြီး ဆဲဆိုကြိမ်းမောင်းနေပါတယ်။

ကျွန်တော်မလှုပ်ရဲဘူး။ အရမ်းလည်းတုန်လှုပ်ချောက်ချားသွားခဲ့ရတယ်"။

"ကြောက်စရာကောင်းတဲ့မြင်ကွင်းပဲ။ အဲဒီတော့ ခင်ဗျားအမေဘာလုပ်နေသလဲ" ယောဂီကြီးကမေးလိုက်ပါတယ်။ "အဖေဘာပြောပြော၊ ဘာလုပ်လုပ် အမေကဘယ်တော့မှဝင်မပါဘူး။ အိမ်မှာ အဖေက အိမ်ထောင်ဦးစီးပဲ။ သူပြောသမျှ လုပ်သမျှနာခံရတယ်။ အမေက အလုပ်ထွက်လုပ်စရာမရှိပေမဲ့ အမေနဲ့ ကျွန်တော်တို့က သိပ်အဆက်အဆံမရှိဘူး။ အမေကသိပ်ကြင်ကြင်နာနာမရှိဘူး။ အရမ်းအေးတိအေးစက်နဲ့နွေးနွေးထွေးထွေးမရှိဘူး။

သူ့အတွက် အရေးအကြီးဆုံးအရာက အစစအရာရာ သန့်ရှင်းသပ်ရပ်နေဖို့ပဲ၊ ဈေးကြီးတဲ့အိမ်အသုံးအဆောင်ပစ္စည်းတွေ၊ အဝတ်အထည်တွေ၊ အဆင်တန်ဆာကောင်းကောင်းတွေဝယ်တာနဲ့ပဲအချိန်ကုန်နေတယ်။ သူ့သူငယ်ချင်းတွေနဲ့ဈေးဝယ်ထွက်တာ၊ လက်ဖက်ရည်ထွက်သောက်တာတွေရှိပေမဲ့ ကျွန်တော်တို့နဲ့တော့ဘယ်တော့မှအဲဒီလိုမနေဘူး။ သူက သူ့ကိုယ်သူပဲစိတ်ဝင်စားတယ်"။

"ဖြန့်ချိရေးဌာနရဲ့တာဝန်ခံကို ခင်ဗျားအဲဒီလိုဘာကြောင့်အော်ဟစ်သလဲဆိုတာ ကျွန်တော်နားလည်သွားပြီ" ယောဂီကြီးကပြောလိုက်ပါတယ်။

"ဆရာဘာကိုနားလည်သွားတာလဲ"။

"ပထမဆုံးပြောရရင်တော့ ခက်ထန်ကြမ်းတမ်းမှုက ခင်ဗျားအတွက်တော့ပုံမှန်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက အဲဒါနဲ့ကြီးပြင်းခဲ့တာကိုး။ ဒါကြောင့် ခင်ဗျားနားမှာ တစ်ယောက်ယောက်ကအမှားပြုလုပ်ရင် ခင်ဗျားငယ်ငယ်ကမှားရင် အဖေကလုပ်သလိုမျိုး တစ်ပုံစံတည်းခင်ဗျားပြန်လုပ်တယ်။ အဆိုးဆုံးက ခင်ဗျားရဲ့အခန်းကဏ္ဍကိုပြောင်းပြန်လှန်ပြီး အတိတ်ကိုပြန်လည်ခံစားတာပါပဲ။

ကြမ်းတမ်းခက်ထန်ပြီး ဗိုလ်ကျတတ်တဲ့ခင်ဗျားအဖေရဲ့အခန်းကဏ္ဍကိုခင်ဗျားကယူလိုက်ပြီး တခြားသူကိုတော့ ကြောက်လန့်နေတဲ့ကလေးတစ်ယောက်ရဲ့အခန်းကဏ္ဍမျိုးကိုပေးပြီး ကြမ်းကြမ်းတမ်းတမ်းဆက်ဆံတယ်။ နောက်ပြီး ခင်ဗျားကလေးဘဝကတွေ့ကြုံခံစားခဲ့ရတဲ့ဇာတ်လမ်းဇာတ်ကွက်မျိုးကို ပြန်လည်ခံစားချင်တဲ့အတွက် လူတွေရဲ့အမှားကိုလိုက်ရှာနေတာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။

ခတ်ထန်ကြမ်းတမ်းတဲ့အခန်းတဏ္ဍကို ခင်ဗျားယူလိုက်တဲ့အချိန်မှာ ခင်ဗျားအဖေနဲ့ ပတ်သက်တဲ့ မှတ်သားထားတာတွေကို အနီးကပ်ခံစားတယ်"။

လေးစားမှုနဲ့ အံ့ဩမှုတွေရောပြွမ်းနေတဲ့ ထူးဆန်းတဲ့အတွေ့အကြုံကို ဦးမင်းနိုင်ခံစားနေရပါတယ်။

"အဲဒါအမှန်ပဲလို့ ဆရာမြင်သလား" ဦးမင်းနိုင်က မယုံသလိုနဲ့မေးလိုက်ပါတယ်။

"အဲဒါက ခင်ဗျားအတွက်တော့ နားလည်ဖို့ခက်လိမ့်မယ်" ယောဂီကြီးက ပြန်ပြောပါတယ်။ "ခင်ဗျားသိထားရမှာက ခင်ဗျားရဲ့မသိစိတ်ခံစားချက်တွေကို ခင်ဗျား ပတ်ဝန်းကျင်ကအခြေအနေတွေနဲ့ လူတစ်ဦးချင်းစီရဲ့ပိတ်ကားပေါ်မှာ ပရိုဂျက်တာနဲ့ထိုးပြနေတယ်။ ခင်ဗျားဘာတွေထိုးပြနေသလဲဆိုတာမြင်တွေ့ချင်တဲ့အခါ ပိတ်ကားနဲ့အရမ်းနီးနေရင် ခင်ဗျားသေသေချာချာမြင်ရဖို့ခက်တာတွေ့လိမ့်မယ်။

ရုပ်ရှင်ကြည့်သလိုပေါ့ဗျာ။ ခင်ဗျားရှေ့ဆုံးတန်းကထိုင်ရင် ကောင်းကောင်း မမြင်ရဘူး။ နောက်ဘက်ဝေးလေလေ ရုပ်ရှင်ကိုကောင်းကောင်းကြည့်နိုင်လေလေပဲ။ အဲဒါက အခုခင်ဗျားကိုမြင်နေရသလိုပေါ့။ ကျွန်တော်က ခင်ဗျားဘဝပိတ်ကားရဲ့ ဝေးဝေးမှာရှိနေတယ်။ ဆန့်ကျင်ဘက်အားဖြင့် ခင်ဗျားကတော့ ပိတ်ကားရှေ့တည့်တည့်အနီးကပ်ရှိနေတယ်။ ကျွန်တော်ကတော့ ခင်ဗျားဖြစ်နေတာကို ရှင်းရှင်းလင်းလင်းမြင်နိုင်တယ်။ ခင်ဗျားကတော့ ဝါးတားတားပဲမြင်တယ်"။

ယောဂီကြီးက ဦးမင်းနိုင်ရဲ့မျက်နှာအမူအရာ သက်သောင့်သက်သာရှိနေတာ သတိထားမိပါတယ်။ ဒါက သူနားလည်ကြောင်းပြသနေတဲ့သဘောပေါ့။

"ခင်ဗျားစိတ်ခံစားချက်တွေလှစ်ဟပြရမှာကို ခင်ဗျားထိတ်လန့်နေရတဲ့ အကြောင်းရင်းကို အခုရှင်းသွားပြီ" ယောဂီကြီးကဆက်ပြောပါတယ်။ "တကယ်တော့ ခင်ဗျားက ခင်ဗျားအပေါ် ကြမ်းကြမ်းတမ်းတမ်းဆက်ဆံတဲ့ အရှက်ရစေတဲ့ ခင်ဗျားအဖေကိုသေမတတ်ကြောက်တာပဲ။ သူကသေသာသွားပေမဲ့ ခင်ဗျားစိတ်ထဲမှာတော့ ရှင်သန်လှုပ်ရှားနေတယ်။ ခင်ဗျားစိတ်ထဲမှာ ခင်ဗျားအဖေပြောခဲ့တဲ့စကားကို သိမ်းထားတုန်းပဲ။ "ယောကျ်ားဆိုတာ မငိုရဘူး၊ မခံစားရဘူး" အဲဒီစကားကို ခင်ဗျား

...နဲ့ အေးတိအေးစက်နဲ့ ခပ်တန်းတန်းနေတဲ့စိတ်ထားနဲ့အားဖြည့်ပြီး အစစအရာရာ ...ချွေအောင်လုပ်ပစ်လိုက်တယ်။

နောက်ထပ်ပြီးတော့လည်း ခင်ဗျားအဖေရဲ့ ဆက်ဆံပုံဆက်ဆံနည်းတွေ ...ကြောင့် ကလေးဘဝကတည်းက ခင်ဗျားပတ်ဝန်းကျင်မှာ ကြောက်ရွံ့မှု၊ ဖိစီးမှု၊ ဒေါသ ...ချောင်မှု ခိုကိုးရာမဲ့မှု၊ အရှက်ရမှု၊ လှောင်ပြောင်သရော်မှု နဲ့ဆိုင်တဲ့အာရုံတွေကို သယ် ...ဆောင်လာတယ်။ ကျွန်တော် ခင်ဗျားကိုရှေ့မှာပြောခဲ့သလိုပဲ၊ ခင်ဗျားမသိစိတ်ထဲမှာ ...ငြင်သားတာတွေက ပျောက်မသွားဘူး။ ခင်ဗျားကိုယ်တိုင်နားမလည်မချင်း၊ မချေ ...ဖျက်နိုင်မချင်း ပစ္စုပ္ပန်မှာဆက်ရှိနေမှာပဲ။ အဲဒါတွေက ခင်ဗျားမခံစားချင်တဲ့စိတ်ခံ ...စားချက်တွေပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒါတွေက ခင်ဗျားကိုနာကျင်စေလို့ပဲ။ ...ဟုတ်ဘူးလား"။

ဦးမင်းနိုင်တစ်ယောက်ရှုံးနိမ့်သွားပြီး စိတ်ပူပန်မှုတွေခံစားလိုက်ရပါတယ်။ ...တစ်ခါထပ်ပြီး မျက်ရည်မကျအောင် ကြိုးစားထိန်းရပြန်ပါတယ်။ ယောဂီကြီးရဲ့စကား ...တွေဟာ ဦးမင်းနိုင်ရဲ့အတွင်းပိုင်းက အပြုအမူတွေကိုပိတ်ဆို့ထားတဲ့ ဆင်ခြင်တုံတရား ...နေခဲ့တုံးကို ပျော်ကျသွားစေပါတယ်။ အခုဆိုရင် သူ့ရဲ့ကိုယ်ထဲမှာ စိတ်ခံစားချက်တွေ ...ဘယ်လိုစီးဆင်းနေသလဲဆိုတာကို စတင်ခံစားမိပါပြီ။ သူအများကြီးနာကျင်ဝမ်းနည်း ...ပြီး သူ့အတွက်သူစိတ်မကောင်းဖြစ်မိသလို သူ့မိဘကိုလည်းဒေါသထွက်မိတယ်။ ...သူ့အတိတ်ကိုပြန်အမှတ်ရပြီး အဲဒီအတိတ်ဟာ ပစ္စုပ္ပန်နဲ့ဆက်စပ်နေတယ်ဆိုတာကို ...သိလိုက်ရတဲ့အခါ သူ့အတွက်ရှုပ်ထွေးနေတဲ့ပဟေဠိတစ်ခုရဲ့အဖြေကို စတင်ရှာဖွေ ...တွေ့ရှိခဲ့ပါပြီ။ သူလူသားတစ်ယောက်လိုစခံစားမိလာပါတယ်။

"ဦးမင်းနိုင်" ယောဂီကြီးကဆက်ပြောပါတယ်။ "ခံစားဖို့အတွက် မကြောက်နဲ့ပါနဲ့။ စိတ်ခံစားချက်တွေကိုပိတ်ဆို့မထားပါနဲ့။ သူတို့ကိုထွက်ပေါက်ပေးလိုက်ပါ"

ခဏလောက်တိတ်ဆိတ်ငြိမ်သက်သွားပါတယ်။ အဲဒီနောက် ယောဂီကြီးက ဆက်ပြောပါတယ်။

"တစ်ခါတုန်းက လယ်သမားတစ်ယောက်ရှိတယ်။ သူ့လယ်ကထွန်ယက် ...စိုက်ပျိုးထားတာမကြာသေးပါဘူး။ သိပ်မကြာခင်မှာပဲ သူ့လယ်မြေကနေ ဆူညံသံ

တစ်ခုကြားရပါတယ်။ ဘာဖြစ်နေသလဲပြေးကြည့်တဲ့အခါ အရမ်းထူးဆန်းတာတစ်ခု သူတွေ့ရပါတယ်။ မြေကြီးထဲကနေ မည်းမည်းအရည်တွေပန်းထွက်နေတာပါ။ အဲဒီအရာတွေကြောင့် သူ့ကောက်ပဲသီးနှံတွေပျက်စီးသွားမှာကိုအရမ်းစိုးရိမ်သွားပါတယ်။ ဒါကြောင့် သူ့ကိုကူညီပြီးအပေါက်ပိတ်ပေးဖို့ မိသားစုကိုခေါ်လိုက်ပါတယ်။ ဖိအားက ပြင်းထန်လွန်းတဲ့အတွက် ပန်းထွက်နေတဲ့အရာတွေကိုတားဆီးဖို့ အပေါက်ပေါ်မှာ ပျဉ်ပြားချပြီး မိသားစုဝင်အားလုံးဖိထားရပါတယ်။ ရက်ပေါင်းအတော်ကြာအိပ်ဖို့၊ စားဖို့ထွက်မသွားရဲဘဲ အဲဒီမှာပဲနေကြပါတယ်။

ဒါပေမဲ့ တစ်ပတ်လောက်အကြာမှာ သူတို့ဆက်ပြီးတောင့်မခံနိုင်တော့ပါဘူး။ ဒါကြောင့် ပန်းထွက်ခွင့်ပြုလိုက်ဖို့ဆုံးဖြတ်လိုက်ကြပါတယ်။ မည်းနက်နေတဲ့ရေပန်းကြီးပန်းထွက်လာပါတယ်။ ဒါပေမဲ့ မိနစ်အနည်းငယ်အကြာမှာ ပန်းထွက်နေတဲ့ရေဟာ သန့်ရှင်းကြည်လင်တဲ့ရေအဖြစ် ပြောင်းသွားပြီး လယ်သမားနဲ့ သူ့မိသားစုဟာ ရေကို ရေလှောင်ကန်ထဲရောက်အောင် မြောင်းအမြန်သွယ်ကြပြန်ပါတယ်။ နောက်ဆုံးမှာတော့ စိုက်ပျိုးမြေကွက်တွေတိုးချဲ့နိုင်တဲ့အထိ သူတို့ကြီးပွားအောင် ရေကကူညီပေးလိုက်ပါတယ်"။

ဦးမင်းနိုင်ဟာ မျက်မှောင်ကြုတ်ပြီးတစ်ခုခုကိုနားလည်ဖို့ကြိုးစားနေပေမဲ့ ကောင်းကောင်းနားမလည်သေးဘူးဆိုတာမြင်တဲ့အတွက် ယောဂီကြီးကရှင်းပြပါတယ်။

"ဦးမင်းနိုင်၊ ခင်ဗျားမှာဖြစ်နေတာနဲ့ လယ်သမားမှာဖြစ်နေတာနဲ့အတူတူပဲ။ ခင်ဗျားလည်း မည်းညစ်နေတဲ့ရေနဲ့တူတဲ့ ခင်ဗျားစိတ်ခံစားချက်တွေကို သိပ်ကြောက်လန့်နေတဲ့အတွက် အဲဒါတွေကိုပိတ်ဆို့ထားတယ်။ ခင်ဗျားက အစစအရာရာကိုတားဆီးထားတယ်။ အဲဒီနေရာမှာပဲရှိနေတယ်။ ခင်ဗျားဖက်တွယ်ထားသမျှက ခင်ဗျားကို သူတို့ကျေးကျွန်ဖြစ်အောင်လုပ်လိမ့်မယ်။ ဦးမင်းနိုင်၊ မည်းညစ်နေတဲ့ရေနဲ့တူတဲ့ ခင်ဗျားရဲ့စိတ်ခံစားချက်တွေကိုထွက်လာပါစေ။ ပြီးရင် ရေသန့်တွေစလာတာတွေ့ရပြီး ခင်ဗျားဘဝတိုးတက်ရေးအတွက် မြောင်းသွယ်နိုင်လိမ့်မယ်"

"ကျွန်တော့်ဆီမှာရှိနေတဲ့မည်းညစ်တဲ့ရေတွေကိုဖယ်ရှားနိုင်အောင် ကျွန်တော် ဘာလုပ်ရမလဲ" ဦးမင်းနိုင်တစ်ယောက် အခက်တွေ့နေတဲ့ပုံနဲ့မေးလိုက်ပါတယ်။ ပထမ

ဆိုးအနေနဲ့ ခင်ဗျားအဲဒါတွေကိုပိတ်ဆို့မထားဘဲနဲ့ သူ့အတိုင်းထားလိုက်ပါ။ အဲဒါတွေ ပျောက်ပေါ်လာမှာကို မကြောက်လန့်ပါနဲ့။ ခင်ဗျားကြောက်ရွံ့တဲ့အခါ၊ နာကျင်တဲ့အခါ၊ ကြောင်ကဲဖြစ်တဲ့အခါ အဲဒါတွေကို အရှိအတိုင်းခံစားလိုက်ပါ။ အဲဒါတွေက ခင်ဗျား ရဲ့အစိတ်အပိုင်းတွေဖြစ်တယ်။ စာအုပ်တွေနဲ့ အလုပ်ထဲမှာ ခင်ဗျားကိုယ်ခင်ဗျား မြှုပ်နှံမထားပါနဲ့။ ခင်ဗျားလိုတာက ခင်ဗျားရဲ့ဆင်ခြင်တုံတရားရှိတဲ့သဘာဝကို ခင်ဗျား ရဲ့စိတ်ခံစားချက်သဘာဝနဲ့ ပေါင်းစပ်ဖို့ပဲ"။

ဦးမင်းနိုင်နားလည်၊ မလည်သေချာသိရအောင် ယောဂီကြီးက ခဏရပ် ထိုက်ပါတယ်။ ပြီးမှဆက်ပြောပါတယ်။ "ဒုတိယကတော့ ခင်ဗျားဘဝရဲ့ပိတ်ကားကို အလေးကနေကြည့်မြင်နိုင်အောင်ကြိုးစားပါ။ ဒါမှ သူတို့ရဲ့တကယ့်အခြေအနေကို ခင်ဗျားမြင်ရမှာပါ။ ခင်ဗျားမှာ မုန်းတီးမှု၊ နာကြည်းမှု၊ မခံမရပ်ဖြစ်မှုတွေခံစားရတဲ့အခါ၊ ခင်ဗျားစိတ်ခံစားရတဲ့အခါ ခင်ဗျားစိတ်ခံစားချက်တွေကိုစောင့်ကြည့်ပြီး မျက်နှာပြင် ပေါ်ထွက်လာတဲ့ မသိစိတ်ခံစားချက်တွေဟုတ်မဟုတ် ကိုယ့်ဘာသာကိုယ်မေးကြည့်ပါ။ ဦးမင်းနိုင်၊ ခင်ဗျားရဲ့ဘဝမှာ ခင်ဗျားဟာ အမှောင်ခန်းထဲမှာလမ်းလျှောက်နေပြီး ခလုတ်တိုက်လဲနေတယ်။ ခင်ဗျားအခန်းက ဆက်ပြီးမှောင်နေလိမ့်မယ်။ မြန်မြန် ဆန်ဆန် အလင်းရောင်ပေါ်လာဦးမှာမဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားလုပ်နိုင်တာက မီးခြစ်နဲ့ခင်ဗျားလမ်းကိုအလင်းပေးပြီး ခင်ဗျားဘာတွေကို ခလုတ်တိုက်လဲနေသလဲ ဆိုတာကြည့်ဖို့ပဲ။

ခင်ဗျားရှေ့မှာတစ်ယောက်ယောက်ကို စိတ်လက်မာန်ပါပြုမူတဲ့အခါ၊ ဆိုး ဆိုးဝါးဝါးဆက်ဆံတဲ့အခါ ခင်ဗျားရဲ့အတွင်းကမီးကိုဖွင့်လိုက်ပြီး ခင်ဗျားရဲ့အပြု အမူကိုတွေးကြည့်ပါ။ အဲဒီလိုမျိုးပြုမူအောင် ဘယ်လိုစိတ်ခံစားချက်တွေ၊ အတွေး စိတ်ကူးတွေက ဖန်တီးသလဲဆိုတာနဲ့ အဲဒီအပြုအမူတွေက ကလေးဘဝကဇာတ်ကွက် တွေနဲ့ပတ်သက်မှုရှိမရှိဆန်းစစ်ကြည့်ပါ။ ခင်ဗျားရဲ့မသိစိတ်ခံစားချက်တွေကိုစခံစား မိပြီး သူတို့နဲ့ ခင်ဗျားအတိတ်မှာပတ်သက်မှုတွေကိုနားလည်တဲ့အခါ ရေခဲတုံးဟာ အရည်ပျော်ပြီး ဘယ်တော့မှပြန်ဖြစ်မလာတော့ပါဘူး"။

"ဒါပေမဲ့ တစ်ခါတစ်ရံ လက်အောက်ငယ်သားတွေကိုပြင်းပြင်းထန်ထန်

ဆက်ဆံဖို့လိုအပ်တယ်" ဦးမင်းနိုင်က စောဒကတက်ပါတယ်။ "ဆရာ့မှာ မလေးနက်တဲ့ပေါ့ပျက်ပျက်အနိုင်ဆုံးအယူအဆတွေမရှိသင့်ပါဘူး"။

ဦးမင်းနိုင်ရဲ့စကားကိုပြင်ဆင်ဖို့ ကြိုးစားတဲ့အနေနဲ့ ယောဂီကြီးက သူ့လက်ကိုမြှောက်ပြလိုက်ပြီး စကားကိုပြန်ဆက်ပါတယ်။ "ရုံးမှာ ခင်ဗျားမောက်မောက်မာမာတုံ့ပြန်တဲ့အခါ အန္တိုးသမားက ခင်ဗျားတစ်ယောက်တည်းဖြစ်တယ်ဆိုတာမှတ်ထားပါ။ ခင်ဗျားရဲ့အဲဒီလိုတုံ့ပြန်မှုက အမှားပြုမိတဲ့သူကိုတိုးတက်လာအောင်၊ သူ့အမှားကို မြင်လာအောင် တွန်းအားမပေးနိုင်ဘူး။

အဲဒီတော့ ရလဒ်အနေနဲ့ အဲဒီလူက တစ်ရုံးလုံးပတ်ပြီး ခင်ဗျားဘယ်လိုစိတ်မူမမှန်ကြောင်းလျှောက်ပြောတာကိုပဲ ခင်ဗျားရလိမ့်မယ်။ သူ့အမြင်မှာ ခင်ဗျားရဲ့တုံ့ပြန်မှုဟာ သိပ်ပြီးချဲ့ကားလွန်းတယ်လို့ထင်ပြီး ခင်ဗျားပြောတာတွေ တစ်ခုမှအရာရောက်မှာမဟုတ်ဘူး။ ခင်ဗျားဖြစ်ချင်တာက ခင်ဗျားလူတွေ အလုပ်ကိုတိုးတက်အောင်လုပ်ပြီး ပိုပြီးကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်လာဖို့ပဲမဟုတ်လား။ ဒါပေမဲ့ ခင်ဗျားရဲ့စိတ်ထဲကအဖေကလိုချင်တာက အမှားလုပ်တဲ့သူကိုအပြစ်ပေးပြီး ကြမ်းကြမ်းတမ်းတမ်းကိုင်တွယ်ဖို့ပဲ"။

ဦးမင်းနိုင်ဟာ ယောဂီကြီးအိမ်ကထွက်ပြီး သူ့ကားထဲဝင်ထိုင်လိုက်ပါတယ်။ ပွင့်အန်ထွက်ချင်နေတဲ့စိတ်ခံစားချက်တွေနဲ့ဆို့နင့်ပြီး အလွန်သောကဖိစီးနေပါပြီ။ သူ့ဘဝဟာ စိတ်ခံစားချက်တွေပြည့်နေတဲ့ ဆော်ဒါပုလင်းတစ်လုံးနဲ့တူပါတယ်။ အဲဒီပုလင်းကိုအဖုံးပိတ်ထားဖို့ သူကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ အခုအဲဒီပုလင်းကို ယောဂီကြီးက အားရပါးရလှုပ်ခါပြီး အဖုံးဖွင့်လိုက်ပါပြီ။ အဲဒီပုလင်းထဲကစိတ်ခံစားချက်တွေလျှံတက်စီးကျလာပြီး သူ့တစ်ကိုယ်လုံးကိုလွှမ်းလိုက်သလိုခံစားရပါတယ်။ အဲဒါကထူးဆန်းပါတယ်။ သူကတစ်ယောက်တည်းပဲ။ ဒါပေမဲ့ သူ့အနားမှာ သူ့အကောင်းဆုံးမိတ်ဆွေလို တစ်ယောက်ယောက်က အနီးကပ်လိုက်ပါသလိုခံစားရပါတယ်။ သူ့ကိုယ်သူပြန်ရှာတွေ့တဲ့စိတ်ခံစားချက်မျိုး သူရလိုက်ပါတယ်။ အဲဒါဟာ သူ့ကိုယ်ထဲမှာ အချိန်အတော်ကြာမြှုပ်နှံထားတဲ့ သူ့ရဲ့စိတ်ခံစားချက်ဆိုင်ရာပုဂ္ဂိုလ်ပဲဖြစ်ပါတယ်။

သူအိမ်ပြန်ရောက်တဲ့အခါ သူ့အခန်းထဲကိုဝင်ပြီး ရေခဲတုံးပါတဲ့ခွက်ထဲကို

...လောင်းထည့်လိုက်ပါတယ်။ စတ္တန့်အနည်းငယ်အကြာ ရုံးအလုပ်ထဲမှာနှစ်မြုပ်ပြီး ...လောကကြီးကိုမေ့ပစ်ဖို့ကြိုးစားပါတယ်။ ဒါပေမဲ့ သူလုပ်လို့မရဘူး။ ဖန်ခွက်...ရေခဲတုံးကိုလှုပ်ခတ်လိုက်ပြီး ယောဂီကြီးရဲ့စကားလုံးတွေကိုပြန်အမှတ်ရနေ...တယ်။ နောက်ပြီး သူ့ကလေးဘဝက ခါးသီးတဲ့ဇာတ်ကွက်တွေကိုပြန်ပြီးစဉ်းသပ်...တယ်။ သူ ဖဲဒီမှာ နာရီအတော်ကြာနေပါတယ်။ သူ့ခံစားချက်တွေဟာ မီးရှူးမီးပန်း...လို့ပွင့်ထွက်နေပါတယ်။

ဝိရောဓိဖြစ်စရာကတော့ သူဟာ မပျော်မရွှင်ဖြစ်နေရတာကို ပျော်ရွှင်နေ...ပါပဲ။ တကယ်တော့ လူသားတစ်ယောက်လိုသူပြန်ခံစားနေရတာကို သူပျော်ပါ...။ သူ့ကလေးတွေနဲ့ သူ့မိန်းမအပေါ် သူဆက်ဆံပုံတွေကို တွေးနေမိပါတယ်။ သူ...ဘဝကဆက်ဆံခံခဲ့ရသလိုမျိုးနဲ့ တော်တော်များများတူနေပါတယ်။ ပြီးတော့ ...ဘဝက ဘယ်တော့မှအဆုံးမရှိတဲ့အစဉ်အတန်းကြီးဖြစ်နိုင်တယ်လို့ သူတွေးမိပါ...။ သူ့အဖေလည်း ကြမ်းကြမ်းတမ်းတမ်းဆက်ဆံခံခဲ့ရတယ်။ ဒါကြောင့် သူ့အဖေက ...ကြမ်းကြမ်းတမ်းတမ်းပြန်ဆက်ဆံတယ်။

အခု သူလည်း သူ့ကလေးတွေကို ကြမ်းကြမ်းတမ်းတမ်းဆက်ဆံပြန်တယ်။ ...လို့ဆက်ဆံတဲ့အတွက် သူ့ကလေးတွေကလည်း နောက်လာမယ့်သူ့မြေးတွေကို ...လို့ဆက်ဆံကြဦးမယ်။ အဆိုးဆုံးကတော့ ဒါတွေအားလုံးဟာ သတိမမူမိဘဲဖြစ်...ခဲ့တာပါ။ ဒီသံသရာအစဉ်အတန်းကို သူဖျက်ပစ်ရမယ်။ သူ့ကလေးနှစ်ယောက်... အခုမှသုံးနှစ်နဲ့လေးနှစ်အရွယ်တွေဆိုတော့ သူပြောင်းလဲဖို့အချိန်မီသေးတယ်။ ...နှစ်သည်းချာကလေးတွေရဲ့မျိုးစေ့ကို သူမဖျက်ဆီးချင်ဘူး။ သူနေခဲ့ရတဲ့ငရဲမျိုးမှာ ...နေစေချင်ဘူး။

* * * * *

နောက်တစ်နေ့မှာတော့ ဦးမင်းနိုင်နေလို့ပိုကောင်းလာပါတယ်။ အိပ်စက်...ခြင်းက သူ့ရဲ့ခံစားချက်တွေကိုလျှော့ပါးသွားစေပါတယ်။ သူရုံးကိုရောက်သွားခဲ့ပါတယ်။ ...နော... ရုံးကလူတွေက သူ့ကိုပြဿနာအမျိုးမျိုးတင်ပြလာတဲ့အခါမှာတော့ ယောဂီ...ကြီးနဲ့ပတ်သက်တဲ့ကိစ္စတွေအားလုံးကို လုံးဝမေ့သွားစေပါတယ်။ ဦးမင်းနိုင်တစ်

ယောက်ဘာမှမဖြစ်ခဲ့သလိုမျိုး အလုပ်ပြန်လုပ်နေပါတယ်။

မွန်းလွဲပြီးတဲ့အချိန်လောက်မှာ ဘဏ္ဍာရေးအရာရှိ ကိုထွန်းကြည်ဟာ ဦးမင်းနိုင် အခန်းထဲဝင်လာပါတယ်။ ကိုထွန်းကြည်ကတံခါးကိုပိတ်လိုက်ပြီး မားကက်တင်းမန်နေဂျာကိုရည်ညွှန်းပြီး အခုလိုပြောပါတယ်။ "အဲဒီရှူးကြောင်ကြောင်ပီတာကြောင့် ကျွန်တော်လူပန်း စိတ်ပန်းဖြစ်နေရပြီ၊ သူက အမြဲတမ်းမွေ့တဲ့သူပဲ၊ အရောင်းဝန်ထမ်းတွေငှားပြီး ကျွန်တော့်ကိုလည်းအသိမပေးဘူး။ ပြီးတော့ အဲဒီအတွက်ဘတ်ဂျက်ကိုခွင့်ပြုစေချင်တယ်။ မနေ့ကတော့ ပေါ်တာပဲ။ လစာပေးတဲ့စာရင်းထဲမှာမပါတဲ့အရောင်းဝန်ထမ်းသုံးဦး သူ့ဆီမှာရှိနေတယ်။

အဲဒီလူတွေအတွက် လစာကို ကျွန်တော့်ကိုပေးစေချင်တယ်။ Report တွေကို ကျွန်တော့်ဆီအချိန်မှန်မှန်မတင်ဘူး။ လုပ်ထုံးလုပ်နည်းတွေကိုလည်းမလိုက်နာဘူး။ ကျွန်တော်တို့ဖောက်သည်တွေအတွက် ခရစ္စမတ်ကတ်င်းထောင်ထုတ်ထားတာဆရာသိသလား။ အဲဒီအထဲက လေးရာပဲသူပို့ခဲ့ပြီး သိန်း ၂၀ လောက်အလကားဖြုန်းပစ်လိုက်တယ်ဆို ဆရာယုံမလား"။

ဦးမင်းနိုင် ဒေါသထွက်လာပါတယ်။ အခုလိုခက်ခဲတဲ့အချိန်ကာလတစ်ခုကိုဖြတ်သန်းနေရချိန်မှာ ကုမ္ပဏီရဲ့ငွေတွေဖြုန်းတီးပစ်ရလောက်အောင် ပီတာတစ်ယောက် ဘာကြောင့်ဒီလောက်မိုက်မဲရတာလဲ။ ကိုထွန်းကြည်တစ်ခုခုမပြောခင်မှာပဲ သူချက်ချင်းမတ်တတ်ရပ်လိုက်ပြီး လူခေါ်ခေါင်းလောင်းကိုနှိပ်လိုက်ပါတယ်။

"ပီတာ အခန်းထဲကိုအခုချက်ချင်းလာခဲ့" သူအော်လိုက်ပါတယ်။

ပီတာ အခန်းထဲဝင်လာတဲ့အခါမှာတော့ ဦးမင်းနိုင်တစ်ယောက် သူ့စားပွဲမှာဒေါသထွက်နေတာကိုတွေ့ရပြီး ကိုထွန်းကြည်လည်း ကြောက်လန့်နေတာကိုတွေ့ရပါတယ်။

"ဒီမယ်နားထောင်" ဦးမင်းနိုင် မာဆတ်ဆတ်နဲ့ပြောလိုက်ပါတယ်။ "မင်းရဲ့ပေါ့ပျက်ပျက်လုပ်ရပ်တွေက ငါ့ကိုပင်ပန်းစေတယ်။ ကုမ္ပဏီရဲ့ငွေတွေကို မင်းအလကားဖြုန်းပြီးနေတာပဲ။ မင်းရဲ့သာမန်လောက်ရှိတဲ့အရည်အချင်းကို ငါတို့ဘယ်လောက်ထိသည်းခံရဦးမှာလဲ"။

"ဆရာဘာတွေပြောနေတာလဲ" ပီတာက အံ့ဩတကြီးနဲ့မေးလိုက်ပါတယ်။

"ခရစ္စမတ်အတွက် မင်းရှူးကြောင်ကြောင်လျှောက်လုပ်ထားတဲ့ကတ်တွေအကြောင်းပြောတာပေါ့။ ငါတို့က ငွေတွေထဲမှာကူးခတ်နေတယ်လို့ မင်းထင်သလား။ အဲ့ဒါတော့မှ မပြီးဖြစ်မယ့်ကတ်လေးထောင်ကျော်ကို ငါတို့ဘာလုပ်ပစ်ရမလဲ။ အဲဒီကုန်ကျစရိတ်ကို မင်းပေးမလား"။

ပီတာတစ်ယောက် နားလည်မှုအလွဲခံရတဲ့သားကောင်ပမာ ခံစားနေရပါတယ်၊ သူကြိုးစားပြီးရှင်းပြပါတယ်။ "ဒါပေမဲ့ ကတ်တစ်ကတ်မှမကျန်တော့ပါဘူး"။

"ကိုထွန်းကြည်ပြောတော့ ခင်ဗျား ကတ်ငါးထောင်မှာပြီး ဖောက်သည်တွေဆီ လေးရာပဲပို့ရသေးတယ်ဆို"။

အဖြစ်အပျက်ကို မျက်ဝါးထင်ထင်မြင်နေရတဲ့ကိုထွန်းကြည်အတွက်တော့ ဦးမင်းနိုင်က ပီတာကိုခေါ်ပြီး အခုလို မျက်နှာချင်းဆိုင်တုံ့ပြန်လိမ့်မယ်လို့ ဘယ်လိုမျှော်လင့်မထားပါဘူး။ ကမ္ဘာမြေကြီးကွဲအက်လာပြီး သူ့ကိုလုံးဝမျိုသွားရင်ကောင်းမှာပဲလို့တွေးနေပါတယ်။ ပီတာက ကိုထွန်းကြည်ကို ဒေါသတကြီးနဲ့ကြည့်လိုက်ပြီး သူ့ရဲ့မနှစ်မြို့မှုက သူ့ရဲ့အမူအရာမှာ ဖော်ပြနေပါတယ်။

"ကိုထွန်းကြည်မသိလိုက်တာက အကောင်းဆုံးဝန်ဆောင်မှုပေးမယ်ဆိုတဲ့ ကျွန်တော်တို့မျှော်မှန်းချက်အရ ကတ် ၄,၆၀၀ ကို ကျွန်တော့်အရောင်းအဖွဲ့ကိုပေးလိုက်ပြီး ဖောက်သည်တွေဆီ သူတို့ကိုယ်တိုင် ကိုယ်တိုင်လက်ရောက်ပေးခိုင်းလိုက်တာပဲ" လို့ သူက ပြောပါတယ်။

ဦးမင်းနိုင်ဟာ ပီတာ့အပေါ် အမှားတွေနဲ့စွပ်စွဲပုတ်ခတ်ပြီး အငြင်းပွားစရာကိုဖန်တီးခဲ့ပါတယ်။ ဒါပေမဲ့ ပီတာ့ရဲ့စကားတွေကြောင့် အငြင်းပွားစရာမရှိတော့ပါဘူး။ ကတ်တွေအားလုံးကိုဝေခဲ့တယ်။ အကောင်းဆုံးနည်းလမ်းနဲ့ဝေခဲ့တာပါ။ ဦးမင်းနိုင်က ကိုထွန်းကြည်ကိုကြည့်လိုက်ပြီး စိတ်ပျက်တဲ့အမူအရာနဲ့ အခုလိုပြောလိုက်ပါတယ်။

"နောက်တစ်ခါ ခင်ဗျားကျွန်တော့်ကိုအရှူးလုပ်ချင်ရင် ကြိုတင်ပြီးအသိပေးပါဦး"။

အဲဒီအချိန်မှာပဲ ယောဂီကြီးရဲ့ရုပ်ပုံလွှာက စိတ်ထဲပေါ်လာပြီး "အမှောင်ထဲ

မှာ ခလုတ်တိုက်လဲနေတယ်” ဆိုတဲ့စကားလုံးတွေကိုသတိရမိပါတယ်။ သူထပ်ပြီး ခလုတ်တိုက်လဲပြန်ပြီဆိုတာ သဘောပေါက်လိုက်ပါတယ်။ သူ ပီတာ့ကိုအော်ငေါက်ပြီး မဖျှမတပြောဆိုပုတ်ခတ်ခဲ့ပါတယ်။ စိတ်မူမမှန်တဲ့သူတစ်ယောက်လို ပြုမူမိခဲ့တာပါ။ ဒါပေမဲ့ အဲဒါကို အခုလေးတင်ပဲပြန်ပြီး သတိမူမိလိုက်တာပါ။ သူအဲဒါကို သဘောပေါက်ခဲ့ပါတယ်။

ဒါပေမဲ့ သူလုပ်ပြီးသွားပါပြီ။ နာရီကိုသူနောက်ပြန်လှည့်လို့မရနိုင်ပါဘူး။ သူပီတာ့အပေါ် နားလည်မှုလွဲခဲ့တာကိုတောင်းပန်ခဲ့ပေမဲ့ ပီတာကတော့ ထိခိုက်ခံစားခဲ့ရပါတယ်။ အဲဒီပြဿနာထဲ ဘယ်လောက်ထိနယ်ကျံ့သွားသလဲဆိုတာ ဦးမင်းနိုင်မသိခဲ့ပါဘူး။ ပြိုင်ဆိုင်မှုတွေကြားထဲမှာ ပြဿနာတွေအများကြီးရှိနေပါတယ်။ ရုံးအတွင်းပိုင်းပြိုင်ဆိုင်မှုတွေကြားထဲမှာ သူ့ရဲ့ကာယ၊ ဉာဏစွမ်းအားတွေကို ဘာကြောင့်ဖြုန်းတီးပစ်နေသလဲဆိုတာ သူနားမလည်ခဲ့ပါဘူး။ သူနာရီကိုကြည့်လိုက်ပါတယ်။ ယောဂီကြီးဆီသွားဖို့အချိန်ရောက်ပါပြီ။ ရုံးကထွက်၊ သူ့ကားဆီသွားပြီး ကားနဲ့ထွက်ခဲ့ပါတော့တယ်။

* * * * *

ယောဂီကြီးအိမ်ရောက်တဲ့အခါ ဦးမင်းနိုင်ဟာ သူ့ကိုယ်သူစိတ်ပျက်တဲ့ပုံနဲ့ သူ့အဖြစ်အပျက်ကိုပြန်ပြောင်းပြောပြပါတယ်။

“ဆရာ၊ ကျွန်တော်သဘောမပေါက်ခဲ့ဘူး။ ကျွန်တော်ဘယ်လောက်ထိ မိုက်မဲသလဲဆိုတာဆရာမသိပါဘူး” ဆိုပြီး ဦးမင်းနိုင်က သူ့အဖြစ်အပျက်အကြောင်း အဆုံးသတ်လိုက်ပါတယ်။

ယောဂီကြီးအတွက်တော့ ဘာမှအံ့ဩစရာမရှိသလိုပါပဲ။

“အဲဒါက လွယ်တော့မလွယ်ဘူး” ယောဂီကြီးကပြောပါတယ်။ “ခင်ဗျားစိတ်ရှည်ရမယ်။ ဒီနေ့ပြီး နောက်တစ်နေ့ရောက်ရုံနဲ့ ခင်ဗျားနှစ်ပေါင်းများစွာစွဲကပ်လာတဲ့ အကျင့်တွေကိုပြောင်းဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒါက ရှည်လျားတဲ့လုပ်ငန်းစဉ်တစ်ခုပဲ။ အရင်က အလိုအလျောက်သွားတဲ့ကားကို ခင်ဗျားမောင်းနေခဲ့ပြီး ဘာမှမစဉ်းစားဘဲ ကိစ္စတွေပြုမူခဲ့တယ်။ အခုတော့ စက်တွေနဲ့မောင်းရတဲ့ကားကို ခင်ဗျားမောင်းနေရ

…အတွက် ဘယ်ဂီယာကိုသုံးမလဲဆိုတာ သိရှိနေဖို့လိုတယ်။ ကျွန်တော့်ကိုယုံပါဗျာ။ ခင်ဗျားအမှားကိုခင်ဗျားသဘောပေါက်တာက ရှေ့ဆက်ဖို့ခြေလှမ်းကြီးတစ်လှမ်း …လိုက်တာပါပဲ"။ ဦးမင်းနိုင်ဝိုပြီးစိတ်သက်သာရာရလာအောင် ယောဂီကြီးက …ပြောတာကိုခံစားရပ်လိုက်ပါတယ်။ ပြီးတော့မှဆက်ပြောပါတယ်။

"အဲဒီအခြေအနေမှာခင်ဗျားမှားခဲ့တယ်လို့ယုံကြည်ရတဲ့အကြောင်းရင်း …ကျွန်တော့်ကိုပြောပြနိုင်မလား"

"ကျွန်တော်လုံးဝမှားတာပေါ့" ဦးမင်းနိုင်က မဆိုင်းမတွဘဲစဖြေပါတယ်။ "…ကို ကျွန်တော့်အခန်းထဲလာဖို့အော်ခေါ်ပြီး မမှန်ကန်တဲ့ကိစ္စတစ်ခုအတွက် အပြစ်တင်ဝေဖန်ခဲ့တယ်။ ကျွန်တော် သူ့ကိုအပြစ်မတင်ခင် အကြောင်းရင်းကို သေချာအောင်လုပ်ခဲ့သင့်တာပေါ့"။

"ကျွန်တော်လက်ခံပါတယ်" ယောဂီကြီးကပြောပါတယ်။ "အဲဒါက အမှား …ခုပဲ။ ဒါပေမဲ့ ပထမဆုံးအမှားမဟုတ်ဘူး။ ခင်ဗျားလုပ်ခဲ့တဲ့ပထမဆုံးအမှား …ကတော့ ပီတာ့နောက်ကွယ်မှာ ပီတာ့အကြောင်း ကိုထွန်းကြည်ကို ဆိုးဆိုးဝါးဝါးပြော …ပြခဲ့တာပါပဲ။ ခင်ဗျားအဖွဲ့အစည်းထဲမှာ ယုံကြည်မှုအဝန်းအဝိုင်းလေးဖန်တီးချင် …ယ်ဆိုရင် အဲဒီရည်ရွယ်ချက်နဲ့ ဆန့်ကျင်တဲ့အတင်းအဖျင်းစကားကို အားပေးတာ …မ‌တွေးသင့်ဘူးမဟုတ်လား။

နောက်ဆိုရင် တစ်ယောက်ယောက်က တခြားသူတစ်ယောက်မကောင်း …ကြောင်းလာပြောတဲ့အခါ အဲဒီသူကိုတိုက်ရိုက်သွားပြောပြီးပြီလားဆိုတာ အရင်မေး …ကြည့်ပါ။ ပြီးတော့မှ နှစ်ဖက်စလုံးကပြောတာကို သေချာနားထောင်ပါ။ နောက်ပြီး အရေးအကြီးဆုံးက ခင်ဗျားကိုယ်တိုင်က ဝန်ထမ်းတွေရဲ့စံပြပုဂ္ဂိုလ်ဖြစ်အောင်လုပ် …ဖို့လိုပါတယ်။ လူတွေအကြောင်းကို သူတို့နောက်ကွယ်မှာမပြောမိအောင် အထူးဂရု …ပြုဖို့လိုတယ်။ နောက်လိုက်လက်အောက်ငယ်သားဆိုတာ ခေါင်းဆောင်ရဲ့အပြောကနေ အတုယူတာမဟုတ်ဘူး။ ခေါင်းဆောင်ရဲ့လုပ်ဆောင်ချက်ကနေ အတုယူတာယ်ဆိုတာ မှတ်ထားပါ"။

ဦးမင်းနိုင်ကိုစဉ်းစားဖို့အချိန်ပေးတဲ့အနေနဲ့ ခဏရပ်…ပါတယ်။ ပြီး

တော့မှဆက်ပြောပါတယ်။

"ကဲအခုလို ခင်ဗျားမန်နေဂျာနှစ်ယောက်ထိပ်တိုက်တွေ့တဲ့အချိန်မှာ ဘယ်လိုခံစားနေရသလဲဆိုတာ ကျွန်တော့်ကိုပြောပြပါလား" ယောဂီကြီးကမေးလိုက်ပါတယ်။

အဲဒီအချိန်မှာ သူဘယ်လိုခံစားခဲ့ရသလဲဆိုတာကိုပြောပြဖို့ စကားလုံးရှာနေတဲ့အလား ဦးမင်းနိုင်တစ်ယောက် ခဏလောက်စဉ်းစားနေပါတယ်။

"အရိုးသားဆုံးပြောရရင်တော့ ကျွန်တော်ကြည်နူးသလိုခံစားရတယ်။ အဲဒါက မှန်ကန်တယ်လို့ခံစားရတယ်။ အောင်နိုင်သူနဲ့ ရှုံးနိမ့်သူဆိုတာ ရှိသင့်တယ်လို့ခံစားရတယ်။ ကျွန်တော်သွေးထွက်သံယိုဖြစ်တာမြင်ချင်ပုံရတယ်။ ညံ့တဲ့သူကိုရှုံးစေချင်တယ်"။

"ကျွန်တော်တို့ နောက်ဆုံးအကြိမ်တွေ့ကြတုန်းက ခင်ဗျားအဖေကိုအမှတ်ရနေဖို့ ခင်ဗျားကြမ်းကြမ်းတမ်းတမ်းပြုမူတယ်။ အခုအဖြစ်အပျက်နဲ့လည်းပတ်သက်ကောင်း ပတ်သက်နိုင်တဲ့ ကလေးဘဝကအဖြစ်အပျက်တစ်ခုခုကိုကော ခင်ဗျားမှတ်မိနိုင်မလား" ဆိုပြီး ယောဂီကြီးကစကားဆက်ပါတယ်။

အဆိုးရွားဆုံးအတွေ့အကြုံတွေထဲကပုံရိပ်တစ်ခုက ဦးမင်းနိုင်စိတ်ထဲပေါ်လာပါတယ်။

"သတိရပြီ။ ကျွန်တော် အခုစဉ်းစားလို့ရပြီ။ ကျွန်တော်နဲ့ ကျွန်တော့်အစ်ကိုသတ်ပုတ်တာကို အဖေကသဘောကျတယ်။ ကျောင်းမှာ တစ်ယောက်ယောက်နဲ့ ခိုက်ရန်ဖြစ်ခဲ့ရင် အသင့်ဖြစ်နေအောင် အိမ်မှာ ကျွန်တော်တို့လေ့ကျင့်သင့်တယ်လို့ သူပြောလေ့ရှိတယ်။ ဒါပေမဲ့ သတ်ပုတ်ချင်ယောင်ဆောင်တာကိုတော့ သူမနှစ်မြို့ဘူး။ လက်အိတ်မဝတ်ဘဲ လက်ချည်းသက်သက် တကယ့်ကိုသတ်ပုတ်စေချင်တာပါ။ ကျွန်တော်တို့ကို ကားဂိုဒေါင်ထဲခေါ်သွားပြီး သတ်ပုတ်ခိုင်းလေ့ရှိတာကို အမှတ်ရနေပါသေးတယ်။

ကျွန်တော်တို့မသတ်ပုတ်ရင် ကျွန်တော်တို့ကိုရိုက်ပါတယ်။ ကျွန်တော်တို့သတ်ပုတ်နေ ... အော်ဟစ်အားပေးပြီး ဟိုလိုထိုး၊ ဒီလိုလုပ်ဆိုပြီးလမ်းညွှန်ရတာကို

အဘောကျပါတယ်။ သူပြောလေ့ရှိတာက "ချလေကွာအရူး" "မင်းက မိန်းမလား၊ မိန်းမလျာလား"။ တစ်ခါတော့အစ်ကို ကျွန်တော့်နှာခေါင်းကိုထိုးမိပြီး သွေးထွက်သွားတာကိုမှတ်မိပါသေးတယ်။ ကျွန်တော် သတ်ပုတ်တာကိုရပ်လိုက်ချင်ပေမဲ့ အဖေကရပ်ခွင့်မပေးပါဘူး။ ယောက်ျားဆိုတာ ဒဏ်ရာရရ မရရသေတဲ့အထိတိုက်ရမယ်လို့ သူက ပြောပါတယ်"။

"ဦးမင်းနိုင်၊ သွေးထွက်သံယိုကိုမြင်ရဖို့ ခင်ဗျားဘာကြောင့် စိတ်အားထက်သန်နေရသလဲဆိုတာ သဘောပေါက်သလား" ယောဂီကြီးကမေးလိုက်ပါတယ်။

"ကလေးတစ်ယောက်အနေနဲ့ ဒီလိုပြုမူသင့်တယ်လို့ ခင်ဗျားသင်ယူခဲ့ရတယ်။ အခုအဖြစ်အပျက်မှာလည်း ခင်ဗျားစိတ်ထဲမှာ ခင်ဗျားကသတ်ပုတ်ဖို့စေ့ဆော်တဲ့ ခင်ဗျားအဖေဖြစ်နေပြီး ကိုထွန်းကြည်နဲ့ ပီတာကတော့ ကလေးဘဝတုန်းကလို ခင်ဗျားနဲ့ ခင်ဗျားအစ်ကိုပေါ့ဗျာ"။

"ဒါပေမဲ့ ကျွန်တော့်ဆီမှာ အဲဒီလိုကြမ်းတမ်းတဲ့အဖေရှိပြီး အဲဒါတွေအားလုံးကို မသိစိတ်ထဲမှာသိမ်းထားတယ်ဆိုရင် ကျွန်တော်ဘာလုပ်လို့ရနိုင်သလဲ။ ကျွန်တော့်ကိုယ်ကျွန်တော် လွတ်မြောက်အောင်ဘယ်လိုများလုပ်ရမလဲ"

"အခုအချိန်မှာတော့ ခင်ဗျားရဲ့လက်ရှိဘဝမှာ သူတို့ကိုယ်သူတို့ ဘယ်လိုထုတ်ဖော်ပြသလဲဆိုတာ ပြန်လည်သုံးသပ်ရင်း ခင်ဗျားရဲ့မသိစိတ်ခံစားချက်တွေကို တဖြည်းဖြည်းသတိမူမိအောင်လုပ်ရုံမှတစ်ပါး တခြားနည်းလမ်းမရှိဘူး။ အဲဒါတွေကို ခင်ဗျားနားလည်လိုက်တာနဲ့ ခင်ဗျားအပေါ်မှာ သူတို့ရဲ့လွှမ်းမိုးမှု တဖြည်းဖြည်းလျော့ပါးပျောက်ကွယ်သွားလိမ့်မယ်။ လူတစ်ယောက်ဟာ မျက်စိကိုအဝတ်စည်းပြီး မီးပုံတွေအများကြီးရှိတဲ့လမ်းတစ်လျှောက် လမ်းလျှောက်ရတဲ့အခါ အပူကိုခံစားသတိမူပြီး ရှောင်ရှားနိုင်ပါတယ်။

ခင်ဗျားရဲ့ဘဝမှာလည်း အဲဒီအတိုင်းလုပ်ရလိမ့်မယ် ဦးမင်းနိုင်။ ခင်ဗျားကို ကြမ်းကြမ်းတမ်းတမ်းပြုမူစေတဲ့ စိတ်ပိုင်းဆိုင်ရာမီးတွေ ခင်ဗျားဆီမှာရှိရင် သူတို့ကို ခင်ဗျားမမြင်ရတောင်မှ အနည်းဆုံးတော့ ခင်ဗျားကိုထိန်းချုပ်တာတွေ၊ ပူနွေးစေတာတွေကို ခင်ဗျားသတိမူမိလိမ့်မယ်။ ခင်ဗျားအပြုအမူပုံစံတွေကို [illegible]သတိမူမိလာ

လေလေ ခင်ဗျားရဲ့စွမ်းဆောင်ရည်တွေ တိုးတက်လာလေလေပဲ"

ယောဂီကြီးက ဖြည်းဖြည်းချင်းထမတ်တတ်ရပ်ပြီး တစ်ဖက်ကိုလှည့်ရင်းဆက်ပြောပါတယ်။ "အခုဆို ဒုတိယမြောက်သစ်စေ့ကိုလက်ခံဖို့ ခင်ဗျားအသင့်ဖြစ်နေပြီ"။ ယောဂီကြီးက သေတ္တာဆီသွားပြီး စာရွက်လိပ်တွေထဲက တစ်ခုကိုထုတ်ယူလိုက်ပါတယ်။ ပြီးတော့ အလိပ်ကိုဖြေ၊ သစ်စေ့ကိုသေသေချာချာကိုင်ပြီး ဦးမင်းနိုင်လက်ထဲထည့်ပေးလိုက်ပါတယ်။

"ဒီသစ်စေ့ကိုစိုက်လိုက်၊ အပင်စကြီးထွားလာရင် ပြန်လာခဲ့။ အဲဒီမှာပါတဲ့ အသိပညာသင်ခန်းစာကို ခင်ဗျားကိုရှင်းပြမယ်"။

"ဒါပေမဲ့ ပြီးခဲ့တဲ့တစ်ခေါက်တုန်းကလို တစ်ပုံစံတည်းတော့ ဆရာမလုပ်နိုင်ဘူးမဟုတ်လား။ အဲဒီတုန်းက ဖျက်ဆီးထားတဲ့သစ်စေ့ကို တစ်လလောက်ကြီးထွားလာအောင် လုပ်နိုင်းတယ်မဟုတ်လား"။

"မဟုတ်ရပါဘူးဦးမင်းနိုင်၊ ဒီသစ်စေ့ကတော့ အပင်အဖြစ်ကြီးလာပါလိမ့်မယ်။ ပေါက်လာတာနဲ့ ဖြစ်နိုင်သမျှမြန်မြန်ကျွန်တော့်ဆီပြန်လာခဲ့ပါ။ ဒီအတောအတွင်း ခင်ဗျားရဲ့ကြမ်းတမ်းတဲ့အပြုအမူ၊ အတွေးတွေနဲ့ ဖျက်လိုဖျက်ဆီးခံစားချက်တွေရဲ့ဖြစ်စဉ်တွေကို သတိမူမိအောင်ကြိုးစားပါ"။

◈ ◈ ◈

# အထိမခံတဲ့သစ်စေ့

ဦးမင်းနိုင်တစ်ယောက် တစ်လလောက် သစ်စေ့ကိုရေလောင်းပြီးနေပါတယ်။ နေ့တိုင်း အဲဒီသစ်စေ့ကို ဂရုတစိုက်ရေလောင်းတယ်။ ဒီတစ်ကြိမ်တော့ အရွက်စိမ်းစိမ်းလေးတွေနဲ့ အပင်သေးသေးလေးပေါက်လာပါတယ်။ အဲဒီအချိန်အတောအတွင်း သူတွေနဲ့ဆက်ဆံတဲ့အခါမှာလည်း သူ့ရဲ့စိတ်ခံစားချက်တွေကိုသတိမူမိအောင် ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ကြမ်းတမ်းတဲ့အပြုအမူကိုထိန်းချုပ်ရာမှာ အရမ်းကြီးအောင်မြင်တာတော့မဟုတ်ပါ။ အမှားတစ်ခုခုလုပ်ပြီးမှ နားလည်သဘောပေါက်အောင်သင်ယူနိုင်တယ်။ ဒါပေမဲ့ မဖြစ်ခင်တော့ သူမလုပ်နိုင်သေးပါဘူး။ အဲဒါကို သူမချင့်မရဲဖြစ်ပါတယ်။ သူ့မှာ ခက်ထန်ကြမ်းတမ်းတဲ့ပြဿနာရှိတယ်ဆိုတာကို သူအခုသိပါပြီ။ ဒါပေမဲ့ ဖြစ်လာရင် သတိမမူမိဘဲ မရှောင်လွှဲနိုင်ဘူးဖြစ်နေပါတယ်။

အဲဒီနေ့ သူအလုပ်လုပ်တဲ့အခါ စိတ်အားထက်သန်မှုကိုခံစားနေရပါတယ်။ သူ့ဆရာယောဂီကြီးနဲ့စကားပြောခဲ့တာကိုသတိရနေပြီး အဲဒီနေ့ညနေမှာပဲ တစ်လအတွင်း ပထမဆုံးအကြိမ် ယောဂီကြီးနဲ့တွေ့ဖို့ချိန်းထားပါတယ်။ ဒါပေမဲ့ သူ့ရဲ့အပြု

သဘောဆောင်တဲ့ စိတ်နေစိတ်ထားက ကြာရှည်မခံပါဘူး။ ပြည်တွင်းဘဏ်တစ်ခုက သူ့ဆီဖုန်းဆက်လာပါတယ်။ ဘဏ်ကနေငွေချေးဖို့လျှောက်ထားရာမှာ တင်သွင်းတဲ့ စာရွက်စာတမ်းအရည်အသွေးညံ့ဖျင်းတဲ့အတွက် အပယ်ခံရပါတယ်။ လျှောက်လွှာရဲ့အချက်အလက်တွေမှာ အမှားတွေအများကြီးပါနေတဲ့အကြောင်း ဘဏ်ကပြောပါတယ်။ ဒါတွေအားလုံးနားထောင်နေတဲ့အချိန်မှာ ဦးမင်းနိုင်ဟာ တဖြည်းဖြည်း လေပေါင်းအိုးအဖြစ်ပြောင်းသွားပြီး သူ့ရဲ့စိတ်ခံစားချက်အပူတွေကြောင့် ဖိအားက မြင့်တက်နေပါတယ်။ သူ့ကုမ္ပဏီဟာ ဘဏ်တွေရဲ့ယုံကြည်စိတ်ချမှုကို အသည်းအသန် လိုအပ်နေပြီး သူ့ဘဏ္ဍာရေးအရာရှိရဲ့လိုအပ်ချက်ကြောင့် ယုံကြည်မှု ဖျက်ဆီးခံရ တယ်ဆိုတာကို သူလုံးဝမယုံကြည်နိုင်ဘူးဖြစ်နေတယ်။

သူဖုန်းချပြီးတဲ့နောက် စိတ်အနှောင့်အယှက်ဖြစ်သွားပြီး ကိုထွန်းကြည် အခန်းဆီ ခြေလှမ်းကျဲကျဲနဲ့လျှောက်သွားခဲ့ပါတယ်။ မခံမရပ်ဖြစ်မှု၊ ဒေါသထွက်မှုနဲ့ အကူအညီမဲ့မှုတွေရောယှက်ခံစားနေရပါတယ်။ သူအဖြစ်ချင်ဆုံးကတော့ မိုက်မဲတဲ့ သူ့ရဲ့ဘဏ္ဍာရေးအရာရှိကို မျက်နှာချင်းဆိုင်တွေ့ချင်တာပါပဲ။ သူတို့အားလုံး ဘာကြောင့်သုံးမရဖြစ်နေရတာလဲ။ ကိစ္စတွေအားလုံးကို ကောင်းကောင်းမွန်မွန်လုပ် နိုင်တာ သူတစ်ယောက်တည်းဘာကြောင့်ဖြစ်နေရတာလဲ။ ဦးမင်းနိုင်ဟာ ကိုထွန်းကြည် အခန်းထဲပေါက်ကွဲပြီးဝင်သွားပါတယ်။ ကိုထွန်းကြည်ကဖုန်းပြောနေပါတယ်။ ဖုန်း ချတဲ့အထိ မစောင့်နိုင်တဲ့အတွက် ဦးမင်းနိုင်က သူ့ကိုမေးလိုက်ပါတယ်။

"မင်း ဘဏ်ကိုမပို့ခင် စာရွက်စာတမ်းတွေကို သေသေချာချာပြန်စစ်ခဲ့ရဲ့ လား"။ ဦးမင်းနိုင်ရဲ့ပေါက်ကွဲနေတဲ့မျက်နှာထားကိုမြင်တဲ့အတွက် ကိုထွန်းကြည်က ဖုန်းကိုကမန်းကတန်းချလိုက်ပါတယ်။ "စစ်ခဲ့တာပေါ့ဆရာ" သူကဖြေပါတယ်။

"ကျွန်တော့်ရဲ့စာရွက်စာတမ်းတွေကို အမြဲပြန်စစ်လေ့ရှိပါတယ်။ ဘာပြဿနာ ဖြစ်လို့လဲခင်ဗျာ"

"ဒီမှာကြည့် ထွန်းကြည်" ဦးမင်းနိုင်ကပြောပါတယ်။ "မင်းအရမ်းညံ့ဖျင်းလွန်း တဲ့အတွက် ပြဿနာရှိတာတောင်ဘယ်သိနိုင်ပါ့မလဲ။ မင်း ပရော်ဖက်ရှင်နယ် တစ် ယောက်မပီသ[illegible]းဆိုတာ မင်းကိုအသိပေးချင်တယ်။ မင်းကအကုန်လုံးကိုလွှင့်ပစ်

ထိုက်တန်ရုံတင်မကဘူး။ အဲဒါတွေကိုလွှင့်ပစ်နေပါလားလို့တောင် စဉ်းစားနိုင်တဲ့အတွေး မရှိဘူး။ ဘဏ်က ငါ့ဆီဖုန်းဆက်လာတယ်။ ငါတို့ငွေချေးတဲ့အဆိုပြုလွှာကိုပယ်ချ လိုက်တယ်။ အကြောင်းကငါတို့ ငွေကြေးလည်ပတ်စီးဆင်းမှုကို ကောင်းကောင်းမလုပ် နိုင်ခဲ့တဲ့ကွ"။

ကိုထွန်းကြည်ဟာ ကြောက်ရွံ့မှုနဲ့ဖိစီးမှုတွေရောယှက်နေတဲ့ခံစားချက်မျိုး ခံစားနေရပြီဆိုတာ သဘောပေါက်လိုက်ပါတယ်။ ဘာဖြစ်နေတယ်ဆိုတာ သူနား မလည်ပါဘူး။ စာရွက်စာတမ်းတွေမပို့ခင် သူပြန်စစ်ခဲ့တာတော့ မှန်သားပဲ။

"အဲဒီလိုမဖြစ်နိုင်ပါဘူး" အားမပါတဲ့အသံနဲ့ပြန်ဖြေပါတယ်။ "စာရွက်စာ တမ်းက ပြည့်စုံကောင်းမွန်ပါတယ်"။ အဲဒီစကားလုံးတွေက ဦးမင်းနိုင်ရဲ့ဒေါသကို ဆောင်စာထည့်ပေးလိုက်သလိုပါပဲ။ အဲဒါက မီးပုံထဲကိုဓာတ်ဆီတစ်ဂါလံလောင်း ထည့်လိုက်တာနဲ့ အလားသဏ္ဌာန်တူပါတယ်။

"အဲဒီလိုမရှုစမ်းပါနဲ့ကွာ" ဦးမင်းနိုင်တစ်ယောက် ဒေါသတွေကြွတက်လာပြီး ကျယ်ကျယ်လောင်လောင်ပြောလိုက်ပါတယ်။

"မင်း ခြောင်းဆန်နေအောင်မွေထားတာကို ဘာဖြစ်လို့ဝန်မခံတာလဲ။ မင်း ညံ့တာ၊ အသုံးမကျတာကိုဝန်ခံလိုက်စမ်းပါကွာ"။ သူ့စကားမဆုံးခင်မှာပဲ တစ်စုံ တစ်ခုဖြစ်ပေါ်လာပါတယ်။ ကားရှေ့ကဖြတ်ကူးတဲ့ကလေးငယ်ကိုရုတ်တရက်မြင်လိုက် ရတဲ့ကားမောင်းသမားလို သူ့ရဲ့မရပ်မနားဝေဖန်တိုက်ခိုက်ထိုးနှက်မှုတွေကို ရုတ်ချည်း ဘရိတ်အုပ်လိုက်ပါတယ်။ အတိတ်ကပဲ့တင်သံတွေကို ကြားရပါတယ်။

"မင်းက အသုံးမကျတဲ့အရူးပဲ။ မင်းကအသုံးမကျတဲ့အရူးပဲ"။ အဲဒါတွေ ကတော့ သူအမှားလုပ်တိုင်း သူ့အဖေက သူ့ကိုအော်လေ့ရှိတဲ့အသံတွေပါ။ သူ့ကို သူ့ အဖေပြုမူခဲ့တဲ့အတိုင်းအတိအကျ ကိုထွန်းကြည်ကို သူပြုမူနေတယ်ဆိုတာ ဦးမင်း နိုင် သတိမူမိလာပါတယ်။ တစ်ခါထပ်ပြီး တစ်စုံတစ်ယောက်ကို သူသတိလက်လွတ် ဝေဖန်ပုတ်ခတ်နေပြန်ပါပြီ။

ဦးမင်းနိုင်အစစ်အမှန်က အိပ်မက်ကနေအခုလေးတင်ပြန်နိုးထလာပါပြီ။ အိပ်မက်နေတုန်းက သူ့ရဲ့ခန္ဓာကိုယ်ဆိုတဲ့ကားကို သူမောင်းနေပါတယ်။ နိုးထလာ

တဲ့အခါမှာတော့ သူ့မန်နေဂျာကို သူပြင်းပြင်းထန်ထန်ဝေဖန်တိုက်ခိုက်နေပါလား ဆိုတာ သဘောပေါက်ခဲ့ပါတယ်။ အခုလို သူပြောဆိုပြုမူနေဆဲအချိန်မှာ သူပြောဆို ပြုမူနေတာကိုသတိမူမိပြီး နိုးထလာတာမျိုးက ဦးမင်းနိုင်အတွက်ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ အခုကားကိုထိန်းပြီး တောင်းပန်ရမယ့်အချိန်ပါ။

"တောင်းပန်ပါတယ် ကိုထွန်းကြည်" သူတိတ်ဆိတ်ညင်သာစွာပြောလိုက်ပါ တယ်။ "ကျွန်တော်တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်ပေါက်ကွဲသွားတယ်။ တကယ် တော့ ကုမ္ပဏီဒေဝါလီခံရပြီး အဖေ့နာမည်ဂုဏ်သတင်းညှိုးနွမ်းထိခိုက်မှာကိုစိုးရွံ့ တဲ့အတွက် အရမ်းကိုဆတ်ဆတ်ထိမခံဘဲ ပေါက်ကွဲတတ်တာပါ"

ဦးမင်းနိုင်ဘာဖြစ်သွားမှန်း ကိုထွန်းကြည်တစ်ယောက် နားမလည်နိုင်တော့ ပါဘူး။ ရှေ့မှာဘာမှမဖြစ်ခဲ့သလိုဖြစ်နေတာပါ။ ဦးမင်းနိုင်အမြဲလုပ်နေကျအတိုင်း ဒေါသဖိုးပေါက်ကွဲတာကိုသည်းခံဖို့ ကိုထွန်းကြည်အသင့်ပြင်ထားခဲ့တာပါ။ တကယ် တော့ သူ့ကိုယ်သူအလုပ်ဖြုတ်ခံရတဲ့သူတစ်ယောက်လို့ယူဆထားပြီးသားပါ။ ဒါပေမဲ့ ထူးခြားအံ့ဩစရာတစ်ခုတော့ဖြစ်နေပါပြီ။ ဦးမင်းနိုင်က သူ့ကိုတောင်းပန်နေတယ် တဲ့။

"ဘာမှ စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့ဆရာ၊ ကျွန်တော်တို့အားလုံးကျင့် သားရနေပါပြီ။ ဆရာစိတ်တိုတတ်တယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ ဒါပေမဲ့ စိတ် မပူပါနဲ့၊ ဘဏ်နဲ့ပြောပြီး ပြဿနာကိုဖြေရှင်းလိုက်ပါ့မယ်"။

ဦးမင်းနိုင်ဟာ စိတ်အလုပ်လုပ်ပုံကို စပြီးနားလည်စပြုလာပါပြီ။ အဲဒါက ရုပ်မြင်သံကြားစက်နဲ့တူပါတယ်။ တစ်စုံတစ်ယောက်က ရုပ်သံလိုင်းတစ်ခုကိုထိုင် ကြည့်တဲ့အခါ တခြားတစ်ယောက်က အရင်တိတ်တိတ်လေးဗီဒီယိုနဲ့ချိတ်ဆက်ပြီး ဖွင့်ထားခဲ့မယ်ဆိုရင် လက်တွေ့ကျကျမြင်ရဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ ဖန်သားပြင်မှာ တကယ့်ရုပ်သံလိုင်းကိုပြနေတယ်လို့ထင်ရပေမဲ့ တကယ်တော့ ကြိုပြီးရိုက်ထားတဲ့ ဗီဒီယိုကြီးပါ။ လူ့စိတ်ကလည်းအဲဒီလိုပါပဲ။ တကယ့်ဘဝရုပ်သံလိုင်းကိုဖမ်းယူကြည့် ရှုပေမဲ့ လူတွေရဲ့စိတ်ပိုင်းဆိုင်ရာရုပ်မြင်သံကြားစက်နဲ့ချိတ်ဆက်ထားတဲ့ ကလေးဘဝ ကတည်းကကြို...ပြီးသားဗီဒီယိုကြီးပါ။ ဘဝအစစ်အမှန်ကိုမြင်နေရတယ်လို့ လူ

...ကြောက အခိုင်အမာယုံကြည်နေကြတယ်။ ဒါပေမဲ့ အဲဒါက ကလေးဘဝရဲ့ဝိဒီယိုပါ။ အဲဒါက လူတွေကို အစစအရာရာ တလွဲအထင်ရောက်သွားစေပြီး စိတ်မူမမှန်သလို ...စေပါတယ်။

ဦးမင်းနိုင် အခုတည်ငြိမ်သွားပါပြီ။ ကိုထွန်းကြည်ကိုတလွဲအထင်မှားပြီး ...ကားခဲ့တာကို စိတ်မကောင်းဖြစ်နေပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ သူ့ ...အမူကိုအချိန်မီသတိမူမိပြီး တောင်းပန်လိုက်နိုင်တဲ့အတွက် တော်တော်လေး ...ဖြစ်နေပါတယ်။ နဖူးက ချွေးသီးချွေးပေါက်ကြီးတွေစီးကျနေပါတယ်။ အတွင်း ...အေးချမ်းမှု၊ ငြိမ်သက်မှုဟာ ရောက်မလာသေးပေမဲ့ အနားကလေးမှာရှိသလို ...ခနဲမြင်တွေ့လိုက်ရပါတယ်။ တစ်နေ့တာကုန်ဆုံးပါပြီ။ ဦးမင်းနိုင်တစ်ယောက် ယောဂီကြီးဆီကားမောင်းထွက်ခဲ့ပါတယ်။ ယောဂီကြီးနဲ့သူ စကားပြောဖို့လိုအပ် နေပြီလေ။

* * * * *

ဦးမင်းနိုင်ရောက်သွားတဲ့အခါ ယောဂီကြီးက သူ့ကိုစောင့်နေပုံရတဲ့အခန်းထဲ ကို တန်းတန်းမတ်မတ်ခေါ်သွားကြပါတယ်။ ရုံးမှာ ကိုထွန်းကြည်နဲ့ဖြစ်ခဲ့တဲ့အဖြစ် အပျက်နဲ့ပတ်သက်ပြီး ယောဂီကြီးကိုဖြစ်ကြောင်းကုန်စင်ပြန်ပြီးပြောပြပါတယ်။ သူ ပြောနေတုန်းမှာ ယောဂီကြီးက ဘာမှဖြတ်မပြောဘဲလွတ်လွတ်လပ်လပ်ပြောခွင့်ပြု ထားပါတယ်။ သူ့ရဲ့စိတ်ရှည်တဲ့အကြည့်တွေက ဦးမင်းနိုင်ကိုထွင်းဖောက်သွားပါတယ်။ ဦးမင်းနိုင်ပြောတာကို အချိန်အတော်ကြာနားထောင်ပြီးတဲ့နောက် သူစကားစပြော ပါတယ်။

"ပထမဆုံးသစ်စေ့ကပေးတဲ့သင်ခန်းစာက 'ကိုယ့်ကိုယ်ကိုယ်သိမြင်ခြင်း' ပဲ" သူကပြောပါတယ်။ "ခင်ဗျားပစ္စုပ္ပန်မှာ ပြုမူတုံ့ပြန်တာကိုနားလည်ဖို့ ခင်ဗျားရဲ့ အတိတ်ကိုနားလည်ဖို့အရေးကြီးတယ်ဆိုတာ ခင်ဗျားတွေ့မြင်သွားပြီ။ အခုဆို ပြီး ခဲ့တဲ့ရက်သတ္တပတ်တွေကထက် ခင်ဗျားရဲ့စိတ်မူမမှန်တဲ့အပြုအမူတွေကို ပိုပြီးသတိမူ မိလာပြီ။ ကိုထွန်းကြည်နဲ့ အဖြစ်အပျက်က သက်သေပဲ။ ဒါပေမဲ့ ဒီ...င်းစဉ်က အချိန်ယူရတယ်ဆိုတာ ခင်ဗျားကိုသိစေချင်တယ်။ ခင်ဗျားရဲ့က...ဝက စိတ်

ဒုက်ရာဖြစ်စေတဲ့အတွေ့အကြုံတွေက ခင်ဗျားစိတ်ထဲမှာ ထင်းတုံးလိုကျန်ခဲ့တယ်။ အဲဒီထင်းတုံးက ထတောက်ဖို့အဆင်သင့်ရှိပြီး ပြဿနာတစ်စုံတစ်ရာပေါ်တိုင်း ပဋိပက္ခမီးတွေကိုဖန်တီးတော့တယ်။ ခင်ဗျားရဲ့ကလေးဘဝစိတ်ဒဏ်ရာတွေကို ပြန်လည်ခံစားနားလည်လာတာနဲ့အမျှ အဲဒီထင်းတုံးကသေးသေးလာပြီး မီးတောက်ဖို့လောင်စာကျန်တော့မှာမဟုတ်ဘူး"။

ဦးမင်းနိုင် စိတ်မရှည်တော့ပါဘူး။ ကိရိယာတစ်ခုကိုရှာဖွေတွေ့ရှိထားတဲ့သူဟာ အဲဒီကိရိယာကိုသုံးချင်သလိုမျိုးဖြစ်နေပါတယ်။

"ဆရာ အခုဆိုကျွန်တော့်စိတ်အလုပ်လုပ်ပုံကို ကျွန်တော်နားလည်လာပြီ။ ဒါပေမဲ့ ပိုပြီးနားလည်သတိမူမိဖို့၊ ပိုပြီးထိန်းချုပ်နိုင်ဖို့၊ မကြာခဏမတောက်လောင်ဖို့ ဘာလုပ်ရမလဲ။ ကျွန်တော်မြန်မြန်ပြောင်းဖို့လိုတယ်"။

ယောဂီကြီးက သူနဲ့အတူဥယျာဉ်ဆီသွားဖို့ ဦးမင်းနိုင်ကိုခေါ်သွားပါတယ်။ ဦးမင်းနိုင်ကို ထင်းတုံးတစ်တုံးပေးပြီး မီးပုံလုပ်ဖို့ မီးခြစ်ဆံတချို့လည်းပေးလိုက်ပါတယ်။ ဦးမင်းနိုင်က ထင်းတုံးကိုမီးရှို့ဖို့ ထပ်ခါထပ်ခါကြိုးစားပါတယ်။ ဒါပေမဲ့ အချည်းအနှီးပါပဲ။

"ဒီထင်းတုံးက ဘယ်တော့မှမီးတောက်မှာမဟုတ်ဘူး။ စိုထိုင်းလွန်းအားကြီးတယ်" ယောဂီကြီးဘာကိုဆိုလိုတယ်ဆိုတာမှန်းဆပြီးဖြစ်ပေမဲ့ ဦးမင်းနိုင်ကစိတ်မရှည်ဘဲပြောလိုက်ပါတယ်။

"စိုထိုင်းနေတဲ့ထင်းတုံးကို ရည်ရွယ်ချက်ရှိရှိနဲ့ ခင်ဗျားကိုကျွန်တော်ပေးလိုက်တာပါ" ယောဂီကြီးကရှင်းပြပါတယ်။

"ခင်ဗျားရဲ့စိတ်က ထင်းတုံးလိုစိုထိုင်းနေရင် အလွယ်တကူမီးမတောက်နိုင်သလို စိတ်မူမမှန်တဲ့အပြုအမူတွေ၊ ပေါက်ကွဲတာတွေကို ဟန့်တားနိုင်လိမ့်မယ်"။

"သိပ်ကောင်းတာပေါ့၊ ဒါပေမဲ့ စိုထိုင်းအောင်ကျွန်တော်ဘာလုပ်ရမလဲ"

ယောဂီကြီးက ဦးမင်းနိုင်ကိုအခန်းထဲပြန်ခေါ်သွားပြီး သူ့ရဲ့ကူရှင်ပေါ်မှာကြာပန်းပုံသဏ္ဌာန်တင်ပလ္လင်ခွေထိုင်လိုက်ပါတယ်။ ပြီးတော့မှ ဆက်ပြောပါတယ်။

"ခ[illegible]းစိတ်ဝိညာဉ်နဲ့ဆက်သွယ်ရာမှာ ခင်ဗျားကိုယ်ခင်ဗျားခန့်အပ်ထားရင်

ဘင်းနဲ့တူတဲ့ခင်ဗျားရဲ့စိတ်ကို စိုထိုင်းအောင်လုပ်လို့ရပါတယ်"။

"စိတ်ဝိညာဉ်ဟုတ်လား" ဦးမင်းနိုင်ကဖြတ်ပြောပါတယ်။ "နတ်ဘုရားတွေ နဲ့ဝိညာဉ်တွေကို ကျွန်တော်လုံးဝအယုံအကြည်မရှိဘူး။ အရာဝတ္ထုတွေကသာ အစစ် အမှန်ပဲ။ နတ်ဘုရားတွေဆိုတာ လူတွေ အထူးသဖြင့် သေခြင်းတရားနဲ့မသိခြင်းကို ကြောက်ရွံ့တဲ့သူတွေ ဖန်တီးထားတာပါ"။

"ဦးမင်းနိုင်၊ လူမှာ အင်အားကြီးတဲ့စွမ်းအင်တစ်မျိုးရှိတယ်ဆိုရင် ခင်ဗျား ယုံမလား၊ ကျွန်တော်တို့နေထိုင်တဲ့ကမ္ဘာလောကကြီးမှာ ရုပ်တရားထက်လွန်တဲ့အရာ တစ်ခုပေါ့ဗျာ"။

"ယုံပါတယ်၊ အဲဒါကိုလက်ခံနိုင်ပါတယ်"။ မိနစ်အနည်းငယ်လောက်ကြာ သွားပါတယ်။ ပြီးတော့မှ ယောဂီကြီးကဆက်ပါတယ်။

"ဒုတိယသစ်စေ့က အဲဒီအင်အားကြီးတဲ့စွမ်းအင်နဲ့ ခင်ဗျားဘယ်လိုချိတ် ဆက်ရမလဲဆိုတာဖော်ထုတ်ပေးလိမ့်မယ်။ ကျွန်တော်ပေးလိုက်တဲ့သစ်စေ့ကဘယ် လိုလဲ။ အဆင်ပြေရဲ့လား။ အဲဒီအပင်ရဲ့ထူးခြားတဲ့လက္ခဏာရပ်တွေကို ခင်ဗျားခွဲခြား နိုင်ပြီလား"။

"ဟုတ်ကဲ့၊ အရွက်စိမ်းနုနုလေးတွေနဲ့အရမ်းလှတဲ့အပင်ငယ်လေးပါ။ ဒါပေမဲ့ အဲဒီအပင်က ကျွန်တော့်စွမ်းအင်နဲ့ဘယ်လိုပတ်သက်ပါသလဲ"။

"အများကြီးပတ်သက်တာပေါ့" ယောဂီကြီးကပြန်ဖြေပါတယ်။ "ခင်ဗျား စိုက်တဲ့အပင်က သက်ရှိအပင်လို့ခေါ်တဲ့ ထိကရုန်းပင်ပဲ။ သူက အထိမခံတဲ့အပင်ပဲ။ သူ့ပတ်ဝန်းကျင်ကဆူဆူညံညံအသံတွေခံစားမိတာနဲ့ အရွက်တွေပိတ်သွားတဲ့ ထူးခြား တဲ့လက္ခဏာရှိတယ်။ သူ့နားမှာလှုပ်လှုပ်ရှားရှားဖြစ်လာရင် သူ့ကိုယ်သူဖုံးကွယ်လိုက် တယ်။ သူကတစ်ကိုယ်တည်းနေပြီး အတွင်းပိုင်းငြိမ်းချမ်းမှုကိုရှာတယ်။ ကျွန်တော် တို့လူသားတွေလည်း တစ်နေ့ကိုတစ်ကြိမ်လောက် အဲဒီလိုလုပ်သင့်တယ်။ အတွင်း အပြင် ဆူဆူညံညံအသံတွေအားလုံး၊ လှုပ်လှုပ်ရှားရှားတွေအားလုံးကိုဘေးဖယ်ပြီး ကျွန်တော်တို့ရဲ့အတွင်းပိုင်းစွမ်းအင်နဲ့ဝင်ရောက်ဆက်သွယ်ရမယ်"။

အခုဆို ဦးမင်းနိုင်နည်းနည်းတော့နားလည်လာပါတယ်။

"ကျွန်တော် ဘယ်လိုလုပ်ရမလဲ"။

"ဦးမင်းနိုင်၊ ကျွန်တော်တို့ အဇ္ဈတ္တအတွင်းပိုင်းမှာ အေးချမ်းခြင်း၊ ငြိမ်သက်ခြင်းဆိုတဲ့ ကြီးမားတဲ့ရတနာတစ်ပါးရှိတယ်။ အဲဒီရတနာက အဇ္ဈတ္တစွမ်းအင်ပဲ။ ဒါပေမဲ့ အဲဒီအဇ္ဈတ္တစွမ်းအင်ကို ကျွန်တော်တို့ရဲ့အတွေးတွေဆိုတဲ့လုံခြုံရေးအစောင့်အကြပ်တွေက စောင့်ရှောက်နေတယ်။ အဲဒီရတနာကိုရနိုင်တဲ့ တစ်ခုတည်းသောနည်းလမ်းက လုံခြုံရေးအစောင့်အကြပ်တွေကို အချိန်အတော်ကြာအလုပ်နားထားဖို့ပဲ။ တစ်နည်းပြောရရင် အတွေးကိုရပ်လိုက်ပါ"။

"ဒါပေမဲ့ အတွေးစိတ်ကူးကိုရပ်ဖို့ ဖြစ်မှမဖြစ်နိုင်ပဲ" ဦးမင်းနိုင်ကပြောပါတယ်။ "ကျွန်တော်တို့မတွေးဘူး၊ စိတ်မကူးဘူးဆိုရင် စိတ်ကဘာအသုံးဝင်တော့မှာလဲ။ ကျွန်တော်သာမတွေးရင် အခုလောက်ဆို ကျွန်တော့်ကုမ္ပဏီဘယ်ရောက်မှန်းသိမှာတောင်မဟုတ်တော့ဘူး"။

သူ့စကားလုံးတွေကထင်ဟပ်နေတဲ့ခိုင်မာတဲ့အယူအဆကို သဏ္ဍာန်ပြနေသလို ယောဂီကြီးက မူလအနေအထားအတိုင်း မပျက်မယွင်းဆက်ထိုင်နေပါတယ်။

"အဲဒါက လွယ်တယ်လို့ကျွန်တော်မပြောပါဘူး" သူကဆက်ပြောပါတယ် "လူတွေကအဲဒီလိုလုပ်လေ့လုပ်ထမရှိဘူး၊ ဒါပေမဲ့ လူတွေဟာ နေ့တိုင်းမိနစ်အနည်းငယ်လောက်မတွေးဘဲနေနိုင်ရင် ကမ္ဘာကြီးကလုံးဝကွဲပြားခြားနားသွားလိမ့်မယ်။ ပဋိပက္ခတွေလည်းနည်းလာပြီး လူတွေလည်း အများကြီးပျော်ရွှင်လာလိမ့်မယ်။ ယုတ္တိမတန်တဲ့သူတစ်ယောက်ဖြစ်လာစေမယ့် အယူအဆမဟုတ်ဘူး။ ခင်ဗျားစိတ်ကို အနားပေးတဲ့အယူအဆပါ။ နေ့ဘက်မှာဆို နေရဲ့တောက်ပမှုက ဖုံးလွှမ်းထားတဲ့အတွက် ကြယ်တွေကိုခင်ဗျားမမြင်နိုင်ဘူး။ ဒါပေမဲ့ ကြယ်တွေကို ခင်ဗျားမမြင်ရဘူးဆိုတောင်မှ သူတို့အဲဒီနေရာမှာအမြဲရှိနေတယ်ဆိုတာ ခင်ဗျားသိတယ်။ လူတွေမှာလည်း အဲဒီအတိုင်းအတူတူပဲ။ ကျွန်တော်တို့အတွေးတွေရဲ့တောက်ပမှုက ကျွန်တော်တို့ရဲ့အတွင်းပိုင်းက အံ့ဩဖွယ်ရာစကြဝဠာကြီးကိုမမြင်ရအောင်ကာထားတယ်။ ဒါပေမဲ့ ကျွန်တော်ကိုယ်ပါများ။ အဲဒီလိုမမြင်နိုင်ပေမဲ့ ကျွန်တော်တို့အတွင်းမှာအဲဒါရှိနေတယ်"။

"အတွင်းပိုင်းက စကြာဝဠာဆိုတာ ဘာကိုဆိုလိုတာလဲ" ဦးမင်းနိုင်ကမေး လိုက်ပါတယ်။

"အတွင်းပိုင်းဆိုတာ ခင်ဗျားရဲ့ဝိညာဉ်၊ ခင်ဗျားရဲ့အဇ္ဈတ္တပေါ့။ ဒါပေမဲ့ ခင်ဗျား နားလည်ရှိရင် ခင်ဗျားရဲ့ **'အင်အားကြီးတဲ့စွမ်းအင်'** လို့ခေါ်ပေါ့။ ခင်ဗျားရဲ့အဲဒီစွမ်းအင် နဲ့ဆက်သွယ်နိုင်ရင် ထူးခြားတာတွေအများကြီးဖြစ်လာလိမ့်မယ်။ ပထမဆုံးအနေနဲ့ အေးချမ်းမှုနဲ့ မယုံနိုင်လောက်တဲ့ပျော်ရွှင်မှုကို ခင်ဗျားခံစားရမယ်။ မတွေ့ရတာနှစ်ပေါင်း ၂၀ လောက်ကြာပြီဖြစ်တဲ့မိတ်ဆွေတစ်ယောက်ကိုပြန်တွေ့ရတဲ့အချိန်မှာ ခံစား ရသလိုမျိုးပေါ့။ ခင်ဗျား သူ့ကိုတွေ့ရင် ဝမ်းသာပျော်ရွှင်မှုကိုခံစားရမယ်။ ဒုတိယ အနေနဲ့ 'အင်အားကြီးတဲ့စွမ်းအင်' နဲ့ပုံမှန်ဆက်သွယ်ခြင်းအားဖြင့် ခင်ဗျားရဲ့ပင်ကို အရည်အသွေးကိုပြန်လည်စတင်တွေ့ရှိလိမ့်မယ်။ ခင်ဗျားဟာ ပိုပြီးအေးဆေးတည် ငြိမ်တဲ့၊ စိတ်ချမ်းမြေ့တဲ့၊ ကြင်နာတတ်တဲ့၊ ယဉ်ကျေးဖော်ရွေတဲ့၊ ကူညီတတ်တဲ့၊ ပေးဆောင်မှုပေးတဲ့သူတစ်ယောက်ဖြစ်လာမယ်။

တတိယအနေနဲ့ ထင်းနဲ့ပြန်ပြီးပုံခိုင်းပြရရင် ခင်ဗျားရဲ့စိတ်ထင်းတုံးကို ရေ စိမ်ထားပါများတော့ တချို့အမှုအကျင့်တွေက မီးမစွဲတော့ဘူးပေါ့။ ဆိုလိုတာက ခင်ဗျားမှာ ပြဿနာတွေနဲ့ရှုပ်ထွေးတဲ့အခက်အခဲတွေရှိရင်တောင် မထိန်းချုပ်နိုင် လောက်တဲ့ဒေါသမျိုးမရှိတော့ဘူး။ အလုပ်မှာ ဒေါသတောက်လောင်တာမျိုးမရှိ တော့ဘူး။ ဦးမင်းနိုင်၊ လူတွေဟာ အပြင်မှာအနက်ရောင်ခြယ်သထားတဲ့ မီးသီးတွေ နဲ့တူတယ်။ နေ့စဉ် ကျွန်တော်တို့အတွေးတွေကို မိနစ်အနည်းငယ်လောက်ရပ်လိုက် တဲ့အခါ တဖြည်းဖြည်းနဲ့အနက်ရောင်ကိုခြစ်ထုတ်လိုက်တယ်။ ကျွန်တော်တို့အတွင်း ပိုင်းကအလင်းရောင်က ကျွန်တော်တို့ဘဝမှာ စပြီးထွန်းလင်းတောက်ပလာတယ်။ ပြီးစိတ်ချမ်းမြေ့မှုကိုခံစားရတယ်။ ဒါပေမဲ့ အဆုံးစွန်အားဖြင့် ကျွန်တော်တို့ဟာ တခြားသူတွေရဲ့ဘဝကိုထွန်းညှိပေးလေ့ရှိပါတယ်"။

ဦးမင်းနိုင်ဟာ ယောဂီကြီးရဲ့ရှင်းပြချက်ကိုလိုက်မီပါတယ်။ ဒါပေမဲ့ သူ့မှာ မေးစရာ မေးခွန်းတချို့တော့ရှိပါတယ်။

"မတွေးဘဲနေတာက အဲဒီပိုသက်ရောက်မှုမျိုးကိုဖြစ်စေနိုင်ငြင်း ဘာဖြစ်လာ

မလဲ"။

"လှိုင်းလေထန်တဲ့မြစ်ဟာ နွံ့တွေပြည့်နှက်နေတဲ့အခါ အဲဒီမြစ်ကနေ ကျွန်တော်တို့ရေသောက်နိုင်မယ့် တစ်ခုတည်းသောနည်းလမ်းက ရက်အနည်းငယ် လောက်ကန်ထဲမှာ လှောင်ထားဖို့ပဲ။ ငြိမ်သွားပြီး အနည်အနှစ်တွေ ကန်အောက်ခြေမှာ ထိုင်သွားတဲ့အခါ အပေါ်ပိုင်းကသန့်ရှင်းတဲ့ရေကို ကျွန်တော်တို့သောက်နိုင်တယ်။ စိတ်ကလည်း အဲဒီအတိုင်းအတူတူပဲ။ အမှုကိစ္စတွေကနေဖယ်ခွာပြီး အတွေးစိတ် ကူးတွေကိုရပ်လိုက်တဲ့အခါ ကျွန်တော်တို့ရဲ့မကောင်းတဲ့ညစ်တွေလျော့ကျပြီး မျက်နှာ ပြင်ပေါ်တက်လာတာကတော့ ကျွန်တော်တို့ထဲမှာရှိနေတဲ့ အံ့ဩစရာကောင်းတဲ့ အနှစ်သာရတစ်ခုဖြစ်တဲ့ 'အင်အားကြီးတဲ့စွမ်းအင်' ပေါ့"။

"ဒါပေမဲ့ ကျွန်တော်တို့အားလုံးမှာ အဲဒီအရာရှိနေတယ်ဆိုရင် အဲဒါကို ဘာဖြစ်လို့ အလွယ်တကူမတွေ့မြင်တာလဲ"။

"လူ့စိတ်တွေဟာ ဟောင်းနွမ်းနေတဲ့ငွေကရားတွေနဲ့တူတယ်။ မတိုက်ချွတ် ဖြစ်တာလည်း တော်တော်ကြာပြီဖြစ်တဲ့အတွက် အရောင်ကလည်းမှေးမှိန်လာပြီ။ ကျွန်တော်တို့အားလုံးက အဲဒီအရောင်မှိန်မှိန်ကိုမြင်နေကျဆိုတော့ အဲဒါဟာ သူ့ရဲ့ အစစ်အမှန်ပုံသဏ္ဌာန်မဟုတ်ပါလားဆိုတာ ကျွန်တော်တို့မသိကြဘူး။ ကျွန်တော်တို့ အတွေးတွေကိုရပ်လိုက်တဲ့အခါ နေ့စဉ်နည်းနည်းချင်း ကရားကိုပြောင်လက်အောင် တိုက်ချွတ်နေတာနဲ့တူတယ်။ အချိန်တန်တော့ ငွေရောင်ကရားက အရောင်ဝင်းလက် တောက်ပလာတယ်။ ဒါပေမဲ့ တိုက်ချွတ်တာကိုရပ်လိုက်မယ်၊ နေ့စဉ်မတိုက်ချွတ် တော့ဘူးဆိုရင် အရောင်ကပြန်မှေးမှိန်သွားတယ်"။

"တရားအားထုတ်တယ်ဆိုတာ မတွေးဘဲ၊ မကြံဘဲနေတဲ့နည်းလမ်းကိုဆိုလို တာလား"။

"အမှန်ပဲ" ယောဂီကြီးပြန်ဖြေပါတယ်။ "အရှေ့တိုင်းမှာတရားအားထုတ် တယ်လို့ခေါ်ပြီး အနောက်တိုင်းမှာတော့ *'အတွေးများငြိမ်သက်ခြင်း'* လို့ခေါ်ပါတယ်။ အဲဒီနည်းလမ်းကို ကက်သလစ်နဲ့ ဂျူးဘာသာတွေမှာလည်းသုံးတယ်။ ခင်ဗျားပြော သလိုပဲ အတွေးအကြံတွေရပ်ဖို့ဆိုတာမလွယ်ပါဘူး။ ခင်ဗျားမျက်လုံးတွေမှိတ်လိုက်ပြီး

တစ်မိနစ်လောက်မတွေးမကြံမိအောင်ကြိုးစားကြည့်ပါ"။

ဦးမင်းနိုင်တစ်ယောက် သူ့မျက်လုံးတွေကိုမှိတ်လိုက်ပြီး အာရုံကိုစုစည်း ထိုက်ပါတယ်။ တစ်မိနစ်လောက်လည်းပြည့်ရော ယောဂီကြီးက "တစ်မိနစ်ပြည့်သွားပြီ၊ အတွေးအကြံတွေကိုရပ်လို့ရလား"။

"မဖြစ်နိုင်ဘူး" ဦးမင်းနိုင်ကပြန်ဖြေပါတယ်။ "ကျွန်တော့်ဘဝတစ်လျှောက် လုံးမှာ အတွေးတွေသိပ်မှမများတာ၊ ကျွန်တော့်စိတ်ထဲမှာ အတွေးတွေဘယ်လောက် များများရှိသလဲ ဆရာမှမသိတာ၊ မဖြစ်နိုင်ပါဘူး"

ယောဂီကြီးက တစ်ဖန်ငြိမ်သက်သွားပါတယ်။ တစ်မိနစ်ကျော်ကျော်လောက် ယောဂီကြီးက အသက်ရှူတာကိုရှူမှတ်နေပုံရပါတယ်။ ပြီးနောက် သူကဆက်ပြောပါ တယ်၊ "အဲဒီလိုလုပ်ဖို့ ခင်ဗျားစိတ်ကိုခင်ဗျား ကူညီမှရမယ်။ လူတွေဟာ ဆေးလိပ် ဖြတ်ချင်တဲ့အခါ သူတို့အကျင့်ကိုဖျောက်ဖျက်ဖို့ နည်းလမ်းအမျိုးမျိုးသုံးရတယ်။ ဒီကောဝါးရတယ်၊ သကြားလုံးစားရတယ်၊ နီကိုတင်းကပ်ခွာတွေသုံးရတယ်၊ အဲဒီလိုနဲ့ သူတို့ခန္ဓာကိုယ်ဟာ နီကိုတင်းတောင့်တမှုကိုလျှော့ချပြီး ဆေးလိပ်သောက်တဲ့အကျင့် ကိုဖြတ်ဖို့ဖြစ်နိုင်သွားတယ်။ အတွေးအကြံဆိုတာလည်း အဲဒီအတိုင်းပဲ။ အဲဒါက ဘစ်ဘဝလုံးပါနေတဲ့အလေ့အကျင့်ဖြစ်ပြီး ရပ်ဖို့ဆိုတာမလွယ်ပါဘူး။ ကျွန်တော်တို့ အတွက် တဖြည်းဖြည်းနဲ့ အထောက်အကူပြုမယ့်နည်းလမ်းတစ်ခုတော့လိုမယ်။ ဘစ်ခါက ဖုံးဖြဖွယ်ရာမီးခွက်လေးတစ်လုံးကိုတွေ့သွားတဲ့ လူငယ်လေးတစ်ယောက်ရှိ ဘယ်။ သူက မီးခွက်ကိုပွတ်လိုက်တော့ မီးခွက်စောင့်ဘီလူးထွက်လာပြီး သူလိုချင် တောင့်တသမျှကို ဖြည့်ဆည်းပေးတယ်။

ဒါပေမဲ့ စည်းကမ်းသတ်မှတ်ချက်တစ်ခုတော့ရှိတယ်။ တကယ်လို့ လူငယ် လေးက လိုချင်တောင့်တမှုကိုရပ်လိုက်မယ်ဆိုရင် သူ့ကို ဘီလူးကသတ်ပစ်မယ်ပေါ့။ သူငယ်လေးက အိမ်တွေ၊ ရထားတွေ၊ ကျောက်မျက်ရတနာတွေ စသဖြင့် သူလိုချင် တောင့်တသမျှတွေကိုတောင်းတယ်။ ဒါပေမဲ့ အချိန်လည်းနည်းနည်းကြာလာရော သူဘာကိုတောင့်တရမှန်းမသိတော့ဘဲ ဘီလူးက သူ့ကိုသတ်ပစ်မှာကိုကြောက်ရွံ့လာ ဘယ်။ အဲဒီအချိန်မှာ တိုင်တစ်လုံးကိုတောင့်တချင်စိတ် သူ့မှာပေါ်လာ တယ်။ တိုင်ကို

သူရတာနဲ့ ဘီလူးကိုတိုင်မှာ သူမရပ်ခိုင်းမချင်း တက်လိုက်၊ ဆင်းလိုက်လုပ်ဖို့ပြောတယ်။ အဲဒီနည်းနဲ့ လူငယ်လေးဟာ ဘီလူးကိုကြောက်ရမယ့်ဘေးက သူ့ကိုယ်သူကယ်တင်နိုင်ခဲ့ပြီး ဘဝကို အေးအေးချမ်းချမ်းဖြတ်သန်းသွားနိုင်ခဲ့တယ်"။

ယောဂီကြီးက ဦးမင်းနိုင်ရဲ့အာရုံစိုက်နေတဲ့အမူအရာကိုမြင်ပါတယ်။ သူက ဆက်ပြောပါတယ် "ဦးမင်းနိုင် ဒီဇာတ်လမ်းမှာ ဘီလူးဆိုတာလူ့ရဲ့စိတ်ပါပဲ။ ဇာတ်လမ်းထဲကအတိုင်း တိုင်ပေါ်မှာတက်လိုက်၊ ဆင်းလိုက်မလုပ်ခိုင်းသရွေ့ အတွေးတွေက ကျွန်တော်တို့ကိုခြောက်လှန့်နေမှာပဲ။ ဆိုလိုတာက သူ့ကိုအတွေးတစ်ခုထဲမှာ အကြိမ်ပေါင်းများစွာရှိနေအောင်လုပ်ရမယ်။ အဲဒါက ကျွန်တော်ခင်ဗျားကို ပထမဆုံးလမ်းညွှန်တဲ့နည်းလမ်းပဲ။ အပြုသဘောဆောင်တဲ့ နှစ်လိုဖွယ်အာရုံတစ်ခုကိုဖြစ်စေတဲ့စကားလုံးတစ်လုံးကို ခင်ဗျားရွေးရလိမ့်မယ်။ ဥပမာ- 'ငြိမ်းချမ်းတယ်' ဆိုတဲ့စကားလုံးပေါ့။ ခင်ဗျားကြိုက်တဲ့ဘယ်လိုစကားလုံးမျိုးပဲဖြစ်ဖြစ် ရွေးနိုင်ပါတယ်။ ပြီးရင် ကုလားထိုင်၊ ဒါမှမဟုတ် ကုလားထိုင်တစ်ခုခုမှာ မတ်မတ်ထိုင်ပြီး အဲဒီစကားလုံးကို ၁၅ မိနစ်လောက် စိတ်ထဲကအထပ်ထပ်အခါခါရွတ်ပါ။

အဲဒီနည်းနဲ့ ခင်ဗျားရဲ့စိတ်ကို တိုင်မှာတက်လိုက်၊ ဆင်းလိုက်လုပ်သလိုလုပ်ခိုင်းထားရင် ကျန်တဲ့အတွေးတွေ၊ စိတ်ကူးတွေဆီလွင့်သွားဖို့မလွယ်တော့ဘူး။ အတွေးတစ်ခုတည်းကိုတွေးနေတာက မတွေးအောင်လုပ်ဖို့အတွက် ပထမဆုံးခြေလှမ်းပဲ။ အဲဒီလိုနည်းနဲ့ ခင်ဗျားရဲ့စိတ်ကိုလေ့ကျင့်ပေးရင် တဖြည်းဖြည်းနဲ့ အာရုံစူးစိုက်မှုကောင်းကောင်းလုပ်လာနိုင်လိမ့်မယ်။ ဒါပေမဲ့ အဲဒါကလွယ်မှာတော့မဟုတ်ဘူး။ စကားလုံးတစ်လုံးကို စိတ်ထဲမှာအထပ်ထပ်အခါခါရွတ်တဲ့အခါ တခြားအတွေးတွေက ဆက်ဝင်လာနေဦးမှာပဲ။ ဒါကပုံမှန်ပါပဲ။ အဲဒီအတိုင်းထားရင်းနဲ့ စကားလုံးမှာပဲ အာရုံကိုဆက်စူးစိုက်နေပါ။ တဖြည်းဖြည်းနဲ့ ခင်ဗျားအလေ့အကျင့်ဖြစ်လာပြီး အာရုံစူးစိုက်မှုအားပိုကောင်းလာလိမ့်မယ်။ ရေကူးသင်ဖို့အတွက် ကလေးတွေဟာ ဖောနဲ့ရေထဲဆင်းရတယ်။ ဒါပေမဲ့ သူတို့အလေ့အကျင့်ရလာတဲ့အခါ ဖောကိုချွတ်ပြီးကန်ထုတ်လို့ရပြီ။ ခင်ဗျားစိတ်ထဲမှာ စကားလုံးတစ်လုံးကို အထပ်ထပ်အခါခါရွတ်နေတာက ဖောကိုကိုင်ထ[illegible]ခနဲ့တူတယ်။ လေ့ကျင့်ခါစမှာ အဲဒါလိုတယ်။ မဟုတ်ရင် အတွေး

ယောဉ်ကြောထဲမှာ နစ်မွန်းသွားလိမ့်မယ်။ နောက်ပိုင်း အလေ့အကျင့်အများကြီး ဘောတဲ့အခါ စကားလုံးတစ်လုံးကို ထပ်ခါရွတ်စရာမလိုတော့ဘဲ အတွေးကိုရပ်ပစ် နိုင်ပါပြီ"။

ဦးမင်းနိုင်တစ်ယောက် စဖို့အသင့်ပါပဲ။ 'ငြိမ်းချမ်းတယ်' ဆိုတဲ့စကားလုံးကို ရွေးချယ်ပြီး မျက်စိကိုမှိတ်ကာ တိတ်တိတ်လေးစရွတ်ပါတော့တယ်။ ပထမတော့ အရမ်းခက်တာတွေ့ရတယ်။ အဲဒီစကားလုံးကို အကြိမ်ပေါင်းများစွာအထပ်ထပ် အခါခါရွတ်မိတယ်။ အဲဒီနောက် သူသတိမထားမိလိုက်ဘဲ အလုပ်၊ အိမ်နဲ့ ပြဿနာတွေဖြေရှင်းတဲ့ဆီစိတ်က ပြန်ရောက်နေပါတယ်။ နောက်ပြီး အရင်က ဘယ်တုန်းကမှ မဖြစ်ဖူးသလိုမျိုး သူ့ခန္ဓာကိုယ်ကို သိမ်မွေ့စွာသတိမူမိလာတယ်။ တစ်ချိန်လုံးအနေအထားတစ်ခုတည်းနဲ့ထိုင်နေရတဲ့အတွက် ယားသလိုလို၊ စပ်ဖျဉ်းဖျဉ်းဖြစ်သလို ကိုယ်ခန္ဓာအရေပြားပေါ်မှာ အပူချိန်ပြောင်းလဲသလိုလို ခံစားရပါတယ်။

သူ့အတွေးတွေကို ဆက်လွှတ်ထားပြီး အာရုံစူးစိုက်နေဖို့ဆက်ကြိုးစားပါတယ်။ အာရုံစူးစိုက်ပြီးစက္ကန့်အနည်းငယ်အကြာမှာတော့ အရမ်းထူးဆန်းတဲ့အရာတစ်ခုကိုခံစားမိတယ်။ သူကလေးဘဝတုန်းက အမေက သူ့ကိုပေးသလိုချစ်ခြင်းမေတ္တာမျိုး မေတ္တာအာရုံတစ်ခုပါ။ သူပျော်ရွှင်မှုကိုခံစားရတယ်။ ဒါပေမဲ့ အာရုံကတိုတောင်းပါတယ်။ သူ့ရဲ့ပျော်ရွှင်မှုကို လာမယ့်အပတ်မှာ နိုင်ငံခြားကုမ္ပဏီတစ်ခုနဲ့လက်မှတ်ထိုးရမယ့်စာချုပ်က ကြားဝင်ဟန့်တားလိုက်ပါတယ်။ ဦးမင်းနိုင်ဟာ စကားလုံးကိုဆက်ရွတ်ဖို့ကြိုးစားပါတယ်။ ဒါပေမဲ့ သူဘာကိုမှထပ်ပြီးမခံစားမိတော့ပါဘူး။ သူ့ကိုယ်သူ ပြန်သတိထားမိလိုက်တဲ့အခါမှာတော့ သူအရင်အနေအထားအတိုင်း၊ ဒါပေမဲ့ ပိုပြီး ကောင်းမွန်တဲ့အနေအထားနဲ့ မျက်လုံးဖွင့်ပြီးအိပ်ပျော်နေသလို ယောဂီကြီးက သူ့ကို လေ့လာနေပါတယ်။

"ခင်ဗျားတစ်ခုခုခံစားမိလား၊ ဦးမင်းနိုင်"

စက္ကန့်အနည်းငယ်ကြာ နှစ်ယောက်စလုံး တစ်နေရာသွားနေပြီးမှ ပြန်လာသလိုမျိုး ယောဂီကြီးကမေးလိုက်ပါတယ်။ ဦးမင်းနိုင်က သူ့အတွေ့အကြုံကို အသေးစိတ်ပြန်ပြောပြပါတယ်။ "စက္ကန့်အနည်းငယ်လောက်တော့ ထူးခြားတဲ့ အရာတစ်ခုကို

ခံစားမိတယ်။ ဒီနည်းလမ်းကို ကျွန်တော် တကယ့်ကိုပိုပြီးထိတွေ့ခံစားချင်တယ်" ဦးမင်းနိုင်က စကားကိုအဆုံးသတ်လိုက်ပါတယ်။

ယောဂီကြီးကဆက်ပြောပါတယ် "လူတစ်ယောက်ဟာ မြေအောက်ဥမင်ထဲမှာရောက်နေပြီး အပြင်ထွက်တဲ့လမ်းကိုရှာမတွေ့ရင် စိတ်ဓာတ်ကျပြီး ကြိုးစားဖို့ လက်လျှော့လိုက်လိမ့်မယ်။ ဒါပေမဲ့ သူကြိုးစားတူးတဲ့အတွက်အပြင်ကိုထွက်ဖို့ အလင်းရောင်မှိန်ပြပြအပေါက်လေးတစ်ခုရှာတွေ့ရင်တောင် အပြင်ထွက်နိုင်တဲ့အထိ ဆက်တူးဆွ၊ ခြစ်ထုတ်ချင်လာအောင် တွန်းအားပေးနိုင်လိမ့်မယ်။ ဦးမင်းနိုင်၊ အခု ခင်ဗျားရဲ့ အနက်ရှိုင်းဆုံးနေရာကိုစတူးပြီး အလင်းတန်းသေးသေးလေးတစ်ခုကိုတွေ့ရှိရှိပါသေးတယ်။ ဒီနည်းလမ်းကို နေ့စဉ် မနက်ရော ညပါလေ့ကျင့်ပါ။ မကြာခဏထူးခြားတဲ့အာရုံမျိုး တစ်ပုံစံတည်းခံစားရလိမ့်မယ်။ ကျွန်တော်ပြောတဲ့စကားလုံးကို ထပ်ခါရွတ်တဲ့နည်းလမ်းက ခင်ဗျားကိုလောင်ကျွမ်းပေါက်ကွဲစေတဲ့ စိတ်ထင်းတုံးကိုစိုထိုင်းအောင်လုပ်ပေးလိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားမပေါက်ကွဲအောင်ဆိုရင် ထင်းတုံးကို နေ့ဘက်နဲ့ ညဘက်နှစ်ထားရုံနဲ့မလုံလောက်ဘူး။ နေ့ဘက်မှာလည်းသုံးနိုင်တဲ့နည်းလမ်းတစ်ခုကို ခင်ဗျားကိုပြောပြမယ်။ အဲဒီနည်းလမ်းက မီးဆက်မလောင်အောင် ထင်းတုံးကိုစိုထိုင်းစေလိမ့်မယ်။ အဲဒီနည်းလမ်းက ခင်ဗျားအသက်ရှူတာကိုသုံးရတယ်"။

"ကျွန်တော့်အသက်ရှူတာဟုတ်လား" ဦးမင်းနိုင်က တအံ့တဩနဲ့မေးလိုက်တယ်။

"ဟုတ်တယ် ခင်ဗျားကြောက်ရွံ့ထိတ်လန့်တုန်လှုပ်ပြီးစိတ်ဖိစီးတဲ့အခါ ခင်ဗျားရဲ့အသက်ရှူနှုန်းက မြင့်တက်လာတယ်။ တစ်နည်းပြောရရင် သက်သောင့်သက်သာအနားယူအိပ်စက်တဲ့အခါ ခင်ဗျားရဲ့အသက်ရှူနှုန်းကကျပြီး ဝင်သက်၊ ထွက်သက်ရှည်လျားတယ်။ ခင်ဗျားအသက်ရှူရတာကိုသတိထားလေ့လာပြီး နှေးအောင်ထားမယ်ဆိုရင် ထင်းတုံးကစိုထိုင်းပြီး မီးတောက်လောင်နိုင်တော့မှာမဟုတ်ဘူး။ အဲဒီလိုပဲ အသက်ရှူတာက ခင်ဗျားစွမ်းအင်နဲ့ပတ်သက်နေတယ်။ အဲဒီနေရာမှာပဲ ကျွန်တော်ရှေ့မှာပြောခဲ့တဲ့ ... သားတစ်ယောက်ရဲ့ 'အင်အားကြီးတဲ့စွမ်းအင်' ကို ခင်ဗျားတွေ့

ထိမ့်မယ်"။

ဦးမင်းနိုင်ရဲ့မျက်ခုံးနှစ်ခုကြားကနဖူးနေရာကို ယောဂီကြီးက လက်ညှိုးနဲ့ထောက်လိုက်ပါတယ်။

"ဒီနေရာပဲ" ယောဂီကြီးကဆက်ပြောပါတယ် "ဦးခေါင်းခွံထဲက စင်တီမီတာအနည်းငယ်လောက်အကွာမှာရှိတဲ့ ဟိုက်ပိုသဲလမက်စ် *(Hypothalamus)* ဆိုတဲ့ဦးနှောက်အစိတ်အပိုင်းထဲမှာ အဲဒီစွမ်းအင်ရှိနေတယ်။ အဲဒီနေရာကိုတက်လာတဲ့ခင်ဗျားရဲ့အသက်ရှူတာကိုမြင်ယောင်ပြီးအာရုံစူးစိုက်တဲ့အခါ 'အင်အားကြီးတဲ့စွမ်းအင်' နဲ့ ခင်ဗျားဆက်သွယ်မိသွားတယ်။ ခင်ဗျားအဲဒီလိုလုပ်တဲ့အခါ ပိုပြီးတည်ငြိမ်အေးချမ်းမှုကိုရရှိခံစားရလိမ့်မယ်။ အသက်ရှူတာက အဆုတ်ထဲကိုသွားတယ်ဆိုရင် ဟိုက်ပိုသဲလမက်စ်ဆီတက်သွားတဲ့ ကျွန်တော့်ရဲ့အသက်ရှူတာကို ဆရာဘာဖြစ်လို့မျှော်လင့်တာလဲ။ ဆရာက ကျွန်တော့်ကို အဲဒါမှန်းဆစေချင်တာလား"

"မဟုတ်ဘူး။ ကျွန်တော်က ခင်ဗျားကိုအဲဒါခံစားစေချင်တာ။ ခင်ဗျားရဲ့ရုပ်ပိုင်းဆိုင်ရာဝင်သက်ထွက်သက်က အဆုတ်ဆီသွားတယ်။ စွမ်းအင်ကို ရှူသွင်း၊ ရှူထုတ်လုပ်တာကိုခံစားမိအောင် ခင်ဗျားသင်ယူရမှာပါ။ ခင်ဗျားအသက်တစ်ခါရှူတိုင်းလေတင်မကဘူး။ လေထုထဲက ပရာန *(Prana)* ဆိုတဲ့စွမ်းအားကိုပါ ရှူသွင်းတယ်။ ဟိုက်ပိုသဲလမက်စ်ဆီရောက်အောင်မြှင့်တင်သင့်တာက အဲဒီစွမ်းအင်ပေါ့။ အဲဒီနည်းအတွက် ခင်ဗျားမျက်လုံးကို မှိတ်ထားဖို့မလိုဘူး။ ခင်ဗျားရဲ့အာရုံစိုက်မှုကိုခွဲခြားဖို့ပဲလိုတယ်။ တစ်ဖက်မှာ ခင်ဗျားဖြေရှင်းရတဲ့ပြဿနာတွေနဲ့ ခင်ဗျားကိုင်တွယ်နေရတဲ့အရာတွေအပေါ် အာရုံထားပြီး တခြားတစ်ဖက်မှာ ခင်ဗျားရဲ့အသက်ရှူတဲ့အပေါ်မှာ အာရုံထားပါ။ ရုံးထဲမှာ အကြိတ်အနယ်ဖြစ်တဲ့အစည်းအဝေးတွေ၊ ငြင်းခုံစရာတွေအလယ်မှာရောက်တဲ့အခါ အဲဒီနည်းနဲ့ ခင်ဗျားရဲ့ဝင်သက်ထွက်သက်အပေါ်မှာအာရုံစူးစိုက်ထားပြီး ခင်ဗျားကိုယ်ခင်ဗျား မီးမတောက်လောင်အောင် ကာကွယ်ရလိမ့်မယ်"

ယောဂီကြီးက ခေတ္တခဏရပ်လိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့သင်တိုင်းအင်္ကျီအစွန်းကို ဖြည်းဖြည်းချင်းစုလိုက်ပြီးဆက်ပြောပါတယ်။ "ကဲ စမ်းကြည့်ကြစို့၊ ခင်ဗျားမျက်လုံးတွေကိုဆက်ဖွင့်ထားပြီး ဝင်သက်ထွက်သက်အပေါ်မှာပဲစူးစိုက်ပါ၊ လေထဲက

စွမ်းအင်က နှလုံးထဲကိုဝင်ရောက်ဖြတ်သန်းပြီး ဟိုက်ပိုသဲလမက်စ်ဆီမြင့်တက်သွားသလိုခံစားကြည့်ပါ။ အသက်ရှူတိုင်း စွမ်းအင်စီးသလိုခံစားကြည့်ပါ၊ အတွေးစိတ်ကူးတွေအားလုံးကိုဘေးဖယ်ပြီး ခင်ဗျားရဲ့ဝင်သက်ထွက်သက်အပေါ်မှာပဲ အာရုံစူးစိုက်ထားပါ"။

ဦးမင်းနိုင် အသက်ရှူတဲ့အခါ တည်ငြိမ်ပြီးသက်သောင့်သက်သာရှိသလို စခံစားရပါတယ်။ သူအသက်ရှူတဲ့အခါ လေကပိုအေးပြီးတည်ငြိမ်၊ အေးချမ်းတဲ့အာရုံက ပိုပြီးကြီးမားလာပါတယ်။ ပထမတော့ သူ့ရဲ့ဟိုက်ပိုသဲလမက်စ်ဆီမြင့်တက်သွားတဲ့စွမ်းအင်ကိုခံစားမိဖို့ အခက်အခဲဖြစ်နေပါတယ်။ ဒါပေမဲ့ တဖြည်းဖြည်းကျင့်သားရသလိုအဆင်ပြေလာပါတယ်။ သက်သောင့်သက်သာရှိပြီး နည်းနည်းအိပ်ချင်သလိုခံစားနေရပါတယ်။

"ဘာဖြစ်တာလဲ" အာရုံကိုစူးစိုက်တဲ့လေ့ကျင့်ခန်းပြီးတဲ့အချိန်မှာ ဦးမင်းနိုင်ကမေးလိုက်ပါတယ်။ "ကျွန်တော်အိပ်ပျော်လုနီးနီးဖြစ်သွားတာပဲ။ အဲဒီဟိုက်ပိုသဲလမက်စ်ထဲမှာ ဘာရှိသလဲ၊ စိတ်ပန်းပြေတဲ့ဆေးများရှိသလား"။

ယောဂီကြီးက နားလည်စွာနဲ့ပြုံးလိုက်ပါတယ်။

"လူတစ်ယောက်ဟာ သူသွားချင်တဲ့နေရာကိုရောက်ဖို့ အမှိုက်ပုံကိုဖြတ်လျှောက်ရတဲ့အခါ ရေမွှေးဆွတ်ထားတဲ့လက်ကိုင်ပဝါကို သူ့နှာခေါင်းမှာအုပ်မယ်။ မဟုတ်ရင် ဆိုးရွားတဲ့အနံ့အသက်တွေကို သူရလိမ့်မယ်။ ဒါပေမဲ့ လက်ကိုင်ပဝါကို အချိန်အတော်ကြာသူမသုံးဖြစ်တဲ့အခါ အနံ့ဆိုးတွေနဲ့ သူယဉ်ပါးသွားတယ်။ လူတွေအားလုံးမှာ အဲဒီအတိုင်းအတူတူပဲ။ ဒေါသ၊ မုန်းတီးမှု၊ အငြင်းပွားမှု၊ အပျက်သဘောဆောင်မှု၊ အကြမ်းဖက်မှု၊ မချီတင်ကဲဖြစ်မှု၊ စိတ်ဖိစီးမှုတွေနဲ့ဆိုးရွားတဲ့ကမ္ဘာ့အမှိုက်ပုံကြီးထဲမှာ ကျွန်တော်တို့နေထိုင်နေတယ်။ ဒါပေမဲ့ ကျွန်တော်တို့နှာခေါင်းလိုပဲ ကျွန်တော်တို့စိတ်ဟာ အဲဒီနည်းနဲ့နေထိုင်ကျင့်သားရနေတာကို ကျွန်တော်တို့သဘောမပေါက်ကြဘူး။ ခင်ဗျားရဲ့ဟိုက်ပိုသဲလမက်စ်ထိရောက်တဲ့အသက်ရှူတာကိုအာရုံစိုက်တဲ့အခါ ကျွန်တော်တို့အားလုံးအတွင်းထဲမှာရှိနေတဲ့ ရေမွှေးဆွတ်ထားတဲ့လက်ကိုင်ပဝါကို ခင်ဗျားသုံးနေတယ်။ ကျွန်တော်တို့ရဲ့အတွင်းပိုင်းစွမ်းအင်၊ ကျွန်တော်

ဆီနဲ့ ဝိဇ္ဇာဥ်ဖြစ်တဲ့ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ ငြိမ်သက်မှု၊ သဟဇာတဖြစ်မှုဆိုတဲ့ သောက်ကိုင်ပဝါပေါ့။ အဲဒီစွမ်းအင်က လူ့ရဲ့တကယ့်အနှစ်သာရပဲ။ ပထမတော့ အဲဒါက ခင်ဗျားအတွက် အိပ်ပျော်နေသလို၊ ငိုက်မျဉ်းနေသလိုထင်ရတယ်။ ဒါပေမဲ့ အဲဒါရဲ့ ငြိမ်းအေးမှု၊ ပျော်ရွှင်မှုကို နီးနီးကြားကြားနဲ့ခံစားနိုင်အောင်လေ့လာသင်ယူရလိမ့်မယ်"။

"အဲဒီနည်းလမ်းကို ရုံးထဲမှာလေ့ကျင့်နိုင်ဖို့ဆရာ ကျွန်တော့်ကို ဘယ်လိုမျှော် လင့်ထားသလဲ။ အသက်ရှူတဲ့အပေါ်မှာအာရုံစိုက်နေရင် ကျွန်တော့်အလုပ်အပေါ်မှာ ကျွန်တော်ဘယ်လိုအာရုံစိုက်နိုင်မလဲ"။

"ရုံးမှာ ခင်ဗျားတစ်ယောက်တည်းရှိတဲ့အခါ နှစ်နာရီတစ်ခါ မိနစ်အနည်းငယ် လောက် ခင်ဗျားရဲ့အသက်ရှူမှုအပေါ်မှာ အာရုံစိုက်ပါ။ အဲဒါက ခင်ဗျားရဲ့စိတ်ခံစား ချက်တွေက ခင်ဗျားကိုဆွဲခေါ်မသွားအောင် ကာကွယ်နိုင်ဖို့လိုအပ်တဲ့စိတ်ကြည်လင် မှုကိုပေးလိမ့်မယ်။ ပြီးတော့ အကြိတ်အနယ်ဖြစ်တဲ့အစည်းအဝေးတွေလုပ်ရတဲ့အခါ၊ ဆိုးဝါးတဲ့သတင်းစကားတစ်ခုခုကြားရတဲ့အခါ ခင်ဗျားရဲ့သတိထက်ဝက်လောက်ကို အသက်ရှူမှုအပေါ်သတိထားမိအောင် ချက်ချင်းကြိုးစားလိုက်ပါ။

အဲဒီနည်းက ခင်ဗျားကို စေ့ဆော်မှုတွေကနေ ဝေးဝေးရောက်စေပြီး အပျက် သဘောဆောင်တဲ့စိတ်ခံစားချက်တွေနဲ့ ပေါက်ကွဲမှုတွေမဖြစ်အောင် တားဆီးပေးလိမ့် မယ်၊ ခင်ဗျားကို ဓားနဲ့ထိုးတော့မယ့်လူတစ်ယောက်နားမှာ ခင်ဗျားရှိနေတဲ့အခါ နောက်ကို နှစ်လှမ်းလောက်ဆုတ်ထားမယ်ဆိုရင် ဓားနဲ့ခင်ဗျားကိုထိုးလို့ရမှာ မဟုတ် ဘူး၊ အသက်ရှူတဲ့နည်းလမ်းကလုပ်ဆောင်ပေးတာ အဲဒီအတိုင်းပဲ။ ခင်ဗျားလိုအပ် တဲ့အကွာအဝေးရောက်အောင်လုပ်ပေးလိမ့်မယ်။ အဲဒီလိုနည်းနဲ့ ခင်ဗျားအပေါ်ကျ ရောက်ထိခိုက်နိုင်တဲ့ပြဿနာတွေ၊ အငြင်းပွားဖွယ်ရာတွေ၊ မကောင်းတဲ့သတင်း စကားတွေဆိုတဲ့ ရုံးကဓားတွေရန်က ကာကွယ်နိုင်လိမ့်မယ်"။

ယောဂီကြီးက သူ့လက်က လက်စွပ်ကိုချွတ်လိုက်ပြီး ဦးမင်းနိုင်ကိုပေးလိုက် ပါတယ်။

"ဦးမင်းနိုင်၊ ဒီလက်စွပ်က ရွှေ ငွေနဲ့ ကြေးရောစပ်ပြုလုပ်ထားတာပါ။ ခင်ဗျား ဒီလက်စွပ်ကိုသုံးရင် ခင်ဗျားကိုစွန့်နှစ်ခုပြီးလိမ့်မယ်။ ပထမကတော့ မကောင်းတဲ့ဖြိုဟ်

စီး၊ ပြိုဟ်နင်းတွေရဲ့သက်ရောက်မှုကနေ ခင်ဗျားကိုယ်ခင်ဗျားကာကွယ်နိုင်လိမ့်မယ်။ ဒုတိယကတော့ ခင်ဗျားဘဝမှာ အသက်ရှူတဲ့နည်းကိုသုံးဖြစ်အောင် သတိပေးလိမ့်မယ်။ နောက်တစ်ခါ ခင်ဗျားစိတ်ခံစားချက်တစ်ခုခုပေါ် ပေါက်ခံစားရတဲ့အခါ လက်စွပ်ကိုထိလိုက်ပြီး အသက်ရှူတဲ့အပေါ် ချက်ချင်း အာရုံစိုက်လိုက်ပါ"။

ဦးမင်းနိုင်တစ်ယောက် ပျော်ရွှင်ဖွယ်မျှော်လင့်ချက်တွေနဲ့ ယောဂီကြီးအိမ်က ထွက်ခဲ့ပါတယ်။ သူ ရတနာတစ်ခုခုကိုရလိုက်ပြီး အဲဒီရတနာကို ဂရုတစိုက်နဲ့ လုံလုံခြုံခြုံထိန်းထားသင့်တယ်လို့ခံစားမိပါတယ်။ အခုဆိုရင် သူ့ကိုပိုပြီးတည်ငြိမ်အောင်လုပ်နိုင်မယ့် မှော်ဆန်တဲ့နည်းလမ်းအချို့ကို သူသိသွားပါပြီ။ ဒါ့ပြင် အဲဒါတွေကို သူနှိမ်နင်းနိုင်ရင် ကောင်းမွန်တဲ့ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်တဲ့စွမ်းဆောင်ရည်တွေနဲ့ ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်နိုင်တဲ့ မြင့်မားတဲ့စွမ်းဆောင်ရည်တွေရှိလာပြီး တခြားသူတွေထက် ပိုပြီးသာလွန်တဲ့သူတစ်ယောက်ဖြစ်လာလိမ့်မယ်။ အဲဒီအကြောင်းကို တခြားဘယ်စီးပွားရေးသမားမှမသိတဲ့အတွက် မယုံနိုင်လောက်အောင်ပါပဲ။ ဒါဟာ သူ့အတွက် တကယ့်ကိုအမြတ်ထွက်တာပါပဲ။ သူ့အတွက် ဘယ်သူ့ကိုမှမပြောတာ ပိုကောင်းပါတယ်။ ဘယ်သူမှ သူ့အပေါ် တစ်စုံတစ်ရာသံသယမဝင်အောင် တိတ်တိတ်လေး လေ့ကျင့်မှကောင်းမယ်လို့ သူယူဆပါတယ်။

အိမ်ရောက်ပြီး သူပထမဆုံးလုပ်တဲ့အရာကတော့ ဥယျာဉ်ထဲသွားပြီး သူ့အပင်ကိုကြည့်တာပါ။ အဲဒီမှာ အထိမခံတဲ့အပင်ရှိပါတယ်။ ဘာဖြစ်မလဲဆိုတာသိချင်တဲ့အတွက် အဲဒီအပင်နားကပ်သွားပြီး ကျီစားတဲ့သဘောနဲ့ တစ်ချက်ကျယ်ကျယ်အော်လိုက်ပါတယ်။ အဲဒီအပင်မှာစိတ်ဝိညာဉ်ရှိပြီး သူ့ရဲ့ငြိမ်းအေးမှု၊ ငြိမ်သက်မှုကိုထိန်းထားချင်သလိုမျိုး အရွက်တွေဟာ ချက်ချင်းပျော့ခွေယိုင်သွားပြီး ပိတ်သွားပါတယ်။ နောက်ထပ်ဆူညံသံမရှိနိုင်လောက်တော့ဘူးလို့ ယူဆရတဲ့အထိ မိနစ်အနည်းငယ်လောက်အပင်က အဲဒီအတိုင်းရှိနေပါတယ်။ အဲဒီနောက် အပင်ဟာ အရွက်တွေပြန်ဖြန့်ကားပြီး သူ့ရဲ့အလှတရားကို တစ်ဖန်ပြန်ပြသလိုက်ပါတယ်။ အရွက်တွေဟာ အရင်ကထက်ပိုလှလာသလိုပါပဲ။ သီးသီးသန့်သန့်နေထိုင်တဲ့အခိုက်အတန့်လေးဟာ အပင်ရဲ့စွမ်းအင်ကို ပြန်ဖြည့်လိုက်သလိုမျိုးပေါ့။ ယောဂီကြီးပြောတာ အမှန်ပါပဲ။

နေ့ ကျွှမတတ် အတွေးဆူညံမှုတွေရဲ့ဝေးရာ အတွင်းနေရာကိုရှာဖွေခြင်းရဲ့အရေးပါ မှုကို အသိမခံတဲ့အပင်က မျက်မြင်ဒီဠသက်သေပြနေပါပြီ။

* * * * *

ယောဂီကြီးဆိတ်နောက်ဆုံးသွားခဲ့ပြီးနောက် တစ်လအကြာမှာတော့ ဦးမင်း နိုင်ဟာ သူလုပ်နေတာကို ဘယ်သူမှသတိမထားမိဘဲ သူ့အတွက် တရားအားထုတ် နိုင်တဲ့နေရာကိုရှာတွေ့ခဲ့ပါတယ်။ မနက်ပိုင်းနဲ့ ညပိုင်းဆိုရင် သူ့အိပ်ရာထဲမှာပဲ သူ အောင်းနေပြီး 'ငြိမ်းချမ်းတယ်' ဆိုတဲ့စကားလုံးကို ဆယ်မိနစ်ကနေ ၁၅ မိနစ်အထိ အသပ်ထပ်အခါခါရွတ်ပါတယ်။ ငြိမ်းချမ်းမှုအာရုံကို သူတစ်ဖန်ပြန်ခံစားမိပါတယ်။ ခါပေမဲ့ အချိန်အနည်းငယ်လောက်သာဖြစ်ပါတယ်။ နောက်နေ့တွေမှာလည်း အကျိုး ရလဒ်အဖြစ် သက်သောင့်သက်သာခံစားမှုမျိုးခံစားရပြီး အလုပ်ကဖိစီးမှုတွေနဲ့တွေ့ရ တဲ့အခါမှာလည်း အထောက်အပံ့ဖြစ်ပါတယ်။ ခြုံပြောရရင် ရုံးတွင်းကကိစ္စတွေမှာ ဘာစ်ခုမှပိုကောင်းမလာပေမဲ့ သူကတော့ ပိုတည်ငြိမ်ပြီးဟန်ချက်ညီလာပါတယ်။

အဲဒီနေ့ဟာ သူ့အတွက် အလွန်အရေးပါပါတယ်။ နေ့လယ်ပိုင်း သူ့ကုမ္ပဏီ မှာ အရေးပါပြီးအလားအလာရှိတဲ့ဖောက်သည်တစ်ယောက်ကို ကုမ္ပဏီလုပ်ငန်း အကြောင်းရှင်းလင်းတင်ပြဖို့ရှိပါတယ်။ အဓိကကတော့ အဲဒီဖောက်သည်က ရောင်း အား ၁၅ ရာခိုင်နှုန်းကျော်ကျော်တိုးလာအောင်လုပ်ပေးနိုင်တဲ့ အလွန်အရေးပါတဲ့သူ ဖြစ်နေလို့ပါပဲ။ အထူးသဖြင့် အဲဒီဖောက်သည်က အရည်အသွေးနဲ့ပတ်သက်ပြီး အထူး အလေးထားတောင်းဆိုလေ့ရှိသူပါ။ ဦးမင်းနိုင်ဟာ ပရိုဂျက်တာတွေ၊ ကွန်ပျူတာတွေ၊ ခါတ်ပုံတွေအစုံအလင်နဲ့ ရုပ်လည်းမြင်၊ အသံလည်းကြားရမယ့်အရာမှန်သမျှသုံးပြီး ရှင်းလင်းတင်ပြဖို့ အားခဲထားပါတယ်။

ရုံးကတစ်ယောက်ယောက်ကတော့ လိုအပ်တဲ့စက်ပစ္စည်းတွေဆင်ဖို့အတွက် ဖောက်သည်တွေမလာခင် ကြိုပြီးသွားရပါလိမ့်မယ်။ ဦးမင်းနိုင်ကတော့ ရုံးကိုစောစော စီးစီးသွားခဲ့ပါတယ်။ ရှင်းလင်းတင်ပြမယ့်အကြောင်းအရာတွေကို အမြန်ပြင်ပါတယ်။ သူ့ရဲ့ပုံမှန်ရှိနေကျအစည်းအဝေးတွေလည်းရှိပြီး ၁၁ နာရီခွဲမှာ ဖောက်သည်နဲ့တွေ့ ဖို့အသင့်ဖြစ်နေရပါမယ်။ စက်ပစ္စည်းတွေတပ်ဆင်ဖို့တာဝန်ယူထားတဲ့သူ အသင့်ဖြစ်၊

မဖြစ် အတွင်းရေးမှူးကို ဦးမင်းနိုင်ကမေးလိုက်ပါတယ်။ ဖောက်သည်လာဖြစ်၊ မဖြစ် အတည်ပြုဖို့ကိုတော့ အတွင်းရေးမှူးက ဖုန်းဆက်ပြီးသွားပေမဲ့ စက်ပစ္စည်းတွေတပ်ဆင်မယ့်ဝန်ထမ်းက ပေါ်မလာသေးပါဘူး။ ဦးမင်းနိုင်က အဲဒီလူကိုနေရာအနှံ့လိုက်ရှာနိုင်းလိုက်တဲ့အခါ လက်ထောက်တစ်ယောက်ရဲ့ကွန်ပျူတာကိုသွားပြင်ပေးနေတာကိုတွေ့လိုက်ရပါတယ်။

"မင်း. . . မင်းရှူးနေလား" ဦးမင်းနိုင် စိတ်အနှောင့်အယှက်ဖြစ်လွန်းလို့ အော်ထည့်လိုက်ပါတယ်။

"မင်းဒီမှာဘာလုပ်နေတာလဲ၊ မင်းကို ဖောက်သည်ရဲ့ရုံးကိုများရောက်နေပြီလားလို့ထင်နေတာကွာ"

"တောင်းပန်ပါတယ်ဆရာ၊ အစည်းအဝေးက နောက်ဆုံးမှလို့ထင်နေလို့ပါ" အထုအထောင်းခံပြီး ကုမ္ပဏီကနေကန်ထုတ်ခံရတော့မယ်လို့ ယတိပြတ်မျှော်လင့်ထားတဲ့ပုံနဲ့ စက်တပ်ဆင်တဲ့သူက အောင့်အည်းထားတဲ့အသံနဲ့ပြန်ပြောလိုက်ပါတယ်။

ဦးမင်းနိုင်ဟာ သူ့ကိုသတ်ပစ်ချင်လောက်အောင်ဖြစ်နေပါတယ်။ "လူတွေဘာလို့ ဒီလောက်တာဝန်မဲ့ရတာလဲ"။ သူပါးစပ်ကနေ တရစပ်ကြိမ်းမောင်းဖို့အသင့်ဖြစ်နေတဲ့အနေအထားမှာပဲ သူ့ကို ယောဂီကြီးပေးထားတဲ့လက်စွပ်နဲ့ ယောဂီကြီးရဲ့စကားသံတွေကိုသတိရလိုက်ပါတယ်။ သူ့လက်စွပ်ကိုထိကိုင်လိုက်တဲ့အခါ သူ့ရဲ့အသက်ရှူမှုကိုစပြီးသတိမူမိပါတယ်။ အဲဒီလိုအသက်ရှူလိုက်တာက ဟိုက်ပိုသဲလမက်စ်ဆီ စက္ကန့်အနည်းငယ်အကြာရောက်သွားတယ်လို့ခံစားလိုက်ရပြီး အသက်ရှူတဲ့အပေါ် အာရုံစိုက်နေတုန်းမှာ ခဏရပ်လိုက်ပါတယ်။ တည်ငြိမ်မှုပြန်ရလာပါတယ်။ တကယ်တော့ အဲဒီလိုအသက်ရှူလိုက်တာဟာ သူ့ရဲ့စိတ်ပိုင်းဆိုင်ရာထင်းတုံးကိုစိုထိုင်းစေပြီး မီးတောက်မလာအောင် ဟန့်တားလိုက်နိုင်ပါတယ်။

"ဒီလူ့ကိုအော်လိုက်လို့ ငါဘာအကျိုးရှိမှာလဲ။ 'ကျွန်တော်မိုက်တာပါ၊ ကျွန်တော် လူတွေကိုမလေးစားဘူး' ဆိုတဲ့ သူ့ရဲ့ဖြေရှင်းချက်ကိုကြားရရုံမှတစ်ပါး ငါဟာတန်ဖိုးရှိတဲ့အချိန်ကိုဖြုန်းပစ်နေတာပဲ" လို့ ဦးမင်းနိုင်တွေးမိပါတယ်။

"လာကွာ၊ ငါနဲ့အတူလိုက်ပြီး ဖြစ်နိုင်သမျှ မြန်မြန်ဆန်ဆန်နဲ့ အားလုံးပြီး

အောင်ကြိုးစားဆင်ရအောင်၊ နောက်တစ်ခါတော့ဂရုစိုက်ပေါ့ကွာ” ဦးမင်းနိုင်က ခင်းနိုးဖော်ရွေတဲ့အသံနေအသံထားနဲ့ပြောလိုက်ပါတယ်။

လက်ထောက်ဝန်ထမ်းကကြောက်လန့်ပြီး ကွန်ပျူတာနဲ့အတူ ကားထဲကို ခုက်ချင်းဝင်သွားပါတယ်။ သူတို့ ကားပါကင်ကစထွက်တဲ့အခါ ဦးမင်းနိုင်က လက် ထောက်ကိုမေးလိုက်ပါတယ်။ “မင်း ဗီဒီယိုအတွက်လိုအပ်တာတွေရော ယူလာပြီလား”

“ဟာ. . . မယူလာဘူးဆရာ၊ ဗီဒီယိုအတွက်ကောလိုတာပဲလား”

အဲဒီအချိန်မှာ ဦးမင်းနိုင်ဟာ လက်ထောက်ကိုထိုးချင်နေပါပြီ။ ဒါပေမဲ့ အသက်ရှူတဲ့ဆီအာရုံစူးစိုက်လိုက်တဲ့အခါ စိတ်ပေါက်နေတာတွေလျော့ကျသွားပါ တယ်။

“ဗီဒီယိုအတွက်လိုအပ်တာတွေသွားပြေးယူကွာ” ဦးမင်းနိုင်ပြောလိုက်ပါတယ်။

စောင့်နေရတုန်းမှာ ဦးမင်းနိုင်ဟာ သူ့ရဲ့အသက်ရှူတဲ့အပေါ်မှာပဲ အာရုံစိုက် ပြီး မိနစ်နဲ့အမျှပိုမိုတည်ငြိမ်လာပါတယ်။ တကယ်လို့ ချိန်းထားတာနောက်ကျပြီးမှ ရောက်သွားရင် အရည်အသွေးနဲ့ပတ်သက်လို့ အကဲဆတ်တဲ့သူ့ဖောက်သည်စိတ် ဆိုးပြီး ရောင်းအားအခွင့်အလမ်းဆုံးရှုံးသွားမလားဆိုတဲ့အတွေးတွေ စိတ်ထဲပေါ် လာတဲ့အချိန်မှာ စိုးရိမ်ပူပန်မိပေမဲ့ သူ့ရဲ့အသက်ရှူတဲ့အပေါ် စိတ်ပြန်ရောက်သွားရင် တစ်ဖန်ပြန်တည်ငြိမ်သွားပြန်ပါတယ်။

မိနစ်အနည်းငယ်အကြာမှာတော့ လက်ထောက်ဟာ ဗီဒီယိုပစ္စည်းတွေနဲ့အတူ ဟူဟူ. . . ဟူဟူနဲ့ ကားဆီပြန်ရောက်လာပြီး သူတို့ထွက်ခွာခဲ့ကြပါတယ်။ လက် ထောက်က အခုကိစ္စကိုလုံးဝမယုံနိုင်ဘူးဖြစ်နေပါတယ်။ ကုမ္ပဏီကနေမောင်းထုတ် ခံရပြီးအလုပ်ပြုတ်တော့မယ်လို့မျှော်လင့်ထားပေမဲ့ အခုတော့ သူ့ဆရာရဲ့ကားနဲ့ အတူသွားနေရပါပြီ။ သူ ဖိုးနင်းခွက်နင်းလုပ်ခဲ့တာကိုသူသိတယ်။ ဒါပေမဲ့ သူ့ဆရာက သူ့ကိုလေးလေးစားစားပဲဆက်ဆံခဲ့တယ်။

ဦးမင်းနိုင်အတွက်ကတော့ တည်ငြိမ်အေးချမ်းမှုအပြည့်နဲ့ သူ့ကိုယ်သူထိန်း ချုပ်နိုင်တဲ့အတွက် ကျေနပ်နေပါတယ်။ သူချိန်းထားတဲ့အတိုင်းသွားနိုင်ပြီး ထူးခြား ကောင်းမွန်တဲ့ရှင်းလင်းတင်ပြမှုတွေလုပ်နိုင်ခဲ့ပါတယ်။ သူမှန်ကန်တဲ့လမ်းကြောင်း

ပေါ်ရောက်နေပြီလို့ သူ့ကိုယ်သူသေချာသလိုခံစားသိလိုက်ရပြီး အဲဒါက သူ့ကိုငြိမ်သက်တဲ့ခံစားချက်မျိုးပေးပါတယ်။ အဲဒီလိုပျော်ရွှင်တဲ့အာရုံကြောင့် ဖောက်သည်ကို ရှင်းလင်းတင်ပြမှုတွေလုပ်တဲ့အခါ ခိုင်မာတဲ့ထင်မြင်ယူဆချက်တွေကို အင်ပြည့်အားပြည့်နဲ့တင်ပြလုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ဖောက်သည်ကို သူနဲ့တွဲလုပ်ဖို့ဆွဲဆောင်သိမ်းသွင်းနိုင်ခဲ့ပါတယ်။

အဲဒီနေ့ကိစ္စနဲ့ပတ်သက်ပြီး ရုံးမှာသတင်းပျံ့သွားပါတယ်။ သူတို့ဆရာဦးမင်းနိုင်တစ်ယောက် ဘာတွေဖြစ်နေသလဲဆိုတာ တစ်ယောက်မှနားမလည်ဘူးဖြစ်နေတယ်။ ဒါပေမဲ့ ဦးမင်းနိုင်တစ်ယောက် ပြောင်းလဲသွားပြီဆိုတာတော့ သူတို့အားလုံးလက်ခံကြတယ်။ သူဟာ ပိုပြီးစိတ်ရှည်တဲ့၊ နားထောင်မှုရှိတဲ့ လူကောင်းတစ်ယောက်လိုဖြစ်လာပါတယ်။ အခုဆို ယောဂီကြီးရဲ့နည်းလမ်းတွေက အလုပ်ဖြစ်ကြောင်း၊ အပြုသဘောဆောင်ပြီး အေးချမ်းတဲ့အတွေးတွေဟာ လုပ်ငန်းအတွက်အသုံးဝင်ကြောင်း ဦးမင်းနိုင်တစ်ယောက် ခိုင်လုံတဲ့အထောက်အထားတစ်ခုရသွားပါပြီ။ မူကြိုကျောင်းမှာ ရွှေကြယ်လေးတစ်ပွင့်ရခဲ့တဲ့ကလေးတစ်ယောက်ပမာ သူ့ရဲ့အောင်မြင်မှုအကြောင်း ယောဂီကြီးကိုပြောချင်လွန်းလို့ မအောင့်နိုင်ဖြစ်နေပါတယ်။

သူထိုင်နေကျကူရှင်ပေါ်ကို ထိုင်လိုက်ပြီးတဲ့နောက် ဦးမင်းနိုင်ဟာ ယောဂီကြီးကို ဖြစ်ကြောင်းကုန်စင်ပြောပြပါတော့တယ်။ သူ့ရဲ့ကောင်းမွန်တဲ့စွမ်းအင်ကြောင့် ဖောက်သည်တစ်ယောက်ရလိုက်တယ်ဆိုတဲ့အကြောင်း ပြောပြပါတယ်။ ယောဂီကြီးက သဲဖြူအပြည့်ပါတဲ့ဆွဲပုံးတစ်ပုံးကို ဦးမင်းနိုင်ကိုပေးလိုက်ပါတယ်။ ဒါပေမဲ့ အဲဒီပုံးထဲ အမည်းရောင်အမှုန်လေးတွေလည်းရောထားပါတယ်။ ပြီးတော့ အတော်အတန်ကြီးတဲ့သံလိုက်တုံးကြီးတစ်တုံးကိုလည်းပေးလိုက်ပြီး "အဲဒီသံလိုက်ကို သဲပုံးထဲကိုထည့်လိုက်" လို့ ပြောလိုက်ပါတယ်။

ပြောတဲ့အတိုင်း ဦးမင်းနိုင်လုပ်ပါတယ်။ ယောဂီကြီးကစရှင်းပြပါတယ်။ "ဒီမှာကြည့်၊ သံလိုက်တုံးက အနက်ရောင်သံမှုန်လေးတွေကိုဆွဲငင်သလိုပဲ ခင်ဗျားရဲ့အပျက်သဘောဆောင်တဲ့စိတ်ကလည်း ဘဝဆိုတဲ့လက်ဆွဲပုံးကြီးထဲကအပျက်သဘောဆောင်တဲ့အကျိုးဆက်တွေကိုဆွဲငင်လိမ့်မယ်။ ရလဒ်ကတော့ ခင်ဗျားဆီမှာ ပြဿနာတွေ

အခက်အခဲတွေပဲ ဝန်းရံနေလိမ့်မယ်။ တစ်နည်းပြောရရင် ခင်ဗျားရဲ့စိတ်သံလိုက်က အပြုသဘောဆောင်တဲ့ခံစားချက်တွေ၊ အတွေးတွေနဲ့ အေးချမ်းပြီးသဟဇာတဖြစ်နေရင် ခင်ဗျားဘဝမှာကောင်းမွန်တဲ့အရာတွေကိုဆွဲငင်လိမ့်မယ်၊ အဲဒါကတော့ ခင်ဗျားဒီနေ့ဖြစ်ပျက်ခဲ့တာမျိုးပေါ့။ ခင်ဗျားရဲ့အေးချမ်းမှုနဲ့ တည်ငြိမ်မှုကိုထိန်းသိမ်းပြီး ခင်ဗျားဝန်ထမ်းအပေါ် ယမ်းပုံမီးကျမဖြစ်တဲ့အခါ ခင်ဗျားက ခင်ဗျားရဲ့စိတ်ကိုကောင်းမွန်ပြီး အပြုသဘောဆောင်တဲ့သံလိုက်ဖြစ်စေတာပေါ့။

ဒီသဘောတရားကို ခင်ဗျား ကွက်ကွက်ကွင်းကွင်းမြင်လာစေမယ့် နောက်တစ်နည်းကတော့ ကျွန်တော်တို့အားလုံးမှာ ရေဒီယိုအသံလွှင့်တဲ့ဌာနတွေရှိပြီး တစ်ချိန်တည်းမှာပဲ ရေဒီယိုအသံဖမ်းစက်တွေရှိတယ်လို့မြင်ကြည့်ပါ။ ကျွန်တော်တို့အသံလွှင့်ဌာနကထုတ်လွှင့်တဲ့ဂီတကတော့ ကျွန်တော်တို့စွမ်းအင်ပေါ့။ ကျွန်တော်တို့ဟာ အေးချမ်းပြီးသဟဇာတဖြစ်တဲ့အခါ အံ့ဩစရာတေးသွားတစ်ခုကိုထုတ်လွှင့်တာပေါ့။ အဲဒါက လူတွေသတိမထားမိလိုက်ဘဲ ရေဒီယိုအသံဖမ်းစက်နဲ့တူတဲ့ လူတွေရဲ့စိတ်ပိုင်းဆိုင်ရာဖမ်းယူတဲ့စက်တွေဆီရောက်သွားတယ်။ ဒါပေမဲ့ သူတို့တစ်တွေအဲဒါကိုသတိမူမိရင် သူတို့အတွက် ကောင်းမွန်တဲ့စိတ်နေစိတ်ထားကိုဖြစ်စေတယ်။ သူတို့ဟာ ကောင်းမွန်တဲ့တုန်ခါမှုကိုခံစားရတယ်။

အဲဒါကဘာနဲ့တူသလဲဆိုတော့ ရေဒီယိုလိုင်းတစ်ခုကိုခင်ဗျားရှာတဲ့အခါ ခင်ဗျားကြိုက်တဲ့တေးသံသာတစ်ခုကိုတွေ့ရင် အဲဒါကို ကျေကျေနပ်နပ်နဲ့နားထောင်ခံ့ချပ်လိုက်တယ်။ ကျွန်တော်တို့အပျက်သဘောဆောင်တဲ့စွမ်းအင်တွေနဲ့ ပြည့်တဲ့အခါ အဲဒါကို လူတွေထိတ်လန့်စေတဲ့ ငှက်ဆိုးထိုးသလိုအသံတွေအဖြစ်ပြောင်းလိုက်တယ်။ ဒါပေမဲ့ အဲဒီအထဲမှာ အပျက်သဘောဆောင်တဲ့ စွမ်းအင်၊ ဒါမှမဟုတ် အဲဒီလိုဆူညံသံတွေနဲ့ကျင့်သားရနေသူတွေတော့ မပါဘူးပေါ့"။

"ဒါပေမဲ့ ရုံးထဲမှာအေးချမ်းဖို့ဆိုတာ ခက်သလားမမေးနဲ့" ဦးမင်းနိုင်က ပြန်ချက်ပေးပါတယ်။ "ကျွန်တော် ဒီနေ့ကံကောင်းပါတယ်။ ဒါပေမဲ့ မနက်ဖြန်ကျရင် အဲဒီအေးချမ်းမှုကိုဆက်ထိန်းနိုင်ပါ့မလားတော့ ကျွန်တော်မသိဘူး။ တစ်ခုရှိတာက အလုပ်မှာဝန်ထမ်းတွေရဲ့ အရည်အချင်းလိုအပ်ချက်တွေ၊ ဖောက်သည်တွေရဲ့ပြင်း

ထန်တဲ့ကောင်းဆိုမှုတွေနဲ့ယှဉ်ပြိုင်မှုပြင်းထန်တဲ့နိစ္စဓူဝတိုက်ပွဲကရှိနေတော့ အစစ အရာရာကဖိစီးမှုတွေ၊ စိုးရိမ်ထိတ်လန့်မှုတွေဖြစ်အောင်လုပ်နေသလိုပဲ။ ကျွန်တော့် အကြွေးတွေပြန်ဆပ်နိုင်ပြီး အေးအေးချမ်းချမ်းနေနိုင်အောင် ကုမ္ပဏီရဲ့ရောင်းအား နဲ့အမြတ်ပမာဏမြင့်မားလာအောင်လုပ်ဖို့လိုတယ်။ အဲဒီလိုမလုပ်နိုင်မချင်း ကျွန်တော် အနားယူနိုင်မှာမဟုတ်ဘူး"။

"ဦးမင်းနိုင် . . . တစ်ခုရှိတာက စီးပွားရေးရဲ့စစ်မှန်တဲ့ဦးတည်ချက်နဲ့ပတ် သက်ပြီး ခင်ဗျားမရှင်းဘူး"။

"လိမ္မော်ရောင်သင်တိုင်းအင်္ကျီဝတ်ထားတဲ့ ဆံပင်ဖြူဖြူနဲ့လူနာတစ်ယောက် လို သူ့ဆရာက စီးပွားရေးအကြောင်းစပြောလာတာကို ဦးမင်းနိုင်တစ်ယောက် ရုတ် တရက်လက်မခံနိုင်သလိုဖြစ်သွားပါတယ်။ စိတ်ပိုင်းဆိုင်ရာကိစ္စတွေအတော်များများ ကိုတော့ ယောဂီကြီးသိနိုင်ပါတယ်။ ဒါပေမဲ့ ကုမ္ပဏီတစ်ခု ဘယ်လိုလည်ပတ်ရမယ် ဆိုတဲ့ ဂဏ်မြင်ယူဆချက်မျိုးပေးတာကတော့ တော်တော်လေးမတူတဲ့ကိစ္စပါ။

"ကျွန်တော်မရှင်းဘူးဆိုတာ ဘာကိုဆိုလိုတာလဲ" ဦးမင်းနိုင်က ခပ်ပြတ် ပြတ်ပြောလိုက်ပါတယ်။ "ကျွန်တော် အနှစ် ၂၀ ကျော်ကြာ တစ်နေ့ကို ၁၂ နာရီ အလုပ်လုပ်နေတာပါ။ စီးပွားရေးတစ်ခုရဲ့ဦးတည်ချက်ကိုက ကုမ္ပဏီကိုရေရှည်တည် တံ့ပြီး ယှဉ်ပြိုင်နိုင်တဲ့အနေအထားတစ်ခုမှာထိန်းထားနိုင်တဲ့ မဟာဗျူဟာတွေသုံးပြီး ရင်းနှီးမြှုပ်နှံသူတွေကို သင့်တင့်တဲ့အမြတ်အစွန်းပေးဖို့ပါ"။

"ဒါဆိုရင် ရထားတစ်စင်းရဲ့ဦးတည်ချက်က ဘာလို့ခင်ဗျားထင်သလဲ"

"သူ့ရဲ့ခရီးသည်တွေကို သူတို့သွားလိုတဲ့အရပ်ဆီဖြစ်နိုင်သမျှ မြန်မြန်ပို့ပေး ဖို့ပါ" မဆိုင်းမတွဘဲ ဦးမင်းနိုင်ကပြန်ဖြေပါတယ်။

"အမှုဆောင်တစ်ယောက်ပီသတဲ့ တကယ့်လျှပ်တစ်ပြက်အဖြေပါပဲ။ ဒါပေမဲ့ အဲဒီရထားက ခရီးသည်တွေကို သူတို့ရဲ့လမ်းခရီးတစ်လျှောက်ကရှုခင်းတွေကို ဖြည်း ဖြည်းချင်းကြည့်ရှုခံစားဖို့ ဘာကြောင့်မဖြစ်နိုင်တာလဲ" ယောဂီကြီးကပြောပါတယ်။

"ဒါက ရထားရဲ့ဒိုင်လုံတဲ့ဦးတည်ချက်ကြောင့်ပါ။ ဒါကြောင့် ဦးတည်ချက် ဆိုတာ လူအမျိုးအစားပေါ်မူတည်ပါတယ်"။

"မှန်ပါတယ်" ယောဂီကြီးက ထောက်ခံပါတယ်။ "ခင်ဗျားလိုမျိုးအမှုဆောင် အများစုအတွက် ကုမ္ပဏီဆိုတဲ့ရထားတစ်စင်းရဲ့ဦးတည်ချက်က ကြီးထွားဖို့နဲ့ ပန်း တိုင်ကိုမြန်နိုင်သမျှ မြန်မြန်ရောက်ဖို့ပဲ။ သူတို့က အဲဒီရထားကိုမြန်နိုင်သမျှမြန်အောင် အသေအလဲလုပ်ချင်ကြတယ်။ ဦးမင်းနိုင်၊ ကျွန်တော်တို့ဟာ ဒီကမ္ဘာကြီးရဲ့ခရီးသွား တွေပါ။ ကျွန်တော်တို့တစ်တွေ နှစ်ပေါင်း ၈၀၊ ဒါမှမဟုတ် တစ်ရာလောက်နေတယ်။ ပြီးတော့ ထွက်ခွာသွားကြတယ်။ ကုမ္ပဏီဆိုတဲ့ရထားကြီးက ကျွန်တော်တို့ ဖွံ့ဖြိုးတိုး တက်စေဖို့နဲ့ တစ်ဦးချင်းကိုကြီးထွားစေဖို့အတွက် အခွင့်အလမ်းတစ်ခုပါ။ ကုမ္ပဏီ တစ်ခုရဲ့စစ်မှန်တဲ့ဦးတည်ချက်ဆိုတာ ခင်ဗျားနဲ့ ခင်ဗျားရဲ့လူတွေကို ပျော်ရွှင်ကျေနပ် တဲ့လူတွေ၊ ဖွံ့ဖြိုးတိုးတက်ကြီးထွားပြီး တတ်မြောက်ကျွမ်းကျင်တဲ့သူတွေဖြစ်စေတဲ့ ပတ်ဝန်းကျင်မျိုးဖန်တီးပေးဖို့ပါ။ အမြတ်အစွန်းတို့၊ ငွေကြေးတို့ဆိုတာ အစိတ်အပိုင်း တစ်ခုပါ။ သူတို့ချည်းနဲ့ပဲ ပြီးပြည့်စုံသွားတာမဟုတ်ပါဘူး။

ငွေကြေးဆိုတာ ရထားကို ရှေ့ဆက်သွားစေနိုင်တဲ့ လောင်စာတစ်ခုပါ။ ကျွန်တော်တို့တစ်တွေဟာ ရထားတွေ မြို့တွေကိုရောက်သလိုမျိုး ဦးတည်ချက်တွေ ဆီရောက်ဖို့ ဒီဘဝထဲရောက်လာတာမဟုတ်ဘူး ဦးမင်းနိုင်။ ခရီးစဉ်အတွင်း စိတ်ပိုင်း ဆိုင်ရာတွေသင်ယူတတ်မြောက်ဖွံ့ဖြိုးကြီးထွားဖို့အတွက် ရောက်လာတာပါ။ ကျွန်တော် တို့ရဲ့စစ်မှန်တဲ့အနှစ်သာရက အေးချမ်းတည်ငြိမ်မှုဆိုတာ အမှတ်ရဖို့ရောက်လာတာပါ။ အဲဒီလိုအမြင်မျိုးရှိမယ်ဆိုရင် တကယ်လို့ လမ်းခရီးမှာအခက်အခဲတွေရှိမယ်၊ ဒါမှ မဟုတ် ရထားမှာ စက်ပိုင်းဆိုင်ရာချို့ယွင်းမှုတွေရှိပြီးရပ်သွားမယ်ဆိုရင် ခရီးသည် တွေဟာ ဒေါသထွက်မှာမဟုတ်ဘူး။ အဲဒီအစား ရထားထဲကထွက်ခွင့်ရတဲ့အခွင့်အရေး ကိုယူပြီး အတွေ့အကြုံအသစ်တွေရမယ်၊ ပိုပြီးလေ့လာနိုင်မယ်။

အဲဒီလိုအလားတူသဘောမျိုးက ခင်ဗျားကုမ္ပဏီမှာရှိသင့်တဲ့အရာတစ်ခုပဲ။ ပြိုင်ဆိုင်မှုကြောင့်ဖြစ်တဲ့ပြဿနာတွေ၊ ဘဏ်တွေနဲ့ဖြစ်တဲ့ပြဿနာတွေ၊ လူမှုဆက်ဆံ ရေးပြဿနာတွေလိုအခက်အခဲတွေနဲ့ ဘေးကျပ်နံကျပ်ဖြစ်တာတွေကို ခင်ဗျားပိုပြီး ကောင်းမွန်တဲ့လူဖြစ်ဖို့၊ ဒေါသမီးမတောက်လောင်မိအောင်သင်ယူတတ်ဖို့၊ ကူညီပြီး ဝန်ဆောင်မှုပေးတတ်ဖို့၊ ခင်ဗျားရဲ့အကောင်းဆုံးတွေကိုပေးဖို့၊ သင်ကြားပေးဖို့အခွင့်

အရေးအပြစ်ပြောင်းယူလိုက်ပါ"။

ယောဂီကြီးက ဦးမင်းနိုင်ကိုကြည့်ပြီး မိနစ်အနည်းငယ်လောက်ငြိမ်သက်နေပါတယ်။ ပြီးတော့မှဆက်ပြောပါတယ်။ "တစ်ခါက ခင်ဗျားလိုစီးပွားရေးသမားတစ်ယောက်က ဓမ္မဆရာတစ်ဦးကို ဘာကြောင့်ထည်ထည်ဝါဝါမရှိဘဲ သာမန်အညတရမျိုးနေရတာလဲလို့မေးတဲ့အခါ ဓမ္မဆရာက အဲဒီစီးပွားရေးသမားကို မေးခွန်းနဲ့ပြန်ဖြေပါတယ်။ "ခင်ဗျားခရီးတစ်ခုသွားတဲ့အခါ ဘယ်မှာတည်းသလဲ"။ "ဒီလိုပဲထမင်းလခပေးပြီးစားလို့ရတဲ့အိမ်ငယ်လေးတွေမှာပဲနေတာပေါ့" လို့ စီးပွားရေးသမားက ပြန်ဖြေပါတယ်။ "ဒါဆိုရင် အဲဒီလိုအိမ်လေးတွေကအခန်းလေးတွေက ဘယ်လိုနေလဲ" ဓမ္မဆရာကမေးပါတယ်။ "သာမန်ပါပဲ" စီးပွားရေးသမားကပြန်ဖြေပါတယ်။ "ဘာကြောင့်လဲဆိုတော့ ခဏတစ်ဖြုတ် ခရီးကြုံတုန်းပဲဆိုတော့လေ"။

ဓမ္မဆရာက စီးပွားရေးသမားရဲ့စကားလုံးတွေကိုနင်းပြီး အခုလိုပြောပါတယ်။ "ငါ့လူရေ ငါလည်းဘဝကို ခဏတစ်ဖြုတ်ခရီးကြုံဖြတ်သန်းနေရတာပါကွာ၊ ဒါကြောင့် ငါ့အချိန်တွေကို ရုပ်ပစ္စည်းတွေနဲ့ပဲယစ်မူးပြီး အချိန်ကုန်မခံနိုင်ဘူး။ ထည်ထည်ဝါဝါမရှိဘဲ သာမန်ဘဝမျိုးနေရတာကို ပိုကြိုက်တယ်"။

"ဦးမင်းနိုင်၊ ဒီဘဝမှာ ကျွန်တော်တို့တစ်တွေဟာ လေဆိပ်မှာဖြတ်သန်းသွားလာနေတဲ့ခရီးသွားတွေမျှသာဖြစ်ပါတယ်။ ခင်ဗျား လေယာဉ်ပေါ်မှာပဲသေပြီး ခန္ဓာကိုယ်ကြီးကိုစွန့်ခွာခဲ့ရတဲ့အခါ ခင်ဗျားရဲ့ရည်မှန်းချက်တွေ၊ အောင်မြင်မှုတွေ၊ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ ခင်ဗျားရဲ့ကုမ္ပဏီကို ခင်ဗျားနဲ့အတူယူသွားလို့မရပါဘူး။ ခင်ဗျားနဲ့အတူယူသွားနိုင်တဲ့တစ်ခုတည်းသောအရာကတော့ ခင်ဗျားရဲ့စိတ်နှလုံးပါပဲ။ ခင်ဗျားဘဝမှာ ဘယ်ဦးတည်ချက်ကိုအာရုံစိုက်မလဲဆိုတာ ခင်ဗျားအပေါ်မှာမူတည်တယ်။ ရုပ်ဝတ္ထုပစ္စည်းတွေကိုပဲစုဆောင်းမလား၊ ဒါမှမဟုတ် ခင်ဗျားရဲ့စိတ်နှလုံးကိုဖွံ့ဖြိုးအောင်လုပ်မလား။ ကုမ္ပဏီဆိုတာ ခင်ဗျားရဲ့စိတ်နှလုံးကိုဖွံ့ဖြိုးကြီးထွားစေမယ့် အကောင်းဆုံးပတ်ဝန်းကျင်ပဲ။

လှိုင်းမရှိတဲ့ပင်လယ်မှာ ရွက်လွှင့်တတ်အောင် ခင်ဗျားသင်ယူနိုင်သလို ခင်ဗျားအလွယ်တကူတတ်မြောက်လိမ့်မယ်လို့လည်း ကျွန်တော်အသေအချာပြော

ခဲ့တယ်။ ဒါပေမဲ့ ရေကြောင်းသွားလာတဲ့ အတတ်ပညာကျွမ်းကျင်နိုင်မယ့်နေရာကတော့ လှိုင်းလုံးကြီးတွေနဲ့ လှိုင်းလေထန်တဲ့ပင်လယ်ထဲမှာပဲဖြစ်ပါတယ်။ ကုမ္ပဏီဆိုတာ ပြဿနာတွေ၊ အကျပ်အတည်းတွေနဲ့ ပြောင်းလဲမှုဆိုတဲ့လှိုင်းလုံးကြီးတွေ အတိနဲ့ လှိုင်းလေထန်တဲ့ပင်လယ်ကြီးပဲ။ အဲဒီနေရာမှာ ခင်ဗျားရဲ့စိတ်နှလုံးကို လေ့လာပြီး ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်တဲ့ရွှေအခွင့်အလမ်းရှိတယ်"။

ဦးမင်းနိုင်မကြာခဏစဉ်းစားမိတဲ့ လှိုင်းကိုဆန်ပြီးရွေ့တိုးနေတဲ့ ရေလှွာလှိုင်းစီးသူရဲ့ပုံရိပ်က တစ်ဖန်ပြန်ပေါ်လာပါတယ်။ သူဘယ်လောက်ပဲကြိုးစားကြိုးစား အဲဒီလိုရွေ့တိုးဖို့ သူ့မှာအရည်အချင်းနဲ့ တည်ငြိမ်မှုမရှိဘူးလို့သူတွေးမိနေပါတယ်။

"မှန်ပါတယ်။ ဆရာပြောတာအဓိပ္ပာယ်ရှိပြီးကျိုးကြောင်းဆီလျော်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဒီတံခါးရဲ့အပြင်ဘက်မှာလမ်းလျှောက်ပြီး အဲဒါကိုမေ့နေခဲ့ပါတယ်။ နှစ်ပေါင်းများစွာ တခြားမတူကွဲပြားတဲ့နည်းလမ်းကို ပြုမူစဉ်းစားနေခဲ့တာပါ" ဦးမင်းနိုင်ကပြန်ဖြေပါတယ်။

"ခင်ဗျားပြောတာကို ကျွန်တော်သဘောတူပါတယ်" ယောဂီကြီးကအတည်ပြုပြောပါတယ်။ "ဒီအယူအဆတွေကို ကျွန်တော်ခင်ဗျားကိုအကျိုးသင့်အကြောင်းသင့်ရှင်းပြတာတွေက ခင်ဗျားရဲ့အသိပညာကန်ထဲကိုရေဖြည့်နေတာနဲ့အလားသဏ္ဌာန်တူပါတယ်။ ဒါပေမဲ့ အဲဒီရေကတာဝန်ဝတ္တရားတွေနဲ့စိုးရိမ်ပူပန်မှုဆိုတဲ့အပူတွေကြောင့် မြန်မြန်ဆန်ဆန်အငွေ့ပြန်ပြီး ရေကန်လည်း တစ်ဖန်ခန်းသွားပါလိမ့်မယ်။ ဒါပေမဲ့ အဲဒါရဲ့အောက်မှာတော့ အသိပညာရေတွေပြည့်နေတဲ့မြစ်တစ်စင်းစီးဆင်းနေပြီး အဲဒါကို ခင်ဗျားဖော်ထုတ်ရမယ်။ အဲဒီတော့ ဘယ်လိုဖော်ထုတ်ရမလဲ၊ နေ့တိုင်း တရားအားထုတ်ပါ။

တရားအားထုတ်တာက ခင်ဗျားကို အသိပညာမြစ်နဲ့ထိတွေ့ပေးပြီး ရေကိုမျက်နှာပြင်ပေါ်တက်အောင်လုပ်ပေးရာကနေ ခင်ဗျားရဲ့ရေကန်ပြည့်လာလိမ့်မယ်။ ခင်ဗျားရဲ့စွမ်းအင်၊ ခင်ဗျားရဲ့စိတ်နှလုံးက ကျွန်တော် ခင်ဗျားကိုသင်ပေးသမျှ အားလုံးကိုသိတယ်။ အဲဒီအသိပညာတွေအားလုံးက ခင်ဗျားနဲ့အတူရှိပြီးသား။ တရားအားထုတ်တာက ဖြည်းဖြည်းချင်း အဲဒါတွေကိုဖော်ထုတ်ပေးလိမ့်မယ်။ ပြီးတော့ မျက်နှာ

မြင်ပေါ် ဆောင်ယူပေးပြီး ကျွန်တော်ခင်ဗျားကိုသင်ပေးနေတဲ့ခင်ဗျားသိပြီးသားအသိ ဉာဏ်အားလုံးကို ခင်ဗျားကိုပေးလိမ့်မယ်။ ခင်ဗျား ကျွန်တော့်ကိုမလိုအပ်တော့ဘဲ ကျွန်တော့်သင်ကြားပြသမှု အဆုံးသတ်တော့မယ့်အချိန်ရောက်တော့မယ်"။

"ကျွန်တော်လျှောက်ရမယ့်ခရီးအရှည်ကြီးကျန်ပါသေးတယ်" ဦးမင်းနိုင်က ပြောပါတယ်။

"တရားဆက်အားထုတ်ပါ။ ခင်ဗျား အသက်ရှူလေ့ကျင့်ခန်းကိုဆက်လုပ်ပြီး တစ်ချိန်လုံးစီးပွားရေးလုပ်ငန်းရဲ့ စစ်မှန်တဲ့ဦးတည်ချက်ကိုသတိပြုနေပါ။ အခြေအနေတိုင်းကို ဖွံ့ဖြိုးတိုးတက်ဖို့အခွင့်အလမ်းအဖြစ်အသုံးချပါ"။

ဦးမင်းနိုင်တစ်ယောက် ခေါင်းရှုပ်ရှုပ်နဲ့ပဲ ယောဂီကြီးအိမ်ကထွက်ခွာခဲ့ပါ တယ်။ သူ့ဘဝကြီးတစ်ခုလုံးဟာ ပြိုင်ပွဲဝင်နေစဉ်အတွင်း ဖွံ့ဖြိုးတိုးတက်ကြီးထွားဖို့ ဆိုတဲ့ စစ်မှန်တဲ့ပန်းတိုင်ကိုသဘောမပေါက်ဘဲ ပန်းဝင်တဲ့အထိရောက်အောင်ကြိုး စားပြေးနေရတဲ့ပြိုင်ပွဲတစ်ခုလို ဦးမင်းနိုင်ခံစားမိပါတယ်။ သူ့ဆရာယောဂီကြီးရဲ့ စကားတွေဟာ အဓိပ္ပာယ်ရှိမှန်း သူ့စိတ်ထဲမှာ နက်နက်ရှိုင်းရှိုင်းသိပါတယ်။ ဒါပေမဲ့ အဲဒီစကားလုံးတွေက သူ့ရဲ့ဘဝအမြင်ကို လုံးလုံးလျားလျားပြောင်းလဲစေပါတယ်။ ဘာကြောင့် လူတိုင်းမှားနေကြတာလဲ။ စီးပွားရေးသမားတွေနဲ့ အမှုဆောင်တွေအား လုံး သူ့လိုပဲတွေးထင်ခဲ့ကြတာပါ။ ဘယ်သူမှ ဒါကို သဘောပေါက်နားမလည်သေး တာဘာကြောင့်လဲ။ စနစ်တစ်ခုကြောင့် သူတို့မျက်ကန်းဖြစ်ပြီးလှည့်ဖြားခံရတာလား။ လူ့အဖွဲ့အစည်းတစ်ခုလုံးဟာ ရုပ်ဝတ္ထုပစ္စည်းတွေစုဆောင်းဖို့နဲ့ မရေရာတဲ့ ဦးတည် ချက်တွေမှာ ပျော်ရွှင်မှုရှာဖို့ ဘာကြောင့်စိတ်အားထက်သန်နေကြတာလဲ။ ကုန်ပစ္စည်း တွေဝယ်ခြင်းအားဖြင့် လူတွေကိုပိုမိုကောင်းမွန်ပြီး ပျော်ရွှင်စေမယ်ဆိုတဲ့ အယူအဆမျိုး ကို တွန်းအားပေးရာမှာ ကြော်ငြာတွေဟာ အရေးပါတဲ့အခန်းကဏ္ဍမှာဘာကြောင့်ရှိ နေတာလဲ။

"လူသားမျိုးနွယ်တစ်ခုလုံးဟာ သူတို့ရဲ့စစ်မှန်တဲ့လမ်းကြောင်းကနေသွေ ဖည်နေပြီး အဲဒီလိုဖြစ်နေတာကိုလည်း သဘောမပေါက်တာဖြစ်ကောင်းဖြစ်နိုင်တယ်" လို့သူတွေးမိပါတယ်။ သူရှင်းရှင်းလင်းလင်းသိတဲ့အရာတစ်ခုကတော့ "အဲဒါကို သဘော

ပေါက်နိုင်မယ့် တစ်ခုတည်းသောနည်းလမ်းက တရားအားထုတ်တာပဲ" ဆိုတာပါ။ သူ့ဆရာပြောသလိုပါပဲ။ တရားအားထုတ်ခြင်းအားဖြင့် သူ့ဆီမှာရှိပြီးသားပုန်းကွယ်နေတဲ့အသိပညာကို ပေါ်လာအောင်ဆောင်ကြဉ်းပေးနိုင်ပါလိမ့်မယ်။

* * * * *

နှစ်ရက်လောက်အကြာမှာတော့ ဦးမင်းနိုင်တစ်ယောက် သူရှာနေတဲ့အခွင့်အလမ်းပေါ်လာပါတယ်။ အားလပ်ရက်မှာ သူ့မိသားစုတွေ သူ့မိန်းမရဲ့မိဘတွေဆီသွားလည်ကြပါတယ်။ သူ့မှာ အလုပ်လုပ်စရာတွေရှိတယ်ဆိုတဲ့အကြောင်းပြချက်တွေကရှိပါတယ်။ ဒါပေမဲ့ အိမ်မှာတစ်ယောက်တည်းသူနေချင်ရတဲ့ တကယ့်အကြောင်းရင်းကတော့ တရားသေချာအားထုတ်ပြီး သူ့လေ့ကျင့်ခန်းကိုလေ့ကျင့်နိုင်ဖို့ပါ။ အသိပညာမြန်မြန်ရနိုင်ဖို့ စိတ်ပိုင်းဆိုင်ရာနဲ့ ခက်ခဲနက်နဲတဲ့စာအုပ်အမျိုးမျိုးကို ဦးမင်းနိုင်ဖတ်ရှုနေပါတယ်။ ရုပ်ကနေပြီး နာမ်တရားစိတ်ကိုခွာလို့ဖြစ်နိုင်တဲ့အကြောင်းပြောထားတဲ့ ရုပ်နာမ်ခွာတဲ့အကြောင်းအရာတစ်ခုကိုတော့ သူတော်တော်လေးသဘောတွေ့သွားပါတယ်။ ဦးမင်းနိုင်ဟာ လက်တွေ့ဆန်တဲ့သူတစ်ယောက်ပါ။ အဲဒီအကြောင်းအရာအကြောင်း စာအုပ်အမြောက်အမြားဖတ်ပြီးတဲ့နောက် သူ့မှာသံသယတွေရှိလာပြီး တစ်ချိန်တည်းမှာ အဲဒါဟာဖြစ်နိုင်တယ်လို့လည်း မျှော်လင့်နေပါတယ်။ လူတစ်ယောက်ဟာ တရားကို နက်နက်ရှိုင်းရှိုင်းအားထုတ်ရင် ဆန္ဒရှိပါက ကိုယ့်ရဲ့စိတ်ကို ရုပ်ကနေအလွယ်တကူခွာလိုရတဲ့အကြောင်းကို သူဖတ်ပြီးပါပြီ။

သူ ခုတင်ပေါ်မှာလှဲလိုက်ပါတယ်။ ပြီးတော့ မိနစ် ၃၀ လောက် အသက်ရှူဘာကိုအာရုံစိုက်ပြီး တခြားအတွေးတစ်စုံတစ်ရာကိုမတွေးမိအောင် ကြိုးစားပါတယ်။ ပထမမိနစ်အနည်းငယ်လောက်တော့ ခက်ခဲပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ သူစပြီးအာရုံစူးစိုက်မှုပိုကောင်းလာပါတယ်။ သူတည်ငြိမ်အေးချမ်းပြီး သက်သောင့်သက်သာဖြစ်လာပါတယ်။ အဲဒီနောက် 'ငြိမ်းချမ်းတယ်' ဆိုတဲ့စကားလုံးကို သူစပြီးတိုးတိုးလေးနဲ့ အထပ်ထပ်အခါခါရွတ်ပါတယ်။ သူ့စိတ်ထဲကို အတွေးတွေထပ်ဝင်လာပါတယ်။ ဒါပေမဲ့ ဆက်ပြီးပိုမိုအာရုံစူးစိုက်ပါတယ်။ မိနစ်အနည်းငယ်အကြာမှာတော့ နှစ်သက်ဝမ်းသာတဲ့အာရုံတစ်ခုဟာ သူ့နှလုံးသားကနေ ဦးနှောက်ကိုမြင့်တက်သွားသလို အလွန်

ထူးဆန်းတဲ့အရာတစ်ခုကိုခံစားရပါတယ်။ နှစ်သက်ဝမ်းသာမှုတွေနဲ့ယစ်မူးနေသလို သူခံစားရပါတယ်။

တစ်ခါတစ်ခါ အာရုံစိုက်မှုပျက်သွားပြီး အာရုံကလွင့်ပျောက်သွားပါတယ်။ ဒါပေမဲ့ လုံးဝအာရုံစူးစိုက်နိုင်တဲ့အခါမှာတော့ အာရုံကပြန်ရောက်လာပါတယ်။ ဘာနဲ့တူသလဲဆိုတော့ သူ့အတွင်းထဲမှာရှိတဲ့ ပျော်ရွှင်မှုအာရုံဆီသွားတဲ့တံခါးကို ဖြတ်သန်းသွားတဲ့အတွေးတွေက ပိတ်လိုက်သလိုပါပဲ။ သူဟာ အားလုံးပေါင်းစည်းထားတဲ့တစ်စုံတစ်ခု၊ သူ့အခန်းနံရံတွေ၊ လေထု၊ အိပ်ရာနဲ့ ခုယျာဉ်တို့ရဲ့အစိတ်အပိုင်းတစ်ခုဖြစ်နေသလို ထူးဆန်းတဲ့အာရုံတစ်ခုကိုခံစားရတဲ့အခါ စကားလုံးပေါ်မှာပဲဆက်ပြီးအာရုံစိုက်ပါတယ်။ ကွဲပြားမှုဆိုတာမရှိပါဘူး။ သူဟာ ဖန်တီးထားတဲ့ တစ်စုံတစ်ခု၊ အားလုံးဟာ ပုံသဏ္ဌာန်အမျိုးမျိုးယူထားတဲ့ နှစ်သက်ဝမ်းသာမှုစွမ်းအင်ပါ။ ဒါပေမဲ့ သူတို့တစ်တွေအားလုံး တစ်စုံတစ်ခုတည်းပါ။ ဒီလိုရှင်းလင်းပြတ်သားတဲ့စိတ်ကြည်လင်မှုကို စက္ကန့်အနည်းငယ်လောက် သူထိန်းထားခဲ့ပါတယ်။ ဒါပေမဲ့ ခံစားမှုက သူ့အတွက် ထူးဆန်းလွန်းတဲ့အတွက် အတွေးတွေဟာ သူ့စိတ်ထဲကို အစုလိုက်တိုးဝင်လာပါတယ်။ ပြီးတော့ သူအဲဒီခံစားချက်ကို လက်လွှတ်လိုက်ရပါတယ်။

သူတရားအားထုတ်တာကိုရပ်လိုက်ပြီး အတွေ့အကြုံကိုစပြီးသုံးသပ် စဉ်းစားပါတယ်။ သူခံစားခဲ့ရတာက စာအုပ်တွေမှာပြောတဲ့ ပုံသဏ္ဌာန်မသဲကွဲတဲ့စွမ်းအင်တစ်ခုဆိုတာများလား။ အဲဒီစွမ်းအင်က တကယ်ကောရှိသလား။ နက်နဲတဲ့တစ်စုံတစ်ရာကို သူခံစားခဲ့ရပါတယ်။ ဒါပေမဲ့ သူ့ရဲ့စိတ်ထင်တာ၊ ဒါမှမဟုတ် သူပဲအားလုံးဖန်တီးထားတာဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အဲဒါက တကယ့်ခံစားချက်ပါ။ နှစ်သက်ဝမ်းသာမှုအပေါ်အခြေခံတဲ့အားလုံးနဲ့သူ တပေါင်းတစည်းတည်းလို့ခံစားရပါတယ်။ အဲဒီစွမ်းအင်ဟာ နေရာတိုင်းမှာရှိတဲ့ နက်နဲတဲ့စွမ်းအင်တစ်ခုပါ။ အဲဒါဟာ ယုံကြည်သက်ဝင်မှုနဲ့ဆိုင်တဲ့ပြဿနာကိစ္စလည်းမဟုတ်ပါဘူး။ သူ တစ်စုံတစ်ရာကို တကယ်ခံစားမိတာပါ။

သူ တစ်ဖန်ပြန်ပြီးတရားအားထုတ်ကြည့်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ အာရုံစူးစိုက်ရလွယ်တာကို သူတွေ့ရပါတယ်။ မိနစ်အနည်းငယ်အတွင်းမှာ နှစ်သက်ဝမ်း

သာမှုနဲ့ အေးချမ်းမှုအာရုံကိုခံစားနေရပါတယ်။ အားလုံးနဲ့တပေါင်းတစည်းတည်း ဖြစ်နေတဲ့ခံစားချက်မျိုး တစ်ဖန်ပြန်ခံစားရပါတယ်။ သူ့ဘေးနားကအားလုံးနဲ့ ချိတ်ဆက်ပေါင်းစည်းထားတဲ့စွမ်းအင်သက်သက်အဖြစ် သူ့ကိုယ်သူခံစားရပါတယ်။ အဲဒီအချိန်မှာပဲ ရုပ်နမ်ခွာတဲ့စာအုပ်တွေအကြောင်းသတိရပြီး ရုပ်နာမ်ကနေခွာကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ "ငါ့ရုပ်ခန္ဓာကနေ ငါခွာကြည့်ချင်တယ်" လို့ သူ့ကိုယ်သူပြောလိုက်ပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ နှစ်သက်ဝမ်းသာတဲ့အာရုံကပျောက်ပြယ်သွားပြီး တည်ငြိမ်အေးချမ်းတဲ့အနေအထားလည်းပျက်သွားပါတယ်။

လူတစ်ယောက် ရုပ်ခန္ဓာကနေခွာကြည့်ဖို့အကောင်းဆုံးအချိန်က အိပ်တစ်ဝက်၊ နိုးတစ်ဝက်အချိန်ဖြစ်တဲ့ မနက်ပိုင်းအိပ်ရာထထချင်းဖြစ်တယ်လို့ သူဖတ်ထားပါတယ်။ အရမ်းအိပ်ချင်ပြီး တော်တော်လေးသက်သောင့်သက်သာဖြစ်သလိုခံစားလာရတဲ့အတွက် တစ်မှေးအိပ်ဖို့သူစိတ်ပိုင်းဖြတ်လိုက်ပါတယ်။ သူနိုးလာတဲ့အခါ သူ့ခန္ဓာကနေကြိုးစားခွာနိုင်ကောင်းခွာနိုင်ပါလိမ့်မယ်။ သူ့ခန္ဓာကခွာကြည့်တဲ့အာရုံကို သူတကယ့်ကိုခံစားချင်ခဲ့တာပါ။

အနည်းငယ်လောက်အကြာမှာတော့ ဦးမင်းနိုင်နိုးထလာပါတယ်။ "ငါ့ခန္ဓာကိုယ်ငါခွာကြည့်ချင်တယ်"။ ချက်ချင်းဆိုသလိုပဲ ပေါ့ပါးသွားသလို အလွန်ထူးဆန်းတဲ့အာရုံမျိုး သူခံစားရပါတယ်။ နက်နက်ရှိုင်းရှိုင်းတုန်ခါသလိုမျိုး ကျယ်လောင်တဲ့အသံတစ်ခုကို သူကြားရပါတယ်။ အဲဒီနောက် သူနားမလည်တဲ့တစ်စုံတစ်ရာကို ပထမဆုံးစတွေ့မြင်ရပါတယ်။ ခန္ဓာကိုယ်တစ်ခုရဲ့ဦးခေါင်းနဲ့ကျောကို နောက်ဘက်ကနေမြင်ရပြီး သူစောင့်ကြည့်နေပါတယ်။ အဲဒီတော့မှ သူသဘောပေါက်တယ်။ အဲဒါ သူ့ခန္ဓာကိုယ်ပဲ။ သူ့ခန္ဓာကိုယ်ရဲ့အပြင်ရောက်နေပြီး အဲဒါကိုသူကြည့်နေတာပဲ။ သူ့ခန္ဓာကိုယ်သူတွေ့ရပါတယ်။ ဒါပေမဲ့ သူလှုပ်လို့မရဘူး။

သူနည်းအမျိုးမျိုးနဲ့ကြိုးစားကြည့်တယ်။ ဒါပေမဲ့ သူ့ခန္ဓာကိုယ်ထဲမှာမရှိတော့ပါဘူး။ သူ အလွန့်အလွန်ထိတ်လန့်တုန်လှုပ်သွားပြီး "ငါ့ခန္ဓာကိုယ်ထဲ ငါပြန်မဝင်နိုင်ရင်ဘယ်လိုလုပ်မလဲ" လို့တွေးမိပါတယ်။, သူပြန်ဝင်ဖို့ကြိုးစားပါတယ်။ ဒါပေမဲ့ ဘာမှဖြစ်မလာပါဘူး။ သူမထိန်းချုပ်နိုင်တော့ပါဘူး။ သူထိတ်လန့်တုန်လှုပ်ပြီး ကြံရာ

မရဖြစ်နေပါပြီ။ သူသေတော့မလားလို့သူတွေးမိပါတယ်။ ဒါပေမဲ့ သူ့လက်သူလှုပ်ရမ်းနေတာကိုသတိထားမိပြီး သူပြန်ဝင်လိုက်နိုင်ပြီဆိုတာ သဘောပေါက်လိုက်ပါတယ်။ သူရပ်လိုက်ပါတယ်။ နှလုံးခုန်နှုန်းလည်း အရမ်းမြန်နေပါတယ်။ သူ့ခန္ဓာကိုယ်နဲ့ သူ့ခြေထောက်ကိုခံစားနေရတာကို ဝမ်းသာနေတဲ့အတွက် အခန်းထဲမှာပတ်လျှောက်နေပါတယ်။ ပြီးတော့မှ အိပ်ရာပေါ်ပြန်ထိုင်လိုက်ပြီး တစ်နည်းတစ်ဖုံတော့ တည်ငြိမ်သွားပါတယ်။

"လုပ်နိုင်ပြီ၊ လုပ်နိုင်ပြီ၊ စိတ်ဝိညာဉ်ဆိုတာရှိတာပဲ။ အဲဒါကိုငါခံစားမိပြီ။ ခန္ဓာမရှိဘဲနဲ့ ငါရှိနေခဲ့တာပဲ။ ငါ့ခန္ဓာကိုယ်ငါ့ခွာကြည့်နိုင်ပြီ။ သေပြီးတဲ့နောက်မှာ ဘဝရှိတာပဲ။ ငါတို့ဟာ ခံစားသိမှုသက်သက်ပါလား။ ခန္ဓာကိုယ်ကြီးခံသလောက် ငါတို့အဲဒီအထဲမှာနေတာပဲ"။ ဦးမင်းနိုင်တစ်ယောက် ယောဂီကြီးရဲ့အိမ်ကိုထွက်ခဲ့ပါတယ်။ သူ့ရဲ့အလွန်ထူးခြားတဲ့ အတွေ့အကြုံအကြောင်း ယောဂီကြီးကိုပြောပြချင်ပါတယ်။

ယောဂီကြီးက သူ့ကိုအခန်းထဲဝင်လာခိုင်းပါတယ်။ ဦးမင်းနိုင်ဟာ ကြမ်းပြင်ပေါ်က ကူရှင်ပေါ်ထိုင်ချလိုက်ပြီး ဝမ်းမြောက်ဝမ်းသာအသိအမှတ်ပြုမယ်လို့မျှော်လင့်ချက်နဲ့ အလုံးစုံကိုပြန်ပြောပြပါတယ်။ သူ့ခန္ဓာကိုယ်ကနေခွာနိုင်တာက စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ဖို့ ရှေ့ကိုခြေလှမ်းတော်တော်လှမ်းလိုက်နိုင်တာပဲလို့ ဦးမင်းနိုင်ယူဆပါတယ်။

"ကစားစရာတွေပါ၊ ဦးမင်းနိုင်. . . ခင်ဗျားက ကစားစရာတွေနဲ့ဆော့ကစားနေတာပဲ" ယောဂီကြီးကပြတ်ပြတ်သားသားပဲပြောလိုက်ပါတယ်။

ဦးမင်းနိုင်နားမလည်နိုင်တော့ပါဘူး။ ရုတ်ချည်းစိတ်ပျက်ပြီး အရှက်တကွဲနဲ့ ဆိုးဆိုးဝါးဝါးပြက်ရယ်အပြုခံရသလို စခံစားလိုက်ရပါတယ်။

"ကစားစရာ၊ ဆရာဘာကိုဆိုလိုတာလဲ။ အဆင့်မြင့်စိတ်ပိုင်းဆိုင်ရာ အတွေ့အကြုံအကြောင်း ကျွန်တော်ပြောပြနေတာပါ။ ဆရာကောင်းကောင်းမကြားလိုက်ဘူးလား။ ဒီနေ့ ကျွန်တော့်ခန္ဓာကိုယ်ကျွန်တော် ခွာလိုက်နိုင်ပါတယ်"။

"ဒီမှာဦးမင်းနိုင်၊ ခင်ဗျားစိတ်ကိုရှုမှတ်မှုတိုးလာတဲ့အခါ တစ်စုံတစ်ခုက ခင်ဗျားနဲ့ကစားနေပြီး ခင်ဗျားကို ကစားစရာတစ်သီတစ်တန်းကြီးပေးတယ်။ ဒါကြောင့်

စိတ်ကိုဖတ်နိုင်တာတို့၊ ရုပ်ကနေခွာနိုင်တာတို့၊ အနာဂတ်ကိုမြင်တာတို့၊ တခြားအာရုံတွေမြင်နေတာတို့လို အပိုအာရုံတွေခံစားနိုင်တဲ့အရည်အသွေးတွေ ခင်ဗျားကိုသူကပေးတယ်။ တရားအားထုတ်တဲ့သူအများစုဟာ အဲဒီလိုကစားစရာတွေနဲ့ပျော်မွေ့ကစားနေအောင် ချွေးသိပ်ခံရတယ်။ သူတို့ရဲ့အချိန်တွေကို အဲဒီလိုအပိုခံစားရတဲ့အရာတွေနဲ့ကစားပြီး ကုန်ဆုံးကြတယ်။

လူတစ်ယောက်ရဲ့အတွင်းပိုင်းကအနှစ်သာရကိုရှာဖွေဖို့ဆိုတဲ့ တရားအားထုတ်ခြင်းရဲ့စစ်မှန်တဲ့အကြောင်းရင်းလည်း ပျောက်ကွယ်သွားပါတယ်။ တရားအားထုတ်တာက ခင်ဗျားရဲ့စစ်မှန်တဲ့ တကယ့်အနှစ်သာရနဲ့တွေ့အောင် အထောက်အကူပေးတယ်။ ဝါးလုံးထောက်ခုန်အားကစားသမားလိုပေါ့။ သူ့ဘာသာသူခုန်နိုင်တဲ့စွမ်းအားကို ပြင်းပြင်းထန်ထန်လေ့ကျင့်မယ့်အစား ဝါးလုံးကိုအသုံးပြုပြီး ပြကွက်အမျိုးမျိုးနဲ့ လူတွေကို သူ့ရဲ့အရည်အချင်းကိုပြသတယ်။ သံသယဖြစ်စရာမလိုတာက ဝါးလုံးထောက်ခုန်နည်းကိုလေ့ကျင့်တာက ပြကွက်အမျိုးမျိုးပြပြီး သူ့ရဲ့ကိုယ်ကာယကို ဘယ်လောက်ဆွဲဆောင်မှုရှိသလဲဆိုတာပြနိုင်ဖို့မဟုတ်ဘဲ သူသွားချင်တဲ့နေရာကို အဲဒီဝါးလုံးတစ်ခုတည်းက ဆောင်ကြဉ်းပေးနိုင်တဲ့အတွက်ကြောင့်ပါ။

နာမ်ပိုင်းဆိုင်ရာကိစ္စမှာလည်း ဒီသဘောပါပဲ။ တရားအားထုတ်တယ်ဆိုတာ တခြားသူတွေကိုယ့်ကိုစိတ်ဝင်စားလာအောင်ဆွဲဆောင်စေနိုင်ဖို့၊ ဟန်ရေးပြဖို့မဟုတ်ပါဘူး။ တရားအားထုတ်တယ်ဆိုတာ တခြားသူတွေရှေ့မှာမဟုတ်ဘဲ ကိုယ်ကိုယ်တိုင်ရဲ့မျက်မှောက်မှာ လုပ်ဆောင်ရမယ့်အရာတစ်ခုပါ။ တရားအားထုတ်ရင် တိုးတက်မှုကနှေးကွေးပါတယ်။ အချိန်တိုအတွင်းမှာတော့ အံ့မခန်းပြောင်းလဲသွားတဲ့ရလဒ်မျိုးမဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ စိတ်ကိုဖွံ့ဖြိုးတိုးတက်ဖို့မှန်ကန်တဲ့လမ်းပါ။ ရုပ်ကိုခွာနိုင်တာ၊ စိတ်ကိုဖတ်နိုင်တာလိုတခြားစွမ်းရည်တွေက ခင်ဗျားကိုပိုပြီးပေါ်ပြူလာဖြစ်ကောင်းဖြစ်စေနိုင်ပါတယ်။ ဒါပေမဲ့ အဲဒါတွေက ခင်ဗျားရဲ့စိတ်ဝိညာဉ်နားကို နီးသထက်နီးအောင်တော့မဆောင်ကြဉ်းပေးပါဘူး။

ဒီနေ့ဆို ခင်ဗျားရဲ့ခန္ဓာကနေခွာကြည့်လိုက်တဲ့အတွေ့အကြုံကိုခံစားလိုက်ရပြီးပြီ။ အဲဒီအထဲကနေ အရေးအကြီးဆုံးအရာကိုရအောင်ယူပါ။ ခင်ဗျားရဲ့စိတ်ဝိညာဉ်

ဆိုတဲ့နာမ်တရားရှိကြောင်းကို တစ်စုံတစ်ခုက ခင်ဗျားကို သိသိသာသာနဲ့လက်တွေ့ကျကျအတည်ပြုပေးလိုက်ပါပြီ။ ခင်ဗျားကိုယ်ခင်ဗျား တရားအားထုတ်တဲ့ဆီမှာ နက်နက်ရှိုင်းရှိုင်းနှစ်မြှုပ်ထားနိုင်အောင် ခင်ဗျားရဲ့သံသယတွေကို သူကရှင်းထုတ်ပေးလိုက်ပါပြီ။ အဲဒီအခွင့်အရေးကို ခင်ဗျားယူပါ"။

ဦးမင်းနိုင်တစ်ယောက် သိမ်ငယ်သလိုခံစားလိုက်ရပါတယ်။ သူ့ရဲ့အောင်မြင်မှုတွေအကြောင်း ယောဂီကြီးကိုထက်ထက်သန်သန်ပြောပြဖို့အလွန်မျှော်လင့်နေခဲ့တာပါ။ ဒီတစ်ခါလည်း ယောဂီကြီးက သူ့ကို ကျွမ်းကျွမ်းကျင်ကျင်ပိုင်ပိုင်နိုင်နိုင်နဲ့အလဲထိုးပြီး အနိုင်ယူလိုက်ပြန်ပါပြီ။ အဆိုးဆုံးကတော့ ယောဂီကြီးပြောသမျှအားလုံးက အဓိပ္ပာယ်ရှိနေတာပါ။ သူ့ကိုယ်သူဘာမှမဟုတ်သလို အတွေ့အကြုံနုပြီးအများကြီးလေ့ကျက်ဖို့လိုသလိုခံစားလိုက်ရပါတယ်။

ယောဂီကြီးက သူ့ရဲ့မုတ်ဆိတ်ကိုပွတ်သပ်ပြီး ဘာမှမသိတဲ့သူတစ်ယောက်ကိုပြောတဲ့လေသံမျိုးနဲ့ပြောလိုက်ပါတယ်။ "အခုဆိုရင် ခင်ဗျားစိတ်ထင်ရာမြင်ရာပိုစပ်စပ်၊ ဒီစပ်စပ်မလုပ်ရဘူးလားဆိုတာ သိသွားပြီဖြစ်တဲ့အတွက် နောက်ထပ်နည်းလမ်းတစ်ခုပြသပေးချင်ပါတယ်။ အဲဒါက တရားအားထုတ်ဖို့အတွက် ကျွန်တော်ခင်ဗျားကိုပေးနိုင်တဲ့ တန်ဖိုးအရှိဆုံးအရာတစ်ခုလို့ ကျွန်တော်ကတော့ယူဆတယ်။ ခင်ဗျားကိုပေးဖို့အတွက်တော့ စည်းကမ်းချက်တစ်ခုတော့ထားရပါမယ်။ အဲဒါကတော့ ဒီနည်းလမ်းကို တခြားဘယ်သူ့ကိုမှ ခင်ဗျားလက်ဆင့်မကမ်းရဘူး။ ခင်ဗျားတတ်သိခဲ့တဲ့ တခြားနည်းလမ်းတွေအားလုံးကို တခြားသူကိုခင်ဗျား သင်ပေးလို့ရတယ်။ ဒါပေမဲ့ ကရိယယောဂ (**Kriya Yoga**) ဆိုတဲ့ ဒီနည်းလမ်းသစ်ကိုတော့ ခင်ဗျားဘယ်သူ့ကိုမှ လက်ဆင့်ကမ်းလို့မရဘူး။

"ဒါပေမဲ့ ဘာကြောင့်လျှို့ဝှက်နေရတာလဲ. . . ဆရာ။ လူတွေအကျိုးရှိအောင်ကူညီနေတာလို့ ကျွန်တော်တို့ယူဆလို့မရဘူးလား။ အခုလိုပြောတာ ဒီနည်းလမ်းကို တခြားသူကိုပြန်သင်ပြပေးချင်လို့မဟုတ်ပါဘူး။ ဘာကြောင့် လျှို့ဝှက်နေရတာလဲဆိုတာကိုသာ သိချင်တာပါ"။

ခါတိုင်းလိုပါပဲ။ ဦးမင်းနိုင်ရဲ့အမေးကို ယောဂီကြီးကမျှော်လင့်ပြီးသားပါ။

"ကရိယယောဂဆိုတာ အိန္ဒိယမှာရာစုနှစ်ပေါင်းများစွာ ဆရာအစဉ်အဆက် လက်ဆင့်ကမ်းခဲ့ကြတဲ့ ရှေးဟောင်းတရားအားထုတ်နည်းတစ်ခုပါ။ အစွမ်းထက်တဲ့နည်းလမ်းတစ်ခုဖြစ်ပြီး မှန်မှန်ကန်ကန်လေ့ကျင့်ရပါမယ်။ တစ်နည်းပြောရရင် သူ့မှာကောင်းတဲ့အကျိုးဆက်တွေရှိတယ်။ အဲဒီကရိယယောဂကိုသင်ပေးနိုင်တဲ့ တစ်ဦးတည်းသောပုဂ္ဂိုလ်က ဆရာရဲ့ခွင့်ပြုချက်နဲ့ အဲဒီကျင့်စဉ်ကို နှစ်ပေါင်းများစွာလေ့ကျင့်ခဲ့တဲ့တပည့်ပဲဖြစ်ပါတယ်"။

"ကရိယယောဂဆိုတာ ဘာလဲ" ဦးမင်းနိုင်သိချင်ဇောနဲ့မေးလိုက်ပါတယ်။

"အဲဒါကိုဒီလိုပြောကြည့်ရအောင်။ ထားပါတော့. . . ကီလိုမီတာရာပေါင်းများစွာဝေးတဲ့မြို့တစ်မြို့ကို ကားနဲ့ခင်ဗျားသွားချင်တယ်ဆိုရင် ခင်ဗျားမှာရွေးချယ်စရာနှစ်ခုပဲရှိတယ်။ အချိန်အတော်အတန်ကြာမယ့် အင်ဂျင်သေးတဲ့ကားသေးနဲ့သွားချင်သွား၊ ဒါမှမဟုတ် အင်ဂျင်ပါဝါအားကောင်းတဲ့မြန်တဲ့ကားနဲ့သွားပေါ့။ ကားနှစ်စီးလုံးက ခင်ဗျားသွားချင်တဲ့ဦးတည်ချက်ကိုရောက်အောင်ပို့ပေးလိမ့်မယ်။ ဒါပေမဲ့ တစ်စီးကတော့ ဘယ်လိုပဲဖြစ်ဖြစ်ပိုမြန်မှာပေါ့။ ကရိယယောဂဆိုတာ အင်ဂျင်ပါဝါအားကောင်းတဲ့ကားနဲ့တူတယ်။ အဲဒီကျင့်စဉ်က တရားအားထုတ်တာ မြန်မြန်တိုးတက်အောင်ထောက်ကူလိမ့်မယ်"။

"ဘယ်လိုမျိုးလဲ" ဦးမင်းနိုင်ကမေးလိုက်ပါတယ်။ သံသယတော့အပြည့်ပါပဲ။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ မြန်မြန်ဆန်ဆန်တိုးတက်နိုင်မယ့်ရာစုနှစ်နဲ့ချီ လက်ဆင့်ကမ်းခဲ့တဲ့ရှေးဟောင်းကျင့်စဉ်ကို သူ့ကိုပေးစေချင်နေပါပြီ။

ယောဂီကြီးက အသက်ရှူလိုက်ပါတယ်။ ပြီးတော့ ခြေထောက်ကိုချိတ်ပြီး စူးစိုက်ကြည့်လိုက်ပါတယ်။

"ဦးမင်းနိုင်. . . ဒီကျင့်စဉ်မှာပြဿနာရှိတယ်ဆိုတာက ခင်ဗျားစိတ်ထဲပြွတ်သိပ်ဝင်လာမှာကိုပြောတာပါ။ ကျွန်တော်တို့စိတ်တွေက တစ်စက္ကန့်တိုင်းကို အတွေးသုံးခုတွေးတယ်။ အဲဒီအကျင့်ကိုဖျက်ဖို့ခက်ပေမဲ့ မဖြစ်နိုင်တာတော့မဟုတ်ပါဘူး။ နောက်ဆုံးမှာတော့ အဲဒီကျင့်စဉ်ကပေးတဲ့အေးချမ်းမှုနဲ့ နှစ်သက်ဝမ်းသာမှုကိုခင်ဗျားရလိမ့်မယ်။ ဒီကျင့်စဉ်ကိုသုံးပြီး ခင်ဗျားအများကြီးတိုးတက်နိုင်တယ်။ ကရိယယောဂ

ရဲ့အကျိုးကျေးဇူးကတော့ ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုကနေ ခင်ဗျားကို ကိုယ်ဟန်အနေ အထားအမျိုးမျိုးကိုသင်ပေးမယ်။ ခင်ဗျားရဲ့အာရုံစူးစိုက်မှုစွမ်းရည်ကို ပိုကောင်းစေ သလို ခင်ဗျားရဲ့အာရုံကြောစနစ်အပေါ်လည်း သက်ရောက်မှုရှိလိမ့်မယ်။ နောက်ဆုံး ခင်ဗျားရဲ့စိတ်ကို ဟာလာဟင်းလင်းထားတဲ့အခါ အဲဒီအခြေအနေမျိုး အချိန်အတော် ကြာထိန်းထားနိုင်တဲ့စွမ်းရည်မျိုး ပိုမိုထက်မြက်လာလိမ့်မယ်"။

စိတ်ရှည်ပြီး စရဏနဲ့ပြည့်စုံတဲ့ သူ့ဆရာဟာ ကျင့်စဉ်တစ်ခုရဲ့မိတ်ဆက် အခမ်းအနားကိုဖွင့်လှစ်လိုက်ပါပြီ။ အဲဒီနောက် ကရိယယောဂကျင့်စဉ်ကို ဦးမင်းနိုင် ကိုစပြီးညွှန်ကြားပါတော့တယ်။ လေ့ကျင့်ခန်းတိုင်းကို ဦးမင်းနိုင် ရှင်းရှင်းလင်းလင်း သိဖို့အတွက် နှစ်ယောက်အတူတူလေ့ကျင့်ကြပါတယ်။ ကိုယ်ဟန်အနေအထား အားလုံးဟာ ခန္ဓာကိုယ်အပေါ်အမှီပြုနေတဲ့အတွက် ဦးမင်းနိုင် တစ်ဆစ်ဆစ်နဲ့ကိုက် လာပါတယ်။ ဒါပေမဲ့ သုံးရက်မြောက်နေ့မှာတော့ သူနေလို့ထိုင်လို့ကောင်းလာပါတယ်။

အဲဒီအပတ်ထဲမှာပဲ ယောဂီကြီးက သူ့ကိုတတိယမြောက်သစ်စေ့ကိုပေးလိုက် ပါတော့တယ်။

"ဒီအစေ့ကိုစိုက်ပါ" ယောဂီကြီးကပြောပါတယ်။ "ပန်းပွင့်လာရင်ပြန်လာ ခဲ့။ အဲဒီအခါကျရင် သူကပေးတဲ့သင်ခန်းစာအကြောင်း ကျွန်တော်တို့ပြောကြမယ်။ စိတ်တော့ရှည်ရမယ်။ အဲဒီလိုဖြစ်ဖို့ လအနည်းငယ်လောက်တော့ကြာလိမ့်မယ်။ နေ့ တိုင်း တရားအားထုတ်တဲ့အပေါ်မှာအာရုံစူးစိုက်ပြီး ခင်ဗျားရဲ့အပြုအမူကို ဖြစ်နိုင် သမျှ များများသတိထားမိအောင်နေပါ။ ဘဝနဲ့လုပ်ငန်းခွင်ရဲ့စစ်မှန်တဲ့ဦးတည်ချက်ကို သတိရပါ။ နေ့တိုင်းတရားအားထုတ်တာကိုလေ့ကျင့်တဲ့အပြင် ကရိယယောဂကျင့်စဉ် ကိုလည်းတွဲပြီးလေ့ကျင့်ပါ။ ဒီလမ်းကြောင်းနဲ့ ခင်ဗျားမြန်မြန်ဆန်ဆန်တိုးတက်လာပါ လိမ့်မယ်။

◈ ◈ ◈

# တတိယသစ်စေ့အပင်ပေါက်ခြင်း

ယောဂီကြီးဆီ နောက်ဆုံးရောက်ရှိခဲ့ပြီးလေးလအကြာမှာတော့ သစ်စေ့ကနေ ဖုံ့ညြစရာကောင်းတဲ့ကြက်သွေးရောင် နှင်းဆီပင်လေးပေါက်လာပါတယ်။ ဒါကြောင့် ဒီသစ်စေ့ကပေးချင်တဲ့အသိပညာသင်ခန်းစာက ချစ်ခြင်းမေတ္တာနဲ့ တစ်နည်းမဟုတ်တစ်နည်းပတ်သက်မယ်လို့ ဦးမင်းနိုင်ကထင်မြင်ယူဆနေပါတယ်။ နေ့စဉ်မနက်တိုင်းနဲ့ ညဘက်အိပ်ရာမဝင်ခင်တိုင်းမှာ ဦးမင်းနိုင်ဟာ နာရီဝက်တရားအားထုတ်ပါတယ်။ အဲဒါကိုလေးလေးနက်နက်လုပ်လွန်းတဲ့အတွက် အဲဒီအချိန်ဟာ အလေးထားရမယ့်အချိန်ဖြစ်လာပါတယ်။ သူ့ဆရာသင်ပေးထားတဲ့စကားလုံးကို အကြိမ်ကြိမ်အခါခါရွတ်တာ၊ အသက်ရှူတာကို အာရုံစိုက်တာနဲ့ ကရိယယောဂကျင့်စဉ်တွေကို အားလုံးပေါင်းသုံးကြည့်ပါတယ်။

သူ ကရိယယောဂကိုစကျင့်ကတည်းက အဓိကအားဖြင့် အာရုံစိုက်နိုင်စွမ်းတိုးလာတာကို ဦးမင်းနိုင်ခံစားမိပါတယ်။ ဘာမှမတွေးဘဲ အချိန်အတော်ကြာနေနိုင်သလို ချမ်းသာတဲ့အာရုံခံစားမှုကလည်း ကြီးကြီးလာပါတယ်။ သူ့စိတ်အပေါ် သက်

ရောက်မှုတွေကို သိသိသာသာသတိထားမိပါတယ်။ အလုပ်မှာလည်း ဝုန်းဒိုင်းကြဲ ပေါက်ကွဲတဲ့ပြန်တာမျိုးမရှိတော့သလို တခြားသူတွေဘယ်လိုခံစားနေရသလဲဆိုတာ ပိုပြီးသတိမူမိလာပါတယ်။ တရားအားထုတ်တဲ့အတွက် အခြေအနေအမျိုးမျိုးမှာ အတွက်ကြီးတဲ့အမြင်မျိုးလည်း လျော့လာသလို ပြဿနာတွေနဲ့မငြိကပ်အောင်နေနိုင်လာပါတယ်။

တရားအားထုတ်တဲ့အတွက် နောက်ထပ်အကျိုးရလဒ်တစ်ခုကတော့ သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေးတက်လာသလို ဩဇာတိက္ကမရှိသူတစ်ယောက်ဖြစ်လာပါတယ်။ သူ့ရဲ့အရောင်းစွမ်းရည်ရော တခြားသူတွေနဲ့အပြန်အလှန်ဆက်ဆံရေးပါ ပိုပြီးကောင်းလာပါတယ်။ တကယ်တော့ သူဟာ ကုမ္ပဏီမှာအကောင်းဆုံးအရောင်းဝန်ထမ်းဖြစ်လာပါတယ်။ အရင်တုန်းကတော့ အရောင်းနယ်ပယ်ကို သူဘယ်တော့မှမဝင်ပါဘူး။ အခုတော့ သူ့အရောင်းဝန်ထမ်းတွေနဲ့အတူ အရေးကြီးတဲ့ဖောက်သည်တွေဆီသွားသလို ရလဒ်တွေလည်းကောင်းပါတယ်။ အဲဒီလိုဖြစ်ရတဲ့အကြောင်းရင်းကတော့ သူဟာ ပိုပြီးအပြုသဘောခံစားတတ်လာသလို သူ့ကိုယ်သူလည်း အေးချမ်းအောင်နေတတ်လာလို့ပဲဖြစ်ပါတယ်။ အဲဒီအေးချမ်းမှုက သူ့ရဲ့ဖောက်သည်တွေဆီကူးစက်သွားပြီး ယုံကြည်မှုနှောင်ကြိုးကို ချက်ချင်းဆိုသလိုချည်နှောင်လိုက်နိုင်ပါတယ်။

အဲဒီနေ့နေ့လယ်မှာ ဦးမင်းနိုင်ဟာ ဖောက်သည်တစ်ယောက်နဲ့ အရေးတကြီး တွေ့ဆုံဖို့ရှိပါတယ်။ သူ့ရဲ့ထုံးစံအတိုင်း အကောင်းဆုံးပြင်ဆင်နိုင်ခဲ့သလို အရောင်းအဝယ်ဖြစ်အောင် အောင်အောင်မြင်မြင်လုပ်နိုင်ခဲ့ပါတယ်။ သူဟာ လုံးဝတက်ကြွနေပြီး သူဟာ လူတိုင်းအတွက် အောင်မြင်တဲ့သူ၊ သာလွန်တဲ့သူတစ်ယောက်အဖြစ်ခံစားရပါတယ်။ သူဟာလုံးဝ အနိုင်မခံအရှုံးမပေးတဲ့သူတစ်ယောက်ဖြစ်လာပါတယ်။ သူ့ ကုမ္ပဏီအခြေအနေကောင်းလာသလို ရောင်းအားလည်းတက်လာပါတယ်။ စီးပွား ရေးနယ်ပယ်မှာလည်း လူရိုသေရှင်ရိုသေပြန်ဖြစ်လာပါတယ်။ အခုဆို သူဟာ စွန့်ဦး တီထွင်လုပ်ငန်းရှင်တစ်ယောက်အဖြစ် ကွဲပြားခြားနားတဲ့အဆင့်တစ်ခုရောက်သလို ခံစားရပါတယ်။

သူ့ရဲ့အခုလိုပုဂ္ဂိုလ်ရေးအောင်မြင်မှုတွေအကြောင်း ဝေမျှချင်တဲ့ရည်ရွယ်

ချက်နဲ့ သူ့ရဲ့အခန်းထဲကိုအရေးပါတဲ့အမှုဆောင်တွေကိုခေါ်ပြီး ဖောက်သည်နဲ့ ဆက်ဆံရာမှာ သူ့ရဲ့အောင်မြင်မှုတွေအကြောင်းပြောပြပါတယ်။

"ကျွန်တော် ခင်ဗျားတို့အားလုံးကိုပြောပြချင်တာကတော့ ကျွန်တော်အရောင်းဘက်ကိုပြန်ကွပ်ကဲခဲ့တယ်"။ ဦးမင်းနိုင် ဝမ်းသာအားရပြောနေပါတယ်။ "အခုတစ်လော အရောင်းဘက်ကို ကျွန်တော်ကိုယ်တိုင်ဝင်လုပ်ဖြစ်နေတယ်။ ရလဒ်ကတော့ သူတိုင်းမြင်တဲ့အတိုင်းပဲ။ ကျွန်တော်ကိုယ်တိုင်လုပ်တာ ရောင်းအား ၃၀ ရာခိုင်နှုန်း ကျော်တက်လာတယ်။ ကုမ္ပဏီက အရောင်းဝန်ထမ်းဆယ်ဦးပေါင်းလုပ်တာထက် ကျွန်တော်တစ်ယောက်တည်းလုပ်တာက ပိုကောင်းနေတယ်။ တခြားသူတွေ ကျွန်တော့်လိုဘာလို့မလုပ်နိုင်တာလဲ ကျွန်တော်သိချင်တယ်။ ကျွန်တော်ကျတော့ မယုံနိုင်လောက်တဲ့မျှော်မှန်းချက်ပြည့်မီအောင်လုပ်နိုင်ပြီး ခင်ဗျားတို့ကျတော့ အဲဒီလို လုပ်နိုင်ဖို့အရမ်းခက်ခဲနေတာဘာကြောင့်လဲ။ ကျွန်တော့်လိုခင်ဗျားတို့အားလုံးကို လုပ်စေချင်တယ်။ အားလုံးအနေနဲ့ ကုမ္ပဏီအပေါ် သစ္စာရှိစေချင်တယ်။ ကုမ္ပဏီအပေါ် ယုံကြည်မှုရှိစေချင်တယ်"။

သူတို့ထွက်သွားတဲ့အခါမှာတော့ သူဘာဖြစ်သွားခဲ့မှန်း ဦးမင်းနိုင်မသိ တော့ပါဘူး။ ဒါပေမဲ့ အမှားတစ်စုံတစ်ရာလုပ်မိခဲ့ပြီဆိုတာတော့ အနည်းဆုံးသဘော ပေါက်ခဲ့ပါတယ်။ သူ့လူတွေမကျေမနပ်ဖြစ်သွားတာကိုတော့ သူရိပ်မိပါတယ်။ ဒါပေမဲ့ ဘာကြောင့်လဲဆိုတာ သူမသိဘူး။ ကုမ္ပဏီအခြေအနေကောင်းလာပြီပဲ။ အဲဒါကို သူတို့ဘာလို့ဝမ်းမသာနိုင်ရတာလဲ။ သူရုံးဆင်းတဲ့အချိန်မှာတော့ သူ့ဆရာ ယောဂီကြီးအိမ်ကိုထွက်ခဲ့ပါတော့တယ်။

ကြီးမားတဲ့လမ်းတံခါးနဲ့ သန့်ရှင်းသာယာတဲ့အဆောက်အအုံမျက်နှာစာဆီ တစ်ခါ ရောက်လာပြန်ပါပြီ။ ဒီနေရာဟာ သူ့အတွက်တော့ ဒုတိယအိမ်ပဲလို့ ဦးမင်း နိုင်ခံစားမိပါတယ်။ အဲဒီနေရာလေးဟာ အိုအေစစ်တမျှသာမကတော့ဘဲနေ့စဉ် ပြဿနာတွေတွေ့ကြုံရပြီးနောက် သူ့ကိုပြန်လည်လန်းဆန်းစေမယ့် စိတ်ပိုင်းဆိုင်ရာ အိုအေစစ်အမှန်လေးဖြစ်လို့နေပါပြီ။ သူ့ဆရာရဲ့အခန်းထဲရောက်တာနဲ့ ဦးမင်းနိုင်ဟာ ရုံးကအဖြစ်အပျက်ကိုပြန်ပြောပြပါတော့တယ်။

"ကျွန်တော်ဘာအမှားများကျူးလွန်မိခဲ့သလဲ" ဦးမင်းနိုင်ကမေးပါတယ်။

"ကျွန်တော်က သူတို့စိတ်ဓာတ်တက်ကြွအောင်တွန်းအားပေးချင်တာပါ။ ဒါပေမဲ့ အဲဒါကအလုပ်မဖြစ်ဘူး"။

"ဦးမင်းနိုင်၊ ကျွန်တော်ပေးတဲ့သစ်စေ့ ခင်ဗျားစိုက်ရဲ့လား"။

"စိုက်တာပေါ့၊ ကျွန်တော့်ဥယျာဉ်ထဲမှာ ကြက်သွေးရောင်အပွင့်တွေနဲ့ ချစ်စရာနှင်းဆီပင်လေးရှိနေပါပြီ။ အဲဒီကပေးချင်တဲ့အသိပညာသင်ခန်းစာက ချစ်ခြင်းမေတ္တာနဲ့ပတ်သက်တဲ့တစ်စုံတစ်ရာဖြစ်ရမယ်၊ မှန်တယ်မလားဆရာ"။

ယောဂီကြီးက ဘေးတိုက်အနေအထားကနေ ဦးမင်းနိုင်ဘက်လှည့်လိုက်ပြီး သူ့ရဲ့ထွင်းဖောက်ကြည့်တဲ့မျက်လုံးတွေနဲ့ ဦးမင်းနိုင်ကိုကြည့်လိုက်ပါတယ်။ ပြီးတော့ အသက်ရှုလိုက်ပြီးရှင်းပြပါတယ်။

"မဟုတ်ဘူးဗျ၊ အဲဒါနဲ့ဆန့်ကျင်ဘက်ပြောရရင် အဲဒီကပေးချင်တဲ့အသိပညာသင်ခန်းစာက ချစ်ခြင်းမေတ္တာကင်းမဲ့အောင်လုပ်ဖို့ပါ"။

"ဒါပေမဲ့ နှင်းဆီဆိုတာ ချစ်ခြင်းမေတ္တာရဲ့သင်္ကေတပဲလေ၊ အနောက်နိုင်ငံတွေမှာဆို ချစ်ခြင်းမေတ္တာရဲ့အထိမ်းအမှတ်လက်ဆောင်အဖြစ်ပေးကြတာပဲ"။

"မှန်ပါတယ်။ အဲဒီအစဉ်အလာကို ကျွန်တော်သိပါတယ်။ နှင်းဆီဆိုတာ လှပတယ်။ သူပွင့်လာတဲ့အခါ သူ့ရဲ့ပွင့်ဖတ်လေးတွေက လိုက်ဖက်ညီတဲ့တည်ဆောက်ပုံနဲ့ ခင်ဗျားကိုဆွဲဆောင်လိမ့်မယ်။ ပြီးတော့ သူ့မှာ ထူးကဲတဲ့အနံ့လည်းရှိတယ်။ ဒါပေမဲ့ အဲဒါတွေကိုခပ်ဝေးဝေးကပဲ ခင်ဗျားကြည့်ရှုခံစားနိုင်တယ်။ တကယ်လို့ခင်ဗျားက အနီးကပ်သွားရင် သူ့ရဲ့ဆူးက ခင်ဗျားကိုစူးလိမ့်မယ်။ အဲဒါက လူတွေကိုစိုးမိုးခြယ်လှယ်နေတဲ့ အတ္တမာနနဲ့အတူတူပဲ။ နှင်းဆီတွေလိုပဲ အတ္တမာနဟာ သူတို့ရဲ့ဘဝမှာ အထင်ကြီးလေးစားမှု၊ သိက္ခာဂုဏ်ဒြပ်အဆင့်အတန်းနဲ့ အသိအမှတ်ပြုမှုတွေကို ရှာဖွေရင်းနဲ့ ဘဝအချိန်တွေကိုကုန်ဆုံးကြတယ်။ ဒါပေမဲ့ ခင်ဗျား သူတို့နားကပ်သွားတာနဲ့ သူတို့ရဲ့အတ္တမာနဆူးတွေနဲ့ ခင်ဗျားတို့ကိုစူးအောင်လုပ်လိမ့်မယ်" ယောဂီကြီးက ခန္ဓာကိုယ်ကိုမတ်လိုက်ပြီး ခြေထောက်တွေကိုချိတ်ကာ မျက်လုံးကလေးမှေးပြီးဆက်ပြောပါတယ်။

"ခင်ဗျားကို ကျွန်တော်ပထမဆုံးပေးတဲ့သစ်စေ့က *'ကိုယ့်ကိုယ်ကိုယ်သိမြင်ခြင်း'* ဆိုတဲ့သစ်စေ့၊ အတိတ်ကခင်ဗျားရဲ့ပစ္စုပ္ပန်အပေါ် ဘယ်လိုသက်ရောက်မှုရှိဘယ်ဆိုတာသတိမူမိပြီး ခင်ဗျားကိုယ်ခင်ဗျားသိအောင်လုပ်နေတာကနေအစပြုတာက ခင်ဗျားအတွက်အရေးကြီးပါတယ်။ ခင်ဗျားရဲ့အပြုအမူ၊ အတွေးအကြံ၊ စိတ်ခံစားချက်တွေနဲ့ တခြားသူအပေါ်ခံစားချက်တွေကို ခင်ဗျားအနေနဲ့ သေသေချာချာသိမြင်မှုရမယ်။ ခင်ဗျားကိုယ်ခင်ဗျား ပိုပြီးနားလည်သဘောပေါက်လာတာနဲ့ ခင်ဗျားရဲ့အပြုအမူတွေနဲ့ဆုံးဖြတ်ချက်တွေအပေါ် ကြီးကြီးမားမားစပြီးထိန်းချုပ်လာနိုင်ပါတယ်။ ဒါပေမဲ့ အဲဒါက ပြည့်စုံလုံလောက်မှုမရှိသေးဘူး။ ခင်ဗျားကိုယ်ခင်ဗျား တည်ငြိမ်အောင်၊ ခင်ဗျားဘဝမှာ သဟဇာတဖြစ်အောင်လုပ်ဖို့ လက်တွေ့ကျတဲ့ကိရိယာတန်ဆာပလာတွေလိုတယ်။

အဲဒါကတော့ *'တရားအားထုတ်ခြင်း'* ဆိုတဲ့သင်ခန်းစာကိုပေးတဲ့ဒုတိယသစ်စေ့ပါပဲ။ အထိမခံတဲ့သစ်စေ့ပေါ့။ တရားအားထုတ်တဲ့အတွက် ခင်ဗျားပိုပြီးတည်ငြိမ်အေးချမ်းငြိမ်သက်လာတယ်။ အပြုသဘောဆောင်တဲ့အတွေးမျိုးကို ထိန်းထားနိုင်သလို ပြဿနာတွေနဲ့ခပ်ဝေးဝေးနေနိုင်အောင်လုပ်ပေးတယ်။ ခင်ဗျား ကိုယ်ခင်ဗျားပိုပြီးသိမြင်လာအောင်အကူအညီပေးသလို ဘဝမှာဘာအရေးကြီးဆုံးလဲဆိုတာကိုလည်း သိမြင်လာစေတယ်။ အခု တတိယသစ်စေ့ကတော့ *'အတ္တမာနကိုထိန်းချုပ်ခြင်း'* ဆိုတဲ့နှင်းဆီပင်ပဲ။

"ဒါပေမဲ့ ဆရာ၊ ဒီအတ္တမာနဆိုတာကြီးက ဘာလဲဆရာ" ဦးမင်းနိုင်က ကြားဖြတ်မေးလိုက်ပါတယ်။

"ဦးမင်းနိုင်၊ မိဘရဲ့လွဲမှားတဲ့ဆက်ဆံမှုကြောင့် ခက်ခဲကြမ်းတမ်းတဲ့ကလေးဘဝမျိုးဖြတ်သန်းခဲ့ရတဲ့ ခင်ဗျားလိုလူမျိုးတွေဟာ မိမိကိုယ်မိမိတန်ဖိုးထားမှု (Self-esteem) မှာ ဒဏ်ရာဒဏ်ချက်ရှိနေတယ်။ ဖျက်ဆီးခံထားရလို့ စိုက်ပျိုးလို့မရတဲ့ ခင်ဗျားကို ကျွန်တော်ပေးလိုက်တဲ့ပထမဆုံးသစ်စေ့ကို ခင်ဗျားမှတ်မိလား။ ခင်ဗျားကလေးဘဝတုန်းက မိဘတွေက ခင်ဗျားကို ကြမ်းကြမ်းတမ်းတမ်းရိုက်နှက်မယ်၊ လွဲလွဲမှားမှားစွာဆက်ဆံမယ်ဆိုရင် ခင်ဗျားရဲ့မိမိကိုယ်မိမိတန်ဖိုးထားမှုက ယိုယွင်းဆိုး

ရွားလာမယ်။ အကျိုးဆက်အနေနဲ့ ခင်ဗျားရဲ့စိတ်က သိမ်ငယ်တဲ့ပင်ကိုစရိုက်တစ်ခုဖန်တီးပြီး သူဟာ အစွမ်းအစမရှိဘူးဆိုတာကိုလည်း ဖြစ်တဲ့နည်းနဲ့ဖုံးကွယ်ထားချင်တယ်။ အဲဒီသိမ်ငယ်တဲ့ပင်ကိုစရိုက်ဆိုတာ အတ္တမာနပေါ့။ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ လုံခြုံတယ်လို့ခံစားရတဲ့အခါ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိသလို ကိုယ့်ဟာတန်ဖိုးရှိတယ်လို့လည်းခံစားရတယ်။ ဆိုလိုတာက ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ တန်ဖိုးထားမှုမြင့်ရင် ကျွန်တော်တို့ဘာကိုမှဖုံးကွယ်ထားစရာမလိုဘူး။ အကျိုးဆက်အနေနဲ့ ခင်ဗျားရဲ့အတ္တမာနက သေးငယ်သွားတယ်။ တစ်နည်းပြောရရင် ကိုယ့်ကိုယ်ကိုယ်မလုံခြုံသလိုလို၊ ကြောက်ရွံ့သလိုလို ဘဝရဲ့ထိတ်လန့်တုန်လှုပ်မှုကိုခံစားရတဲ့အခါ အဲဒါကိုပိုင်ပိုင်နိုင်နိုင်ဖုံးကွယ်ဖို့လိုအပ်လာတယ်။ အကျိုးဆက်အနေနဲ့ အတ္တမာနကြီးကကြီးထွားလာတယ်"။

"ဒါပေမဲ့ ကျွန်တော်နားမလည်တာက အဲဒါတွေအားလုံးက နှင်းဆီနဲ့ဘယ်လိုများပတ်သက်လဲ"။

"ဦးမင်းနိုင်၊ အဓိကအချက်ကတော့ အတ္တမာနဆိုတာ ကျွန်တော်တို့ ကောင်းကောင်းမမြင်ချင်တဲ့အတွင်းပိုင်းက အရှိတရားတွေကိုဖုံးကွယ်ဖို့ထက်သန်ပြီး ကျွန်တော်တို့သတိတရားနောက်ကွယ်မှာ လှည့်စားမှုအမျိုးမျိုးဖွံ့ဖြိုးစေတယ်။ ဥပမာ- ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားမှုကျဆင်းနေတဲ့သူတွေဟာ သူတို့ကိုယ်သူတို့အထင်ကြီးလေးစားစရာကောင်းသလိုလို၊ ဂုဏ်သိက္ခာရှိသလိုလို၊ အသိအမှတ်ပြုခံရသလိုလို ခံစားနိုင်တဲ့အခြေအနေမျိုးမှာ သူတို့ကိုယ်သူတို့ထားလေ့ရှိတာထုံးစံပဲ။ အဲဒီလိုဘာကြောင့်ဖြစ်ရသလဲဆိုတော့ အတွင်းပိုင်းမှာကျတော့ ကိုယ့်ကိုယ်ကိုယ်မလုံခြုံဘူး၊ တန်ဖိုးမရှိဘူးလို့ နက်နက်ရှိုင်းရှိုင်းခံစားနေကြရလို့ပါ။ သူတို့ဟာ သူတို့ကိုယ်သူတို့ တန်ဖိုးရှိတဲ့အရာတစ်ခုလိုခံစားနိုင်အောင် သူတို့နားကလူတွေရဲ့တန်ဖိုးထားမှုကိုအမြဲလိုချင်ကြတယ်။

ဒါပေမဲ့ အဲဒီလိုလူတွေအနား ခင်ဗျားနီးကပ်သွားတာနဲ့အမျှ အတွင်းပိုင်းဒဏ်ရာတွေ၊ စစ်မှန်တဲ့အကြောက်တရားတွေနဲ့ စစ်မှန်တဲ့ဆူးတွေကို ခင်ဗျားတွေ့မြင်လိမ့်မယ်။ နှင်းဆီလိုပေါ့ဗျာ၊ နှစ်သက်အားရမှုကိုလိုချင်တယ်။ ဒါပေမဲ့ တကယ့်လက်

တွေ့မှာ ခင်ဗျားကပ်သွားတာနဲ့ သူ့ရဲ့ဆုတွေက ခင်ဗျားကိုဖူးလိမ့်မယ်။ ဒီနေ့ဆိုရင် ခင်ဗျားရုံးကအဖြစ်အပျက်တစ်ခုကို ကျွန်တော့်ကိုခင်ဗျားပြောပြတယ်။ ကုမ္ပဏီရဲ့ အောင်မြင်တဲ့ရောင်းအားအကြောင်းအသိပေးချင်လို့ လူတွေခေါ်ပြီးအစည်းအဝေး လုပ်တယ်။ ပြီးတော့ ဘာကြောင့် ထင်သလောက်အလုပ်မဖြစ်တာလဲဆိုတာ ခင်ဗျား နားမလည်နိုင်ဘူးဖြစ်နေတယ်။ အဲဒီအတ္တမာနက ခင်ဗျားမေးနေတဲ့မေးခွန်းရဲ့အဖြေပဲ။ အစည်းအဝေးကိုလုပ်ခဲ့တာက ခင်ဗျားမဟုတ်ဘူး။ ခင်ဗျားရဲ့အတ္တမာနပဲ။ လူတိုင်းကို ခင်ဗျားထိုင်ခိုင်းပြီး ခင်ဗျားရဲ့အောင်မြင်မှုတွေအကြောင်းပြောတယ်။ ကုမ္ပဏီရဲ့ အောင်မြင်မှုတွေအကြောင်းတော့မပြောဘူး။ အဲဒါနဲ့တင်မလုံလောက်လို့ "ကျွန်တော် က ဒီကုမ္ပဏီကအရောင်းသမားဆယ်ဦးထက်ပိုပြီး ထိုက်တန်တယ်" ဆိုပြီး သူတို့ကို ပြောသေးသလို "ကျွန်တော့်လို ခင်ဗျားတို့ဘာကြောင့်မလုပ်နိုင်ရတာလဲ" လို့မေး လိုက်သေးတယ်မဟုတ်လား"။

"ဒါပေမဲ့ ဒါက လုံးဝအမှန်တရားပဲလေ။ ဒီလောက်များများစားစားရောင်း နိုင်တာက ကျွန်တော်တစ်ယောက်တည်းပဲလေ" ယောဂီကြီးရဲ့မှတ်ချက်ကိုမခံမရပ် နိုင်တဲ့ပုံနဲ့ ဦးမင်းနိုင်ကပြောလိုက်ပါတယ်။

"ခင်ဗျားက အရောင်းသမားကောင်းဆိုတာ ကျွန်တော့်အနေနဲ့ သံသယဖြစ် စရာမရှိပါဘူးဦးမင်းနိုင်။ ဒါပေမဲ့ ခင်ဗျားက ကုမ္ပဏီပိုင်ရှင်လည်းဖြစ်သလို ခင်ဗျား ဝန်ထမ်းတွေအားလုံးထက် အရည်အချင်းအများကြီးပိုရှိတာပဲ။ ခင်ဗျားရဲ့ဝန်ထမ်း တွေထက်အများကြီးပိုလုပ်နိုင်တယ်ဆိုတာ အဲဒါကသက်သေပဲလေ။ ဒါပေမဲ့ သူတို့ ကိုအပြစ်နဲ့မတန်အောင် ပက်ပက်စက်စက်ပြောဖို့ ခင်ဗျားအတွက်လိုအပ်လို့လား။ ဒါမှမဟုတ် အဲဒီလိုလုပ်နိုင်တယ်ဆိုတာ ခင်ဗျားဘာသာခင်ဗျားမယုံကြည်လို့ ခင်ဗျား လူတွေကို အဲဒီအကြောင်းထပ်ပြောနေတာကော မဖြစ်နိုင်ဘူးလား"။

ဦးမင်းနိုင်မတ်တတ်ရပ်လိုက်ပါတယ်။ ဒေါသအမျက်ခြောင်းခြောင်းထွက် နေပါတယ်။

"ဟုတ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်အစွမ်းအစရှိတယ်လို့ ကျွန်တော်ယုံတယ်။ သူတို့ သင်ခန်းစာယူနိုင်အောင်၊ ပိုပြီးရောင်းနိုင်အောင်တဲ့ပြန်ပြီး တိုးတက်လာအောင်

ကျွန်တော် သူတို့ကိုပြောပြတာပါ"။

သူ့ရဲ့အတွင်းမှာနက သူ့ကိုမျက်ကန်းတစ်ယောက်လိုဖြစ်စေပါတယ်။ ဖွင့်ထားတဲ့စာအုပ်တစ်အုပ်လို ဦးမင်းနိုင်ကိုနှိပ်စက်နေတဲ့ခံစားချက်သဘောထားတွေကို ဦးမင်းနိုင်ရဲ့မျက်နှာကနေ ယောဂီကြီးဖတ်သိနိုင်ပါတယ်။ တကယ်လို့ နာကျင်ထိခိုက်စေတောင်မှ ဦးမင်းနိုင်အနေနဲ့ သူ့ကိုယ်သူထိပ်တိုက်ရင်ဆိုင်ဖို့လိုအပ်နေပါတယ်။ အဲဒါက တစ်ခုတည်းသောနည်းလမ်းပါပဲ။ စိတ်ဆိုးနေတဲ့ဦးမင်းနိုင်ဆီ သူ့ရဲ့တည်ငြိမ်မှုကူးစက်သွားအောင်ကြိုးစားတဲ့အနေနဲ့ ယောဂီကြီးဟာ မျက်လုံးကိုတစ်ဝက်လောက်ပိတ်လိုက်ပြီး အသက်ပြင်းပြင်းရှူလိုက်ပါတယ်။ ပြီးတော့မှ သူစကားပြောပါတယ်။

"ခင်ဗျားက သူတို့ထက်ဆယ်ဆမကပိုတော်တယ်လို့ပြောရင် သူတို့ကတုံ့ပြန်လာမယ်ဆိုတာကို ခင်ဗျားဘယ်လိုထင်လို့လဲ။ တကယ်တော့ သူတို့တုံ့ပြန်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားတုံ့ပြန်စေချင်တဲ့နည်းလမ်းနဲ့တော့ မဟုတ်ဘူး။ စိတ်ကိုလျှော့ပြီး ခင်ဗျားရဲ့အတွင်းမှာနက ခင်ဗျားကိုဘယ်လိုကြိုးကိုင်ခြယ်လှယ်နေသလဲဆိုတာ သဘောပေါက်ပါဦးမင်းနိုင်။ တကယ်လို့ သူတို့သင်ခန်းစာယူပြီးတုံ့ပြန်စေဖို့ရည်ရွယ်တယ်ဆိုရင် ခင်ဗျားရဲ့အရောင်းနည်းဗျူဟာတချို့ကို ညင်ညင်သာသာနှိမ့်နှိမ့်ချချနဲ့သင်ပေးတာ ပိုပြီးကောင်းပါလိမ့်မယ်"။

ဦးမင်းနိုင်ထိုင်ချလိုက်ပါတယ်။ သူငိုချင်သလိုလို မသက်မသာခံစားနေရပြီး မျက်လုံးထဲမှာ မျက်ရည်လျှံအောင် ကြာရှည်မထားနိုင်တော့ပါဘူး။ ရင်ဘတ်ထဲက နာကျင်သလိုခံစားရပါတယ်။ အထီးကျန်သလိုလို၊ ချစ်ခင်တွယ်တာမှုကင်းမဲ့သလိုလို ခံစားရပါတယ်။ သူ့အဖြစ်အပျက်တစ်ခုလုံးဟာ ကလေးဘဝမသိစိတ်မှတ်ဉာဏ်တွေကနေ မွေးထုတ်ပေးလိုက်သလိုပါပဲ။ တကယ်တော့ ရုံးခန်းထဲမှာ သူ့လူတွေစုနေတဲ့အချိန်မှာသူလိုချင်ခဲ့တာက ချစ်ခင်နှစ်သက်မှုခံရဖို့ပဲမဟုတ်ပါလား။

"ဆရာ အခုကျွန်တော်နားလည်ပါပြီ" ဦးမင်းနိုင်တစ်ယောက် အက်ကွဲသံနဲ့ပြောလိုက်ပါတယ်။ "ကျွန်တော့်ရဲ့အတွင်းမှာနက ကျွန်တော့်ရဲ့ပင်ကိုစရိုက်ပါပဲ။ ကလေးတစ်ယောက်အနေနဲ့ မရခဲ့တဲ့ချစ်ခြင်းမေတ္တာကိုရှာဖွေဖို့ ကျွန်တော့်ရဲ့လုပ်ဆောင်ချက်တွေကို ညွှန်ပြပေးတဲ့အင်ဂျင်တစ်ခုပါ"။

"မှန်တာပေါ့ဦးမင်းနိုင်၊ ခင်ဗျားတကယ်ရှာနေတာက ချစ်ခြင်းမေတ္တာ၊ နားလည်မှုနဲ့ အသိအမှတ်ပြုလက်ခံမှု၊ ဒါပေမဲ့ အဲဒါကို ပုဂ္ဂိုလ်ရေးဆက်ဆံမှုကိုထိခိုက်နိုင်တဲ့အပြုအမူကတစ်ဆင့် ခင်ဗျားကပြသတယ်"။

ယောဂီကြီးတစ်ဖန်ငြိမ်သက်သွားပြီး သူ့ရဲ့လက်တွေကို ဒူးခေါင်းပေါ်တင်ထားလိုက်ပါတယ်။ အခန်းကပြန်ပြီး အေးချမ်းမှုအကြောင်း အပြန်အလှန်ဆွေးနွေးမှုတွေနဲ့ဖုံးလွှမ်းနေပါတယ်။

"ခင်ဗျားစက်ဘီးတာယာပြားနေတဲ့အခါ စက်ဘီးလေထိုးပိုက်နဲ့ ခင်ဗျားထိုးလို့ရနိုင်တယ်။ ဒါပေမဲ့ တာယာဘီးက အပေါက်ရှိတယ်ဆိုရင် ခင်ဗျားဘယ်လောက်ကြိုးစားကြိုးစား အချိန်သာကြာသွားမယ်။ အဆုံးမှာအလုပ်ဖြစ်မှာမဟုတ်ဘူး။ လေထိုးလို့ရမှာမဟုတ်ဘူး။ ခင်ဗျားရဲ့အတ္တမာနက အဲဒီသဘောအတိုင်းပါပဲ။ ကျွန်တော်တို့ရဲ့ပေါင်းသင်းဆက်ဆံရေးတွေကို ဖျက်လိုဖျက်ဆီးလုပ်မယ့်တာယာဘီးအပြားကြီးနဲ့ ဘဝကိုဖြတ်သန်းရအောင် အတ္တမာနကလုပ်တယ်။ လူတွေ ကျွန်တော်တို့ကိုလက်ခံလာအောင်၊ လေးစားအထင်ကြီးလာအောင်၊ အသိအမှတ်ပြုအောင်ကြိုးစားရင်း တစ်ချိန်လုံး ကျွန်တော်တို့ အဲဒီတာယာဘီးကို လေထိုးနေရတယ်။ ပြဿနာကတော့ တာယာဘီးပေါက်နေတာပါ။ ကျွန်တော်တို့လေထိုးနေရတာကို ဘယ်တော့မှရပ်လို့ရမှာမဟုတ်ဘူး။ ကျွန်တော်တို့ဟာ စက်ဘီးလေထိုးပိုက်ကို အားကိုးနေရတဲ့လက်အောက်ခံအဖြစ်နဲ့အဆုံးသတ်ရပြီး အချိန်မဖြုန်းသုံးလို့ရအောင် ကျွန်တော်တို့အနားမှာ အမြဲတမ်းယူထားရတယ်"။

သူကောင်းကောင်းနားလည်လာတဲ့အခါမှာတော့ ကြီးမားတဲ့ဝန်ထုပ်ဝန်ပိုးကြီးလျော့ကျသွားသလိုခံစားရတယ်။

သူ့ပခုံးပေါ်မှာသယ်ထားရတဲ့အိတ်က ကျောက်တုံးတွေတစ်တုံးပြီးတစ်တုံးပြုတ်ကျသွားသလိုပါပဲ။

"အကောင်းဆုံး၊ အအောင်မြင်ဆုံးအရောင်းသမားအဖြစ် ကိုယ်ရည်သွေးပြီးကျွန်တော်လုပ်ခဲ့တဲ့ ရုံးကအမှားတချို့ကလွဲရင် အတ္တမာနကတခြားဘယ်လိုအပြုအမူမျိုးနဲ့ သူ့ကိုယ်သူဖော်ပြလေ့ရှိသလဲဆိုတာ ကျွန်တော့်ကိုရှင်းပြပါ"။

"တခြားအပြုအမူအမျိုးအစားတွေမသွားခင် အမျိုးအစားတူနောက်ထပ် ဥပမာတစ်ခုပေးပါရစေ။ ခင်ဗျားကိုယ်ခင်ဗျား တကယ့်ကိုထူးခြားတဲ့လူလို့ခံစားနေရတယ်။ တခြားဘယ်သူမှမရှိတဲ့စွမ်းအင်မျိုး ခင်ဗျားဆီမှာရှိတယ်လို့ခင်ဗျားယုံနေတယ်။ ခင်ဗျားရဲ့စွမ်းဆောင်ရည်မျိုး သူတို့လက်ခံပြီး လိုလားအောင် သူတို့ကိုပြောချင်၊ ပြချင်တယ်။ အဲဒီမှာလည်း ခင်ဗျားတစ်ခါပြန်ပြီး စက်ဘီးလေထိုးပိုက်ရဲ့လက်အောက်ခံဖြစ်နေပြန်တယ်။ တရားအားထုတ်တဲ့နယ်ပယ်ကိုဝင်တဲ့သူအများစုဟာ သူတို့အတ္တမာနရဲ့ဖမ်းစားတာကိုခံရပြီး စိတ်အာရုံနောက်ကိုလိုက်တဲ့လက္ခဏာရပ်တွေထဲမှာပဲ နစ်မြုပ်သွားကြတယ်။

ကျွန်တော်ရှေ့မှာပြောခဲ့သလို စိတ်အာရုံထင်ရာနောက်လိုက်တဲ့ကိစ္စကိုမေ့လိုက်ပါ။ အဲဒီကိစ္စက အရေးကြီးတဲ့အရာမဟုတ်ဘူး။ အတ္တမာနရဲ့တခြားအပြုအမူဆိုင်ရာသဘာဝတစ်ခုက လူတွေရဲ့အကြောင်းကို သူတို့ကွယ်ရာမှာပြောလေ့ရှိတာပါပဲ။ အဲဒါက ဇလားတပ်စက်ခါးပတ်နဲ့အလားသဏ္ဍာန်တူတယ်။ သူ့ကို တခြားတစ်ဖက်မှာ အလေးချိန်ရှိတဲ့စက်သီး၊ ဒါမှမဟုတ် ကြိုးနဲ့ဆွဲထားမယ်။ အဲဒီဇလားတပ်ခါးပတ် မြင့်တက်လာရင် အလေးချိန်က အောက်ကျသွားတယ်။ ခင်ဗျား လူတွေမကောင်းကြောင်းပြောတဲ့အခါ သူတို့အပေါ်ကို အလေးချိန်ပစ်တင်နေတာပဲ။

ဆိုလိုတာက ခင်ဗျားသူတို့ကိုနိမ့်ကျအောင်ပြောနိုင်မှ ခင်ဗျားရဲ့အတ္တမာနက မြင့်တက်နိုင်မှာလေ။ တစ်စုံတစ်ယောက်ကို စွမ်းဆောင်ရည်မရှိဘူး၊ ညံ့ဖျင်းတယ်၊ ပျင်းတယ်လို့ ခင်ဗျားမှတ်ချက်ပေးတဲ့အခါတိုင်းမှာ ခင်ဗျားတကယ်ပြောနေတာကတော့ ခင်ဗျားက သူတို့လိုမဟုတ်ဘူး။ ခင်ဗျားကိုယ်ခင်ဗျား သာလွန်နေတယ်လို့ခံစားရအောင်လုပ်နေတာပဲ။ အဲဒါက တာယာအပေါက်ကို လေထိုးနိုင်ဖို့ကြိုးစားနေတဲ့သူနဲ့တူတယ်။ လူတစ်ယောက်အကြောင်းမကောင်းပြောတဲ့အခါ ခင်ဗျားကိုယ်ခင်ဗျားလေထိုးလိုက်တာပဲ။

ဒါပေမဲ့ ခင်ဗျားရဲ့အတွင်းပိုင်းမှာ အပေါက်ကြီးရှိနေတဲ့အတွက် ခင်ဗျားလေကတစ်ဖန်လျော့သွားမှာပဲ။ အတင်းအဖျင်းဆိုတဲ့ ကွယ်ရာမှာမကောင်းပြောတာက ခင်ဗျားကိုယ်ခင်ဗျား တစ်ဖန်ပြန်မြင့်တင်ဖို့သုံးရတဲ့ဆေးလိုဖြစ်လာတယ်။ ဒါပေမဲ့

ပြဿနာက ဆေးဝါးတွေမှာရှိတဲ့ဘေးထွက်ဆိုးကျိုးလိုပဲ အဲဒီအတင်းအဖျင်းပြောတာက ခင်ဗျားအပေါ် အပျက်သဘောဆောင်တဲ့အကျိုးဆက်တွေဖြစ်အောင်လုပ်လိမ့်မယ်။ ဥပမာ- မကောင်းတဲ့တုံ့ပြန်ခံစားမှုနဲ့ဆန့်ကျင်ဘက်သဘောထားတွေ ခင်ဗျားရလိမ့်မယ်။ လူတွေမကောင်းကြောင်းဆိုးဆိုးဝါးဝါးပြောတာက နာကျင်ထိခိုက်စေတယ်။ ခင်ဗျားအနေနဲ့ ရုံးတွင်းမှာယုံကြည်မှုပျက်ယွင်းနေတဲ့ပတ်ဝန်းကျင်မျိုးဖန်တီးပြီး စိတ်ဘက်ကြွမှုမရှိအောင် လုပ်လိုက်တာပါပဲ"။

"ဟုတ်ပါတယ်" ဦးမင်းနိုင်က ကြားဖြတ်ပြောပါတယ်။ "ကျွန်တော့်ရုံးထဲမှာ အဲဒီလိုမျိုးအများကြီးဖြစ်နေပါတယ်။ လူတိုင်းက တခြားသူအကြောင်း ဆိုးဆိုးဝါးဝါး ပြောကြတယ်။ အထူးသဖြင့် HR မန်နေဂျာပါ။ အဲဒီအမျိုးသမီးက တကယ့်ကို အတင်းအဖျင်းပြောတာပါ။ ကျွန်တော်နဲ့ဆို အဲဒီအမျိုးသမီး သူများအကြောင်းဘယ်တော့မှမကောင်းမပြောဘူး။ ဒါပေမဲ့ ကျွန်တော်အခန်းထဲကထွက်သွားတာနဲ့ လူတိုင်းကို ဝေဖန်ပြစ်တင်တော့တာပဲလို့ လူတွေက ကျွန်တော့်ကိုပြောတယ်"။

"ဦးမင်းနိုင်၊ အတင်းပြောသန်တဲ့သူအကြောင်းကို ခင်ဗျားအတင်းပြောနေတယ်ဆိုတာ သတိထားမိလား။ ခင်ဗျားစက္ကန့်အနည်းငယ်လောက် သတိလက်လွတ်ဖြစ်သွားပြီး ခင်ဗျားရဲ့အတ္တမာနက ခင်ဗျားစိတ်ကိုပြန်ထိန်းချုပ်ပြီး အမှားတွေသရုပ်ဖော်အောင် ခင်ဗျားကိုလုပ်တယ်"

"ဒါပေမဲ့ ဆရာ၊ ကျွန်တော်အကဲဖြတ်ထင်မြင်ချက်မပေးနိုင်ရင် ကျွန်တော့်ဘဝကို ဘယ်လိုသုံးသပ်လို့ရမလဲ၊ ကျွန်တော့်အလုပ်မှာ သတင်းအချက်အလက်တွေကိုအကဲဖြတ်ရတယ်၊ ဆုံးဖြတ်ချက်ချရတယ်၊ လူတွေရဲ့အပြုအမူတွေနဲ့ အခြေအနေတွေကို အကဲဖြတ်ဆုံးဖြတ်ရတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က အလုပ်ကောင်းကောင်းလုပ်ရင် ကျွန်တော် သူ့ကိုအကဲဖြတ်သင့်တယ်၊ တန်ဖိုးဖြတ်သင့်တယ်၊ ချီးကျူးသင့်တယ်။ တကယ်လို့တစ်စုံတစ်ယောက်က လုပ်တာမကောင်းရင် သူ့ကိုကျွန်တော် အကဲဖြတ်ပြီး သူတိုးတက်လာအောင် သူအမှားလုပ်ခဲ့ကြောင်းသိအောင်ပြရမယ်"

"အကဲဖြတ်တာ ပြဿနာမဟုတ်ပါဘူး ဦးမင်းနိုင်။ ပြဿနာက ခင်ဗျားရဲ့အတ္တမာနက သူ့ကိုသူလေထိုးဖို့ အကဲဖြတ်တာကို ကိရိယာတစ်ခုအဖြစ်သုံးနေတဲ့

အချက်ပေါ်မှာမူတည်နေတယ်။ ခင်ဗျားရဲ့အတ္တမာနက သူ့ကိုယ်သူလေထိုးဖို့အစွမ်းကုန်ကြိုးစားရင်း အမြဲတမ်းစစ်ဆင်နွှဲနေတယ်။ စစ်သားတစ်ယောက်လို သူ့ကိုယ်သူ ပုံဖျက်ဖို့ သူ့မှာယူနီဖောင်းရှိနေတယ်။ ခင်ဗျား ကျွန်တော့်ကိုပေးတဲ့ဆင်ခြေမျိုးနဲ့ နောက်ကျနေတဲ့ဆင်ခြေမျိုးနဲ့ သူ့အပြုအမူမျိုးကို သူ့အကဲဖြတ်ရင်း သူ့ကိုယ်သူဖုံးကွယ်ထားတယ်။ ခင်ဗျားရဲ့အတ္တမာနက ခင်ဗျားကိုကြိုးကိုင်ပြီး သူများကိုအကဲဖြတ်အောင်၊ အမှားရှာအောင်၊ ဝေဖန်အောင်လုပ်တဲ့အချိန်မှာ အဲဒါကိုသိနေတဲ့တစ်ဦးတည်းသောပုဂ္ဂိုလ်ကတော့ ခင်ဗျားကိုယ်တိုင်ပါပဲ။ ခင်ဗျားနိုးနိုးကြားကြားနဲ့သတိရှိပြီး ခင်ဗျားရဲ့အတ္တမာနက ခင်ဗျားကိုကြိုးမကိုင်နိုင်အောင် အလွန်သတိထားပြီးကာကွယ်ရမယ်။

ဦးမင်းနိုင် အစစအရာရာကိုနားလည်သွားပြီဆိုတာကိုမြင်တဲ့အတွက် ပြန်ဆင်ခြင်လို့ရအောင်အချိန်ပေးတဲ့အနေနဲ့ ခဏရပ်လိုက်ပါတယ်။ ပြီးတော့မှဆက်ပြောပါတယ်။

"တစ်ခါတုန်းက အရမ်းဝေဖန်အပြစ်ရှာတတ်တဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်။ တစ်နေ့တော့ မျက်နှာချင်းဆိုင်အိမ်ကို အိမ်နီးနားချင်းအသစ်တွေပြောင်းလာပြီး အိမ်ထဲဝင်နေကြတာကိုသူတွေ့နေရတယ်။ အဲဒီလူတွေကိုကြည့်ပြီး အဲဒီလူတွေဟာညစ်ပတ်တယ်လို့ သူမြင်နေရတယ်။ နောက်တစ်နေ့မှာလည်း အဲဒီလူတွေကိုတစ်ခါထပ်ကြည့်ပြီး *"တော်တော်ညစ်ပတ်တာပဲ၊ ဒီအိမ်နီးချင်းတွေ ညစ်ပတ်တာတော့ ကမ်းကုန်နေတာပဲ"* လို့သူ့ဘာသာသူ ရေရွတ်နေပါတယ်။ ဒီလူတွေရေတောင်ချိုးကြမှာမဟုတ်ဘူးဆိုတာ ငါလောင်းရဲတယ်။ အရမ်းညစ်ပတ်တဲ့အိမ်နီးချင်းတွေအကြောင်းပြောချင်တဲ့အတွက် သူ့သူငယ်ချင်းတွေဆီဖုန်းဆက်ပေမဲ့ တစ်ယောက်မှအိမ်မှာမရှိကြဘူး။

တစ်ယောက်ယောက်ကိုပြောချင်လွန်းလို့ မအောင့်နိုင်မအည်းနိုင်ဖြစ်နေချိန်မှာ သူ့သူငယ်ချင်းတစ်ယောက် သူ့အိမ်ကိုလာလည်ပါတယ်။ အဲဒီအမျိုးသမီးက သူ့သူငယ်ချင်းကိုနှုတ်တောင်မဆက်နိုင်ဘဲ သူ့ပြတင်းပေါက်ဆီတန်းတန်းမတ်မတ်ခေါ်သွားပါတယ်။ *"အဲဒီအော်ဂလီဆန်စရာကောင်းတဲ့သူတွေကိုကြည့်စမ်း သူငယ်ချင်း သူတို့ရေမချိုးတာ ရက်အတော်ကြာပြီဆိုရှင်ယုံမလား"*။ သူ့သူငယ်ချင်းက သူ့ရဲ့ပြတင်း

ပေါက်တံခါးကိုပဲကြည့်ပြီး အခုလိုပြောလိုက်ပါတယ်။ "*မယုံဘူးသူငယ်ချင်းရေ၊ ဘစ်ချက်လောက်ကြည့်စမ်းပါ။ ညစ်ပတ်နေတာက ရှင့်ရဲ့ပြတင်းပေါက်ပဲ*" သူ့သူငယ်ချင်းက ပြတင်းပေါက်ကိုသုတ်ပေးလိုက်တော့ အိမ်နီးချင်းတွေကိုကြည့်ရတာ တော်တော်လေးသန့်ရှင်းသွားပါတယ်။ "လူတွေဟာ တခြားသူတွေမကောင်းကြောင်း ကွယ်ရာမှာပြောတဲ့အခါ သူတို့ရဲ့စိတ်ပြတင်းပေါက်က ညစ်ပတ်နေလို့ပါ။ သူ့ကိုယ်သူ သာလွန်ကြောင်းခံစားဖို့အတွက် တခြားသူကို အစွမ်းကုန်အပြစ်ရှာဖို့ကြိုးစားနေတဲ့ အတ္တမာနကြောင့် အဲဒီပြတင်းပေါက်က မှုန်ဝါးနေတယ်"။

"ဒါပေမဲ့ အနှစ် ၃၀ ကျော်ကြာအလေ့အကျင့်ဖြစ်ပြီး ခေါက်ရိုးကျိုးနေတဲ့ အပြုအမူတစ်ခုကို ကျွန်တော်ဘယ်လိုလုပ်ပြောင်းလဲနိုင်မလဲ။ နောက်ပြီး အဲဒီအပြုအမူက တကယ့်ကိုအဖြစ်များတဲ့အပြုအမူချည်းပဲ"။

"လူအများစုဟာ ရထားလမ်းတစ်လမ်းတည်းကိုပဲ အမြဲမောင်းနေတဲ့ ရထားမောင်းသမားတွေလို ဘဝကိုဖြတ်သန်းနေကြတယ်။ သူတို့အကျင့်တွေဟာ ရထားလမ်းတွေလိုသတ်မှတ်ထားပြီးသားလမ်းကြောင်းအတိုင်းပဲသွားနေကြပြီး တခြားဘယ်လမ်းကြောင်းမှခွဲမထွက်ကြဘူး။ ခင်ဗျားဘဝရဲ့စတီယာရင်ကို ခင်ဗျားဆုပ်ကိုင်ရမယ်။ ခင်ဗျားရဲ့စိတ်စွမ်းအားကိုဖြည့်ပြီး ခင်ဗျားလမ်းခင်ဗျားဖောက်ပါ။ အဲဒါတွေက ခင်ဗျားကို စစ်မှန်တဲ့ပျော်ရွှင်မှုဆီဆောင်ကြဉ်းပေးလိမ့်မယ်"

ရိုးရိုးရှင်းရှင်းလေးတွေနဲ့ အစစအရာရာသူနားလည်သွားအောင် သူ့ဆရာက လုပ်နိုင်တာကို ဦးမင်းနိုင်အံ့အားသင့်မိပါတယ်။ ဖြစ်နိုင်သမျှ သူခပ်များများရှေ့ သွားရမယ်။

"မှန်ပါတယ်။ တခြားသူရဲ့အပြစ်ကိုရှာတဲ့အတင်းအဖျင်းပြောတာဟာ အတ္တမာနရဲ့လှည့်ကွက်တွေကိုပြနေတာပါ။ ဒါပေမဲ့ တခြားဘယ်လိုနည်းနဲ့ရော အတ္တမာနက သူ့ကိုယ်သူလှစ်ပြသေးသလဲ"။

"နောက်ထပ်နည်းလမ်းတချို့နဲ့ ထပ်ရှင်းပြပါရစေ။ ပထမဆုံးတစ်ခုကတော့ အဖွဲ့အစည်းတွေအတွက် ဆိုးဝါးတဲ့အပြုအမူကတော့ အပြစ်တွေကိုပဲရှာကြံရွေးထုတ်တာပါ။ အဖွဲ့အစည်းတစ်ခုမှာ အလုပ်ကိစ္စတွေမကောင်းတော့ဘူးဆိုရင် အတ္တမာနက

လုံးဝထိတ်လန့်တုန်လှုပ်ခံစားရပါတယ်။ အတ္တမာနအတွက် အဆိုးဝါးဆုံးအရာကတော့ သူ့ကိုဖော်ထုတ်တွေ့ရှိသွားမှာကိုပါ။ တစ်နည်းပြောရရင် အဲဒီလူဟာ စွမ်းဆောင်ရည်ကိုမခံစားတတ်ဘူးလို့ တခြားသူတွေတွေ့မြင်သွားမှာကိုပါ။ အတ္တမာနရဲ့ရည်ရွယ်ချက်ကိုက သူ့ရဲ့အတွင်းပိုင်းအားနည်းချက်တွေကိုဖုံးကွယ်ဖို့ပါ။ အဆုံးစွန်ဆုံးပြောရရင် သူတို့ကိုယ်သူတို့ ခင်ဗျားဆီကဖုံးကွယ်ဖို့ပါ။ တခြားသူကိုအပြစ်တင်ဖို့ရှာဖွေတဲ့အခါ ကိုယ့်ကိုယ်ကိုယ်ဖော်ပြမိနိုင်တဲ့ဖြစ်နိုင်သမျှ အရာအားလုံးကိုဖုံးကွယ်လိုက်တယ်။ အတ္တမာနက လူတစ်ယောက်ရဲ့အတွင်းမှာရှိတဲ့ ကျဆုံးတဲ့ခံစားချက်ကိုဖုံးကွယ်ဖို့ တစ်ချိန်လုံးအောင်မြင်မှုကိုခံစားဖို့ရှာဖွေတယ်"။

"ဒါပေမဲ့ အဲဒါက ပြဿနာကိုဖြစ်စေတဲ့သူကိုဖော်ထုတ်ဖို့အတွက်အရေးပါတယ်မဟုတ်ဘူးလား။ အမှားလုပ်တဲ့သူကို ဘယ်လိုတိုးတက်အောင်လုပ်တော့မလဲ" ဦးမင်းနိုင်ကမေးလိုက်ပါတယ်။

"ဦးမင်းနိုင်၊ လူတစ်ယောက်ကိုထပ်မမှားအောင်၊ တိုးတက်အောင်ကူညီဖို့အတွက် ပြဿနာအတွက် ဘယ်သူတာဝန်ရှိသလဲလို့ရှာတာကတစ်မျိုး၊ တရားခံလက်သည်ရှာပြီး အဲဒီအမှားနဲ့ အဲဒီလူမျက်နှာကိုပစ်ပေါက်ပြီးအလဲထိုးတာကတစ်မျိုးပါ။ ကျွန်တော် ခင်ဗျားကိုထပ်မေးမယ်။ ခင်ဗျားရဲ့ရည်ရွယ်ချက်ကဘာလဲ။ ခင်ဗျားရဲ့အတ္တမာနကို မြှင့်တင်ဖို့လား၊ အဲဒီလူတိုးတက်ဖို့လား"။

ဦးမင်းနိုင်က ခေါင်းညိတ်ပါတယ်။ ယောဂီကြီးကဆက်ပြောပါတယ်။

"အတ္တမာနရဲ့နောက်ထပ်အမူအကျင့်တစ်ခုကတော့ တခြားသူရဲ့အယူအဆကိုလက်ခံဖို့ငြင်းဆိုတာပါ။ အတ္တမာနက သူ့ကိုယ်သူအကောင်းဆုံး၊ ဉာဏ်အထက်ဆုံး၊ အစွမ်းဆောင်နိုင်ဆုံးလို့မြင်ချင်တယ်။ လူတစ်ယောက်ဟာ သူ့ရဲ့အတွင်းပိုင်းမှာ အဲဒီလိုမခံစားမိတဲ့အတွက် အဲဒါကိုအပြင်ကနေ အတွင်းပိုင်းရောက်အောင်တွန်းအားပေးချင်ပါတယ်။ အဖွဲ့အစည်းတစ်ခုမှာ အဖွဲ့ဝင်တွေဟာ ဉာဏ်ရည်ထက်ပြီးဖန်တီးနိုင်တဲ့အခါ အဲဒီလူတွေဟာ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားမှုပြဿနာတွေရှိနေတဲ့ သူ့ရဲ့အတ္တမာနကိုခြိမ်းခြောက်တဲ့သူတွေ ဖြစ်လာပါတယ်။

အဲဒီလိုအခြေအနေမျိုးမှာအတ္တမာနဟာ အတွေးအခေါ်အယူအဆတွေကို

သတ်ဖြတ်ပစ်တဲ့သူဖြစ်လာပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က အဖွဲ့ဝင်တွေ လက်ခံနိုင်တဲ့အိုင်ဒီယာကောင်းတစ်ခုတင်ပြလာရင် အတ္တမာနပြဿနာရှိနေတဲ့သူဟာ နှာကြောင်ကြောင်ဖြစ်လာပါတယ်။ အဲဒီအခါ အဲဒီလူရဲ့အတွင်းပိုင်းမှာ အပျက်သဘော ဆောင်တဲ့စကားပြောတွေ အပြန်အလှန်စပြောပါတော့တယ်။ *"ငါဘာလို့အဲဒီလိုမတွေး နိုင်တာလဲ၊ ငါမတော်ဘူး"*၊ ဒါမှမဟုတ် *"ငါမဖန်တီးနိုင်ဘူး"*။ တခြားလူတွေရဲ့ အိုင်ဒီယာတွေကိုပစ်ပယ်ဖို့ကြိုးစားမှာဖြစ်တဲ့အတွက် သူ့မှာဆုံးရှုံးစရာအများကြီးရှိ နေပါတယ်။ တစ်စုံတစ်ယောက်မှာ အတွင်းပိုင်းပြဿနာရှိနေတဲ့အတွက် အခွင့်အရေး အားလုံး လက်လွှတ်ဆုံးရှုံးနေရတာကို တွေးကြည့်စမ်းပါ"။

ယောဂီကြီးရဲ့မျက်စိရှေ့မှာတော့ ဖောက်ထွင်းမြင်နိုင်တဲ့သူတစ်ယောက်လို ဦးမင်းနိုင်ခံစားနေရပြီး ပိုမိုရှက်ရွံ့လာပါတယ်။ ဒါကြောင့် သူ့ကိုယ်သူကာကွယ်ဖို့ အတွက် ကြိုးစားပါတော့တယ်။

"ဒါပေမဲ့ဆရာ၊ ဆရာဖော်ပြခဲ့တဲ့အတ္တမာနအမူအကျင့်အားလုံး ကျွန်တော့် မှာရှိပါတယ်။ ကျွန်တော့်ကုမ္ပဏီတိုးတက်အောင်တွန်းအားပေးခဲ့တာက ကျွန်တော့် ရဲ့အတ္တမာနပါ။ ကျွန်တော့်အဖေလိုပဲ ကျွန်တော်စွမ်းဆောင်နိုင်တယ်ဆိုတာကို ကမ္ဘာ လောကကြီးကိုသက်သေပြချင်တယ်။ ကျွန်တော်အောင်မြင်ချင်တယ်။ အသိအမှတ်ပြု ခံချင်တယ်။ ပြီးတော့ ဒီနှစ်ပိုင်းအားလုံးမှာ ကျွန်တော်အလုပ်ကြိုးစားခဲ့တယ်။ အဲဒီ တော့ ဘာများမှားနေသလဲ"

"အတ္တမာနဟာ စီးပွားရေးနဲ့ပရော်ဖက်ရှင်နယ်ဆိုင်ရာအကောင်းဆုံး တွန်း အားပေးသူဆိုတာ သံသယဖြစ်စရာမရှိပါဘူး။ ဒါပေမဲ့ အဲဒါက ဘဝမှာအောင်မြင်မှု နဲ့ပတ်သက်လို့ ခင်ဗျားရဲ့အနက်ဖွင့်ဆိုချက်လား၊ ဘဝမှာအောင်မြင်မှုဆိုတာ ခင်ဗျား ပျော်ရွှင်မှုဆီရောက်မှရနိုင်တာပါ။ ရည်မှန်းချက်ပန်းတိုင်ရောက်ဖို့တွန်းအားတွေနဲ့ ခင်ဗျားအသက်ရှင်နေထိုင်နေတယ်။ ဒါပေမဲ့ ခင်ဗျားဟာ မပျော်ရွှင်တဲ့သူတစ်ယောက် ဆိုတာကို ကျွန်တော့်လိုပဲခင်ဗျားလက်ခံတယ်လေ။ ခင်ဗျားကို ကျွန်တော်မေးကြည့် ချင်ပါတယ်။ ခင်ဗျားဒီလောကကြီးကို ဘာအတွက်ရောက်လာတာလဲ။ ရည်မှန်းချက် ပန်းတိုင်တွေပြီးမြောက်ဖို့လား၊ ပျော်ရွှင်ဖို့လား"။

"နှစ်မျိုးစလုံးပဲ" ဦးမင်းနိုင်က ကျိုးဝယ်တဲ့အပြုံးနဲ့ပြန်ဖြေပါတယ်။ ဆရာတာ သူ့သူငယ်ချင်းလိုဖြစ်နေပါပြီ။

"မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဒီလိုလေးဆီလျော်အောင်ပြောပါရစေ။ ကျွန်တော်တို့တစ်တွေ ရည်မှန်းချက်ပန်းတိုင်ဆီသွားတဲ့ပြိုင်ပွဲဝင်ပြေးနေတုန်းမှာ ပျော်ရွှင်ဖို့အတွက် ရောက်လာတာပါ။ ဒီဖွင့်ဆိုချက်မှာ အတ္တမာနကိုဖယ်ထားတယ်။ ခင်ဗျားသေသွားတဲ့အခါ ဒီကမ္ဘာလောကကြီးကနေခင်ဗျားနဲ့အတူ ဂုဏ်သိက္ခာတွေ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ ခင်ဗျားရဲ့ရည်မှန်းချက်ပန်းတိုင်တွေကိုယူသွားလို့မရဘူးဆိုတာ မှတ်ထားပါ။ ခင်ဗျားရဲ့စိတ်ဝိညာဉ် တစ်ခုတည်းကိုပဲယူသွားရမှာပါ"။

"ဒါပေမဲ့ အတ္တမာနမရှိဘဲနဲ့ ကျွန်တော်ဘယ်လိုနေထိုင်နိုင်မှာလဲ" ဦးမင်းနိုင် က မေးလိုက်ပါတယ်။

"အတ္တမာနကိုဖယ်ရှားဖို့ကမလွယ်ပါဘူး။ ကမ္ဘာလောကကြီးထဲကလူ အနည်းငယ်ပဲ အဲဒီလိုလုပ်နိုင်တယ်။ ဒါပေမဲ့ ခင်ဗျားလုပ်နိုင်တာက သူ့ကိုခင်ဗျား ထိန်းချုပ်လို့ရတယ်။ လျော့နည်းအောင်လုပ်လို့ရတယ်။ ပြီးတော့ ခင်ဗျားရဲ့အပြု အမူတွေကို သူဘယ်လိုလွှမ်းမိုးခြယ်လှယ်သလဲဆိုတာ ပိုပြီးသတိထားလို့ရတယ်"။

ဦးမင်းနိုင် သူ့ကိုမေးခွန်းတွေနဲ့တရစပ်ထိုးနှက်နေပြီဆိုတာကိုမြင်တဲ့ အတွက် ယောဂီကြီးဟာ ဦးမင်းနိုင်ကိုဟန့်ဖို့ သူ့လက်ကိုကာလိုက်ပါတယ်။ ပြီးတော့ သတင်းစာအပိုင်းအစတစ်ခုကိုယူပြီး မီးခြစ်ဆံနဲ့မီးရှို့လိုက်ပါတယ်။ သတင်းစာရွက်တာ စက္ကန့်ပိုင်းအတွင်းလောင်ကျွမ်းပြာကျသွားပါတယ်။

"မီးက သတင်းစာကိုလောင်ကျွမ်းဝါးမျိုသွားသလိုမျိုး ခင်ဗျားရဲ့အတွင်းပိုင်း မီးကလည်း ခင်ဗျားရဲ့အတ္တမာနကို လောင်ကျွမ်းဝါးမျိုသင့်တယ်။ ခင်ဗျားစိတ်ဝိညာဉ် ဆိုတဲ့မီးကို ကျွန်တော်ရည်ညွှန်းဆိုလိုတာပါ။ အဲဒါကို တရားအားထုတ်ခြင်းအား ဖြင့် ခင်ဗျားရတယ်၊ ခင်ဗျားတရားအားထုတ်တဲ့အချိန်တိုင်း ခင်ဗျားအတ္တမာနရဲ့ အစိတ်အပိုင်းအသေးလေးကို ခင်ဗျားက လောင်ကျွမ်းပစ်လိုမ်မယ်။ တဖြည်းဖြည်း နဲ့ ခင်ဗျားအတ္တမာနရဲ့စွမ်းဆောင်ရည်ကို ခင်ဗျားလျှော့ချနိုင်လိမ့်မယ်။ ခင်ဗျားရဲ့ အတွင်းပိုင်းမှာလစ်ဟာနေတဲ့ ချစ်ခြင်းမေတ္တာနေရာမှာ ခင်ဗျားရဲ့အတ္တမာနကအစား

ထိုးပေးတယ်ဆိုတာ ခင်ဗျားရှာဖွေတွေ့ရှိခဲ့တယ်လို့ ကျွန်တော့်ကို ခင်ဗျားပြောတယ်။ ခင်ဗျားတရားအားထုတ်တဲ့အခါ ခင်ဗျားရဲ့အတွင်းပိုင်း ချစ်ခြင်းမေတ္တာမီးတောက်က ပေါ်လာပြီး ခင်ဗျားကို အေးချမ်းမှုတွေ၊ ခံစားမှုအာရုံတွေနဲ့ဖြည့်ဆည်းပေးလိမ့်မယ်။ အဲဒီအထဲကနေ ချစ်ခြင်းမေတ္တာကို ခင်ဗျားခံစားရတယ်။

အဲဒီအခါမှာ ခင်ဗျားအတော်ဆုံးဆိုတာ သက်သေပြရတာတွေ၊ လက်ခံအတည်ပြုအောင်လုပ်ရတာတွေလို အပြင်ပိုင်းအရာတွေနဲ့ ခင်ဗျားရဲ့လိုအပ်ချက်တွေကိုဖုံးကွယ်ဖို့မလိုတော့ပါဘူး။ အဲဒါက ဘာနဲ့တူသလဲဆိုတော့ ကိုယ့်ကျောမှာရေအပြည့်နဲ့ဘူးပါတာကိုမေ့ပြီး သဲကန္တာရမှာလျှောက်ရင်း ရေငတ်နေတဲ့သူနဲ့တူတယ်။ သူက အဲဒီရေဘူးကိုအမြဲသယ်နေကျဖြစ်တဲ့အတွက် အဲဒီဘူးက သူ့ရဲ့ကယ်တင်ရှင်ဆိုတာ သူသတိမပြုမိတော့ဘူး။ ကျွန်တော်တို့အတွင်းမှာလည်း မေတ္တာတရားတွေနဲ့ဘူးပါတယ်။ ကျွန်တော်တို့အတွင်းပိုင်းမှာရှိနေတဲ့ ချစ်ခြင်းမေတ္တာနဲ့လက်ခံမှုဆိုတဲ့ရေကို အပြင်မှာရှာဖွေနေကြတယ်။ တရားအားထုတ်ခြင်းဖြင့်သာ အဲဒီအရာကို ကျွန်တော်တို့ရလိမ့်မယ်"။

ယောဂီကြီးကထရပ်ပြီး အခန်းထဲမှာ ဖြည်းဖြည်းချင်းစပတ်လျှောက်နေပါတယ်။ သူလျှောက်နေတုန်းမှာ သူ့ရဲ့သင်တိုင်းအင်္ကျီရှည်က ညင်သာစွာလှုပ်ရမ်းနေပါတယ်။ ယောဂီကြီး အခုလိုပတ်လျှောက်တာမျိုး ဦးမင်းနိုင် ပထမဆုံးအကြိမ်မြင်ဖူးတာပါ။ ဒီပုဂ္ဂိုလ်ကြီးဟာ အသိပညာတွေကို လက်ဆင့်ကမ်းဝေမျှဖို့ စကားပြောဖို့တောင်မလိုဘူးလို့ သူရုတ်တရက်ထင်မြင်မိပါတယ်။ ယောဂီကြီးမှာ သာလွန်ထူးကဲတဲ့စိတ်ပိုင်းဆိုင်ရာစွမ်းအင်တွေပိုင်ဆိုင်တယ်ဆိုတာလက်ခံဖို့အတွက် သူ့ရဲ့လှုပ်ရှားမှုတိုင်းကို သေသေချာချာလေ့လာကြည့်ရုံနဲ့ လုံလောက်ပါပြီ။ ခြေလှမ်းအနည်းငယ်လောက်လှမ်းပြီးတဲ့အခါ ယောဂီကြီးကဆက်ပြောပါတယ်။

"အတ္တမာနကို အမြဲတမ်းလေဖြည့်နေရတဲ့တာယာနဲ့နှိုင်းယှဉ်ချက်ကို ပြန်သွားကြစို့။ တရားအားထုတ်တာက အတ္တမာနဆိုတဲ့တာယာကို ခင်ဗျားစိတ်ဝိညာဉ်ကလာတဲ့မေတ္တာတရားဆိုတဲ့အဖာနဲ့ ဖာထေးတာပါ။ ဒါမှ ခင်ဗျားအဆုံးအစမရှိ လေဖြည့်ဖို့မလိုတော့မှာပါ။ အတ္တမာနကိုလျှော့ချဖို့ နောက်ထပ်နည်းဗျူဟာတစ်ခုရှိတယ်။

ဒါပေမဲ့ အဲဒါက အခုလာမယ့်သစ်စေ့နဲ့ပတ်သက်နေတယ်"။

ယောဂီကြီးက သစ်စေ့သေတ္တာကိုထုတ်လိုက်ပြီး တွန့်ခေါက်ထားတဲ့သတင်းစာလိပ်လေးတစ်ခုကိုဦးမင်းနိုင်ကိုပေးလိုက်ပါတယ်။ "အိမ်ပြန်ပြီး ဒီသစ်စေ့ကိုစိုက်ပါ။ ဘာအပင်လဲဆိုတာသိရင် အဲဒီကပေးတဲ့အသိပညာသင်ခန်းစာအကြောင်းဆွေးနွေးဖို့ ကျွန်တော့်ဆီပြန်လာခဲ့ပါ။ ခင်ဗျားရဲ့အတ္တမာနကို သတိထားစောင့်ကြည့်ပြီး ထိန်းချုပ်နိုင်ဖို့ကြိုးစားပါ။ နေ့တိုင်း တရားအားထုတ်ဖို့မပျက်ကွက်ပါနဲ့။ ကရိယယောဂလည်းကျင့်ပါ"။

◈ ◈ ◈

## စတုတ္ထသစ်စေ့ကပေးတဲ့သင်ခန်းစာ

အချိန်တစ်လခွဲကုန်လွန်သွားခဲ့ပါပြီ။ သစ်စေ့ကနေ ရှည်ရှည်တွန့်တွန့် အရွက်စိမ်းကလေးတွေနဲ့ အပင်လေးပေါက်လာပါတယ်။ အဲဒါကတော့ သရက်ပင်ပါ။ ဒါကြောင့် သစ်စေ့ကပေးတဲ့သင်ခန်းစာက အသီးအပွင့်၊ ဒါမှမဟုတ် ရလဒ်နဲ့ဆိုင်တာ ဖြစ်ရမယ်လို့ ဦးမင်းနိုင်တွေးမိပါတယ်။ တခြားအပင်တွေနဲ့မတူတာက အခုအပင်က အသီးပင်ပါ။ သူ့ဆရာယောဂီကြီးသင်ကြားပေးမှာက ဘဝမှာရလဒ်တွေဖော်ဆောင်တဲ့အယူအဆနဲ့ပတ်သက်တဲ့ တစ်ခုခုဖြစ်ရမယ်လို့ ဦးမင်းနိုင်ယုံကြည်နေပါတယ်။ ဦးမင်းနိုင်တစ်ယောက် စိတ်အာရုံထင်တဲ့အတိုင်း ပြုမူလုပ်ဆောင်ချင်တဲ့စိတ်ဆန္ဒတွေ အားလုံးပျောက်ကွယ်သွားခဲ့ပါပြီ။ မနက်တိုင်းနာရီဝက်နဲ့ ညတိုင်းနာရီဝက်တရား ထိုင်ပြီး အဲဒီအမူအကျင့်အသစ်ကြောင့် သူ့ဘဝမှာပျော်ရွှင်မှုကို ခံစားလာရပါတယ်။ ဒါပေမဲ့ အဲဒီခံစားမှုက သူအရင်ကခံစားဖူးတဲ့ပျော်ရွှင်မှုတွေနဲ့ကွဲပြားတဲ့ ပျော်ရွှင်မှု တစ်ခုပါ။ တည်ငြိမ်မှုနဲ့ မေတ္တာတရားတွေစိမ့်ဝင်ပျံ့နှံ့နေသလို တစ်ချိန်တည်းမှာပဲ သက်သောင့်သက်သာနဲ့ ခွန်အားပြည့်သလိုခံစားလာရပါတယ်။ သူအလုပ်မသွားခင် နဲ့ အိပ်ရာမဝင်ခင်တရားမထိုင်ဘဲမနေနိုင်တော့ပါဘူး။ သူ့အားထုတ်မှုတွေကလည်း

ပိုပြီးလေးနက်နက်ရှိုင်းလာပါတယ်။ တဖြည်းဖြည်းနဲ့ တစ်နေ့တာအတွင်း တည်ငြိမ်အေးချမ်းကဲ့အခြေအနေကလည်းပိုကြာလာပါတယ်။ ဒီအခြေအနေက ဦးမင်းနိုင်ကို နေ့စဉ်ပြဿနာတွေကနေဝေးရာကို ရောက်သွားစေပါတယ်။

ဦးမင်းနိုင်ဟာ ဒေါသပေါက်ကွဲတာတွေလျော့နည်းလာပြီး လူတွေအပေါ်မှာ အများကြီးပိုသည်းခံလာနိုင်ပါတယ်။ သူ့ရဲ့အတ္တမာနကိုလည်း သည်းကြီးမည်းကြီး ကြိုးစားဖယ်ရှားနေပါတယ်။ သူ့ဆရာယောဂီကြီးရဲ့အကြံကို လေးလေးနက်နက် လက်ခံပြီး သူ့အတ္တမာနသုံးတတ်တဲ့ပရိယာယ်တွေကိုလည်း သေချာသတိထားနေပါတယ်။ တစ်ခါတလေ မပြုမူခင်မှာ သူ့အတ္တမာနက သူ့ကိုလွှမ်းမိုးနေတာကိုသတိပြုမိလိုက်တဲ့အတွက် မနှစ်မြို့စရာအကျိုးဆက်တွေကို ရှောင်လွှဲနိုင်ခဲ့ပါတယ်။ တစ်ခါတလေတော့ အတ္တမာနနဲ့ယှဉ်ပြိုင်တဲ့ပွဲမှာ သူအနိုင်ရချင်နေပြီး သူ့စိတ်ကြိုက်သုံးနိုင်တဲ့ သူ့မှာရှိသမျှလက်နက်တွေအားလုံးအသုံးပြုဖို့ စိတ်ပိုင်းဖြတ်ထားပါတယ်။

ဒီနေ့ကတော့ ဦးမင်းနိုင်အတွက် လစဉ်လုပ်နေကျအမှုဆောင်ကော်မတီအစည်းအဝေးရှိပါတယ်။ သူတို့တစ်တွေဟာ တစ်လတာမျှော်မှန်းချက်ပြည့်မီ၊ မပြည့်မီမှုတွေနဲ့ မဟာဗျူဟာအစီအစဉ်အရ တိုးတက်မှုတွေကို ပြန်လည်သုံးသပ်ကြပါတယ်။ အဲဒါဟာ သူ့ရဲ့အတ္တမာနက သူ့ကိုကိုင်တွယ်ခြယ်လှယ်နေတာတွေကနေကာကွယ်ပြီး သူ့ရဲ့အတ္တမာနကို ပြန်လည်ကိုင်တွယ်နိုင်မယ့် အကောင်းဆုံးအခွင့်အရေးပါ။ ဦးမင်းနိုင်ဟာ အမှုဆောင်အစည်းအဝေးမှာ အမြဲတမ်းဦးဆောင်သူတစ်ယောက်နေရာကနေ စခဲ့ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ မန်နေဂျာတိုင်းကိုပြောဖို့အလှည့်ပေးမယ်လို့ဆုံးဖြတ်ခဲ့ပါတယ်။ ဒါမှ သူတို့အားလုံးရဲ့အောင်မြင်မှုတွေနဲ့ ရလဒ်တွေကိုတင်ပြနိုင်မှာပါ။

သူက အစည်းအဝေးချောမွေ့အောင်ဆောင်ရွက်ပေးသူတစ်ယောက်ဖြစ်နေပါတယ်။ ကုမ္ပဏီဟာ ပိုပြီးကောင်းကောင်းလုပ်လာနိုင်ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့တစ်လကတော့ ရောင်းအားထိုးကျခဲ့ပါတယ်။ ဒါဟာ စီမံခန့်ခွဲမှုအဖွဲ့ထဲမှာ တစ်နည်းနည်းနဲ့တော့ စိုးရိမ်ပူပန်တဲ့အနေအထားတစ်ခုကိုဖန်တီးခဲ့ပါတယ်။ အော်ပရေးရှင်းမန်နေဂျာ ကိုကျော်လှိုင်၊ ဘဏ္ဍာရေးအရာရှိ ကိုထွန်းကြည်နဲ့ မားကက်တင်းမန်နေဂျာ

ကိုပီတာတို့ရဲ့ရှင်းလင်းတင်ပြမှု Presentation အပြီးမှာတော့ ကိုကောင်းမွန် အလှည့်ဖြစ်ပါတယ်။ သူကတော့ အရောင်းမန်နေဂျာဖြစ်ပါတယ်။ "အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးအခြေအနေမကောင်းတဲ့အတွက် ကျွန်တော်တို့မျှော်မှန်းချက်မပြည့်မီခဲ့ပါဘူး။ ကိစ္စတွေကခက်ခဲပါတယ်။ ဖောက်သည် တွေကလည်း မဝယ်ကြတော့ဘူး။ နောက်ပြီး ကျွန်တော်တို့မှာ ပြဿနာတချို့ရှိခဲ့ပါ တယ်။ အဲဒါကတော့ ဖြန့်ချိ. . ."။

ကိုကောင်းမွန်ရဲ့ "ဖြန့်ချိရေး" ဆိုတဲ့စကားမဆုံးခင်မှာပဲ အော်ပရေးရှင်း မန်နေဂျာ ကိုကျော်လှိုင်က သူ့ဘေးကနေ ဒေါသတကြီးနဲ့အော်လိုက်ပါတယ်။

"ခင်ဗျား. . . ဘာဖြန့်ချိရေးပြဿနာကိုပြောချင်တာလဲ. . .၊ ခင်ဗျားက အစီပွာယ်မရှိတဲ့လူပဲ၊ ခင်ဗျားအမှားကြောင့် မှားခဲ့တာကိုဝန်ခံစမ်းပါ။ ကုမ္ပဏီတစ်ခု လုံးအပေါ်ပုံမချစမ်းပါနဲ့။ ဘာမှမရောင်းနိုင်ခဲ့တာ ခင်ဗျားလူတွေပဲလေ"။

"ခင်ဗျား အရောင်းဝန်ထမ်းတွေကို ပိုပြီးထိန်းကျောင်းနိုင်ရင် ကျွန်တော် ဘို့ အခုလိုဖြစ်နေစရာဘယ်လိုမလဲ" ဘဏ္ဍာရေးအရာရှိကိုတွန်းကြည်က ဝင်ပြောဖြန် ပါတယ်။ "ဘာအထိန်းအကွပ်မှလည်းမရှိဘူး။ ဘာအစီရင်ခံစာမှလည်းမလာဘူး။ သူတို့ကြိုက်တာတွေကို သူတို့အကုန်လုပ်နေတော့တာပဲ။ အဲဒီလိုပုံစံမျိုးနဲ့ ဘယ်လို ရောင်းလို့ရမလဲ"။

ငြင်းဆန်တဲ့ခံစားချက်တွေနဲ့ အပြန်အလှန်စကားစစ်ထိုးနေကြတာကို ဦးမင်း နိုင်သတိပြုမိသလို သူ့ရဲ့မန်နေဂျာတွေအားလုံး သူတို့ရဲ့အတ္တမာနအသီးသီးရဲ့ခြယ် လှယ်မှုကို ဘယ်လိုခံနေရတယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိမြင်နိုင်ပါတယ်။ အစော ပိုင်းလအနည်းငယ်လောက်ကသာ ဒီလိုကိစ္စမျိုးဖြစ်ခဲ့ရင် ဦးမင်းနိုင်တစ်ယောက်လည်း စကားစစ်ထိုးပွဲမှာဝင်နွှဲမယ်။ ပြီးရင် အားအနည်းဆုံးလူကိုတိုက်ခိုက်ပြီး အဲဒီလူရဲ့ အမှားကို သူ့ရဲ့သွေးနဲ့ရင်းပြီးပေးဆပ်ခိုင်းမှာအမှန်ပါပဲ။ ဒါပေမဲ့ အခုဘာဖြစ်နေသလဲ ဆိုတာ သူအပြည့်အဝသတိမူမိနေပါတယ်။

"စိတ်အေးအေးထားပါကိုယ့်လူတို့" ဦးမင်းနိုင်ဝင်ဟန့်လိုက်ပါတယ်။ "ကျွန်တော်တို့ အခုဒီရောက်နေတာ တရားခံရှာဖို့မဟုတ်ဘူး။ တစ်ယောက်နဲ့

တစ်ယောက် အပြန်အလှန်ကူညီနိုင်ဖို့ရောက်နေတာပါ"။

ရုတ်တရက်ငြိမ်ကျသွားပါတယ်။ ဦးမင်းနိုင်ရဲ့စကားကြောင့် မန်နေဂျာအားလုံး အံ့အားသင့်သွားကြပါတယ်။ ပြီးခဲ့တဲ့လအနည်းငယ်တုန်းကဖြစ်စဉ်တွေမှာ သူတို့ရဲ့ ခေါင်းဆောင်ဦးမင်းနိုင်တစ်ယောက် တုံ့ပြန်ခဲ့ပုံတွေကို အားလုံးမရည်ရွယ်ဘဲ တွေးမိနေကြပါတယ်။ ဦးမင်းနိုင်ဟာ ပြဿနာတွေနဲ့ပတ်သက်လာရင် သူတို့အပေါ်မှာ ဒေါသတကြီးနဲ့ကိုင်တွယ်ဖြေရှင်းလေ့ရှိခဲ့သလို ပတ်ဝန်းကျင်တစ်ခုလုံးလည်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကျန်ခဲ့ကြလေ့ရှိပါတယ်။

"ကျွန်တော်တို့အားလုံးဟာ တစ်စိတ်တစ်ဝမ်းတည်းဖြစ်တဲ့အဖွဲ့အစည်း တစ်ခုဆိုတာသတိရပါ" ဦးမင်းနိုင်က စကားဆက်ပါတယ်။ "အဖွဲ့အစည်းတစ်ခုမှာ နယ်ပယ်အသီးသီးမှာ သတ်မှတ်ထားတဲ့အခန်းကဏ္ဍအသီးသီးနဲ့ တာဝန်ရှိသူတွေဖြစ် ကြပေမဲ့လည်း အခုဒီမှာရှိနေတဲ့လူအားလုံးက လူတစ်ယောက် သူတာဝန်ရှိတဲ့ရည် မှန်းချက်ရောက်အောင်တတ်နိုင်သမျှ ကူညီရမယ်ဆိုတဲ့စိတ်မျိုးရှိရမယ်။ ဒါကြောင့် ကိုကောင်းမွန်ကို ကျွန်တော်တို့ဘယ်လိုကူညီနိုင်မလဲစဉ်းစားကြည့်ကြရအောင်။ အရေး နဲ့အမြန်ဆိုသလို ကျွန်တော်တို့မှာလည်း ပြဿနာရှိလာနိုင်တယ်ဆိုတာ သတိထားပါ။ တစ်စုံတစ်ယောက်ရဲ့အကူအညီကို ကျွန်တော်တို့ဆက်လိုနေမှာပဲ။ ဒါကြောင့် ကျေးဇူးပြုပြီး ဘယ်သူ့ကိုမှမတိုက်ခိုက်ဘဲ ကျွန်တော်တို့စဉ်းစားမိတာတွေကို မှန်မှန် သားသားနဲ့ ကြိုးစားပြောကြရအောင်ဗျာ"။

"ဒါပေမဲ့ ကိုကောင်းမွန်က အဖြေရှာချင်တာမဟုတ်ဘူး။ သူကအကြောင်း ပြချက်တွေရှာပြီး လုပ်ငန်းစဉ်တစ်ခုလုံးကိုပြောင်းဆန်အောင်မွှေချင်နေတာ" ကိုထော် လှိုင်ကအော်လိုက်ပါတယ်။

"ကိုကောင်းမွန်၊ နောက်လကျရင် ခင်ဗျားရဲ့ရည်မှန်းချက်ပြည့်မီအောင် ကျွန်တော်တို့ဘယ်လိုကူညီလို့ရနိုင်မလဲပြောပါ" ဦးမင်းနိုင်မြန်မြန်မေးလိုက်ပါတယ်။

ဦးမင်းနိုင် အခြေအနေကိုတည်ငြိမ်အောင်ထိန်းလိုက်ပါတယ်။ သူ့ရဲ့တည် ငြိမ်အေးချမ်းပြီး အပြုသဘောဆောင်တဲ့အသံနေအသံထားက သူ့မန်နေဂျာတွေ ပျံ့နှံ့သွားပါတယ်။ ကိုကောင်းမွန်တစ်ယောက် ပါးစပ်မဟခင် နှစ်ခါလောက်စဉ်းစား

ရပါတယ်။

"အမှန်ပြောရရင်တော့ ကျွန်တော့်မှာအခက်ဖြစ်နေတဲ့ပြဿနာက ဆရာဦးမင်းနိုင်ပါပဲ။ လအတော်ကြာ ကျွန်တော့်နယ်ပယ်ထဲကအလုပ်တွေကို ဆရာဝင်လုပ်နေပြီး အရောင်းကိုလည်း ဆရာ့ဘာသာဆရာလုပ်နေပါတယ်။ ဆရာရလဒ်ကောင်းတွေဖော်ဆောင်နိုင်ခဲ့တယ်ဆိုတာ ဘယ်သူမှသံသယမဖြစ်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်လူတွေရဲ့စိတ်ဓာတ်တက်ကြွမှုတွေကို ဆရာအကုန်ယူသွားတယ်။ လူတစ်ဦးချင်းလုပ်နိုင်တဲ့ကောင်းမွန်တဲ့ရောင်းအားနဲ့ သူတို့ရဲ့အကောင်းဆုံးဖောက်သည်တွေကို ဆရာခိုးသွားတယ်လို့ သူတို့ခံစားနေရတယ်။ ဆရာလုပ်ချင်တဲ့တစ်ခုတည်းသောအရာကတော့ ဆရာကလုပ်ပြချင်တာ၊ ဆရာက ဘယ်လောက်အံ့အားသင့်စရာကောင်းတဲ့အရောင်းသမားဆိုတာ သူတို့ကိုပြပြီးဝေဖန်ချင်နေတာလို့ သူတို့ခံစားနေရတယ်"။

ဦးမင်းနိုင်ရဲ့မျက်နှာက အေးချမ်းတဲ့အမူအရာဟာ ပျောက်ကွယ်သွားပါတယ်။ သူမျက်မှောင်ကြုတ်အသံကိုမြှင့်ပြီး ပြောလိုက်ပါတယ်။ "ဒါပေမဲ့ ခင်ဗျားအခု ဘယ်လောက်မိုက်မဲသလဲဗျာ။ ကျွန်တော်က ခင်ဗျားကိုကူညီဖို့ကြိုးစားနေတာ။ ခင်ဗျားလုပ်နိုင်တာအားလုံးကတော့ ကျွန်တော်တို့ကိုတိုက်ခိုက်တာပဲ။ ဒီကုမ္ပဏီကို ဒေဝါလီခံရမယ့်ဘေးကနေကယ်တင်ခဲ့တာ ကျွန်တော်တစ်ယောက်တည်းဆိုတာ ခင်ဗျားသဘောမပေါက်ဘူးလား။ ပြဿနာကိုဖြေရှင်းဖို့ ခင်ဗျားရဲ့ရောင်းအားအားလုံးကို ကျွန်တော်တို့ခွင့်ပြုလိုက်ရင် အခုလောက်ဆို ခင်ဗျားတို့အားလုံး အိမ်မှာစုထားတဲ့ငွေလေးနဲ့ပဲ အသက်ဆက်နေရပြီပေါ့။ အဆိုးဆုံးကတော့ ခင်ဗျားကဝေဖန်ပြစ်တင်ပြီး မကောင်းပြောတတ်တဲ့သူပဲ။ ခင်ဗျားမှာလုပ်စရာတစ်ခုမှရှိပုံမရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားအချိန်တွေအများစုက သူများကိုဝေဖန်ပြစ်တင်ရင်း ကုန်နေရတယ်လေ"။

ဦးမင်းနိုင်ရဲ့စကားတွေကိုနားထောင်ပြီး ကိုကျော်လှိုင်၊ ကိုထွန်းကြည်နဲ့ပီတာဘို့ရဲ့မျက်နှာအမူအရာတွေဟာ "ဒါမှ ငါတို့သိတဲ့ဦးမင်းနိုင်ကွ၊ ငါတို့ သူ့ကိုသတိရနေတာ" လို့ပြောနေသလိုပဲ။ အရောင်းမန်နေဂျာဟာ မြှမ်းခြောက်ခံရသလိုခံစားလိုက်ရပြီး စကားတောင်မပြန်နိုင်တော့ပါဘူး။

ဦးမင်းနိုင်စကားဆုံးတဲ့အခိုက်အတန့်မှာပဲ သူ့ရဲ့အတွင်းမှာနက သူ့ကိုတစ်ခါ

မြန်ပြီး ခြယ်လှယ်လိုက်ပြီဆိုတာ သူသဘောပေါက်လိုက်ပါတယ်။ စက္ကန့်ပိုင်းအတွင်းမှာ အတွေးအစဉ်တန်းတွေ ဦးမင်းနိုင်ခေါင်းထဲမှာဖြစ်ပေါ်လာပါတယ်။ "ငါတော်တော်မိုက်တာပဲ။ အတ္တမာနက ငါ့ကိုထိန်းချုပ်တာကို ဘာဖြစ်လို့ငါခွင့်ပြုလိုက်တာလဲ။ ငါ. . . သူတို့ကို မင်းတို့ဘာမှမလုပ်နဲ့ ငါ့ဘာသာသွားပြီး ငါ့ဘာသာလုပ်မယ်လို့ပြောနေတာပဲ။ ငါ့လူတွေကို ငါဘယ်လိုပြောရမလဲ။ ငါဟာ လေတစ်လုံးမိုးတစ်လုံးနဲ့ မစားရဝခမန်းတွေပြောပြီး ကိုယ်ပြောသလို ကိုယ်မလုပ်နိုင်တဲ့ကောင်ပဲ။ ငါသူတို့ကိုတောင်းပန်သင့်တယ်။ ငါမှားတယ်ဆိုပြီး ငါ့ကိုခွင့်လွှတ်ဖို့ပြောသင့်တယ်"။

"ကဲ. . . ဒီမှာပဲရပ်လိုက်ကြစို့။ အရောင်းပြဿနာတွေဖြေရှင်းဖို့ ကိုကောင်းမွန်နဲ့ နောက်အစည်းအဝေးတစ်ခု ကျွန်တော်လုပ်ရမယ်။ 'Good Afternoon'"။

ဦးမင်းနိုင်တစ်ယောက် သူ့ရုံးခန်းထဲမှာ တစ်ကိုယ်တည်းနေခဲ့ပါတယ်။ သူ့လူတွေကိုသူမှားတယ်လို့ပြောဖို့ သူ့မှာ ခွန်အားနဲ့သတ္တိတွေမရှိခဲ့ပါဘူး။ နောက်ပြီးအဲဒါက လူတွေကိုပြုမူဆက်ဆံရမယ့်နည်းလမ်းမဟုတ်ပါဘူး။ အမှားကိုလက်ခံဖို့ သူ့အတွက် ဘာကြောင့်ဒီလောက်ခက်ခဲနေတာလဲ။ ဘာကြောင့် သူ့ရဲ့အတ္တမာနကိုမထိန်းနိုင်တာလဲ။ လူတွေရဲ့အတ္တမာနကိုတွေ့မြင်ရဖို့ ဘာကြောင့်ဒီလောက်လွယ်နေရသလဲ။ တခြားသူတွေရဲ့တုံ့ပြန်မှုတွေနဲ့ စိတ်ခံစားချက်တွေကိုသတိမူမိဖို့ ဘာကြောင့်ဒီလောက်လွယ်နေရသလဲ။ ဒါပေမဲ့ သူတို့ကိုယ်သူတို့စောင့်ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်ဖို့ ဘာကြောင့်ဒီလောက်ခက်ခဲနေရသလဲ။

* * * * *

အဲဒီမေးခွန်းတွေအားလုံးအတွက် သူ့ဆရာယောဂီကြီးဆီ ဦးမင်းနိုင်ထွက်ခဲ့ပါတော့တယ်။ တံခါးမကြီးကိုဖြတ်ဝင်လိုက်တဲ့အခိုက်အတန့်မှာပဲ သူ့ရဲ့သောကတွေအားလုံးလျော့ကျသွားတာ မယုံနိုင်လောက်အောင်ပါပဲ။ အရင်ကတည်းကအခုထိဥယျာဉ်ကို မိနစ်ပိုင်းလောက်ရပ်ကြည့်တာကလည်း ထုံးစံတစ်ခုပါပဲ။ ပထမတော့ဒါဟာ သူ့အတွက်ထူးဆန်းတယ်လို့ထင်ရတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ အပင်ငယ်လေးတွေရဲ့ငြိမ်းအေးတဲ့ဘဝလေးကို မှုံရိုးလေးကြည့်ရုံပဲဆိုတာ သူ့အခိုင်အမာယုံကြည်လာပါတယ်။ သူ့ဘဝအတွက် အများကြီးသင်ယူနိုင်ခဲ့ပါတယ်။

ယောဂီကြီးရဲ့အခန်းထဲမှာထိုင်ပြီး သူ့ရဲ့အမှုဆောင်အစည်းအဝေးအဖြစ်အပျက်တစ်ခုလုံးကိုပြန်ပြောပြပါတယ်။ "ဆရာ၊ ကျွန်တော့်အတ္တမာနကို ကျွန်တော်မကိုင်တွယ်နိုင်ဘူး။ ဆရာကျွန်တော့်ကိုသင်ပြပေးပြီးကတည်းက ကျွန်တော်သူ့ကိုထိန်းချုပ်ဖို့ အစွမ်းကုန်ကြိုးစားပြီးပြီ။ ကျွန်တော့်ရဲ့အတ္တမာနကို ကျွန်တော်အလွယ်တကူမြင်နိုင်တယ်။ ဒါပေမဲ့ ကျွန်တော့်ကိုယ်ကျွန်တော်မထိန်းချုပ်နိုင်ဘူး။ ကျွန်တော်ကြိုးစားတယ်။ ဒါပေမဲ့ အနည်းဆုံးမျှော်လင့်နိုင်တာကတော့ ကျွန်တော်သတိမူမိဖို့အလိုအပ်ဆုံးအချိန်မှာ ကျွန်တော့်ရဲ့အတ္တမာနက ကျွန်တော့်ကိုထိန်းချုပ်ပြီးသွားပြီ။ ကျွန်တော်ဘာလုပ်လို့ရနိုင်သလဲ"။

ယောဂီကြီးကအသာပြုံးပြီးပြောပါတယ်။ "ဦးမင်းနိုင်၊ ခင်ဗျားရဲ့အတ္တမာနက ခင်ဗျားရဲ့အတ္တမာနကိုဖယ်ရှားချင်တယ်လို့ ကျွန်တော်ကတော့မြင်တယ်"။

"ဆရာ. . . ကျွန်တော်နားမလည်ဘူး၊ ဆရာဘာကိုပြောနေတာလဲ"။

"ခင်ဗျားရဲ့အတ္တမာနက လှည့်ကွက်တွေနဲ့ ခင်ဗျားကိုကစားနေတယ်လို့ ကျွန်တော်ထင်တယ်။ အခုဆို ခင်ဗျားက သူ့ကိုကြိုးစားထိန်းချုပ်ဖို့ သန္နိဋ္ဌာန်ချထားပြီဆိုတော့ သူက သူ့ကိုယ်သူပုံဖျက်လိုက်ပြီး ခင်ဗျားရဲ့အတ္တမာနကိုယ်တိုင်က ခင်ဗျားရဲ့အတ္တမာနကို ဖယ်ရှားသုတ်သင်ချင်လာတယ်။ ဘာနဲ့တူသလဲဆိုတော့ သူခိုးက ရဲယောင်ဆောင်တယ်။ ပြီးတော့ သူခိုးအတ္တမာနကိုရှာချင်ယောင်ဆောင်ပြီး ထောင်ထဲပို့ဖို့လုပ်နေတာနဲ့တူတယ်။ သူ့ကိုယ်သူ ထောင်ထဲပို့နိုင်တယ်လို့သိတယ်။ ဒါပေမဲ့ တကယ့်တကယ်မှာ သူ့ဆီမှာကိုပဲ ထောင်တံခါးသော့ကရှိနေတယ်။ တစ်နည်းပြောရရင်တော့ ခင်ဗျားထောင်ချောက်ထဲမှာဆက်မိနေတုန်းပဲ"။

ဦးမင်းနိုင်ရဲ့မျက်နှာအနေအထားက သူဘယ်လောက်မျှော်လင့်ချက်မဲ့ပြီး စိတ်ရှုပ်နေတယ်ဆိုတာပြနေပါတယ်။ "ပြင်းပြထက်သန်မှုတွေနဲ့ ရည်မှန်းချက်တစ်ခုချပြီး ခင်ဗျားရဲ့အတ္တမာနကိုတိုက်ခိုက်အနိုင်ယူရာမှာ ခင်ဗျားရဲ့အတ္တမာနနဲ့ပဲ ခင်ဗျားလုပ်ဆောင်နေတာပဲ။ ခင်ဗျားအမျက်ထွက်၊ စိတ်မချမ်းမသာတွေဖြစ်ပြီး ဒေါသူပုန်ထတဲ့အခါ ခင်ဗျားရဲ့အတ္တမာနကို ခင်ဗျားကဆွဲဆောင်လိုက်တယ်။ ခင်ဗျား တည်ငြိမ်အေးချမ်းပြီး သက်သောင့်သက်သာဖြစ်တဲ့အခါမှာ ခင်ဗျားရဲ့အတ္တမာနက ငုပ်လျှိုးသွား

တယ်။ တစ်ခါတုန်းက ဆရာတစ်ယောက်ဟာသူ့တပည့်နဲ့အတူ ဘုရားကျောင်းရဲ့အပြင်မှာသစ်စေ့တွေစိုက်နေတယ်။ ကျောင်းကို သစ်ပင်တွေနဲ့တန်ဆာဆင်မလို့ပေါ့။ ရုတ်တရက် လေပြင်းတစ်ချက်တိုက်ပြီး သစ်စေ့တစ်ဝက်လောက်ကိုလွင့်ထုတ်ပစ်လိုက်ပါတယ်။ တပည့်ကဒေါသထွက်သွားပြီး မြည်တွန်တောက်တီးပါတော့တယ်။ ဆရာကကြားတဲ့အခါ တပည့်ကို *'ငါတို့တတ်နိုင်သမျှ အကောင်းဆုံးလုပ်ပြီးပြီ။ အဲဒါက အရေးအကြီးဆုံးပဲ'* လို့ပြောပါတယ်။ အဲဒီလိုဖြစ်ပြီး ရက်အနည်းငယ်အကြာမှာ မုန်တိုင်းတစ်ခုတိုက်ခိုက်ပါတယ်။ မိုးရေကြောင့် ကျောင်းနဲ့ဝန်းကျင်မှာရေတွေလျှံကုန်တယ်။ တပည့်ကစိတ်မချမ်းမသာဖြစ်ပြန်တယ်။ သူတို့လုပ်ခဲ့တာတွေအားလုံး အချည်းအနှီးဖြစ်ပြီလို့သူခံစားလိုက်ရပါတယ်။ ဒါပေမဲ့ ဆရာက 'ငါတို့လုပ်နိုင်တာ ငါတို့ အကောင်းဆုံးလုပ်ခဲ့ပြီးပြီ' လို့ပြန်ပြောပါတယ်။ ရက်သတ္တပတ်အနည်းငယ်အကြာမှာတော့ ကျောင်းပတ်ဝန်းကျင်မှာ အပင်ငယ်လေးတွေစပေါက်လာပါတယ်။ တပည့်က ပျော်လွန်းလို့ထခုန်ပါတယ်။ အဲဒီမှာ ဆရာကအခုလိုပြောလိုက်ပါတယ်။ *'ငါတို့လုပ်နိုင်တာ အကောင်းဆုံးလုပ်ခဲ့ပြီးပြီ။ အဲဒါကအရေးအကြီးဆုံးပဲ'* လို့ပြောပါတယ်။

ယောဂီကြီးက စကားကိုရပ်လိုက်ပြီး သူ့ရဲ့ရှည်လျားတဲ့လက်တွေကို သူ့ဒူးပေါ်ကိုတင်လိုက်ပါတယ်။ ပြီးတော့ဆက်ပြောပါတယ်။ "ဦးမင်းနိုင်၊ ဒီအဖြစ်အပျက်ကပေးချင်တဲ့အတွေးအမြင်ကတော့ တစ်စုံတစ်ယောက်ဟာ ရလဒ်တွေကိုထည့်မစဉ်းစားဘဲ သူလုပ်နိုင်သမျှ အကောင်းဆုံး အမြဲတမ်းလုပ်သင့်သလို အကောင်းဆုံးလုပ်ခွင့်လည်းပေးပါ။ ရည်မှန်းချက်ပန်းတိုင်က ခင်ဗျားရဲ့ဦးတည်ချက်လားရာကိုပံ့ပိုးပေးပါတယ်။ ဒါပေမဲ့ ဘဝရဲ့ဦးတည်ချက်ကိုက ခင်ဗျားရဲ့စိတ်ငြိမ်းချမ်းမှုနဲ့ ပျော်ရွှင်မှုကိုထိန်းသိမ်းရင်း ခင်ဗျားကိုယ်ခင်ဗျား အကောင်းဆုံးလုပ်ခွင့်ပေးပြီး အဲဒီဦးတည်ချက်အတိုင်း လမ်းခရီးကိုပျော်ရွှင်ခံစားဖို့ပဲဖြစ်တယ်ဆိုတာမမေ့ပါနဲ့။ ဦးမင်းနိုင်၊ ခင်ဗျားကိုယ်ခင်ဗျားစိတ်ရှည်သည်းခံပြီး အစစအရာရာကိုစိတ်အေးအေးထားပါ။ အကျင့်ဆိုတာ ဒီနေ့ပြီးနောက်တစ်နေ့ကူးရုံနဲ့ ပြောင်းပစ်လို့မရပါဘူး။ ခင်ဗျားအတ္တမာနကိုနှိပ်ကွပ်တဲ့အလုပ်အတွက် အလုပ်တစ်ခုတည်းမှာပဲ ခင်ဗျားကိုယ်ခင်ဗျားမထားပါနဲ့။ အဲဒါက ခင်ဗျားရှောင်ရမယ့်ထောင်ချောက်ပဲ။ အဲဒါက နိုင်သူနဲ့ရှုံးသူရှိသလို

ယူဆစေပြီး ခင်ဗျားကိုခင်ဗျားရဲ့အတ္တမာနဆီ သွယ်ဝိုက်တဲ့နည်းနဲ့ပို့ဆောင်ပေးတယ်။ ဘဝခရီးလမ်းမှာ သတိကြီးစွာထားပြီးလျှောက်လှမ်းမယ့်ရည်မှန်းချက်မျိုး ခင်ဗျား ချမှတ်ပြီး ခြေလှမ်းတိုင်းမှာ ခင်ဗျားကိုယ်ခင်ဗျား အကောင်းဆုံးလုပ်ခွင့်ပေးရမယ်။ အဲဒါကို ခင်ဗျားအတွက် မေတ္တာ၊ ကရုဏာနဲ့လုပ်ပါ။ တဖြည်းဖြည်းနဲ့ ခင်ဗျားပြောင်း လာလိမ့်မယ်။ ဒီလုပ်ငန်းစဉ်မှာ တရားအားထုတ်တာက ခင်ဗျားကိုကူညီလိမ့်မယ်"။

"ဆရာ. . .၊ အမှုဆောင်အစည်းအဝေးမှာတုန်းက ကျွန်တော် စကားရပ် ပြီးပြီးချင်း ကျွန်တော်ကျံ့သွားပြီဆိုတာ သဘောပေါက်လိုက်တယ်။ ဒါပေမဲ့ ကျွန်တော် တောင်းပန်စကားမပြောလိုက်နိုင်ဘူး။ ကျွန်တော်မှားတယ်ဆိုတာလက်ခံပြီး တောင်း ပန်ဖို့ ကျွန်တော့်အတွက် ဘာကြောင့်ဒီလောက်ခက်ခဲနေရတာလဲ"။

နားလည်တဲ့အဖေတစ်ယောက်လို ယောဂီကြီးက တစ်ဖန်ပြုံးပြန်ပါတယ်။

"ခင်ဗျားအမှားကျူးလွန်တိုင်း ခင်ဗျားကို လွဲမှားစွာဆက်ဆံတဲ့မိဘတွေရှိ ခဲ့တယ်ဆိုတာ ခင်ဗျားသတိရပါ။ ခင်ဗျားအတွက်တော့ အမှားတွေဆိုတာ အလွန် နာကျင်တဲ့အပြစ်ဒဏ်တွေလို့ အဓိပ္ပာယ်ဆောင်တယ်။ ဒါပေမဲ့ အရှင်းဆုံးပြောရရင် အဲဒါတွေအားလုံးက ခင်ဗျားရဲ့စိတ်ထဲမှာရှိနေတဲ့ မိဘရဲ့မေတ္တာတရားတွေကို ခင်ဗျား လက်မခံချင်တော့ဘူးဆိုတာ သွယ်ဝိုက်ညွှန်းဆိုနေတယ်။ အဆင့်တစ်ခုမှာတော့ ခင်ဗျားရဲ့မသိစိတ်ထဲမှာ အမှားတစ်ခုလုပ်တယ်ဆိုတာ သိပ်ဆိုးဝါးတဲ့ကိစ္စပဲ။ အဲဒါက အမှားကို ခင်ဗျားအစွမ်းကုန်ရှောင်လွှဲဖို့ ကြိုးစားရတဲ့အကြောင်းရင်းပဲ။ ဒါပေမဲ့ ဦးမင်းနိုင်၊ ခင်ဗျားအရင်ကထက် အများကြီးပိုကောင်းလာတယ်ဆိုတာတော့ ဝန်ခံ လိုက်ပါ"။

"တကယ်လို့ တစ်ချိန်လုံးအမှားတွေပဲလုပ်နေရင် ကျွန်တော်ဘယ်လိုလုပ်ပို ကောင်းလာနိုင်မလဲ" ဦးမင်းနိုင်ကပြန်ဖြေပါတယ်။

"ဘာကြောင့်လဲဆိုတော့ အခုဆို ခင်ဗျားအမှားတွေကို ခင်ဗျားသဘော ပေါက်သွားပြီပဲ" ယောဂီကြီးကပြန်ဖြေပါတယ်။ "သတိထားမိတယ်ဆိုတာပြောင်းလဲ မှုဆီသွားတဲ့ ပထမဆုံးခြေလှမ်းပဲ။ အခုဆို ခင်ဗျားစိတ်ပိုင်းဆိုင်ရာလုပ်ငန်းစဉ်တွေကို နားလည်သဘောပေါက်လာပြီ။ တခြားသူတွေရဲ့လုပ်ဆောင်ချက်တွေနဲ့ စိတ်ခံစား

ချက်တွေကိုလည်း ခင်ဗျားအသိအမှတ်ပြုလာပြီ။ ခင်ဗျားရဲ့အပျက်သဘောဆောင်တဲ့အမူအကျင့်တွေကိုလည်း ခင်ဗျားအသိအမှတ်ပြုပြီးထိန်းချုပ်လာနိုင်ပြီ၊ ကျန်တာတွေကိုတော့ ခင်ဗျားအဲဒီလိုမလုပ်နိုင်သေးဘူး။ ဒါပေမဲ့ ဖြစ်ပြီးသွားရင် အဲဒါတွေကို ခင်ဗျားတွေးနိုင်လာပါပြီ။ ခင်ဗျား ကျွန်တော့်ဆီကိုပထမဆုံးရောက်လာတုန်းက အဲဒါတွေကို ခင်ဗျားဘာလုပ်လို့လုပ်ရမှန်းမှမသိတာ"။

"ကျေးဇူးပါဆရာ၊ ဆရာက ကျွန်တော့်ရဲ့အတ္တမာနကိုဖော်ထုတ်ပေးနေတာပါ"။

"မဟုတ်ဘူးဦးမင်းနိုင်၊ အဲဒါအမှန်တရားပါ။ ခင်ဗျားကို ကျွန်တော်မေတ္တာအပြည့်နဲ့ပေးတယ်ဆိုတာ အသိအမှတ်ပြုပါ။ ဒါပေမဲ့ ခင်ဗျားကိုကျွန်တော်ပေးလိုက်တဲ့သစ်စေ့ကဘာလဲဆိုတာခင်ဗျားသိသလား ကျွန်တော့်ကိုပြောပြပါ"။

ဦးမင်းနိုင်က ဂုဏ်ယူဝံ့ကြွားစွာနဲ့ပြုံးလိုက်ပါတယ်။

"ဟုတ်ကဲ့ . . . အဲဒါသရက်ပင်ပါ။ အဲဒီကပေးချင်တဲ့သင်ခန်းစာက ဘဝရဲ့အသီးအပွင့်ရလဒ်တွေနဲ့ပတ်သက်ရမယ်လို့ထင်မြင်မိပါတယ်။ ကျွန်တော်တို့စိုက်ပျိုးတာကို ကျွန်တော်တို့ရိတ်သိမ်းရမယ်။ အဲဒါပဲမဟုတ်လား"။

"မှန်တယ်" ယောဂီကြီးကပြန်ဖြေပါတယ်။ "လူတိုင်းဟာ ကိုယ်စိုက်တာကိုယ်ရိတ်သိမ်းရမယ်။ ဒါပေမဲ့ အဲဒါက ပေးချင်တဲ့သင်ခန်းစာမဟုတ်ဘူး။ အဲဒီသင်ခန်းစာအကြောင်းကို အဖြစ်အပျက်လေးတစ်ခုနဲ့ရှင်းပြမယ်။

တစ်ခါတုန်းက နှင်းဆီပင်က သရက်ပင်နဲ့စကားပြောနေပါတယ်။ သူက သရက်ပင်ကို အခုလိုပြောပါတယ်။ 'ဒီဥယျာဉ်မှာ ကျုပ်က လူသားတွေအတွက် အပေးဆပ်နိုင်ဆုံးသစ်ပင်ပဲ။ ကျုပ်ရဲ့အလှတရားနဲ့တင့်တယ်တဲ့အဆင်းကို သူတို့ကိုပေးတယ်။ သူတို့ကို အလွန်သင်းထုံတဲ့အနံ့ကိုပေးတယ်။ ကျုပ်လိုလူမျိုး ဘယ်သူမှမရှိနိုင်ဘူး'။ သရက်ပင်က နှင်းဆီပင်ကို အခုလိုပြောပါတယ် 'ခင်ဗျားဘာတွေပြောနေတာလဲ၊ ကျွန်တော်ကလူတွေကိုကျွန်တော့်နား နီးကပ်လာခွင့်ပြုတယ်။ သူတို့နေရောင်ခြည်မခအောင်အရိပ်မိုးပေးတယ်။ ဒါပေမဲ့ သူတို့က ကျွန်တော့်ကိုတစ်ချိန်လုံး ကျောက်ခဲတွေနဲ့ထုတယ်။ ဒါပေမဲ့ ကျွန်တော်ဗွေမယူပါဘူး။ မေတ္တာတရားအပြည့်နဲ့ပဲ ကျွန်တော့်

အသီးတွေကို သူတို့ကိုပေးတယ်။ ဒါပေမဲ့ ခင်ဗျားကတော့ လူတွေကို ခင်ဗျားနားကပ်လာရင် မလိုတမာစိတ်နဲ့ သူတို့ကိုဆူးနဲ့ထိုးတယ်'။

ဦးမင်းနိုင်၊ သရက်ပင်က ကျွန်တော်တို့ကိုပေးတဲ့သင်ခန်းစာကတော့ *'ကိုယ်ကျိုးမငဲ့တဲ့ဝန်ဆောင်မှု'* ရဲ့အရေးပါပုံပဲဖြစ်တယ်။ ကျွန်တော်တို့ရဲ့အတ္တမာနကတော့ ဘစ်ချိန်လုံး ကျွန်တော်တို့ရဲ့ကိုယ်ကျိုးစီးပွားအတွက်ပဲပြုမူစေတယ်။ အတ္တမာနက သူ့ကိုမြှင့်တင်ပေးတဲ့ ပုဂ္ဂိုလ်ရေးရည်မှန်းချက်တွေကိုပဲပြုမူစေတယ်။ ပန်းတိုင်တွေကို အရောက်လှမ်းစေတယ်။ တန်ဖိုးကြီးတဲ့အရာတွေကိုဝယ်ယူပြီး အဆင့်တစ်ခုကိုရစေတယ်။ ပြဿနာတွေဖြေရှင်းစေတယ်။ ကျွန်တော်တို့ရဲ့အတ္တမာနက ကြည့်မှန်တွေနဲ့တူတဲ့မျက်မှန်တွေကို ကျွန်တော်တို့ကိုတပ်ပေးတယ်။ ဒါမှ တစ်ချိန်လုံး ကျွန်တော်တို့ကိုယ့်ကိုယ်ကိုယ်မြင်နေရမှာ။ ဝန်ဆောင်မှုဆိုတာ အတ္တမာနရဲ့ဆန့်ကျင်ဘက်ပဲ။ ကိုယ်ကျိုးမငဲ့ကွက်တဲ့ဝန်ဆောင်မှုဆိုတာ အတ္တမာနကိုရွှေ့ပြောင်းလိုက်တဲ့အမိပ္ပာယ်၊ ကျွန်တော်တို့ရဲ့ကြည့်မှန်တွေကိုချွတ်လိုက်ပြီး တခြားသူတွေကို ဘယ်လိုကူညီနိုင်သလဲဆိုတာ ရှာဖွေတွေ့ရှိသွားတဲ့အဓိပ္ပာယ်ပါ"။

ဦးမင်းနိုင် တဖြည်းဖြည်းနဲ့ သစ်စေ့ကပေးတဲ့သင်ခန်းစာက *'ဝန်ဆောင်မှု'* ဆိုတာ နားလည်လာပါပြီ။ ယောဂီကြီးကဆက်ပြောပါတယ်။ "တစ်ခါတုန်းက လှိုင်းသေးသေးလေးက လှိုင်းအကြီးကြီးကို ကမ်းခြေနားကပ်နိုင်အောင် အကူအညီပေးဖို့ပြောပါတယ်။ ဒါပေမဲ့ လှိုင်းလုံးကြီးက ရေတစ်စက်တောင်မပေးနိုင်ဘူးလို့ ငြင်းပါတယ်။ လှိုင်းလုံးလေးက အချိန်အတော်ကြာ အကူအညီပေးဖို့ဆက်တောင်းနေပါတယ်။ ဒါပေမဲ့ လှိုင်းလုံးကြီးက ဘယ်လိုမှအလျှော့ပေးမလိုက်လျောပါဘူး။ မိနစ်အနည်းငယ်အကြာမှာတော့ လှိုင်းလုံးနှစ်ခုလုံးဟာ ကမ်းခြေမှာဖြတ်ကြပြီး ပင်လယ်ထဲမှာပေါင်းမိကြပါတယ်။ ပင်လယ်ထဲမှာ သူတို့နှစ်ယောက်လုံးဟာ ယာယီအခိုက်အတန့်သာရှိတဲ့တံလျှပ်ပမာသာဖြစ်ပြီး ရေဆိုတာ တစ်ပေါင်းတစ်စည်းတည်းဖြစ်တဲ့ သမုဒ္ဒရာဖြစ်တယ်ဆိုတာ သဘောပေါက်သွားပါတယ်။

လူတွေမှာလည်း ဒီအတိုင်းပါပဲ။ လူတိုင်းဟာ ကွဲပြားခြားနားတဲ့လှိုင်းတစ်ခုလို ခံစားနေကြတယ်။ အများစုက သူတို့ရှိတဲ့အထဲကနေ ရေတစ်စက်တစ်ပေါက်

တောင်မစွန့်ချင်ကြဘူး။ ဒါပေမဲ့ ကျွန်တော်တို့ မသိတာက ကျွန်တော်တို့ရဲ့ရုပ်ပိုင်းဆိုင်ရာအဆင့်တစ်ခုကိုစွန့်ခွာရင်၊ ကျွန်တော်တို့ သေသွားရင် ကျွန်တော်တို့အားလုံးဟာ သမုဒ္ဒရာနဲ့တူတဲ့ အံ့ဖွယ်ကောင်းတဲ့စွမ်းအင်တစ်ခုရဲ့အစိတ်အပိုင်းတစ်ခုပဲဆိုတာ တွေ့ရလိမ့်မယ်။ လှိုင်းလုံးတစ်ခုစီရဲ့ပုံသဏ္ဌာန်၊ ကြီးမားမှု၊ အရှိန်နဲ့ အရွယ်အစားတွေက အရေးမကြီးပါဘူး။ ကျွန်တော်တို့အားလုံးဟာ သမုဒ္ဒရာတစ်ခုတည်းနဲ့ဆိုင်တယ်။ ဒါပေမဲ့ လူတွေဟာ ကွဲပြားခြားနားမှုတွေအပေါ်မှာပဲအာရုံစိုက်ပြီး စုစည်းမှုကိုမမြင်တော့ဘူး။ ခင်ဗျားရဲ့ဘယ်ဘက်လက်ကအထိုးခံရပြီးနာကျင်တဲ့အခါ အဲဒီလက်ကိုတခြားလက်နဲ့ဆုပ်ကိုင်ပြီး အကူအညီပေးမယ်မလား"။

"ပေးမှာပေါ့" ဦးမင်းနိုင်က ပြန်ဖြေပါတယ်။

"ခင်ဗျားရဲ့ခန္ဓာကိုယ်လို့ ခင်ဗျားယုံမှတ်ထားတဲ့အတွက် ခင်ဗျား အဲဒီလိုလုပ်မှာပေါ့။ တကယ်လို့ ကျွန်တော်တို့သာ စကြာဝဠာတစ်ခုလုံးရဲ့အလွန်ကြီးမားတဲ့ 'အသိ' တစ်ခုလို့သာနားလည်ရင် ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ပိုပြီးကူညီလိမ့်မယ်"။

ဦးမင်းနိုင် အခုမှ အစစအရာရာကို ကွဲကွဲပြားပြားရှင်းရှင်းလင်းလင်းနဲ့မြင်လာပါတယ်။

"ကျွန်တော် တရားအားထုတ်တဲ့အခါ စက္ကန့်အနည်းငယ်လောက် ကျွန်တော်ဟာ အားလုံးရဲ့အစိတ်အပိုင်းတစ်ခုလို့ ခံစားနေရပါတယ်။ နံရံတွေ၊ ကြမ်းပြင်တွေ၊ သစ်ပင်တွေနဲ့ ကျွန်တော်ဟာ အားလုံးတစ်ခုတည်းပဲ။ အဲဒါဟာ ဆရာပြောတဲ့ စကြာဝဠာဆိုင်ရာအသိတရားမဟုတ်လား"။

"မှန်ပါတယ်" ယောဂီကြီးကပြောပါတယ်။ "ခင်ဗျားတရားအားထုတ်တဲ့အခါ လှိုင်းလုံးလို့မြင်တာတွေရပ်သွားပြီး သမုဒ္ဒရာလို့ပဲမြင်တော့တယ်။ တစ်စုံတစ်ခုက ဖန်ဆင်းထားတဲ့အရာတစ်ခုလုံးရဲ့အစိတ်အပိုင်းတစ်ခုလိုခံစားနေရတယ်။ တရားအားထုတ်ခြင်းအားဖြင့် စကြာဝဠာဆိုင်ရာစုစည်းမှုကို တဖြည်းဖြည်း ခင်ဗျားပိုသိမြင်လာသလို ခင်ဗျားရဲ့ကြည့်မှန်နဲ့တူတဲ့ မျက်မှန်ကြီးကိုချွတ်နိုင်အောင်ကူညီပေးလိမ့်မယ်။

တစ်ခါတုန်းက လူတချို့ဟာ လှေတစ်စင်းနဲ့ရွက်လွှင့်သွားနေကြတယ်။ အဲဒီ

အချိန်မှာ သူတို့ထဲကလူတစ်ယောက်က သူ့ထိုင်ခုံအောက်မှာအပေါက်တစ်ပေါက် ဖောက်လိုက်ပါတယ်။ ကျန်တဲ့ခရီးသည်တွေအားလုံး အဲဒီလူကိုအော်ကြပါတယ်။ "ခင်ဗျားဘာလုပ်နေတာလဲ။ ခင်ဗျားရူးသွားပြီလား"။ အဲဒီလူကပြန်ဖြေပါတယ် "ခင်ဗျားတို့ကို ဘာအနှောင့်အယှက်ပေးလို့လဲ၊ ကျွန်တော်အပေါက်ဖောက်တာ ကျွန်တော့်ထိုင်ခုံအောက်မှာလေ"။ တခြားလူတွေကပြန်ဖြေပါတယ်။ "ရေကခင်ဗျား အပေါက်ကနေစီးဝင်လာပြီး ခင်ဗျားတစ်ယောက်တည်းပဲနစ်မှာမဟုတ်ဘူး။ ကျွန်တော်တို့အားလုံးနစ်မြုပ်မှာဗျ"။

လူတွေမှာလည်း အဲဒီအတိုင်းအတူတူပဲ။ လူတွေဟာ ကိုယ့်ကိစ္စပဲကိုယ်စိတ်ဝင်စားတယ်။ သူ့အမြင်အမူက ကျန်တဲ့သူအားလုံးကိုနစ်ပစ်မှာ သဘောမပေါက်ဘူး။ ဦးမင်းနိုင်၊ ဘေးလူတစ်ယောက်ကိုကူညီတဲ့အခါ ခံစားရတဲ့ပျော်ရွှင်မှုထက် ပိုကောင်းတဲ့ပျော်ရွှင်မှုမျိုး ကမ္ဘာလောကကြီးမှာမရှိဘူး။ အဲဒါက ခင်ဗျားရဲ့လုပ်ဆောင်ချက်တွေကိုချိန်ညှိနိုင်တဲ့အတွက် ဘုရားကကောင်းချီးပေးတာနဲ့ အလားသဏ္ဍာန်တူတယ်။ တရားတစ်ခါမှအားမထုတ်ဖူးတဲ့လူတွေရှိတယ်။ ဒါပေမဲ့ သူတို့ကိုယ်သူတို့ တခြားသူတွေအတွက်ဝန်ဆောင်မှုပေးဖို့ အားသန်ကြတယ်။ အဲဒီလူတွေဟာ အတ္တမာနအရမ်းနည်းပြီး အနှောင်အဖွဲ့ကင်းကင်းနဲ့ပျော်ရွှင်ကြတယ်"။

"ဒါပေမဲ့ဆရာ၊ တကယ်လို့ လူတစ်ယောက်ဟာ သူ့အတွက်ပျော်ရွှင်မှုပြန်ရမှန်းသိလို့ ကိုယ်ကျိုးမငဲ့ဘဲ ဝန်ဆောင်မှုပေးရင် အဲဒါက ကိုယ့်အတွက်ကိုယ်လုပ်တာဖြစ်မနေဘူးလား။ အဲဒီလိုပျော်ရွှင်မှုမျိုးလိုချင်တာလည်း တစ်ကိုယ်ကောင်းဆန်တာမဟုတ်ဘူးလား" ဦးမင်းနိုင်က မေးလိုက်ပါတယ်။

"မှန်ပါတယ်။ အဲဒါက အစမှာတော့ တစ်ကိုယ်ကောင်းဆန်တဲ့သဘောတစ်ခုပဲ။ ဒါပေမဲ့ လူတိုင်းက အဲဒီလိုတစ်ကိုယ်ကောင်းဆန်မှုမျိုးရှိနေရင် လူ့ဘောင်လောကကြီး ဘာနဲ့တူမလဲ။ အဲဒီတစ်ကိုယ်ကောင်းဆန်တဲ့သဘောက နောက်ပိုင်းမှာ ပေးကမ်းစွန့်ကြဲမှုနဲ့ မေတ္တာအာရုံတွေနဲ့ရောနှောသွားတယ်။ အဲဒါကိုပြောကြည့်ရအောင်။ ပျော်ရွှင်မှုရဖို့ဝန်ဆောင်မှုပေးတဲ့အတ္တမျိုးဟာ မေတ္တာဗိုင်းနမိုက်တံရဲ့မီးစတစ်ခုမျှသာရှိပါတယ်။ မီးစာက ဒိုင်းနမိုက်ကို ပေါက်ကွဲအောင်သုံးလေ့ရှိတယ်။

ဒါပေမဲ့ ဝန်ဆောင်မှုဆိုတဲ့ ဒိုင်းနမိုက်က ခင်ဗျားအတွင်းပိုင်းမှာပေါက်ကွဲတာနဲ့ ခင်ဗျား အဲဒါကို ကိုယ်ကျိုးစီးပွားကြောင့်လုပ်လို့မရတော့ဘူး။ ခင်ဗျားရဲ့အတွင်းပိုင်းမှာမွေး ဖွားလာတဲ့ဝန်ဆောင်မှုနဲ့ပဲလုပ်လို့ရတယ်"။

"ဆရာ ကျွန်တော်နားမလည်တာက ဝန်ဆောင်မှုပေးတာက ပျော်ရွှင်စေတယ် ဆိုရင် ဘာကြောင့် လူတချို့ပဲလုပ်ကြတာလဲ။ လူတွေဟာ သူတို့ရဲ့ပျော်ရွှင်မှုကိုများ နိုင်သမျှ များအောင်လုပ်ချင်ကြတာပဲ။ ဝန်ဆောင်မှုပေးရာကနေ ပျော်ရွှင်မှုရမယ် ဆိုရင် သူတို့အတွက် မလုပ်နိုင်စရာအကြောင်းမှမရှိတာ"။

"တစ်ခါတုန်းက လူတစ်ယောက်ဟာ ရတနာသေတ္တာသော့ပျောက်သွားလို့ သူ့အိမ်ရှေ့ကမာတ်တိုင်အောက်မှာ ရှာဖွေကြည့်နေတယ်။ ရှာလို့လည်းမတွေ့ရော အကူအညီတောင်းပါတယ်။ ရှာတွေ့ရင် ရတနာတချို့ကိုဝေမျှပေးမယ်ဆိုပြီး ကမ်း လှမ်းပါတယ်။ မကြာခင်မှာပဲ သော့ရှာတဲ့သူတွေများလာပါတယ်။ နှစ်နာရီလောက် အကြာမှာ သော့ဘယ်နေရာပျောက်သွားတာလဲလို့ ပိုင်ရှင်ကို လူတစ်ယောက်က မေးလာပါတယ်။ ပိုင်ရှင်ကဖြေပါတယ် "ဟိုနားက ကျွန်တော့်အိမ်ထဲမှာပါ။ ဒါပေမဲ့ အိမ်ထဲမှာမီးမရှိတဲ့အတွက် ကျွန်တော် ဒီမှာလာရှာနေတာပါ"။

ဦးမင်းနိုင်တစ်ယောက် သဘောမပေါက်ဘူးဆိုတာမြင်တဲ့အခါ ယောဂီ ကြီးက ခေတ္တရပ်လိုက်ပါတယ်။ ပြီးတော့ ဆက်ရှင်းပါတယ်။

"လူတွေဟာ ပျော်ရွှင်မှုဆိုတဲ့သော့ကို လွဲမှားတဲ့နေရာမှာရှာနေကြတယ်။ တီဗီဆိုတာ အပြစ်တင်စရာအများကြီးရှိတယ်။ သူ့ရဲ့အစီအစဉ်တွေ၊ ကြော်ငြာတွေ နဲ့တီဗီက ခင်ဗျားဘယ်တုန်းကမှရှာမတွေ့နိုင်တဲ့နေရာမှာ ပျော်ရွှင်မှုသော့ကိုရှာစေ တယ်။ တချို့ကြော်ငြာအမျိုးအစားတွေက တကယ်လို့ ကား၊ ဒါမှမဟုတ် အဝတ် အစားအမှတ်တံဆိပ်တစ်ခု၊ အလှပြင်ပစ္စည်းနဲ့ အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကို မဝယ်မချင်း ခင်ဗျားပျော်ရွှင်မှုမရနိုင်ဘူးလို့ ယုံကြည်လာအောင်လုပ်တယ်။ ကြော်ငြာ အများစုက ခင်ဗျားတစ်ယောက်တည်းအကျိုးရှိမယ့်အရာတစ်ခုကို ရှာအောင်လုပ် တယ်ဆိုတာ ခင်ဗျားသဘောမပေါက်ဘူး။ လူတွေ ကိုယ်ကျိုးစီးပွားအတွက်ရှာဖွေပြီး အရာဝတ္ထုတွေကိုဝယ်တဲ့အခါမှ ပျော်ရွှင်မှုရမယ်လို့သက်ဝင်ယုံကြည်လာအောင်

သူတို့လုပ်တယ်။ တိတိကျကျပြောရရင်တော့ တကယ့်အမှန်တရားက အဲဒါရဲ့ဆန့်ကျင်ဘက်ပဲ"။ နည်းနည်းတော့ရှုပ်ထွေးနေပေမဲ့ ယောဂီကြီးမှန်တယ်ဆိုတာ သူသိတယ်။ "တကယ်လို့ ဝန်ဆောင်မှုပေးဖို့ ကမ်းလှမ်းချင်တယ်ဆိုရင် ကျွန်တော် ဘယ်က စရမလဲ။ ဘယ်နေရာမှာကူညီသင့်သလဲ။ သက်ကြီးရွယ်အိုတွေဂေဟာမှာလား၊ မိဘမဲ့တွေကိုလား၊ ဆင်းရဲတဲ့ကလေးတွေရဲ့ကျောင်းမှာလား"။

"ပထမဆုံး ခင်ဗျားကိုယ်ခင်ဗျားစပါဦးမင်းနိုင်၊ ဝန်ဆောင်မှုဆိုတာ ဘဝနဲ့ပတ်သက်တဲ့စိတ်နေစိတ်ထားပဲ။ ဆိုလိုတာက ခင်ဗျားအတွက်ခင်ဗျားမစဉ်းစားတော့ဘဲ သူများအတွက်စဉ်းစားပါ။ အမှားလုပ်မိတဲ့ဝန်ထမ်းတစ်ယောက်ကို သူ့အမှားနဲ့ မျက်နှာကိုပစ်ပေါက်မယ့်အစား တိုးတက်အောင်အကူအညီပေးတဲ့အခါ ခင်ဗျား ဝန်ဆောင်မှုပေးနေတာပဲ။ ရုံးထဲက ခင်ဗျားဝန်ထမ်း၊ ဒါမှမဟုတ် ခင်ဗျားဇနီးနဲ့ ကလေးတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် စိုးရိမ်ပူပန်တဲ့အခါ ဝန်ဆောင်မှုပေးနေတာပဲ။ လမ်းထဲကလူတစ်ယောက်ကို အေးချမ်းတဲ့မေတ္တာအတွေးလေးပေးတဲ့အခါ ဝန်ဆောင်မှုပေးနေတာပဲ။ ခင်ဗျားရဲ့အလုပ်၊ ကလေးတွေနဲ့ မိသားစုနဲ့ပဲ ခင်ဗျား ဝန်ဆောင်မှုကို အိမ်မှာအစပြုနိုင်ပါတယ်။

တစ်စုံတစ်ခုက ခင်ဗျားကို လုပ်ငန်းတစ်ခုပိုင်ရှင်ဖြစ်ရတဲ့ ကြီးမားတဲ့အခွင့်အလမ်းကိုပေးထားတယ်။ ခင်ဗျားရဲ့လုပ်ငန်းမှာ ပိုက်ဆံရှာမယ့်ရည်ရွယ်ချက်ကို ခင်ဗျားဆုံးဖြတ်နိုင်သလို အဲဒီရည်ရွယ်ချက်အတွက် ခင်ဗျားရဲ့စွမ်းအားအားလုံးကို လုံးလုံးလျားလျားမြှုပ်နှံထားနိုင်တယ်။ ဒါမှမဟုတ် ခင်ဗျားလုပ်ငန်းရဲ့ရည်ရွယ်ချက်ကို လူ့အဖွဲ့အစည်းကို ဝန်ဆောင်မှုပေးဖို့နဲ့ လူတွေလေ့လာသင်ယူပြီး ပျော်ရွှင်မှုရှာဖွေနိုင်တဲ့ပတ်ဝန်းကျင်ကောင်းလေးဖန်တီးပေးဖို့ ခင်ဗျားဆုံးဖြတ်နိုင်တယ်။ ရလဒ်အနေနဲ့ ငွေရောက်လာလိမ့်မယ်။ နောက်တစ်ခု ခင်ဗျားလုပ်နိုင်တာက ခင်ဗျားလုပ်ငန်းရဲ့ရှယ်ယာကို တခြားသူကိုရောင်းနိုင်တယ်"။

"ကျွန်တော့်စီးပွားရေးကို တစ်စုံတစ်ယောက်ကဝယ်ချင်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။ ကျွန်တော်ရောင်းဖို့ကြိုးစားရင် ဘယ်သူမှ ကျွန်တော့်ကို တစ်ပြားတစ်ချပ်တောင်ပေးမှာမဟုတ်ဘူး" ဦးမင်းနိုင်ကရယ်သွမ်းပြီးပြောပါတယ်။

"မစိုးရိမ်ပါနဲ့။ တစ်စုံတစ်ယောက်ဆီမှာ ခင်ဗျားလုပ်ငန်းထဲရောက်လာမယ့် အထူးနည်းလမ်းရှိပါတယ်။ သူက ခင်ဗျားရှယ်ယာအတွက် တစ်ပြားမှတော့ပေးမှာ မဟုတ်ဘူး။ ဒါပေမဲ့ တကယ်လို့ ခင်ဗျားဝင်ငွေတွေရဲ့ရာခိုင်နှုန်းအနည်းငယ်ကို သူ့ကို ပေးရင် ခင်ဗျားကို အများကြီးအကျိုးပြုလိမ့်မယ်။ တစ်နည်းပြောရရင် ချို့တဲ့သူတွေ ကိုလှူဒါန်းထောက်ပံ့တဲ့အဖွဲ့အစည်းတွေကို ခင်ဗျားအမြတ်ထဲကတချို့ကို လှူဒါန်းရင် အဲဒီလူက ခင်ဗျားလုပ်ငန်းမှာ စီးပွားဖက်ဖြစ်လာလိမ့်မယ်။ ဒါပေမဲ့ သတိထားပါ။ အဲဒီတစ်စုံတစ်ယောက်က ကောင်းမွန်တဲ့ရင်းနှီးမြှုပ်နှံသူတစ်ယောက်ပါ။ အဲဒီလူက ခင်ဗျားလုပ်ငန်းကြီးပွားအောင်လုပ်ပေးလိမ့်မယ်။ ဒါမှလုပ်ငန်းရဲ့အကျိုးအမြတ်ကနေ အလှူငွေတွေများများလှူလာနိုင်မှာလေ။ ဦးမင်းနိုင်၊ ဒီဘဝမှာ လူသားတိုင်းဆီမှာ 'မွေ' ရှိတယ်။ ဆိုလိုတာက ဘဝမှာသင်ယူရမယ့်သင်ခန်းစာ၊ ဖြည့်ကျင့်ရမယ့်တာဝန်ပေါ့။ အကောင်းဆုံးကတော့ ခင်ဗျားပေးမယ့်ဝန်ဆောင်မှုက ခင်ဗျားရဲ့မွေနဲ့ကိုက်ညီရမယ်"။

ဦးမင်းနိုင်တစ်ယောက် ရှုပ်ထွေးပွေလီတဲ့ခံစားမှုတွေတိုးလာပါတယ်။ အခု အချိန်ထိ သူ့ဘဝတစ်ခုလုံးဟာ ဂိမ်းကစားပွဲတစ်ခုဖြစ်နေတဲ့ခံစားချက်မျိုး ကြီးထွား လာပါတယ်။ အဲဒီကစားပွဲက သူ့ကိုအမြဲအလုပ်ရှုပ်စေပြီး ဘာမှလည်းရေရေရာရာ ညွှန်ပြလေ့မရှိပါဘူး။

"ဒါပေမဲ့ ကျွန်တော့်တာဝန်ကဘာဆိုတာနဲ့ ဘယ်လိုသင်ခန်းစာမျိုးသင်ယူသင့် သလဲဆိုတာ ကျွန်တော်ဘယ်လိုသိနိုင်သလဲ"။ ယောဂီကြီးက ကူရှင်ပေါ်မှာ ဒူးနှစ် ဖက်ကိုကပ်ပြီး ဖြည်းဖြည်းချင်းလှုပ်ရှားလိုက်ပါတယ်။ ပြီးတော့ သူ့လက်ဖဝါးတွေကို ပေါင်ပေါ်မှာတင်ထားလိုက်ပါတယ်။ "သင်ခန်းစာက လွယ်ပါတယ်ဦးမင်းနိုင်။ ခင်ဗျား ဘဝရဲ့အဓိကအခက်အခဲတွေကို ခွဲခြမ်းစိတ်ဖြာပါ။ ခင်ဗျားသင်ယူရမယ့်သင်ခန်းစာ ရှိတယ်။ ရုပ်ဝတ္ထုပစ္စည်းပေါ်မှာ တည်ဆောက်ထားတဲ့ဘဝဆိုတာ တက္ကသိုလ်တစ်ခု နဲ့တူတယ်။ ခင်ဗျားတက္ကသိုလ်မှာစာရင်းသွင်းတဲ့အခါ ကျောင်းစတက်ရင် ဂဏန်း သင်္ချာသင်ဖို့မလိုဘူး။ အဲဒါက သိပ်လွယ်ကူသွားပြီ။ ခင်ဗျားအတွက် အခက်အခဲ ပေးစွမ်းနိုင်မယ့်သင်တန်းမျိုးမှာပဲ စာရင်းသွင်းဖို့လိုတယ်။ ဒါမှ ခင်ဗျားရဲ့စိတ်ကိုနိုးဆွ ပြီး သင်ယူချင်လာအောင်တွန်းအားပေးနိုင်မှာပါ။

အဲဒါက အဆင့်တစ်ခုကိုရောက်နေတဲ့ဘဝနဲ့အတူတူပဲ။ ကျွန်တော်တို့ရဲ့ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအဆင့်ကိုထိန်းသိမ်းရင်း သင်ခန်းစာတစ်ခုကိုသင်ယူဖို့ ကျွန်တော်တို့ရောက်လာတာပါ။ ခင်ဗျားရဲ့သင်ခန်းစာကဘာလဲလို့သိချင်ရင်တော့ ခင်ဗျားရဲ့အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ၊ ပြဿနာတွေနဲ့ စမ်းသပ်ပွဲတွေကိုကြည့်လိုက်ရုံပါပဲ။ အဲဒီပြဿနာတွေထဲကတချို့က ခင်ဗျားကိုပိုပြီးကောင်းမွန်တဲ့၊ တိုးတက်ကြီးပွားတဲ့လူတစ်ယောက်ဖြစ်စေတဲ့သင်ခန်းစာဖြစ်ခဲ့ပြီးပြီ။ တခြားတစ်ဖက်ကကြည့်ရင်လည်း ကျန်တဲ့အခက်အခဲတွေက ခင်ဗျားကို ဖျက်လိုဖျက်ဆီးနဲ့ အပျက်သဘောဆောင်တဲ့အမူအကျင့်တွေပြုမူစေပြီး ခင်ဗျားရဲ့ကိုယ်ရည်ကိုယ်သွေးကို မှတ်ကျောက်တင်ခဲ့ပြီးပြီ။ အတိအကျပြောရရင် အဲဒါတွေအားလုံးက ခင်ဗျားပြောင်းပြန်လှန်ပစ်ဖို့လိုတဲ့အမူအကျင့်တွေပဲ။ အဲဒါက ဘဝမှာ ခင်ဗျားအတွက်စမ်းသပ်မှုပဲ"။

"ဥပမာပြောရရင် ကျွန်တော်တို့ကလေးဘဝကအခက်အခဲတွေကို ဆရာဆိုလိုတာမဟုတ်လား" ဦးမင်းနိုင်ကမေးလိုက်ပါတယ်။

"မှန်တယ်။ ခင်ဗျားကလေးဘဝရဲ့ရလဒ်တွေကဘာလဲ။ ဘယ်လိုစရိုက်လက္ခဏာတွေက ခင်ဗျားရဲ့ကိုယ်ရည်ကိုယ်သွေးကိုဖန်တီးပေးခဲ့တာလဲ"။

ဦးမင်းနိုင် ချီတုံချတုံဖြစ်သွားပါတယ်။

"တကယ့်ကိုစိတ်မရှည်တာ၊ သည်းမခံတာ၊ လူတွေကိုမကောင်းမြင်တတ်တာ၊ ခြုံပြောရရင်တော့ အပျက်သဘောဆောင်နေတာဖြစ်ကောင်းဖြစ်နိုင်တယ်"။

"ကဲ. . . ခင်ဗျားသင်ယူရမယ့်ဟာကို ခင်ဗျားရှာတွေ့သွားပြီပဲ။ အတိအကျပြောရရင် ခင်ဗျားကိုဖွံ့ဖြိုးတိုးတက် ကြီးထွားစေမယ့်ခွန်အားတွေဖြစ်လာဖို့ ဘဝက ခက်ခဲတဲ့ကလေးဘဝကို ခင်ဗျားအတွက်ဖန်တီးပေးခဲ့တယ်။ ပြီးတော့ ဖျက်လိုဖျက်ဆီးအမူအကျင့်တွေနဲ့ ချန်ထားပစ်ခဲ့တယ်။

"မှန်ပါတယ်။ အဲဒါက ကျွန်တော် လေ့လာသင်ယူရမယ့်သင်ခန်းစာဖြစ်လာပါတယ်။ ဒါပေမဲ့ ဘဝမှာ ကျွန်တော့်ရဲ့တာဝန်ကို ကျွန်တော်ဘယ်လိုဖော်ထုတ်နိုင်သလဲ"။

"စိတ်နှလုံးရဲ့တာဝန်က ဝန်ဆောင်မှုဆီအမြဲရှေ့ရှုနေဖို့ပဲ။ လူတစ်ယောက်

အနေနဲ့ ခင်ဗျားရဲ့အစစ်အမှန်စွမ်းဆောင်ရည်နဲ့ ပင်ကိုအရည်အချင်းကိုဖော်ထုတ်ရင်း ဘဝမှာ ခင်ဗျားဖြတ်သန်းခဲ့ရတဲ့အခိုက်အတန့်တွေကိုလေ့လာရင် ခင်ဗျားရဲ့တာဝန်က ဘာလဲဆိုတာ ခင်ဗျားသိနိုင်တယ်။ ပထမဆုံးအချက်ကတော့ ခင်ဗျားက စီးပွားရေး လောကထဲမှာ စွန့်ဦးတီထွင်သမားတစ်ယောက်ဖြစ်တယ်။ ခင်ဗျားရဲ့တာဝန်က အဲဒီ နယ်ပယ်နဲ့ပတ်သက်ဆက်နွယ်နေရမယ်။ တခြားအရေးပါတဲ့အချက်တစ်ချက်ကတော့ ခင်ဗျားကတရားအားထုတ်တဲ့ စီးပွားရေးသမားအနည်းငယ်ထဲက တစ်ယောက်ဖြစ် နေပြီး အဲဒီအယူအဆနဲ့အကျွမ်းတဝင်ဖြစ်နေပြီ။

ဖြစ်နိုင်တာကတော့ ခင်ဗျားရဲ့ဓမ္မက စီးပွားရေးလောကက ဒီအကြောင်း အရာအကြောင်းရှာဖွေတွေ့ရှိမှုတွေနဲ့ အသိပညာတွေကိုဆက်သွယ်ပေးတာနဲ့ပတ်သက် ကောင်းပတ်သက်နိုင်တယ်။ ဘဝမှာခင်ဗျားရဲ့တာဝန်က ပုဂ္ဂိုလ်ရေးဖွံ့ဖြိုးတိုးတက်မှု၊ တရားအားထုတ်မှု၊ အတ္တမာနထိန်းချုပ်မှုနဲ့ အမှုဆောင်တွေနဲ့ စွန့်ဦးတီထွင်တွေကြား ထဲမှာ ဝန်ဆောင်မှုဆိုတဲ့သစ်စေ့ကို စိုက်ပျိုးဖို့ပဲဖြစ်တယ်။ တစ်ဖက်ကကြည့်ရင် လူ တစ်ယောက်ဆက်ဆံဆောင်ရွက်ရာမှာလိုအပ်တဲ့စွမ်းအင်နဲ့ထက်သန်မှု ခင်ဗျားမှာရှိ တယ်။ ခင်ဗျားဟာ ဆက်ဆံရေးကောင်းတဲ့လူတစ်ယောက်ဖြစ်တယ်ဆိုတာ မမေ့ပါနဲ့။ ခင်ဗျားဘဝမှာ ခင်ဗျားအတွက်တကယ်အရေးအကြီးဆုံးက ခင်ဗျားရဲ့ဓမ္မပဲဆိုတာ ပြောပြနိုင်ရင် အမှုဆောင်တွေနဲ့ စွန့်ဦးတီထွင်သူတွေကိုနိုးကြားလာအောင် ခင်ဗျား ကူညီနိုင်လိမ့်မယ်"။

သူချဉ်းနင်းဝင်ရောက်ရတော့မယ့်၊ သူမရောက်ဖူးသေးတဲ့နေရာတစ်ခု သူ့ ရှေ့မှာပေါ်လာသလို ဝန်ဆောင်မှုလုပ်ငန်းတွေအားလုံးက သူ့ကိုဦးဆောင်နေတဲ့နေရာ ကို ဦးမင်းနိုင်တွေးမြင်မိပါတယ်။

"ဒါပေမဲ့ဆရာ၊ ပရိသတ်အများရှေ့မှာ ကျွန်တော်တစ်ခါမှ ရှင်းလင်းတင်ပြမှု (Presentation) မလုပ်ဖူးဘူး။ အဲဒါက ကျွန်တော်အားသန်တဲ့အရာတွေထဲက တစ်ခုလည်းမဟုတ်ဘူး။ နောက်ပြီး ကျွန်တော်အမြဲတမ်းလျှို့ဝှက်ပြီးတော့ တရားအား ထုတ်ခဲ့တယ်။ ကျွန်တော့်ဇနီးတောင် ကျွန်တော်တရားအားထုတ်တာမသိဘူး။ အဲဒီ အကြောင်းအရာအကြောင်း ကျွန်တော်စပြောရင် ကျွန်တော့်ကို အမှုဆောင်တွေ

အားလုံးပိုင်းပြီး ခဲနဲ့ပေါက်လိမ့်မယ်။ ကျွန်တော်ရောက်လာခဲ့တုန်းက ကျွန်တော် ဘာလဲဆိုတာဆရာသတိရမှာပါ။ ကျွန်တော် လုံးဝဂရုစိုက်ခဲ့တာက အလုပ်၊ ကိန်းဂဏန်းနဲ့အောင်မြင်မှုပဲ။ စိတ်ပိုင်းဆိုင်ရာအကြောင်းအရာတစ်ခုလုံးက ကျွန်တော့်အတွက်အဓိပ္ပာယ်မရှိဘူးလို့ထင်ခဲ့တာပါ။ ကျွန်တော် ဒီအကြောင်းအရာကို လူရှေ့သူရှေ့မှာ ဘယ်တော့မှပြောနိုင်မယ်မထင်ဘူး"။

ယောဂီကြီးက သူ့ရဲ့လက်တွေကို အသာလေးဆန့်ပြီး စူးစိုက်တဲ့အကြည့်နဲ့ ဦးမင်းနိုင်ကိုကြည့်လိုက်ပါတယ်။ "ဦးမင်းနိုင်၊ ခင်ဗျားရဲ့ဓမ္မအကြောင်း ကျွန်တော့်ကိုမေးလို့ ခင်ဗျားရှာတွေ့အောင် ကျွန်တော်ကူညီခဲ့ပြီးပြီ။ အဲဒီတော့ အဆုံးမှာတော့ ခင်ဗျားဒီဘဝမှာ ခင်ဗျားရဲ့ဓမ္မကိုလုပ်ဆောင်ချင်သလား၊ မလုပ်ဆောင်ချင်ဘူးလားဆိုတာတော့ ခင်ဗျားတစ်ဦးတည်းပေါ်မှာတည်မှီနေတယ်။ ခင်ဗျား အခုတတ်မြောက်ကျွမ်းကျင်ထားတဲ့အသိပညာနဲ့ ခင်ဗျားမှာရှိတဲ့အလားအလာကို ခင်ဗျားအပြည့်အဝသုံးချင်သလား၊ ဒါမှမဟုတ် အဲဒီအခွင့်အလမ်းကိုလက်လွှတ်ခံမလားဆိုတာကတော့ ခင်ဗျားအပေါ်မှာပဲမူတည်တယ်။ အဲဒါက ခင်ဗျားလက်ထဲမှာပဲရှိတယ်။

တစ်ခါတုန်းက ဇားရှုဆိုတဲ့ဂျူးဆရာကြီးက အခုလိုပြောပါတယ်။ "တစ်နေ့ငါသေသွားပြီး ကောင်းကင်ဘုံကိုရောက်သွားရင် သူတို့ကငါ့ကိုမေးလိမ့်မယ်။ 'ဇားရှု ခင်ဗျားက ကမ္ဘာပေါ်ကပေရာဟမ်နဲ့ဘာလို့မတူတာလဲ'။ ငါကပြန်ပြောလိုက်တယ်။ 'ငါက သူ့လိုအသိဉာဏ်မျိုးနဲ့မွေးဖွားလာရလောက်အောင်ကံမကောင်းဘူး'။ တကယ်လို့ သူတို့ကငါ့ကို 'ဇားရှု ခင်ဗျားက မိုးဇက်နဲ့လည်းမတူဘူးနော်' လို့မေးလာရင် 'ငါက သူ့လိုခေါင်းဆောင်မှုအရည်အချင်းနဲ့ပြည့်စုံပြီးမွေးလာတာမဟုတ်ဘူး' လို့ပြန်ဖြေမယ်။ ဒါပေမဲ့ သူတို့ကငါ့ကို 'ဇားရှု ခင်ဗျားဘာဖြစ်လို့ ကမ္ဘာပေါ်ကဇားရှုနဲ့မတူတာလဲ' လို့မေးလာရင်တော့ အဲဒီအတွက် ငါ့မှာအဖြေမရှိဘူးကွာ' တဲ့"။

ယောဂီကြီးလက်တွေက ပေါင်ပေါ်တစ်ခါပြန်ရောက်သွားပါတယ်။

"ဦးမင်းနိုင်၊ ဒီဘဝမှာ ဦးမင်းနိုင်ဟာ ဦးမင်းနိုင်ဖြစ်မှာကိုမကြောက်ပါနဲ့။ ခင်ဗျားရဲ့အကြောက်တရားတွေနဲ့ပတ်သက်ပြီး ခင်ဗျားကိုကျွန်တော်ပြောပြချင်တာကတော့ 'အရာရာတိုင်းမှာ ပထမဆုံးအကြိမ်ဆိုတာရှိတယ်'၊ ကောင်းပြီ၊ အဲဒီတော့

ခင်ဗျားဘယ်တော့မှ လူရှေ့သူရှေ့မှာ ရှင်းလင်းတင်ပြမှု (Presentation) မလုပ်ဖူးသေးဘူးဆိုရင် အဲဒီအခွင့်အရေးကိုအရယူပါ။ အဲဒီအတွက် ကောင်းကောင်းပြင်ဆင်ပေါ့။ အကောင်းဆုံးတစ်ခုဖြစ်အောင် အတူစုလိုက်ပေါ့။ ခင်ဗျားက ဖန်တီးမှုကောင်းတဲ့သူတစ်ယောက်ပဲ။ ခင်ဗျား အဲဒါကိုလုပ်နိုင်ပါလိမ့်မယ်'။

တစ်ခါတုန်းက ခွေးတစ်ကောင်ဟာ ရေသောက်ချင်နေတယ်။ ဒါပေမဲ့ တန်နားကပ်သွားပြီး ကန်ထဲမှာသူ့အရိပ်ကိုသူမြင်လိုက်တိုင်း တခြားခွေးတစ်ကောင်ထင်ပြီး လန့်လန့်သွားတယ်။ ခွေးကရေငတ်လို့သေတော့မယ်။ ဒါပေမဲ့ ရေထဲကိုဆင်းရင် အတိုက်အခိုက်ခံရမှာဆိုးနေတဲ့အကြောက်တရားကို သူမကျော်လွှားနိုင်ဘူး။ ခွေးအဲဒီလိုသွားချည်ပြန်ချည်လုပ်နေတာကို မုဆိုးတစ်ယောက်ကမြင်သွားတယ်။ အဲဒီမုဆိုးက ခွေးကိုကမ်းစပ်နားဆီကို မ,ချီယူသွားပြီး ရေထဲကိုချလိုက်တယ်။ ခွေး ကန်ထဲရောက်သွားတဲ့အခါ သူ့အကြောက်တရားတွေအားလုံး မတွေ့ရတော့ဘူး။ အဲဒီလိုနဲ့ သူတည်တည်ငြိမ်ငြိမ်နဲ့ရေသောက်နိုင်ခဲ့တယ်။

ဦးမင်းနိုင် ခင်ဗျားက အဲဒီအဖြစ်အပျက်ထဲကခွေးလိုဖြစ်နေတယ်။ ခင်ဗျားက ဝန်ဆောင်မှုပေးဖို့ ဆာလောင်မွတ်သိပ်ရင်းသေတော့မယ်။ ဒါပေမဲ့ ခင်ဗျားအရမ်းကြောက်လန့်နေတယ်။ မုဆိုးလို ခင်ဗျားကို ကျွန်တော် မ,ချီပြီးရေထဲပစ်ချပေးရမလား။ စီးပွားရေးလုပ်ငန်းရှင်တွေကို စိတ်ပိုင်းဆိုင်ရာကိစ္စတွေအကြောင်းပြောတဲ့အခါ အခက်အခဲနဲ့ပတ်သက်လို့ အောင်မြင်တာ၊ မအောင်မြင်တာက ခင်ဗျားဘယ်လိုလုပ်မလဲဆိုတဲ့အပေါ်မှာမူတည်တယ်။ ခင်ဗျားဆိုလိုချင်တာကို အထောက်အကူပြုမယ့် ယုတ္တိရှိတဲ့တင်ဆက်ပြောဆိုမှုမျိုးကိုတော့ ပြင်ဆင်ထားပေါ့။ ခင်ဗျားပရိသတ်နားထောင်ချင်တဲ့အပေါ်မှာအခြေခံပြီး ခင်ဗျားလိုချင်တာ၊ ပေးချင်တာကို ကြားညှပ်ထည့်သွင်းပေါ့ဗျာ။ ခင်ဗျားလုပ်နိုင်တယ်ဆိုတာ ကျွန်တော်သိတယ်။ ခင်ဗျား ဒီကမ္ဘာပေါ်ရောက်ရှိလာတာ အဲဒီအတွက်ပဲ"။

သူ့ဆရာမှန်တယ်ဆိုတာ ဦးမင်းနိုင်သိပါတယ်။ ဒါပေမဲ့ သူ့ကိုယ်သူ ပရိသတ်ရှေ့မှာလိုတွေးကြည့်လိုက်တဲ့အခါတိုင်း နဖူးမှာဇောချွေးပြန်လာပြီး စိတ်ဂနာမငြိမ်ဖြစ်လာပါတယ်။

"ဆရာ. . . လူရှေ့ထွက်ရမှာကို ကျွန်တော်လန့်နေတယ်။ အဲဒီအကြောက်တရားကိုဘယ်လိုဖျောက်လို့ရနိုင်သလဲ"။

"အရမ်းရိုးရှင်းပါတယ်။ လူရှေ့သူရှေ့မှာရပ်ပြီး တင်ဆက်ပြောဆိုမှုတစ်ခုလုပ်တဲ့အခါတိုင်း 'ဒီလူတွေကို ငါဘယ်လိုအသုံးတော်ခံမလဲ' လို့တွေးလိုက်ပါ။ ခင်ဗျားပြောမယ့်အကြောင်းအရာက သူတို့တိုးတက်ဖို့အတွက် အကူအညီပေးမှာဖြစ်သလိုခင်ဗျားမှာရှိသမျှအကောင်းဆုံးတွေကို ကိုယ်ကျိုးစီးပွားမငဲ့ဘဲ စေတနာမေတ္တာနဲ့သူတို့ကိုပေးတော့မှာဖြစ်တဲ့အတွက် ခင်ဗျားရဲ့ကြောက်စိတ်တွေပျောက်ကွယ်သွားတာခင်ဗျားတွေ့လိမ့်မယ်။ ကျွန်တော်တို့ဟာ ပရိသတ်ရှေ့ရောက်တဲ့အခါ အသုံးတော်ခံတယ်၊ ပေးဆပ်နေတယ်လို့တွေးမယ့်အစား တောင်းခံယူနေတာလို့တွေးနေတဲ့အတွက်ကျွန်တော်တို့ဆီမှာ ကြောက်စိတ်ဝင်လာတယ်။ ကျွန်တော်တို့က အသိအမှတ်ပြုမှုလေးစားမှုနဲ့ ထောက်ခံအားပေးမှုကို တောင်းခံနေတာလေ။ အဲဒီလိုတောင်းခံနေတာကို ပရိသတ်ကမပေးမှာစိုးရိမ်နေတဲ့အတွက် ကြောက်လန့်တကြားဖြစ်နေတာပါ။ ဒါပေမဲ့ ကိုယ်ကျိုးမငဲ့ဘဲ မေတ္တာနဲ့အသုံးတော်ခံပေးဆပ်မယ်လို့ရည်ရွယ်ရင် ကြောက်စိတ်ပျောက်ကွယ်သွားမယ်"။

ဦးမင်းနိုင်တစ်ယောက် နေရထိုင်ရခက်နေပါပြီ။ ဘာလုပ်ရမလဲ သူမသိဘူး။ သူ့ဆရာတောင်းဆိုနေတာက သူ့အတွက် အကြီးမားဆုံးစိန်ခေါ်မှုတစ်ခုပဲ။ ဒါပေမဲ့အတွင်းပိုင်းက တစ်စုံတစ်ရာကတော့ အဲဒါက လျှောက်လှမ်းရမယ့်မှန်ကန်တဲ့လမ်းလို့ သူ့ကိုပြောနေပါတယ်။ အဲဒါကို သူလုပ်သင့်တယ်။ အဲဒီအကြောင်းအရာကို လူရှေ့မှာပြောရမှာစိုးတဲ့ဖိစီးမှုကြောင့် သူ့ခေါင်းပေါ်မှာ ကျောက်တုံးတစ်တုံးရောက်နေသလိုခံစားရပါတယ်။ ဦးမင်းနိုင် စက္ကန့်အနည်းငယ်ကြာငြိမ်သက်နေပြီးမှ ဆက်ပြောပါတယ်။ "ကောင်းပါပြီ။ ကျွန်တော်လုပ်ပါ့မယ်။ ကျွန်တော် အဲဒါကိုကောင်းကောင်းလုပ်နိုင်၊ မလုပ်နိုင်ကတော့ မသေချာဘူး။ ဒါပေမဲ့ အဲဒီအပေါ်မှာ ဆရာအကဲဖြတ်ပေးနိုင်မယ်လို့ ကျွန်တော်ယုံတယ်"။

"ခင်ဗျားရဲ့ပထမဆုံးရှင်းလင်းတင်ပြမှုပြီးသွားရင် ကျွန်တော့်ဆီပြန်လာခဲ့ပါ"။

* * * * *

အခုဆို ဦးမင်းနိုင်တစ်ယောက် ညတိုင်းအလုပ်ကနေအိမ်အပြန်နောက်ကျနေတာ ရက်သတ္တပတ်အတော်ကြာခဲ့ပါပြီ။ အစားဆိုလည်း သုတ်သုတ်စားပြီး သူ့ရှင်းလင်းတင်ပြမှု (Presentation) အတွက်လေ့လာပြင်ဆင်ဖို့ပဲလုပ်ပါတယ်။ သူ့ဆရာယောဂီကြီးဆီသွားပြီးနှစ်လအကြာမှာ သူသိခဲ့တဲ့ *ကိုယ့်ကိုယ်ကိုယ်သိမြင်ခြင်း၊ တရားအားထုတ်ခြင်း၊ အတ္တမာနကိုထိန်းချုပ်ခြင်း၊ ဝန်ဆောင်မှု* ဆိုတဲ့သစ်စေ့လေးစေ့အကြောင်းကို ဟောပြောပွဲမှာပြောဖို့ဆုံးဖြတ်ခဲ့ပါတယ်။ စီးပွားရေးလောကအကြောင်းနဲ့ သစ်စေ့ကပေးတဲ့အသိပညာလေးခုဟာ ကောင်းမွန်တဲ့အဖွဲ့အစည်းတစ်ခုကိုတည်ဆောက်နိုင်ဖို့၊ ကုန်ထုတ်စွမ်းအားပိုကောင်းလာဖို့၊ လူအချင်းချင်းဆက်ဆံရေးတိုးတက်လာဖို့ ဘယ်လိုအထောက်အကူပြုတယ်ဆိုတာကို အဓိကထားပြောဖို့ သူစဉ်းစားခဲ့ပါတယ်။ စိတ်ပိညာဉ်အကြောင်း၊ ဒါမှမဟုတ် နက်နဲတဲ့စွမ်းအင်တစ်စုံတစ်ရာအကြောင်းမပြောဘဲ ကျိုးကြောင်းသင့်လျော်ပြီး အကူအညီအထောက်အပံ့ဖြစ်မယ့်အကြောင်းအရာ များများပြောရမယ်ဆိုတာသူသိတယ်။

ဘာကြောင့်လဲဆိုတော့ အားနာမှာမဟုတ်တဲ့ သူ့ပရိသတ်က သူလေလုံးထွားနေတယ်လို့ယူဆပြီး သူပြောတာကို အလေးအနက်မထားတော့တာမျိုးဖြစ်သွားနိုင်တယ်။ သူပြောဖို့အခက်ခဲဆုံးကတော့ တရားအားထုတ်တဲ့အကြောင်းအရာပါ။ ပြီးတော့ သူ့ဆရာနဲ့ ပထမဆုံးမတွေ့ခင်အစောပိုင်းကာလတွေက အင်တာနက်ကနေရှာဖွေထားတဲ့အကြောင်းအရာတွေကိုလည်း သေချာပြန်လေ့လာကြည့်ပါတယ်။ သူအချိန်ပေးပြီး အချက်အလက်အသစ်တွေနဲ့ဖြည့်ပြီးပြင်ဆင်တဲ့အခါ အကြောင်းအရာတွေက အမြဲဆန်းသစ်နေပြီး နောက်ဆုံးတွေ့ရှိတဲ့ သုတေသနရလဒ်တွေပါထပ်ဆောင်းဖြည့်ထားတာကို သူသတိပြုမိပါတယ်။ သူ့ Presentation အတွက် ပြင်ဆင်ဖို့အကောင်းဆုံးအချိန်က တရားအားထုတ်ပြီးချိန်ဖြစ်တယ်ဆိုတာ သူသွားတွေ့ပါတယ်။ တစ်စုံတစ်ယောက်ကကူညီနေသလို အိုင်ဒီယာအများကြီး သူရလာပါတယ်။ သူ့အတွက် Presentation ဟာရှိပြီးသားလိုဖြစ်နေပြီး အဲဒါကို သူ့အနေနဲ့ ပြန်ပြောင်းအမှတ်ရနေတဲ့သဘောမျိုးလိုဖြစ်နေပါတယ်။

အရေးကြီးတဲ့တက္ကသိုလ်တွေဆီက သိပ္ပံနည်းကျလေ့လာမှုတွေကိုအသုံးပြု

တဲ့အပြင် ကွန်ပျူတာဂရပ်ဖစ်တွေကိုသုံးပြီး ပရော်ဖက်ရှင်နယ်ဆန်တဲ့ရှင်းလင်းတင်ပြမှုမျိုးဖြစ်အောင် သူပြင်ဆင်ချင်ပါတယ်။ များသောအားဖြင့် အမှုဆောင်တစ်ယောက်ရဲ့အတွေးမျိုးမဟုတ်တဲ့အကြောင်းအရာတွေနဲ့ပတ်သက်တဲ့အခါမှာလည်း အမှုဆောင်တစ်ယောက်ရဲ့ပုံရိပ်မျိုးထင်ဟပ်စေရမယ်လို့သူယူဆပါတယ်။ သူ့ရဲ့နောက်ကနေအရုပ်ရောအသံပါမြင်နေကြားနေရတဲ့စက်ပစ္စည်းအပြည့်အစုံနဲ့ရှင်းလင်းတင်ပြမှုမျိုး ဦးမင်းနိုင်လုပ်ချင်နေပါတယ်။ စိတ်ဝင်စားလောက်တဲ့ရုပ်ပုံတွေသူပြရင် လူတွေကသူ့ထက်ရုပ်ပုံတွေကိုပိုကြည့်လိမ့်မယ်လို့သူထင်ပါတယ်။ သူရှင်းလင်းတင်ပြမှုလုပ်မယ့်အကြောင်း သူ့မိတ်ဆွေတစ်ယောက်ကိုပြောပြတဲ့အခါမှာလည်း သူ့ကုမ္ပဏီမှာအရင်လုပ်ကြည့်ဖို့ပြောပါတယ်။

ဦးမင်းနိုင်အတွက်တော့ ဒီနှစ်လဟာအလွန်ထူးခြားနေပါတယ်။ ပိုက်ဆံရှာတာနဲ့မပတ်သက်တဲ့တစ်စုံတစ်ရာကိုလုပ်နေတာ သူ့ဘဝမှာ ဒါပထမဦးဆုံးအကြိမ်ပါပဲ။ အဲဒါဟာ သူ့အတွက် စိန်ခေါ်မှုတစ်ခုလို့ခံစားနေရတာ အမှန်ပါ။ အဲဒါဟာသူ့အတွက်ကောင်းဖို့ဆိုတာ သူသိတယ်။ တခြားသူတွေကို ဝန်ဆောင်မှုပေးဖို့သူလုပ်နေပါတယ်။ ဒါဟာ တကယ့်ကိုအသစ်ပါ။ သူဝမ်းမြောက်ဝမ်းသာဖြစ်မိနေပါတယ်။ သူတကယ်လုပ်ချင်နေတာကိုလုပ်နေရတဲ့အတွက် Presentation ကို ရည်ရွယ်ချက်ရှိရှိနဲ့ စိတ်အားထက်ထက်သန်သန်ပြင်ဆင်နေပါတယ်။ သူ့ရဲ့ဟောပြောပွဲလုပ်ဖို့ရက်သတ်မှတ်ပြီးပါပြီ။ ဟောပြောပွဲကို နေ့လယ် ၂ နာရီမှာလုပ်သွားမှာပါ။ သူ့မိတ်ဆွေကသူ့လူတွေအားလုံး သက်သောင့်သက်သာနားထောင်နိုင်အောင် ဟိုတယ်မှာကြိုတင်စီစဉ်ထားပါတယ်။ ဦးမင်းနိုင်ဟာ ဟောပြောဖို့ စိတ်အားအလွန်ထက်သန်နေပါတယ်။ သူအရမ်းကြိုးစားနေပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာ အရမ်းလည်းစိတ်လှုပ်ရှားနေပါတယ်။

သူအလုပ်နှစ်ရက်လောက်မသွားပါဘူး။ အနည်းဆုံး ၁၅ မိနစ်လောက် Presentation ကိုအသံထွက်ပြီးလေ့ကျင့်ပါတယ်။ ဖတ်စရာမလိုတဲ့အထိ အလွတ်နီးပါးရအောင် သူလေ့ကျင့်နေပါတယ်။ နေ့လယ် ၂ နာရီမှာ သူ ဟိုတယ်ရောက်နေပါပြီ။ ကောင်းကောင်းပြင်ဆင်ထားပြီးပြီလို့ သူခံစားနေရသလို တစ်ချိန်တည်းမှာပဲစိတ်

လှုပ်ရှားပြီး စိုးထိတ်ပူပန်နေပါတယ်။ သူတည်ငြိမ်အောင်လို့ အိမ်ကမထွက်ခင် တစ်နာရီလောက်တရားထိုင်ခဲ့ပါသေးတယ်။ ဒါတောင်မှ သူစိုးရိမ်ပြီးဖိစီးမှုဖြစ်နေပါသေးတယ်။ ဝန်ဆောင်မှုတစ်ခုအနေနဲ့ ဟောပြောမှုကိုလုပ်မှာဖြစ်ပြီး ကိုယ်ကျိုးမငဲ့ဘဲ လူတွေကိုသူပေးနိုင်သလောက် အကောင်းဆုံးပေးမယ်ဆိုတဲ့အချက်ကို သူတစ်ချိန်လုံး အာရုံပြုထားပါတယ်။ အဲဒီအတွေးက သူ့ရဲ့ပူပန်မှုကို ခဏတာလျှော့ချနိုင်အောင် အထောက်အကူပြုပါတယ်။ ဒါပေမဲ့ မိနစ်အနည်းငယ်အကြာမှာ သူတစ်ဖန်ပူပန်လာပြန်ပါတယ်။ သူ့ရှုံးကလူတွေစောစောစီးစီးရောက်နေကြပြီး ကွန်ပျူတာရုပ်ပုံတွေအတွက် ပရိုဂျက်တာတိုတပ်ဆင်နေပါတယ်။ အစစအရာရာအဆင်ပြေနေပြီး စက်တွေအားလုံးလည်း ကောင်းနေပါတယ်။ ဟိုတယ်ခန်းမကြီးမှာ လူနှစ်ရာလောက်ရှိနေပါတယ်။ ဟောပြောသူရဲ့နေရာကိုလှေလာဖို့ သူ့မိတ်ဆွေကဖိတ်ခေါ်ပါတယ်။

သူ့မိတ်ဆွေက ဦးမင်းနိုင်ကိုမိတ်ဆက်ပေးပြီးနောက် ဦးမင်းနိုင်ရဲ့ကိုယ်ရေးအကျဉ်းကိုဖတ်ကြားနေတုန်းမှာ တက်ရောက်သူအားလုံးရဲ့ ထိတ်လန့်ဖွယ်အကြည့်တွေကို သူခံစားမိပါတယ်။ သူ မျက်နှာနီမြန်းပြီးစိတ်လှုပ်ရှားနေပါတယ်။ မီတာတစ်ရာပြေးနေသလို သူ့ရဲ့အသက်ရှူနှုန်းတွေမြင့်တက်နေပါတယ်။ သူ့ဘယ်ဘက်မျက်လုံးထောင့်ကနေ မျက်နှာပေါ်ကို ချွေးတစ်စက်စီးကျလာပါတယ်။ ဝန်ဆောင်မှုအကြောင်းကိုစဉ်းစားဖို့ အစွမ်းကုန်ကြိုးစားပါတယ်။ ဒါပေမဲ့ အချည်းနှီးပါပဲ။ သူ့ရဲ့ဆန်းကြယ်တဲ့ဖြေဖျောက်မှုတွေအလုပ်မဖြစ်တော့တဲ့အချက်က သူ့ကိုပိုပြီးစိုးရွံ့စေပါတယ်။ ငါဘာလို့ ဒီနေရာကိုရောက်နေရတာလဲလို့ သူ့ဘာသာသူစဉ်းစားနေပါတယ်။

ဆရာကျွန်တော့်ကိုဘာကြောင့်အရှေးနိမ့်အောင်လုပ်တာလဲ။ ဝန်ဆောင်မှုကိုတွေးနေတဲ့နည်းလမ်းက ငါ့ရဲ့ကြောက်ရွံ့မှုတွေကိုဖယ်ရှားနိုင်မယ်လို့ယူဆနေတာအလကားပေါ့။ အချိန်နာရီစက္ကန့်တွေကုန်ဆုံးလာတာနဲ့အမျှ သူ့ကိုပိုပြီးစိုးရွံ့စေပါတယ်။ နောက်ဆုံးမှာတော့ အဆိုးဝါးဆုံးအခိုက်အတန့်ရောက်လာခဲ့ပါတယ်။ သေဒဏ်ချမှတ်တာနဲ့အလားသဏ္ဍာန်တူတာကို သူ့မိတ်ဆွေကကြေညာလိုက်ပါတယ်။ "ဟုတ်ကဲ့. . . အခု ဆိုရင် ကျွန်တော့်မိတ်ဆွေဦးမင်းနိုင် ဟောပြောဖို့အချိန်ကျရောက်ပါပြီ"။

"ဖြောင်း. . . ဖြောင်း. . ဖြောင်း"

ပရိသတ်ရဲ့လက်ခုပ်သံတွေ ညံသွားပါတယ်။ အဲဒါက ဦးမင်းနိုင်ကိုပိုပြီး စိတ်ဖိစီးစေပါတယ်။ လက်ခုပ်သံက အကောင်းဆုံးလုပ်ဆောင်ပြဖို့ သူ့ကိုခိုင်းနေသလိုပါပဲ။

ဦးမင်းနိုင်က ဟောပြောတဲ့ခုံပေါ်ကိုတက်ရပ်လိုက်ပါတယ်။ အကာအကွယ်လုံခြုံမှုမရှိတဲ့အရာတစ်ခု သူလိုနေပါတယ်။ စင်ပေါ်ကခုံက သူ့အတွက်အကာအကွယ်တစ်ခုလိုဖြစ်စေပါတယ်။ ပုန်းကွယ်လို့ရတဲ့နေရာတစ်ခုနဲ့တူနေပါတယ်။ ခုံပေါ်ကနေလူတွေကိုသူကြည့်လိုက်တဲ့အခါ လူတွေအားလုံးငြီးငွေ့သလိုဖြစ်နေတာကို သူခံစားမိနေပါတယ်။ သူ စကားတစ်ခွန်းမှမပြောရသေးပေမဲ့ အရှုံးသမားတစ်ဦးလိုခံစားနေရပါပြီ။ "ဒီလူကြောင်ကြောင်လူဆီက ငါတို့ဘာများကြားသိနိုင်မှာလဲ။ အဲဒီလူအချိန်ဖြုန်းနေတာပဲ။ ဒီလူဟာ ဖျင်းရိငြီးငွေ့ဖွယ်ကောင်းတဲ့သူပဲ" လို့လူတွေစဉ်းစားနေတယ်လို့ သူခံစားနေရပါတယ်။ သူကြည့်လိုက်တဲ့မျက်နှာတိုင်းက လူတွေဒီနေရာမှာရှိမနေချင်ဘူးဆိုတဲ့ သူ့ရဲ့အထင်အမြင်မှန်ကန်ကြောင်းသက်သေပြနေသလိုပါပဲ။ "သူတို့လာအောင် မိတ်ဆွေနဲ့ငါလောင်းခဲ့တာပဲ" လို့ သူတွေးနေပါတယ်။ သူပရိုဂျက်တာနဲ့ပိတ်ကားပေါ်မှာ ပထမဆုံးရုပ်ပုံပေါ်လာအောင်လုပ်ချင်ပါတယ်။ လူတွေသူ့ကိုကြည့်တာရပ်ပြီး ရုပ်ရောအသံပါကြားမြင်ရတဲ့အရာတွေဆီကြည့်အောင် သူလုပ်ချင်ပါတယ်။

ဒါပေမဲ့ ရုပ်ပုံကပေါ်မလာတဲ့အပြင် ကွန်ပျူတာပါပိတ်သွားပါတယ်။ လူတိုင်းက ဦးမင်းနိုင်ကိုစူးစိုက်ကြည့်နေပြီး သူတစ်စုံတစ်ရာပြောတာကို စောင့်နေပါတယ်။ ဒါပေမဲ့ သူဘာပြောရမှန်းမသိတော့ပါဘူး။ သူ အသက်ရှူအရမ်းမြန်နေတဲ့အတွက် စကားတောင်မပြောနိုင်တော့ပါဘူး။ သူ့အစာအိမ်ထဲကအောင့်လာပြီး တစ်ကိုယ်လုံးလည်း တုန်ရီလာပါတယ်။ အဲဒီအချိန်မှာပဲ ကွန်ပျူတာတပ်ဆင်တဲ့ကောင်လေးကို သတ်ပစ်ချင်လောက်အောင်ဖြစ်လာပါတယ်။ သူ့မှာသေနတ်သာရှိရင် အဲဒီကောင်လေးကိုပစ်မိမှာပါ။ တစ်ချက်မဟုတ်ဘဲ အချက် ၄၀ လောက်ပစ်ချင်နေတာပါ။ သူ့ရဲ့စိုးရိမ်မှု အထွတ်အထိပ်ရောက်လာတဲ့အချိန်မှာတော့ သူ့ကိုပြောနေတဲ့အသံတစ်ခုသူကြားလိုက်ရပါတယ်။ "ဦးမင်းနိုင်၊ ခင်ဗျားရဲ့အသက်ရှူမှုအပေါ်မှာ အာရုံ

စိုက်ပါ"။ အကျပ်အတည်း၊ ဒါမှမဟုတ် အရေးကြီးတဲ့ထိပ်တိုက်တွေ့ဆုံမှုတွေကြုံရတဲ့အခါတိုင်း သူ့ရဲ့အသက်ရှူတာအပေါ် အာရုံစိုက်ဖို့ သူ့ဆရာယောဂီကြီးပြောထားတာကို သူချက်ချင်းသတိရလိုက်ပါတယ်။ သူ့နဖူးအလယ်တည့်တည့်စိတ်မှန်းနေရာအထိရောက်အောင် အသက်ကိုပြင်းပြင်းရှူလိုက်ပါတယ်။ စက္ကန့်အနည်းငယ်အကြာမှာ သူစတည်ငြိမ်လာပါတယ်။ သူ့ရှင်းလင်းတင်ပြမှုပြန်စနိုင်လောက်အောင် သူ့အသက်ရှူသံက နိမ့်ကျသွားပါတယ်။ ပိတ်ကားပေါ်မှာ မှန်ကန်တဲ့ရုပ်ပုံတစ်ခုပေါ်လာအောင် သူ့လက်ထောက်ကောင်လေးက လုပ်လိုက်နိုင်ပါပြီ။

တွန့်ဆုတ်ဆုတ်အသံနဲ့ ဦးမင်းနိုင်စပြောပြီး ရွံ့သလိုလိုရှိနေသေးပေမဲ့ တဖြည်းဖြည်းနဲ့ ယုံကြည်မှုရလာပါတယ်။ လူတွေကြည့်ရတာ အာရုံစူးစိုက်နေပြီး သူပြောနေတာတွေကိုစိတ်ဝင်စားပုံပါပဲ။ အဲဒီထင်မြင်ချက်က သူ့ကိုရှေ့ဆက်ဖို့ယုံကြည်မှုတိုးစေပါတယ်။ ပရိသတ်ရယ်မောပွဲကျစေမယ့်စကားတချို့ကိုလည်း ဦးမင်းနိုင်ပြောလိုက်ပါတယ်။ ပရိသတ် သက်သောင့်သက်သာဖြစ်နေတာကိုမြင်ရတာက သူ့ကိုယုံကြည်မှုပိုတိုးစေပြီး အစောပိုင်းကြောက်ရွံ့မှုတွေလည်း ပျောက်ကွယ်သွားခဲ့ပါတယ်။ ဦးမင်းနိုင်တစ်ယောက် လက်တွေ့စမ်းသပ်မှုထဲတိုးဝင်ခဲ့ပါပြီ။ သူပြောနေရင်းနဲ့ ကိုယ်ကျိုးမပါဘဲ သူ့ကိုယ်သူအကောင်းဆုံးပေးဆပ်နေတယ်လို့ အဆက်မပြတ်တွေးနေပါတယ်။ အခက်ခဲဆုံးအပိုင်းကိုရောက်လာပါပြီ။ တက်ရောက်လာသူတွေကို တရားအားထုတ်နိုင်းဖို့စီစဉ်ထားတဲ့နေရာရောက်ပါပြီ။ တစ်စက္ကန့်လောက်သူတွေးမိပါတယ်။ "ငါ အဲဒါကိုမလုပ်နိုင်ဘူး။ ဘယ်သူမှနားလည်သဘောပေါက်မှာမဟုတ်ဘူး"။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ ငါတရားအားထုတ်တဲ့အတွက် မှန်ကန်တဲ့အပြောင်းအလဲတစ်ခုဖြစ်ခဲ့တယ်ဆိုရင် သူတို့ကို တရားအားမထုတ်နိုင်းလောက်အောင် ငါဘာလို့တစ်ကိုယ်ကောင်းဆန်ရမလဲလို့ သူတွေးမိပါတယ်။ ဒါကြောင့် ပြောဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ပထမတော့ အမေရိကန်တက္ကသိုလ်ကြီးတွေက လေ့လာမှုပြုလုပ်ထားတဲ့ တရားအားထုတ်ခြင်းရဲ့အကျိုးတရားတွေအကြောင်းပြောပြီး ကာထားပါတယ်။ အဲဒီလိုပြောပြတဲ့အတွက် တရားအားထုတ်တယ်ဆိုတာ ဗိန္ဒိယက ကိုယ်တစ်ပိုင်းဗလာနဲ့လူတွေအတွက်ပဲမဟုတ်ဘူးဆိုတာ ပရိသတ်ကိုဆွဲဆောင်နိုင်ခဲ့သလို အကျိုး

ဘုရားတွေကိုလည်း သက်သေပြပြီးသားဖြစ်သွားပါတယ်။ သာယာငြိမ့်ညောင်းတဲ့ သံစဉ်တချို့ကိုဖွင့်လိုက်ပြီး သူတို့ရဲ့အသက်ရှူမှုအပေါ်မှာပဲ အာရုံစိုက်နိုင်းသလို သူတို့ရဲ့စိတ်တွေကို အတွေးတွေကနေလွတ်မြောက်အောင် ထိန်းခိုင်းထားပါတယ်။ သူလေ့ကျင့်ခန်းကို ငါးမိနစ်လောက်လုပ်လိုက်ပါတယ်။ တွေ့ကြုံခံစားပြီးလိုက်တဲ့အခါမှာတော့ ပရိသတ်ဟာပိုပြီးသက်သောင့်သက်သာနဲ့ငြိမ်သက်လာပါတယ်။

လေထုထဲမှာ ပိုပြီးကောင်းမွန်တဲ့တုန်ခါမှုကိုခံစားမိနေပါတယ်။ လေ့ကျင့်ခန်းကိုညွှန်ကြားနေတုန်းမှာ သူ့ဆရာယောဂီကြီးအမြဲလုပ်နေကျအတိုင်းပဲ ဦးမင်းနိုင်ဟာကိုယ်တိုင်လည်း အားထုတ်နေပါတယ်။ သူဟာ အခုလိုမျိုးလုပ်တာ ပထမဆုံးအကြိမ်ဖြစ်ပေမဲ့ သူ့အရင်က တစ်ယောက်တည်းအားထုတ်တာထက် အများကြီးပိုခံစားမှုကောင်းပါတယ်။ ကောင်းတာလုပ်တဲ့အတွက် တစ်စုံတစ်ယောက်က သူ့ကိုချီးမြှောက်နေသလိုမျိုး တရားအားထုတ်တာကိုညွှန်ကြားရင်း ချမ်းသာတဲ့ခံစားမှုကိုချဲ့ကြည့်နေပါတယ်။ အဲဒါက ပျော်ရွှင်မှုနဲ့ မေတ္တာတရားတွေနဲ့ပြည့်နှက်နေပါတယ်။ သူသက်သောင့်သက်သာနဲ့ ပျော်ရွှင်မှုကိုခံစားရပါတယ်။ ဟောပြောမှုကို အဆုံးသတ်ဖို့အချိန်ရောက်လာပါပြီ။ သူ့ဆရာယောဂီကြီးရဲ့ အဓိပ္ပာယ်ပါတဲ့ဇာတ်လမ်းတွေထဲကတစ်ခုကို ပြန်ပြောပြပြီး အဆုံးသတ်လိုက်ပါတယ်။

လူတွေက စိတ်အားထက်သန်မှုအပြည့်နဲ့လက်ခုပ်တီးပါတယ်။ လက်ခုပ်တီးသံက ရပ်မသွားပါဘူး။ စက္ကန့် ၃၀ ထက် မနည်းကြာပါတယ်။ သူတို့လက်ခုပ်တီးနေတုန်းမှာ ဦးမင်းနိုင်မျက်ရည်မကျဘဲမနေနိုင်ပါဘူး။ သူခံစားမှုတွေနဲ့ပြည့်နှက်နေပါတယ်။ သူ့မျက်ရည်သူထိန်းလိုက်နိုင်သလို သူ့မေတ္တာအမြောက်အမြားပေးခဲ့ပါတယ်။ သူအရမ်းပျော်ရွှင်ပြီး ဆန္ဒတွေပြည့်ဝသွားပါတယ်။ သူဟာ လူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ အခုလိုမျိုးမခံစားဖူးသလို ဘဝမှာ သူ့ရဲ့စစ်မှန်တဲ့တာဝန်ကို အခုလိုရှင်းရှင်းလင်းလင်းမမြင်ဖူးခဲ့ပါဘူး။ စီးပွားရေးလောကကလူတွေပြောင်းလဲသွားအောင် သူတို့ရဲ့စိတ်အရည်အသွေးရှင်သန်အောင်၊ အပြုသဘောဆောင်တဲ့စိတ်ထားနဲ့နေနိုင်အောင် သူကူညီပေးချင်နေပါတယ်။ အခုဆို သူ့ဆရာယောဂီကြီးမမှားဘူးဆိုတာ သူသိလိုက်ပါပြီ။ ဝမ်းတွင်းပါလူမှုဆက်ဆံရေးအရည်အသွေးကို သူဖော်ထုတ်တွေ့ရှိခဲ့ပြီးဖြစ်သလို

အဲဒါကို လူတွေကိုကူညီဖို့အသုံးချရပါမယ်။

ဟောပြောမှုအပြီးမှာတော့ လူဒါဇင်ပေါင်းများစွာက ဦးမင်းနိုင်နားရောက်လာပြီး ကျေးဇူးတင်ကြောင်းပွင့်ပွင့်လင်းလင်းပြောကြပါတယ်။ ပွေ့ဖက်မှုတိုင်း၊ လက်ဆွဲနှုတ်ဆက်မှုတိုင်းဟာ ကျေးဇူးတင်ကြောင်းဖော်ပြနေသလို အဲဒါတွေက သူ့နှလုံးသားထဲထိတည့်တည့်ဝင်ရောက်သွားပါတယ်။ အဲဒီအချိန်မှာပဲ ဘဝရဲ့တာဝန်ကို သူနားလည်သဘောပေါက်သွားပါတယ်။ သူခံစားနေရတဲ့ပျော်ရွှင်မှုက များလွန်းတဲ့အတွက် သူ့ဘဝမှာ အဲဒီလိုမျိုးဘယ်တော့မှထပ်မဖြစ်နိုင်တော့ပါဘူး။ အခုဆို ဘာအရေးကြီးဆုံးလဲဆိုတာ သူသိသွားပါပြီ။ အားလုံးပြီးသွားတဲ့အခါမှာ သူ့မိတ်ဆွေတွေက သူ့အနားလာပြီးပြောပါတယ်။ "ဂုဏ်ယူဝမ်းမြောက်ပါတယ် ကိုမင်းနိုင်၊ ခင်ဗျားဒီလောက်အပြောကောင်းမယ်လို့ ကျွန်တော်မသိခဲ့ဘူး"။

"အမှန်ကိုပြောရရင်တော့ ကျွန်တော်အဲဒီလိုမကောင်းပါဘူး" ဦးမင်းနိုင်က ပြန်ဖြေပါတယ်။

"ခင်ဗျားရဲ့ဟောပြောမှုထဲမှာ စွမ်းအားကြီးတဲ့တစ်စုံတစ်ရာအကြောင်း သွယ်ဝိုက်ပါနေတယ်။ ခင်ဗျားအဲဒါမျိုးယုံကြည်မှုမရှိတဲ့သူလို့ထင်နေတာဗျ။ ခင်ဗျားအဲဒီထူးဆန်းတဲ့၊ စွမ်းအားကြီးတဲ့တစ်စုံတစ်ရာဆိုတာကို ခင်ဗျားယုံလား"။

ပထမတော့ ဦးမင်းနိုင်က "ဘာဖြစ်လို့မယုံရမှာလဲ၊ ယုံတာပေါ့" လို့ပြန်ဖြေချင်စိတ်ပေါက်မိပါတယ်။ အရင်ကလည်း အဲဒီလိုအဖြေမျိုး သူအမြဲဖြေခဲ့ပါတယ်။ သူ့ဆရာကိုလည်း အဲဒီစွမ်းအားကြီးတဲ့တစ်စုံတစ်ရာအကြောင်းပြောပြဖို့ အမြဲမေးလေ့ရှိခဲ့ဖူးပါတယ်။ ဒါဟာ သူ့ဆရာအတွက်တော့ ဘာမှမဟုတ်ပေမဲ့ သူ့အတွက်တော့ စွမ်းအားကြီးတဲ့တစ်စုံတစ်ရာကိုယုံကြည်မှုဆိုတာ ဆန်းကြယ်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တရားအားထုတ်မှု၊ ရှင်းလင်းတင်ပြမှုအတွက် ပြင်ဆင်ချိန်နဲ့ဟောပြောပွဲဟာ ရုပ်ပိုင်းဆိုင်ရာသက်သက်မျှမဟုတ်ဘဲ ပျော်ရွှင်မှုတစ်ခုကိုတွေ့ကြုံခံစားရစေပါတယ်။ အဲဒါက စွမ်းအားကြီးတဲ့တစ်စုံတစ်ရာနဲ့ နီးကပ်သွားစေမယ့်အာရုံတစ်ခုပါ။ စွမ်းအားကြီးတဲ့တစ်စုံတစ်ရာဆိုတဲ့စကားလုံးကို သူဘယ်တော့မှမသုံးခဲ့ပါဘူး။ အဲဒီလိုပြောရတာ ထူးဆန်းတယ်လို့ သူခံစားမိပါတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ စွမ်းအားကြီးတဲ့

တစ်စုံတစ်ရာဆိုတာရှိမှန်း သူ့အတွက်သေချာသွားပါပြီ။ သူနေ့စဉ်တရားအားထုတ်တဲ့အခါတိုင်း အဲဒီစွမ်းအားကိုခံစားမိပါတယ်။

ဦးမင်းနိုင်ကပြန်ဖြေလိုက်ပါတယ်။ "အမှန်တော့ စွမ်းအားကြီးတဲ့တစ်စုံတစ်ရာကိုပဲဖြစ်ဖြစ်၊ နတ်ဘုရားကိုပဲဖြစ်ဖြစ် ကျွန်တော်ယုံကြည်တယ်လို့တစ်ခါမှမတွေးခဲ့မိဘူး"။

ဘုရင့်နောင်ဟာ သူ့တပ်နောက်ကြောင်းပြန်လှည့်စရာအကြောင်း လုံးဝမရှိဘဲ အောင်ပွဲအတွက် ရှေ့ကိုချီတက်တိုက်ခိုက်ဖို့ဖောင်ဖျက်ခဲ့သလိုမျိုး ဦးမင်းနိုင်ဟာ သူ့ဟောပြောပွဲကိုလုပ်ခဲ့ရတယ်ဆိုတာ သူသဘောပေါက်တယ်။ သူ့ရဲ့ယုံကြည်မှုတွေကို ပရိသတ်ရှေ့မှာဖော်ထုတ်ခဲ့ပါတယ်။ စွမ်းအားကြီးတဲ့တစ်စုံတစ်ရာကို သူယုံကြည်ကြောင်း လူသိရှင်ကြားအတည်ပြုခဲ့ပါတယ်။ သူ့ရဲ့ဘဝဟာ လမ်းကြောင်းသစ်တစ်ခုပေါ် စရောက်နေပြီး တစ်ချိန်တည်းမှာပဲ သူကိုယ်တိုင်ဟာ ကားမောင်းသမားဖြစ်သလို ခရီးသည်လည်းဖြစ်ပါတယ်။ ကားမောင်းသမားဖြစ်ရတာကတော့ အဲဒီနေရာကို သူ့ရဲ့လွတ်လပ်တဲ့စိတ်ဆန္ဒကြောင့်ရောက်လာတာဖြစ်ပြီး ခရီးသည်ဖြစ်ရတာကတော့ သူ့အတွက်အပြောင်းအလဲလုပ်ဖို့ ခက်နေတာကိုတွေ့ရလို့ပါ။ အစစအရာရာဟာ အသစ်ဖြစ်နေပြီး မသေချာမရေရာမှုတွေနဲ့ပြည့်နေသလိုခံစားနေရပါတယ်။ သူ့ဆရာဆီ တန်းတန်းမတ်မတ်သွားရှာပြီး သူ့ရဲ့အောင်မြင်မှုကိုပြောပြချင်သလို ခံစားနေရပါတယ်။ ဒါပေမဲ့ အဲဒီလိုသူဘယ်လောက်အောင်မြင်သလဲဆိုတာ ပြချင်တာဟာ သူ့ရဲ့အတ္တမာနဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုတာ သူတွေးမိပါတယ်။ ပိုပြီးတည်ငြိမ်လာတဲ့နောက်တစ်နေ့မှ သွားဖို့ဆုံးဖြတ်ခဲ့ပါတော့တယ်။

* * * * *

ယောဂီကြီးအိမ်သူရောက်သွားတဲ့အချိန်မှာတော့ ယောဂီကြီးဟာ ခါတိုင်းသူထိုင်နေကျကုလားထိုင်ပေါ်မှာ တိတ်တိတ်ဆိတ်ဆိတ်ထိုင်ပြီးငြိမ်နေတာကိုတွေ့ရပါတယ်။ "ခင်ဗျား ဘယ်လိုအောင်မြင်ခဲ့သလဲဆိုတာပြောမလို့မဟုတ်လား။ ခင်ဗျားကိုမတွေ့ရတာ သုံးလကျော်ကျော်ကြာသွားပြီပဲ" ယောဂီကြီးကမေးလိုက်ပါတယ်။

ဦးမင်းနိုင် ကျေးဇူးတင်စွာနဲ့ ယောဂီကြီးကိုပြုံးပြီးကြည့်နေပါတယ်။

"ကျွန်တော် ဘယ်လိုအောင်မြင်ခဲ့သလဲဆိုတာ ဆရာသိပါတယ်။ ဆရာ အဲဒီမှာရှိနေတာပဲ။ ဟောပြောပွဲလုပ်နေတုန်း ကျွန်တော်ဒုက္ခရောက်နေချိန်မှာ ကျွန်တော့်အသက်ရှူမှုကိုသတိရအောင်သတိပေးပြီးကယ်ခဲ့တာ ဆရာသိသလား"။

"ဆရာကောင်းဆိုတာ သူ့တပည့်သားတွေကို ဘယ်တော့မှပစ်မထားပါဘူး" ယောဂီကြီးကပြောပါတယ်။

"ဆရာခန္ဓာမပါဘဲနဲ့ အဲဒီနေရာကိုရောက်အောင် ဘယ်လိုလုပ်နိုင်ခဲ့တာလဲ" ဦးမင်းနိုင်ကမေးလိုက်ပါတယ်။

"ကျွန်တော် ခင်ဗျားကိုအရင်တုန်းကပြောခဲ့ဖူးသလိုပေါ့ဗျာ။ အဲဒါက အရေးမကြီးပါဘူး။ ကျွန်တော် ခင်ဗျားကိုသတိပေးခဲ့တဲ့တစ်ခုတည်းသောအရာကတော့ ခင်ဗျားကိုယ်တိုင် ကျွန်တော့်ကိုပြောခဲ့တဲ့အရာပါပဲ။ စိတ်ပိုင်းဆိုင်ရာကမ္ဘာကြီးမှာ ကျွန်တော်တို့အားလုံးဟာ ဆက်စပ်နေကြပြီး အားလုံးကတစ်ခုတည်းပဲ။ ခင်ဗျားမှာ တစ်စုံတစ်ရာဖြစ်ရင် ကျွန်တော့်မှာလည်း အဲဒီတစ်စုံတစ်ရာလာဖြစ်နေသလိုပဲ" ယောဂီကြီးကဖြေပါတယ်။

"ဒါပေမဲ့ ကျွန်တော်အဲဒီလိုမလုပ်နိုင်ပါဘူး။ ကျွန်တော်နေ့တိုင်း တရားအားထုတ်တာပဲ။ ဒါပေမဲ့ ဆရာ့လိုကျွန်တော့်ရဲ့အသိစိတ်ကို ခန္ဓာကိုယ်အပြင်ထွက်ပြီးသွားနိုင်အောင် ကျွန်တော်မလုပ်နိုင်ဘူး" ဦးမင်းနိုင်ကပြန်ပြောပါတယ်။

"ခင်ဗျားဘာကြောင့် အဲဒီလိုလုပ်ချင်နေရတာလဲ၊ တန်ခိုးပါဝါတွေပြည့်ဝချင်လို့လား၊ ဆွဲဆောင်မှုရှိဖို့လား၊ ဒါမှမဟုတ် ဆပ်ကပ်ထဲမှာလုပ်မလို့လား။ ဦးမင်းနိုင် အဲဒီလိုရှုးမိုက်မိုက်ကိစ္စတွေမေ့လိုက်ပြီး ခင်ဗျားရဲ့တရားအားထုတ်မှုကိုပဲ အာရုံစိုက်ပါ။ အခုဆို ခင်ဗျားရဲ့ဟောပြောမှုပြီးသွားပြီဆိုတော့ ဒီနေ့ခင်ဗျားဘယ်လိုခံစားရသလဲဆိုတာ ကျွန်တော့်ကို ပြောပြပါ"။

ဦးမင်းနိုင်မှာ ယောဂီကြီးကို ဝေဖန်ပြစ်တင်စရာတစ်ခုရှိနေပါတယ်။ တကယ်လို့ ယောဂီကြီးကိုပြောမပြလိုက်ရဘူးဆိုရင် သူပေါက်ကွဲထွက်သွားနိုင်တယ်လို့ သူခံစားနေရပါတယ်။

"ကျွန်တော် ဘာမှမပြောခင် ဆရာ့ကိုပြောပြစရာတစ်ခုရှိပါတယ်။ အဲဒါ

ဘာကော့ ဆရာ ကျွန်တော့်ကိုလိမ်ခဲ့တယ်ဆိုတာပါပဲ။ အကြောက်တရားကိုဖယ်ရှား ဖို့အတွက် ဆရာ့နည်းလမ်းက လုံးဝအသုံးမဝင်ဘူး။ ကျွန်တော်သေတော့မလို့။ ကျွန်တော့်အသက်ရှူတာကို အာရုံစိုက်ပါဆိုတဲ့ဆရာ့အကြံပြုချက်သာမပေါ်မလာခဲ့ရင် ကျွန်တော့်နှလုံးဖောက်နေလောက်ပြီ"။

ယောဂီကြီးက ဦးမင်းနိုင်ဆက်ပြောမယ့်စကားမျှော်လင့်နေပါတယ်။

"ဦးမင်းနိုင်၊ နည်းလမ်းကအသုံးဝင်ပါတယ်ဗျာ။ ခင်ဗျားအဲဒါကိုသုံးတာ ဘယ်လောက်မှမရပ်နဲ့၊ ဒါပေမဲ့ လူတိုင်းက တစ်ယောက်နဲ့တစ်ယောက်မတူကြဘူး။ လူရှေ့မှာထွက်ပြောတဲ့ခင်ဗျားရဲ့ကိစ္စမှာ တခြားသူတွေထက်ပိုခက်ခဲတယ်။ ခင်ဗျားမှာ တလေးဘဝက စိတ်ဒဏ်ရာဒဏ်ချက်တွေရှိခဲ့တယ်ဆိုတာမမေ့ပါနဲ့။ ခင်ဗျားမှာ ခင်ဗျားရဲ့အပြစ်တွေကိုထောက်ပြပြီး လွဲမှားစွာဆက်ဆံတဲ့အဖေရှိခဲ့တယ်။ ပရိသတ်ရှေ့မှာရပ်လိုက်တဲ့အချိန်မှာ တက်ရောက်လာတဲ့ပရိသတ်တွေကို ခင်ဗျားကိုဆူပူပြီး အပြစ်ပြောတော့မယ့် ခင်ဗျားအဖေအဖြစ်ပြောင်းပစ်လိုက်တယ်။ ခင်ဗျားမိဘတွေက ခင်ဗျားကိုအော်ဟစ်တာ၊ လွဲလွဲမှားမှားဆက်ဆံတာတွေကိုရပ်တန့်ဖို့ဆိုရင် အမှတ်တမဲ့နေသွားနိုင်အောင် ခင်ဗျားကြိုးစားရမယ်ဆိုတာမှတ်ထားပါ။

အဲဒီတော့ ပရိသတ်ရှေ့မှာစကားပြောတဲ့အခါဆန့်ကျင်ဘက်ကိုသာ အတိအကျလုပ်၊ ခင်ဗျားက လွဲလွဲမှားမှားဆက်ဆံခံရမှာကြောက်လန့်နေတဲ့ သားတောင်လိုဖြစ်လာတယ်။ အကြောက်တရားကိုဖြေဖျောက်နိုင်မယ့် အရေးအကြီးဆုံးဖြေဆေးကို ခင်ဗျားကို ကျွန်တော်မပြောခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့ ကျွန်တော်သာ အဲဒီဖြေဆေးကိုမပေးခဲ့ရင် ခင်ဗျားရဲ့ရှင်းလင်းတင်ဆက်မှုကို ရှေ့ဆက်သွားလို့တောင်ရမှာမဟုတ်ဘူး။ ခင်ဗျားမှာ အသက်ကယ်အင်္ကျီလိုမျိုး မြဲမြဲဝတ်ထားစရာ၊ လုံခြုံတယ်လို့ခံစားစရာနည်းလမ်းတစ်ခုရှိဖို့လိုတယ်။ အကြောက်တရားကိုကျော်လွှားနိုင်ဖို့ အရေးအကြီးဆုံးဖြေဆေးကတော့ ရိုးရိုးလေးပါပဲ။ အကြောက်တရားကိုရင်ဆိုင်ပြီး ဟောပြောမှုကိုလုပ်တာပါ။ တစ်နည်းပြောရရင် ခင်ဗျားကိုကျွန်တော်ပြောခဲ့တဲ့ ခွေးအဖြစ်အပျက်လိုပေါ့ဗျာ။ ခင်ဗျားကို ကမ်းစပ်နားခေါ်သွားပြီး ရေထဲနှစ်ဖို့လိုနေတယ်။ ခင်ဗျားမှာအခုလိုဖြစ်နေတာ အဲဒီအတိုင်းပဲ။ နောက်ပိုင်းတော့ ခွေးကရေသောက်တာ

ပြဿနာမရှိတော့ဘူး။ ခင်ဗျားနောက်တစ်ခါရှင်းလင်းတင်ပြမှုလုပ်တဲ့အခါ ခင်ဗျားမှာ ဘာပြဿနာမှရှိတော့မှာမဟုတ်ဘူး။ ဒါပေမဲ့ ဝန်ဆောင်မှုနဲ့ပိုပြီးပတ်သက်တဲ့ အကြောင်းအရာတစ်ခုကို ကျွန်တော်ခင်ဗျားကို ပြောပြချင်တယ်"။

ယောဂီကြီးက ခေတ္တရပ်လိုက်ပါတယ်။ ထုံးစံအတိုင်း သူ့ရဲ့ကောင်းမွန်တဲ့ သင်တိုင်းအနားတွေကိုစုလိုက်ပါတယ်။ ပြီးတော့ ညင်ညင်သာသာလှုပ်ရှားလိုက်ပြီး ခြေထောက်နှစ်ဖက်ကိုယှက်လိုက်ပါတယ်။ အဲဒီနောက် ဆက်ပြောပါတယ်။

"တစ်ခါတုန်းက အလွန်ချမ်းသာတဲ့ဂျူးတစ်ယောက်ဟာ ဘုရားကျောင်း ရှေ့ဆုံးတန်းကအကောင်းဆုံးခုံကိုဝယ်ပါတယ်။ အဲဒီနေရာက သူလှူထားတာဖြစ်တဲ့ အတွက် ပိုက်ဆံမပေးနိုင်တဲ့ဘယ်သူမဆို နေရာကောင်းမှာဝင်ထိုင်နိုင်တယ်လို့ ဓမ္မဆရာကိုသူကပြောပါတယ်။ သူကိုယ်တိုင်ကတော့ နောက်ဘက်မှာပဲထိုင်ပါတယ်။ အဲဒီ ချမ်းသာတဲ့လူဟာ ဘုရားကျောင်းမှာ အဲဒီလိုနောက်ဘက်မှာထိုင်ရတဲ့အတွက် သူ့ကို ဖြတ်ကျော်ပြီးသွားထိုင်တဲ့သူတွေက သူ့ကိုတွေ့နိုင်ပါတယ်။ သူ့ရဲ့အစွမ်းကုန်ရက်ရော မှုကိုအသိအမှတ်ပြုခံချင်တယ်။ နောက်ဆုံးမှာတော့ ဓမ္မဆရာက သူ့ကိုပြောတယ်။

"ရှေ့ဘက်မှာထိုင်ချင်နေတဲ့ ခင်ဗျားရဲ့စိတ်သဘောထားကိုပြသပြီး 'ငါရှေ့ ဘက်မှာထိုင်ချင်တယ်' လို့တွေးနေပြီး နောက်ဘက်မှာထိုင်နေတာထက် 'ငါနောက် ဘက်မှာထိုင်ချင်တယ်' လို့တွေးပြီး ရှေ့ဘက်မှာထိုင်နေရင်ပိုကောင်းမယ်"။

ဦးမင်းနိုင် ခင်ဗျားရဲ့အတ္တမာနကြီးနဲ့ ဝန်ဆောင်မှုမလုပ်မိအောင် ခင်ဗျားကို သတိထားစေချင်တယ်။ ခင်ဗျားရဲ့အတ္တမာနက ခင်ဗျားကိုကြိုးကိုင်ပြီး ခုနကအဖြစ် အပျက်ထဲကဂျူးလိုမဖြစ်ပါစေနဲ့။ ခင်ဗျားရဲ့အတ္တမာနကိုကျော်လွန်ပြီး ဟောပြောမှုကို လုပ်ပါ။ ဝန်ဆောင်မှုပေးပါ။ ခင်ဗျားကိုယ်ခင်ဗျားအပ်နှင်းပါ။ လျှို့ဝှက်ချက်ကတော့ မေတ္တာတရားကိုခံစားပြီး ခင်ဗျားရဲ့ဝန်ဆောင်မှုအခိုက်အတန့်တိုင်းမှာ စစ်မှန်တဲ့ရှုံး စိုက်နှစ်မြှုပ်မှုရှိဖို့ပါ"။

ဦးမင်းနိုင်ဟာ အဲဒီအန္တရာယ်ကို ကိုယ်တွေ့တွေ့ကြုံပြီးပါပြီ။

"ဆရာ ကျွန်တော့်ကိုဘာပြောနေတာလဲဆိုတာ ကျွန်တော်နားလည်ပါတယ် ဆရာ။ အဲဒါမျိုးက ဟောပြောပွဲပြီးလို့ လူတွေက ကိုယ့်ဆီလာပြီးကျေးဇူးတင်စကား

ပြောတာခံရတဲ့အခါမျိုးမှာဆိုမလွယ်ပါဘူး။ တကယ်တော့ ကျွန်တော်တို့သတိမထားမိရင် အတ္တမာနက လွှမ်းမိုးသွားမှာပဲ"။

"ဦးမင်းနိုင် ဘုရားကျောင်းထဲက ဂျူးလိုဝန်ဆောင်မှုမျိုးလုပ်နေတဲ့သူတွေ အများကြီးရှိတယ်။ သူတို့ကထင်ပေါ်ချင်လို့၊ ဒါနကောင်းတဲ့သူ၊ ရက်ရောတဲ့သူလို့ အထင်ခံချင်လို့ အဲဒါကိုလုပ်တာပါ။ တကယ်တော့ သူတို့ဟာ သူတို့ရဲ့အတ္တမာနကို ချဲ့ကားဖို့ အထင်ကြီးလေးစားမှု၊ လက်ခံမှု၊ အသိအမှတ်ပြုမှုကိုရှာနေတဲ့သူတွေပဲ။

ဟောပြောမှုလုပ်တဲ့အခါတိုင်းမှာ ခင်ဗျားက လူတွေတိုးတက်အောင်ကူညီဖို့ လူရှေ့ရောက်နေတဲ့ တကယ့်စစ်မှန်တဲ့အကြောင်းရင်းကိုသတိရလိုက်ပါ။ ခင်ဗျား လူသိများပြီး နာမည်ကြီးလာတာနဲ့အမျှ ခင်ဗျားကိုကြိုးကိုင်တဲ့အတ္တမာနရဲ့ အန္တရာယ်ကနေကာကွယ်ဖို့ ခက်ခက်လာလေလေပဲ။ ခင်ဗျားအောင်မြင်မှုရလာတာနဲ့အမျှ တရားကို ပိုအားထုတ်ဖို့လိုလိမ့်မယ်။ ဒါမှ ခင်ဗျားရဲ့အောင်မြင်မှုက ခင်ဗျားကို သွေးနားထင်ရောက်အောင်လုပ်မယ့်အန္တရာယ်ကနေ ကာကွယ်နိုင်မှာပါ။ ကဲ အခုဆို ခင်ဗျား ပဉ္စမမြောက်သစ်စေ့အတွက် အသင့်ဖြစ်နေပြီပဲ"။

ယောဂီကြီးက သူ့သေတ္တာကိုထုတ်လိုက်ပြီး သတင်းစာနဲ့ပတ်ထားတဲ့ သစ်စေ့တစ်စေ့ကို ဦးမင်းနိုင်ကိုပေးလိုက်ပါတယ်။ "အဲဒါကိုစိုက်ပါ၊ အဲဒါကြီးထွားလာရင် ပြန်လာခဲ့၊ အဲဒီကပေးတဲ့အသိပညာသင်ခန်းစာအကြောင်းပြောကြမယ်"။

* * * * *

ဦးမင်းနိုင်အိမ်ပြန်ပြီး ဥယျာဉ်ဆီထွက်ခဲ့ပါတယ်။ အဲဒီမှာ သူလူတစ်ယောက်အနေနဲ့ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာမှုတစ်ခုလုံးကိုပြန်ပြောင်းမြင်နေမိပါတယ်။ အဲဒီမှာ တူနဲ့အထုခံထားရလို့ ဘယ်တော့မှပေါက်မလာမယ့်အပင်ကြောင့် ကျန်ခဲ့တဲ့ အပေါက်လေးလည်းရှိသလို သူ့အတိတ်က တူနဲ့ထုနှက်ချက်တွေကိုစတင်ရှာဖွေတွေ့ရှိခဲ့ပုံတွေကိုပြန်ပြောင်း သတိရနေပါတယ်။ အဲဒီနောက် အထိမခံတဲ့အပင်ကို တွေ့ပါတယ်။ တိတ်ဆိတ်ငြိမ်သက်မှုတွေနဲ့ ရှင်သန်နေတဲ့လှပတဲ့ပန်းပွင့်လေးပေါ့။ တိတ်ဆိတ်ငြိမ်သက်မှုက သူ့ကိုဘယ်လိုကူညီခဲ့သလဲဆိုတာ သူတွေးမိပါတယ်။ သူ ပိုပြီးတည်ငြိမ်လာတယ်။ အေးချမ်းလာတယ်။ ပျော်ရွှင်လာတယ်၊ အဆုံးစွန်ပြောရရင်

သူ့ကိုယ်သူမယုံနိုင်လောက်အောင်ပါပဲ။

အခုဆို သူ့စွမ်းအားကြီးတဲ့တစ်စုံတစ်ရာကို ယုံကြည်လာပါပြီ။ နှင်းဆီပင်ကတော့ ကြည့်ရတာလှပနေပါတယ်။ အပင်ကပြန့်ကားပြီး အပွင့်တွေလည်းများလာပြီ။ သူ့အတ္တမာနရဲ့ကျောကျွန်ဖြစ်သွားခဲ့ရတဲ့အချိန်တွေကို သတိရနေပါတယ်။ သူ့ဘဝတစ်ခုလုံးမှာ သူဟာ အတော်ဆုံး၊ အစွမ်းဆောင်နိုင်ဆုံး၊ အကျွမ်းကျင်ဆုံးစီးပွားရေးသမားတစ်ယောက်ဆိုတာ လောကကြီးကိုထုတ်ပြဖို့အတွက် အဓိကထားခဲ့တာကိုပြန်ပြောင်းတွေးမိပါတယ်။ သူ့ရဲ့အတ္တမာနက သူ့ကိုပြုမူစေတာ။ အဲဒါကြောင့် ပြဿနာတွေတက်တာကို ရယ်မောသတိရနေပါတယ်။ အဲဒီနောက်မှာတော့ အနာဂတ်မှာဝန်ဆောင်မှုဆိုတဲ့အသီးအပွင့်ကိုပေးမယ့် သရက်ပင်ငယ်လေးကိုတွေ့ပါတယ်။ ပြီးတော့ ဟောပြောမှုကိုနောက်ဆုံးလုပ်နိုင်လိုက်ချိန်မှာခံစားလိုက်ရတဲ့ ကြီးမားတဲ့ပျော်ရွှင်မှုကိုပြန်အမှတ်ရနေပါတယ်။

အပင်တွေကိုကြည့်ပြီးတဲ့အခါ သူ့ဆရာပေးချင်တဲ့သင်ခန်းစာတွေရဲ့ နောက်ကွယ်မှာ နောက်ထပ်ရှာဖွေရဦးမယ့်သင်ခန်းစာတွေရှိသေးတယ်ဆိုတာ ဦးမင်းနိုင်သဘောပေါက်ပါတယ်။ အပင်တွေရဲ့တဖြည်းဖြည်းချင်းကြီးထွားမှုဟာ စိတ်ပိုင်းဆိုင်ရာနယ်ပယ်အသီးသီးမှာ သူကြုံတွေ့နေရတဲ့ ဖြည်းဖြည်းချင်းဖွံ့ဖြိုးတိုးတက်မှုနဲ့အလားသဏ္ဌာန်တူပါတယ်။ အပင်တစ်ပင်ရဲ့ကြီးထွားမှုအရှိန်ကိုမမြင့်နိုင်ရင် တစ်စုံတစ်ယောက်ရဲ့လေ့လာသင်ယူမှုလုပ်ငန်းစဉ်ကိုလည်း မြှင့်လို့မရနိုင်ပါဘူး။ သူဟာ အဆင့်တိုင်းမှာ ဆင့်ကဲတိုးတက်ပြောင်းလဲမှုကိုလက်ခံပြီး စိတ်ရှည်ရပါမယ်။ ဒါ့ပြင် အပင်တွေဟာ သူ့အတွက်သက်ရှိစာအုပ်ပါပဲ။ အပင်တစ်ပင်ချင်းစီကိုကြည့်လိုက်တိုင်း သူ့ဆရာရဲ့သင်ကြားမှုတွေကိုအမှတ်ရသွားစေပါတယ်။ သူ့ဆရာသူ့အနားမှာရှိနေသလိုပါပဲ။ ခံစားမှုအပြည့်နဲ့ မြေကြီးပေါ်မှာ အပေါက်လေးတူးဆွလိုက်ပြီး သစ်စေ့ကို စိုက်လိုက်ပါတယ်။ ဘယ်လိုသင်ခန်းစာအသစ်မျိုးဖြစ်မလဲ။ ဒါပေမဲ့ သူ့ဘာသာသူပြောလိုက်ပါတယ်။ "စိတ်ရှည်. . . စိတ်ရှည်. . . မင်းနိုင်။ ဒီဘဝမှာ အဲဒါလေ့လာဖို့လာခဲ့တာပဲ"။

နောက်တစ်နေ့မှာတော့ ထုံးစံအတိုင်း ဦးမင်းနိုင်စောစောထပြီး တရား

ထိုင်ပါတယ်။ သူ့ရဲ့တရားအားထုတ်ချိန်ကိုတိုးလိုက်ပါတယ်။ မနက်ဆို ၄၅ မိနစ်ဖြစ်သွားပြီ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ငြိမ်းချမ်းမှုဘက်ထရီကိုပြန်အားသွင်းဖို့ ဒါဟာမှန်ကန်တဲ့အချိန်ပမာဏလို့ သူခံစားမိလို့ပါ။ တရားလည်းအားထုတ်ပြီးရော ရေချိုးပြီးရုံးကိုစထွက်ပါတယ်။ ရုံးမှာတော့ သူ့အဖွဲ့အားလုံးနဲ့ အရေးကြီးတဲ့မဟာဗျူဟာမြောက်စီမံကိန်းအစည်းအဝေးရှိပါတယ်။ တစ်နှစ်တာဘတ်ဂျက်ကို သေသေချာချာလေ့လာနိုင်လောက်တဲ့စီမံကိန်းတစ်ခုကို အချိန်စောစောသူပြီးချင်နေတယ်။ သူ့အဖွဲ့နဲ့သူတစ်နေ့လုံး အလုပ်လုပ်နေပြီး သူတို့မှာ ရှေ့ဆက်လုပ်ရမှာတွေအများကြီးရှိနေပါသေးတယ်။ အဲဒီနေ့က HR မန်နေဂျာ ဒေါ်နေနီရဲ့မွေးနေ့ဖြစ်ပြီး ဌာနကနေ ညနေ ၆ နာရီမှာ သူ့အတွက်မွေးနေ့ကိတ်နဲ့အတူ ပါတီလေးလုပ်ခဲ့ပါတယ်။

ဦးမင်းနိုင်ရဲ့အတွင်းရေးမှူးက အပြင်မှာပါတီပွဲစဖို့စောင့်နေတဲ့အကြောင်း ဦးမင်းနိုင်ကိုလာပြောတော့ နည်းနည်းလေးထပ်စောင့်ခိုင်းလိုက်ပြီး သူ့အဖွဲ့လည်း သူတို့နဲ့အတူပါဝင်ဆင်နွှဲမယ်လို့ပြောလိုက်ပါတယ်။ ဒါပေမဲ့ ခြောက်နာရီခွဲလောက်မှာ သူ့အတွင်းရေးမှူးက တစ်ခါကြားဖြတ်ဝင်လာပြီး ပွဲကိုဖျက်လိုက်ရမလားလို့မေးပါတယ်။ မျက်နှာမှာ စိတ်အနှောင့်အယှက်ဖြစ်တဲ့ပုံနဲ့ စိတ်အိုက်ပြီး သူ့အဖွဲ့ကိုပြောလိုက်ပါတယ်။ "ကျွန်တော်ရပ်ရတော့မယ်။ ဒါပေမဲ့ အခုထိမပြီးသေးဘူး။ ဘယ်လောက်စိတ်အနှောင့်အယှက်ဖြစ်ဖို့ကောင်းသလဲဗျာ၊ နေနီအတွက် အားလုံးက မွေးနေ့ပါတီတစ်ခုစီစဉ်ထားပါတယ်။ အခု ကျွန်တော်တို့အားလုံးသွားရတော့မယ်"။

သူ့အမူအရာတွေနဲ့သူ့အသံနေအသံထားက ပါတီပွဲက သူ့ကိုစိတ်အနှောင့်အယှက်ဖြစ်စေကြောင်းပြသနေပါတယ်။ အဲဒီအတွက် သူ့အလုပ်ကိုမရပ်ချင်ဘူး။ "Happy Birthday" ဆိုပြီး လူတွေနဲ့သီချင်းဆိုရတာအဓိပ္ပာယ်မရှိ၊ စိတ်အနှောင့်အယှက်ဖြစ်စရာလို့ သူတွေးမိပါတယ်။ သူ့မွေးနေ့မှာလည်း အလားတူလုပ်ရတာမျိုးကို သူမုန်းတယ်။

"ကျွန်တော်တို့ခဏလောက်သွားပြီးမှ အစည်းအဝေးပြန်လာကြစို့၊ ဟုတ်ပြီနော်" ဦးမင်းနိုင်ကပြောလိုက်ပါတယ်။ ပါတီပွဲမှာ ဦးမင်းနိုင်ဟာ အလျင်လိုနေပြီး တစ်ချိန်လုံး သူ့နာရီကိုပဲကြည့်နေပါတယ်။ အလုပ်ကိုပြန်သွားနိုင်အောင် သူတို့ကို

'Happy Birthday' သီချင်းကို ဖြစ်နိုင်သမျှမြန်မြန်ဆိုစေချင်နေပါတယ်။ အဲဒီပွဲမျိုး သူမပျော်မွေ့ဘူးဆိုတာ သိသာထင်ရှားနေပါတယ်။ ဆယ်မိနစ်အကြာမှာတော့ သူ့အဖွဲ့ကိုသူစုလိုက်ပြီး သူ့ရုံးခန်းထဲပြန်ဝင်ခိုင်းပါတယ်။ အထူးအခွင့်အရေးပေးတဲ့အနေနဲ့ ဒေါ်နေနီကို သူ့မွေးနေ့ပါတီမှာပဲဆက်ပြီး ပျော်ပျော်ရွှင်ရွှင်ဆင်နွဲဖို့နေခိုင်းပါတယ်။ အချိန်အနည်းငယ်အကြာမှာ ဒေါ်နေနီဟာ အစည်းအဝေးပြန်တက်ပါတယ်။ ဒါပေမဲ့ ဒေါသထွက်တဲ့အမူအရာနဲ့ မကြည်လင်တဲ့စိတ်အခြေအနေကို ဦးမင်းနိုင်သတိထားမိပါတယ်။ ဒေါ်နေနီကစကားတစ်လုံးမှတောင်မဟပါဘူး။ ရှစ်နာရီထိုးတော့ အစည်းအဝေးပြီးဆုံးပြီး အားလုံးထွက်သွားကြပါတယ်။ ဦးမင်းနိုင်က ဒေါ်နေနီအခန်းထဲသွားပြီး အခုလိုမေးပါတယ် "နေနီဘာဖြစ်တာလဲ၊ စကားတစ်လုံးမှမပြောပါလား။ ကျွန်တော် နေနီကိုစိတ်အနှောင့်အယှက်ဖြစ်စေတဲ့တစ်စုံတစ်ရာများလုပ်မိသလား"။

နေနီငြိမ်ပြီးနေပါတယ်။ တစ်စုံတစ်ခုကြောင့် သူစိတ်အနှောင့်အယှက်တော်တော်ဖြစ်ခဲ့တာသိသာပါတယ်။ သူ့ကြည့်ရတာ စိတ်ခံစားချက်တွေကိုထိန်းနေရတဲ့လူတစ်ယောက်ပုံဖြစ်နေပါတယ်။

"ကျွန်တော်ဘာများလုပ်မိလဲ။ ကျေးဇူးပြုပြီးပြောပြပေးပါလား" ဦးမင်းနိုင်က တိုက်တွန်းမေးမြန်းပါတယ်။

"မေးခွန်းက အစ်ကိုဘာများမလုပ်မိလဲဖြစ်ရမှာအစ်ကို" ဒေါ်နေနီက ပြန်ဖြေပါတယ်။

ဦးမင်းနိုင်စိတ်မရှည်တော့ဘဲ "လျှို့ဝှက်မနေပါနဲ့တော့၊ နေနီဘာဖြစ်နေသလဲ ပြောပြပါလား"။

အခြေအနေက ဆိုးသထက်ပိုဆိုးသွားနိုင်ခြေရှိတယ်လို့ခံစားမိတဲ့အတွက် ဖွင့်ပြောဖို့ ဒေါ်နေနီဆုံးဖြတ်လိုက်ပါတယ်။

"အမှန်တော့ ညီမကောင်းကောင်း မွန်မွန်ဆက်ဆံမခံရဘူးလို့ခံစားနေရတယ်။ ညီမမွေးနေ့လုပ်ဖို့အတွက် ကုမ္ပဏီတစ်ခုလုံးကို နာရီဝက်စောင့်ခိုင်းထားတယ်။ အစည်းအဝေးခန်းမကနေ အစ်ကိုတုံ့ဆိုင်းတုံ့ဆိုင်းနဲ့ထွက်လာတယ်။ အားလုံးကိုလောလောလောလောနဲ့လုပ်တယ်။ ဘာပဲဖြစ်နေနေ ဒီကိစ္စက အစ်ကို့အတွက် လုံးဝစိတ်ဝင်စား

စရာမကောင်းဘူးဆိုတဲ့မက်ဆေ့ချ်ကို လူတိုင်းသိစေချင်တဲ့ပုံပဲ။ အစ်ကို့ပုံကြည့်ရတာ တစ်ချိန်လုံးအမီသွားရမယ့် ရထားရှိနေသလိုပဲ။ ဆယ်မိနစ်လောက်လည်းကြာရော ကုမ္ပဏီကအရေးကြီးဆုံးလူတွေကိုခေါ်သွားတယ်။ အစ်ကို့ရဲ့မေတ္တာက ကျွန်မအပေါ်မှာ ဆယ်မိနစ်ထက်ပိုပေးလောက်အောင် ကျွန်မကတန်ဖိုးမှမရှိတာပဲ"။

အဲဒီလိုဖြစ်နေတာ ဦးမင်းနိုင်မယုံနိုင်ဘူးဖြစ်နေပါတယ်။

"စိတ်မကောင်းပါဘူးနေနီ၊ ရုံးထဲမှာမွေးနေ့လုပ်တဲ့ကိစ္စက အဓိပ္ပာယ်တော်တော်မရှိတဲ့၊ အသုံးမဝင်တဲ့ကိစ္စလို့ထင်မိရုံလေးပါ"။ ဒေါ်နေနီရဲ့မျက်နှာမှာဒေါသနဲ့ နာကျင်မှုတွေပြည့်နှက်နေပါတယ်။

"ဒါဆို အစ်ကို့အတွက်အရေးအကြီးဆုံးအရာတွေကပဲ တစ်ခုတည်းသောအမိကကျတဲ့အရာတွေပေါ့၊ ဟုတ်တယ်မလား။ အစ်ကို့အတွက်အရေးကြီးဆုံးက ရည်ရွယ်ချက်ရှိပြီး လက်တွေ့ကျတဲ့အရာတွေဖြစ်ရမယ်။ အစ်ကိုတစ်ကိုယ်ကောင်းဆန်တာကိုရပ်လို့မရဘူးလား။ မွေးနေ့က ညီမအတွက်အရေးကြီးတယ်လို့ အစ်ကိုမတွေးမိဘူးလား။ အစ်ကို လူတွေနဲ့အလုပ်လုပ်နေတာ၊ စက်ရုပ်တွေနဲ့လုပ်နေတာမဟုတ်ဘူးဆိုတာ သဘောမပေါက်ဘူးလား။ လကုန်တိုင်းမှာ လူတွေဟာ ငွေအပြင် အစ်ကို့ရဲ့မေတ္တာနဲ့ အာရုံစိုက်မှုပါလိုတယ်ဆိုတာ သဘောမပေါက်ဘူးလား။ ပြုံးပြတာ၊ ကျေးဇူးတင်ကြောင်းပြောတာ၊ တစ်စုံတစ်ယောက်မွေးနေ့အတွက် ရိုးရိုးသားသားဝမ်းမြောက်ပေးတာလို အသေးအမွှားလေးတွေမှာလည်း ချစ်ခြင်းမေတ္တာပြသရမယ်ဆိုတာ အစ်ကိုသဘောမပေါက်ဘူးလား"။

ဒေါ်နေနီပြောနေတုန်းမှာ သူ့ယောဂီကြီးကို ဝန်ဆောင်မှုအကြောင်းပြောတုန်းက ယောဂီကြီးပြောတဲ့စကားလုံးတွေကို ဦးမင်းနိုင်ပြန်သတိရနေပါတယ်။ "ဦးမင်းနိုင်၊ ဝန်ဆောင်မှုဆိုတာ နေထိုင်မကောင်းတဲ့ကလေးတွေနဲ့ သက်ကြီးရွယ်အိုတွေကို ကူညီပေးရာမှာသာ လိုအပ်တာမဟုတ်ဘူး။ ဝန်ဆောင်မှုဆိုတာ ဘဝအတွက် ကွဲပြားခြားနားတဲ့သဘောထားရပ်တည်ချက်ရှိတယ်ဆိုတဲ့အဓိပ္ပာယ်ပါ။ ဆိုလိုတာက တစ်ချိန်လုံး ကိုယ့်အတွက်စဉ်းစားနေတာမျိုးမဟုတ်ဘဲ သူများအတွက်စဉ်းစားပေးတာ၊ သူများအတွက်နားထောင်ပေးတာ၊ သူတို့ရဲ့လိုအပ်ချက်တွေကိုသတိထားမိပြီး အဲဒါ

တွေကိုလုပ်ဆောင်ပေးတာပါ"။ ဒီမွေးနေ့ပွဲအဖြစ်အပျက်မှာ သူရှောင်ရှားသင့်ခဲ့တဲ့ ထောင်ချောက်ထဲကို ခလုတ်တိုက်လဲကျခဲ့ပြီဆိုတာ သူရုတ်တရက်စနားလည်သဘော ပေါက်လာပါတယ်။ သူ ကိစ္စသေးသေးလေးတွေမှာ ဝန်ဆောင်မှုမပေးနိုင်သလို တခြား သူတွေရဲ့နေ့စဉ်ဘဝအသေးစိတ်တွေကို သူဂရုစိုက်လုပ်ဆောင်မပေးနိုင်ဘူးဆိုတာ သဘောပေါက်ခဲ့တယ်။ အဲဒီနည်းနဲ့တော့ သူ့ဘဝကိုဝန်ဆောင်မှုပေးတဲ့သူအဖြစ် သူ ဘယ်တော့မှစိမ်နိုင်မှာမဟုတ်ဘူး။

ဦးမင်းနိုင် နောင်တရတဲ့ပုံနဲ့ ဒေါ်နေနီကိုကြည့်လိုက်ပါတယ်။

"ငါ့ညီမ သိပ်မှန်တယ်၊ ကျွန်တော် ဘယ်လောက်ဆိုးလိုက်သလဲ၊ ကျွန်တော် စိတ်မကောင်းအရမ်းဖြစ်ရပါတယ်"။ သူပြောလိုက်ပြီး သူ့အမှားအတွက် မျက်နှာလုပ် ချင်တဲ့ ကလေးငယ်တစ်ယောက်လို အခုလိုဆက်ပြောပါတယ်။ "နောက်နှစ်ကျရင် ငါ့ညီမရဲ့မွေးနေ့ပွဲကိုစီစဉ်ပေးတဲ့ တစ်ဦးတည်းသောပုဂ္ဂိုလ်ဖြစ်စေရမယ်လို့ ကျွန်တော် ကတိပေးတယ်"။

အဲဒီအဖြေကို ဒေါ်နေနီလုံးဝမျှော်လင့်မထားပါဘူး။ ဦးမင်းနိုင်က အမြဲတမ်း ဒေါ်နေနီရဲ့ထိလွယ်ရှလွယ်တဲ့စိတ်ခံစားချက်ဖြစ်တတ်တာတွေကို ရယ်စရာလုပ်ပစ်ပြီး ဒေါ်နေနီကို ရယ်စရာခံစားသွားရအောင်လုပ်လေ့ရှိသူပါ။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ ပိုပြီးနှိမ့်ချတဲ့၊ ပိုပြီးအထိအခိုက်မခံတဲ့ဦးမင်းနိုင်ကို တွေ့နေရပါတယ်။ နေနီငိုပါတော့ တယ်။ မိနစ်အနည်းငယ်လောက် နေနီကိုချော့မော့နှစ်သိမ့်ပြီးတော့ ဆရာ့အိပ်ထွက် ခဲ့ပါတော့တယ်။ သူဘေးတိုက်သွားတဲ့ကဏန်းတစ်ကောင်လို ခံစားနေရပါတယ်။ တစ်နေ့ကပဲ သူ့ရဲ့တိုးတက်မှုအတွက် သူဂုဏ်ယူခဲ့သေးတယ်။ အခုတော့ တစ်ရက်ပဲကြာ သေးတယ်။ သူ့ရဲ့ပြုမူပုံပြုမူနည်းကြောင့် တကယ့်အရူးသမားတစ်ယောက်လိုခံစား နေရပါပြီ။ သစ်စေ့က မကြီးထွားလာသေးပေမဲ့ သူ့ဆရာကိုတွေ့ပြီး သူဘယ်လိုဆိုးဆိုး ဝါးဝါးခံစားနေရတယ်ဆိုတာပြောဖို့လိုလာပါပြီ။ ပြီးတော့ အဲဒီလိုအမှားမျိုး နောက်ထပ် မကျူးလွန်မိအောင် သူ့အပြုအမူတွေကိုဖြစ်စေတဲ့ တကယ့်အကြောင်းတရားတွေကို ဖော်ထုတ်နိုင်ဖို့ မျှော်လင့်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ တရားဒီလောက်အား ထုတ်တာတောင် အမှားလုပ်မိနေသေးရင် ကျန်တဲ့သူ့ဘဝတစ်လျှောက်လုံးမှာ အဲဒီ

အမှားမျိုးတွေ ထပ်ခါထပ်ခါမကျူးလွန်မိဖို့ သူမသေချာတော့ပါဘူး။

ဒီတစ်ကြိမ်မှာတော့ အပင်အသစ်အဆန်းအမျိုးမျိုးနဲ့ ဥယျာဉ်လေးကိုသူရပ်မကြည့်နိုင်တော့ပါဘူး။ သူ့မှာ အတွင်းပိုင်းငြိမ်းချမ်းမှုဆိတ်သုဉ်းနေတဲ့အတွက် သူ စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ အဲဒီလိုစိတ်အနှောင့်အယှက်ဖြစ်ရတဲ့အတွက် အရာရာကို မှန်မှန်ကန်ကန်နဲ့မမြင်နိုင်တော့ဘဲ စိတ်တည်ငြိမ်မှုမရှိဖြစ်ရပြန်တယ်။ သူ့ဆရာယောဂီကြီးအခန်းကိုရောက်တဲ့အချိန်မှာမွေးနေ့ပွဲအဖြစ်အပျက်အကြောင်းပြန်မပြောခင် နှုတ်ဆက်ရုံသာနှုတ်ဆက်လိုက်ပါတယ်။ ယောဂီကြီးကဘာခံစားမှုမှမပြဘဲ သူပြောတာကိုနားထောင်နေပါတယ်။ ပြီးတော့ စိတ်အတွင်းပိုင်းတိတ်ဆိတ်ငြိမ်သက်မှုအပြည့်နဲ့နေပါတယ်။ အဆုံးစွန်ဆုံးကြားနိုင်တာကတော့ အသက်ရှူသံတွေနဲ့ ယောဂီကြီးရဲ့သင်တိုင်းအကျီအခေါက်နဲ့ လက်ရဲ့ညင်သာတဲ့လှုပ်ရမ်းမှုကြောင့် ထွက်လာတဲ့အသံပါပဲ။ ပြီးတော့မှ ယောဂီကြီးကမှတ်ချက်ပေးပါတယ်။

"ဦးမင်းနိုင်၊ ခင်ဗျားလေယာဉ်နဲ့သွားတဲ့အခါ လေယာဉ်ဟာ လေဟာနယ်ထဲပျံသန်းဝင်ရောက်ပြီး မိတာအနည်းငယ်လောက်ပြုတ်ကျပြီးမှ ရုတ်တရက်ပြန်တက်လာတယ်လို့မခံစားမိဘူးလား"။

"ခံစားမိပါတယ်။ အကြိမ်ပေါင်းများစွာပါပဲ" ဦးမင်းနိုင်ကပြန်ဖြေပါတယ်။

"ခင်ဗျားမှာဖြစ်နေတာ အဲဒီအတိုင်းအတူတူပဲ" ယောဂီကြီးကဆက်ပြောပါတယ်။ ခင်ဗျားရဲ့သတိထားမှုဆိုတဲ့လေဟာနယ်ထဲမှာ ခင်ဗျားပြုတ်ကျပြီး ခင်ဗျားအမှားတစ်ခုလုပ်နေတယ်လို့ခံစားနေရတယ်။ ပြီးတော့မှ ခင်ဗျားရဲ့လေ၊ ဒါမှမဟုတ်သတိထားမှုကိုပြန်ရှာတွေ့ပြီး တဖြည်းဖြည်းနဲ့ တစ်ဖန်ဆက်ပျံနိုင်ပါတယ်။ စိတ်ရှည်ပါ။ ရုံးထဲမှာ မျက်လုံးကိုနှစ်လုံးပြူးမှန်ပြောင်းတပ်ပြီးကြည့်နေပုံရတယ်။ ခင်ဗျားရဲ့ရည်မှန်းချက်တွေကိုကြည့်ပြီး အဲဒါတွေကို ဘယ်လိုချဉ်းကပ်ရမလဲဆိုတာပဲ အာရုံစိုက်လွန်းတဲ့အတွက် ခင်ဗျားပတ်ဝန်းကျင်မှာဘာတွေဖြစ်နေသလဲဆိုတာ မြင်နိုင်ဖို့ခဲယဉ်းနေဦးမှာပဲ။ နှစ်လုံးပြူးမှန်ပြောင်းတွေကိုသုံးပါ။ အဲဒါတွေက ခင်ဗျားရဲ့ဦးတည်ချက်ချမှတ်ဖို့အတွက် လိုအပ်ပါတယ်။ ဒါပေမဲ့ ခင်ဗျားနဲ့ အလုပ်လုပ်တဲ့သူတွေကိုချစ်ခင်ဖို့၊ ပျော်အောင်လုပ်ဖို့ ခင်ဗျားမျက်လုံးကနေ အဲဒီမှန်ပြောင်းတွေကိုဖယ်ရှား

ထားပါ။ ခင်ဗျားပေးနိုင်တဲ့အရေးကြီးဆုံးဝန်ဆောင်မှုကို အိမ်မှာစရမယ်ဆိုတာ မမေ့ပါနဲ့"။

"ဒါပေမဲ့ ကျွန်တော်မမေ့အောင် ဘာလုပ်ရမလဲ။ ကျွန်တော့်ပတ်ဝန်းကျင်ကို သတိထားမိဖို့ မမေ့အောင်ဘာလုပ်ရမလဲ။ တစ်ကိုယ်ကောင်းဆန်လွန်းတာတွေရပ်တန့်အောင် ဘယ်လိုလုပ်ရမလဲ"။

"ဦးမင်းနိုင်၊ ခင်ဗျားမျက်စိရှေ့ နားမှာပါ ဈေးအထပ်ထပ်ပိတ်နေတယ်။ ခင်ဗျားရဲ့အပြုအမူတွေထဲမှာသာ ခင်ဗျားကိုယ်ခင်ဗျားမြင်နိုင်၊ ကြားနိုင်လေ့ရှိခဲ့တယ်။ အခုဆို တရားအားထုတ်မှုကနေ ကိုယ်ကျိုးမငဲ့တဲ့ဝန်ဆောင်မှုနဲ့ စိတ်ရဲ့မီးဟာ မျက်နှာပြင်ပေါ် ပေါ်ထွက်လာပြီး ဈေးအထပ်ထပ်ကိုစပြီးတိုက်ချွတ်နေလို့ ခင်ဗျားပတ်ဝန်းကျင်ကလူတွေရဲ့လိုအပ်ချက်တွေကို ခင်ဗျားပိုပြီးနားထောင်နိုင်လာပါလိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားစိတ်ရှည်ရမယ်။ တစ်ခါတလေတော့ ရှည်လျားတဲ့ခရီးလမ်းဟာ လိုဖြို့မှုရှိတဲ့အတွက် အကောင်းဆုံးဖြစ်တယ်။ ခင်ဗျားရဲ့တဖြည်းဖြည်းတိုးတက်မှုက ကြေးညှော်တွေကိုတဖြည်းဖြည်းရှင်းပေးလိမ့်မယ်။ ခင်ဗျားအမြဲသတိရှိနိုးကြားပြီး စိတ်ရှည်ရမယ်"။

ဦးမင်းနိုင် စိတ်တည်ငြိမ်မှုရသွားပါတယ်။ လူတစ်ယောက်မှာ အရာရာအတွက် အဖြေရှိနေတာ မယုံနိုင်လောက်အောင်ပါပဲ။ ဒါပေမဲ့ အံ့ဩဖွယ်အကောင်းဆုံးအရာကတော့ သူ့ဆရာနှုတ်ဖျားမှာ ဆွဲဆောင်မှုအရှိဆုံးစကားလုံးတွေ အမြဲဘယ်လိုရှိနေသလဲဆိုတာပါပဲ။

"ခင်ဗျားသစ်စေ့ကြီးထွားလာပြီလားပြောပါဦး" ယောဂီကြီးကမေးလိုက်ပါတယ်။

"အခုထိတော့ ဘာမှမထူးသေးဘူး။ ဒါပေမဲ့ ကျွန်တော်မစောင့်နိုင်တော့ဘူး။ ဆရာနဲ့ကျွန်တော်ပြောကိုပြောရမယ်"။

"စိတ်ရှည်သည်းခံပါ ဦးမင်းနိုင်၊ ခင်ဗျားသစ်စေ့ကနေ ဘာအပင်ပေါက်လာသလဲ၊ ဘာကိုသင်ကြားပေးနေသလဲဆိုတာ သိတဲ့အချိန်ကျရင် ပြန်လာခဲ့ပါ"။

◈ ◈ ◈

# နေကြာစေ့

ပဋ္ဌမမြောက်အစေ့ကတော့ နေကြာစေ့ပါ။ အဲဒီအစေ့စိုက်ပြီးနှစ်လမကျော်ခင်မှာပဲ ဒုံ့ဩဖွယ်ကောင်းတဲ့ပန်းပွင့်တစ်ပွင့်ပွင့်လာပြီး အဲဒီအပွင့်က နေ့ဘက်မှာဆို နေရောင်ခြည်ဘက်ကိုမျက်နှာမူထားပါတယ်။ သင်ခန်းစာကတော့ အလင်းရောင်နဲ့ ပတ်သက်တာတစ်ခုခုဖြစ်ရမယ်လို့ ဦးမင်းနိုင်တွေးထင်နေပါတယ်။ "နေကြာပန်းဟာ အလင်းရောင်ဘက်မျက်နှာမူရှေးရှုထားသလိုမျိုးပြုမူဆောင်ရွက်မှုတွေဟာ ကောင်းမှုဘက်ကိုရှေးရှုဖို့အရေးကြီးတယ်ဆိုတာ သင်ခန်းစာပေးချင်တာဖြစ်ကောင်းဖြစ်မယ်"။ ဒါပေမဲ့ ဦးမင်းနိုင်တစ်ယောက် အပင်ကိုသိပ်အာရုံမစိုက်နိုင်ပါဘူး။ အခုတစ်လော သူစိုးရိမ်ပူပန်နေရပါတယ်။ သူ့ကုမ္ပဏီဟာ ပိုပြီးကောင်းကောင်းလုပ်လာနိုင်ပေမဲ့ သူများနဲ့ယှဉ်ပြိုင်နိုင်စွမ်းကိုထိန်းထားနိုင်ဖို့၊ ဝန်ထမ်းသိသိသာသာလျှော့ချဖို့ လိုနေပါတယ်။ နောက်လေးလအတွင်း လျှော့ဖို့သူစီစဉ်ထားပါတယ်။ သူဘေးကျပ်နံကျပ်ဖြစ်နေတာကတော့ သူ့ဆုံးဖြတ်ချက်ကို လူတွေအားလုံးကို ချက်ချင်းပြောသင့်သလား၊ ဒါမှမဟုတ် မထွက်ခိုင်းခင်တစ်ပတ်အလိုမှာ ပြောသင့်သလားဆိုတာပါပဲ။ ထုတ်ပစ်မယ့်ဝန်ထမ်းတွေကိုကြိုပြီးအသိပေးတာဟာ သူတို့အတွက် သက်ညှာရာရောက်ပြီး

သူတို့နောက်အလုပ်တစ်ခုကိုရှာင်ဖွေနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ 'ဝန်ထမ်းလျှော့' ကြောင်း ကြေညာရတာဟာ ကုမ္ပဏီရဲ့အရည်အသွေးနဲ့ ကုန်ထုတ်စွမ်းအားအကျဘက်ရောက်နေတယ်လို့ဆိုလိုရာရောက်နေတယ်ဆိုတာ သူသေချာသိပါတယ်။ သူဘာလုပ်ရမှန်းမသေချာမရေရာဖြစ်နေပါတယ်။ ယောဂီကြီးနဲ့ဆွေးနွေးတိုင်ပင်ပြီး အကြံဉာဏ်ယူသင့်တယ်လို့ သူတွေးနေမိပါတယ်။ အဲဒီနေ့မှာ မားကက်တင်းမန်နေဂျာကိုပီတာနဲ့ အရေးတကြီးအစည်းအဝေးတစ်ခု သူရှိပါတယ်။ အစိုးရရုံးတစ်ခုအတွက် အရေးကြီးတဲ့အရောင်းအဝယ်တစ်ခုသူလုပ်နေရပါတယ်။ တကယ်လို့ သူအောင်အောင်မြင်မြင်လုပ်နိုင်ရင် ကုမ္ပဏီရဲ့ဘဏ္ဍာရေးသက်သာရာရမှာပါ။ ပီတာဟာ ဦးမင်းနိုင်ရဲ့ရုံးခန်းထဲကို ယုံကြည်မှုရှိရှိနဲ့ပြုံးပန်းဆင်ပြီးဝင်လာပါတယ်။

"ဆရာ၊ အစိုးရရဲ့ဘဏ်စာရင်းကတော့ ကျွန်တော်တို့အတွက်ပဲ" ပီတာက ပြောပါတယ်။

"ကောင်းတာပေါ့၊ ကျွန်တော်တို့အတွက်သတ်မှတ်ချက်ဘာတွေရှိသလဲ။ သူတို့ရဲ့ဝယ်ယူမှုက ဘယ်အချိန်လောက်ဖြစ်မလဲ။ ပမာဏကဘယ်လောက်ရှိမယ်လို့ပြောလဲ" ဦးမင်းနိုင်ကစိုးရိမ်တကြီးမေးပါတယ်။

"ကျွန်တော်တို့အရောင်းအဝယ်ဖြစ်ရင် ကျွန်တော်တို့တစ်နှစ်တာအရောင်းဘတ်ဂျက်ရဲ့ ၁၀ ရာခိုင်နှုန်းနဲ့ညီမျှလိမ့်မယ်။ ဆရာယုံမလားမသိဘူး။ စာချုပ်လက်မှတ်ထိုးတာနဲ့ချက်ချင်း ငွေပေးချေလိမ့်မယ်"။

"ကောင်းပြီ၊ ကျွန်တော်တို့ဘာကိုစောင့်နေရတာလဲ" ဦးမင်းနိုင်က စိတ်မရှည်ဘဲမေးလိုက်ပါတယ်။ "အရောင်းအဝယ်ဖြစ်ဖို့ဘာတွေလိုနေတာလဲ"။

"လိုနေတာတစ်ခုကတော့ အဝယ်တာဝန်ခံအရာရှိကို ကျွန်တော်တို့အမြတ်ဝေစုပေးဖို့အတည်မဖြစ်သေးတာပါဆရာ"။

"ခဏ. . . ခဏ. . . နေပါဦးဗျ၊ ခင်ဗျားဆိုလိုတာက တံစိုးလက်ဆောင်ကိုပြောတာလား" ဦးမင်းနိုင်မေးလိုက်ပါတယ်။

"ဟုတ်ပါတယ်ဆရာ၊ တစ်ခါတလေ တခြားအရာရှိတွေနဲ့လုပ်ခဲ့သလိုပေါ့ဆရာရယ်"။

ဦးမင်းနိုင်ပြန်ပြောချင်တာကတော့ သူအခု အရင်ကလိုလူမျိုးမဟုတ်တော့ဘူးဆိုတာပါ။ အခုဆို သူ့မှာရည်မှန်းချက်ပန်းတိုင်တွေအပြင် တခြားကိစ္စတွေအများကြီးရှိပါတယ်။ ဥပမာ- သူ့စိတ်ရဲ့တည်ငြိမ်အေးချမ်းမှုပေါ့။ လာဘ်ထိုးတာက သူ့ရဲ့တည်ငြိမ်မှုကိုဖျက်ပြားစေပြီး သူ့ကိုစိတ်အနှောင့်အယှက်ဖြစ်စေပါတယ်။ အဲဒီလိုလုပ်တာမမှန်ကန်ဘူးလို့ သူခံစားမိပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ သူသံသယဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီရောင်းအားကို သူတကယ်လိုနေလို့ပါ။

"ကျွန်တော်တစ်ကြိမ်လုပ်ဖူးတာနဲ့ အဲဒါမျိုးတစ်ချိန်လုံးလုပ်ရမယ်လို့မဆိုလိုပါဘူး၊ ဟုတ်တယ်မလား" ဦးမင်းနိုင်က အကြောင်းပြပါတယ်။ ပီတာက သူ့နားသူမယုံနိုင်အောင်ပါပဲ။ "အာ. . . ဆရာကလည်း သိပ်မဖြောင့်စမ်းပါနဲ့"။ ပီတာက အားမလိုအားမရတဲ့မျက်နှာအမူအရာနဲ့ပြောလိုက်ပါတယ်။ ဌာနအသီးသီးမှာ လူတိုင်းကို ဒီလိုအရောင်းအဝယ်မျိုးလုပ်ရင် ကော်မရှင်ပေးရတယ်ဆိုတာ ဆရာလည်းအသိပဲ။ ဆရာတကယ်လို့ ပေးဖို့ဆန္ဒမရှိရင် ဆရာ့ပြိုင်ဘက်ကပေးပြီး ဆရာ့လက်ထဲက အရောင်းအဝယ်ကိုဖြတ်ယူသွားလိမ့်မယ်။ ကျွန်တော်တို့ကိုမျက်နှာသာပေးဖို့ အဝယ်တော်စာရေးကို စည်းရုံးသိမ်းသွင်းရတာ ဘယ်လောက်ခက်သလဲဆိုတာ ဆရာမသိပါဘူး။ ကျွန်တော် ဒီကိစ္စလုံးပန်းနေတာ လအတော်ကြာပြီ။ ဒါဟာတိုက်ပွဲတစ်ခုပါ။ ဗျူဟာတွေအားလုံးနဲ့လည်းကိုက်ညီတယ်ဆိုတာ ဆရာမမြင်ဘူးလား။ ကျွန်တော်တို့အမြတ်တိုးဖို့လိုတယ်။ ဒီဟာနဲ့ ကျွန်တော်တို့ဘဏ္ဍာရေးရှင်းတမ်းတွေ တိုးတက်ကောင်းမွန်လာအောင်လုပ်မှ ဘဏ်တွေကျွန်တော်တို့အပေါ် ဖိအားပေးတာတွေလျှော့ပေးလိမ့်မယ်။ ကော်မရှင်ကိစ္စအိုကေလို့သာ ကျွန်တော့်ကိုပြောပါ။ ကျွန်တော်တို့အဆင်ပြေသွားတာ မြင်ရပါလိမ့်မယ်"။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး သူ့ဆရာဆီကအကြံဉာဏ်တောင်းလို့ရအောင် ဦးမင်းနိုင် အချိန်ယူချင်နေပါတယ်။

"ကျွန်တော်စဉ်းစားပါရစေဦး။ မနက်ဖြန်ကျရင် အရင်ဆုံးခင်ဗျားကို ကျွန်တော်အဖြေပေးမယ်"။

* * * * *

တစ်နေ့တာကုန်ဆုံးချိန်မှာတော့ သူ့ဆရာအိမ်ကို သူသွားခဲ့ပါတယ်။ ကြမ်းပြင်ပေါ်ကကူရှင်ပေါ် သူထိုင်ချလိုက်ပြီးပြီးချင်းပဲ သူ့ဆရာကိုကော်မရှင်ကိစ္စ ဘေးကျပ်နံကျပ်အကြောင်းပြောပြပြီး အကြံဉာဏ်တောင်းပါတော့တယ်။

"တောင်တက်သမားတစ်ဦးမှာ တောင်ထိပ်ရောက်နိုင်တဲ့လမ်းတွေအများကြီး အမြဲတမ်းရှိပါတယ်" ဆရာကမှတ်ချက်ပြုပါတယ်။ "တချို့လမ်းတွေကကြာတယ်။ မတ်စောက်မှုနည်းတယ်။ ဒါပေမဲ့ စိတ်ချရတယ်။ တချို့လမ်းတွေကတော့ တိုတယ်။ မတ်စောက်တယ်။ ပြီးတော့ လျှော့ရိလျှော့ရဲရေခဲတွေအများကြီးပဲ။ စီးပွားရေးလောကမှာလည်း ဒီအတိုင်းပဲ။ ခင်ဗျားရဲ့ဘေးကျပ်နံကျပ်အခြေအနေကဖော်ပြနေတဲ့အတိုင်း ခင်ဗျားရည်မှန်းချက်ပန်းတိုင်ရဲ့အထွတ်အထိပ်ကိုရောက်ဖို့လမ်းကြောင်းတွေအများကြီး ခင်ဗျားမှာရှိတယ်။ တချို့ကမြန်တယ်။ တတိယလူပုဂ္ဂိုလ်တွေလို မရိုးသားတဲ့နည်းနဲ့ကော်မရှင်ပေးတာမျိုးပေါ့။ တခြားနည်းလမ်းတွေက နှေးတယ်။ ဒါပေမဲ့ ရေရှည်လည်ပတ်ဖို့အတွက် လုံခြုံစိတ်ချရတယ်။ ခင်ဗျားရဲ့စီးပွားရေးလုပ်ငန်းကို ကျင့်ဝတ်၊ စံနှုန်းတွေနဲ့အညီလုပ်ဆောင်တာမျိုးပေါ့ဗျာ။ တောင်တက်သမားကဖြတ်လမ်းလိုက်ရင် ဒီတစ်ကြိမ်မှာပြုတ်ကျချင်မှ ပြုတ်ကျလိမ့်မယ်။ တိကောင်းတာပေါ့။ ဒါပေမဲ့ သူဟာ ရေရှည်မှာဖြတ်လမ်းလိုက်ပြီး အဲဒါအကျင့်ဖြစ်လာရင် လျှော့ရိလျှော့ရဲနှင်းတွေပေါ်ကပြုတ်ကျပြီး သူ့အသက်စတေးရမယ်။ ကျွန်တော်တို့ရဲ့စံနှုန်းတွေကိုဆန့်ကျင်ပြီးလုပ်ဆောင်တဲ့အခါ လမ်းကချော်မှာပဲ။ ပြီးတော့ တစ်ချိန်ချိန်မှာပြုတ်ကျနိုင်တယ်။ အခုတောင်ထိပ်ရောက်ဖို့အတွက် တောင်တက်သမားရဲ့လမ်းကြောင်းရွေးချယ်မှုဟာ သူတောင်ပေါ်တက်တဲ့ရည်ရွယ်ချက်အပေါ်မှာမူတည်နေတယ်။ တကယ်လို့ တောင်ထိပ်ကို ဖြစ်နိုင်သမျှမြန်မြန်သူရောက်ချင်တယ်ဆိုရင် သူဘယ်လိုလုပ်မလဲဆိုတာ ထည့်တွက်မနေနဲ့တော့။ သူအန္တရာယ်များတဲ့ဖြတ်လမ်းကိုပဲ ရွေးကောင်းရွေးလိမ့်မယ်။ တစ်နည်းပြောရရင် တကယ်လို့ သူ့ရဲ့ရည်ရွယ်ချက်ကတောင်ထိပ်ကိုတက်တဲ့ခြေလှမ်းတိုင်းကို တည်ငြိမ်၊ အေးချမ်း၊ ပျော်ရွှင်မှုအပြည့်နဲ့ ခံစားချင်တာဆိုရင် ကောင်းတဲ့လမ်းကြောင်းကိုပဲရွေးလိမ့်မယ်လို့ ကျွန်တော် အသေအချာပြောနိုင်တယ်"။ ယောဂီကြီးဟာစကားပြောတာကို စက္ကန့်အနည်းငယ်လောက်ရပ်

လိုက်ပါတယ်။ ကူရှင်ပေါ်က သူ့ရဲ့ခန္ဓာကိုယ်အနေအထားကို ပြောင်းပြီးမတ်လိုက်ပါတယ်။ ပြီးတော့ဆက်ပြောပါတယ်။

"ဦးမင်းနိုင်၊ ကျွန်တော်တို့အရင်က ဆွေးနွေးခဲ့ဖူးတဲ့မေးခွန်းနဲ့တစ်ပုံစံတည်း ပြန်ရောက်လာပြန်ပြီ။ ခင်ဗျားဘဝရဲ့အထွတ်အထိပ်ကိုတက်တဲ့အခါ ခင်ဗျားရဲ့ ရည်မှန်းချက်ကဘာလဲ။ အဲဒီနေရာကိုမြန်မြန်ရောက်ဖို့လား၊ သူ့ထက်ပိုပြီးမြင့်မြင့်ကို ရောက်ချင်လို့လား၊ ဒါမှမဟုတ် ငြိမ်းငြိမ်းချမ်းချမ်းနေပြီး လမ်းကြောင်းကိုပျော်ပျော်ကြီးလျှောက်လှမ်းဖို့လား"။

အဲဒီအခိုက်အတန့်မှာတော့ ဦးမင်းနိုင်အတွက်အဖြေတစ်ခုပဲရှိပါတယ်။

"ကျွန်တော်တို့ ဒါကို အရင်ကပြောခဲ့ကြပြီးပါပြီ။ လွန်ခဲ့တဲ့လအနည်းငယ်က ကျွန်တော်ပြောခဲ့ဖူးသလိုပေါ့။ ဘယ်နည်းသုံးသုံးအောင်မြင်ဖို့သာ ပဓာနပါ။ တံစိုးလက်ဆောင်အပေါ် အခြေခံပြီး ရောင်းအားတက်အောင်လုပ်ဖို့ ကျွန်တော်တို့ဆိုင်းနေမှာမဟုတ်ဘူး။ ဒါပေမဲ့ အခုအချိန်မှာတော့ တည်ငြိမ်အေးချမ်းစွာနေနိုင်ဖို့က ကျွန်တော့်ရဲ့ရည်မှန်းချက်ပန်းတိုင်ပဲဆိုတာ ကျွန်တော်ပိုပိုပြီးယုံကြည်လာတယ်။ လူတွေကိုလာဘ်ထိုးရတာ ကျွန်တော့်အတွက် မရိုးသားသလို၊ ညစ်ပတ်သလိုခံစားရပြီး စိတ်အနှောင့်အယှက်ပေးတယ်။ ဒီကိစ္စမှာ ကျွန်တော့်ကိုယ်ကျွန်တော် မမှတ်မိလောက်အောင်ဖြစ်ရတာက မယုံနိုင်လောက်တဲ့ကိစ္စတစ်ခုပါ။ ကျွန်တော့်အတွက်ကတော့ စီးပွားရေးက အမြဲတမ်းစီးပွားရေးပဲ။ ကျွန်တော်အနိုင်ရနေသမျှ အားလုံးက ကျိုးကြောင်းညီညွတ်တဲ့အဓိပ္ပာယ်ပဲ။ အရင်တုန်းကတော့ ကျွန်တော့်ပခုံးပေါ်မှာ နတ်ဆိုးလေးတစ်ပါးထိုင်နေပြီး ကျွန်တော့်ရဲ့စီးပွားရေးဆုံးဖြတ်ချက်တွေအပေါ် ညွှန်ကြားနေတယ်။ အခုတော့ နတ်ကောင်းလေးတစ်ပါးက ကျွန်တော့်နားကပ်တီးတိုးပြောပြီး မှန်တာကိုပြောခိုင်းတယ်။ အဲဒါဟာ ကျွန်တော့်အတွက် လုံးဝမလွယ်လှပါဘူး"။

ဒီတစ်ကြိမ်မှာလည်း ဦးမင်းနိုင်ဘာကိုဆိုလိုတယ်ဆိုတာ ယောဂီကြီးအတိအကျသိလိုက်ပါတယ်။

"ဦးမင်းနိုင်၊ ဘာဖြစ်နေတာလဲဆိုတော့ တရားအားထုတ်တာ၊ ဝန်ဆောင်မှုပေးတာနဲ့ အတ္တမာနထိန်းချုပ်တာဟာ ခင်ဗျားရဲ့အတွင်းပိုင်းက စိတ်ဝိညာဉ်ဖြစ်

တဲ့နတ်ကောင်းလေးကိုဖော်ထုတ်ပေးတယ်။ အဲဒါက ခင်ဗျားရဲ့ယုံကြည်သက်ဝင်မှုနဲ့ ဝီဇစိတ်ကိုဖွံ့ဖြိုးစေပြီး ခင်ဗျားရဲ့ပစ္စုပ္ပန်ဆုံးဖြတ်ချက်အားလုံးမှာ နတ်ကောင်းလေးရှိနေစေတယ်။ ကျင့်ဝတ်ပိုင်းဆိုင်ရာ ဘေးကျပ်နံကျပ်ဖြစ်ရတဲ့ ပြဿနာကတော့ ကျင့်ဝတ်ဆိုင်ရာအခြေခံသဘောတရားတွေကို ဆန့်ကျင်လုပ်ဆောင်နေတောင်မှ ကျိုးကြောင်းဆီလျော်တဲ့လုပ်ရပ်အမျိုးမျိုးအဖြစ် လူ့အဖွဲ့အစည်းကလက်ခံလို့ပါ။ ခင်ဗျားကျွန်တော့်ဆီကိုယူလာတဲ့ ဘေးကျပ်နံကျပ်ကိစ္စတစ်ခုကတော့ တံစိုးလက်ဆောင်နဲ့ ကော်မရှင်ပေးမလား၊ မပေးဘူးလားဆိုတာပါ။ လူတွေဟာ ကော်မရှင်ခပေးကြတဲ့အခါ လူတိုင်းလုပ်နေတာပဲဆိုပြီး ငြင်းချက်ထုတ်ပြီး ကိုယ့်ကိုယ်ကိုယ်ကာကွယ်တတ်ကြတယ်။ ဒါက ပုံမှန်ပါပဲ။ ဒါဟာ ထုံးတမ်းစဉ်လာစီးပွားရေးလုပ်နည်းကိုင်နည်းတစ်ခုပါပဲ။ တခြားတစ်မျိုးပြောရရင်တော့ "လူတိုင်းလုပ်နေရင် ကျွန်တော်ဘာလို့မလုပ်သင့်တာလဲပေါ့"။

နောက်ထပ်စံနှုန်းတွေကိုဆန့်ကျင်တဲ့၊ လက်သင့်ခံတဲ့ အမူအကျင့်တစ်ခုရှိသေးတယ်။ ဥပမာ- ကားအစိတ်အပိုင်းလို ခိုးရာပါပစ္စည်းဝယ်တာ၊ တရားမဝင်ဖြန့်ထုတ်တဲ့ ဈေးပေါပေါပစ္စည်းတွေဝယ်တာမျိုးပေါ့။ အဲဒီလိုအရာတွေကိုဝယ်တဲ့သူတွေအနေနဲ့ သူတို့ကိုယ်သူတို့ မရိုးသားမှုကိုအားပေးအားမြှောက်လုပ်နေသူလို့ ထင်တောင်မထင်ဘူး။ "ပစ္စည်းတွေက ဈေးကြီးတယ်။ ဘာဖြစ်လို့ ဈေးအများကြီးပေးပြီးဝယ်ရမှာလဲ" လို့ပြောပြီး သူတို့ကိုယ်သူတို့ကာကွယ်တတ်ကြတယ်။ လူ့အဖွဲ့အစည်းကလက်ခံထားတဲ့အပြုအမူအမျိုးမျိုးဟာ လူတွေရဲ့စိတ်ပိုင်းဆိုင်ရာမျက်မှန်တွေဖြစ်နိုင်တယ်။ သူတို့ဟာ သူတို့ရဲ့စံနှုန်းတွေကိုဆန့်ကျင်ပြုမူနေတယ်ဆိုတာ သဘောမပေါက်ကြဘူး။ သူတို့ဟာ သူတို့ရဲ့ကလေးတွေကိုရိုးသားဖို့၊ လိမ်မပြောဖို့ မျှော်လင့်သလို မခိုးမဝှက်ဖို့သင်ကြားပေးကြတယ်ဆိုတာ ကျွန်တော်အသေအချာပြောနိုင်တယ်။ ဒါပေမဲ့ သူတို့ဟာ ခိုးရာပါပစ္စည်းတစ်ခုခု၊ ဒါမှမဟုတ် တရားမဝင်ပစ္စည်းတစ်ခုခုဝယ်တဲ့အခါ သူတို့ဟာ တခြားသူရဲ့ရပိုင်ခွင့်ကိုခိုးယူနေပါလားဆိုတာ မမြင်နိုင်ကြဘူး"။ ဦးမင်းနိုင်အရမ်းအံ့အားသင့်သွားပါတယ်။ ပထမတော့ ယောဂီကြီးဟာ စိတ်ပိုင်းနဲ့နာမ်ပိုင်းဆိုင်ရာမေးခွန်းတွေကိုဖြေရင်း စီးပွားရေးလောက အကြောင်းလှစ်ပြပါတယ်။

အခုတော့ အရာဝတ္ထုတွေအပေါ်မှာ သလင်းကျောက်လို ရှင်းလင်းပြတ်သားတဲ့ အယူအဆနဲ့ ကျင့်ဝတ်နယ်ပယ်ထဲချဉ်းနင်းဝင်ရောက်နေပြန်ပါပြီ။ ဆရာကဆက်ပြောပါတယ်။

"တစ်ခါက ဘုရင်တစ်ပါးဟာ ခိုးရာပါကုန်စည်ကိုလက်ခံဝယ်ယူသူအားလုံးကို သေဒဏ်ပေးဖို့အမိန့်ထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ သူခိုးတွေကိုတော့ ဘာအပြစ်ဒဏ်မှ မပေးပါဘူး။ အဓိပ္ပာယ်မရှိတာတွေလုပ်တယ်ဆိုပြီး ပြည်သူတွေအားလုံးက သူ့ကို ဝေဖန်ကြပါတယ်။ ဒါကြောင့် ဘုရင်ကြီးဟာ သူ့ရဲ့မှူးကြီးမတ်ရာတွေအားလုံးကို တိုက်ခိုက်ရေးကွင်းထဲကိုဆင့်ခေါ်လိုက်ပါတယ်။ သူက ကွင်းအလယ်ကောင်မှာကြွက်တွေကိုချပြီး ဒိန်ခဲတွေကိုပစ်ကျွေးပါတယ်။ ပြည်သူတွေက ဘုရင်ကိုစိတ်ဝင်စားနေကြပါတယ်။ တကယ်တော့ ဘုရင်ကြီးရူးသွားပြီလို့သူတို့ထင်နေကြပါတယ်။ ကြွက်တွေဟာ ဒိန်ခဲကိုမြင်တဲ့အခါ ဒိန်ခဲကိုယူကြပြီး တစ်ကောင်ချင်း သူတို့ရဲ့တွင်းဆီပြေးကြပါတယ်။ နောက်တစ်နေ့မှာလည်း ဘုရင်ကြီးဟာသူ့ရဲ့မှူးကြီးမတ်ရာတွေကို တိုက်ခိုက်ရေးကွင်းထဲမှာပြန်စုခိုင်းပြီး ကြွက်တွေကို ကွင်းလယ်မှာတစ်ခါပြန်ထားပြန်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ သူက ကြွက်တွင်းပေါက်တွေ အားလုံးကိုပိတ်ထားပါတယ်။ ကြွက်တွေဟာ ဒိန်ခဲတွေကိုယူတယ်။ ဒါပေမဲ့ သူတို့တွင်းထဲသွားပြီးမစားနိုင်တဲ့အတွက် အဲဒီနေရာမှာပဲ ဒိန်ခဲကိုထားခဲ့ပြီးထွက်ပြေးကြပါတယ်။ "တကယ်လို့ ခိုးရာပါပစ္စည်းကို သုံးစွဲသူမရှိရင် သူခိုးတွေလည်းရှိတော့မှာမဟုတ်ဘူး" လို့ ဘုရင်ကြီးကပြသခဲ့ပါတယ်။

ယောဂီကြီးက မုတ်ဆိတ်ကိုပွတ်သပ်ပြီး အသက်ရှူလိုက်ပါတယ်။ ပြီးတော့ ဆက်ရှင်းပါတယ်။ "ဦးမင်းနိုင် တကယ်လို့ တရားမဝင်ပစ္စည်းကိုဝယ်တဲ့သူမရှိရင် လုပ်တဲ့သူလည်းရှိမှာမဟုတ်ဘူး။ ဘယ်သူမှခိုးရာပါပစ္စည်းကိုမဝယ်တော့ရင် သူခိုးတွေ နည်းသွားလိမ့်မယ်။ လာဘ်ပေးတဲ့သူမရှိရင် လာဘ်ယူတဲ့သူတွေရှိမှာမဟုတ်ဘူး။ အခု အားလုံးလက်ခံနေတဲ့ စံနှုန်းမကိုက်တာတွေကိုအားပေးအားမြှောက်လုပ်သူတွေက ကျွန်တော်တို့ကိုယ်တိုင်ပါပဲ။ ကျွန်တော်တို့ရဲ့စိတ်မျက်မှန်တွေကို အမှောင်လွှမ်းပစ်တာ ကျွန်တော်တို့ကိုယ်တိုင်ပါပဲ။ ရေရှည်မှာ လာဘ်ပေးမှုတိုင်း၊ မရိုးသားတဲ့လုပ်ရပ်တိုင်းဟာ ကျွန်တော်တို့ပါဝင်တဲ့လူ့အဖွဲ့အစည်းကိုထိခိုက်စေတယ်ဆိုတာ ကျွန်တော်

တို့သဘောမပေါက်ကြဘူး။ မနက်ဖြန်ဆို ခင်ဗျားဟာ လာဘ်ပေးမှု၊ ဒါမှမဟုတ် ခိုးဝှက်မှုရဲ့သားကောင်ဖြစ်ကောင်းဖြစ်နိုင်တယ်။ တရားအားထုတ်တာ၊ ဝန်ဆောင်မှုပေးတာဟာ ခင်ဗျားရဲ့စိတ်မျက်မှန်ကိုပိုကြည်လင်စေပြီး အခြေအနေအမျိုးမျိုးရဲ့ကျင့်ဝတ်ပိုင်းဆိုင်ရာသက်ရောက်မှုတွေကို ခင်ဗျားမေးခွန်းထုတ်နိုင်လိမ့်မယ်"။

ယောဂီကြီးဟာ သီအိုရီအရ မှန်တယ်ဆိုတာသူသိပါတယ်။ ဒါပေမဲ့ ယှဉ်ပြိုင်မှုတိုက်ပွဲတွေမှာရှင်သန်ဖို့ပါဝင်နေရတဲ့ သူ့လိုစွန့်ဦးတီထွင်တစ်ယောက်က တကယ့်ကမ္ဘာကြီးကနေကင်းလွတ်ပြီး ကျင့်ဝတ်ပိုင်းဆိုင်ရာစည်းကမ်းတွေကို ဘယ်လိုလိုက်နာနိုင်ပါ့မလဲဆိုတာ ယောဂီကြီးနားမလည်ပါဘူး။ လူတိုင်းလာဘ်ပေးနေရင် သူက လာဘ်မပေးဘဲနေတဲ့အခါ ရှင်သန်ဖို့မလွယ်ပါဘူး။ အဲဒါကသူ့အတွက် အခွင့်အလမ်းအကြီးအကျယ်နည်းသွားမှာပါ။

"လာဘ်မပေးဘဲနေဖို့ဆိုတာ ခက်ပါတယ်ဆရာ" ဦးမင်းနိုင်ပြောပါတယ်။ "ကျွန်တော်အဲဒီလိုမလုပ်ရင် ကုမ္ပဏီမှာဆုံးရှုံးမှုတွေရှိလာပါလိမ့်မယ်"။

"ဆန့်ကျင်ဘက်ပြောရရင်တော့ ခင်ဗျား အဲဒီလိုလုပ်ကိုလုပ်ရတယ်ဆိုရင်လည်း ခင်ဗျားကုမ္ပဏီမှာ ဆုံးရှုံးစရာတွေအများကြီးရှိပါတယ်"။

"ဆရာဘာကိုဆိုလိုတာလဲ" ဦးမင်းနိုင်မေးလိုက်ပါတယ်။ သူရရှိမယ့်အကျိုးအမြတ်တွေနဲ့ သူကျင့်ဝတ်သိက္ခာကိုစောင့်ထိန်းရင် ဘယ်လောက်များများဆုံးရှုံးမလဲဆိုတာကိုပဲ သူရှင်းရှင်းလင်းလင်းမြင်နေပါတယ်။ ရွှေအတုံးအခဲက အဝေးကနေကြည့်ရင် ပဲစေ့နဲ့တူတယ်။ တစ်စင်တီမီတာလောက်ရှိတဲ့ ရွှေပဲစေ့လေးတစ်ခုဟာ ခင်ဗျားမျက်စိထဲမှာတော့ ရွှေတုံးရွှေခဲကြီးတစ်ခုလို့မြင်တယ်။ ခင်ဗျားလာဘ်ပေးခြင်းအားဖြင့် ရနိုင်မယ့်လက်တစ်ကမ်းအကွာအဝေးလောက်ကအရာအားလုံးကိုပဲ ခင်ဗျားမြင်နေရတယ်။ ဒါပေမဲ့ တကယ့်တကယ်တော့ ခင်ဗျားက ရွှေပဲစေ့လေးလောက်ကိုပဲမြင်နေတာပါ။ ခင်ဗျားက အဲဒီရွှေပဲစေ့လေးရဖို့ပဲအရူးအမူးဖြစ်လွန်းတော့ ကော်မရှင်ခမပေးခြင်းအားဖြင့် ခင်ဗျားရမယ့် အဝေးကရွှေအတုံးအခဲအကြီးကြီးကို ခင်ဗျားမမြင်တော့ဘူးပေါ့။ ခင်ဗျားအပြုအမူတိုင်းရဲ့အကျိုးဆက်တွေကိုစူးစမ်းပြီး အခြေအနေတစ်ခုလုံးကိုမြင်အောင်လေ့လာပါ။ ကော်မရှင်ပေးခြင်းအားဖြင့် ဆုံးရှုံးနိုင်မယ့်အရာ

အားလုံးနဲ့ စည်းကမ်းတွေအတိုင်းလိုက်နာဆောင်ရွက်ခြင်းအားဖြင့် လူပုဂ္ဂိုလ်အနေနဲ့ရော ကုမ္ပဏီအနေနဲ့ပါရနိုင်တဲ့ တန်ဖိုးရလဒ်ကိုသတိထားပါ"။

"ကျွန်တော် ကော်မရှင်ခမပေးရင် အကြီးမားဆုံးရနိုင်တာက စိတ်ဓာတ်တည်ငြိမ်မှုလား၊ တခြားကျွန်တော်ဘာများရနိုင်သလဲ"။

ယောဂီကြီးက သူ့ကိုခေါင်းခါပြပါတယ်။ ကိစ္စတွေကိုရှင်းရှင်းလင်းလင်းမြင်နေရတဲ့လူတစ်ယောက်က တခြားလူတစ်ယောက်အမှားတွေလုပ်ဖို့ အတင်းအကျပ်လုပ်တဲ့အခါ စိတ်မကောင်းတဲ့အမူအရာမျိုးနဲ့ပေါ့။

"အရမ်းရိုးစင်းပါတယ်ဦးမင်းနိုင်။ ပထမဆုံးကတော့ မကောင်းတဲ့အကျိုးဆက်တွေကိုစဉ်းစားပါ။ ခင်ဗျားလာဘ်ပေးတဲ့ကိစ္စကို သူတို့ဖော်ထုတ်သိရှိသွားကောင်းသွားနိုင်တယ်။ နောက် မီဒီယာထဲမှာသတင်းပါလာမယ်ဆိုတာ ခင်ဗျားတွေးမိဖူးသလား။ လူ့အသိုင်းအဝိုင်းမှာ ခင်ဗျားအတွက်မကောင်းတဲ့ပုံရိပ်တစ်ခု သူတို့ဖန်တီးနိုင်တယ်။ အဆိုးဆုံးကတော့ သူတို့က ခင်ဗျားကို ရာဇဝတ်မှုကျူးလွန်မှုနဲ့ထောင်ထဲပို့နိုင်တယ်။ ခင်ဗျားကုမ္ပဏီလာဘ်ပေးတာက ခင်ဗျားအဖွဲ့အစည်းတစ်ခုလုံးကို 'ဒီမှာငါတို့က မရိုးသားမှုနဲ့ လိမ်လည်လှည့်ဖြားမှုကိုတန်ဖိုးထားတယ်။ လာဘ်ပေးလာဘ်ယူလက်ခံတယ်' ဆိုတဲ့မကောင်းတဲ့သတင်းစကားလက်ဆောင်တစ်ခုပါးလိုက်သလိုပါပဲ။ ခင်ဗျားလူတွေကို လာဘ်လာဘတွေ လက်ခံစေချင်လား၊ အကျင့်ပျက်ခြစားတဲ့ကုန်ပစ္စည်းထောက်ပံ့သူတွေဆီကနေ အရည်အသွေးညံ့ဖျင်းတဲ့ပစ္စည်းတွေဝယ်စေချင်သလား။ ဦးမင်းနိုင်၊ ခင်ဗျားရဲ့အပြောတွေမဟုတ်ဘဲ ခင်ဗျားရဲ့ပြုမူလုပ်ဆောင်ချက်တွေကသာ ခင်ဗျားအဖွဲ့အစည်းရဲ့စံနှုန်းတွေကို သတ်မှတ်ပေးလိမ့်မယ်ဆိုတာသတိရပါ။ ရိုးသားမှုရဲ့တန်ဖိုးတွေအကြောင်း ခင်ဗျားပြောချင်သလောက်အကုန်ပြောလို့ရတယ်။ ဒါပေမဲ့ ခင်ဗျားကိုယ်တိုင်က အလုပ်နဲ့သက်သေမပြရင် ခင်ဗျားကုမ္ပဏီမှာ ဘယ်တော့မှစိမ့်ဝင်ပျံ့နှံ့လာမှာမဟုတ်ဘူး။ ခိုးမှု၊ လာဘ်ပေးလာဘ်ယူမှုနဲ့ လိမ်လည်မှုတွေကြောင့် ဆုံးရှုံးမှုတွေကို ခင်ဗျားကုမ္ပဏီဘယ်လောက်ခံနိုင်မှာလဲ။ တစ်ဖက်မှာ ခင်ဗျားလာဘ်မပေးခြင်းအားဖြင့် ရရှိမယ့်အကျိုးတရားတွေအားလုံးကိုကြည့်ကြည့်ပါ။ ခင်ဗျားဆုံးဖြတ်ချက်အပေါ် ကျေနပ်မှု၊ ခင်ဗျားကိုယ်တိုင်အေးချမ်းမှုတွေအပြင် ခင်ဗျားအဖွဲ့

အစည်းနဲ့ အံဝင်ခွင်ကျဖြစ်မယ့်နေမှုနာကောင်းတစ်ခုကို ခင်ဗျားပေးနိုင်လိမ့်မယ်။ ခင်ဗျားလူတွေက ခင်ဗျားအပေါ် ခေါင်းဆောင်တစ်ယောက်အနေနဲ့ ယုံကြည်မှုတိုးလာလိမ့်မယ်။ ခင်ဗျားကုမ္ပဏီမှာ တကယ်လိုချင်တဲ့စံနှုန်းတွေကို ဝန်ထမ်းတွေလေးစားလိုက်နာအောင် ခင်ဗျားသင်ပေးနိုင်လိမ့်မယ်။ ခင်ဗျားအဖွဲ့အစည်းမှာ နားလည်မှုနဲ့ပေါင်းစည်းနိုင်လိမ့်မယ်။ ခင်ဗျားစိတ်ရဲ့စံနှုန်းတွေအတိုင်း လုပ်ဆောင်နိုင်လိမ့်မယ်။ ကံကံရဲ့အကျိုးအတိုင်း ပိုမိုကောင်းမွန်တဲ့ရလဒ်ကောင်းတွေ ခင်ဗျားရလိမ့်မယ်။ ဦးမင်းနိုင် အခုဆိုရင် လာဘ်ပေးခြင်းအားဖြင့် ခင်ဗျားမှာဆုံးရှုံးမှုပိုများတယ်ဆိုတာ ခင်ဗျားမတွေးမိဘူးလား"။ ဦးမင်းနိုင်ခေါင်းမာမာနဲ့ပဲအဆုံးသတ်လိုက်ပါတယ်။ တကယ်တော့သူ့စိတ်ထဲမှာစကားပြောကတည်းက ဒီကိစ္စရဲ့အကြောင်းရင်းအားလုံးကို စူးစမ်းဖော်ထုတ်ချင်နေခဲ့တာပါ။

"ဒီလိုမျိုးနောက်ဆက်တွဲအကျိုးဆက်တွေကို ကျွန်တော်တစ်ခါမှမစဉ်းစားမိဘူး"။

"မြင်းတွေပြိုင်ကြတဲ့အခါ သူတို့ရဲ့ဘေးဘက်မြင်ကွင်းတွေကိုမမြင်ရအောင်မျက်ကာတပ်ထားကြတယ်။ ပြိုင်မြင်းစီးသူတွေဟာ တစ်ချိန်လုံး သူတို့မြင်းကိုအရှေ့ပဲကြည့်စေချင်ပြီး ပန်းတိုင်ကိုပဲရှေးရှုစေချင်တယ်။ ဘေးဘယ်ညာကြည့်ပြီး အာရုံမပြောင်းစေချင်ဘူး။ အမှုဆောင်တွေမှာဖြစ်နေတာလည်း အဲဒီအတိုင်းပဲ။ သူတို့ဆီမှာမျက်ကာတွေရှိနေတယ်။ ဒါကြောင့် သူတို့ရဲ့ရည်မှန်းချက်ပန်းတိုင်တွေနဲ့ ရလဒ်တွေပဲမြင်နိုင်တော့တယ်။ သူတို့ရဲ့ဆုံးဖြတ်ချက်တွေကိုချမှတ်တဲ့အခါ လူတွေရဲ့ရှုထောင့်အမြင်တွေကို ဘေးဖယ်ထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့စိတ်ပိုင်းဆိုင်ရာအကာတွေက အခြေအနေတစ်ခုလုံးကိုမြင်ဖို့မဖြစ်နိုင်အောင်လုပ်ထားတယ်။ ဦးမင်းနိုင် ခင်ဗျားရဲ့မျက်ကာတွေကိုချွတ်လိုက်ပါ။ အစစ်အမှန် အရှိတရားတွေကို ခင်ဗျားမြင်လာလိမ့်မယ်။ ပန်းတိုင်ကိုရောက်ဖို့အတွက် တစ်လမ်းသွားကိစ္စမဟုတ်ဘူးဆိုတာ ခင်ဗျားမြင်လာလိမ့်မယ်။

သူ့ဆရာရဲ့နှစ်လိုဖွယ်ကောင်းတဲ့ကျင့်ဝတ်ဆိုင်ရာအယူအဆကြောင့် ဦးမင်းနိုင်အံ့အားသင့်သွားပါတယ်။ အဲဒီအကြောင်းအရာအားလုံးက သူ့အတွက်အသစ်တွေ

ချည်းပါပဲ။ စီးပွားရေးနဲ့ကျင့်ဝတ်ဆိုတာ သူ့ဘဝမှာအမြဲတမ်းတသီးတခြားစီဖြစ်နေတဲ့ ရှုထောင့်နှစ်ခုပါ။ အပြုအမူအဆင့်အတန်းနှစ်မျိုးနှစ်ခွနဲ့နေထိုင်ခဲ့တယ်ဆိုတာ ဦးမင်းနိုင်သတိထားမိပါတယ်။ ကျင့်ဝတ်ဆိုတာ မိသားစု၊ အိမ်နဲ့ မိတ်ဆွေတွေအတွက်ပါ။ တခြားတစ်ဖက်ဖြစ်တဲ့ စီးပွားရေးလုပ်ငန်းမှာတော့ အားလုံးကိုခွင့်ပြုတယ်။ စံချိန်စံညွှန်းတွေကိုသုံးတဲ့တစ်ခုတည်းသောနေရာကတော့ မန်နေဂျာတွေရဲ့ရုံးခန်းထဲကချိတ်ဆွဲထားတဲ့ချစ်စရာဘောင်လေးတွေထဲမှာပဲဖြစ်ပါတယ်။ ရုတ်တရက် မရေရာမသေချာတဲ့ခံစားချက်တစ်ခု သူ့မှာရှိနေပါတယ်။ သူတော်တော်လေးစိတ်မသက်မသာခံစားနေရပါတယ်။

"စိတ်ပိုင်းဆိုင်ရာအကာတွေရှိနေတဲ့အတွက်ကြောင့် ငါ့ရဲ့စည်းမျဉ်းစည်းကမ်းတွေ အတိုင်းမပြုမူဘဲ ဖိုးနင်းခွက်နင်း ဘယ်နှကြိမ်များလုပ်ပြီးပြီလဲ" လို့သူတွေးနေပါတယ်။

ကုမ္ပဏီက နောက်ထပ်ဘေးကျပ်နံကျပ်ကိစ္စတစ်ခုအတွက် ဆရာ့ဆီက အကြံဉာဏ်တောင်းချင်တာကို သူသတိရလိုက်ပါတယ်။ ဝန်ထမ်းလျှော့တဲ့အကြောင်းကို ဝန်ထမ်းတွေကိုကြိုအသိပေးသင့်၊ မပေးသင့်ဆိုတာပါ။ ဦးမင်းနိုင် ယောဂီကြီးကို အသေးစိတ်ပြောပြပါတယ်။ ယောဂီကြီး သေချာနားထောင်ပါတယ်။ ဒါပေမဲ့ ဖြေမယ့်အစားနောက်ထပ်မေးခွန်းမေးပါတယ်။

"ဦးမင်းနိုင်၊ ကျွန်တော်ခင်ဗျားကို နောက်ဆုံးပေးခဲ့တဲ့အစေ့က ဘာအပင်လဲဆိုတာ ခင်ဗျားအခုသိပြီလား"။

"နေကြာပင်ပါဆရာ၊ ပေးချင်တဲ့သင်ခန်းစာကတော့ လုပ်ဆောင်ချက်တွေကို ရှေးရှုတာ၊ ဒါမှမဟုတ် ဘဝရဲ့အလင်းရောင်တစ်ခုခုနဲ့ပတ်သက်မယ်လို့ထင်တယ်"။

"မှန်ပါတယ်။ ခင်ဗျားရဲ့လုပ်ဆောင်ချက်တွေမလာခင် ဆုံးဖြတ်ချက်တွေ အရင်လာတယ်။ ဘဝမှာ ဘယ်လိုပြဿနာတွေ၊ အခိုက်အတန့်တွေပဲဖြစ်ဖြစ် ပြဿနာမဟုတ်သလို ကိုယ့်ကိုယ်ကိုယ်ရှာတွေ့တဲ့ ဘယ်အချိန်မှာပဲဖြစ်ဖြစ် အင်အားကြီးမားတဲ့တစ်စုံတစ်ခုဆိုတဲ့အလင်းရောင်ဆီရှေးရှုတဲ့ ကျွန်တော်တို့ရဲ့ဆုံးဖြတ်ချက်ကို အမြဲရှေးရှုရမယ်ဆိုတာ နေကြာပန်းက သတိပေးပါတယ်။ ကျွန်တော်တို့လမ်းကြောင်းကို

ထွန်းညှိပေးမယ့်အလင်းရောင်ကို ကျွန်တော်တို့အမြဲရှာသင့်တယ်။ ကျင့်ဝတ်ပိုင်းဆိုင်ရာဘေးကျပ်နံကျပ်အားလုံးမှာ လိုအပ်တဲ့စံနှုန်းတွေဟာ တစ်ခုနဲ့တစ်ခုထိပ်တိုက်တွေ့တတ်တယ်။ ခင်ဗျားစိတ်ရဲ့အနက်ရှိုင်းဆုံးနဲ့ အနီးကပ်ဆုံးက ဘယ်လမ်းဖြစ်မလဲဆိုတာ ခင်ဗျားဆုံးဖြတ်ရလိမ့်မယ်"။

"ဒါပေမဲ့ ကျွန်တော့်စိတ်နဲ့အနီးစပ်ဆုံးလမ်းတွေကို ကျွန်တော်ဘယ်လိုသိနိုင်မလဲ"။

ယောဂီကြီးက တစ်ချိန်လုံး စကားပြောလျက်နဲ့ဖြည်းညင်းစွာရပ်လိုက်ပါတယ်။ ဦးမင်းနိုင်ဟာ အမြဲတမ်း ယောဂီကြီးကိုထိုင်လျက်အနီးကပ်ပဲတွေမြင်နေကျမို့ အရပ်အမောင်းက သာမန်ပဲလို့ထင်ထားပေမဲ့ သူထင်တာထက်ထွားကြိုင်းတယ်လို့ ရုတ်တရက်ထင်လိုက်ပါတယ်။ ဒါပေမဲ့ စကားလုံးတွေနဲ့လွှမ်းခြုံပြီး ကူရှင်ပေါ်ကမြင်ရတဲ့ ယောဂီကြီးရဲ့ပုံရိပ်ဟာ ကြီးမားပါတယ်။

"အဲဒါလွယ်တော့မလွယ်ဘူး။ ဒါပေမဲ့ သေချာတဲ့စံမှတ်ကျောက်တစ်ခုကိုတော့ ခင်ဗျားယူနိုင်တယ်။ ဥပမာ- ဘေးကျပ်နံကျပ်တစ်ခုခုမှာ ဘယ်အရာကသူတို့ရဲ့ဒုက္ခကိုဖြေလျှော့ပေးနိုင်ပြီး လူတွေအမြောက်အမြားကိုအကူအညီပေး၊ အကျိုးဖြစ်ထွန်းစေမလဲဆိုတာ ခွဲခြားစိတ်ဖြာဖို့ ကြိုးစားရမယ်။ ကျွန်တော်တို့အားလုံးဟာ အရင်းအမြစ်တစ်ခုတည်းကလာပြီး တကယ့်တကယ်မှာ တစ်ခုတည်းပဲဖြစ်တယ်ဆိုတာသတိရပါ။ တစ်ဦးတစ်ယောက်ချင်းစီရဲ့ပျော်ရွှင်မှုတွေကိုရှာဖွေတာက လူ့စိတ်နဲ့အံ့ဝင်ခွင်ကျဖြစ်ပါတယ်။ ဘေးကျပ်နံကျပ်ကိုကိုင်တွယ်ဖြေရှင်းတဲ့နောက်တစ်နည်းကတော့ စိတ်ရဲ့မွေးရာပါအရည်အသွေးတွေဖြစ်တဲ့ ငြိမ်းချမ်းမှု၊ မေတ္တာ၊ ပျော်ရွှင်မှု၊ ကြင်နာမှုနဲ့ စူးစိုက်နှစ်မြှုပ်ထားမှုတွေကို သတိရနေဖို့ပဲဖြစ်ပါတယ်။ ဘေးကျပ်နံကျပ်ကိုဖြေရှင်းတဲ့ ဘယ်နည်းလမ်းက အဲဒီအရည်အသွေးဆီပိုမိုရှေးရှုသလဲဆိုတာတွက်ဆပါ။ စိတ်ပိုင်းဆိုင်ရာစံနှုန်းတွေနဲ့ထိပ်တိုက်တွေ့တဲ့အခါ ကျွမ်းကျင်မှုနဲ့အမြော်အမြင်လိုအရေးပါတဲ့စံနှုန်းတွေကို ကျွန်တော်တို့မကြာခဏရှာဖွေပါတယ်။ ဒီကိစ္စတွေမှာ အချက်တစ်ချက်ကိုဘယ်တော့မှမျက်ကွယ်မပြုပါနဲ့။ ဘဝမှာစစ်မှန်တဲ့ပန်းတိုင်ဟာ ခင်ဗျားရဲ့စိတ်ဖွံ့ဖြိုးတိုးတက်ဖို့ပဲ။ စီးပွားရေးဆိုတာ ပန်းတိုင်မဟုတ်ဘူး။ ဒါပေမဲ့

ပန်းတိုင်ရောက်ဖို့အတွက်နည်းလမ်းပဲ။ နောက်ဆုံး ခင်ဗျားသုံးရမယ့်ရွှေစည်းမျဉ်းကတော့ *'ကိုယ့်ကိုဆက်ဆံစေချင်သလိုမျိုး သူများကိုလည်းဆက်ဆံပါ'*။ ဒီဥပဒေသက ကျွန်တော်တို့လူသားအားလုံးရဲ့စိတ်ပိုင်းဆိုင်ရာအယူအဆဆီတစ်ဖန်ပြန်ဆောင်ကြဉ်းပေးလိမ့်မယ်။ ဥပမာ- ခင်ဗျားကျွန်တော့်ကိုပြောပြတဲ့ဘေးကျပ်နကျပ်ကိစ္စမှာ ဘယ်လိုစံနှုန်းမျိုးတွေက နှစ်ဦးနှစ်ဝအဆင်ပြေနိုင်မလဲ"။

"လူလျှော့တဲ့ကိစ္စမှာ" ဦးမင်းနိုင်ကပြန်ဖြေပါတယ် "ဝန်ထမ်းလျှော့မယ့်ကိစ္စကိုကြိုအသိပေးရင် ဝန်ထမ်းတွေအပေါ် သစ္စာစောင့်သိမှု၊ မေတ္တာ၊ ကရုဏာ၊ လေးစားမှုစံနှုန်းတွေနဲ့ ကုမ္ပဏီရဲ့အကျိုးအမြတ်နဲ့ အချိန်တိုတိုထိရောက်မှုတွေဟာ တစ်ခုနဲ့တစ်ခုအပြန်အလှန်ထိပ်တိုက်တွေ့မယ့်စံနှုန်းတွေဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဘယ်ဆုံးဖြတ်ချက်က ခင်ဗျားလူတွေပိုအကျိုးဖြစ်ထွန်းသွားမယ်၊ ဒါမှမဟုတ် လူတွေထိခိုက်မှုကိုပိုပြီးလျှော့ချနိုင်မယ်လို့ ခင်ဗျားယုံပါသလဲ။ တကယ်လို့ ခင်ဗျားအနေနဲ့ သူတစ်ပါးနေရာမှာဝင်ကြည့်ပြီး မေးခွန်းမေးရမယ်ဆိုရင် ခင်ဗျားဘယ်လိုဆက်ဆံချင်လဲ။ ဘယ်လမ်းက ခင်ဗျားရဲ့မွေးရာပါစိတ်နှလုံးအရည်အသွေးတွေနဲ့ သဟဇာတပိုဖြစ်မယ်လို့ယူဆသလဲ။ ဘယ်လမ်းကနေကြာပန်းရဲ့အလင်းရောင်ဆီ ဦးတည်တာနဲ့ အလားသဏ္ဍာန်တူသလဲ"။

"အဲဒါကတော့ အသိသာကြီးပါဆရာ။ တကယ်လို့ ကျင့်ဝတ်အတိုင်းကျွန်တော်လုပ်ဆောင်မယ်ဆိုရင် ကုမ္ပဏီရဲ့ကုန်ထုတ်စွမ်းအားကို ကျွန်တော်တစ်ခါထပ်စတေးရပါလိမ့်မယ်"။

ယောဂီကြီးက ကူရှင်ပေါ်တစ်ဖန်ပြန်ထိုင်လိုက်ပြီး ခြေေ ာက်ကိုချိတ်လိုက်ပါတယ်။

"ခင်ဗျားအဝေးပြေးလမ်းမပေါ် ကားမောင်းနေတုန်း ကျောက်တုံးတစ်တုံးကိုတိုက်မိလို့ ဆီတိုင်ကီပေါက်ပြီးပျက်စီးသွားတယ်လို့မြင်ကြည့်လိုက်ဗျာ။ တကယ်လို့ခင်ဗျား သတိမထားမိလိုက်ရင် အရှိန်ပြင်းပြင်းနဲ့ဆက်သွားနေလိမ့်မယ်။ ခင်ဗျားကီလိုမီတာအနည်းငယ်ရွေ့ရောက်သွားမယ်ဆိုတာတော့ ကျွန်တော်အသေအချာပြောရဲတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ အင်ဂျင်စက်တုံ့ခနဲရပ်သွားမယ်။ တကယ်လို့

ခင်ဗျားရပ်ပြီး ဆီပေါက်ကိုဖာမယ်ဆိုရင် ကားကပြန်ကောင်းပြီး ခရီးဝေးကိုဆက်သွားနိုင်လိမ့်မယ်။ ကုမ္ပဏီတစ်ခုမှာလည်း ယုံကြည်မှုဆိုတာ ကားအင်ဂျင်စက်ရဲ့ဆီနဲ့တူတယ်။ ယုံကြည်မှုမရှိရင် သဘောထားကွဲလွဲမှု၊ ပဋိပက္ခ၊ ယိုယွင်းပျက်စီးမှုတွေပဲ ခင်ဗျားကြုံရလိမ့်မယ်။ အစစအရာရာနှေးကွေး၊ တန်ဖိုးကြီးကြီးပေးဆပ်ရပြီး အဖွဲ့အစည်းအဆုံးသတ်ဇာတ်သိမ်းသွားလိမ့်မယ်။

ခင်ဗျားသူတို့ကိုဖြုတ်ထုတ်ဖို့စဉ်းစားနေတဲ့အကြောင်း ခင်ဗျားဝန်ထမ်းတွေကိုတစ်ပတ်ကြိုပြောတာဟာ ကုမ္ပဏီမှာကျန်နေတဲ့သူတွေကို ခင်ဗျားဟာ ယုံလို့မရဘူးဆိုတဲ့ နောက်ထပ်အဓိပ္ပာယ်ဆောင်တဲ့သတင်းစကားတစ်ခုကို ခင်ဗျားဖြန့်နေတာနဲ့အတူတူပဲ။ အဲဒီနေ့ညနေမှာပဲ သူတို့လည်း အလားတူဖြစ်ကောင်းဖြစ်နိုင်တယ်။ သူတို့အနည်းဆုံးမျှော်လင့်ထားပေမဲ့ ခင်ဗျားအဖွဲ့အစည်းကနေ အထုတ်ခံကောင်းခံရနိုင်တယ်။ ခင်ဗျားယုံကြည်တဲ့စံနှုန်းတွေဟာ လိမ်ညာမှု၊ ကြီးကိုင်ခြယ်လှယ်မှု၊ အရိုအသေမဲ့မှု၊ သစ္စာမဲ့မှု၊ တစ်ကိုယ်ကောင်းဆန်မှုတွေပဲလို့ ခင်ဗျားရဲ့အပြုအမူတွေနဲ့ သူတို့ကိုပြပေးနေတယ်။ လေးလလောက်ကုန်ထုတ်စွမ်းအားကျမယ့်ဆုံးရှုံးမှုကိုပဲစိုးရိမ်ပြီး ရွှေပဲစေ့ကိုပဲအာရုံစိုက်နေတယ်။ ဒါပေမဲ့ ယုံကြည်မှုပျက်ယွင်းတာကြောင့် ခင်ဗျားကုမ္ပဏီကိုထိခိုက်မယ့် ကြီးမားတဲ့ဆုံးရှုံးမှုကိုတော့ ခင်ဗျားသဘောမပေါက်ဘူး။ ခင်ဗျားဆုံးရှုံးရမယ့်အရာအားလုံးကိုကြည့်လိုက်၊ ခင်ဗျားရဲ့ဘုတ်အဖွဲ့အစည်းအဝေးခန်းကိုကြည့်လိုက်ပါ။ အဲဒီမှာ တခြားအခန်းတစ်ခန်းနဲ့ခြားထားတဲ့ မှန်ကြီးတစ်ချပ်ရှိမယ်။ တကယ်လို့ အဲဒီမှန်ကြီးက ကြည့်မှန်ကြီးဆိုရင် တခြားအခန်းဘက်ကနေခင်ဗျားကိုဘယ်သူကြည့်နေသလဲဆိုတာသိမှာမဟုတ်ဘူး။ တကယ်လို့ မှန်က အမည်းရောင်ဆိုရင် တစ်ဖက်ခန်းမှာဘာဖြစ်နေသလဲဆိုတာ မြင်အောင်၊ ကြည့်နိုင်အောင် စီမံနိုင်လိမ့်မယ်။ အနည်းဆုံးတော့ တစ်ခုခုဖြစ်နေတယ်ဆိုတာ ခင်ဗျားသိနိုင်လိမ့်မယ်။ နောက်ဆုံးမှာ မှန်ကဖောက်ထွင်းမြင်နိုင်တယ်ဆိုရင် တစ်ဖက်ခန်းမှာဖြစ်ပျက်နေသမျှအရာရာကို ခင်ဗျားမြင်နိုင်လိမ့်မယ်။ မေးစရာရှိတာက ဘယ်အရာက ခင်ဗျားအတွက်ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအဖြစ်စေနိုင်ဆုံးလဲ"။

"ဖောက်ထွင်းမြင်နိုင်တဲ့နံရံတွေနဲ့အခန်းပေါ့" ဦးမင်းနိုင်ကပြန်ဖြေပါတယ်။

"ဦးမင်းနိုင်၊ ခေါင်းဆောင်ဆိုတာ ဖောက်ထွင်းမြင်နိုင်တဲ့မှန်တစ်ချပ်နဲ့တူရမယ်။ ဝန်ထမ်းတွေမမြင်အောင် ဘာမှဖုံးကွယ်မထားရဘူး။ ခင်ဗျားမှာ ပြဿနာ၊ ဒါမှမဟုတ် အခက်အခဲရှိရင်ဖြစ်စေ၊ စီးရိမ်စရာနောက်ဆက်တွဲအကျိုးဆက်တွေရှိတဲ့ဆုံးဖြတ်ချက်တွေချမှတ်ရရင်ဖြစ်စေ သူတို့ကိုဖွင့်ပြောအသိပေးရမယ်။ ခင်ဗျားကုမ္ပဏီမှာ ယုံကြည်မှုပြုစုပျိုးထောင်တာက ခင်ဗျားအတွက် အဖိုးတန်ဆုံးပိုင်ဆိုင်မှုဖြစ်လိမ့်မယ်။ ဒါကြောင့် ချုံ့ပြောရရင် စိတ်ပိုင်းဆိုင်ရာဘေးကျပ်နံကျပ်ဖြစ်စေတဲ့စီးပွားရေးဆုံးဖြတ်ချက်တစ်ခုနဲ့ကြုံတွေ့ရတဲ့အခါ ပထမဆုံးပြဿနာကိုသေသေချာချာနားလည်အောင်လုပ်ပြီးတော့မှ ဘယ်စံနှုန်းတွေဟာ ကွဲလွဲနေသလဲဆိုတာ ခွဲခြမ်းစိတ်ဖြာပါ။ ပြီးရင် ဆုံးဖြတ်ချက်တိုင်းရဲ့အကောင်း၊ အဆိုးအကျိုးဆက်တွေကို စိစစ်ကြည့်ပါ။ ရေတိုမရပ်တည်ပါနဲ့၊ ရေရှည်ရလဒ်တွေကိုပဲစဉ်းစားပါ။ စီးပွားရေးရလဒ်တွေကိုစိစစ်ဖို့ပဲ ကိုယ့်ကိုယ်ကိုယ်ကန့်မထားပါနဲ့။ ခင်ဗျားရဲ့လုပ်ဆောင်ချက်တွေနဲ့အတူပေးမယ့် စစ်မှန်တဲ့သတင်းစကားကိုလည်းစဉ်းစားပါ။ ပြီးရင် ရွေးချယ်စရာဘေးကျပ်နံကျပ်နှစ်ခုမှာ ဘယ်ဟာကလူအများရဲ့ဒုက္ခကိုလျော့နည်းစေတယ်၊ ဒါမှမဟုတ် ဘယ်အရာကတော့ ပျော်ရွှင်မှုကိုတိုးပွားစေတယ်ဆိုတာ ခွဲခြမ်းစိတ်ဖြာပါ။ ဘယ်ရွေးချယ်မှုကမေတ္တာနဲ့ ကရုဏာဆိုတဲ့စိတ်အရည်အသွေးနဲ့ အကောင်းဆုံးချိန်ညှိနိုင်မလဲစိစစ်ပါ။ တကယ်လို့ ခင်ဗျားဟာ ပြဿနာမှာ တကယ့်ဇာတ်ကောင်နေရာကဆိုရင် ခင်ဗျားကိုဘယ်လိုတုံ့ပြန်စေချင်လဲဆိုတာ ခင်ဗျားကိုယ်ခင်ဗျားမေးပါ။ နောက်ဆုံးအနေနဲ့ ခင်ဗျားရဲ့စိတ်နှလုံးနဲ့ ဝမ်းတွင်းအသိကိုမေးကြည့်ပါ။

"ဘယ်ရွေးချယ်မှုက ခင်ဗျားကိုညဘက်ကောင်းကောင်းအိပ်ပျော်စေသလဲ၊ ဒါမှမဟုတ် နေ့စဉ်ကိုယ့်ကိုယ်ကိုယ် မှန်မှာပြန်ကြည့်ရဲစေနိုင်သလဲ"။

သူ့ဆရာရဲ့ကိုင်တွယ်ဖြေရှင်းနည်းတွေကို အပြည့်အဝသုံးသင့်တယ်လို့ သူခံစားမိပါတယ်။ ဒါမှ အဖြေလွယ်လွယ်လေးပေးပြီး ရောင့်ရဲမနေတော့မှာပါ။ ပြဿနာအတွင်းထဲ နက်နက်ရှိုင်းရှိုင်းရောက်တဲ့အထိ သူ့ရဲ့ပြင်းခုံမှုအားလုံးကိုဖော်ထုတ်ရတာပိုကြိုက်ပါတယ်။ အပြည့်အဝနားလည်သဘောပေါက်ခြင်းကသာ သူနောင်ဖမှားတွေကိုကာကွယ်ပေးနိုင်လိမ့်မယ်ဆိုတာ သူသိပါတယ်။

"ဒါပေမဲ့ ဒီစိစစ်မှုတွေအားလုံးနဲ့တောင် တစ်စုံတစ်ခုကျွန်တော်မဆုံးဖြတ်. . ." ဦးမင်းနိုင်စမေးမလို့ရှိတုန်း ယောဂီကြီးက သူ့နှုတ်ဖျားမှာအဖြေရှိပြီးနေသလိုမျိုး ဦးမင်းနိုင်ကိုဖြတ်ပြောလိုက်ပါတယ်။

"ပြီးရင် ဘေးကျပ်နံကျပ်ကနေထွက်နိုင်အောင်လေ့လာပြီး ဖန်တီးမှုအပြည့်နဲ့ တခြားရွေးချယ်စရာတွေကိုရှာပါ။ အဲဒါကိုရွေးချယ်စရာသုံးခု၊ ဒါမှမဟုတ် လေးခုလုပ်ကြည့်ပါ။ ဥပမာ- ဝန်ထမ်းအလုပ်ဖြုတ်တဲ့ကိစ္စမှာ ခင်ဗျားကုန်ကျစရိတ်လျှော့ချဖို့လိုတယ်။ ပြီးတော့ ဖြစ်နိုင်ခြေနှစ်ခုပဲမြင်တယ်။ သူတို့ကိုအလုပ်ဖြုတ်ကြောင်း ဝန်ထမ်းတွေကိုကြိုပြောမယ်။ ဒါမှမဟုတ် တစ်ပတ်ကြိုပြောမယ်။ ဒါပေမဲ့ ဘာကြောင့် အဲဒီဘေးကျပ်နံကျပ်ထဲမှာပဲနစ်နေတာလဲ။ လူတွေနဲ့စကားပြောဖို့အခွင့်အလမ်းနဲ့ တတိယရွေးချယ်မှုကို သူတို့ကိုကမ်းလှမ်းဖို့ ခင်ဗျားဘာကြောင့်မတွေးတာလဲ။

ဆရာ့ရဲ့တွေးခေါ်မြော်မြင်မှုကို ဦးမင်းနိုင်အံ့အားသင့်နေပါတယ်။

"ဒါပေမဲ့ ကျွန်တော် တခြားဘာများလုပ်နိုင်မှာလဲ။ ကျွန်တော့်မှာ တခြားရွေးချယ်စရာမှမရှိတာ"။

"အလုပ်မဖြုတ်ဘဲ ခဏတစ်ဖြုတ်လစာလျှော့ဖို့ ခင်ဗျားဘာဖြစ်လို့မစဉ်းစားတာလဲ။ အဲဒါက ခင်ဗျားကုမ္ပဏီအတွက် ငွေကြေးစုဆောင်းနိုင်တာပဲလေ"။

သူ့လိုစွန့်ဦးတီထွင်တစ်ယောက်၊ စွန့်ဦးတီထွင်တွေရဲ့သားမြေးတစ်ယောက်က အခုလိုလက်တွေ့ကျတဲ့လျှပ်တစ်ပြက်အဖြေမျိုး ဘာကြောင့်မလုပ်နိုင်တာလဲဆိုတာ သူ့ကိုယ်သူ ရုတ်တရက်နားမလည်နိုင်လောက်အောင် ဦးမင်းနိုင်ခံစားနေရပါတယ်။ ဒါပေမဲ့ အခုဒီမှာတော့ လိမ္မော်ရောင်သင်တိုင်းအကျီနဲ့ ခြေထောက်ချိတ်ထိုင်နေတဲ့ မုတ်ဆိတ်ဖြူဖြူလူတစ်ယောက်က သူ့ကိုစိတ်ပိုင်းဆိုင်ရာနယ်ပယ်ကတစ်ဆင့် နည်းလမ်းပြပေးနိုင်ရုံသာမက သူ့အတွက် ကုမ္ပဏီက ပြဿနာပဋိပက္ခတွေကိုင်တွယ်နိုင်မယ့် ထိရောက်တဲ့နည်းလမ်းတွေကိုလည်း စိတ်ကူးရပါတယ်။

"ဆရာက စီးပွားရေးလောက လုပ်ငန်းအဖွဲ့အစည်းတွေအကြောင်း ကောင်းကောင်းသိသလိုမျိုးပြောနိုင်တယ်နော်။ ဘယ်လိုများပြောနိုင်တာလဲ"။

ယောဂီကြီးက ရယ်ခဲပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ ကလေးတစ်

ယောက်လို အပြစ်ကင်းစင်မှုနဲ့ အလိုအလျောက်ပြုံးပါတယ်။ ယောဂီကြီးအဖြေကို နားထောင်နေတုန်း ယောဂီကြီးရဲ့အပြုံးလိုမျိုး လူတစ်ယောက်ရဲ့စိတ်စင်ကြယ်မှုကို ဘယ်အရာမှရှင်းရှင်းလင်းလင်း ဖော်ထုတ်ပြနိုင်မှာမဟုတ်ဘူးလို့ ဦးမင်းနိုင်တွေးနေမိပါတယ်။ "ကျွန်တော်စိတ်ပိုင်းဆိုင်ရာလောကမှာရှိနေတယ်ဆိုတဲ့အချက်က တခြားနယ်ပယ်တွေမှာ အတွေ့အကြုံမရှိဘူးဆိုတဲ့အဓိပ္ပာယ်မဟုတ်ပါဘူး" လို့ ဦးမင်းနိုင်အံ့အားသင့်သွားအောင် ယောဂီကြီးကပြောလိုက်ပါတယ်။ "ကုမ္ပဏီတွေ၊ ကော်ပိုရေးရှင်းတွေဆိုတာ လူတွေနဲ့ဖွဲ့စည်းထားတာပါ။ လူတစ်ယောက်မှာ အဓိကကစိတ်ပဲ။ ကျွန်တော်ကျွမ်းကျင်တာကလည်း အဲဒီစိတ်အကြောင်းပါပဲ"။

"အဲဒါအမှန်ပဲ" ယောဂီကြီးရဲ့စကားတွေမှာ ဒီထက်မက တစ်စုံတစ်ရာရှိသေးတယ်ဆိုတာသတိမမူမိတော့ဘဲ ဦးမင်းနိုင်ကဆက်ပြောပါတယ်။ "လစာလျှော့တဲ့ ဖြေချယ်စရာနည်းလမ်းက ကျွန်တော်မစဉ်းစားမိတဲ့အရာပါ။ ကျွန်တော် အဲဒါကိုချိန်ဆကြည့်ပါ့မယ်"။

ယောဂီကြီးက တစ်ဖန်ပြောပြန်ပါတယ် "ကျွန်တော်တို့စိုက်ပျိုးခဲ့ကြတဲ့ ပထမဆုံးသစ်စေ့လေးစေ့က ခင်ဗျားရဲ့စိတ်ပိုင်းဆိုင်ရာအနှစ်သာရကိုပေါ်လာအောင် ကူညီဆောင်ကြဉ်းပေးတယ်။ ပြီးတော့ ခင်ဗျားရဲ့စိတ်ဝိညာဉ်နဲ့ဆက်သွယ်ပေးပြီး ငြိမ်းချမ်းမှုနဲ့ ပျော်ရွှင်မှုတွေခံစားစေတယ်။ *'ကျင့်ဝတ်ညီတဲ့ဆုံးဖြတ်ချက်တွေချမှတ်ခြင်း'* ဆိုတဲ့နေကြာစေ့ကတော့ နောက်ထပ်ခြေလှမ်းတစ်လှမ်းပေါ့။ အဲဒါက ခင်ဗျားဘဝမှာလုပ်ဆောင်ချက်တွေကို အနှစ်သာရရှိအောင်ပေါင်းစည်းပြီး နေထိုင်နိုင်ဖို့ရည်ရွယ်ပါတယ်။ တစ်နည်းပြောရရင် ရှေ့ပိုင်းတုန်းကတော့ အလင်းရောင်နဲ့တောက်ပမှုကိုဖြစ်စေတဲ့ အတွင်းပိုင်းမီးသီးကိုသန့်ရှင်းရေး ကျွန်တော်တို့လုပ်ခဲ့ကြပါတယ်။ အခုတော့ ခင်ဗျားရဲ့လမ်းခရီးက လင်းထိန်နေတယ်ဆိုတာ သေချာသွားအောင်နေကြာစေ့ကနေ ခင်ဗျားဘဝခရီးလမ်းမှာ အလင်းရောင်ဆောင်ကြဉ်းပေးလိမ့်မယ်။

ယောဂီကြီးကမတ်တတ်ရပ်လိုက်ပါတယ်။ ပြီးတော့ ဖန်ခွက်၊ ရေစစ်နဲ့လိမ္မော်ရည်ကရားရှိတဲ့စားပွဲဆီသွားပါတယ်။ ကရားထဲကဖျော်ရည်ကိုရေစစ်နဲ့စစ်လိုက်ပြီး ဖန်ခွက်ထဲလောင်းထည့်လိုက်ပါတယ်။ ယောဂီကြီးက ရေစစ်ကို ဦးမင်းနိုင်ကိုပြလိုက်ပါတယ်။

"ရေစစ်ထဲမှာကျန်ခဲ့တဲ့ဖျော့ရည်ရဲ့အဖတ်တွေကိုကြည့်ပါ။ အခု ခင်ဗျား ဖျော်ရည်ကောင်းကောင်းသောက်နိုင်ပြီ"။ ယောဂီကြီးက စားပွဲပေါ်မှာ ဖန်ခွက်ကို ထားခဲ့ပြီးဆက်ပြောပါတယ်။ "ခင်ဗျားဘဝတစ်လျှောက်လုံးမှာလုပ်ရမယ့်ဆုံးဖြတ်ချက်အမျိုးမျိုးအတွက် ဒီရေစစ်လို ခင်ဗျားရဲ့စိတ်စံတွေကိုအသုံးပြုပါ။ ခင်ဗျားစံနှုန်းတွေနဲ့အံမဝင်မယ့် ဘယ်ဆုံးဖြတ်ချက်မျိုးကိုမှမလုပ်ပါနဲ့။ တည်ငြိမ်အေးချမ်းမှုကို ခံစားပြီး ကျင့်ဝတ်နဲ့အညီနေထိုင်ခြင်းရဲ့အကျိုးရလဒ်တွေကိုရယူပါ"။

ယောဂီကြီးက သူ့သစ်စေ့သေတ္တာကိုထုတ်လိုက်ပြီး ထုံးစံအတိုင်း သတင်းစာပတ်ထားတဲ့အစေ့တစ်ခုကို ဦးမင်းနိုင်ကိုပေးလိုက်ပါတယ်။ ပြီးတော့ အဆုံးသတ်စကားပြောလိုက်ပါတယ် "ဒီသစ်စေ့ကတော့ အညှောက်ပေါက်ပြီးကြီးထွားဖို့ အချိန်တော်တော်ယူလိမ့်မယ်။ အဲဒါက ခင်ဗျားသင်ယူပြီးသမျှတွေကိုလေ့ကျင့်ဖို့ အချိန်ကောင်းကောင်းပေးလိမ့်မယ်။ နေ့တိုင်းတရားအားထုတ်ပြီး ကျွန်တော်ခင်ဗျားကိုသင်ပြခဲ့ပြီးသမျှကိုကျင့်သုံးပါ။ ဘာအပင်လဲဆိုတာခင်ဗျားသိရင် အဲဒီကပေးတဲ့သင်ခန်းစာအကြောင်းဆွေးနွေးရအောင်ပြန်လာခဲ့ပါ"။

ဦးမင်းနိုင်ဟာ အိမ်ကိုကားမောင်းပြန်နေတုန်းမှာ သူ့ဆရာနဲ့ပြောခဲ့တာတွေကိုတွေးနေပါတယ်။ သူ့ကိုယ်သူမမှတ်မိနိုင်လောက်အောင်ပါပဲ။ လုပ်ငန်းခွင်ကျင့်ဝတ်နဲ့ စံနှုန်းတွေအကြောင်း အလေးအနက်စဉ်းစားနေတဲ့ သူ့ကိုယ်သူတွေ့လိုက်ရတာ သူအရမ်းအံ့အားသင့်မိပါတယ်။ သူကသူပါပဲ။ ဒါပေမဲ့ အစစအရာရာဟာ တခြားလူတစ်ယောက်မှာဖြစ်နေသလို ခံစားနေရပါတယ်။ အဲဒီအရာတွေအားလုံးကို သံသယဖြစ်စေတဲ့ သူ့ရဲ့ယုတ္တိရှိတဲ့ဘက်တစ်ခုကတော့ ရှိနေပါသေးတယ်။ "ငါ ကိုယ့်ကိုယ်ကိုယ် အဲဒါတွေရဲ့လွှမ်းမိုးခွင့်အများကြီးပေးထားတာ ဖြစ်ကောင်းဖြစ်နိုင်လား။ ဒီရှုးကြောင်ကြောင်အရာတွေအားလုံးအတွက် ငါ့အချိန်တွေဖြုန်းနေတာ ဖြစ်ကောင်းဖြစ်နိုင်လား" လို့ ဦးမင်းနိုင်သိချင်နေပါတယ်။ ဒါပေမဲ့ ကောင်းကောင်းအခြေတည်နေပြီဖြစ်တဲ့ သူ့ရဲ့သိစိတ်ဘက်ခြမ်းကတော့ သူဟာ မှန်ကန်တဲ့လမ်းကြောင်းပေါ် ရောက်နေပြီး ရှေ့ဆက်ဖြောင့်ဖြောင့်မတ်မတ်လျှောက်သင့်တယ်လို့ပြောပြနေပါတယ်။

◈ ◈ ◈

# ဟန်ချက်ညီတဲ့အခေ့

နေကြာစေ့ရဲ့လျှို့ဝှက်ချက်ကို သူ့ဘဝထဲမှာပေါင်းစပ်နိုင်အောင် ဦးမင်းနိုင်ကြိုးစားပါတယ်။ ရုံးမှာဆုံးဖြတ်ချက်တွေချရတဲ့အခါ စီးပွားရေးနဲ့ ရလဒ်ပိုင်းဆိုင်ရာရှုထောင့်တွေကိုပဲ စဉ်းစားတာမျိုးမရှိတော့ဘူး။ ဆုံးဖြတ်ချက်တွေက နေကြာပန်းရဲ့လျှို့ဝှက်ချက်နဲ့ သဟဇာတဖြစ်မဖြစ်ကိုပဲ သူချိန်ဆပါတယ်။ ကျင့်ဝတ်ပိုင်းဆိုင်ရာကိုလည်း အလေးထားစဉ်းစားသလို သူအလေးအနက်ထားတဲ့စံနှုန်းတွေနဲ့ မဆီမလျော်တဲ့လုပ်ဆောင်ချက်တွေကိုလည်း သတိထားဖယ်ရှားပစ်ပါတယ်။ သူဆုံးဖြတ်ချက်တွေချမှတ်ရတဲ့အခါ ဘဝက သူ့ကိုရွေးချယ်စရာတွေအများကြီးပေးပြီး ထူးခြားခြားနားတဲ့လမ်းမျိုးရောက်အောင် ဦးတည်ပို့ဆောင်ပေးတယ်လို့ ဦးမင်းနိုင်ခံစားရပါတယ်။ ရွေးစရာတွေအများကြီးထဲမှာဆုံးဖြတ်ချက်ရတာလည်း သူဖြစ်သလို သူ့ရဲ့စံနှုန်းတွေနဲ့ကိုက်ညီတဲ့ရွေးချယ်မှုဆိုတဲ့တံခါးကိုဖွင့်ရတာလည်းသူပါပဲ။ သူ့အနေနဲ့ ကျင့်ဝတ်နဲ့အညီ တံခါးအမျိုးမျိုးကိုဖွင့်တဲ့သော့ကို အချိန်ပေးရှာဖွေပြီး ဆုံးဖြတ်ချက်ချရုံပါပဲ။

ဦးမင်းနိုင်ဟာ ရှင်းလင်းတင်ပြဟောပြောမှုတွေကိုဆက်လုပ်ပါတယ်။ သူ့

အကြောင်းအရာက စီးပွားရေးဆိုင်ရာလူ့စိတ်အရည်အသွေးအကြောင်းဖြစ်ပြီး အလွန်ဆန်းသစ်တဲ့အတွက် ကုမ္ပဏီအမှုဆောင်တွေ အတော်ကြိုက်နှစ်သက်ကြပါတယ်။ အဲဒီလိုဟောပြောမှုအတွက် ဘာအဖိုးအခမှလည်းမယူပါဘူး။ ဒါဟာသူ့ရဲ့ဝန်ဆောင်မှုပါပဲ။ ရှင်းလင်းတင်ပြဟောပြောမှုတွေလုပ်တဲ့အခါမှာ သူ့အနေနဲ့ အရမ်းပျော်ရွှင်ကျေနပ်မှုကိုခံစားရပါတယ်။ ဟောပြောမှုတွေပြီးတဲ့အခါမှာ အမှုဆောင်အများစုကသူတို့ကိုလည်း စိတ်ပိုင်းဆိုင်ရာနည်းလမ်းကို လမ်းညွှန်ပြသပေးဖို့ ဦးမင်းနိုင်ကိုလာတောင်းဆိုကြပါတယ်။ အခုဆို ဘဝမှာ သူ့ရဲ့တာဝန်ကို ဦးမင်းနိုင်ရှင်းရှင်းလင်းလင်းသိသွားပါပြီ။ အဲဒါကတော့ စီးပွားရေးလောကထဲကို လူ့စိတ်အရည်အသွေးဆောင်ကြဉ်းပေးဖို့ပါပဲ။ သူ့မှာရှိတဲ့ခေတ်ပေါ်ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှုဆိုင်ရာစာအုပ်တွေအားလုံးဟာ သူ့ဆရာကြီးရဲ့သင်ပြမှုတွေနဲ့သွားကိုက်နေတာကို ဦးမင်းနိုင်သတိထားမိပါတယ်။ ကိုယ့်ကိုယ်ကိုယ်ဦးဆောင်တဲ့အဖွဲ့အစည်း၊ လုပ်ပိုင်ခွင့်အာဏာပေးမှု၊ လူအချင်းချင်းပေါင်းသင်းဆက်သွယ်မှု၊ အပြောင်းအလဲစတဲ့ အကြောင်းအရာတွေဟာစိတ်ပိုင်းဆိုင်ရာကိုင်တွယ်ဖြေရှင်းနည်းနဲ့ နီးကပ်ဆက်စပ်နေပါတယ်။ ဥပမာ- ကိုယ့်ရဲ့ဆန္ဒတွေကိုစွန့်ပြီး ရည်မှန်းချက်တွေအတွက် အများဆန္ဒနဲ့အညီပံ့ပိုးလုပ်ဆောင်မှုဆိုတဲ့ပူးပေါင်းဆောင်ရွက်မှု (Teamwork) လိုမျိုးပေါ့။ အဲဒီလိုလုပ်ဖို့ လူတွေကိုအပြစ်တင်ဖို့ကြည့်တာမဟုတ်ဘဲ ပိုကောင်းတဲ့အလုပ်တစ်ခုကို လုပ်နိုင်အောင်ကူညီပေးဖို့ပဲလိုတယ်။ ဒါက တိုတိုပြောရရင် ဝန်ဆောင်မှုပေးတဲ့စိတ်နေစိတ်ထားကိုလက်ခံကျင့်သုံးပြီး အတ္တမာနရဲ့ထိန်းချုပ်မှုကနေကာကွယ်ဖို့ပါ။ တစ်စုံတစ်ယောက်ဟာ တရားအားထုတ်ပြီး အတ္တမာနကိုတဖြည်းဖြည်းလျှော့ချနိုင်ရင် ဝန်ဆောင်မှုပေးတဲ့စိတ်နေစိတ်ထားကသဘာဝအတိုင်းရောက်လာပါတယ်။

လုပ်ပိုင်ခွင့်အာဏာပေးတဲ့ကိစ္စမှာလည်း စီးပွားရေးလောကမှာ အလွန်လူသိများတာကတော့ တခြားသူတွေကိုလုပ်ပိုင်ခွင့်အာဏာပေးဖို့အတွက် အဲဒီလူဟာပထမဆုံး အခွင့်အာဏာလွှဲပြောင်းဖို့ စိတ်ဆန္ဒရှိရပါမယ်။ အဲဒီလူ့အနေနဲ့ သူ့ကိုယ်သူပဲစဉ်းစားတာကိုရပ်ပြီး ကုမ္ပဏီအကျိုးကိုကြည့်ပြီး အခွင့်အာဏာပေးရမယ့်လူအတွက်ကြည့်ရမယ်။ အခွင့်အာဏာပေးမှုထိရောက်ဖို့အတွက် အဲဒီလူကိုယုံဖို့၊ လေ့ကျင့်ပေး

ဖို့ အကူအညီပေးဖို့လိုတယ်။ အဆုံးစွန်ဆုံးပြောရရင် အခွင့်အာဏာကိုစွဲလမ်းမနေရဘူး။ ဦးမင်းနိုင်မြင်တာတော့ အစစအရာရာမှာ ဝန်ဆောင်မှုပေးတဲ့စိတ်နေစိတ်ထားရှိဖို့နဲ့ တခြားသူကိုမေတ္တာထားဖို့ပဲလို့မြင်တယ်။ လူတစ်ယောက်ဟာ တခြားသူတွေကိုတကယ်ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် အခွင့်အာဏာပေးတာနဲ့ပတ်သက်ပြီးပြဿနာဖြစ်စရာအကြောင်းမရှိဘူး။ ဦးမင်းနိုင်ဟာ နေ့တိုင်း တရားအားထုတ်နေပေမဲ့လည်း ဒီရက်ပိုင်းအတွင်း ရုံးမှာစိတ်ပင်ပန်းဖိစီးမှုတွေရှိနေပါတယ်။ ဘဝမှာ သူ့ရဲ့တာဝန်ကို ရှင်းရှင်းလင်းလင်းသိပြီး အဲဒီအတွက်ကို အချိန်ပေးချင်တယ်။ ဒါပေမဲ့စီးပွားရေးအကျပ်အတည်းတွေ၊ ပြဿနာတွေ၊ အခွင့်အလမ်းတွေအားလုံးကလည်းအချိန်အတော်ယူရပါတယ်။ သူလုပ်ချင်တာတွေအရမ်းများနေပေမဲ့ တစ်နေ့တာအချိန်ကမလောက်ငဘဲ လုံးဝစိတ်ဖိစီးမှုခံစားရပြီး ထိန်းချုပ်မရဖြစ်နေပါတယ်။ သူ့ကုမ္ပဏီကိုလည်း စီမံခန့်ခွဲချင်တယ်။ ရှင်းလင်းတင်ဆက်ဟောပြောမှုတွေကိုလည်းလုပ်ချင်တယ်။ အသစ်အသစ်တွေကိုလည်းဖန်တီးချင်တယ်။ အစည်းအဝေးတွေ၊ အင်တာဗျူးတွေမှာလည်းပါချင်တယ်။ ဆောင်းပါးတွေလည်းရေးချင်တယ်။ သူ့ဇနီးနဲ့ကလေးတွေကိုလည်းအချိန်ပေးချင်တယ်။ လုပ်ငန်းတွေ့ဆုံဆွေးနွေးမှုတွေလည်းလုပ်ချင်တယ်။ ဒါရိုက်တာဘုတ်အဖွဲ့မှာလည်းပါဝင်ချင်တယ်။ သူအားလုံးကိုလုပ်ချင်နေတယ်။ ဒါပေမဲ့ သူအားလုံးကိုလည်း တကယ့်ကိုနိုင်နိုင်နင်းနင်းမလုပ်နိုင်ပါဘူး။ စနေ၊ တနင်္ဂနွေလည်းအလုပ်လုပ်တယ်။ ဒဏ်အခံရဆုံးကတော့ သူ့မိသားစုပါ။

နောက်ဆုံးစိုက်ခဲ့ပြီး အကြာကြီးစောင့်နေတဲ့သစ်စေ့ဟာ ခြောက်လကြာသွားပါပြီ။ မနက်တိုင်း အဲဒီစိုက်ထားတဲ့နေရာကိုသွားတယ်။ ဒါပေမဲ့ သူဘာမှမတွေ့ရပါဘူး။ သစ်စေ့တွေရဲ့ပေးချင်တဲ့သင်ခန်းစာက တစ်စိတ်တစ်ပိုင်းအားဖြင့် သည်းခံတတ်အောင်လေ့လာသင်ယူဖို့လို့သူထင်မြင်ယူဆပေမဲ့ အဲဒါက တကယ်တော့ သိပ်ခက်ခဲတာ သူတွေ့ရပါတယ်။ ရုတ်တရက်ဆိုသလိုပဲ အဲဒီနေ့မနက်မှာ သေးငယ်တဲ့အစိမ်းရှည်ရှည် အတက်လေးတစ်ခုပေါ်လာပါတယ်။ သူ့ဥယျာဉ်မှူးကတော့ ထင်းရှူးပင်လေးပဲလို့ သူ့ကိုပြောပါတယ်။ အဲဒီနေ့မှာပဲ သူ့ဆရာကိုတွေ့ဖို့ရှိတဲ့အတွက် အဲဒီနေ့အလုပ်မှာ သူလုပ်သမျှလုပ်ငန်းကိစ္စတိုင်းကို ဘယ်နေရာမှာ ပြဿနာရှိသလဲဆိုတာ

ခွဲခြားစိတ်ဖြာပြီး သူဆရာနဲ့တွေ့တဲ့အခါ တိုင်ပင်ဆွေးနွေးနိုင်ဖို့ အထူးသတိထားမိဖို့စောင့်ကြည့်ခဲ့ပါတယ်။ သူရုံးကိုရောက်သွားခဲ့ပါတယ်။ ကုမ္ပဏီငွေကြေးလည်ပတ်မှုကိုကြည့်ဖို့ သူ့ရဲ့ဘဏ္ဍာရေးအရာရှိကိုထွန်းကြည်နဲ့ အစည်းအဝေးတစ်နာရီကြာလုပ်ဖို့စီစဉ်ထားပါတယ်။

"ကျွန်တော်တို့အခြေအနေ ဘယ်လိုဘယ်လိုရှိလဲ။ အစစအရာရာအဆင်ပြေကောင်းမွန်ရဲ့လား" သူ့ရှေ့စားပွဲခုံကြီးရှေ့မှာ ကိုထွန်းကြည်ကထိုင်ဖို့လုပ်တဲ့အချိန်မှာဦးမင်းနိုင်ကမေးလိုက်ပါတယ်။ အဲဒီစားပွဲက အလွန်ခေတ်မီတဲ့စားပွဲခုံတွေထဲကတစ်ခုပါ။ အဲဒီခမ်းနားတဲ့စားပွဲခုံကြီးနဲ့သူ့ရဲ့ဆုံလည်ကုလားထိုင်ကြီးဟာ အလုပ်ရှင်နဲ့စကားပြောသူတွေကြားမှာ ကြီးမားတဲ့ကွာဟမှုကြီးကို အဆီးအတားတစ်ခုအဖြစ်ချထားပေးသလိုထင်ရပါတယ်။ အဲဒီနေရာကနေကြည့်ရင် အလုပ်ရှင်ကနေ အစစအရာရာကို ထိန်းချုပ်နိုင်သလိုမျိုးအထင်ရောက်စေပါတယ်။ ကိုထွန်းကြည်က သူ့ကိုစိတ်အားထက်သန်မှုအပြည့်နဲ့ လေးလေးနက်နက်ကြည့်လိုက်ပါတယ်။

"အဲဒါကတော့ အားလုံးကျွန်တော်တို့အစီအစဉ်အတိုင်းပဲသွားဖြစ်မှာပါ။ ဒါပေမဲ့ အဲဒီကိစ္စကတော်တော်လေး. . ."

"ခဏလေး. . . ခဏလေး" သူ့ဖုန်းဝင်လာတဲ့အတွက် ဦးမင်းနိုင်ဖြတ်ပြောလိုက်ပါတယ်။

မိနစ်အနည်းငယ်အကြာမှာတော့ ငွေကြေးလည်ပတ်မှုကိစ္စအပေါ် သူတို့ဆွေးနွေးကြပါတယ်။ ကွန်ပျူတာဖန်သားပြင်ပေါ်ကအချက်အလက်ကိုကြည့်ဖို့ ညာဘက်လှည့်လိုက်၊ အဆက်မပြတ်ဝင်လာတဲ့ဖုန်းတွေကိုဖြေကြားဖို့ ဘယ်ဘက်လှည့်လိုက်နဲ့ ဦးမင်းနိုင်ရဲ့ဆုံလည်ကုလားထိုင်ကြီးက မရပ်မနားလည်နေပါတယ်။ ဦးမင်းနိုင်အတွက်တော့ အချိန်တွေဟာ ပျံသန်းသွားသလိုထင်ရတယ်။ ဒါပေမဲ့ ကိုထွန်းကြည်အတွက်တော့ ဖြည်းဖြည်းနှေးနှေးရွေ့နေသလိုပါပဲ။ ဦးမင်းနိုင်ဟာ တစ်ချိန်တည်းမှာမေးခွန်းပေါင်းများစွာဖြေရှင်းရင်း အလုပ်များနေတဲ့ပုရွက်ဆိတ်တစ်ကောင်နဲ့တူပေမဲ့ ကိုထွန်းကြည်ကတော့ သူကြားဖြတ်အလုပ်ဝင်လာတိုင်း စောင့်ဆိုင်းနေရပြီး ငွေကြေးလည်ပတ်မှုကိစ္စအကြောင်းကို အပြီးမသတ်နိုင်သေးဘူးဖြစ်နေပါတယ်။ အပြီး

မသတ်ခင် ၁၅ မိနစ်လောက်အလိုမှာ ရုံးခန်းထဲကို မားကက်တင်းမန်နေဂျာဝင်လာပြန်ပါတယ်။ "ဒါကသတင်းထုတ်ပြန်ချက်စာသားပဲ။ တစ်ချက်လောက်မြန်မြန်လေးကြည့်ပေးလို့ရမလား" ဆိုပြီး သူက ဦးမင်းနိုင်ကိုမေးလိုက်ပါတယ်။

ဦးမင်းနိုင်ကကြည့်ဖို့တောင်းလိုက်ပါတယ်။ ပြီးတော့ စာတစ်ကြောင်းပြီးတစ်ကြောင်းအချိန်ယူကြည့်ပြီး လိုတာအကြံပြုညွှန်ကြားပေးပါတယ်။ နောက်ဆုံးမှာတော့ သူ့ဖောက်သည်တစ်ယောက်နဲ့တွေ့ဆုံဖို့ရှိတာ ဦးမင်းနိုင်သတိရသွားပါတယ်။ သတင်းထုတ်ပြန်ချက်က ကြည့်လို့မပြီးသေးပါဘူး။ ငွေကြေးလည်ပတ်မှုအကြောင်းအပြီးသတ်ဖို့ သူ့ဘဏ္ဍာရေးအရာရှိကိုထွန်းကြည်ကို အစည်းအဝေးကို နောက်တစ်နေ့မှဆက်လုပ်ဖို့စီစဉ်ခိုင်းလိုက်ပါတယ်။ သူ့ဖောက်သည်ရုံးခန်းကိုရောက်သွားတဲ့အချိန်မှာတော့ သူတို့တွေ့ဖို့သဘောတူထားတဲ့ အချိန်ထက် နာရီဝက်နောက်ကျနေပါတယ်။ သူ့ဖောက်သည်က နောက်အစည်းအဝေးတစ်ခုထဲဝင်သွားပါပြီ။ ဒါပေမဲ့ ဦးမင်းနိုင်က သူနဲ့အတူနေ့လယ်စာစားဖို့ဖိတ်တာကိုတော့ လက်ခံပါတယ်။ အဲဒီနေ့မှာပဲ သူ့မိသားစုနဲ့အတူနေ့လယ်စာစားဖို့ ဦးမင်းနိုင်စီစဉ်ထားပါတယ်။ ဒါကြောင့် အဲဒီအစီအစဉ်ကိုဖျက်ဖို့ အိမ်ကိုဖုန်းဆက်လိုက်ပါတယ်။ တစ်နာရီလောက်သူဘာလုပ်ရမှန်းမသိဘဲစောင့်ဆိုင်းနေရပါတယ်။ ပြီးတော့ သူ့ဖောက်သည်နဲ့အတူ နေ့လယ်စာသွားစားပါတယ်။ နေ့လယ်စာစားပြီး သူရုံးပြန်ရောက်တဲ့အခါမှာတော့ ကြော်ငြာတစ်ခုလုပ်တဲ့နေရာမှာ သူ့ဂရပ်ဖစ်ဒီဇိုင်နာကိုအချိန်ပေးကူညီပေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဦးမင်းနိုင်ဟာ ကြော်ငြာတွေဖန်တီးရတာနဲ့ မားကက်တင်းလုပ်ရတာကိုကြိုက်တယ်။ ကွန်ပျူတာမှာ ဒီဇိုင်းဆော့ဖ်ဝဲတွေသုံးရတာကိုသူနှစ်သက်တယ်။ ဒါပေမဲ့ သူ့ရဲ့အကျွမ်းကျင်ဆုံးကတော့ ကြော်ငြာတွေအတွက် ဖန်တီးမှုပါတဲ့ခေါင်းစီးတွေထုတ်တာပါပဲ။ အဲဒီမှာ သူသုံးနာရီလောက်အချိန်ပေးနေတုန်းမှာ သူ့ရဲ့ထောက်ပံ့ပို့ဆောင်ရေးဌာနမန်နေဂျာက သူ့ကိုလာရှာပြီးအလုပ်လုပ်နေတာကို ကြားဖြတ်ပြောပါတယ်။

"ဆရာ. . . နိုင်ငံတကာကုန်ပစ္စည်းထောက်ပံ့ဖြန့်ဖြူးတဲ့သူက သူ့ကုန်ပစ္စည်းနောက်အငယ်ထဲစဖြန့်ဖြစ်၊ မဖြန့်ဖြစ်အတည်ပြုပေးဖို့ ဖုန်းဆက်လာပါတယ်"။

ထုတ်လုပ်ရေးမန်နေဂျာကတော့ အဲဒီအကြောင်း ဘာမှမသိဘူးလို့လည်း

သူကပြောလိုက်ပါတယ်။

ဦးမင်းနိုင်တစ်ယောက် ကမျောသောပါးနဲ့ သူ့ထိုင်ခုံကနေ စွက်ခနဲခုန်ထလိုက်ပါတယ်။

"အား. . . ဟုတ်သားပဲ၊ ဒီကိစ္စကို ငါလုံးဝမေ့နေတယ်။ အဲဒီလောက်အရေးကြီးနေတာကွာ"။ ဒါပေမဲ့ ဖုန်းကမြည်လာလို့ ဦးမင်းနိုင်ကောက်ကိုင်လိုက်တဲ့အချိန်မှာ ဒီဇိုင်နာနဲ့ ယောက်ပံ့ပိုးဆောင်ရေးမန်နေဂျာတို့ဟာ ငြိမ်သက်တဲ့အကြည့်နဲ့အမြန်အလှန်မျက်လုံးချင်းပြောနေကြပါတယ်။ ကျန်တဲ့တစ်နေ့ခင်းလုံးအချိန်ပေးပြီး သူတို့အသက်ရှူချောင်ရမယ့်အရေးပေါ်အစီအစဉ်တစ်ခုကို လုံးပန်းကြရတယ်။ ဒါပေမဲ့ ဦးမင်းနိုင်ဟာ ကုမ္ပဏီတစ်ခုမှာသွားပြီး ရှင်းလင်းဟောပြောမှုလုပ်ဖို့ကတိပေးထားတဲ့အတွက် အဲဒီကိုအချိန်မီရောက်ဖို့ထွက်ခွာရပါမယ်။ အရေးပေါ်အစီအစဉ်ကအခုထိမပြတ်သေးပါဘူး။ အဲဒီညနေ့ာင်းပိုင်းမှာဆက်လုပ်ဖို့အတွက် သူ့လက်ဆွဲအိတ်ထဲကိုမူကြမ်းဖိုင်တွေထည့်လိုက်ပြီး ဟောပြောပွဲလုပ်မယ့်နေရာကို အမြန်ထွက်ခဲ့ပါတော့တယ်။ ရှင်းလင်းတင်ဆက်ဟောပြောမှုက အောင်မြင်ပါတယ်။ ရှစ်နာရီလောက်မှာ သူ့ဆရာအိမ်ကိုထွက်ခဲ့ပါတယ်။ သူကားမောင်းနေတုန်းမှာ သူ့ဘဝဟာထိန်းချုပ်မှုအောက်မှာမရှိသေးဘူးလို့ သူတွေးနေပါတယ်။ အခြေအနေအမျိုးမျိုးရဲ့ကြိုးကိုင်မှုကိုခံနေရတဲ့ရုပ်သေးရုပ်လို သူ့ကိုယ်သူခံစားမိပါတယ်။ ပင့်ကူအိမ်မှာမိနေသလို သူတစ်နေ့တာကို ကုန်ဆုံးနေရတယ်ဆိုတာ သိသာပါတယ်။ သူ့လှုပ်လေလေ သူ့ကိုယ်သူရစ်ပတ်ရှုပ်ထွေးလိုက်သလို ပိုဆိုးသွားစေပြီး တစ်ခုမှပြီးမြောက်အောင်မလုပ်နိုင်တော့ပါဘူး။ တရားအားထုတ်တာက သူ့ကိုတည်ငြိမ်စေတယ်၊ အထောက်အကူပေးတယ်ဆိုတာသိပေမဲ့ ရှုံ့ရောက်တယ်ဆိုတာနဲ့ အလုပ်ကတရစပ်ရှုပ်ပြီး အဲဒါကိုထိန်းချုပ်နိုင်ဖို့ သူ့ကိုယ်သူမတတ်နိုင်တော့ပါဘူး။ သူ့ဆရာကိုတွေ့လိုက်တော့ ဦးမင်းနိုင်ပျော်သွားပါတယ်။ သူ့ဆရာကိုသူ တကယ့်ကိုသတိရနေပါတယ်။ ခြောက်လတာကာလတသူ့အတွက်မပြီးဆုံးတော့ သလိုထင်ရပါတယ်။ သူ့ရဲ့အချိန်စီမံခန့်ခွဲမှုနည်းလမ်းအပေါ်စိတ်ရှုပ်နေရတာတွေနဲ့ အဲဒီနေ့တစ်နေ့လုံးသူလုပ်ခဲ့တာတွေကို ပြန်ပြောပြပါတယ်။

"ဆရာ၊ ကျွန်တော် သမာဓိမဲ့သလိုခံစားနေရတယ်။ ကျွန်တော့်ဟောပြော

ပွဲတွေမှာ လူတွေကိုတည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းနေရအောင် တရားအား ထုတ်ဖို့ပြောပြတယ်။ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်ကျတော့ အချိန်မလောက်တဲ့အတွက် စိတ်ပန်း၊ လူပန်းဖြစ်နေရတယ်။ ကျွန်တော် တရားအားထုတ်မှုကိုမရပ်ခဲ့ပါဘူး။ ဘာ ဖြစ်လို့လဲဆိုတော့ တရားအားထုတ်တာက ပိုပြီးကောင်းမွန်တဲ့လူတစ်ယောက်ဖြစ် စေသလို ကျွန်တော်ခံစားရတယ်။ ဒါပေမဲ့ ရုံးမှာ ကျွန်တော်အေးချမ်းအောင်လုပ်ဖို့ မဖြစ်နိုင်ဘူးဖြစ်နေတယ်"။

"ဦးမင်းနိုင်၊ ဥယျာဉ်ထဲကို ကျွန်တော်နဲ့အတူလိုက်ခဲ့" တည်တည်ငြိမ်ငြိမ် ရပ်ပြီး သူ့ကိုဥယျာဉ်ဆီလက်ပြသွားခိုင်းနေတဲ့ သူ့ဆရာဆီက သူပြန်ကြားလိုက်ရတဲ့ စကားပါ။ သူတို့နှစ်ဦးလုံး ဥယျာဉ်ဆီထွက်ခဲ့ကြပါတယ်။ ဆရာက သူ့ကိုလေးထောင့် ပလတ်စတစ်ကရားတစ်ခုပေးပါတယ်။ "ကရားထဲကိုရေဖြည့်ပြီး အဲဒီအုန်းပင်ကို ရေလောင်းပါ" တံခါးဘေးက အုန်းပင်ငယ်လေးကိုညွှန်ပြရင်း ယောဂီကြီးကပြော လိုက်ပါတယ်။

သူ့မေးခွန်းတွေအတွက် အဖြေတွေကိုသိချင်နေတဲ့အချိန်မှာ သူ့ဆရာက သူ့ကိုဘာဖြစ်လို့ အပင်ငယ်တွေရေလောင်းခိုင်းနေရသလဲဆိုတာ ဦးမင်းနိုင်နားမလည် ပါဘူး။ ဒါပေမဲ့ အခုအချိန်မှာ သူ့ကိုနှိုင်းယှဉ်သင်ပြမှုတွေလုပ်တော့မယ်ဆိုတာသူသိ တယ်။ စနစ်တကျနည်းနာကျကျသင်ယူနည်းကို သူသဘောတွေ့ပါတယ်။ ဘာကြောင့် လဲဆိုတော့ အဲဒီလိုသင်ကြားခြင်းအားဖြင့် သူ့စိတ်ထဲကိုအယူအဆတွေအားလုံး စူးနစ် ဝင်သွားသလိုဖြစ်သွားလို့ပါ။ ဦးမင်းနိုင်ကရားကိုယူပြီး ရေဖြည့်လိုက်ပါတယ်။ ပြီး တော့ အုန်းပင်ဆီလျှောက်သွားပါတယ်။ ဒါပေမဲ့ ကရားကအက်ကွဲပြီး ရေစိမ့်ထွက် နေတဲ့အတွက် အပင်ကိုရေသိပ်မရောက်ပါဘူး။

ကရားမှာကွဲအက်နေတာ ရိုးရိုးအကြောင်းမဲ့တော့မဖြစ်နိုင်ဘူးလို့ ဦးမင်းနိုင် သံသယရှိပါတယ်။ "သူ့အကြောင်းမရှိဘဲနဲ့တော့ ငါ့ကိုဥယျာဉ်ထဲခေါ်လာမှာမဟုတ် ဘူး" လို့ သူ့ဘာသာသူတွေးမိပြီးရယ်ပါတယ်။ သူ့ဆရာရဲ့စကားတွေ၊ အကြောင်းအရာ တွေက ပုံခိုင်းပြောတာတွေနဲ့အဆုံးသတ်လေ့ရှိပြီး စကားလုံးတိုင်း၊ အကြောင်းအရာ တိုင်းဟာ သင်ခန်းစာထုတ်ယူလို့ရတဲ့ အမှတ်အသားပြုကိုးကားစရာတစ်ခုခုဖြစ်

နေတယ်ဆိုတာ သူတဖြည်းဖြည်းသဘောပေါက်လာပါတယ်။ ဒါပေမဲ့လည်း သူ့ဆရာရဲ့တစ်ဆင့်ပြီးတစ်ဆင့်ခေါ်ဆောင်သွားတဲ့ လမ်းကြောင်းနောက်ကိုပဲလိုက်ဖို့ သူဆုံးဖြတ်ခဲ့ပါတယ်။

"ဆရာ၊ ကရားကအက်ကွဲနေတယ်။ ရေလောင်းဖို့ တခြားတစ်ခုမရှိဘူးလား" ဦးမင်းနိုင်မေးလိုက်ပါတယ်။ သူ့တပည့်က သူ့ဆုံးမလမ်းညွှန်မှုကိုစောင့်မျှော်တတ်သွားပြီဆိုတာ ယောဂီကြီးသိပါတယ်။ "ဦးမင်းနိုင်၊ လူတွေမှာဖြစ်နေတာလည်း အဲဒီအတိုင်းအတူတူပဲ။ ဒီကမ္ဘာပေါ်ကလူသားအားလုံးရဲ့သဘာဝမှာ ရေကရားတစ်ခုရှိတယ်။ အဲဒါကိုဘယ်လိုသုံးမလဲဆိုတာ သူတို့ဆုံးဖြတ်ရတယ်။ လူတချို့ကတော့ သဲကန္တာရထဲမှာရေကိုသွန်ပစ်ပြီး ဖြုန်းတီးပစ်ကြတယ်။ ဆိုလိုတာက သူတို့ဘဝအတွက်ပျော်ရွှင်မှု၊ ဒါမှမဟုတ် ငြိမ်းချမ်းမှုမပေးနိုင်တဲ့ အရေးမပါတဲ့ကိစ္စတွေအတွက်ပဲ နှစ်မြှုပ်ထားကြတယ်။ တချို့လူတွေကတော့ ခင်ဗျားလိုပဲသူတို့ရဲ့ဖြစ်တည်မှုအတွက်သူတို့တကယ်လိုချင်တဲ့အရာနဲ့ကိုက်ညီတဲ့ အရေးပါတဲ့ကိစ္စတွေအတွက်ပဲ သူတို့ဘဝကိုဦးတည်လှုပ်ရှားကြတယ်။ ဆိုလိုတာကတော့ သဲကန္တာရထဲမှာရေကိုသွန်ပစ်မယ့်အစားရေကိုအုန်းပင်အတွက်အသုံးပြုတယ်။ အဓိကပြဿနာကတော့ သူတို့ရဲ့ကရားတဆိုးဆိုးဝါးဝါးအက်ကွဲပြီး ရေလိုပဲအချိန်တွေပြုန်းတီးနေတဲ့အတွက် အရေးကြီးတဲ့ကိစ္စတွေကိုလုပ်ဆောင်ဖို့ အချိန်အနည်းငယ်ပဲရှိတော့တယ်။ တစ်နည်းပြောရရင် အုန်းပင်ကိုရေလောင်းဖို့ကြိုးစားတဲ့အခါ ခင်ဗျားဖြစ်နေသလိုမျိုးပေါ့"။

ဦးမင်းနိုင်ဟာ တစ်စုံတစ်ရာကို သူကောင်းကောင်းဖမ်းဆုပ်လို့မရရင် ပါးပါးနပ်နပ်ခုခံချေပတတ်ပါတယ်။

"ဒီလိုရှိပါတယ်ဆရာ၊ ကျွန်တော့်အချိန်ကျွန်တော်မဖြုန်းပါဘူး။ တစ်နေ့ကို ၁၂ နာရီလောက် ကျွန်တော်အလုပ်လုပ်နေပါတယ်။ ကျွန်တော့်ပြဿနာက အလုပ်အရမ်းများနေတာပါ"။

"အက်နေတဲ့ကရားကြီးနဲ့ ခင်ဗျား ၁၂ နာရီအလုပ်လုပ်နေရင် ခင်ဗျားအပင်ကိုရေလောင်းလို့ပြီးမှာမဟုတ်တော့ဘူး။ ခင်ဗျားဘယ်နှနာရီအလုပ်လုပ်တယ်ဆိုတာပြဿနာမဟုတ်ဘူး။ ခင်ဗျားအဲဒီအချိန်ကို ဘယ်လိုသုံးသလဲဆိုတာပြဿနာပါ။

ခင်ဗျားမှာဖြစ်နေတဲ့ပြဿနာက ခင်ဗျားရဲ့အချိန်ဖြုန်းတီးမှုတွေက အရေးကြီးကိစ္စတွေလိုရုပ်ဖျက်ထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အလျှင်စလိုဖြစ်နေတာကိုး။ ကရားအက်ကွဲနေတာကို ခင်ဗျားရှင်းရှင်းလင်းလင်းသဘောပေါက်ပြီး ရေတွေဖိတ်စင်ကျနေတာကိုလည်းမြင်တယ်။ ပြဿနာကိုလည်း ခင်ဗျားသတိပြုမိတယ်။ အချိန်ဖြုန်းတီးနေရင်တော့ ဘာဖြစ်နေသလဲဆိုတာမြင်ဖို့ တကယ့်ကိုခက်ခဲသွားပြီ။ အချိန်ဆိုတဲ့ရေဟာ အရေးပါတဲ့လုပ်ငန်းကိစ္စတွေအပေါ် စီးကျနေတယ်လို့ ကျွန်တော်တို့ယုံကြည်နေကြတယ်။ ဒါပေမဲ့ အမှန်က အဲဒီလိုမဟုတ်ဘူး"။

"ဒါဆို ကျွန်တော့်ကိုပြောပြပါ၊ ကျွန်တော့်အချိန်ကို ကျွန်တော်ဘယ်လိုဖြုန်းနေလဲ။ ဒီနေ့ကျွန်တော်လုပ်ခဲ့တာအားလုံးက အရေးကြီးတာတွေချည်းပဲ"။

"ပထမဆုံး ခင်ဗျားအတွက်အရေးကြီးမှုဆိုတာကြီးကို ခွဲခြမ်းစိတ်ဖြာကြရအောင်။ ဘဝမှာ ခင်ဗျားရဲ့တာဝန်ကဘာလဲ။ ကမ္ဘာမြေပေါ်မှာ ခင်ဗျားဘဝကုန်ဆုံးချိန်မှာ ခင်ဗျားတကယ်ရယူချင်တာဘာလဲ"။

"ဒါကိုအရင်တုန်းက ကျွန်တော်တို့ပြောပြီးပြီပဲ" ဦးမင်းနိုင်ပြန်ဖြေပါတယ်။ "စီးပွားရေးလောကမှာ စိတ်ပိုင်းဆိုင်ရာအဆင့်ထိရောက်အောင်ကူညီနိုင်မယ့် တစ်စုံတစ်ခုရှိမယ်လို့ ကျွန်တော်ယုံတယ်။ အခြေအနေအမျိုးမျိုးကိုဂရုမထားဘဲ ပျော်ရွှင်အေးချမ်းအောင်နေထိုင်ဖို့ ဘယ်လောက်အရေးကြီးသလဲဆိုတာ အမှုဆောင်တွေသဘောပေါက်အောင်ကူညီနိုင်မယ့် တစ်စုံတစ်ခု၊ ဒါမှမဟုတ် စူးစိုက်နှစ်မြှုပ်မှုနဲ့ ကိုယ်ကျိုးမငဲ့တဲ့ဝန်ဆောင်မှုက ပျော်ရွှင်မှုကိုရစေတယ်ဆိုတာ သူတို့မြင်လာအောင် လုပ်နိုင်မယ့်တစ်စုံတစ်ခုပေါ့"။

သူ့ရဲ့စကားတွေနဲ့ပတ်သက်ပြီး ဦးမင်းနိုင်စဉ်းစားဖို့အချိန်ပေးနေတဲ့အလားယောဂီကြီးက စကားကိုအသာလေးရပ်လိုက်တယ်။

"ဘဝမှာ အေးချမ်းစွာနေထိုင်ခြင်းရဲ့အရေးပါပုံကို ခင်ဗျားသင်ပေးချင်တယ်ဆိုရင် အဲဒါကို ခင်ဗျားတကယ်လုပ်နေသလား။ ခင်ဗျားကုမ္ပဏီကအမှုဆောင်တွေကို ဘယ်လိုနမူနာမျိုးတွေပေးမှာလဲ။ အဲဒီလူတွေက စိတ်ကယောက်ကယက်ဖြစ်ပြီး ဖိစီးမှုတွေနဲ့ အလုပ်ကိစ္စချိန်းဆိုမှုတွေ တစ်ခုပြီးတစ်ခုဆီ သေပြေးရှင်ပြေးပြေးလွှားနေ

ရတဲ့ ခင်ဗျားကိုတွေ့နေရတဲ့လူတွေလေ။ အခြေအနေအမျိုးမျိုးကိုလျစ်လျူရှုပြီး ပျော်ရွှင်ငြိမ်းချမ်းအောင်နေနိုင်မှုကို ခင်ဗျားတကယ်သင်ပြပေးချင်တာလား"။

ဦးမင်းနိုင်က ကျိုးနွံတဲ့တပည့်လေးတစ်ယောက်လို သူ့ဆရာကိုကြည့်လိုက်ပါတယ်။ သူဟာ အရမ်းသေးနုပ်ပြီး မသိနားမလည်သလိုခံစားလိုက်ရပါတယ်။ သူ အပြည့်အဝမသိမမြင်သေးဘူး၊ သင်ယူစရာတွေအများကြီးရှိသေးတယ်ဆိုတာကို သူ့ကိုသိမြင်လာအောင် သူ့ဆရာက ထပ်လုပ်လိုက်ပြန်ပါပြီ။

"အဲဒါအမှန်ပဲ။ ဒီပုံနဲ့ဆို ကျွန်တော့်ရဲ့တာဝန်ကိုဖြည့်ဆည်းနိုင်မှာမဟုတ်ဘူး" ဦးမင်းနိုင်စိတ်ဓာတ်ကျသလို ပြန်ဖြေလိုက်ပါတယ်။

"ဦးမင်းနိုင်၊ ခင်ဗျားအတွက်တော့ ခင်ဗျားကုမ္ပဏီက ဥစ္စာစနေပဲ။ ခင်ဗျားကုမ္ပဏီက သူ့ဘာသာသူအဆုံးသတ်စရာမရှိဘူးဆိုတာရှင်းပါတယ်။ ခင်ဗျားကုမ္ပဏီက ခင်ဗျားကိုအောင်မြင်ကြီးထွားစေမယ့် စိတ်ဝင်စားစရာစိန်ခေါ်မှုတွေရှိတဲ့ ပတ်ဝန်းကျင်မျိုးပေးစွမ်းနိုင်တယ်။ တကယ်တော့ အဲဒီလိုပတ်ဝန်းကျင်မျိုးမှာ အေးချမ်းပျော်ရွှင်စွာရှိနေဖို့ဆိုတာ ခက်ခဲပါတယ်။ ဒါပေမဲ့ အဲဒါတွေအားလုံးက ခင်ဗျားကို တခြားသူတွေကိုအလုပ်အကျွေးပြုနိုင်မယ်၊ တခြားသူတွေကစံနမူနာယူရမယ့် ပုဂ္ဂိုလ်တစ်ယောက်ဖြစ်အောင် စွမ်းဆောင်ပေးနိုင်တယ်။ အချိန်ကို အရေးကြီးတာအတွက်ပဲမြှုပ်နှံထားပါ။ ခင်ဗျားပါဝင်အားဖြည့်မှာမဟုတ်တဲ့နိစ္စဓူဝကိစ္စအများစုကို တခြားသူတွေကိုခွဲဝေလုပ်ကိုင်စေဖို့ကြိုးစားပါ။ သူတို့အပေါ်မှာ ယုံကြည်မှုထားပြီး ခင်ဗျားနဲ့တွဲလုပ်မယ့်သူတွေကို အလုပ်ကိစ္စတွေမှာ သူတို့ဘာသာဆုံးဖြတ်လုပ်ကိုင်နိုင်အောင် လေ့ကျင့်ပေးပါ။ အတ္တမာနရဲ့စေ့ဆော်မှုကြောင့် ကမ္ဘာလောကကြီးရဲ့ကယ်တင်ရှင်လို ပြုမူမနေပါနဲ့။ ကိစ္စအဝဝကို ခင်ဗျားကိုယ်တိုင်ဝင်မလုပ်ရင် အားလုံးအမှားမှားအယွင်းယွင်းဖြစ်သွားတော့မလိုမျိုးယုံကြည်နေအောင် ကိုယ့်ကိုယ်ကိုယ်မလိမ်ညာမလှည့်ဖြားပါနဲ့တော့။ ကြားဖြတ်ဝင်ရောက်ဟန့်တားနှောင့်ယှက်တာမျိုးတွေကို သတိထားပါ။ ခင်ဗျားရဲ့အဓိကပြဿနာတွေထဲကတစ်ခုက လူတိုင်းက ခင်ဗျားကိစ္စတွေမှာ ကြားဖြတ်ဟန့်တားနှောင့်ယှက်နေကြတာပါပဲ။ ကျွန်တော်တို့ရဲ့အတ္တမာနက ကိုယ့်ကိုယ်ကိုယ်အရေးပါဆုံး၊ ဆွေးနွေးတိုင်ပင်အကြံပေးအကောင်းဆုံး၊ ပြဿနာတွေ

အတွက်အဖြေတွေရှိနေတဲ့လူလိုစိတ်ကူးမျိုးနဲ့ ကျေနပ်နေတတ်တယ်။ တကယ်တော့ ကျွန်တော်တို့ရဲ့အတ္တမာနက လုပ်ကိုင်ဆောင်ရွက်ရာမှာ အဆက်မပြတ်နှောင့်ယှက် ခံနေရတာကိုလည်း မေ့ပျော်နေတတ်တယ်။ ဒါပေမဲ့ ဒါက ကျွန်တော်တို့ရဲ့တာဝန် ကိုဖြည့်စွမ်းဖို့လိုအပ်တဲ့စိတ်ပိုင်းဆိုင်ရာအထောက်အပံ့ပေးမယ့် တန်ဖိုးရှိတဲ့အချိန် တွေကိုလွှတ်ပစ်လိုက်တယ်လို့မဆိုလိုဘူး"။

ဦးမင်းနိုင်အတွက်ကတော့ သူမျက်စိအောက်မှာမဟုတ်ဘဲ ကိစ္စအဝဝပြီး မြောက်နိုင်လိမ့်မယ်ဆိုတာကိုမှန်းဆကြည့်ဖို့ခက်ခဲနေပါတယ်။

"ဒါပေမဲ့ဆရာ၊ ကျွန်တော့်လူတွေ ကျွန်တော့်ကိုလိုအပ်တယ်။ သူတို့ဆုံး ဖြတ်ချက်တွေမှာ ကျွန်တော်မကူညီရင် ကုမ္ပဏီလုံးဝရပ်တန့်သွားလိမ့်မယ်"။

အက်ကွဲနေတဲ့ကရားကြောင့် ရေလောင်းလို့မရတဲ့ သူ့ဘေးကအုန်းပင်ကို ဦးမင်းနိုင်သတိရလာအောင် ယောဂီကြီးက အုန်းပင်ကိုညွှန်ပြလိုက်ပါတယ်။

"သူတို့က ခင်ဗျားကိုလိုအပ်တာထက် ခင်ဗျားက သူတို့ကိုလိုအပ်တာပိုလိမ့် မယ်လို့ကျွန်တော်ယုံတယ်။ အားလုံးကိုအာရုံစိုက်ချင်တဲ့ အတ္တမာနရဲ့စွမ်းအင်ကို နား လည်သဘောပေါက်အောင်လေ့လာပါ။ ခင်ဗျားကိုမလိုအပ်ဘဲ သူတို့ဘာသာကိုယ် တိုင်အစပြုလုပ်နိုင်အောင်၊ ဆုံးဖြတ်ချက်တွေချနိုင်အောင် ခင်ဗျားလူတွေကိုဂရု တစိုက်နဲ့ကူညီလေ့ကျင့်ပေးပါ။ သူတို့ကြီးထွားစေမယ့်ယုံကြည်မှုဆိုတဲ့ရေကိုလောင်း ပေးပါ။ တစ်ခါတုန်းက အမျိုးသမီးတစ်ယောက်က သူ့ကိုအရမ်းအားကိုးလွန်းတဲ့ ငါးနှစ် အရွယ်သူ့ကလေးနဲ့ပတ်သက်ပြီး ကျွန်တော့်ဆီအကြံဉာဏ်လာတောင်းတယ်။ ကလေး က သူ့အမေသွားတဲ့နေရာတိုင်းလိုက်ချင်တယ်။ သူ့အမေ အေးအေးဆေးဆေးနေရ အောင်ကိုမခွာနိုင်ဘူး။ သူ့အသက်အရွယ်အရ အဲဒီကောင်လေးက မရင့်ကျက်လွန်း တဲ့သဘောဖြစ်နေတယ်။ သူ့ကို ကလေးလေးတစ်ယောက်လိုခေါ်သွားစေချင်တယ်။ ဒါနဲ့ အဲဒီအမျိုးသမီးကို 'ခင်ဗျားကလေးလိုချင်တာလား၊ ကောင်လေးလိုချင်တာလား' လို့ ကျွန်တော်မေးလိုက်တယ်။

ကျွန်တော့်မေးခွန်းကြောင့် အဲဒီအမျိုးသမီးစိတ်အနှောင့်အယှက်ဖြစ်သွား တယ်။ 'ကျွန်မ ဒီကိုဘာလာလုပ်တယ်လို့ဆရာထင်လဲ' သူကဒေါသတကြီးမေးတယ်။

'ခင်ဗျားကောင်လေးရဲ့ပြဿနာကို အဖြေရှာဖို့ဒီရောက်လာတာပဲ။ ခင်ဗျားကြားချင်တာကြားဖို့ရောက်လာတာမှမဟုတ်တာ' ကျွန်တော်သူ့ကိုပြန်ဖြေလိုက်ပါတယ်။ အဲဒီလိုအားကိုးမှုကို မရည်ရွယ်ဘဲဖန်တီးနေတာ သူကိုယ်တိုင်ပဲ။ သူ့ရဲ့အတွင်းစိတ်ထဲမှာသူ့သားကိုမကြီးစေချင်ဘူး။ သူ့ဘေးနားမှာဆက်ရှိပြီး သူ့ကိုလိုအပ်သလို၊ သူဟာသူ့အရေးပါသလိုခံစားနေတာလို့ ကျွန်တော်ရှင်းပြလိုက်တယ်။ ဦးမင်းနိုင်၊ ခင်ဗျားရုံးတာဝန်ထမ်းတွေနဲ့ပတ်သက်ပြီး ခင်ဗျားဖြစ်နေတာလည်း အဲဒီအတိုင်းအတူတူပဲ"။ ယောဝီကြီးကပြောတာရပ်လိုက်ပါတယ်။ ပြီးမှ သူကဆက်ပြောပါတယ်။

"လင်းယုန်မတွေဟာ သူတို့ရဲ့ကလေးတွေကိုအပျံသင်ဖို့ ပထမဆုံးနမူနာပျံပြတယ်၊ လင်းယုန်ကလေးတွေဟာ လေ့လာစောင့်ကြည့်ရင်းနဲ့ကြီးထွားသန်မာလာကြတယ်။ လင်းယုန်အမေကြီးက သူ့ရဲ့လင်းယုန်ပေါက်ကလေးတွေရဲ့ အလေးချိန်၊ အမွေးအတောင်အရှည်နဲ့ အရေအတွက်ကိုလေ့လာစောင့်ကြည့်နေပြီး အချိန်တန်ပြီလို့ထင်တာနဲ့ အသိုက်ထဲကနေ ဟာလာဟင်းလင်းကောင်းကင်ထဲကို တွန်းပို့လိုက်တော့တာပဲ။ လင်းယုန်ပေါက်ကလေးက အတောင်ကိုအားကုန်ဖြန့်ပြီးပျံသန်းတယ်။ သူတို့ပြဿနာတစ်စုံတစ်ရာတက်ရင် ကူညီနိုင်အောင် အမေက ဘေးကကပ်ပျံလိုက်ပြီးကူညီပေးတယ်။ ဒါပေမဲ့ သူ့အပေါ်အမှီအခိုကင်းအောင် ခပ်ဝေးဝေးကပဲပျံပြီးလိုက်တယ်။ သဘာဝတရားက အသိပညာပါပဲ။ လင်းယုန်တွေရဲ့ဖြေရှာနင်းပြီး ခင်ဗျားလူတွေကိုလည်းလုပ်ကြည့်ပါ။ သူတို့ကိုပြင်ဆင်ပေးပါ။ လေ့ကျင့်ပေးပါ။ ပြီးရင် သူတို့ဘာသာပျံသန်းနိုင်အောင် ကိုယ်ပိုင်နေရာလေးတွေစတင်ဆောင်ရွက်ပေးပါ။ သူတို့နဲ့နီးနီးနေပါ။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ သူတို့ဘာသာအမှီအခိုကင်းပြီး ဆက်လက်ကြီးထွားနိုင်အောင်ကူညီဖို့ ခပ်ဝေးဝေးမှာနေပါ"။

ဆရာ့ရဲ့အတွေးအမြင်ဟာ ငြင်းပယ်လို့မရနိုင်ဘူးဆိုတာ ဦးမင်းနိုင် တစ်ခါထပ်ပြီး အသိအမှတ်ပြုလိုက်ပါတယ်။

"ကျွန်တော်လက်ခံပါတယ်။ ကျွန်တော်တကယ်ကြိုးစားမယ်ဆိုရင် ကျွန်တော်အလုပ်တာဝန်အတော်များများကိုလွှဲနိုင်မှာပါ" သူကပြောပါတယ်။ "အဲဒီလိုလုပ်တဲ့အတွက် ကျွန်တော့်အတွက် အချိန်နည်းနည်းပိုရလာနိုင်တယ်။ ဒါပေမဲ့ လောက်မယ်

မထင်ပါဘူး။ အရေးကြီးတဲ့အရာတွေအားလုံးလုပ်ဖို့တောင် လုံလုံလောက်လောက် မရှိဘူးလို့ခံစားမိတယ်။ စိတ်အရည်အသွေးနဲ့ဆိုင်တဲ့ ရှင်းလင်းတင်ပြဟောပြောမှုတွေကိုစီစဉ်ပြီးလုပ်ချင်တယ်။ အတုယူစရာကောင်းတဲ့စံနမူနာကောင်းဖြစ်အောင် ကျွန်တော့်ကုမ္ပဏီကိုအောင်မြင်အောင်လုပ်ပြချင်တယ်။ အဲဒီအကြောင်းအရာတွေအကြောင်း စာရေးသားရတာကိုလည်းကြိုက်တယ်။ ကျွန်တော်လူတွေကို ကူညီချင်တယ်။ ကျွန်တော့်မိသားစုနဲ့လည်း အတူရှိနေချင်တယ်။ လေ့ကျင့်ခန်းလည်း လုပ်ဖို့လိုတယ်။ ဒါပေမဲ့ ဘယ်တော့မှမလုပ်နိုင်ဘူး။ အဲဒါတွေအားလုံးအတွက်ကျွန်တော့်မှာအချိန်မရှိဘူး။

အိမ်ထဲကိုလိုက်ခဲ့ဖို့ ယောဂီကြီးက ဦးမင်းနိုင်ကိုလက်ဟန်ခြေဟန်ပြလိုက်ပါတယ်။

"ခင်ဗျားနောက်ဆုံးစိုက်ခဲ့တဲ့ အစေ့ကနေ ဘာအပင်ပေါက်လာသလဲဆိုတာ ခင်ဗျားသိပြီးဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်"။

"မှန်ပါတယ်။ ထင်းရှူးပင်ပါ။ ဒါပေမဲ့ သူကပေးချင်တဲ့သင်ခန်းစာကိုတော့ ကျွန်တော် နည်းနည်းလေးတောင်စဉ်းစားမရဘူးဖြစ်နေတယ်"။

"ထင်းရှူးပင်နဲ့ပတ်သက်ပြီး ထူးခြားတာ ခင်ဗျားဘာတွေးမိသလဲ" ယောဂီကြီးက သူ့ရဲ့ရှည်လျားတဲ့လက်နှစ်ဖက်ကိုဒူးပေါ်တင်ပြီး ဦးမင်းနိုင်ကိုတည်တည်ငြိမ်ငြိမ်ကြည့်ပြီးမေးလိုက်ပါတယ်။

"အဲဒီအပင်ကမြင့်တယ်" ဦးမင်းနိုင်က မရေမရာပြန်ဖြေပါတယ်။

"မှန်တယ်။ ခင်ဗျားပြောတာ သူ့ရဲ့သွင်ပြင်လက္ခဏာတွေထဲကတစ်ခုပဲ။ ဒါပေမဲ့ ထင်းရှူးပင်ကိုထူးခြားအောင်လုပ်ပေးတာကတော့ သူ့အကိုင်းတွေရဲ့အရွယ်အစားညီမှုပဲ။ အဲဒီအပင်က တကယ့်ကို အရွယ်အစားညီတဲ့အပင်တစ်ပင်ပဲ။ အဲဒီလိုအရွယ်အစားညီတဲ့အတွက် ကောင်းကောင်းဟန်ချက်ညီပြီး မြင့်မားရှည်လျားစွာကြီးထွားနိုင်သလို လုံးဝဟန်ချက်ညီညီဆက်ရှိနေတယ်။ ဒါ့ပြင် ခင်ဗျား အဲဒီအပင်ထိပ်တက်ပြီး အောက်ကိုငုံ့ကြည့်လိုက်ရင် ထူထူထဲထဲအစိမ်းရောင်ထုကြီးကို ခင်ဗျားတွေ့မြင်ရလိမ့်မယ်။ အကိုင်းတိုင်းက အဲဒီလိုရှိနေတဲ့အတွက် အကိုင်းတစ်ကိုင်းက

တခြားကိုင်းတစ်ကိုင်းကို လောင်းရိပ်မလွှမ်းမိုးတော့ဘူး။ အဲဒီလိုနည်းနဲ့ နေရောင်ခြည်စွမ်းအင်ကိုစုပ်ယူမှုကို ကောင်းကောင်းအသုံးချတယ်။ အဆုံးစွန်ပြောရရင် ဆောင်းရာသီနှင်းထူထပ်တဲ့ဒေသတွေမှာ ထင်းရှူးပင်ဟာ နှင်းတွေကျတောင် သူ့ရဲ့အရွက်ဖွဲ့စည်းပုံက သူ့ရဲ့သဘာဝအတိုင်း ဟန်ချက်ညီမှုကိုဆုံးရှုံးစေနိုင်တဲ့နှင်းတွေစုပုံမနေအောင်ကာကွယ်ပေးတယ်။ တခြားအပင်တွေနဲ့မတူတာက ထင်းရှူးပင်က နှင်းအများစုကို သူ့ဆီကနေဖြတ်သန်းခွင့်ပေးတယ်။ အဲဒီလိုနည်းအားဖြင့် အလေးချိန်လွန်ကဲမှုကြောင့် သစ်ပင်လဲပြိုနိုင်မယ့်အခြေအနေကနေ ကာကွယ်ပေးတယ်"။

"အခုဆိုရင် အဲဒီအပင်ကပေးတဲ့သင်ခန်းစာက ဘာဖြစ်နိုင်မယ်ဆိုတာ ခင်ဗျား နားလည်သွားပြီလား"။

ဦးမင်းနိုင် သေချာမသိသေးဘူးဆိုတာကိုမြင်တဲ့အတွက် ယောဂီကြီးကရှင်းပြပါတယ်။ "ကျွန်တော်တို့အတွက် ထင်းရှူးပင်ကပေးတဲ့အသိပညာသင်ခန်းစာကတော့ *'ဘဝမှာ အကောင်းဆုံးဟန်ချက်ညီညီနေထိုင်ဖို့'* ပါ။ ထင်းရှူးပင်လိုပဲ ကျွန်တော်တို့အားလုံးမှာအကိုင်းတွေရှိတယ်။ အဲဒီအကိုင်းတွေက ကျွန်တော်တို့ဘဝမှာ ကွဲပြားခြားနားတဲ့အခန်းကဏ္ဍအမျိုးမျိုးမှာပါဝင်ကပြနေရတာကိုဆိုလိုတာပါ။ ဥပမာ- ခင်ဗျားကကုမ္ပဏီရဲ့မန်နေဂျာတစ်ယောက် ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ ခင်ဗျားဟာ အဖေတစ်ယောက်လည်းဖြစ်သလို သားတစ်ယောက်လည်းဖြစ်တယ်။ မိတ်ဆွေဆိုတဲ့အခန်းကဏ္ဍမှာလည်းပါဝင်ကပြတယ်။ အခုဆိုဟောပြောသူတစ်ယောက်ရဲ့အခန်းကဏ္ဍမှာကပြနေပြီ။ ပြီးတော့ စာရေးဆရာတစ်ယောက်ရဲ့အခန်းကဏ္ဍမှာလည်း ပါဝင်ကပြချင်နေတယ်။ ဦးမင်းနိုင်၊ လျှို့ဝှက်ချက်ကတော့ အကောင်းဆုံးဟန်ချက်ညီမှုတစ်ခုကိုရဖို့ ခင်ဗျားဘဝမှာပါဝင်ကပြရတဲ့အခန်းကဏ္ဍတိုင်း၊ အကိုင်းတိုင်းကို ဟန်ချက်ညီဖို့ကြိုးစားရမယ်။

ထင်းရှူးပင်က နေရောင်ခြည်စွမ်းအင်ကိုပမာဏအတူတူရရှိကြတဲ့သူ့အကိုင်းအခက်တွေကိုလုပ်ထားသလိုမျိုး ရေရှည်မှာ ခင်ဗျားရဲ့အခန်းကဏ္ဍတစ်ခုက တခြားအခန်းကဏ္ဍတစ်ခုအပေါ် လောင်းရိပ်မကျနိုင်အောင်သေချာကြိုးစားရမယ်။ အဆုံးစွန်ဆုံးအားဖြင့် ခင်ဗျားဘဝရဲ့အခန်းကဏ္ဍတိုင်းမှာအခက်အခဲတွေ၊ အတားအဆီး

အဟာန့်အတားတွေကို ခင်ဗျားဖြတ်ကျော်ရလိမ့်မယ်။ ပြဿနာဝန်ထုပ်ဝန်ပိုးမျိုးကို ထပ်ပြီးစိတ်ကယောက်ကယက်ဖြစ်နေမယ့်အစား အမြဲပေါ့ပါးအောင်နေတဲ့ထင်းရှူးပင်ဆီကနေလေ့လာသင်ယူပါ။ အမြဲဟန်ချက်ညီညီနေထိုင်ပြီးဆက်လက်ကြီးထွားနိုင်အောင် ပြဿနာဆိုတဲ့နှင်းတွေရဲ့အလေးချိန်ကို ခင်ဗျားဆီကနေ ဖြတ်သန်းသွားပါစေ။ ဘဝမှာ ခင်ဗျားရဲ့မတူတဲ့အခန်းကဏ္ဍတိုင်းကို အဲဒီနည်းနဲ့ အချိန်ပေးနိုင်အောင် အပတ်တိုင်းကြိုတင်စီစဉ်ပါ"။

လမ်းကပိုပိုပြီးအခက်အခဲတွေများလာပြီလို့ ဦးမင်းနိုင်ခံစားမိပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ အတားအဆီးအဟာန့်အတားတွေကို ကျော်လွှားနိုင်မယ်လို့ခံစားမိပါတယ်။

"အခန်းကဏ္ဍတစ်ခုတည်းမှာ အချိန်ပိုသုံးရမယ့်အခြေအနေမျိုးရှိတဲ့ ရက်သတ္တပတ်တွေရှိလိမ့်မယ်။ ဒါပေမဲ့ ရေရှည်ကျရင် အဲဒီအခြေအနေတွေကြားထဲမှာ ခင်ဗျားရဲ့အချိန်ကို ဟန်ချက်ညီအောင်သုံးသင့်တယ်။ အဲဒါက တုတ်ချောင်းတွေပေါ်မှာ ပန်းကန်ပြားတွေအများအပြားတင်ထားတဲ့ လက်လှည့်ဆရာနဲ့တူတယ်။ အဲဒါတွေအားလုံးကို သူဆက်လှည့်နေရတယ်။ မဟုတ်ရင် အရှိန်ပျက်ပြီးလဲကျကုန်လိမ့်မယ်။ တကယ်လို့ ပန်းကန်ပြားတွေထဲက တစ်ခုတည်းသာဆက်လက်လည်နေရင် ကျန်တာတွေအားလုံး မြေကြီးပေါ်လဲကုန်လိမ့်မယ်။ ဘဝမှာ ခင်ဗျားပါဝင်ကပြနေရတဲ့အခန်းကဏ္ဍတိုင်းက အဲဒီပန်းကန်တွေထဲကတစ်ခုခုနဲ့တူတယ်။ အဲဒါတွေအားလုံးကိုလည်နေအောင် ခင်ဗျားမလုပ်နိုင်ရင် အဲဒါတွေထဲကတစ်ခုက မြေပေါ်လဲကျဖတ်သိမ်းသွားလိမ့်မယ်"။

"ဟုတ်ပါတယ်။ ကျွန်တော်လက်ခံပါတယ်။ အဲဒီအခန်းကဏ္ဍတွေအားလုံး ကျွန်တော်ပါဝင်ကပြရတယ်" ဦးမင်းနိုင်ဖြတ်ပြောလိုက်ပါတယ်။ "ဒါပေမဲ့ ထင်းရှူးပင်ရဲ့ဟန်ချက်ညီမှုကိုဘယ်နားကနေစပြီးတုပရမလဲ ကျွန်တော်မသိဘူး"။

"တကယ်အရေးကြီးတဲ့အရာမှာပဲ ခင်ဗျားအချိန်ကိုရင်းနှီးမြှုပ်နှံအောင်သေချာစလုပ်ပါ။ အလျှင်စလိုဖြစ်မှုဆိုတဲ့ဝဲကတော့တွေ၊ ရေစီးကြောင်းတွေက ခင်ဗျားကိုသယ်ဆောင်သွားခွင့်မပေးပါနဲ့။ ကြားဖြတ်အလုပ်တွေကို ငြင်းပယ်စကားဆိုတတ်

အောင်လေ့လာပြီး ခင်ဗျားလုပ်နေတဲ့အရာကိုပဲလုပ်ပါ။ ဒါပေမဲ့ ခင်ဗျားရဲ့တန်ဖိုး တစ်စုံတစ်ရာပါဝင်ထည့်ဝင်ဖို့မလိုတဲ့အလုပ်မျိုးကိုပဲဆိုလိုတာပါ။ အစည်းအဝေးတိုင်း တက်နေတာတွေကိုရပ်ပါတော့။ ခင်ဗျားဝန်ထမ်းတွေကိုယုံပါ။ ဘဝမှာ ခင်ဗျားတကယ် ရယူချင်တဲ့အရာကိုအာရုံစိုက်နိုင်ဖို့ အလုပ်တွေကိုဖြစ်နိုင်သမျှ များများလွှဲပေးနိုင် အောင်ကြိုးစားပါ"။

သူ့ဆရာက အဲဒီလိုနည်းမျိုးနဲ့ ကိစ္စတွေကိုကိုင်တွယ်တာကိုကြားရတဲ့အခါ ဒီပုဂ္ဂိုလ်ကြီးဟာ စိတ်ပိုင်းဆိုင်ရာသင်ခန်းစာတွေပို့ချပြီးတာနဲ့ သူ့ရဲ့ပြဿနာများတဲ့ လျှို့ဝှက်ကုမ္ပဏီတစ်ခုဆီအပြေးပြန်သွားပြီး ပြဿနာတိုင်းကို ဘယ်လိုကိုင်တွယ်ရမလဲ ဆိုတာသိပြီး အစစအရာရာကို အကောင်းဆုံးဖြစ်အောင်စီမံခန့်ခွဲနေသလားလို့ ဦးမင်းနိုင် တစ်ခါတစ်ရံအတွေးပေါက်မိပါတယ်။

"ဆရာဒါတွေကိုအရင်က ကုမ္ပဏီတွေမှာ ဆရာကိုယ်တိုင်စီမံခန့်ခွဲဖူးပြီး ကိုယ်တိုင်ဖြတ်သန်းဖူးလို့သိနေသလိုမျိုး ကျွန်တော့်ကိုပြောပြနေတယ်။ အဲဒါအမှန် ပဲလား"။

"အားလုံးက ဖြစ်နိုင်ပါတယ်" ဆရာက အသိအမှတ်ပြုတဲ့အပြုံးနဲ့ပြောပါ တယ်။ "ကျွန်တော် ခင်ဗျားကိုပေးနေတဲ့ဒီအကြံဉာဏ်က အပြင်ကနေ ခင်ဗျားရဲ့ ပြဿနာတွေကိုမြင်နေရတဲ့လူတစ်ယောက်ရဲ့ရှုထောင့်ကနေမြင်ရတဲ့ သာမန်လူပြိန်း သိသာသာပါပဲ"။

အဲဒီနောက်မှာတော့ ယောဂီကြီးက ဦးမင်းနိုင်ကို သူနဲ့အတူ မီးဖိုချောင် ထဲကိုလိုက်ခဲ့ဖို့ပြောပါတယ်။ ဥယျာဉ်ထဲနဲ့ဆွေးနွေးတိုင်ပင်တဲ့အခန်းကလွဲရင် အိမ်ရဲ့ တခြားအစိတ်အပိုင်းနေရာတစ်ခုကိုရောက်ဖူးတာ ဦးမင်းနိုင်အတွက် ပထမဆုံး အကြိမ်ပါ။ စီတန်းထားတဲ့လက်ဖက်ရည်ကရားလေးတွေ၊ များပြားလှတဲ့ဟင်းခတ်အမွှေး အကြိုင်တွေ၊ ဒယ်အိုးတွေနဲ့ အသုံးအဆောင်ပစ္စည်းတချို့ရဲ့ထူးခြားတဲ့ပုံသဏ္ဌာန်တွေ နဲ့ အခန်းရဲ့သန့်ရှင်းမှုကို ဦးမင်းနိုင်ချက်ချင်းအကဲခတ်မိပါတယ်။ သူ့ဆရာက မီးဖို ပေါ်ကိုရေနွေးအိုးတင်လိုက်ပြီး ရေနွေးဆူလာတဲ့အခါအခုလိုပြောပါတယ်။ "ရေနွေး အိုးနှုတ်သီးကနေထွက်လာတဲ့ရေနွေးငွေ့တွေကို ကြိုးစားကိုင်ကြည့်ပါ"။

ဦးမင်းနိုင်ကြိုးစားတောင်မကြည့်တော့ပါဘူး။

"ဆရာ၊ မဖြစ်နိုင်ပါဘူး။ ဘယ်သူမှ ရေစွေးငွေ့ကိုမဆုပ်ကိုင်နိုင်ပါဘူး"။

"ဘယ်လိုပဲဖြစ်ဖြစ်ကြိုးစားကြည့်ပါ" ဆရာကတိုက်တွန်းပါတယ်။

ဦးမင်းနိုင် ရေနွေးအိုးနားကပ်လိုက်ပြီး ကျိတ်မှိတ်လက်ခံလိုက်ရတဲ့ပုံစံနဲ့ ရေနွေးငွေ့ကိုဖမ်းပေမဲ့ အချည်းအနှီးပါပဲ။

"ကဲ ဦးမင်းနိုင် အခုရေပိုက်ခေါင်းကရေကို ကြိုးစားဖမ်းကြည့်ပါ"။

ပန်းကန်ဆေးကန်ထဲကရေပိုက်ခေါင်းကို ဆရာကဖွင့်လိုက်ပါတယ်။ ဦးမင်းနိုင်က သူ့လက်နဲ့ ရေကိုကြိုးစားဖမ်းပါတယ်။

"ကျွန်တော့်မှာ ဖန်ခွက်၊ ဒါမှမဟုတ် ဖလားမရှိသရွေ့ ဒါလည်းဖြစ်နိုင်မှာမဟုတ်ဘူး။ လက်ထဲမှာရေစက်ရေပေါက်အနည်းငယ်ပဲထိန်းထားနိုင်မယ်"။

နောက်ဆုံးမှာတော့ ရေခဲသေတ္တာထဲကရေခဲတုံးတချို့ကို ဆရာကထုတ်လိုက်ပြီး ရေခဲတုံးတွေကိုသူပစ်ချတဲ့အခါ ကြိုးစားဖမ်းဖို့ ဦးမင်းနိုင်ကိုပြောလိုက်ပါတယ်။ ရေခဲတုံးလေးတွေအားလုံးကိုတော့ ဦးမင်းနိုင်အလွယ်တကူဖမ်းနိုင်ပါတယ်။ ဒီလုပ်ဆောင်ချက်တွေရဲ့နောက်ကွယ်မှာ မမြင်နိုင်တဲ့အရေးကြီးတဲ့တစ်စုံတစ်ခုရှိမယ်ဆိုတာသူသိပေမဲ့ အဲဒါကဘာဖြစ်နိုင်မလဲဆိုတာ သူကောင်းကောင်းမမြင်နိုင်ဘူးဖြစ်နေတယ်။

"အချိန်ဆိုတာ ရေနဲ့တူတယ်" လက်ဖက်ရည်ကို ဖန်ခွက်လေးနှစ်ခုထဲတည်ခင်းရင်း ဆရာကပြောပါတယ်။ "အလျင်စလိုဖြစ်တဲ့အရာတွေအတွက်ပဲ ခင်ဗျားအသက်ရှင်တဲ့အခါ ဆူနေတဲ့ရေလိုပဲ အချိန်ကအငွေ့ပြန်သွားပြီး အရေးကြီးတဲ့ကိစ္စတွေအတွက် အချိန်ကိုထိန်းထားဖို့မဖြစ်နိုင်တော့ဘူး။ အလျင်စလိုဖြစ်တဲ့အရာတွေအပေါ်အချိန်ကုန်မခံတော့ဘဲ အရေးကြီးတဲ့ကိစ္စတွေအပေါ်မှာသာ အာရုံစိုက်ဖို့လိုတယ်ဆိုတာသတိမူမိလာရင် အဲဒါက ရေနဲ့တူတဲ့အရည်ဖြစ်သွားတယ်။ ခင်ဗျားရဲ့လက်ချောင်းတွေကနေ အဲဒီအရည်တွေကဖြတ်စီးကျသွားနေပေမဲ့ ရေစက်တချို့ကိုခင်ဗျားထိန်းထားနိုင်တယ်။ နောက်ဆုံးမှာ ခင်ဗျားရဲ့အချိန်တွေကို ခင်ဗျားပိတ်ဆို့ထားပြီး အရေးကြီးတဲ့ကိစ္စတွေအတွက်ပဲခွဲခြမ်းသုံးတဲ့အခါ အဲဒါက ရေခဲတုံးတွေနဲ့

ထူသွားတယ်။ ခင်ဗျားလက်ထဲမှာ တကယ့်ကိုထိန်းထားနိုင်ပြီ။ ကျွန်တော် ခင်ဗျားကို အကြံပေးချင်တာကတော့ ခင်ဗျားရဲ့ရက်သတ္တပတ်ကိုအပိုင်းအကန့်လေးတွေပိုင်းခြားသင့်တယ်။ ခင်ဗျားအတွက် အရေးကြီးတဲ့ကိစ္စတွေအတွက် အချိန်ကို ပိတ်ဆို့အေးခဲထားပါ။ တစ်နည်းပြောရရင်တော့ အချိန်က ရေခဲနွေးငွေ့လိုပဲအငွေ့ပြန်တတ်တယ်"။

အားလုံးရဲ့အဓိပ္ပာယ်ကို ဦးမင်းနိုင် နားလည်သဘောပေါက်သွားပါပြီ။ ဒါပေမဲ့ ပိုပြီးအသေးစိတ်တိကျတဲ့တစ်စုံတစ်ခုကိုသူလိုနေပါတယ်။

"ဒါပေမဲ့ ဆရာပြောတဲ့အပိုင်းအကန့်လေးတွေနဲ့ အချိန်ကိုအေးခဲရမယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"။

"ဥပမာ- ခင်ဗျားဟောပြောပွဲတွေလုပ်ချင်တဲ့အခါ ရက်သတ္တပတ်ရဲ့နေ့ရက်တွေကို အချိန်တိတိကျကျခွဲဝေသတ်မှတ်ပါ။ စာရေးချင်တဲ့ကိစ္စမှာလည်းဒီအတိုင်းပဲ။ စဉ်းစားဖို့အတွက် အချိန်နာရီကို သေချာစီစဉ်ရေးဆွဲထားပြီး ကျန်တဲ့အချိန်ကို ဆိုင်းငံ့ထားတဲ့ကိစ္စတွေနဲ့ အရေးကြီးတဲ့အရာတွေအတွက်ထားပါ။ ခင်ဗျားကုမ္ပဏီရဲ့ အကောင်းဆုံးဖောက်သည်တွေဆီ သွားရောက်တွေ့ဆုံဖို့က အရေးကြီးတယ်လို့ထင်မြင်ယူဆရင် အဲဒါအတွက် ရက်သတ္တပတ်တွေမှာ အချိန်တိတိကျကျသတ်မှတ်ရေးဆွဲထားပါ။ ဦးမင်းနိုင်၊ ခင်ဗျားရဲ့ရက်သတ္တပတ်ကို ခင်ဗျားအတွက်တကယ်အရေးကြီးတဲ့လုပ်ငန်းဆောင်တာတွေအတွက် ကန့်သတ်ထားနိုင်ရင် ဘဝမှာခင်ဗျားရဲ့စစ်မှန်တဲ့တာဝန်နဲ့လိုက်လျောညီတွေဖြစ်အောင်နေနိုင်လိမ့်မယ်။ အဲဒါကို ခင်ဗျားလေးလေးစားစားလုပ်မယ်ဆိုရင် အလုပ်ဖြစ်မယ်ဆိုတာပြောစရာမလိုပါဘူး။ ခင်ဗျားရဲ့အချိန်ဇယားတစ်ခုကိုလည်း ခင်ဗျားအမှုဆောင်တွေအားလုံးဆီပို့စေချင်တယ်။ ဒါမှ ဘယ်အချိန်တွေက မအားတော့ဘူးဆိုတာ သူတို့သိမှာပါ။

ရက်သတ္တပတ်တစ်ခုရဲ့အချိန်အားလုံးကိုပေးချင်လို့တော့ အလုပ်ဖြစ်မှာမဟုတ်ဘူး။ ခင်ဗျားအတွက် အားလပ်ရက်လိုတယ်။ ခင်ဗျားအတွက် ကိုယ်ရေးကိုယ်တာဆွေးနွေးတိုင်ပင်ဖို့အချိန်လိုတယ်။ ခင်ဗျားရဲ့အစည်းအဝေးအမျိုးမျိုးနဲ့ မမြင်နိုင်တဲ့ကိစ္စတွေကိုဂရုစိုက်ဖို့အချိန်လိုတယ်။ ဦးမင်းနိုင်၊ လူသားတွေဟာ ရေကန်ထိပ်ကနေဆင်းလာတဲ့ကနူးလှေထဲမှာ သူတို့ရဲ့ဘဝခရီးလမ်းကိုသွားနေရတယ်။ မြစ်ကြောင်း

အတိုင်းသူလိုက်တယ်။ နောက်ဆုံးတော့ တစ်စုတစ်စည်းတည်းစုပေါင်းမိတဲ့ သမုဒ္ဒရာထဲမှာ အမြဲအဆုံးသတ်တယ်။ သူဘယ်ခရီးသွားမယ်ဆိုတာနဲ့ အချိန်ကိုဘယ်လိုရင်းနှီးမြှုပ်နှံမယ်ဆိုတာ သူတစ်ဦးတစ်ယောက်တည်းပေါ် မှာပဲတည်မှီတယ်။ တချို့ကအရှိန်နဲ့တရကြမ်းစီးနေပြီး ကျောက်ဆောင်နဲ့တိုက်မိပျက်စီးနိုင်တဲ့မြစ်ထဲမှာ သူတို့အချိန်ကိုကုန်ဆုံးရတာနှစ်သက်တယ်။ သူတို့ကစိတ်လှုပ်ရှား ရင်ခုန်ရတာကိုပျော်မွေ့တယ်။ သူတို့ဟာ သူတို့ရဲ့ဘဝကိုဖြစ်နိုင်သမျှ မြန်မြန်ကုန်ဆုံးစေချင်ကြပြီးဘဝမှာ သူတို့ရဲ့ပန်းတိုင်ကကျောက်ဆောင်တွေ၊ အဆီးအတားအဟန့်အတားတွေကို ကျော်လွှားနိုင်ဖို့ပဲ။ တခြားသူတွေကတော့ ပိုပြီးအေးချမ်းတဲ့ဘဝမျိုးရဖို့ ဆုံးဖြတ်ထားတယ်။ သူတို့ရဲ့ကနူးလှေကို ရေစီးကြမ်းတဲ့နေရာတွေကိုရှောင်ပြီးမောင်းတယ်။ မြစ်ကြောင်းတစ်လျှောက်မှာဖြစ်နေတဲ့ရေကန်တွေထဲမှာ နားဖို့ရပ်နားတယ်။ သူတို့ရဲ့ရည်မှန်းချက်က ခရီးသွားခြင်းကို ပျော်ပျော်ရွှင်ရွှင်၊ အေးအေးချမ်းချမ်းနဲ့ခံစားဖို့ပဲဖြစ်တယ်။ အဲဒီလူအမျိုးအစားနှစ်ခုလုံးဟာ သူတို့ဘဝနေဝင်ချိန်မှာတော့ သမုဒ္ဒရာဆိုတဲ့တစ်စုံတစ်ခုမှာ သွားပေါင်းစုံမိကြတယ်။ ဘယ်လူအုပ်စုမျိုးမှာ ခင်ဗျားပါချင်သလဲ"။

"အဖြေက ရှင်းပါတယ်ဆရာ၊ ကျောက်ဆောင်တွေနဲ့ဆောင့်မိနိုင်တဲ့ အန္တရာယ်စွန့်စားမှုမျိုးမရှိတဲ့ ပျော်ရွှင်အေးချမ်းစွာနေနိုင်တာမျိုးကို မနေချင်တဲ့လူမျိုးကိုတော့ ကျွန်တော်မစဉ်းစားပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ရည်မှန်းချက်ဆိုတာ ပိုမြန်မြန်သွားဖို့၊ ပိုကောင်းတဲ့ရလဒ်တွေရဖို့၊ ပိုပြီးအောင်မြင်၊ ဩဇာတိက္ကမရှိဖို့ပဲလို့ ယုံကြည်သက်ဝင်လာအောင် ကျွန်တော်တို့ရဲ့စနစ်တစ်ခုလုံးကလုပ်ထားတယ်။"

"တကယ်တော့ အလေ့အကျင့်တစ်ခုကိုဖျောက်ဖို့ကခက်ခဲပါတယ်။ ကျွန်တော်တို့ရဲ့ဘဝဟာ ပထမလှေမျိုးထဲမှာရောက်နေသလိုဖြစ်နေရင် တရကြမ်းစီးဆင်းနေတဲ့ရေစီးကိုရှောင်ပြီး ပိုပြီးငြိမ်သက်တဲ့ရေပြင်ကိုကူးခတ်နိုင်မယ့်အခွင့်အလမ်းတွေကိုမြင်နိုင်ဖို့က ခဲယဉ်းပါတယ်။ အချိန်အားလုံးကို ခင်ဗျားသတိမူမိနေဖို့လိုပါတယ်။ ဦးမင်းနိုင်၊ အခုအချိန်ကစပြီးတော့ အားလပ်ရက်တိုင်းမှာ နောက်လာမယ့်အပတ်အတွက် ဘဝမှာ ခင်ဗျားပါဝင်ကပြရမယ့်အခန်းကဏ္ဍအသီးသီးရဲ့အချိန်ကိုခွဲဝေသတ်မှတ်ဖို့ သေချာစီစဉ်ရေးဆွဲပါ။ ခင်ဗျားအတွက်အရေးကြီးတဲ့ကိစ္စနယ်မြေတွေထဲကို

ဘယ်သူမှကျူးကျော်ဝင်ရောက်မလာနိုင်အောင် တရားအားထုတ်မှုနဲ့ချိတ်ဆက်ပြီး ခင်ဗျားရဲ့ရက်သတ္တပတ်ကိုကန့်သတ်ရလိမ့်မယ်။ ရက်သတ္တပတ်တစ်ပတ်ကုန်ဆုံးတိုင်းမှာ ခင်ဗျားဘယ်လိုအသုံးချသလဲဆိုတာ သေသေချာချာပြန်ဆန်းစစ်ကြည့်ရင် ခင်ဗျားအဲဒါကိုပိုကောင်းသထက်ကောင်းအောင်လုပ်လာနိုင်လိမ့်မယ်"။

"ဒီအစီအစဉ်အတိုင်း ကျွန်တော် တကယ့်ကိုစချင်ပါတယ်" ဦးမင်းနိုင်က ပြောပါတယ်။ "ဆရာပြောသလို ကျွန်တော်တစ်ခါမှမလုပ်ခဲ့ဖူးဘူး။ ဒီနည်းနဲ့ဆိုရင် ကျွန်တော့်ဘဝမှာ ဟန်ချက်ညီလာအောင် လုပ်နိုင်လိမ့်မယ်"။

ယောဂီကြီးက လက်ဖက်ရည်ကို တစ်ငုံစီဖြည်းဖြည်းချင်းသောက်ရင်း ဦးမင်းနိုင်ကို တစ်ဖန်ကြည့်ပြီးပြန်ပြောလိုက်ပါတယ်။

"ပြောစရာတောင်မလိုပါဘူး။ အရမ်းအရေးကြီးတဲ့အရာတစ်ခု ခင်ဗျားမှာကင်းမဲ့နေတာပဲ။ ထင်းရှူးပင်ဟာ မှန်ကန်တဲ့ဩဇာအာဟာရနဲ့ သန့်ရှင်းတဲ့ရေကိုမရဘူးဆိုရင် သူ့ရဲ့ကောင်းမွန်တဲ့ဟန်ချက်ညီမှုမျိုးရဖို့မဖြစ်နိုင်ပါဘူး။ တစ်နည်းပြောရရင် လေကသူ့ကို တိုက်လှဲချသွားလိမ့်မယ်။ ဦးမင်းနိုင် ဘဝမှာအားကြီးတဲ့တစ်စုံတစ်ခုက ခင်ဗျားအတွက် တာဝန်ဆိုတဲ့ဓမ္မကိုလုပ်ဆောင်ဖို့ဆောင်ကြဉ်းပေးနေတယ်။ ခင်ဗျားရဲ့ခန္ဓာကိုယ်က ယာဉ်တစ်စီးနဲ့တူပြီး ခင်ဗျားရဲ့စိတ်ကတော့ ယာဉ်မောင်းနဲ့တူတယ်။ အဲဒီယာဉ်ကိုမသန့်ရှင်းတဲ့ အရည်အသွေးညံ့တဲ့ဆီဖြည့်ရင် ခင်ဗျား ဝေးဝေးမောင်းနိုင်မှာမဟုတ်ဘူး။ ကွဲပြားခြားနားတဲ့ အစားအသောက်အမျိုးမျိုးနဲ့ အဲဒီအစားအသောက်တွေရဲ့ ခင်ဗျားခန္ဓာကိုယ်ပေါ် အကျိုးသက်ရောက်မှုတွေကို ခင်ဗျားနားလည်သဘောပေါက်ဖို့လိုတယ်"။ သူ့ဆရာက သူ့ကိုအံ့ဩအောင် တစ်ခါထပ်ပြီးလုပ်လိုက်ပြန်တဲ့အတွက် ဦးမင်းနိုင်တစ်ယောက် တစ်ခါထပ်ပြီးနားမလည်သလိုခံစားနေရပြန်ပါတယ်။ ဆရာ့ဆီမှာ သင်ခန်းစာတိုင်းအတွက် သင့်တော်တဲ့အချိန်တစ်ခုယူပြီး သူ့ကိုတဖြည်းဖြည်းချင်းလေ့ကျင့်ပေးရင်း ကယ်တင်မယ့်တင်းကျပ်တဲ့အစီအစဉ်တစ်ခုရှိပုံရတယ်။

"အစားအသောက်အမျိုးအစားသုံးမျိုးရှိတယ်"။ ဦးမင်းနိုင်ရဲ့အံ့ဩနေတဲ့မျက်နှာအမူအရာကိုကြည့်ပြီး ဆရာကဆက်ပြောပါတယ်။ "ပထမတစ်မျိုးက ခင်ဗျားကို

*လေးလံထိုင်းမှိုင်းပျင်းရိပြီး အိပ်ချင်စေတဲ့အစားအစာ*၊ အဲဒါတွေက ခင်ဗျားကိုဖင့်နွှေးအောင်၊ မလုပ်ချင်မကိုင်ချင်အောင်၊ လေးလံထိုင်းမှိုင်းအောင်လုပ်မယ့်အစာတွေပါ။ ဥပမာ- တစ်ရက်ထက်ပိုပြီးသိုလှောင်ထားတဲ့အစာ၊ စည်သွတ်အစားအစာ၊ တာရှည်ခံအောင်လုပ်ထားတဲ့ဒိန်ခဲတွေ၊ ခြောက်ကပ်ပြီးအရည်မပါတဲ့ အကျက်လွန်အစာတွေ၊ အသား၊ ပိုင်တွေ၊ အရက်သေစာတွေနဲ့ ဆေးလိပ်တွေပေါ့။ နောက်တစ်မျိုးကတော့ *တစ်ချိန်လုံးတက်ကြွလှုပ်ရှားစေတဲ့အစားအစာ* တွေပေါ့။ အဲဒီအစားအစာတွေက ခင်ဗျားကိုတက်ကြွ၊ ရွှင်လန်းလန်းဆန်းစေပြီး ဖိစီးမှုကင်းတဲ့၊ စိတ်စွဲလန်းမှုကင်းတဲ့အတွေးမျိုးတွေ ခင်ဗျားမှာဖြစ်ပေါ်စေတယ်။ အဲဒီအစားအစာတွေမှာ အရသာစူးရှတဲ့ ဆား၊ ငရုတ်ကောင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီတွေပါသလို ကော်ဖီ၊ ငါးနဲ့ကြက်သားတွေလည်းပါတယ်။

နောက်ဆုံးအစားအစာတစ်မျိုးကတော့ *ခွန်အားတက်ကြွစေပြီး အေးချမ်းမှုနဲ့ ဟန်ချက်ညီမှုကိုပေးစွမ်းတဲ့အစားအစာ*တွေပါ။ ပျော်ရွှင်မှု၊ စိတ်ကြည်လင်မှု၊ ဟန်ချက်ညီမှုကိုပေးသလို အစာအိမ်အတွက်လည်းကောင်းတယ်။ အဲဒါတွေကတော့ ဟင်းသီးဟင်းရွက်တွေ၊ လတ်ဆတ်တဲ့အစားအစာတွေ၊ အခွံမာသီးတွေ၊ အသီးအနှံတွေ၊ နို့ထွက်ပစ္စည်းတွေ၊ ထောပတ်၊ ဒိန်ခဲအပျော့နဲ့ နှံစားသီးနှံတို့ပဲဖြစ်တယ်။ ယေဘုယျစည်းမျဉ်းတစ်ခုကတော့ ခင်ဗျားအနေနဲ့ ပထမအမျိုးအစားအစားအစာကိုရှောင်သင့်တယ်။ ဒုတိယအမျိုးအစားအစားအစာကတော့ ခင်ဗျားကိုစွမ်းအင်ပြည့်ဝစေပြီး လုပ်ချင်ကိုင်ချင်စိတ်ကိုလှုံ့ဆော်ပေးတယ်။ ခင်ဗျားဦးဆောင်နေရတဲ့ဘဝမျိုးမှာတော့ ခင်ဗျားရဲ့စိတ်ဆန္ဒကိုနှိုးဆွပေးမယ့် ဒုတိယအမျိုးအစားအစားအစာတွေထဲက တချို့ကိုလိုလိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားကိုအာဟာရဖြစ်စေမယ့် တတိယအမျိုးအစားအစားအစာမျိုးကိုပဲအာရုံစိုက်သင့်တယ်။ အဲဒီအစားအစာမျိုးက ခင်ဗျားကိုတည်ငြိမ်၊ အေးချမ်း၊ ဟန်ချက်ညီစေလိမ့်မယ်"။

ရုတ်တရက်ကြည့်လိုက်ရင် အရင်သင်ခန်းစာတွေလိုပဲ ဦးမင်းနိုင်အတွက် စိန်ခေါ်မှုကြီးတစ်ခုလို့ထင်ရပါတယ်။

"ဒါပေမဲ့ ခက်တာပေါ့ဆရာ။ ကျွန်တော်ကအသားကြိုက်တယ်။ နေ့တိုင်း

အစွက်တွေချည်းပဲစားရတာ ဘယ်လောက်ပြီးငွေ့စရာကောင်းသလဲ။ ဒါပေမဲ့ အခက်ဆုံးကိစ္စကတော့ ကော်ဖီဖြတ်ဖို့ပါ။ ရုံးမှာ တစ်နေ့ကိုကော်ဖီအနည်းဆုံးခြောက်ခွက်လောက်သောက်တယ်"။

"ကော်ဖီနဲ့ပတ်သက်ပြီး ခင်ဗျားဆုံးဖြတ်ရလိမ့်မယ်" ဆရာကပြန်ဖြေပါတယ်။ "ခင်ဗျားအေးချမ်းမှုကိုလိုချင်ရင် အဲဒီကဖိန်းဓာတ်ပမာဏက ခင်ဗျားကိုကူညီနိုင်မှာမဟုတ်ဘူး။ ခင်ဗျား ကဖိန်းတွေအများကြီးသောက်သုံးရင် တရားအားထုတ်တာကိုအာရုံစိုက်ဖို့မလွယ်ဘူး။ ခင်ဗျား ကော်ဖီစွဲနေတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ခင်ဗျားကဖိန်းကိုစွန့်လွှတ်နိုင်ရင် ခင်ဗျား ထူးခြားကွဲပြားတာကိုခံစားရလိမ့်မယ်။ ခင်ဗျားအစားအသောက်ကို ကြိုတင်ပြင်ဆင်ရောနှောစားနိုင်မယ်ဆိုရင် ကျွန်တော်ခင်ဗျားကိုပြောတဲ့အစားအသောက်ကိုအတိုင်းအချင့်နဲ့စားတဲ့ကိစ္စက သိပ်နှစ်သက်စရာဖြစ်လာနိုင်တယ်။ ဒါက အကြံပြုထောက်ခံပေးရုံလေးပါဦးမင်းနိုင်။ လုပ်တာမလုပ်တာကတော့ အသက်ရှည်ရှည်ကျန်းကျန်းမာမာနဲ့ ပိုပြီးအေးချမ်းပြီးဟန်ချက်ညီတဲ့ဘဝမျိုးနေချင်သလား၊ မနေချင်ဘူးလားဆိုတဲ့ ခင်ဗျားအပေါ်မှာပဲမူတည်ပါတယ်"။

အရင်းအနှီးက တဖြည်းဖြည်းနဲ့မြင့်လာသလို ဦးမင်းနိုင်ခံစားနေရပါတယ်။ ဆရာ့ကြည့်ရတာ သူ့စိတ်ကိုဖတ်နိုင်ပုံပဲ။

"မကောင်းတဲ့စားသောက်ပုံအလေ့အကျင့်ကြောင့် ပြန်ပြင်မရနိုင်တော့မယ့်ကျန်းမာရေးပြဿနာတစ်ခုခုဖြစ်လာတဲ့အချိန်ကျမှဆို အရင်းအနှီးကပိုပြီးမြင့်မြင့်မားမားပေးဆပ်ရလိမ့်မယ်။ ခင်ဗျားလုပ်သင့်တာကတော့ ခင်ဗျားစားသောက်တာကိုပိုပြီးတော့သတိထားပြီး အစာအိမ်ကိုဖိအားပေးဒုက္ခပေးတဲ့အစားအစာမျိုးကိုမစားမိဖို့လိုတယ်။ အနောက်နိုင်ငံက အစားအသောက်ပမာဏအများကြီးစားတဲ့အစားကြူးတဲ့လူမျိုးတွေကို ခင်ဗျားတွေ့ဖူးမှာပေါ့။ အဲဒီလိုစားတော့ သူတို့ခန္ဓာကိုယ်ကိုပျက်ဆီးထိခိုက်စေတာပေါ့။ ခင်ဗျားစားတာက လူ့အဖွဲ့အစည်းမှာမြင်နေကျပုံစံမျိုးမဖြစ်သင့်ဘူး။ အဲဒီအစား ဘဝမှာပိုပြီးဟန်ချက်ညီမှုကိုပေးစွမ်းနိုင်တဲ့ သီးသန့်ရွေးချယ်စားသောက်မှုပုံစံပဲဖြစ်သင့်တယ်။

"တစ်ခါတုန်းက မင်းသားတစ်ပါးဟာ သူ့သိမ်းငှက်နဲ့အတူအမဲလိုက်ထွက်ရင်း သိပ်ရေဆာလာတယ်။ ဒါပေမဲ့ သုံးရက်လုံးရေသောက်ဖို့ ရေကန်ရှာမတွေ့ပါဘူး။ နောက်ဆုံးမှာတော့ တောင်ထိပ်တစ်ခုမှာ ရေကန်လေးတစ်ခုကိုတွေ့ပါတယ်။ အဲဒီအပေါ် သူတက်တယ်။ သိမ်းငှက်က သားကောင်နောက် ပြန်လိုက်သွားတုန်းမှာ မင်းသားက သူ့ခွက်ကိုထုတ်လိုက်ပါတယ်။ သူ့ခွက်ထဲကရေကို မင်းသားသောက်ခါနီးမှာ သူ့သိမ်းငှက်ကထိုးစိုက်ဆင်းလာပြီး သူ့လက်သည်းတွေနဲ့ မင်းသားလက်ထဲကခွက်ကို ဆွဲလုလိုက်ပါတယ်။ အဲဒီလိုနဲ့ မင်းသားလည်း ရေသောက်လို့မရတော့ဘူး။ ဒါပေမဲ့ မင်းသားကထပ်သောက်ဖို့ကြိုးစားတယ်။ ဒါပေမဲ့ သိမ်းငှက်ကထပ်တားပြန်တယ်။ သိမ်းငှက်ကြောင့် မင်းသားကပင်ပန်းလာပြီး သိမ်းငှက်ရေမှောက်အောင်ထပ်လုပ်ရင် သတ်ဖို့ သူ့ဓားကိုထုတ်လိုက်ပါတယ်။ သူတတိယအကြိမ်သောက်ဖို့ကြိုးစားပြန်တယ်။ အဲဒီအချိန်မှာ သူ့သိမ်းငှက်က တစ်ခါထိုးစိုက်ဆင်းလာတာကိုတွေ့ရတယ်။ သူ့ဓားနဲ့ ခုတ်သတ်ဖို့လုပ်တယ်။ ဒါပေမဲ့ သိမ်းငှက်က သန်မာတဲ့လက်သည်းတွေနဲ့ ခွက်ကို လေထဲကိုဆွဲလုသွားတယ်။ ခွက်တင်နေတဲ့ကျောက်တုံးကြီး တစ်ခုပေါ်ကို မင်းသားတက်ရပြန်တယ်။ ဒါပေမဲ့ ကျောက်တုံးပေါ်ရောက်ပြီး ခွက်ကိုကောက်ယူတဲ့အချိန်မှာ သူသောက်မယ့်ရေကန်ဆီစီးဆင်းတဲ့ နောက်ရေကန်တစ်ခုကိုတွေ့လိုက်ရသလို အဲဒီကန်ထဲမှာအဆိပ်ရှိတဲ့မြွေတစ်ကောင်သေနေတာကိုသွားတွေ့တယ်။ အဲဒီမှာပဲ သူ့အဖော်သိမ်းငှက်လုပ်တာကို နားလည်သဘောပေါက်သွားတယ်။ တကယ်တော့ သိမ်းငှက်က သူ့အသက်ကိုကယ်ဖို့ကြိုးစားနေတာပါ"။

"ဦးမင်းနိုင်၊ ဒီဇာတ်လမ်းထဲကသိမ်းငှက်က လူ့ခန္ဓာကိုယ်ပဲ။ သူက ကျွန်တော်တို့မစားသင့်တာတွေကို အချက်ပေးနည်းအမျိုးမျိုးနဲ့သတိပေးတယ်။ ဒါပေမဲ့ ကျွန်တော်တို့ တစ်ခုမှသတိမထားမိကြဘူး။ ကျွန်တော်တို့အစားအသောက်အများကြီးစားတဲ့အခါ ပြည့်အင့်လာပြီး ကောင်းကောင်းအိပ်လို့မရတော့ဘူး။ ကျွန်တော်တို့ ကော်ဖီအလွန်အကျွံသောက်တဲ့အခါ တက်ကြွပြီးအိပ်လို့မရတော့ဘူး။ တတိယအမျိုးအစားအစားအစာမျိုးကိုစားတဲ့အခါ ခင်ဗျားခန္ဓာကိုယ်ဟာ ပျော့ရွှင်အေးချမ်းပြီး ကောင်းမွန်တဲ့ကျန်းမာရေးကို ဆုလာဘ်အဖြစ်ရလိမ့်မယ်။ သိမ်းငှက်နဲ့တူတဲ့ ခင်ဗျားခန္ဓာကိုယ်ပြော

တာကိုနားထောင်နိုင်အောင် လေ့လာသင်ယူပါ။ ဒါ့ပြင် ခင်ဗျားအတွက် အဆိပ်အတောက်မဖြစ်ပေမဲ့ မစားသင့်တဲ့နောက်အစားအစာအမျိုးအစားတစ်ခုရှိသေးတယ်။ တီဗီပါ။ တီဗီက ခင်ဗျားအတွက် စိတ်အစာပြေစေတယ်။ ဒါပေမဲ့ အဲဒီတီဗီမှာ ကြောက်ရွံ့မှုတွေ၊ ခက်ထန်မှုတွေ၊ အကြမ်းဖက်မှုတွေနဲ့ပြည့်နေတယ်။ ခင်ဗျားဘဝကို တည်ငြိမ်၊ အေးချမ်း၊ ပျော်ရွှင်မှုနဲ့နေချင်တယ်ဆိုရင် ခင်ဗျား တီဗီစက်ကို ပလက်ပေါက်ဖြုတ်ထားပါ။ ဒါမှမဟုတ် ယဉ်ကျေးမှုဆိုင်ရာနဲ့ တခြားသင့်တော်တဲ့အစီအစဉ်မျိုးတွေပဲကြည့်ပါ"။

"ဒါပေမဲ့ ကျွန်တော်သတင်းမကြည့်ရင် ကျွန်တော်တို့နိုင်ငံနဲ့ ကမ္ဘာကြီးမှာဖြစ်ပျက်နေတာတွေကို ကျွန်တော်ဘယ်လိုလုပ်သိနိုင်ပါ့မလဲ"။

"သတင်းစာဖတ်ပါ။ တီဗီကြည့်တာက စားသောက်ဖွယ်စာရင်းမှာ သတ်မှတ်ပြီးသား အစားအစာတစ်ခုကိုစားတာနဲ့တူတယ်။ အဲဒီဟာကို တခြားတစ်ယောက်ယောက်က ကြိုတင်ပြင်ဆင်ထားပြီးသား။ အဲဒီအထဲမှာ အဲဒီလူကြိုက်တာနဲ့ကောင်းမယ်လို့ထင်တဲ့အရာတွေပါဝင်တယ်။ ဒါပေမဲ့ သတင်းစာဖတ်တာကျတော့ ဘူဖေးစားတာနဲ့တူတယ်။ သတင်းအမျိုးအစားမျိုးစုံ ခင်ဗျားတွေ့ရမယ်။ ခင်ဗျားဖတ်ချင်တဲ့အကြောင်းအရာကိုရွေးချယ်နိုင်တယ်။ ဦးမင်းနိုင်၊ ခင်ဗျားအစာအိမ်အတွက်သာမကဘဲ ခင်ဗျားစိတ်အတွက်ပါတာဝန်ယူပါ။ အတွင်းပိုင်းငြိမ်းချမ်းမှုကိုရှာဖို့က ခင်ဗျားတာဝန်ပဲ။ အိမ်ပြန်ပြီး ကျွန်တော်အခုသင်ပြပေးခဲ့တာတွေကိုပြန်ပြီးလေ့ကျင့်ပေတော့။ ဒီသင်ခန်းစာတွေကို တကယ်လေ့ကျင့်ပြီး သုံးပတ်အကြာမှပြန်လာခဲ့ပါ"။

"ဒါပေမဲ့ဆရာ၊ ကျွန်တော့်ကို သစ်စေ့တစ်မျိုးထပ်မပေးတော့ဘူးလား" ဦးမင်းနိုင်ကမေးလိုက်ပါတယ်။

ဆရာက သစ်စေ့ခုနစ်စေ့ရှိတယ်လို့ သူ့ကိုပြောပြထားတယ်။ အခုဆို အဲဒီထဲက ခြောက်စေ့အကြောင်း သူသိသွားပြီဖြစ်တဲ့အတွက် နောက်ဆုံးသစ်စေ့ကဘာဖြစ်မလဲဆိုတာ သူ့အရမ်းစိတ်ဝင်စားနေပါတယ်။

"မပေးသေးဘူး။ အရင်ဆုံးခင်ဗျားလေ့ကျင့်ကြည့်လိုက်ဦး"။

◈ ◈ ◈

# သစ်စေ့ခြောက်စေ့ကိုပြန်လည်သုံးသပ်ခြင်း

ယောဂီကြီးနဲ့တွေ့ပြီးခြောက်ပတ်အကြာမှာ ဦးမင်းနိုင်ဟာ သူ့ဆရာညွှန်ကြားပြသချက်တွေအတိုင်း လေးလေးနက်နက်အစွမ်းကုန်ကြိုးစားလိုက်နာပါတယ်။ ရက်သတ္တပတ်တစ်ပတ်မှာ ကြက်သားနဲ့ငါးကိုရံဖန်ရံခါစားတတ်ပေမဲ့ အသားနီနီတွေစားတာကိုတော့ လုံးဝရပ်လိုက်ပါတယ်။ သူ့စားသောက်မှုရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ သူ့ဆရာပြောတဲ့အစားအသောက်အမျိုးအစားသုံးမျိုးထဲက ***'ခွန်အားတက်ကြွစေပြီး အေးချမ်းမှုနဲ့ဟန်ချက်ညီမှုကို ပေးစွမ်းတဲ့အစားအစာ'*** တွေပဲဖြစ်ပါတယ်။ သူ့ခန္ဓာကိုယ်အလေးချိန်ကျသွားသလို ပိုပြီးကျန်းမာပေ့ါပါးလာပါတယ်။ သူအရက်သောက်တာကိုလည်းဖြတ်လိုက်ပါပြီ။ ဝိုင်ဆက်သောက်ဖို့တော့ စဉ်းစားပါသေးတယ်။ ဒါပေမဲ့ သူ့အစားအသောက်တွေက ဟင်းသီးဟင်းရွက်အဓိကဖြစ်ပြီးကတည်းက ဝိုင်က သူ့အစာအိမ်ကိုဒုက္ခပေးလာတဲ့အတွက် အခုဆို ဝိုင်ကိုလည်း တဖြည်းဖြည်းနဲ့လျှော့သောက်နေပါပြီ။ ဒါက သူ့ဆရာပြောသလို ခန္ဓာကိုယ်ကနေ သူသတိထားမိအောင်ပြသတဲ့အချက်ပေးနိမိတ်လက္ခဏာတွေထဲကတစ်ခုဖြစ်ပုံရပါတယ်။

ဦးမင်းနိုင်ဟာ တီဗီကြည့်တာကိုလည်း တဖြည်းဖြည်းချင်းလျှော့လာပါတယ်။

ပထမတစ်ပတ်လောက်ကတော့ တော်တော်လေးအခက်အခဲဖြစ်ခဲ့ပါတယ်။ တစ်ခုခု လိုနေသလို ဟာနေသလိုဖြစ်ပြီး ခံစားခဲ့ရပါတယ်။ တီဗီကြည့်တုန်းမှာ သူ့စိတ်နဲ့ ကင်းကွာပြီးတော့ပဲဖြစ်ဖြစ် သူ့ပတ်ဝန်းကျင်ကဆူညံသံတွေကိုကြားပြီးတော့ပဲဖြစ်ဖြစ် နောက်ဆုံးရသတင်းတွေကို ကြည့်ချင်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့အလေ့အကျင့်ဖြစ်နေတဲ့အရာတွေအောက်မှာ သူအညံ့ခံအရှုံးမပေးပါဘူး။ အခုဆို ခြောက်ပတ်အတွင်းမှာ တီဗီမကြည့်တာအကျင့်ဖြစ်သွားသလို စာဖတ်ဖို့ တွေးတောစဉ်းစားဖို့အချိန် လုံလုံ ရနေတဲ့အတွက် သူအံ့အားသင့်နေပါတယ်။ ကော်ဖီဖြတ်ဖို့ကြိုးစားပေမဲ့ မနက်ဆို ကော်ဖီတစ်ခွက်တော့သောက်တုန်းပါပဲ။ အကြောင်းကတော့ အိပ်ရာထပြီး မနက် ကော်ဖီမသောက်ဘဲနဲ့အလုပ်သွားဖို့ နိုးကြားနေအောင် သူမလုပ်နိုင်ဘူးဖြစ်နေတယ်။

အဲဒါကိုကြည့်ရင် သူမှီဝဲသောက်သုံးနေတဲ့ကဖိန်းဓာတ်ပမာဏက သူ့ကို တက်ကြွလန်းဆန်းအောင် မောင်းနှင်နေတယ်ဆိုတာ သက်သေပြနေပါတယ်။ အခုဆို သူပိုပြီးတည်ငြိမ်လာသလို တရားကိုလည်း ပိုပြီးကောင်းကောင်းအားထုတ်နိုင်လာပါတယ်။ နောက်ဆုံးမှာတော့ သူ့ဆရာပြောတဲ့အတိုင်း သူ့ရဲ့ရက်သတ္တပတ်ကို သူကန့်သတ်နိုင်သွားပါပြီ။ ဒါပေမဲ့ သူ့မှာဖြစ်နေသေးတဲ့ပြဿနာကတော့ ကြားဖြတ်ဝင်လာတဲ့ကိစ္စတွေကိုသတိမူပြီး သေချာမကိုင်တွယ်နိုင်သေးတာပါ။ လူတွေသူ့ရုံးခန်းထဲဝင် လာတယ်။

တစ်ခါတစ်ရံ အဲဒီလူတွေနဲ့ ကိစ္စတွေဆွေးနွေးရင် သူမျောပါသွားတယ်။ အဲဒီလိုနဲ့သေချာလုပ်ဆောင်ဖို့ရှိတဲ့လုပ်ငန်းဆောင်တာတွေအတွက် သတ်မှတ်ထားတဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို အရေးမကြီးတဲ့အလုပ်တွေအတွက်အသုံးပြုရင်း ကုန်ဆုံး နေရတယ်။ ကြားဖြတ်ကိစ္စတွေနဲ့ အချိန်ဘယ်လောက်ကုန်နေပြီဆိုတာ ဦးမင်းနိုင် သတိထားမိတဲ့အခါတိုင်း သူ့ကိုအာရုံပျက်အောင်မလုပ်ဖို့ သူ့ဝန်ထမ်းတွေကိုပြောပါ တယ်။ ဒါပေမဲ့ အဲဒီလိုလုပ်ရတာကိုသူမကြိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့အလေ့ အကျင့်က သူ့ရဲ့မူအသစ်ထက် အားကောင်းနေလို့ပါ။

ဦးမင်းနိုင်ဟာ တစ်နေ့ပြီးတစ်နေ့အရေးကြီးတဲ့ကိစ္စတွေအပေါ်မှာပဲ အချိန် ကန့်သတ်လုပ်တဲ့နည်းလမ်းကိုသုံးပေမဲ့ ကုမ္ပဏီမှာတော့ အဲဒါကို အားလုံးက တံခါး

ပိတ်မူဝါဒလို့ခေါ်ကြပါတယ်။ ဝန်ထမ်းတချို့ကတော့ အဲဒီလိုလုပ်တာကိုလက်ခံပေမဲ့ တချို့ကတော့ ထုံးစံအတိုင်း မိနစ်တိုင်းမှာ ဦးမင်းနိုင်ပြောတာကိုကြားချင်နေပါတယ်။ တကယ်တမ်းတော့ သူ့ဝန်ထမ်းတွေကို စိတ်ဓာတ်ခွန်အားပေးတာကတော့ ဦးမင်းနိုင်အနားမှာရှိနေပြီး အသိအမှတ်ပြုခံချင်တာ၊ ကိုယ့်ကိုယ်ကိုယ်အရေးပါအရာရောက်ပြီး စွမ်းဆောင်ရည်ရှိသူလို့ ခံစားချင်ကြတာပဲဖြစ်ပါတယ်။ ကြားဖြတ်ဝင်လာတဲ့ကိစ္စအများစုက မလိုအပ်တာတွေဖြစ်ပြီး များသောအားဖြင့် သူ့လုပ်ဖော်ကိုင်ဖက်တွေရဲ့အတ္တမာနက လှုံ့ဆော်မှုကြောင့်ဖြစ်တာတွေပါ။

ဦးမင်းနိုင်ဟာ တံခါးဖွင့်မူဝါဒကိုကြိုက်ပါတယ်။ ဒါပေမဲ့ သူ့လူတွေအနေနဲ့ ကိုယ့်ဘာသာကိုယ်လုပ်တတ်အောင်သင်ယူသင့်တယ်ဆိုတာ ဦးမင်းနိုင်သိတယ်။ ဆုံးဖြတ်ချက်တွေကို သူတို့ဘာသာသူတို့ချရပြီး ရုတ်တရက်ပေါ်လာတဲ့အရေးတကြီးကိစ္စမှသာ သူ့ကိုကြားဖြတ်လုပ်ခိုင်းရပါတယ်။ သူ့လုပ်ငန်းတွေအားလုံးကို ပြန်လည်သုံးသပ်ဖို့ အချိန်ယူပြီး အဲဒီအထဲကအများစုကို အလုပ်တာဝန်ခွဲဝေလုပ်စေပါတယ်။ သူ့အချိန်အများကြီးယူတဲ့ နိစ္စဓူဝလုပ်ငန်းဆောင်တာတွေအများကြီး သူလုပ်နေရတယ်ဆိုတာ ဦးမင်းနိုင်သဘောပေါက်ပါတယ်။

ဒါပေမဲ့ အဲဒီကိစ္စက မလွယ်လှပါဘူး။ သူ့စိတ်ထဲမှာဟာတာတာကြီးခံစားနေရပါတယ်။ အခုဆို ရုံးမှာဆုံးဖြတ်ချက်တွေကို သူ့ကိုမတိုင်ပင်တော့ဘဲချမှတ်နေကြတာကို သူမြင်တွေ့နေရပါတယ်။ အဲဒါက သူ့ကိုစိတ်မသက်မသာဖြစ်စေပါတယ်။ သူ့လူတွေက သူ့ကိုမလိုတော့သလိုလို အရေးပါအရာမရောက်တော့သလိုလိုခံစားနေရပါတယ်။ အလုပ်တာဝန်တွေကိုခွဲဝေမပေးဘဲ သူ့အာဏာပါဝါကိုပြန်ယူဖို့ အတ္တမာနကတောင်းဆိုနေတာကို သူသဘောပေါက်ပါတယ်။

ဒါပေမဲ့ သူ့အတ္တမာနက အာဏာပါဝါကိုစွဲလန်းနေသလိုမျိုး သူပျော်မွေ့တဲ့ အရေးမပါတဲ့လုပ်ငန်းဆောင်တာတွေကိုရပ်ပစ်လိုက်ရတာကို ဦးမင်းနိုင် တကယ့်ကိုစိတ်မကောင်းဖြစ်နေပါတယ်။ အဲဒီလုပ်ငန်းဆောင်တာတွေက သူ့ဘဝတစ်လျှောက်လုံးရပ်ခဲ့ပြီး သူလည်းကောင်းကောင်းလုပ်နိုင်ပေမဲ့ သူကိုယ်တိုင်ဆက်လုပ်ရလောက်အောင် မရှိမဖြစ်တဲ့အရာတွေမဟုတ်ပါဘူး။ သူ့အချိန်တွေကို ပိတ်ဆို့ကန့်သတ်ရတာ

သူ့အတွက်အရင်းအနှီးများမှန်းသဘောပေါက်ပေမဲ့ ရေရှည်မှာ အဲဒီအရင်းအနှီးကနေ အကျိုးအမြတ်ကောင်းကောင်းပြန်ရမယ်ဆိုတာ သူသေချာသိပါတယ်။ သူ့ဆရာအကြံပေးတဲ့အတိုင်း ရက်သတ္တပတ်ရဲ့တချို့အချိန်တွေကို စဉ်းစားဖို့သက်သက်အတွက် ဖယ်ထားပေမဲ့ တကယ်တော့ လုံးဝမလွယ်လှပါဘူး။ ရုံးမှာ ဦးမင်းနိုင်ဟာ ပြဿနာတွေဖြေရှင်းရင်း၊ ဆုံးဖြတ်ချက်တွေချရင်း အစည်းအဝေးတွေလုပ်ရလေ့ရှိတယ်။ စဉ်းစားရုံလေးလုပ်ရတာတောင် သူ့ရဲ့လုပ်ငန်းခွင်အလေ့အကျင့်ကနေကင်းကွာစေပြီး တစ်ချိန်လုံး လှုပ်ရှားညွှန်ကြား၊ ဆုံးဖြတ်ချက်တွေချရင်း အရေးပါအရာရောက်ခံချင်တဲ့ သူ့ရဲ့အတ္တမာနကို အနှောင့်အယှက်ပေးနေပါတယ်။

ဒါပေမဲ့ အဲဒီအချိန်လေးတွေက သူ့လုပ်ငန်းအတွက် ဆန်းသစ်တီထွင်မှုတွေ၊ ကြိုတင်ပြင်ဆင်စီစဉ်မှုတွေ၊ ဆိုင်းငံ့အလုပ်တွေဆက်လုပ်ဖို့ သူ့ကိုအထောက်အကူပြုတယ်ဆိုတာ သူသတိထားမိတယ်။ စနေ၊ တနင်္ဂနွေအားလပ်ရက်တွေမှာလည်း ရုံးနဲ့ပတ်သက်တဲ့အလုပ်တွေလုံးဝမလုပ်တော့ဘဲ သူ့မိသားစုအတွက်ပဲအချိန်ပေးပါတော့တယ်။ ပထမတော့ အဲဒီလိုလုပ်ရတာ သူ့အတွက်မလွယ်လှပါဘူး။ ကျောင်းသားဘဝတုန်းက အားလပ်ရက်မှာ အိမ်စာမလုပ်ဘဲနေသလိုမျိုး သူ့ကိုယ်သူမလုံမလဲဖြစ်နေပါတယ်။ အားလပ်ရက်အလုပ်မလုပ်ဘဲနေတာဟာ အဲဒီလိုစိတ်အနှောင့်အယှက်ဖြစ်စရာ၊ အမှတ်ရစရာတွေယူဆောင်လာရုံတင်မကသေးပါဘူး။ သူ့ကိုယ်သူဆူပူကြိမ်းမောင်းပြီး အပြစ်ဒဏ်ခံရတော့မလိုခံစားနေရပါတယ်။

ဒါပေမဲ့ ခြောက်ပတ်အကြာမှာတော့ နေသာထိုင်သာနဲ့ လွယ်ကူလာပါတယ်။ အားလပ်ရက်အကုန်လုံးကို သူ့ကလေးတွေနဲ့ဆော့ကစားရတဲ့ နှစ်သက်ပျော်ရွှင်ဖွယ်အတွေ့အကြုံတွေကိုခံစားတွေ့ရှိခဲ့ပါတယ်။ အဲဒီလိုလုပ်တဲ့အချိန်တိုင်းမှာ သူ့ရဲ့ပင်ပန်းနွမ်းလျှမှုတွေပျောက်ကွယ်သွားပြီး ချစ်ခြင်းမေတ္တာဘရားကိုခံစားနေရတာဟာ သူ့နှလုံးသားမှာ ပျော်ရွှင်မှုတွေပြည့်နှက်စေပါတယ်။ အခုဆိုရင် ဘယ်သူ့အတွက်မှ သူ့ရဲ့နည်းလမ်းဟောင်းတွေဆီပြန်မသွားချင်တော့ဘူး။ အခုဆိုရင် သူ့ရှေ့တည့်တည့်မှာအမြဲရှိနေခဲ့ပြီး သူကန်းလို့မမြင်ခဲ့တဲ့ရတနာတစ်ခုကို သူရှာဖွေတွေ့ရှိထားပါပြီ။

ခြောက်ပတ်အကြာမှာတော့ သူအားလုံးကို ပြည့်ပြည့်ဝဝမလုပ်ဆောင်နိုင်

သေးဘူးဆိုတာကိုခံစားမိပေမဲ့ သူ့ဆရာကို တစ်ဖန်ပြန်တွေ့ဖို့လုံလောက်တဲ့ တိုးတက်မှုတွေလုပ်နိုင်ခဲ့ပါပြီ။ နောက်ဆုံးသစ်စေ့ရဖို့ ဦးမင်းနိုင် အလွန်ဆန္ဒစောနေပါတယ်။ သူ့ဆရာယောဂီကြီးအိမ်ကို ကားမောင်းထွက်ခဲ့ပါတယ်။ သူရောက်တဲ့အခါ ခါတိုင်းလို သူခေါင်းလောင်းတီးပြီးပြီးချင်းပဲ တံခါးကပွင့်လာတာမျိုးမဟုတ်ဘဲ စကားပြန်တောင်မရပါဘူး။ ဦးမင်းနိုင်ထပ်ခါ ထပ်ခါခေါင်းလောင်းတီးပေမဲ့ အထဲမှာဘယ်သူမှမရှိတဲ့ပုံပါပဲ။ သူနားမလည်တော့ပါဘူး။ သူစိတ်ရှုပ်ပြီးထွက်လာသလို တစ်ချိန်တည်းမှာပဲ စိုးရိမ်ပူပန်နေပါတယ်။ ဒီလိုပြဿနာမျိုး အရင်ကတစ်ခါမှမရှိခဲ့ဖူးပါဘူး။

ဆရာတစ်နေရာရာထွက်သွားတာဖြစ်ရမယ်၊ ဒါမှမဟုတ် ခရီးတစ်ခုခုသွားတာဖြစ်ရမယ်လို့ သူ့ဘာသာသူစဉ်းစားကြည့်ပါတယ်။ တကယ်တော့ သူ့ဆရာယောဂီကြီးကသူ့တစ်ယောက်တည်းအတွက် အဲဒီမှာရှိနေတာမှမဟုတ်ပဲ။ သူ့ဆရာလိုပုဂ္ဂိုလ်မျိုးမှာဆိုင်းငံ့ထားတဲ့ကိစ္စတွေရာပေါင်းများစွာရှိသလို ကူညီရမယ့်သူလည်း ရာပေါင်းများစွာရှိမှာပဲ။ ဦးမင်းနိုင်ဟာ သူ့ရဲ့ဆရာကိုရှာပြီး သူ့ရဲ့တိုးတက်မှုတွေကိုပြောပြချင်နေပါတယ်။ တကယ်တော့ သူလိုချင်နေတာက နောက်ဆုံးသစ်စေ့ပါ။ နောက်တစ်နေ့ကျရင် သူ့ဆရာအိမ်ပြန်လာဖို့ သူဆုံးဖြတ်လိုက်ပါတယ်။

နောက်တစ်နေ့ပြန်သွားတော့လည်း ခေါင်းလောင်းတီးပေမဲ့ စကားပြန်မရပါဘူး။ အခုဆို သူတကယ်စိုးရိမ်ပူပန်လာပါပြီ။ သူရောက်တဲ့အချိန်က ညဆိုတော့ မီးတွေလည်း ပိတ်ထားပါတယ်။ သူဘာလုပ်ရမှန်း၊ ဘယ်သူ့ကိုမေးရမှန်း သူမသိတော့ပါဘူး။ တစ်နေ့ကျရင် တံခါးက သူ့ကိုဖွင့်ပေးမှာမဟုတ်ဘူးဆိုတာ သူနည်းနည်းမှမတွေးမိခဲ့ပါဘူး။ နှစ်ပေါင်းအတော်ကြာ ပြဿနာတစ်စုံတစ်ရာမရှိဘဲ သူ့ဆရာဆီလည်ပတ်နိုင်ခဲ့တာပဲ။ သူလမ်းပျောက်သလိုဖြစ်ပြီး အနေရခက်နေပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ စိုးရိမ်ပူပန်နေပါတယ်။ အဆိုးဆုံးကိုသူ့စဉ်းစားနေပါပြီ။ "ဆရာတစ်ခုခုများဖြစ်နေပြီလား ငါသိချင်လိုက်တာ"။

အိမ်က ကြည့်ရတာ ဘယ်သူမှမရှိသလိုပဲ။ ဘာအသံမှလည်းမကြားရဘူး။ "သူ့နိုင်ငံများသူ့ပြန်သွားပြီလားသိချင်လိုက်တာ. . . ဒါပေမဲ့ ငါ့ကိုမပြောဘဲသွားပါ့မလား. . . မဖြစ်နိုင်ဘူး။ အဲဒီလိုမဖြစ်နိုင်ပါဘူး"။ သူတွေးနေပါတယ်။ သူ့ဆရာက

သူ့ကိုအများကြီးလိုလားသဘောကျသွားပဲ။ နောက်သူကိုယ်တိုင်ပြောခဲ့ဖူးသလိုပဲ "ဆရာကောင်းဆိုတာ သူ့တပည့်ကိုဘယ်တော့မှ မစွန့်ပစ်ဘူး"။ အဲဒီလိုမျိုးသူ ဘယ်တော့မှထွက်သွားမှာမဟုတ်ဘူး။ ဦးမင်းနိုင် စိတ်အနှောင့်အယှက်ဖြစ်နေပါပြီ။ ဒါပေမဲ့ သူ့ကိုယ်သူကြိုးစားထိန်းချုပ်လိုက်ပါတယ်။ ပြန်တည်ငြိမ်အောင်လို့ သူ့အသက်ရှူတာကိုစပြီးအာရုံစိုက်လိုက်ပါတယ်။ အဲဒါကသူ့ကိုတည်ငြိမ်သွားစေပါတယ်။

အခုလိုအချိန်မှာတောင် ဆရာမရှိတော့တဲ့နာကျင်ခံစားမှုမျိုးနဲ့ရင်ဆိုင်နိုင်ဖို့ သူ့ဆရာရဲ့အဆုံးအမတွေက သူ့ကိုအကျိုးပြုနေပါတယ်။ ကျိုးကြောင်းဆီလျော်တဲ့ အကြောင်းရင်းဖြေရှင်းချက်တစ်ခုခုတော့ရှိရမယ်လို့ သူတွေးမိပါတယ်။ ဆရာ့အိမ်နဲ့ကပ်လျက်အိမ်ဆီသွားပြီး ခေါင်းလောင်းကိုမဆိုင်းမတွဘဲတီးလိုက်ပါတယ်။ အသက် ၇၀ လောက်ရှိတဲ့အမျိုးသမီးတစ်ဦးတံခါးလာဖွင့်ပေးပါတယ်။ ဦးမင်းနိုင်က အမျိုးသမီးကိုပြောလိုက်ပါတယ်။ "မင်္ဂလာပါအန်တီ၊ ကျွန်တော်ကမင်းနိုင်ပါ။ ဒီအိမ်နဲ့တစ်လျက်အိမ်က အိန္ဒိယကလာတဲ့ယောဂီကြီးဆီ ကျွန်တော်လာနေတာနှစ်အတော်ကြာပါပြီ။ သူ့အကြောင်းတစ်ခုခုများ ကျွန်တော့်ကိုပြောပြလို့ရမလား။ သူဘယ်များသွားသလဲ အန်တီသိပါသလား"။

"မနက်တိုင်း လမ်းလျှောက်ထွက်လေ့ရှိတဲ့ လိမ္မော်ရောင်သင်္ကန်းအကျီဝတ်ထားတဲ့မုတ်ဆိတ်ဖြူဖြူနဲ့လူမဟုတ်လား"။ "ဟုတ်တယ်၊ ဟုတ်တယ်၊ သူပဲ" ဦးမင်းနိုင် မျက်နှာဝင်းလက်လာပါတယ်။ အကြောင်းကတော့ အမျိုးသမီးကြီးက သူ့ကိုသတင်းတစ်ခုခုပြောနိုင်လိမ့်မယ်ဆိုတာ သိသာနေလို့ပါ။ အမျိုးသမီးကြီးရဲ့အမူအရာပြောင်းသွားပါတယ်။ လေးလေးနက်နက်နဲ့စိတ်မကောင်းဖြစ်တဲ့ပုံပေါ်လာပြီး ခေါင်းကိုခါပါတယ်။ အဲဒီအမူအရာကိုကြည့်ပြီး သူ့ဆရာမှာ အရေးကြီးတဲ့တစ်စုံတစ်ရာဖြစ်နေပြီလို့ သူအစိုးပွာယ်ကောက်လိုက်ပါတယ်။

"ဘာဖြစ်တာလဲ ကျွန်တော့်ကိုပြောပြပါ။ ဆရာဘာဖြစ်တာလဲဟင်" ဆို့နင့်တဲ့လေသံနဲ့ တိုက်တွန်းမေးမြန်းလိုက်ပါတယ်။ "စိတ်မကောင်းပါဘူး။ အန်တီအရမ်းကိုစိတ်မကောင်းပါဘူးကွယ်။ ပြီးခဲ့တဲ့သုံးပတ်လောက်က သူ့အိမ်ကအထွက်မှာ ကားတိုက်ခံလိုက်ရပါတယ်။ အိမ်နီးချင်းတစ်ယောက်က သူ့ကိုလမ်းပေါ်မှာသွေးတွေနဲ့လဲ

နေတာတွေပြီး အရေးပေါ်ကားခေါ်ပေးလိုက်ရတယ်။ ဒါပေမဲ့ အရေးပေါ်ကားလာတဲ့အချိန်မှာ သူ့အသက်မရှိတော့ပါဘူး။" သေအံ့ဆဲဆဲမှာတောင် တစ်ချိန်လုံးမျက်နှာမှာ အပြုံးတစ်စုံတစ်ရာရှိနေတဲ့ လူကြီးလူကောင်းကို အမျိုးသမီးကြီးအရမ်းချီးကျူးနေပါတယ်။ တုန်လှုပ်ခြောက်ခြားတဲ့အနေအထားနဲ့ အမျိုးသမီးကြီးပြောတာကို ဦးမင်းနိုင်နားထောင်နေပါတယ်။ သူငိုချင်သလိုခံစားနေရပေမဲ့ သူ့ကိုယ်သူဆက်လက်ထိန်းချုပ်နေနိုင်ပါတယ်။ ဒီသတင်းဟာ သူ့အတွက်တော့ နဖူးတည့်တည့်ကို မိုးကြိုးထိမှန်သလို သိပ်ပြင်းထန်ပါတယ်။ သူ့ခြေထောက်တွေတုန်ခါနေပြီး မထိန်းနိုင်မသိမ်းနိုင်အောင် ပြောမပြတတ်တဲ့ဒေါသအမျက်တွေနဲ့ပြည့်နှက်နေပါတယ်။ အကြောင်းကတော့ အဲဒီအခြေအနေကနေ ဘယ်သူမှ သူ့ကိုခေါ်ထုတ်မသွားနိုင်သလို လမ်းကြောင်းလွှဲအောင်လည်း မလုပ်နိုင်လို့ပါ။

ရုတ်တရက်လှည့်စားခံရသလို သူခံစားနေရပါတယ်။ သူ့ဆရာကြောင့်မဟုတ်ပါဘူး။ ထူးဆန်းတဲ့တစ်စုံတစ်ခု၊ နားလည်နိုင်စွမ်းမရှိတဲ့အရာတစ်ခုကြောင့် သူ့ကိုယ်သူပေါက်ကွဲနေတာပါ။ သူဒီလိုကိစ္စမျိုးဖြစ်နေတာ လုံးဝနားမလည်နိုင်ဘူး။ လုံးဝမတရားဘူး။ သူ့အတွက်တော့ ဆရာက ဘယ်တော့မှမသေနိုင်တဲ့ သူတော်စင်တစ်ပါးပါ။ သူဘယ်တော့မှပြန်မရနိုင်တော့မယ့် သူ့အဖေ၊ အမေလည်းဟုတ်တယ်။ သူ့ဆရာကို သားသမီးတစ်ယောက်ရဲ့မေတ္တာမျိုးနဲ့ သူနက်နက်ရှိုင်းရှိုင်းချစ်တာပါ။ သူ့ဆရာကို စသိကျွမ်းကတည်းက သူ့ကိုယ်သူလုံခြုံသလို အဲဒီသူတော်စင်မိဘကကာကွယ်ပေးနေသလိုမျိုးခံစားနေရတာပါ။ အခုဆို အဲဒီဆရာမရှိတော့ဘူးဆိုတော့ သူ့ဘဝကြီး ဘယ်လိုဖြစ်လာမလဲ။ ဘယ်သူက သူ့ကို မေးခွန်းတွေမေး၊ ဆွေးနွေးတိုင်ပင်အကြံပေးပြီး အသိပညာတွေပေးတော့မှာလဲ။

အဆုံးစွန်ဆုံးအားဖြင့် ကိုယ်ကျိုးမငဲ့တဲ့ခံစားချက်မျိုး၊ သူ့ကိုနူးညံ့စေပြီး နိုးကြားထက်မြက်စေတဲ့ ကြီးမားတဲ့ကရုဏာမေတ္တာတရားမျိုးကို ဘယ်သူ့ကိုပြသနိုင်တော့မလဲ။ ဘဝက သူ့အတွက်မတရားဘူးလို့ သူခံစားနေရပါတယ်။ သူတိုးတက်ကောင်းမွန်အောင်လုပ်နိုင်နေတဲ့အချိန်ကျမှပဲ သူ့အတွက်ကြီးပွားတိုးတက်မယ့် တစ်ခုတည်းသောအခွင့်အရေးကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီ။ သူလိမ်လည်ခံရသလိုခံစား

ရပြီး ကြောက်ရွံ့မှုတွေနဲ့ပြည့်နှက်နေပါတယ်။ အစာအိမ်ထဲမှာဆိုးဆိုးဝါးဝါးလေးလံနေပြီး မငိုအောင်ထိန်းရင်း လည်ပင်းမှာတစ်ဆို့နေပါတယ်။ နဖူးမှာလည်း ချွေးသီးချွေးပေါက်တွေကျနေပါတယ်။ "တရားနဲ့ဖြေပါကွယ်" အားပေးတဲ့အပြုံး၊ ကရုဏာဖြစ်တဲ့အမူအရာနဲ့ အမျိုးသမီးကြီးကပြောပါတယ်။ "မောင်ရင့်မိတ်ဆွေက အခုလောက်ဆို ကောင်းရာသုဂတိရောက်နေလောက်ပါပြီကွယ်"။

အဲဒီစကားလုံးတွေက သူ့ကို ယောင်တိယောင်ချာဖြစ်နေတဲ့စိတ်ခံစားချက်တွေကနေ ခေါ်ဆောင်သွားပါတယ်။ ဦးမင်းနိုင် သူ့ဘာသာသူပြောလိုက်ပါတယ်။ "နေပါဦး၊ အခုငါဘာဆက်လုပ်ရမလဲဆိုတာတွေးရင်း ငါ့ရဲ့ကိုယ်ရေးကိုယ်တာဆုံးရှုံးမှုတွေအတွက် ကြေကွဲဝမ်းနည်းနေတာပဲ။ တကယ့်ကို ကိုယ့်အတွက်ပဲကိုယ်စဉ်းစားနေတာပဲ။ ဒါပေမဲ့ ငါ့ဆရာအကြောင်းတော့ ငါစဉ်းတောင်မစဉ်းစားဘူး။ ဟုတ်တယ်။ အန်တီကြီးပြောတာမှန်တယ်။ အခုဆို ဆရာကောင်းရာသုဂတိ လားသွားလောက်ပြီ။ သူ့ရဲ့စိတ်က ရုပ်ပစ္စည်းအနှောင်အဖွဲ့ အကန့်အသတ်တွေကနေလွတ်မြောက်နေတာပဲ။ အားကြီးတဲ့တစ်စုံတစ်ရာနဲ့ သူပိုပြီးနီးကပ်သွားပြီ။

ပထမတော့ အဲဒီစကားလုံးတွေက သူ့ကိုအကျပ်ကိုင်လိုက်သလိုပဲ။ သူ့အတ္တမာနကို သတိနဲ့ထိန်းချုပ်ရင်း တစ်ချိန်တည်းမှာပဲ အစားထိုးမရတဲ့သူ့ရဲ့ဆုံးရှုံးမှုကို ကြိုးစားဖြေသိမ့်ဖို့ အတွင်းပိုင်းအသံတစ်သံက တောင်းဆိုနေသလိုထင်ရပါတယ်။ သူ့ရဲ့နာကျင်ခံစားမှုတွေ အားလုံးက သူ့ဆရာအပေါ် ကျရောက်လာတဲ့ ကံကြမ္မာကြောင့် မဟုတ်ဘဲ သူ့မှာဆရာမရှိတော့ရင်ဖြစ်မယ့်အကျိုးဆက်ကိုပဲအလေးထားတဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ခံစားချက်ကြောင့်ဖြစ်နေတာဆိုတာ သူသဘောပေါက်ပါတယ်။ အဲဒီအတွင်းပိုင်းစကားလုံးတွေက သူ့ကိုနည်းနည်းတည်ငြိမ်သွားစေပါတယ်။

"ဒီမှာကြည့်ပါဦး" အမျိုးသမီးကြီးကဆက်ပြောပါတယ်။ "ဆရာ့ရဲ့မိတ်ဆွေတစ်ယောက်က အိမ်ထဲမှာသူတို့နဲ့ဆိုင်တဲ့တစ်စုံတစ်ရာရှိရင် ဝင်ယူလို့ရအောင် သူတို့က အန်တီကိုသော့တစ်ချောင်းပေးခဲ့တယ်။ မောင်ရင်ဝင်ကြည့်ချင်သလား"။

ဦးမင်းနိုင် မဆိုင်းမတွခေါင်းညိတ်လိုက်ပါတယ်။ သူ့ဆရာကို ဘယ်တော့မှ ပြန်မတွေ့နိုင်တော့ဘူးဆိုတာသိလိုက်တဲ့အတွက် သူ့ဆရာအခန်းထဲမှာရှိနေတာဟာ

သူ့ရဲ့နာကျင်မှုတွေအတွက် အထောက်အကူဖြစ်မဖြစ်သူမသိနိုင်တော့ပါဘူး။ သူတံခါး ဖွင့်ပြီးအထဲဝင်သွားပါတယ်။ ခါတိုင်းနဲ့မတူတာကတော့ အရင်ကအေးချမ်းမှု၊ မေတ္တာ စွမ်းအင်တွေနဲ့ပြည့်နေတဲ့အိမ်ဟာ အခုတော့ ဟာလာဟင်းလင်းဖြစ်သလိုခံစားရ ပါတယ်။ လူငယ်တစ်ယောက်အနေနဲ့ ကြိမ်ဖန်များစွာသူဖတ်ဖူးတဲ့ဆိုရိုးစကားကို ပြန် ပြောင်းသတိရနေပါတယ်။ ***"အိမ်ဂေဟာဆိုတာ လူတွေဆောက်ပြီးတဲ့အချိန်မှာဖြစ် လာတာမဟုတ်ဘူး။ အဲဒီမှာ လူတွေစနေတဲ့အချိန်မှာဖြစ်လာတာပါ"။***

အဲဒီအိမ်ရဲ့ အသက်နဲ့ဝိညာဉ်ကတော့ အဲဒီအိမ်မှာနေထိုင်ခဲ့တဲ့ သူ့ဆရာ ယောဂီကြီးပဲဖြစ်ပါတယ်။ ဥယျာဉ်ကလည်း ခြောက်သွေ့နေသလို မြက်ခင်းတွေ ကလည်း အဝါရောင်ပြောင်းနေပါပြီ။ ဦးမင်းနိုင်က ရှေ့တံခါးကိုဖွင့်လိုက်ပြီး အခန်းထဲ ဝင်လိုက်ပါတယ်။ အဲဒီအခန်းထဲမှာပဲဖောက်ထွင်းမြင်နိုင်ပြီး တည်ငြိမ်အေးချမ်းတဲ့ သူ့ ဆရာရဲ့မျက်လုံးတွေကိုကြည့်ရင်း အကြိမ်ပေါင်းများစွာရှိနေခဲ့ဖူးပါတယ်။ သူ့ဆရာတွေ ရဲ့ဓာတ်ပုံတွေ၊ သူ့အိပ်ရာ၊ သူ့ကူရှင်တွေနဲ့ အံဆွဲဗီရိုတွေ စသဖြင့် ဆရာရှိနေခဲ့တုန်း ကအတိုင်း တစ်ပုံစံတည်းရှိနေတုန်းပါပဲ။ ဦးမင်းနိုင်တစ်ယောက် အရင်ကအချိန်တွေ ကိုတမ်းတအမှတ်ရနေသလို သူ့ဘေးနားမှာ သူ့ဆရာကိုရှိနေစေချင်တဲ့ဆန္ဒကလည်း မခံမရပ်နိုင်အောင်ပြင်းပြနေပါတယ်။

သူ့ဆရာနဲ့အတူ အမြဲစကားပြောနေကျကူရှင်ပေါ်မှာ တရားထိုင်ဖို့အတွက် တိတ်ဆိတ်စွာထိုင်ချလိုက်ပါတယ်။ သူတရားစထိုင်မလို့ရှိနေတုန်းမှာပဲ အတွေးတစ်ခု ပေါ်လာပြီး ကူရှင်ပေါ်ကထလိုက်ပါတယ်။ "ဆရာ့ရဲ့တစ်ယောက်တည်းရိုက်ထား တဲ့ဓာတ်ပုံ ငါ့မှာမရှိဘူးပဲ"။ နံရံတွေပေါ်မှာ ဓာတ်ပုံတစ်ပုံတလေများရှိနိုးနိုးနဲ့ ဦးမင်း နိုင်လိုက်ရှာကြည့်ပေမဲ့ တစ်ပုံမှမတွေ့ပါဘူး။ ပြီးတော့ အံဆွဲပါတဲ့ဗီရိုတွေဆီသွားပြီး ပထမဆုံးအံဆွဲကိုဖွင့်လိုက်ပါတယ်။ အံဆွဲထဲမှာ ထူးဆန်းတဲ့ဘာသာစကားတွေနဲ့ ရေးထားတဲ့စာတွေအပြည့်ပါပဲ။ "ဟိန္ဒူစာတွေဖြစ်ရမယ်" ဦးမင်းနိုင်တွေးနေပါတယ်။

သူဒုတိယအံဆွဲကိုဖွင့်လိုက်တဲ့အခါမှာတော့ စာရွက်စာတမ်းတွေပါတဲ့ ပလတ်စတစ်အိတ်တစ်အိတ်တွေ့ပါတယ်။ "နိုင်ငံကူးလက်မှတ်ပဲ" ဦးမင်းနိုင်စဉ်းစား နေပါတယ်။ "ဒီနိုင်ငံကူးလက်မှတ်ကဓာတ်ပုံကိုပဲငါယူသွားရမယ်"။ သူစိတ်မရှည်

လက်မရှည်နဲ့ အိတ်ကိုဖွင့်လိုက်တဲ့အခါမှာတော့ ဖြတ်ပိုက်ကုမ္ပဏီအဖွဲ့အစည်းတစ်ခုနဲ့ဆိုင်တဲ့ အင်္ဂလိပ်လိုရေးထားတဲ့စာရွက်စာတမ်းတချို့ကိုတွေ့ရပါတယ်။ စိတ်ဝင်စားလာတဲ့အတွက် စာရွက်တွေကိုလှန်လှောကြည့်တဲ့အခါ စီးပွားရေးသမားအမှုဆောင်တစ်ဦးရဲ့ဓာတ်ပုံနဲ့အချက်အလက်တွေကိုတွေ့ရပါတယ်။ အဲဒီလူက အိန္ဒိယလူမျိုးတစ်ယောက်ဖြစ်ပေမဲ့ အနောက်တိုင်းဝတ်စုံဝတ်ထားပါတယ်။ အဲဒီပုဂ္ဂိုလ်က ဆံပင်တိုတို၊ ဥပမိရုပ်ကောင်းကောင်းနဲ့ အသက် ၄၀-၅၀ ဝန်းကျင်ခန့်ရှိပုံရပါတယ်။

သူစာရွက်တွေ ဆက်လှန်လှောကြည့်တဲ့အခါ အဲဒီလူကိုပဲ လန်ဒန်မှာရိုက်ထားတဲ့ဓာတ်ပုံတွေတွေ့ရပြန်ပါတယ်။ အဲဒီအထဲကတစ်ပုံက သူ့ကို အံ့အားသင့်သွားစေပါတယ်။ အဲဒီပုံထဲမှာ ခုနကပုဂ္ဂိုလ်ကပဲ မုတ်ဆိတ်မွေးနဲ့ကြမ်းပြင်မှာတင်ပျဉ်ခွေချိတ်ထိုင်ထားတဲ့ပုံပါ။ သူဓာတ်ပုံကိုသေသေချာချာစိုက်ကြည့်နေရင်းနဲ့ သူ့ဆရာဖြစ်မှန်းရုတ်တရက်သိလိုက်ရပါတယ်။ ဒါပေမဲ့ ပုံကနှစ်အတော်ကြာနေပါပြီ။ ဘယ်လိုမှန်းသူမသိပါ။ သူ့ဆရာက လုပ်ငန်းတစ်ခုရဲ့အမှုဆောင်အရာရှိလား။ သူ့ဆရာရဲ့စီးပွားရေးအသိပညာနဲ့ပတ်သက်လို့ ထူးဆန်းတာတစ်ခု သူ့မှာအမြဲရှိနေခဲ့တာ သေချာပါတယ်။ သူ့ဆရာရဲ့အကြံဉာဏ်တွေဟာ ကုမ္ပဏီမှာဖြစ်နေတာနဲ့ ကွက်တိဖြစ်နေတဲ့အတွက် အရမ်းတန်ဖိုးရှိခဲ့တာလေ။ ဒါပေမဲ့ သူ့ဆရာ အဲဒါဘယ်အချိန်တုန်းကဘယ်လိုဖြစ်နေတာလဲ။ နောက်ပြီး စိတ်ပိုင်းဆိုင်ရာလောကကို သူဘာကြောင့် ဝင်ရောက်လာတာလဲ သူမသိပါ။

သူ့ဆရာနဲ့အတူရှိခဲ့တဲ့အချိန်တုန်းက သူတစ်ကိုယ်ကောင်းဆန်နေခဲ့တဲ့အတွက် သူ့ဆရာဘဝအကြောင်း သူဘာမှမမေးဖြစ်ခဲ့ဘူး။ သူ့ဆရာဘယ်ကလာတာလဲ၊ ဘယ်မိသားစုကလဲ၊ သူ့နောက်ခံရာဇဝင်ကဘာလဲ၊ သူဘယ်လိုခံစားရသလဲစသဖြင့် ဘာဆိုဘာမှမမေးဖြစ်ခဲ့တာကို ဦးမင်းနိုင်သဘောပေါက်ပါတယ်။ သူ့ဆရာကနှိမ့်ချတဲ့အတွက် သူ့အကြောင်းသူဘယ်တော့မှမပြောခဲ့ဘဲ ဦးမင်းနိုင်အတွက်ပဲ မေတ္တာအရင်းခံပြီး တစ်ချိန်လုံးအချိန်ပေးကူညီခဲ့ပါတယ်။ ဦးမင်းနိုင်ဟာ သူ့ဆရာရဲ့ဖြစ်တည်မှုကို တရားဝင်ပိုင်ဆိုင်ခွင့်ရခဲ့တဲ့အလား သူ့ဆရာရဲ့ကူညီမှုနဲ့ လမ်းညွှန်ပြသမှုကိုခံယူပိုင်ခွင့်ဟာ သူ့ရပိုင်ခွင့်ပဲလို့မှတ်ယူခဲ့တာပါ။ ဒါပေမဲ့ သူတစ်ခါမှ "ကျေးဇူးတင်

ပါတယ်ဆရာ" ဆိုတဲ့ရိုးရှင်းတဲ့စကားလေးတစ်ခွန်းတောင်မပြောခဲ့ပါဘူး။ အခုတစ်ဖန် သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာဘဝကနေတောင် သူ့ကိုသင်ခန်းစာတစ်ခု ဆရာကသင်ပြပေးနေပါတယ်။

ဦးမင်းနိုင် ဆရာ့အိမ်ကထွက်ပြီး သူ့အိမ်ဆီကားမောင်းပြန်ခဲ့ပါတယ်။ အိမ်ပြန်ရောက်တော့ သူ့ဥယျာဉ်ထဲသွားပြီး သူ့ရဲ့အပင်တွေကိုကြည့်ပါတယ်။ အဲဒီအပင်တွေဟာ လက်စွပ်ကလွဲရင် သူ့မှာရှိတဲ့ သူ့ဆရာရဲ့အမှတ်တရလက်ဆောင်တွေပါပဲ။ သူ့အပင်တွေကိုကြည့်ရင်း သူငိုချင်သလိုခံစားရပါတယ်။ သူ့ဆရာကိုအရမ်းသတိရနေပြီး သူ့ဆရာကို ဘယ်တော့မှတစ်ဖန်ပြန်မတွေ့ရတော့ဘူးဆိုတာကို သူကြိတ်မှိတ်မခံနိုင်ပါဘူး။ သူ့အပင်တွေကိုကြည့်ရင်း လူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ သူ့ရဲ့ပြောင်းလဲမှုတွေကို သူအမှတ်ရနေပါတယ်။

ပထမဆုံးအကြိမ်အဖြစ် သူ့ဆရာကိုသူဘယ်လောက်လိုအပ်တယ်ဆိုတာနဲ့ ဘယ်လောက်ထိကျေးဇူးတင်နေသလဲဆိုတာ သူသိမြင်လာပါတယ်။ သူ့ဆရာလုပ်ခဲ့သမျှအားလုံးဟာ သူ့အတွက်ချည်းပဲဖြစ်သလို ကိုယ်ကျိုးမငဲ့ဘဲ သူ့ကိုကူညီခဲ့တယ်ဆိုတာ သူသဘောပေါက်ပါတယ်။ သူ့ရဲ့ညာဘက်ပါးပေါ်ကို မျက်ရည်တစ်ပေါက်စီးကျလာပြီး သူမိနစ်အတော်ကြာငိုနေခဲ့ပါတယ်။ ငိုလိုက်တာ သူ့အတွက်ပိုကောင်းပါတယ်။

သူ့ဆရာနဲ့တွေ့ဆုံခွင့်ရပြီးနှစ်နှစ် ကျော်ကျော်အကြာမှာတော့ သူ့ရှေ့က အပင်တွေက သူဖြတ်သန်းရောက်ရှိခဲ့တဲ့အဆင့်တွေပဲဖြစ်ပါတယ်။ သူ့ဆရာနဲ့သူ ပထမဆုံးစတွေ့တုန်းက သူဘယ်လိုအဆင်မပြေပုံတွေ၊ စစ်မှန်တဲ့ပျော်ရွှင်မှုရမယ့် လမ်းကြောင်းနဲ့ သူ့ဘဝကိုဘယ်လိုလျစ်လျူရှုနေခဲ့သလဲဆိုတာ သူအမှတ်ရနေပါတယ်။ သစ်စေ့ကအပင်မပေါက်လို့ ဆရာ့ဆီဒေါသတကြီးသွားခဲ့တဲ့အချိန်ကိုသတိရပြီး ပြုံးမိပါသေးတယ်။ အဲဒီတုန်းကဖြစ်တဲ့ဒေါသဟာ သူသစ်စေ့ကိုဘယ်လိုစိုက်ရမလဲဆိုတာကို လက်မခံနိုင်တဲ့အတွက် သူ့ရဲ့အတ္တမာနကြောင့်ဖြစ်ခဲ့မှန်း အခုတော့ သူသိသွားပါပြီ။

သူ့ရဲ့ပစ္စုပ္ပန်လုပ်ဆောင်ချက်ဟာ သူ့ရဲ့အတိတ်နဲ့ဘယ်လိုချိတ်ဆက်နေမှန်း သူ့ဆရာသင်ပြခဲ့တာကို သူအမှတ်ရနေပါတယ်။ ပြီးတော့ အထီးမခံတဲ့အပင် (ထိကရုန်းပင်) ကိုသူတွေ့ပြီး သူ့ဘဝမှာ တရားအားထုတ်မှုရဲ့အခန်းကဏ္ဍကို အသိအမှတ်ပြု

ခဲ့ပါတယ်။ သူ့ရဲ့အတိတ်ကိုသိမြင်လက်ခံခြင်းအားဖြင့် သူ့ရဲ့စိတ်ပိုင်းဆိုင်ရာအနှောင်အဖွဲ့တွေကိုဖြေနိုင်ခဲ့သလို သူ့ကိုယ်သူမထိန်းချုပ်တဲ့ မေတ္တာတရားချို့တဲ့နေတာတွေကိုနားလည်ပြီး စတင်ခံစားသိရှိခဲ့ရတယ်။ ဒါ့ပြင် တရားအားထုတ်တာက သူ့ကိုမေတ္တာတရားသမုဒ္ဒရာထဲမှာ နှစ်မြှုပ်စေနိုင်ခဲ့ပြီး စိတ်နှလုံးရဲ့အနက်ရှိုင်းဆုံးထဲဖောက်ဝင်ကာ နေ့စဉ်မကုန်ခန်းနိုင်တဲ့မေတ္တာတရား မျက်နှာပြင်ပေါ် ပေါ်လာအောင်လုပ်ပေးခဲ့တယ်။ တစ်နေ့ကို မိနစ်အနည်းငယ်ခန့် သူ့ရဲ့စိတ်နှလုံးနဲ့ဆက်သွယ်တာလေးကတောင် သူ့ကိုပိုပြီးငြိမ်းချမ်းအောင်လုပ်ပေးတယ်။

အဲဒီနောက် ဦးမင်းနိုင်ဟာ **နှင်းဆီ** ကိုကြည့်လိုက်ပါတယ်။ သူ့ဆရာက နှင်းဆီပင်အစားနွယ်ပင်ကိုရွေးချယ်ပေးသင့်တာလို့ သူတွေးနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့အတ္တမာနကနွယ်ပင်နဲ့တူတယ်။ သူ့ဘဝရဲ့အခန်းကဏ္ဍအားလုံးနီးပါးမှာ သူ့ရဲ့နွယ်ပင်နှာမောင်းနဲ့ရစ်ပတ်ထားပါတယ်။ အဲဒီအတ္တမာနနွယ်ပင်က သူ့ကိုစွဲစွဲမြဲမြဲတွယ်ထားတဲ့အတွက် အဲဒါကိုဖယ်ရှားဖို့ အစွမ်းကုန်အားထုတ်ရပါတယ်။ အဲဒါကဖယ်ရှားဖို့ခက်တဲ့မှော်ပင်တစ်ပင်နဲ့တူပါတယ်။

နှစ်နှစ်တာကာလမတိုင်ခင်တုန်းကတော့ သူ့ရဲ့အတ္တမာနဟာ မျက်မှောက်မှာထင်ထင်ရှားရှားရှိနေခဲ့တာပါ။ ဒါပေမဲ့ အနည်းဆုံးတော့ အတ္တမာနရှိတယ်ဆိုတာကိုတော့သူသိခဲ့ပြီး ထိန်းချုပ်နိုင်ခဲ့ပါတယ်။ စတုတ္ထမြောက်သစ်စေ့ကတော့ **သရက်ပင်**ဖြစ်ပြီး ကိုယ်ကျိုးမငဲ့တဲ့ဝန်ဆောင်မှုကိုကိုယ်စားပြုပါတယ်။ သူ့ဘဝမှာ စိတ်ပိုင်းဆိုင်ရာနဲ့ပတ်သက်လို့ ဟောပြောပွဲတွေလုပ်ပေးရလိမ့်မယ်လို့ သူဘယ်တော့မှ အိပ်မက်မမက်ဖူးပါဘူး။

ဒါ့ပြင် အဲဒီလိုလုပ်ခြင်းအားဖြင့် ဘယ်လောက်ဝမ်းသာပျော်ရွှင်မှုခံစားရကြောင်း သူဘယ်တော့မှအိပ်မက်တောင်မမက်ဖူးပါဘူး။ ပဉ္စမမြောက်သစ်စေ့ကတော့ **နေကြာ** ပါ။ ကျင့်ဝတ်နဲ့ညီတဲ့ဆုံးဖြတ်ချက်တွေချဖို့ပေါ့။ သူ့ရဲ့ဝမ်းတွင်းပါစိတ်အရည်အသွေးနဲ့အညီလုပ်ဆောင်တဲ့အခါ ပျော်ရွှင်ရမှု၊ စိတ်ဝိညာဉ်နဲ့ ပေါင်းစည်းမှု၊ တည်ကြည်မှုတွေခံစားဖို့ လေ့လာတတ်မြောက်ခဲ့ပါတယ်။ ပဉ္စမမြောက်သစ်စေ့ရဲ့ လျှို့ဝှက်ချက်ကတော့ သူ့ရဲ့ဆုံးဖြတ်ချက်တွေနဲ့ လုပ်ဆောင်ချက်တွေကို အဲဒီလမ်း

ကြောင်းက မလွဲအောင်စိစစ်ဖို့ အထောက်အကူပြုပါတယ်။

နောက်ဆုံး သူ့ဆရာဆီက သူလက်ခံရရှိခဲ့တဲ့အစေ့ကတော့ **ထင်းရှူးပင်** ဖြစ်ပြီး သူ့ကိုပိုပြီးလက်တွေ့ကျကျအထောက်အကူပြုပါတယ်။ အဲဒီအရာကို သူလိုတယ်ဆိုတာသိသာပါတယ်။ **ကိုယ့်ကိုယ်ကိုယ်သိမြင်ခြင်း၊ တရားအားထုတ်ခြင်း၊ အတ္တမာနကိုထိန်းချုပ်ခြင်း၊ ကျင့်ဝတ်နဲ့အညီပြုမူဆောင်ရွက်ခြင်းနဲ့** ကစဥ့်ကလျားနဲ့ သဟဇာတမဖြစ်တဲ့လူတစ်ယောက်ရဲ့ဘဝတစ်ခုအတွက် **ဝန်ဆောင်မှုပေးခြင်း** စတာတွေဘယ်လိုအသုံးဝင်သလဲ။ ဆဋ္ဌမမြောက်သစ်စေ့ကတော့ **သူ့ဘဝကိုသူထိန်းချုပ်နိုင်အောင်၊ အရေးကြီးတဲ့ကိစ္စတွေအတွက်ပဲ ဦးတည်အောင်၊ တစ်နည်းပြောရရင် ဦးစားပေးအရာတွေကို ခွဲခြားသတ်မှတ်စီစဉ်တတ်အောင်** အကူအညီပေးပါတယ်။

ဒါပေမဲ့ သတ္တမမြောက်သစ်စေ့က ဘာဖြစ်မလဲ။ အဲဒီသစ်စေ့နဲ့ပတ်သက်ပြီး သူ့ဆရာကိုသူမေးခဲ့တာကို ဦးမင်းနိုင်အမှတ်ရနေပါသေးတယ်။ ဒါပေမဲ့ သူ့ဆရာက သူ့ကို အဲဒီသစ်စေ့ပေးခဲ့ချင်ပုံမရဘူး။ သူ့ဆရာမှာ ထူးခြားတဲ့အလိုလိုသိမှုမျိုး၊ အကြားအမြင်လို အပိုအာရုံခံစွမ်းအင်မျိုးရှိသလား သူသိချင်နေပါတယ်။ "သူတစ်စုံတစ်ခုဖြစ်တော့မယ်၊ ကားတိုက်ခံရမယ်ဆိုတာသူကြိုမသိခဲ့ဘူးလား။ သူ့မှာ ဘယ်တုန်းကမှ စွမ်းအင်ပါဝါမရှိတာ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ငါသူ့ကိုစံထားနေတာကြောင့် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်" ဦးမင်းနိုင်တွေးမိပါတယ်။

အဲဒီလို သူ့ဆရာနဲ့ပတ်သက်လို့ သံသယရှိနေတာတောင် သူ့ရဲ့စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုအပြီးမသတ်သေးတဲ့အတွက် မချင့်မရဲဖြစ်နေပါတယ်။ သူဟာ နံရံပေါ်ကို လှေကားနဲ့ထောင်တက်ပြီး လှေကားဆင့်တိုင်းဟာ သစ်စေ့နဲ့တူတယ်လို့ခံစားနေရပါတယ်။ ဒါပေမဲ့ နောက်ဆုံးလှေကားအဆင့်ကကျိုးနေပါတယ်။ နောက်ထပ်အမြင့်ကိုသူဆက်တက်နိုင်မှာမဟုတ်သလို နံရံရဲ့တခြားတစ်ဖက်မှာဘာရှိသလဲဆိုတာ ဘယ်တော့မှမြင်နိုင်တော့မှာမဟုတ်ပါဘူး။

ဦးမင်းနိုင်ဟာ သူ့ဥယျာဉ်ထဲမှာနေပြီး အချိန်အတော်ကြာတရားအားထုတ်နေပါတယ်။ အထူးသဖြင့် သူ့ရဲ့ဒီတစ်ကြိမ်အားထုတ်မှုကပြင်းထန်ပါတယ်။ သူအာရုံစူးစိုက်ပြီး သူ့အတွေးတွေကိုဖယ်ထုတ်ပစ်တဲ့အခါ အစစအရာရာစုဖွဲ့မှုနဲ့ နှစ်လိုဖွယ်

မေတ္တာတရားအာရုံကိုခံစားနေရပါတယ်။ သူ့ဆရာရဲ့သေဆုံးမှုကြောင့် သူပြင်းထန်
ခံစားနေမိပါတယ်။ တဖြည်းဖြည်းနဲ့ သူ့ရဲ့နာကျင်မှုနဲ့ ပူဆွေးသောကတွေနေရာ
တည်ငြိမ်အေးချမ်းတဲ့အာရုံတွေဝင်ရောက်လာပါတော့တယ်။

◈ ◈ ◈

## သတ္တမသင်ခန်း

သူ့ဆရာဆုံးတဲ့သတင်းကို ဦးမင်းနိုင်ကြားသိပြီးလို့ သုံးပတ်ခန့်ကုန်လွန်သွားခဲ့ပါပြီ။ သူ့အရမ်းထိခိုက်ခံစားခဲ့ရတဲ့အတွက် အခုဆိုသူ့ရဲ့ငြိမ်းချမ်းတန်ချက်ညီမှုကို ပြန်ရဖို့အချိန်ပိုပြီးတရားအားထုတ်ပါတယ်။ ပြီးတော့ သူ့ကိုယ်သူဝန်ဆောင်မှုပေးတဲ့ကိစ္စမှာပဲ လုံးလုံးလျားလျားနှစ်မြှုပ်ထားပါတယ်။ ဦးမင်းနိုင်ဟာ အဟောအပြောကောင်းတဲ့လူတစ်ယောက်အဖြစ်လည်း လူကြိုက်အရမ်းများလာပါပြီ။ သူ့ရဲ့ဟောပြောမှုဟန်ပန်က ကိုယ်ပိုင်ဟန်ရှိပြီး စိတ်ဝင်စားစရာကောင်းသလို တစ်ချိန်တည်းမှာပဲ နားထောင်သူတွေကို ပြောင်းလဲမှုနဲ့ပတ်သက်တဲ့နှစ်သက်ဖွယ်မက်ဆေ့ချ်တျန်ခဲ့အောင် ပေးနိုင်ပါတယ်။ သူ့ဆရာဆုံးပြီးကတည်းက တစ်ပတ်ကို ဟောပြောပွဲသုံးပွဲကနေလေးပွဲအထိ သူလက်ခံခဲ့ပါတယ်။ ဟောပြောတင်ဆက်မှုတွေလုပ်ခြင်းအားဖြင့် သူ့ဆရာနဲ့နီးကပ်နေရသလို ဦးမင်းနိုင်ခံစားရပါတယ်။ အဲဒါဟာ ဘဝမှာ သူ့ကိုဆရာကပေးခဲ့သမျှအားလုံးကို သူပြန်ပေးဆပ်နေတာနဲ့တူပါတယ်။ ဟောပြောတင်ဆက်မှုပြီးတဲ့အခါတိုင်းပရိသတ်က သူ့ဆီလာပြီး စိတ်လိုလက်ရနဲ့ ကျေးဇူးတင်စွာလက်ဆွဲနှုတ်ဆက်ကြပါတယ်။ သူတို့ကို ပျော်ရွှင်အောင်ကူညီလုပ်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း

ဖြသပြီး ပျော်ရွှင်နေတဲ့အမူအရာတွေလောက် ဦးမင်းနိုင်အတွက် အကောင်းဆုံး တုံ့ပြန်ချက်မရှိနိုင်တော့ပါဘူး။ ဝန်ဆောင်မှုက သူ့ဆရာဆုံးရှုံးမှုကြောင့်ခံစားရတဲ့ ဝန်ထုပ်ဝန်ပိုးကြီး သူ့အပေါ်က တဖြည်းဖြည်းလျော့ကျသွားအောင် အထောက်အကူ ပြုပေးပါတယ်။ ဒါပေမဲ့ သူ့အတွက် စိတ်ပိုင်းဆိုင်ရာသင်ကြားလေ့ကျင့်ပေးမှုအပြီး မသတ်နိုင်ခဲ့တာအတွက်တော့ စိတ်ထဲမှာ မချင့်မရဲဖြစ်နေတုန်းပါပဲ။ တစ်ညတော့ ဦးမင်းနိုင်ဟောပြောပြီးလို့အိမ်ပြန်ရောက်တဲ့အခါ စားပွဲပေါ်မှာ ထူးဆန်းတဲ့စာအိတ် တစ်အိတ်တွေ့ပါတယ်။ သူမမှတ်မိတဲ့လက်ရေးနဲ့ စာရေးစက္ကူအရွယ် အဝါရောင် စာအိတ်ပါ။ ပို့သူနာမည်ကိုကြည့်လိုက်တဲ့အခါ ကျောဘက်မှာဘာမှရေးထားတာ မတွေ့ပါဘူး။ သူ့နှလုံးက တစ်ဒိတ်ဒိတ်ခုန်နေပါတယ်။

သူ စိတ်ဝင်တစားနဲ့ စာအိတ်ကိုဖွင့်လိုက်တဲ့အခါ ချက်ချင်းဆိုသလိုပဲ သူ့ ဆရာအိမ်မှာ သူရနေကျအနံ့အတိုင်းတူတဲ့အနံ့တစ်ခုသူရလိုက်ပါတယ်။ ဆရာ့အိမ် မှာပဲသူရဖူးတဲ့ ထူးခြားတဲ့အမွှေးနံ့တစ်မျိုးပါ။ သူ့ဆရာအသက်ရှင်နေသေးတယ်ဆို တဲ့အတွေးတစ်ခုစိတ်ထဲမှာစက္ကန့်ပိုင်းလောက် ဖျတ်ခနဲလင်းလက်ပေါ်လာပါတယ်။ သူထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ပျော်ရွှင်မှုနဲ့ မျှော်လင့်မှုတွေ ချက်ချင်းဖြစ်လာပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ မသေချာမရေရာသလိုခံစားနေရပါတယ်။ သူစာအိတ် ကိုဖြဖွင့်လိုက်တဲ့အခါ ကြောက်ရွံ့ပြီး သူ့လက်တွေ တောင့်တင်းနေပါတယ်။ အစေ့ တချို့ ကြမ်းပြင်ပေါ်ပြုတ်ကျလာပါတယ်။ သူစာအိတ်ထဲကစာရွက်တွေကို မြန်မြန် ထုတ်လိုက်ပြီး အမောတကောနဲ့ဖတ်လိုက်ပါတော့တယ်။

ဦးမင်းနိုင်

အခုလောက်ဆို ဒီစာကိုရေးနေသူဟာဘယ်သူဆိုတာ ခင်ဗျားသိလောက်ပါပြီ။ ခင်ဗျား ဒီစာကိုရတဲ့အချိန်မှာ ကျွန်တော်ဟာ ဒီကမ္ဘာလောကကြီးပေါ်မှာမရှိတော့ပါဘူး။ ကျွန်တော်သေဖို့နီးလာပြီလို့ခံစားမိတဲ့အတွက် နောက်ဆုံးသစ်စေ့အကြောင်းနဲ့ပတ်သက်ပြီး ခင်ဗျားအတွက် ဒီစာကိုပြင်ဆင်ရေးသားခဲ့ပါတယ်။ ကျွန်တော်တစ်ခုခုဖြစ်ခဲ့ရင် ခင်ဗျားဆီဒီစာရောက်အောင် သေချာကွက်တိစီစဉ်ခဲ့တာပါ။ ခင်ဗျားဒီစာကိုဖတ်နေပြီဆိုရင် နောက်ဆုံးတော့ အဲဒါက တကယ်ဖြစ်လာခဲ့လို့ပါပဲ။ ခင်ဗျားကိုသိစေချင်တာက နှစ်ပေါင်းများစွာတရားအားထုတ်ခဲ့တဲ့ ကျွန်တော့်လိုလူတွေဟာ လောကကြီးမှာအသက်ရှင်နေတဲ့အချိန်မှာတောင် စိတ်ပိုင်းဆိုင်ရာအဆင့်တစ်ခုကိုလှည့်ပတ်နိုင်စွမ်းရှိပြီး အားကြီးတဲ့တစ်စုံတစ်ရာနဲ့ပေါင်းမိကြတယ်။ ကျွန်တော် အဲဒီတစ်စုံတစ်ရာနဲ့အောင်မြင်စွာပေါင်းစပ်မိသွားပါပြီ။ ယုံပါဗျာ၊ အဲဒါက တကယ့်ကိုအံ့ဩဖွယ်ကောင်းပါတယ်။

ဦးမင်းနိုင် သူ့မျက်လုံးသူမယုံနိုင်လောက်အောင်ပါပဲ။ အဲဒါ သူ့ဆရာဆီက စာပဲ။ စာရဲ့အစကိုပြန်သွားပြီး အစက တစ်ဖန်ပြန်ဖတ်ကြည့်ပါတယ်။ သူတစ်စိမ့်စိမ့်နဲ့ စကားလုံးတိုင်းကိုခံစားဖတ်ရှုချင်ပါတယ်။

တစ်နည်းနည်းနဲ့ ဆရာတပည့်နှစ်ယောက် တစ်ဖန်ပြန်ဆုံတွေ့နေသလိုပါပဲ။ ကြီးမားတဲ့ငြိမ်းချမ်းမှု၊ ပျော်ရွှင်မှုတွေ၊ ခံစားချက်တွေနဲ့ပြည့်နှက်နေပါတယ်။ သူ့ဆရာ သူ့ကိုမျှော်လင့်ချက်မဲ့အောင်မလုပ်ဘူး။ သူဟာ သေသွားတာတောင်မှ သူ့ကိုဆက်လက်သင်ကြားပြသပေးနေပါတယ်။ ပထမစာပိုဒ်ကိုဖတ်ပြီးတော့ ကျန်တာကို သူဆက်ဖတ်ပါတယ်။

ပထမဆုံးအနေနဲ့ ခင်ဗျားကို ကျွန်တော်ပြောချင်တာကတော့ ဆရာဆိုတာ သူ့တပည့်ကို ဘယ်တော့မှပစ်မထားဘူး။ ကျွန်တော်တို့နှစ်ယောက်ရဲ့ခင်မင်ရင်းနှီးမှုက ထာဝရပါ။ ဒီဘဝမှာခင်ဗျားနဲ့အတူရှိနေပြီး ခင်ဗျားဒီဘဝပြီးရင်လည်း တခြားတစ်နေရာမှာခင်ဗျားဆီလာပြီးအတူရှိနေမယ်။ ကျွန်တော့်ရဲ့ခန္ဓာကိုယ်ကြီးခင်ဗျားဘေးမှာမရှိတော့ပေမဲ့ ကျွန်တော့်ရဲ့စိတ်ဝိညာဉ်ကတော့ အချိန်တိုင်းမှာခင်ဗျားနဲ့အတူရှိနေတယ်ဆိုတာ ခင်ဗျားသိထားပါ။ ဒါဟာကျွန်တော့်ရဲ့ကတိပဲ။ ဦးမင်းနိုင် ခင်ဗျားကို နောက်ဆုံးသင်ခန်းစာမပေးဘဲနဲ့ ကျွန်တော် ဘယ်တော့မှခင်ဗျားကိုစွန့်ခွာမသွားဘူး။ အခုအချိန်ကစပြီးယုံလိုက်တော့၊ ခင်ဗျားရဲ့ကျန်ရှိတဲ့ဘဝတစ်လျှောက်လုံးမှာ အရင်တုန်းကထက် ကျွန်တော်တို့ပိုပြီးနီးနီးကပ်ကပ်ရှိလာလိမ့်မယ်။ အရင်တုန်းက ကျွန်တော်တို့ကိုလိုမီတာများစွာဝေးကွာနေကြတယ်။ ကျွန်တော်ရှိနေမယ့်အဆင့်မှာတော့ ကွဲကွာခြင်းဆိုတာမရှိဘူး။ ကျွန်တော်တို့အားလုံး တစ်ပေါင်းတစ်စည်းတည်းပဲ။

သူ့ဆရာရဲ့ကြီးမားတဲ့မေတ္တာတရားကြောင့် စိတ်ထိခိုက်ခံစားမှုတွေနဲ့ ဦးမင်းနိုင် ပြည့်နှက်နေပါတယ်။ သူ့မျက်လုံးမှာမျက်ရည်တွေလျှံနေပြီး မျက်နှာကတော့ နူးညံ့တဲ့အသွင်အပြင်ပေါက်နေပါတယ်။ သူစာကိုဆက်ဖတ်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ ခင်ဗျားမစိုက်ခင် သင်ခန်းစာကပေးတဲ့သင်ခန်းစာအကြောင်း ကျွန်တော်ခင်ဗျားကိုပြောပြမယ်။ သတ္တမမြောက်သင်ခန်းစာကတော့ 'လွတ်လပ်မှု' ကိုကိုယ်စားပြုတဲ့ကျွဲပင်ပဲ။ ကျွဲပင်ရဲ့ထူးခြားတဲ့အင်္ဂါရပ်ကတော့ လုံးဝပြောင်းလွယ်ပြင်လွယ်တဲ့သဘောရှိတဲ့ ကွေးနိုင်ဆန့်နိုင်ခြင်းပဲ။ သူဟာမုန်တိုင်းတိုက်ခိုက်တဲ့အချိန်မှာ သူ့ရဲ့ပုံမှန်အနေအထားအတိုင်းပြန်နေနိုင်တဲ့အထိ အလိုက်သင့်ကွေးနိုင်ဆန့်နိုင်တဲ့ ပြောင်းလွယ်ပြင်လွယ်နိုင်စွမ်းရှိတယ်။

• • • • • • •

သူ့ရဲ့ပြောင်းလွယ်ပြင်လွယ်မှုဟာ လုံးဝလွတ်လပ်တဲ့လှုပ်ရှားမှုကိုပေးစွမ်းတယ်။ တောင့်တင်းပြီး ဘယ်တော့မှမလှုပ်ရှားတဲ့တစ်ခုတည်းသော အစိတ်အပိုင်းကတော့ သူ့ရဲ့အမြစ်ပဲ။ အဲဒီအပင်မှာ မြေကြီးထဲတွယ်ထားတဲ့ ခိုင်မာတဲ့အမြစ်တွေရှိပြီး သူ့ရဲ့အလယ်ဗဟိုက သူ့ရဲ့လှုပ်ရှားမှုလွတ်လပ်အောင် ဆုတ်ထိန်းထားပေးတယ်။ တခြားသစ်စေ့တွေနဲ့မတူတာကတော့ ဒီကျူပင်မှာ အသိပညာသင်ခန်းစာတွေ အများကြီးပါတယ်။ အဲဒီအပင်ကပေးတဲ့သင်ခန်းစာက 'လွတ်လပ်မှု' လို့အတို ချုပ်ပြောပေမဲ့ သူကပေးတဲ့သင်ခန်းစာအားလုံးကို နည်းနည်းရှင်းပြပါရစေ။

ပထမဆုံးသူပေးတဲ့သင်ခန်းစာကတော့ 'ပြောင်းလွယ်ပြင်လွယ်ရှိမှု' ပဲ။ ဘဝမှာ ပြောင်းလဲမှုဆိုတဲ့လေတွေတိုက်ခိုက်တာကို လိုက်လျောညီထွေခံနိုင်တဲ့လွတ်လပ်မှုမျိုး ကျွန်တော်တို့ရှိရမယ်။ တကယ်လို့ ကျူပင်တွေဟာ တောင့်တင်းနေမယ်ဆိုရင် လေပြင်းက သူ့ကိုတိုက်လှဲသွားလိမ့်မယ်။ ခင်ဗျားရဲ့ကိုယ်ပိုင်ဘဝက ပြောင်းလဲမှုရဲ့ပြယုဂ်တစ်ခုပဲ။ ခင်ဗျားအတွက်ပြောင်းလဲမှုဟာ ဘယ်လောက်ခက်ခဲသလဲဆိုတာ မြင်ကြည့်လိုက်စမ်းပါ။ ပြီးတော့ အဲဒီပြောင်းလဲမှုကို လုပ်ခြင်းအားဖြင့် ခင်ဗျားရတဲ့အကျိုးတရားတွေကိုမြင်ကြည့်စမ်းပါ။ ဒီကမ္ဘာလောကကြီးမှာ အရာရာတိုင်းဟာ မိနစ်နဲ့အမျှပြောင်းလဲနေပါတယ်။ ခင်ဗျားရဲ့ခန္ဓာကိုယ်ကြီးရင့်လာတာကို စမြင်ကြည့်လိုက်ပါ။ ရာသီဥတု၊ မိုးလေဝသ၊ သဘာဝ၊ ကမ္ဘာမြေအားလုံးဟာ ပြောင်းလဲနေတယ်။ နည်းပညာတွေ ပြောင်းလဲနေတယ်။ စီးပွားရေးလုပ်ငန်းတွေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ ပြောင်းလဲနေတယ်။ အစစအရာရာပြောင်းလဲနေတယ်။ မပြောင်းလဲတာ တစ်ခုပဲရှိတယ် ဦးမင်းနိုင်။ အဲဒါကတော့ ခင်ဗျားရဲ့စိတ်ဝိညာဉ်ပဲ။ ခင်ဗျား ရေမဲထုံးတွေကို

• • • • • • •

ပုံစံအမျိုးမျိုး အရွယ်အစားအမျိုးမျိုးလုပ်လို့ရတယ်။ အဲဒါတွေကို ရေခဲသေတ္တာ အပြင်ထုတ်ထားရင် အရည်ပျော်သွားမှာပဲ။ အဲဒီရေကို ခင်ဗျား ပုံသဏ္ဌာန် အမျိုးမျိုးရှိတဲ့အသုံးအဆောင်တွေထဲမှာထားလို့ရတယ်။ နောက်ဆုံးမှာ အဲဒီ ရေကိုဆူအောင်ကျိုပြီး အငွေ့ပြန်အောင်လုပ်လို့ရတယ်။ ဘယ်လိုပုံသဏ္ဌာန်၊ ဘယ်လိုပြောင်းလဲမှုပဲရှိရှိ ရေကရေပဲ။ အဲဒီလိုပဲ ခင်ဗျားစိတ်ဝိညာဉ်ကလည်း အမြဲတမ်း ခင်ဗျားရဲ့စိတ်ဝိညာဉ်အဖြစ်ဆက်ရှိနေမယ်။ ဦးမင်းနိုင်။ ကျွှပင်လို ကျင့်ပါ။ ခင်ဗျားရဲ့ဘဝမှာ တင်းကျပ်ဖို့မလိုပါဘူး။ ပြောင်းလွယ်ပြင်လွယ်နဲ့ ပြောင်းလဲချင်စိတ်ပဲရှိရမယ်။ ကျွန်တော်တို့ရဲ့စစ်မှန်တဲ့အနှစ်သာရရဲ့လျှို့ဝှက် ချက်က ဘယ်တော့မှပြောင်းလဲမသွားပါဘူး။ မစိုးရိမ်ပါနဲ့။ ကျွန်တော်တို့ လူသားအားလုံးက ပြောင်းလဲနေဖို့အတွက် ပြင်ဆင်ရမယ်။ ကျွန်တော်တို့ကိုယ့် ကိုယ်ကိုယ်ကာကွယ်ဖို့အတွက် ပြဿနာတစ်စုံတစ်ရာမရှိဘဲနဲ့ ကျွန်တော်တို့ ခန္ဓာကိုယ်တွေကိုပြောင်းလဲပစ်ရမယ်။

ဥပမာ- ကျွန်တော်တို့အေးလာရင် ကျွန်တော်တို့ခိုက်ခိုက်တုန်နေမယ်။ အဲဒီလိုတုန်လာတဲ့အတွက် ကျွန်တော်တို့ကြွက်သားတွေပွတ်တိုက်မိပြီး အနွေး ဓာတ်ကိုထုတ်ပေးတယ်။ ကျွန်တော်တို့ပူလာရင် ချွေးထွက်မယ်။ ရေဓာတ်ခန်း ခြောက်တဲ့အခါ ကယ်လိုရီတွေဖယ်ထုတ်ပစ်ပြီး အပူကိုလျှော့ချပေးတယ်။ ခင်ဗျားမြင်တဲ့အတိုင်းပဲ။ ခန္ဓာကိုယ်က ပြောင်းလဲဖို့အတွက် ပြင်ဆင်ထားတယ်။ ဒါပေမဲ့ ကံမကောင်းတာကတော့ စိတ်ကမပြောင်းလဲဘူး။ ဘဝကိုနားလည် အောင်လို့ပြောရရင် စိတ်က အတိတ်မှာကောင်းမွန်တဲ့ရလဒ်တွေပေးတဲ့အပြု အမူပုံစံအမျိုးမျိုးဖြစ်တဲ့ အလေ့အကျင့်တွေကိုဖန်တီးပြီး သတိမမူမိဘဲ ထပ်ခါ

• • • • • • •

ထပ်ခါပြုမူနေတယ်။ အဲဒါက သဲထဲမှာလမ်းလျှောက်တဲ့အခါ ခြေရာကျန်ခဲ့တာနဲ့ အလားသဏ္ဍာန်တူတယ်။ တကယ်လို့ အဲဒါက ကောင်းမွန်တဲ့လမ်းကြောင်း၊ ကျွန်တော်တို့ရဲ့ ပန်းတိုင်ဆီရောက်မယ့် လမ်းကြောင်းကောင်းအဖြစ်သက်သေပြနိုင်ရင် အဲဒီလမ်းကြောင်းကို ကျွန်တော်တို့ထပ်လျှောက်ကြလိမ့်မယ်။ ဒါ့ပြင် ဒီလမ်းကြောင်းတစ်ခုတည်းကို ကျွန်တော်တို့ အကြိမ်ပေါင်းများစွာလျှောက်လှမ်းပြီးတဲ့အခါ သဲကဖိသိပ်လိုက်သလို မာကျောလာပြီး အဲဒီလမ်းကြောင်းကို ကျွန်တော်တို့သွားဖို့ ပိုမိုလွယ်ကူသွားစေပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုပိုကြီးလာစေတယ်။

ကျွန်တော်တို့ရဲ့ အကျင့်တွေက အဲဒီအတိုင်းပဲ။ အဲဒါက ကျွန်တော်တို့အမြဲတမ်းသုံးနေတဲ့အမူအကျင့်တွေ၊ ဒါမှမဟုတ် လမ်းကြောင်းတွေပဲ။ သူတို့က ကျွန်တော်တို့အတွက်အလုပ်ဖြစ်တဲ့အတွက် သူတို့က ကျွန်တော်တို့ကို လုံခြုံမှုပေးတယ်။ ကျွန်တော်တို့မှာရှိနေတဲ့ အကြီးမားဆုံးပြဿနာကတော့ အရာဝတ္ထုတွေဟာ ပြောင်းလဲနေတယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ပန်းတိုင်တွေ ပြောင်းလဲနေတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့အတွက် အမြဲသုံးနေတဲ့လမ်းကြောင်းဟာ ကျွန်တော်တို့ရည်မှန်းချက်ပန်းတိုင်တွေဆီရောက်အောင် မဆောင်ကြဉ်းနိုင်တော့တဲ့အခါမှာတောင် ကျွန်တော်တို့ဟာ အဲဒီလမ်းကိုဆက်သုံးချင်နေကြတုန်းပဲ။ လှေတစ်စီးဟာ ပင်လယ်ထဲရွက်လွှင့်သွားတဲ့အခါ သူသွားတဲ့လမ်းတစ်လျှောက်မှာ လှေရဲ့ယက်ကြောင်းကျန်ခဲ့တယ်။ အဲဒီယက်ကြောင်းက ခဏတာရှိနေပေမဲ့ မြေပြင်ပေါ်ကလမ်းကြောင်းနဲ့မတူတာက သူတခဏတာအသွင်ပျောက်ကွယ်သွားပြီး ဘာသဲလွန်စမှမချန်ခဲ့တော့ဘူး။ လှေဟာ

ပင်လယ်ထဲမှာ အချိန်တိုင်းလမ်းကြောင်းသစ်ဖွင့်နေတယ်။ အဲဒါက လူတွေအတွက်စိန်ခေါ်မှုပဲ။ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလားတူ အကျွမ်းဝင်နေတဲ့လမ်းကြောင်းတွေမစဉ်းစားဘဲနဲ့ လမ်းကြောင်းသစ်တွေဖန်တီးတဲ့သတ္တိရှိရမယ်။

ဦးမင်းနိုင်ဟာ စာကိုစားပွဲပေါ်မှာတင်လိုက်ပြီး အခန်းထဲမှာပတ်လျှောက်ပါတယ်။ တွေးစရာတွေအများကြီးပေါ့။ ၁၅ မိနစ်လောက်အကြာမှာတော့ စာကိုပြန်ဖတ်ပါတယ်။

ကျွန်တော် ပီရူးနိုင်ငံ လီမာမြို့မှာနေတုန်းက နေ့လယ်ခင်းတော်တော်များများမှာ လူတွေ ဂေါက်ကစားပြိုင်ကြတာတွေကို ထိုင်ပြီးစောင့်ကြည့်လေ့ရှိတယ်။ သူတို့ပစ္စည်းပစ္စယတွေမတော်ဆင်ခင် ကျွန်တော့်ခေါင်းထဲအတွေးတစ်ခုဝင်လာတယ်။ "တကယ်လို့များ ချောက်ကမ်းပါးဘက်ကိုခုန်မိရင် ကမ္ဘာမြေရဲ့ဆွဲငင်အားကြောင့် သူတို့ရဲ့ကံကြမ္မာဟာ ချောက်ထဲကို အသာလေးကျသွားမှာပဲ"။ ဒါပေမဲ့ သူတို့ရဲ့ဂေါက်ဒါတွေကိုဖွင့်လိုက်တာနဲ့ ပြင်းထန်တဲ့လေစီးကြောင်းက သူတို့ကိုတွန်းထုတ်တဲ့အတွက် သူတို့သွားချင်တဲ့နေရာကို ပျံသန်းသွားနိုင်လိမ့်မယ်။ လူတွေရဲ့စိတ်ကလည်း အဲဒီအတိုင်းပဲ။ စိတ်ကိုဖိတ်ထားပြီး ပြောင်းလဲဖို့အတွက် ကောင်းတဲ့သဘောထားမရှိဘူးဆိုရင် အလေ့အကျင့်ဆိုတဲ့ဆွဲငင်အားက သွားနေကျလမ်းကိုပဲခေါ်သွားပြီး ကျောက်ဆောင်တွေတည့်တည့်ကို အရှိန်ပြင်းပြင်းနဲ့ဝင်တိုက်လိမ့်မယ်။ ကျွန်တော်တို့ရဲ့စိတ်

● ● ● ● ● ● ●

ပိုင်းဆိုင်ရာ ဂလိုက်ဒါတွေကိုဖွင့်လိုက်ပြီး ပြောင်းလဲဖို့လက်ခံနိုင်စွမ်းရှိရင် သဘာဝပြင်းထန်တဲ့လေကြောင်းက ကျွန်တော်တို့ကိုဆွဲခေါ်သွားပြီး တိုးတက်ဖွံ့ဖြိုးအောင်လုပ်ပေးလိမ့်မယ်။ ဒါပေမဲ့ ပြောင်းလဲမှုနဲ့ပြောင်းလွယ်ပြင်လွယ်ရှိမှုတွေက လွယ်တဲ့အလုပ်တွေတော့မဟုတ်ဘူးဦးမင်းနိုင်။

ခင်ဗျားရဲ့ နံပါတ် ၀ ရန်သူက ခင်ဗျားရဲ့ အတ္တမာနပဲ။ ခင်ဗျားရဲ့အတ္တမာနက သူသာအကောင်းဆုံး၊ အရည်အချင်းအရှိဆုံး၊ အအောင်မြင်ဆုံးလို့ခံစားနေရတဲ့အတွက် သူ့မှာဆုံးရှုံးနိုင်ခြေအများဆုံးရှိနေတယ်။ အပြောင်းအလဲလုပ်တဲ့အခါ မှားမှာမကြောက်ဘဲစွန့်စားရပြီး ကျွန်တော်တို့အတွက် ခုခံနိုင်စွမ်းမရှိအောင်လုပ်ပစ်တဲ့အတွက် အတ္တမာနဖြစ်စေချင်တဲ့ပုံစံမဟုတ်တာတော့ အသေအချာပဲ။ ဦးမင်းနိုင်၊ ခင်ဗျားရဲ့နေ့စဉ်ဘဝမှာ အတ္တမာနကိုကျော်လွှန်သွားနိုင်အောင်ကြိုးစားပြီး အပြောင်းအလဲကိုကြိုဆိုပါ။ ခင်ဗျားရဲ့အမူအကျင့်ပုံစံတွေ၊ ခင်ဗျားရဲ့ယုံကြည်မှုတွေ၊ ယူဆချက်တွေ၊ အစွဲအလမ်းတွေ၊ အသိအမြင်ကပြောတာတွေကိုမေးခွန်းထုတ်ပါ။ ပင်လယ်ဟာအဝေးကကြည့်ရင်ပြာပေမဲ့ အနီးကပ်သွားရင် ဖောက်ထွင်းမြင်နိုင်အောင်ကြည်လင်တယ်။ အရာဝတ္ထုတွေဟာ သူတို့ကိုမြင်နေရတဲ့အတိုင်း အမြဲမဟုတ်နိုင်ဘူး။ အတွမ်းဝင်နေရုံ၊ မြင်နေကျဖြစ်ရုံနဲ့ အဲဒီအတိုင်းလက်မခံလိုက်နဲ့။ အမြစ်တွယ်နေတဲ့အတွေးအခေါ်အယူအဆအမြင်တွေကို စိန်ခေါ်ရဲတဲ့သတ္တိရှိပါစေ။ နယ်ပယ်သစ်တွေ စူးစမ်းလေ့လာဖော်ထုတ်ရမှာကိုမကြောက်ပါနဲ့။

တစ်ခါတုန်းက ရေကန်ငယ်တစ်ခုဘေးမှာ ဖားတွေခုန်ပေါက်သွားလာနေကြတယ်။ အဲဒီလိုသွားနေရင်းက ဖားတွေထဲကနှစ်ကောင်ဟာ တွင်းနက်

● ● ● ● ● ● ●

တစ်ခုထဲကိုပြုတ်ကျသွားပါတယ်။ နှစ်ကောင်လုံး ခုန်ပေါက်ရင်း တွင်းထဲက ထွက်နိုင်ဖို့ကြိုးစားကြပေမဲ့ အချည်းနှီးပါပဲ။ ဒဲဒီအတောအတွင်း တွင်းပေါ်မှာရှိနေတဲ့ဖားတွေက "ခုန်. . . ခုန်. . . ခုန်ပြီးရအောင်တက်၊ မင်းတို့ရအောင်တက်နိုင်မှာပါ" ဆိုပြီးအော်ဟစ်ပြောကြပါတယ်။ ဒါပေမဲ့ တွင်းထဲကျနေတဲ့ဖားနှစ်ကောင်ထဲကတစ်ကောင်ကတော့ လက်တွေ့အရခုန်ထွက်လွတ်မြောက်ဖို့မဖြစ်နိုင်ဘူးဆိုတာမြင်တဲ့အတွက် လက်လျှော့ပြီး အသေခံဖို့ပဲဆုံးဖြတ်လိုက်ပါတယ်။ ကျန်တဲ့ဖားတစ်ကောင်ကတော့ ဆက်ကြိုးစားပြီး ခုန်ပြီးရင်းခုန်နေပါတယ်။ အချိန်အတော်လည်းကြာလာရော အပေါ်ကနေ အားပေးအော်နေတဲ့ဖားတွေလည်း အားပေးတာတွေရပ်ပြီး "ဆက်မကြိုးစားနဲ့တော့. . . အလကားပဲ. . . ဘယ်လိုပဲဖြစ်ဖြစ်မင်းတို့ သေရတော့မယ်။ မင်းတို့ရဲ့ကံကြမ္မာပဲ၊ လက်ခံလိုက်ပါ" လို့ပြောလာကြပါတယ်။ ဒါပေမဲ့ ဖားတစ်ကောင်ကတော့ ထပ်ခါထပ်ခါကြိုးစားခုန်နေတယ်။ အပေါ်ကဖားတွေကတော့ သူ့ကိုကြည့်ပြီး စိတ်မချမ်းမသာဖြစ်နေကြတယ်။ "မတော်တရော်တွေလုပ်မနေနဲ့၊ ဆက်ကြိုးစားမနေနဲ့တော့၊ ငါတို့အတွက် လည်းထည့်စဉ်းစားဦး၊ မင်းကိုကြည့်ပြီး ငါတို့ခံစားနေရပြီ၊ မင်းကံကြမ္မာကိုလက်ခံပြီး သေမင်းနဲ့ရင်ဆိုင်လိုက်တော့" လို့ပြောကြပါတယ်။

ဒါပေမဲ့လည်း ဖားက ဆက်ခုန်နေလိုက်တာ တစ်ကြိမ်မှာတော့ ကံကောင်းထောက်မစွာနဲ့ တွင်းပေါက်ရဲ့ အစွန်းတစ်ခုပေါ်ကိုခုန်တက်လိုက်နိုင်ပြီး အဲဒီပေါ်ကမှတစ်ဆင့် တွင်းပေါ်ကိုပြန်တက်နိုင်ခဲ့တယ်။ အပေါ်လည်းရောက်ရော ခြေကုန်လက်ပန်းကျပြီး ပစ်လဲသွားပါတယ်။ တခြားဖားတွေက သူ့အနားရောက်လာပြီး "မင်းဘယ်လိုလုပ်တက်နိုင်သွားတာလဲ၊ ငါတို့က မင်းကိုဆက်

မကြိုးစားနဲ့တော့လို့ပြောနေကြတာ။ အဲဒီလိုပြောနေတဲ့ကြားကပဲ မင်းဘယ်လို လုပ်ပြီးတက်နိုင်ခဲ့တာလဲ"လို့ပိုင်းမေးကြပါတော့တယ်။ ဖားက အားအင်ကုန်ခန်း နေရင်းကပဲ "ကျွန်တော်ကနားလေးနေတဲ့သူတစ်ယောက်ပါ။ ကျွန်တော့်ကို အပေါ်တက်လာဖို့ ခင်ဗျားတို့အော်ဟစ်အားပေးနေတယ်လို့ထင်နေတာပါ"။

ဦးမင်းနိုင်၊ အပြောင်းအလဲလုပ်တဲ့အခါ ပုံပြင်ထဲကဖားလိုပဲ နားလေးရ လိမ့်မယ်။ လူတိုင်းက ခင်ဗျားကိုအဲဒီလိုမလုပ်နဲ့၊ အလုပ်ဖြစ်မှာမဟုတ်ဘူး။ ခင်ဗျားအမှားကြီးမှားလိမ့်မယ်။ ခင်ဗျားစိတ်မကောင်းဖြစ်ရလိမ့်မယ် စသဖြင့် ပြောပြီး ခင်ဗျား စိတ်ဓာတ်ကျလက်လျှော့အောင် အစွမ်းကုန်လုပ်လိမ့်မယ်။ အဲဒါသဘာဝပါပဲ။ ကျွန်တော် ရှေ့မှာပြောခဲ့သလိုပဲ၊ သူတို့အကျင့်ကိုပြင်ဖို့ ကြိုးစားတာ အချည်းအနှီးပါပဲ။ တစ်ခုမှဂရုမစိုက်ပါနဲ့။ ရဲရဲရှေ့ဆက်လုပ်ပါ။

ဦးမင်းနိုင် စာဖတ်တာရပ်လိုက်ပြီး ဖတ်ပြီးသမျှကို ဆယ်မိနစ်နီးပါးလောက် ပြန်စဉ်းစားနေပါတယ်။ သင်ခန်းစာအားလုံးထဲမှာအခုသင်ခန်းစာကတော့ အပြည့်စုံဆုံးပဲလို့ သူခံစားမိပါတယ်။ အဲဒီနောက် ဒီကမ္ဘာလောကကြီးမှာ သူမရှိတော့ပေမဲ့ သူတို့နှစ်ယောက်ဟာ အရင်ကထက်ပိုပြီးနီးကပ်သွားလိမ့်မယ်ဆိုတဲ့ သူ့ဆရာစကား ရဲ့အဓိပ္ပာယ်ကို သူနားလည်သဘောပေါက်သွားပါတယ်။ သူ့စာကိုပြန်ကောက်ယူဖတ် လိုက်ပါတယ်။

ဦးမင်းနိုင်၊ အခုသစ်စေ့ရဲ့နောက်သင်ခန်းစာတစ်ခုကတော့ 'တွယ်တာ တပ်ငြိမှုမရှိဘဲနေခြင်း' ဆိုတဲ့အသိပညာပါပဲ။ မှတ်နှာပြင်ပေါ်မှာဆို ကျွဲပင်ဟာ ဘာနဲ့မှတပ်ငြိမှုမရှိဘူး။ လေတိုက်တဲ့အခါ ကွေးညွှတ်ပြီး တောင့်တင်းမာကျော တဲ့သစ်ပင်တွေလိုတောင့်ခံခြင်းမရှိဘူး။ မြေကြီးထဲမှာကျတော့ ကျွဲပင်ဟာ သူ ရဲ့အမြစ်ကို မြေကြီးနဲ့မြဲမြံအောင်တွယ်ကပ်ထားတယ်။ ကျွန်တော်တို့လူသားတွေ ဟာ ကျွဲပင်လိုဖြစ်သင့်တယ်။ လွတ်လပ်ပြီး အပေါ်ယံအပယိကတွေ၊ ရုပ်ဝတ္ထု ပစ္စည်းတွေကို တွယ်တာကပ်ငြိခြင်းတစ်ခုမှမရှိသင့်ဘူး။ ကျွန်တော်တို့တွယ်ကပ် ထားသင့်တာကတော့ ကျွန်တော်တို့ဖြစ်တည်မှုရဲ့ အနက်ရှိုင်းဆုံးမှာရှိတဲ့ ကျွန်တော်တို့ရဲ့ စိတ်ဝိညာဉ်ပဲ။ တွယ်တာမကပ်ငြိရဘူးဆိုတာက အရာဝတ္ထုတွေ က ခင်ဗျားအတွက်အရေးမကြီးဘူးဆိုတဲ့အဓိပ္ပာယ်မဟုတ်ဘူး။ အရာဝတ္ထုတွေ ရဲ့စစ်မှန်တဲ့အရေးပါမှုကိုမြင်အောင် လေ့လာသင်ယူဖို့ဆိုလိုတာပါ။ မတွယ်တာ မကပ်ငြိရဘူးဆိုတာက ကျွန်တော်တို့ဟာ ဒီကမ္ဘာလောကကြီးရဲ့ဇာတ်ခုံပေါ်မှာ ပြဇာတ်တစ်ခုကိုကပြနေတဲ့ဇာတ်ကောင်တွေပဲလို့ နားလည်မှုကိုဆိုလိုတာပါ။

ကျွန်တော်တို့တစ်ဦးတစ်ယောက်ချင်းစီဟာ အစိတ်အပိုင်းတစ်ခု အဖြစ်ပါဝင်ကပြနေရပေမဲ့ အားလုံးကအစစ်အမှန်မဟုတ်ဘူး။ ကျွန်တော်တို့ ဘဝနေဝင်ချိန်မှာ အဆုံးသတ်မယ့်ပြဇာတ်တစ်ခုပါပဲ။ ပြဇာတ်ပြီးတဲ့အချိန်မှာ ကျွန်တော်တို့ဘဝအစစ်အမှန်က အစပြုပါတယ်။ ဇာတ်ကောင်တွေဟာ ဘယ် တော့မှဇာတ်ကွက်ထဲကအတိုင်း စိတ်နှလုံးကခံစားစရာမလိုပါဘူး။ ဇာတ်လမ်း ထဲမှာဖြစ်ပျက်တဲ့အတိုင်း သူတို့ရဲ့လက်တွေ့ပုဂ္ဂိုလ်ရေးဘဝမှာမခံစားရဘူး။ ဇာတ်ညွှန်းထဲမှာရေးထားတဲ့ပြဿနာတွေ၊ သူတို့ရဲ့ဇာတ်ကောင်စရိုက်ကြောင့်

• • • • • • •

ဖြစ်တဲ့ ဘေးကျပ်နံကျပ်တိစ္ဆာတွေကြောင့်လည်း စိတ်အနှောင့်အယှက်မဖြစ်ပါဘူး။ သူတို့သရုပ်ဆောင်နေတာဖြစ်ပြီး ဇာတ်လမ်းအဆုံးသတ်ရင် သူတို့ရဲ့လက်တွေ့ဘဝထဲပြန်ရောက်မယ်ဆိုတာ သူတို့သိတယ်။ ဘဝဇာတ်ခုံပေါ်မှာ ပါဝင်ကပြနေတဲ့လူသားတွေအတွက် စိန်ခေါ်မှုက သူတို့ဟာ သရုပ်ဆောင်ရုံမျှသာဖြစ်ပြီး သူတို့ပါဝင်တပြနေတဲ့ ဇာတ်ကောင်စရိုက်လက္ခဏာတွေဟာ သူတို့ရဲ့ တကယ့်အစစ်အမှန် ကိုယ်ပိုင်လက္ခဏာမဟုတ်ဘူးဆိုတာ အမှတ်ရနေဖို့ပါပဲ။

ဦးမင်းနိုင်၊ အခက်အခဲတွေဆိုတဲ့လေတွေတိုက်ခတ်လာတဲ့အခါ ကျူပင်လိုကျင့်ကြံပါ။ ခင်ဗျားရဲ့အမြစ်ဆိုတဲ့စိတ်ဝိညာဉ်မှတစ်ပါး ကျန်တဲ့ဘာကိုမှတွယ်ငြိမနေပါနဲ့။ ခက်ခဲတဲ့အချိန်ကာလတွေကိုဖြတ်သန်းရတဲ့အခါ ခင်ဗျားအရေးကြီးတယ်လို့ ယူဆတဲ့အရာတစ်ခုဆုံးရှုံးသွားတဲ့အခါ ခင်ဗျားကိုမြှမ်းခြောက်မယ့်အခိုက်အတန့်တွေပေါ်လာတဲ့အခါ ခင်ဗျားဟာ ပြဇာတ်တစ်ခုမှာ အခန်းကဏ္ဍတစ်ခုအနေနဲ့ပါဝင်ကပြနေတာဆိုတာ အမှတ်ရလိုက်ပါ။ စိတ်မချမ်းမသာမဖြစ်ပါနဲ့။ စိတ်ထဲမထည့်နဲ့၊ ဒေါသလည်းမထွက်နဲ့၊ အပျက်သဘောဆောင်တဲ့စိတ်ခံစားချက်တွေထဲမှာ မနစ်မွန်းစေနဲ့။ စောင့်ကြည့်လေ့လာသူအနေနဲ့ ခပ်လှမ်းလှမ်းကရပ်ပြီး စေးစေးမှာနေပါ။ ခင်ဗျားရဲ့စစ်မှန်တဲ့အရေးအကြီးဆုံးအရာကိုပဲသတိရပါ။

ဘဝမှာ ခင်ဗျားရဲ့ပန်းတိုင်က ခင်ဗျားအတွင်းပိုင်းက အားကြီးတဲ့ တစ်စုံတစ်ရာရဲ့အစိတ်အပိုင်းလေးတစ်ခုကိုရှာပြီး အခိုက်အတန့်တိုင်းမှာပျော်ရွှင်ငြိမ်းချမ်းစွာနေထိုင်ဖို့ပဲ။ အဲဒီလိုနေနိုင်ဖို့က ခင်ဗျားအပေါ်မှာမူတည်တယ်။

● ● ● ● ● ● ●

ခင်ဗျားကိုခြောက်လှန့်တဲ့ဗဟိဇ္ဈလှုံ့ဆော်တဲ့အရာတွေကိုတော့ ခင်ဗျားမထိန်းချုပ်နိုင်ဘူး။ ဒါပေမဲ့ ခင်ဗျားလုပ်နိုင်တာကတော့ တရားအားထုတ်ပြီး အသက်ရှူခြင်းအားဖြင့် ခင်ဗျားဘဝရဲ့ အခိုက်အတန့်တိုင်းမှာ အားကြီးတဲ့တစ်စုံတစ်ရာကို သိရှိခံစားတတ်အောင် လေ့လာဖို့ပဲဖြစ်ပါတယ်။ ကမ်းခြေမှာ ခင်ဗျားရှိနေတုန်း ဒီရေတွေတက်လာတဲ့အခါ ဒီရေမရောက်တဲ့ကမ်းခြေအထိ ခင်ဗျားရွှေ့မယ်။ ဒီရေကျသွားတဲ့အခါ ခင်ဗျားပင်လယ်နားသွားလိမ့်မယ်။ ဒါမှ ခင်ဗျားရေကူးတော့မယ်ဆိုရင် အဝေးကြီးလျှောက်စရာမလိုတော့မှာပါ။ ဒီရေကျလို့ပဲဖြစ်ဖြစ်၊ ဒီရေတက်လို့ပဲဖြစ်ဖြစ် ခင်ဗျားစိုးရိမ်ပူပန်စရာမလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကမ်းခြေမှာ ခင်ဗျားရေချိုးဖို့အချိန်အများကြီးရတယ်။ ဘဝဆိုတာ ဒီရေလိုပဲ သံသရာလည်နေတယ်။ တစ်ခါတလေ ကျွန်တော်တို့ကောင်းကောင်းလုပ်နိုင်တယ်။ တစ်ခါတလေ ကျွန်တော်တို့ဆန္ဒရှိသလောက် ကောင်းကောင်းမလုပ်နိုင်ဘူး။ ဒါပေမဲ့ ဘဝမှာ ဒီရေကိုဂရုမစိုက်တဲ့ ရေချိုးလို့ရတဲ့အချိန်တွေအများကြီးရှိတယ်ဆိုတာ ခင်ဗျားလေ့လာသင်ယူရမယ်။

တစ်ခါတုန်းက နှိမ့်ချတဲ့ဆရာတစ်ယောက်ဟာ သဲကန္တာရမှာလျှောက်နေတယ်။ သူရွာတစ်ရွာကိုရောက်တဲ့အခါ တစ်ညတာ သူကိုတည်းခိုခွင့်ပြုဖို့ခွင့်တောင်းပေမဲ့ ဘယ်သူမှလက်မခံကြဘူး။ ဒါကြောင့် သူက အေးချမ်းမှုကရုဏာအပြည့်နဲ့ပြောလိုက်ပါတယ် "ဒီလိုဖြစ်တာ ဘာကြောင့်လဲဆိုတာ အားကြီးတဲ့တစ်စုံတစ်ရာကသိတယ်"။ သူက သဲကန္တာရထဲမှာ တဲထိုးလိုက်ပါတယ်။ သူနဲ့အတူ ကြက်ဖတစ်ကောင်၊ မြည်းတစ်ကောင်နဲ့ မီးအိမ်တစ်ခု ပါလာပါတယ်။ သဲကန္တာရထဲမှာ လေက သူ့မီးအိမ်ကိုတိုက်ထုတ်ယူလိုက်ပါတယ်။

• • • • • • •

ကြောင်က သူ့ကြက်မကိုစားလိုက်တယ်။

ခြင်္သေ့က သူ့မြည်းကိုဝါးမျိုလိုက်ပါတယ်။ အဲဒါတွေကိုကြည့်ပြီး ဆရာက အေးချမ်းမှုကရုဏာမေတ္တာအပြည့်နဲ့ပြောလိုက်ပါတယ်။

"ဒီလိုဖြစ်တာဘာကြောင့်လဲဆိုတာ အားကြီးတဲ့တစ်စုံတစ်ရာပဲသိတယ်"၊ အဲဒီညမှာပဲ ကြေးစားလူသတ်သမားတွေဟာ သူ့ရှေ့နားကဖြတ်သွားပါတယ်။ ဒါပေမဲ့ ညမှောင်မိုက်နေပြီး သူ့မှာ အသံဆူညံအောင်လုပ်မယ့် တိရစ္ဆာန်တစ်ကောင်မှလည်း မရှိတော့တဲ့အတွက် သူရှိနေမှန်းလူသတ်သမားတွေမသိပါဘူး။ လူသတ်သမားတွေက ရွာထဲကိုဝင်ပြီး လုယက်ပါတယ်။ ရွာသူရွာသားတော်တော်များများ ထိခိုက်ဒဏ်ရာရကြပါတယ်။ ဆရာက အေးချမ်းမှုကရုဏာအပြည့်နဲ့ပြောလိုက်ပါတယ်။

"ဒီလိုဖြစ်တာ ဘာကြောင့်လဲဆိုတာ အားကြီးတဲ့တစ်စုံတစ်ရာပဲသိတယ်"။

ဒီကမ္ဘာလောကကြီးမှာမှီတင်းနေထိုင်ကြတဲ့ ကျွန်တော်တို့လူသားတွေမှာလည်း ရေတို့ရှုထောင့်အမြင်တစ်ခုရှိလေ့ရှိကြတယ်။ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ပြဿနာအခက်အခဲပင်လယ်တစ်ခုထဲမှာနစ်မြုပ်နေတယ်လို့ ထင်ပြီး ကူးခတ်နိုင်မှာမဟုတ်ဘူးလို့ယူဆကြတယ်။ ဒါပေမဲ့ အားကြီးတဲ့တစ်စုံတစ်ရာရဲ့ရှုထောင့်ကကြည့်ရင် ကျွန်တော်တို့ဟာ ရေနက်ပိုင်းထဲရောက်နေတာမဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ်သက်သောင့်သက်သာဖြစ်အောင်လုပ်ပြီး ခြေထောက်တွေကိုဆန့်တန်းလိုက်ရင် ကျွန်တော်တို့အောက်ခြေမှာရှိတဲ့ ပင်လယ်ကြမ်းပြင်ကိုခြေနဲ့စမ်းမိလိမ့်မယ်။ ကောင်းတယ်၊ ဆိုးတယ်ဆိုတာမရှိပါဘူး။ ဘယ်ကိစ္စမဆို

အဲဒီလိုအကောင်း၊ အဆိုးနာမဝိသေသနတွေတပ်ပေးတာ ကျွန်တော်တို့ကိုယ်တိုင်ပါပဲ။ အခြေအနေအားလုံးက ကျွန်တော်တို့လေ့လာသင်ယူနိုင်အောင်ကြီးထွားဖွံ့ဖြိုးအောင် ကူညီပေးတယ်။ အခြေအနေအားလုံးက ကျွန်တော်တို့အတွင်းပိုင်းမှာရှိတဲ့ အားကြီးတဲ့တစ်စုံတစ်ရာရဲ့ငြိမ်းချမ်းပျော်ရွှင်မှုကိုခံယူမယ့်ကျွန်တော်တို့ရဲ့စွမ်းဆောင်ရည်ကို စမ်းသပ်တယ်။

ဒါပေမဲ့ ဆင်းရဲနွမ်းပါးတဲ့ကလေးငယ်တွေ၊ အိုမင်းမစွမ်းနာမကျန်းတဲ့သက်ကြီးရွယ်အိုတွေ၊ သေရေးရှင်ရေးပြဿနာတက်နေတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ဒုက္ခတွေကိုတွေ့မြင်ရတဲ့အခါ ခင်ဗျားဘာလုပ်ရမလဲဆိုတာ စူးစမ်းလေ့လာနေရမယ်။ တွယ်တာကပ်ငြိမှုမရှိရဘူးဆိုတာက တခြားသူတွေရဲ့ခံစားနေရတာတွေကို စာနာစိတ်ကင်းမဲ့ပြီး ခင်ဗျားအတွက် အရေးမကြီးသလိုနေဖို့ဆိုလိုတာလို့ထင်လို့လား။ ကရုဏာမေတ္တာနဲ့အတူ လက်ချင်းချိတ်ပြီးတွယ်တာကပ်ငြိမှုမရှိဘဲသွားရမယ်။ တွယ်တာကပ်ငြိမှုမရှိဘူးဆိုတာက ကျွန်တော်တို့ကောင်းတယ်လို့မြင်တဲ့သူတွေမှာပဲဖြစ်ဖြစ်၊ ဆိုးတယ်လို့မြင်တဲ့သူတွေမှာပဲဖြစ်ဖြစ်၊ ဘေးဒုက္ခတွေလို့မြင်တဲ့အရာတွေမှာပဲဖြစ်ဖြစ် အားလုံးထဲမှာအားကြီးတဲ့တစ်စုံတစ်ရာရှိနေတယ်ဆိုတာ နားလည်ဖို့ပဲ။ တခြားသူတွေရဲ့နေရာမှာဝင်ပြီးတခြားသူရဲ့ခံစားနေရတဲ့ဒုက္ခကိုနားလည်တန်ဖိုးထားရပေမဲ့ ခင်ဗျားကိုယ်တိုင်ခံစားနေစရာမလိုဘူးလို့ဆိုလိုတာပါ။ လူသားတစ်ဦးချင်းစီဟာ ဘဝမှာကပြရတဲ့အခန်းကဏ္ဍတစ်ခုစီရှိပြီး သင်ယူစရာသင်ခန်းစာတွေရှိတယ်။ ကျွန်တော်တို့သူ့ကို မေတ္တာနဲ့ကူညီပေးရမယ်။ ကျွန်တော်တို့အားလုံးဟာ နောက်ဆုံးမှာတော့အားကြီးတဲ့တစ်စုံတစ်ရာရဲ့အစိတ်အပိုင်းတစ်ခုမျှသာဖြစ်ပြီး လူသားတိုင်းဟာ

• • • • • • •

သူဆီရောက်မယ့်လမ်းကို ရှာဖွေနေကြတယ်ဆိုတာ ကျွန်တော်တို့နားလည်ရမယ်။ ဦးမင်းနိုင်၊ ခင်ဗျား. . . လူတွေကိုတွယ်တာမကပ်ဖို့သင့်ဘူး။ ခင်ဗျားဘဝအတွက် ဖြည့်ဆည်းဖို့လူတစ်ယောက်ကိုရှာဖွေတဲ့အခါ ခင်ဗျားရဲ့အတွင်းပိုင်းမှာ ဟာတွတ် ရှိနေတယ်ဆိုတာ သေချာလို့ပဲ။ ခင်ဗျားလူတစ်ယောက်ကိုလိုအပ်တဲ့အခါ ခင်ဗျား သူ့ကိုစိတ်ပိုင်းဆိုင်ရာဝေါဟာရအရ မေတ္တာထားရှိတာမဟုတ်ဘူး။ ဘာကြောင့် လဲဆိုတော့ မေတ္တာဆိုတာ ခင်ဗျားကိုယ်ခင်ဗျားလွန်မြောက်သွားတယ်။ ခင်ဗျား ရဲ့ အတ္တဗဟိုပြုလိုအပ်ချက်တွေကိုကျော်လွန်ပြီး ခင်ဗျားစိတ်ဝိညာဉ်ရဲ့ အဓိက အနှစ်သာရကိုပေးတယ်။ အဲဒါမေတ္တာပဲ။

စာထဲမှာကွက်လပ်နေရာတစ်ခုရှိနေပါတယ်။ သူဖတ်ပြီးခဲ့သမျှကို ခဏရပ်ပြီး စဉ်းစားလို့ရအောင်လုပ်ထားတာပဲလို့ ဦးမင်းနိုင်အမှိပ္ပာယ်ကောက်လိုက်ပါတယ်။ ခဏ လောက်ကြာတော့ နောင်လာမယ့်အကြောင်းအရာဟာ အရေးကြီးတဲ့သင်ကြားပြသမှု အကျဉ်းချုပ်ဖြစ်လိမ့်မယ်ဆိုတာ သူသိတယ်။ ဦးမင်းနိုင် အလျင်စလိုဆက်ဖတ်လိုက် ပါတယ်။

တစ်ခါတုန်းက ဘုရင်တစ်ပါးဟာ သူ့ရဲ့နန်းတော်၊ ရတနာတွေနဲ့ ကိုယ်ပိုင်ပစ္စည်းဥစ္စာတွေကို အရမ်းကာပြီးတွယ်တာလွန်းတဲ့အတွက် အဲဒီအရာတွေကို တစ်နေ့နေ့ သူစွန့်ခွာသွားရမှာကို ကြောက်ရွံ့ထိတ်လန့်ပြီးနေထိုင်နေရတယ်။ ဒါပေမဲ့ သူ့နိုင်ငံထဲက ဆင်းရဲနွမ်းပါးတဲ့သူတွေကတော့ ပျော်ရွှင်နေတာကိုတွေ့ရတယ်။ နောက်တစ်နေ့ဘယ်လိုစားသောက်နေထိုင်ရမယ်ဆိုတာတောင် မသိတဲ့အဲဒီလိုလူတွေက ဘယ်လိုပျော်နေနိုင်တာလဲဆိုတာ သူသိချင်နေတယ်။ အဲဒါနဲ့ သူတောင်းစားလိုပြင်ဆင်ဝတ်စားလိုက်ပြီး လျှို့ဝှက်ချက်ကိုရှာကြည့်တော့တယ်။ ရွာထဲကအိမ်တစ်အိမ်ရဲ့တံခါးကို ခေါက်လိုက်တဲ့အခါ အိမ်ရှင်က ကြင်နာစွာဝင်ခွင့်ပြုတယ်။ အိမ်ရှင်က သူ့အခန်းကျဉ်းကျဉ်းလေးထဲမှာထိုင်နေပြီး ပေါင်မုန့်တစ်စိတ်စားနေတယ်။ အိမ်ရှင်က သူ့ကို သူနဲ့အတူလာထိုင်ခိုင်းပြီး ပေါင်မုန့်ကိုဖဲ့ပေးတယ်။ ရုပ်ဖျက်ထားတဲ့ဘုရင်က အဲဒီလူကို မေးလိုက်တယ်။ "ခင်ဗျားအသက်ရှင်နေထိုင်နိုင်ဖို့ ဘာလုပ်သလဲ"၊ "ကျွန်တော် ဖိနပ်ချုပ်တယ်" ဆင်းရဲသားကပြန်ဖြေပါတယ်။ "ခင်ဗျားမှာ ဒီလိုပေါင်မုန့်တစ်စိတ်ပဲရှိရင် မနက်ဖြန် ခင်ဗျားဘယ်လိုသွားစားမလဲ"၊ "ကျွန်တော် မနက်ဖြန်အလုပ်လုပ်တဲ့အခါ ရတဲ့ငွေနဲ့စားမှာပေါ့" ဆင်းရဲသားက အေးအေးဆေးဆေးပဲပြောပါတယ်။

ဘုရင်ဟာ နန်းတော်ကိုပြန်သွားပြီး မလိုတမာစိတ်နဲ့ အမိန့်တစ်ခု ထုတ်ပြန်ပါတယ်။ သူ့နိုင်ငံထဲမှာ ဘယ်သူမှဖိနပ်မချုပ်ရဘူးဆိုပြီး အမိန့်ထုတ်ပြန်လိုက်ပါတယ်။ ပြီးတော့ သူဘာသာသူပြောလိုက်ပါတယ် "ဒီလူအခုဆက်လက်တည်ငြိမ်နိုင်ဦးမလား ကြည့်ရသေးတာပေါ့ကွာ"။ နောက်တစ်နေ့မှာ ဘုရင်ဟာ ဖိနပ်ချုပ်သမားကိုပြန်သွားရှာပါတယ်။ ဒါပေမဲ့ အဲဒီလူလက်ထဲမှာ ပေါင်မုန့်

• • • • • • •

တစ်စိတ်အပြင် ဒိန်ခဲပါ တွေ့ရပြန်တယ်။ ရုပ်ဖျက်ထားတဲ့ဘုရင်ကမေးလိုက်ပါတယ်။ "ဘယ်သူမှ ဖိနပ်မချုပ်ရတော့ဘူးလို့ ဘုရင်ကအမိန့်ထုတ်လိုက်တယ်လို့ကြားတယ်၊ ခင်ဗျားအခု ဘာလုပ်စားနေလဲ"၊ "ဖိနပ်ချုပ်လို့မရတော့ဘူးဆိုတော့ တခြားလုပ်စရာတစ်ခုခုရှာတဲ့အခါ တချို့လူတွေ ရေသယ်နေတာကျွန်တော်တွေ့တယ်။ ကျွန်တော်လည်း ရေသယ်ပြီး သူတို့ကိုကူညီပေးတဲ့အခါ ကျွန်တော်ဖိနပ်ချုပ်တုန်းကရတာထက် သူတို့ကပိုပေးတယ်။ ဘာဖြစ်သလဲ"။

ဘုရင်က မကျေနပ်တဲ့စိတ်နဲ့ သူ့နန်းတော်ကိုပြန်သွားပါတယ်။ သူဟာ အေးအေးဆေးဆေးမနေနိုင်တဲ့ ရွာထဲကဆင်းရဲသားအကြောင်း မတွေးပြီဘဲမနေနိုင်ဖြစ်နေတယ်။ သူ့နိုင်ငံမှာ ဘယ်သူမှရေမသယ်ရဘူးဆိုတဲ့အမိန့်တစ်ခုကိုထပ်ထုတ်ပြန်ပါတယ်။ နောက်တစ်နေ့မှာရုပ်ဖျက်ပြီး ဆင်းရဲသားအိမ်ကိုထပ်သွားပြန်တယ်။ ဒါပေမဲ့ အဲဒီဆင်းရဲသားကို ပေါင်မုန့်တစ်စိတ်၊ ဒိန်ခဲတချို့အပြင် ဝိုင်တစ်ပုလင်းနဲ့အတူ တွေ့ရပြန်တယ်။ ဘုရင်က ဒေါသတကြီးနဲ့မေးလိုက်ပါတယ်။ "ခင်ဗျား အဲဒါတွေကို ဘယ်လိုလုပ်ပြီးရလာပြန်တာလဲ၊ ဘုရင်က နိုင်ငံအတွင်းမှာ ရေမသယ်ရဘူးလို့အမိန့်ထုတ်လိုက်တယ်မလား"။ ဆင်းရဲသားကပြန်ဖြေလိုက်ပါတယ်။ "လုပ်စရာတစ်ခုခုလျှောက်ရှာတာပေါ့။ တောထဲသွားပြီး ထင်းခုတ်သမားတွေနဲ့အတူတူ သစ်ခုတ်တာကိုသင်ယူတာပေါ့။ ကျွန်တော်လုပ်နိုင်မှန်းသူတို့သိတဲ့အတွက် ကျွန်တော့်ကိုငှားပြီး ပိုက်ဆံကောင်းကောင်းပေးတာပေါ့"။

ဘုရင်ဟာ ဆင်းရဲသားဘေးကနေ မခံမရပ်နိုင်ဖြစ်နေပါတယ်။ ဒါနဲ့ သူ့နန်းတော်ဆီပြန်သွားပြီး သစ်ခုတ်သမားအားလုံး ဘုရင့်ရဲ့အစောင့်လုပ်ရ

ခေယ်လို့ အမိန့်ထုတ်ပြန်လိုက်ပါတယ်။ အခုဆိုရင် ဆင်းရဲသား သူလက်ထဲ ရောက်တော့မယ်လို့ ဘုရင်တွေးနေပါတယ်။ နောက်တစ်နေ့ရောက်တော့ ရုပ်ဖျက်ပြီး ဆင်းရဲသားဆီသွားပြန်တယ်။ ဆင်းရဲသားဆီရောက်တော့ အဲဒီလူဆီမှာ ပေါင်မုန့်အမျိုးမျိုး၊ အသီးအနှံအမျိုးမျိုး၊ ဒိန်ခဲ၊ ဝိုင်နဲ့ အစားအသောက်တွေ အပြည့်နဲ့ ကြောင်အိမ်တစ်လုံးတွေ့ပါတယ်။ ဘုရင်က ဆင်းရဲသားကိုမေးလိုက်ပါတယ်။ "ဘယ်လိုဖြစ်ပြန်တာလဲ။ သစ်ခုတ်သမားတွေအားလုံး ဘုရင့်နန်းတော်သွားပြီး ဘုရင့်အတွက်အလုပ်လုပ်ရမယ်၊ တစ်လတစ်ခါပိုက်ဆံရမယ်လို့ ကျွန်တော်သိထားတယ်။ ခင်ဗျားကို ဘုရင်က ပိုက်ဆံမပေးသေးဘဲနဲ့ ဘာလို့ ဒီလောက်အစားအသောက်အလျှံအပယ် ခင်ဗျားရှိနေတာလဲ"။

"ဟုတ်ပါတယ်။ ကျွန်တော် တစ်နေ့လုံးအလုပ်လုပ်တယ်။ ပြီးတော့ သူတို့ဆီ ပိုက်ဆံသွားတောင်းတော့ လကုန်မှ လုပ်ခကိုပေးတယ်လို့ပြောတယ်။ ဒါနဲ့ ကျွန်တော်စဉ်းစားတယ်။ ငါဘာလုပ်ရမလဲပေါ့။ ကျွန်တော်ကိုယ့်ဘာသာ ကိုယ်ပြောလိုက်ပါတယ်။ ကျွန်တော့်ရဲ့ သံမဏိဓားကိုသွားရောင်းပြီး အဲဒီအစား သစ်သားဓားကို အစားထိုးမယ်။ ငွေနဲ့အစားအသောက်တွေဝယ်မယ်၊ ဘယ်သူမှသတိထားမိမှာမဟုတ်ဘူး။ လကုန်လို့သူတို့လစာပေးတဲ့အခါ ဓားကိုပြန် အစားထိုးထည့်လိုက်မှာပေါ့"။

အခုဆိုရင် ဆင်းရဲသားကိုဖမ်းလို့ရပြီလို့ ဘုရင်တွေးမိပါတယ်။ နောက်တစ်နေ့မှာ ဘုရင်ကအစောင့်တွေဆီသွားပြီး ဖြတ်သန်းသွားလာသူတစ်ယောက်ကိုလက်ညှိုးထိုးပြပြီး "သူ့ကို... သူ့ကို၊ အဲဒီသူ့ကိုမိအောင်ဖမ်း" ဘုရင်က ဆင်းရဲသားကိုကြည့်လိုက်ပြီး အမိန့်ပေးလိုက်ပါတယ်။ "ရဲမက်၊ အဲဒီသူ့ရဲ့

• • • • • • •

ခေါင်းကိုဖြတ်ယူလာခဲ့"။ ဆင်းရဲသားကတွေးပါတယ်။ "ငါ့ရဲ့သစ်သားဓားကို ထုတ်ရင် သံမဏိဓားတွေကိုရောင်းလိုက်လို့ သူတို့ကငါ့ကိုခေါင်းဖြတ်လိမ့်မယ်။ တကယ်လို့ ငါဓားကိုမထုတ်ရင်လည်း ဘုရင့်အမိန့်မနာခံမှုနဲ့ သူတို့ငါ့ကိုခေါင်းဖြတ်လိမ့်မယ်"။ ဒါပေမဲ့ ဆင်းရဲသားက အခြွတ်အနေအေးချမ်းပြီးတွယ်တာကပ်ငြိမှုဘာမှမရှိတဲ့အတွက် မျက်လှည့်ပြလိုက်သလို သူ့စိတ်ထဲမှာ အဖြေတစ်ခုပေါ်လာပါတယ်။ သူ့ရဲ့ဓားရိုးကိုဆုပ်ကိုင်လိုက်ပြီး သူကိုယ်သူပြန်ပြောတဲ့ပုံစံနဲ့ ကျယ်နိုင်သမျှ ကျယ်ကျယ်အော်လိုက်ပါတယ်။ "ဒီလူသာ သူခိုးဆိုရင် ငါ့ရဲ့ဓားက သူ့ခေါင်းကိုဖြတ်ပစ်လိမ့်မယ်။ တကယ်လို့ သူခိုးမဟုတ်ဘူးဆိုရင် ငါ့ရဲ့ဓားဟာ သစ်သားအဖြစ်ပြောင်းသွားပါစေ" သူ့ရဲ့ဓားကိုထုတ်လိုက်ပြီး ကိုင်မြှောက်လိုက်ပါတယ်။ လူတိုင်းရဲ့ အံ့ဩတဲ့အသံတွေထွက်လာပါတယ်။ "ဟာ အံ့မှယ်သရဲပဲဗျို့၊ ဘုရားသခင်ရဲ့ဝှက်ကျေးဇူးတော်ပါပဲ"။

ဘုရင်က အနားကိုကပ်လာတယ်။ ဆင်းရဲသားကို သူ့ရဲ့ဝန်ကြီးချုပ်အဖြစ်ခန့်အပ်လိုက်ပြီး အခုလိုပြောလိုက်ပါတယ်။ "ဒီနေ့ ခင်ဗျားကျွန်တော့်ကို သင်ခန်းစာတစ်ခုသင်ကြားပေးလိုက်တာပဲ"။

ဦးမင်းနိုင်၊ အဲဒီဓားနဲ့လူလို ခင်ဗျားရဲ့ဘဝကိုနေထိုင်ပါ။ ပြဿနာတွေကို တွယ်တာကပ်ငြိမှုမရှိဘဲ မေတ္တာ၊ ကရုဏာနဲ့ရင်ဆိုင်ပါ။ ခင်ဗျားရဲ့လွတ်လပ်ခွင့်အတိုင်းနေထိုင်ပြီး ဘဝအပေါ် ပြောင်းလွယ်ပြင်လွယ်တဲ့စိတ်နေစိတ်ထားရှိပါစေ။ အဖြစ်အပျက်ဇာတ်လမ်းထဲကလူလို ခင်ဗျားနေထိုင်ရင် စွမ်းအားကြီးတဲ့တစ်စုံတစ်ရာနဲ့ပေါင်းစည်းမိပြီး ခင်ဗျားပြဿနာတွေအတွက် ဖန်တီးမှုပါတဲ့အဖြေတွေအမြဲရလိမ့်မယ်။

• • • • • • •

သင်ခန်းစာတွေအဆုံးသတ်ပါပြီ ဦးမင်းနိုင်၊ အခုအပင်ဖြစ်နေပြီဖြစ်တဲ့ ခင်ဗျားသစ်စေ့တိုင်းကို ဂရုစိုက်ပြီး ရေလောင်းမြေဩဇာကျွေးပါ။ ဒါမှ ကြီးထွားဖွံ့ဖြိုးလာလိမ့်မယ်။ ခင်ဗျားကိုယ်ထဲမှာစိုက်ထားပြီးဖြစ်တဲ့သစ်စေ့တိုင်းရဲ့အသိပညာကိုလည်းဂရုစိုက်ပါ။ ခင်ဗျားဘဝမှာသူတို့က သင်ကြားပြသပေးတာတွေကိုလိုက်နာကျင့်သုံးရင်း စိတ်ရှည်ရှည်နဲ့ရေလောင်းမြေဩဇာကျွေးရင် ခင်ဗျားရဲ့ပုဂ္ဂိုလ်ရေးဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ပန်းက ပွင့်ကားကြီးထွားလာလိမ့်မယ်။ ကျွန်တော် ခင်ဗျားကိုသစ်စေ့အားလုံးပေးပြီးပြီ။ ကျွန်တာကတော့ ခင်ဗျားအပေါ်မှာပဲ လုံးလုံးမှုတည်တော့တယ်။ စီးပွားရေးလောကကလူတွေနဲ့ကူးလူးဆက်ဆံပြီး စိတ်ပိုင်းဆိုင်ရာသင်ခန်းစာတွေကို သူတို့ကိုဝေမျှပေးဖို့ဆိုတဲ့ ခင်ဗျားရဲ့တာဝန်ကိုသတိရပါ။ အဲဒီလိုလုပ်တဲ့နေရာမှာ ခင်ဗျားကိုယ်ခင်ဗျားမြှုပ်နှံထားပါ။ ခင်ဗျားက ကျွန်တော့်စိတ်နှလုံးထဲမှာအမြဲရှိနေပြီး ကျွန်တော်ကလည်း ခင်ဗျားနဲ့အတူအမြဲရှိနေမှာပါ။

ခင်ဗျားရဲ့ဆရာ

• • • • • • •

ဦးမင်းနိုင်ဟာ တစ်ညလုံးနိုးကြားနေပါတယ်။ အခု သူ့ရဲ့တန်ဖိုးအရှိဆုံး ရတနာလိုဖြစ်နေတဲ့စာကို အထပ်ထပ်အခါခါဖတ်ပါတယ်။ သူပျော်ရွှင်တေ့နပ်နေပါတယ်။ နောက်ဆုံးတော့ သူ့ရဲ့စိတ်ပိုင်းဆိုင်ရာသင်ခန်းစာတွေပြီးဆုံးပါပြီ။ သူ့ဆရာရဲ့မေတ္တာကိုရပြီး သူ့ဆရာနဲ့တစ်သားတည်းတစ်ခေါင်းတစ်ရည်တည်းလို့ခံစားချက်ကောင်းတယ်လို့ထင်နေပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ဆရာကို ရုပ်ပိုင်းဆိုင်ရာအရ ဆုံးရှုံးသွားတာကို ထပ်ခံဖို့တော့ သူ့အတွက်ခက်ခဲနေတုန်းပါ။ နှစ်ပတ်တာကာလအတွင်း အထီးကျန်သလိုခံစားရပြီး ဥယျာဉ်ကိုကြည့်နေရင်း ခေါင်းထဲမှာ သူ့ရဲ့တာဝန်ဆိုတဲ့အတွေးတစ်ခုပဲရစ်ဝဲနေပါတယ်။ သူ့ရဲ့စိတ်ပိုင်းဆိုင်ရာအေးချမ်းမှုက ဒီဘဝမှာ သူ့ရဲ့တာဝန်နဲ့ လုံးလုံးလျားလျားပတ်သက်နေတယ်ဆိုတာ သံသယဖြစ်စရာမရှိပါဘူး။ သူ့ဘဝတစ်ခုလုံးဟာ သူသိပြီးသားတွေကို တခြားသူတွေကိုဖြန့်ဝေဖို့ပဲဖြစ်ရမယ်ဆိုတာ တဖြည်းဖြည်းနဲ့ သူသေချာလာပါတယ်။ အခုဆိုရင် သူ့စိတ်ထဲကို အတွေးတစ်ခုဝင်လာပါတယ်။ အဲဒါကတော့ သူ့ဆရာရဲ့အသိပညာတွေကို ဖြန့်ဝေတဲ့အခန်းကဏ္ဍကို သူကယူထားပြီး သူ့ရဲ့အရင်းအမြစ်ဇတွေကိုသုံးပြီး ပိုပြီးနှိမ့်ချစွာဖြန့်ဝေရမယ်ဆိုတာပါ။ အဲဒီလိုလုပ်ခြင်းအားဖြင့် သူတို့နှစ်ယောက်ဟာ အရင်ကထက်ပိုအများကြီးနီးကပ်လာပြီး တစ်ခုတည်းသောရည်ရွယ်ချက်အတွက် တစ်သားတည်းလိုဖြစ်သွားတယ်ဆိုတာ သူနားလည်သဘောပေါက်လာပါတယ်။

ဦးမင်းနိုင်ဟာ သူ့ဆရာစာထဲက နောက်ဆုံးစကားလုံးတွေကို အကြိမ်ကြိမ်အခါခါတွေးကြည့်နေပါတယ်။ အခုဆို သူဟောပြောတင်ဆက်မှုတွေလုပ်နေပါတယ်။ အဲဒါဟာ သူ့ရဲ့တာဝန်ကို သေသေချာချာဖြည့်ဆည်းနေတာပါပဲ။ ပြဿနာကတော့ သူ့ရဲ့ဟောပြောတင်ဆက်မှုတွေကိုရတဲ့သူတွေက အရေးအတွက်အကန့်အသတ်ဖြည့်နေပါပြီ။ သူဟာ သစ်စေ့ခုနစ်စေ့ရဲ့လျှို့ဝှက်ချက်ကိုရရှိခဲ့ပြီး လူတွေဆီများနိုင်သမျှများများဖြန့်ပေးရမယ်။ "ငါ့ဆရာနဲ့ အတွေ့အကြုံအဖြစ်အပျက်တွေအကြောင်းဖော်ပြတဲ့စာအုပ်တစ်အုပ် ငါဘာလို့မရေးနိုင်ရမှာလဲ" ဦးမင်းနိုင် သူ့ဘာသာသူမေးပါတယ်။ စာအုပ်ခေါင်းစဉ်က သူ့ခေါင်းထဲကိုချက်ချင်းရောက်လာပါတယ်။

***'သစ်စေ့ခုနစ်စေ့ရဲ့လျှို့ဝှက်ချက်'***

သူ့စိတ်ကူးကို သူ့သဘောကျသွားပါတယ်။ သူ့စာဖတ်ခန်းထဲကို သွားပြီး ကွန်ပျူတာကိုဖွင့်လိုက်ပါတယ်။ ဒါပေမဲ့ ဘယ်ကစရေးရမှန်းမသိပါဘူး။ ခဏလောက် စဉ်းစားပြီးမှ ရှတ်တရက်ဆိုသလိုပဲ သူ့ဘဝကိုအလှည့်အပြောင်းဖြစ်စေတဲ့ဖြစ်ရပ်တစ်ခုနဲ့စဖို့ဆုံးဖြတ်လိုက်ပါတယ်။ ဒါကြောင့် သူအခုလိုချရေးလိုက်ပါတော့တယ်။

***ဦးမင်းနိုင်ဟာ နှလုံးရောဂါအထူးကုနဲ့ပြဖို့ သူ့အလှည့်ကိုစောင့်ရင်း စိတ်လှုပ်ရှားနေပါတယ်။***

◈ ◈ ◈

# နိဂုံးစကား

တစ်ခါကုန်းက ကောင်လေးတစ်ယောက်ဟာ စိတ်ပိုင်းဆိုင်ရာအကြောင်း အရာတွေအကြောင်းသိချင်တဲ့အတွက် သူ့အဖေကို ခက်ခဲတဲ့မေးခွန်းတစ်ခုမေးပါတယ်။ "ပရမတ်ဆိုတာဘာလဲအဖေ"။ အံ့ဩနေတဲ့အဖေက သူနဲ့အတူ သစ်သီးခြံထဲမှာ လမ်းလျှောက်ဖို့ခေါ်ထုတ်သွားပါတယ်။ ပန်းသီးတစ်လုံးကိုဆွတ်ခူးလိုက်ပါတယ်။ ပြီးတော့ သူ့သားကိုဓားပေးပြီး "အဲဒါကိုခွာလိုက်" လို့ပြောလိုက်ပါတယ်။ ကောင်လေးကပြောတဲ့အတိုင်းခွာပါတယ်။ "အခုအသီးကိုခွဲလိုက်"၊ ကောင်လေးက သူ့အဖေဘာကိုဦးတည်နေလဲဆိုတာ နားမလည်ပါဘူး။ ဒါပေမဲ့ သူ့အတွက်အံ့ဩစရာတစ်ခု တစ်ခုပေါ်လာလိမ့်မယ်လို့သိမြင်ခံစားမိတဲ့အတွက် ပြောတဲ့အတိုင်းလုပ်ပါတယ်။

"ကဲ အစေ့တွေထုတ်လိုက်ပါ"

ကောင်လေးက သူ့အဖေကိုမယုံနိုင်လောက်တဲ့အကြည့်မျိုးနဲ့ကြည့်ပါတယ်။ ဒါပေမဲ့လည်း ထပ်ပြီးတော့ သူ့ကိုခိုင်းတဲ့အတိုင်းလုပ်ပြန်ပါတယ်။

"အစေ့တွေထဲကတစ်ခုကိုခွဲကြည့်ပြီး အထဲမှာဘာရှိသလဲအဖေ့ကိုပြောပြ"

"အထဲမှာဘာမှမရှိဘူးအဖေ" ကောင်လေးကပြန်ဖြေပါတယ်။ "ဘာမှမရှိ

တော့ပါဘူး။ ဒါပေမဲ့ ဒါတွေအားလုံးက သားမေးခွန်းနဲ့ဘယ်လိုများပတ်သက်သလဲ"

အဖေက မေတ္တာနဲ့အမြော်အမြင်ပါတဲ့အသံနဲ့ပြောလိုက်ပါတယ်။

"သားတွေ့တဲ့ ဘာမှမရှိဘူးဆိုတာ သားမေးတဲ့ 'ပရမတ်' ပဲပေါ့။ အဲဒါက နေရာတိုင်းမှာရှိတဲ့တစ်စုံတစ်ရာဖြစ်သလို တစ်ချိန်တည်းမှာ ဘယ်နေရာမှမရှိဘူး။ အဲဒီ ပရမတ်ကပဲ အစေ့ကိုဖန်တီးတယ်။ အသီးကိုဖန်တီးတယ်။ သစ်ပင်ကိုဖန်တီးတယ်"။

ဒီ **'သစ်စေ့ခုနစ်ခု၏လျှို့ဝှက်ချက်'** ဆိုတဲ့စာအုပ်ဟာ ဇာတ်ကောင်ဖြစ်တဲ့ အရှေ့တိုင်းယောဂီကြီးရဲ့လမ်းညွှန်မှုနဲ့ သစ်စေ့တိုင်းမှာပါတဲ့သင်ခန်းစာတွေက တစ်ဆင့် တဖြည်းဖြည်းတိုးတက်လာပြီး နှစ်သက်ဖွယ်ရာ ပုဂ္ဂိုလ်ရေးတိုးတက်မှုလမ်း ကြောင်းကိုပြသပေးလိမ့်မယ်။ ဒီစာအုပ်ထဲမှာပါတဲ့ သစ်စေ့တိုင်းဟာ တိုးတက်မှု အတွက် သင်ခန်းစာတစ်ခုစီဖြစ်ပေမဲ့ သစ်စေ့တွေအားလုံးရဲ့အဓိကသင်ခန်းစာ ကတော့ အရှေ့ကကောင်လေးဖြစ်ရပ်မှာဖော်ပြတဲ့အတိုင်း 'ပရမတ္ထတရား' နဲ့တွေ့ထိ ဖို့ပဲဖြစ်တယ်။ အဲဒါက နေရာတိုင်းမှာရှိသလို တစ်ချိန်တည်းမှာ ဘယ်နေရာမှာမှ မရှိဘူး။

ယနေ့ ကျွန်တော်တို့ဟာ ကမ္ဘာလောကကြီးတစ်ခုမှာနေထိုင်နေတယ်။ အဲဒီ ကမ္ဘာလောကကြီးက စီးပွားရေးမျှော်မှန်းချက်တွေရရှိမှု၊ အာဏာရရှိမှု၊ ဂုဏ်သိက္ခာ ရရှိမှု၊ ရုပ်ဝတ္ထုပစ္စည်းအမျိုးမျိုးရရှိမှုတွေအပေါ်မှာမူတည်နေတဲ့ အောင်မြင်မှု၊ ပျော် ရွှင်မှုတွေနဲ့ ကျွန်တော်တို့ကိုဆွဲဆောင်ထားတယ်။ လူသားတွေဟာ မီဒီယာတွေ၊ ရေဒီ ယိုတွေ၊ တီဗီတွေမှာလာတဲ့ကြော်ငြာတွေရဲ့ထိုးနှက်မှုကိုခံနေရတယ်။ အများအား ဖြင့် ကြော်ငြာတဲ့ကုန်ပစ္စည်းတွေကို မပိုင်ဆိုင်မချင်း သူတို့မပျော်ရွှင်နိုင်ဘူးလို့ သက် ဝင်ယုံကြည်လာအောင်လုပ်တယ်။ အဲဒီကုန်ပစ္စည်းတွေပိုင်ဆိုင်တာက တဒင်္ဂချမ်းသာ မှုကိုတော့ပေးတာအမှန်ပဲ။ ဒါပေမဲ့ မူးယစ်ဆေးလိုပဲ ကျွန်တော်တို့ရဲ့လစ်ဟာမှုကို ကုန် ပစ္စည်းတွေနဲ့ ထပ်ခါထပ်ခါဆက်ဖြည့်ဖို့လိုနေတဲ့ အဆုံးမရှိတဲ့အဆိုးကျော့သံသရာ လည်နေရမယ်။ ဒါ့ပြင် အပျက်သဘောဆောင်တဲ့အရာတွေအပေါ်ပဲ ဖောင်းပေးတဲ့ သတင်းတွေရဲ့ကျေးကျွန်နေ့စဉ်ဖြစ်နေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလိုသတင်း မျိုးမှ လူကြိုက်များတယ်။ ပြီးတော့ အဲဒီသတင်းတွေက တည်ငြိမ်အေးချမ်းမှုနဲ့ဝေးရာမှာ

ကြောက်ရွံ့မှု၊ နာကျင်ခံစားရမှုတွေနဲ့ဝဲပြည့်နှက်နေစေတယ်။

ပရမတ္ထတရားနဲ့ဆက်သွယ်တဲ့အခါမှာ ဘဝမှာ စစ်မှန်တဲ့ပျော်ရွှင်မှုကိုရတယ်။ အဲဒီပရမတ္ထတရားကို ကျွန်တော်တို့အားလုံးမှာ ကွဲပြားတဲ့အစဉ်အလာအမျိုးမျိုးကနေ အမည်အမျိုးမျိုးနဲ့ **'ဘုရားသခင်'** လို့လည်းခေါ်တယ်။ **'ဓိဉာဉ်'** လို့လည်းခေါ်တယ်၊ **'အားကြီးတဲ့တစ်စုံတစ်ရာ'** လို့လည်းခေါ်ကြတယ်။ အရောင်ကန်းတဲ့သူတစ်ယောက်ဟာ အရောင်တွေကိုမခွဲခြားနိုင်ဘူး။ အဲဒီလိုပဲကျွန်တော်တို့ဟာ ပရမတ္ထတရားနဲ့အဆက်အသွယ်ပြတ်နေတဲ့အခါ ကျွန်တော်တို့ရှောင်ရှားရမယ့် မှောင်မိုက်တဲ့အရာတွေဟာ ဘာလဲဆိုတာ သဘောပေါက်ဖို့ခက်ခဲလိမ့်မယ်။ ဒီစာအုပ်က တောက်ပတဲ့အရာတွေ၊ ကျွန်တော်တို့ရဲ့အပြုသဘောအနှစ်သာရဆီရောက်မယ့်လမ်းကြောင်းကို မိတ်ဆက်ပေးလိမ့်မယ်။ ကြီးမားတဲ့သဟဇာတဖြစ်မှု၊ အေးချမ်းမှုနဲ့ အဆုံးစွန်ဆုံးပျော်ရွှင်မှုတွေနဲ့ ဘဝဆီပို့ဆောင်ပေးလိမ့်မယ်။

ဒီ **'သစ်စေ့ခုနစ်စေ့ရဲ့လျှို့ဝှက်ချက်'** စာအုပ်ဟာ အဲဒီအရာတွေအပေါ် မယုံကြည်တဲ့သူတွေအတွက် စီစဉ်ထားတာဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် အရင်က ကိုယ်တွေ့ကြုံခဲ့တဲ့အမှုဆောင်တွေ၊ စွန့်ဦးတီထွင်သမားတွေကလည်း စီးပွားရေးနဲ့ စိတ်ပိုင်းဆိုင်ရာရှုထောင့်အမြင်ကို ပြက်ရယ်ပြုကြတယ်။

ဒီစာအုပ်က ပုဂ္ဂိုလ်ရေးပြောင်းလဲမှုအကြောင်းသာမကပြထားတဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတစ်ခုပါပဲ။ စာဖတ်သူတွေအတွက်မယုံနိုင်လောက်တဲ့ စဉ်းစားဆင်ခြင်စရာတွေဆောင်ကြဉ်းပေးလိမ့်မယ်လို့မျှော်လင့်ပါတယ်။

ဒီစာအုပ်ကို ပထမအကြိမ်ထုတ်ဝေပြီးကတည်းက စာဖတ်ပရိသတ်တွေဆီကနေ ထင်မြင်သုံးသပ်ချက်တွေရလို့ အများကြီးကျေနပ်ရပါတယ်။ တချို့လူတွေက စပြီး တရားအားထုတ်သလို စိတ်ပိုင်းဆိုင်ရာကျင့်စဉ်အချို့ကိုစကျင့်နေပြီ။ တချို့ကတော့ သူတို့ရဲ့အမူအကျင့်ပုံစံအမျိုးမျိုးကိုပိုသိမြင်လာပြီး ပုဂ္ဂိုလ်ရေးတိုးတက်မှုလမ်းကြောင်းပေါ် ပထမဆုံးခြေလှမ်းစလှမ်းမိကြတယ်။ သစ်စေ့တစ်ခုမှာပြောခဲ့သလို အဲဒီလူတွေရဲ့ဘဝမှာ သမုဒ္ဒရာရဲ့ရေတစ်စက်အဖြစ်ပါဝင်ခွင့်ရတာ ကျွန်တော်ပျော်ပါတယ်။ အဲဒီဟာတွေက ဒီအကြောင်းကို ဆက်ရေးဖို့တွန်းအားတွေပဲဖြစ်ပါတယ်။

တစ်ခါတုန်းက တပည့်တစ်ယောက်ဟာ သူ့ဆရာဆီပြေးသွားပြီး စိတ်လှုပ်ရှားစွာနဲ့ပြောလိုက်ပါတယ်။

"မြို့ထဲမှာအထင်ကြီးလေးစားလောက်တဲ့ဆရာတစ်ယောက်ရှိတယ်။ သူဟာသူ့ကိုယ်သူကြာပွတ်နဲ့ရိုက်နှက်သလို သူ့ခြေထောက်ထဲကို သံတွေရိုက်ထည့်ပေမဲ့ ဒုက္ခဝေဒနာကိုသည်းညည်းခံနိုင်တာကို ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့ရတယ်"။ ဆရာက သူ့တပည့်ပြောတာကို စိတ်ရှည်ရှည်နဲ့နားထောင်ပြီး ကလေးတစ်ယောက်နဲ့ပြောနေရတဲ့လူလို ကရုဏာမေတ္တာအပြည့်နဲ့ပြောလိုက်ပါတယ်။

"ငါ့တပည့်၊ မြင်းတွေဟာသူတို့ခွာထဲမှာသံတွေအမြဲရှိပြီး သူတို့မြန်မြန်ပြေးအောင် ကြာပွတ်နဲ့ရိုက်နှက်ခံရတယ်။ ဒါပေမဲ့ သူတို့က ဆရာဖြစ်မလာဘူး"။

အဲဒီပုံပြင်ကပေးတဲ့သင်ခန်းစာကတော့ ကျွန်တော်တို့ဆရာတင်မမှားအောင် သတိထားရမယ်။ ကျွန်တော်တို့ရဲ့အတ္တမာနတွေကိုညှို့ယူဖမ်းစားနိုင်မယ့် လက်တွေ့မကျတဲ့ စိတ်ကူးယဉ်သက်သက်အကြောင်းအရာတွေကို လက်နက်အဖြစ် အသုံးချမယ့်သူတွေပေါ့။

ပုဂ္ဂိုလ်ရေးဘဝကို တိုးတက်စေမယ့်စစ်မှန်တဲ့လမ်းကြောင်းဆိုတာ အံ့ဖွယ်သရဲတွေမဟုတ်ဘူး။ စစ်မှန်တဲ့လမ်းကြောင်းဆိုတာ နှေးကွေးမယ်။ ပြင်းထန်တဲ့ဖွဲ့လုံ့လ၊ ဝီရိယလိုမယ်။ ဒါပေမဲ့ အဲဒီလမ်းကြောင်းတစ်လျှောက်ဟာ စစ်မှန်တဲ့တိုးတက်မှုကိုဖြစ်စေတယ်။ ခင်ဗျားရဲ့ကြိုးစားအားထုတ်မှုကိုတော့ အလျှံအပယ်ပေးရလိမ့်မယ်။

လျှို့ဝှက်ချက်ကဘာလဲ. . .။

အဖြေကတော့ **'သစ်စေ့ခုနစ်စေ့'** ပဲပေါ့။

*၂၀. ၄. ၂၀၁၅ (တနင်္လာနေ့)*
*ညနေ ၄ နာရီ ၄၆ မိနစ်*

◈ ◈ ◈

# အမေး၊ အဖြေ

မူရင်းစာရေးသူသည် ဤစာအုပ်ကို Peruvian University of Applied Sciences ၏ MBA ကျောင်းသားများအတွက် လေ့လာဖတ်ရှုရေးစာအုပ်အဖြစ်အသုံးပြုခဲ့သလို စာအုပ်အပေါ် ကျောင်းသားများ၏အမြင်များကိုမေးမြန်းခဲ့ရာ မေးခွန်းများစွာကြားသိခဲ့ရပါသည်။ ထိုမေးခွန်းများအနက်မှ စာဖတ်သူများလည်းသိလိုမည့်အကြောင်းအရာမေးခွန်းနှင့် အဖြေတချို့ကို ကောက်နုတ်တင်ပြလိုက်ပါသည်။

**သစ်ရှေ့ခုနစ်ရှေ့ရဲ့လျှို့ဝှက်ချက်စာအုပ်က ဆရာ့ဘဝဇာတ်ကြောင်းအပေါ် အခြေခံပြီး ရေးထားတာလား။ ဆရာ့ဘဝအစစ်အမှန်အကြောင်း ဘယ်လောက်ပါပြီး စိတ်ကူးနဲ့ကွန့်မြူးဖန်တီးထားတာက ဘယ်လောက်ပါသလဲ။**

မှန်ပါတယ်။ ကျွန်တော့်ဘဝဇာတ်ကြောင်းအပေါ် အခြေခံထားတာပါ။ ဒါပေမဲ့ ဝတ္ထုထဲကဖြစ်ရပ်တော်တော်များများက ကျွန်တော့်မှာပဲဖြစ်ခဲ့တာမဟုတ်ပါဘူး။ ဥပမာအားဖြင့် ဦးမင်းနိုင်အပေါ် သူ့အဖေရဲ့မှားယွင်းတဲ့ဆိုဆုံးမမှုမျိုးက တခြားသူတွေမှာလည်းဖြစ်နေတာပဲ။ ဒါပေမဲ့ ဦးမင်းနိုင်ရဲ့စရိုက်လက္ခဏာနဲ့တစ်ပုံစံတည်း

ကျွန်တော်ပြုမူခဲ့ပါတယ်။ သူဖိုးနင်းခွက်နင်းဖြစ်ခဲ့တာအများစုက ကျွန်တော်မနဲနေရာ ဘဝတုန်းက တကယ်ဖြစ်ခဲ့တာတွေပါ။ ကျွန်တော့်ဝန်ထမ်းတွေအပေါ် ဒေါသပေါက်ကွဲမှုကြောင့် သူတို့တစ်တွေ ကျွန်တော့်စားပွဲကို မကြာခဏရှောင်ခဲ့ရတယ်။ လူတစ်ယောက်ရဲ့စရိုက်လက္ခဏာပြောင်းလဲမှုဖြစ်စဉ်က တကယ်ဖြစ်ခဲ့တာပါ။ ဖြစ်လည်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ပြောင်းလဲမှုက ဝတ္ထုထဲမှာလို နှစ်နှစ်တည်းနဲ့တော့မဖြစ်ခဲ့ပါဘူး။ ဆယ်နှစ်လောက်တော့ကြာပါတယ်။

**ဦးမင်းနိုင်ရဲ့မိသားစုအကြောင်း ဘာလို့ထည့်မရေးတာလဲ။**

မူလကတော့ မိသားစုအကြောင်းပြောဖို့ရည်ရွယ်ခဲ့ပါတယ်။ သူ့အိမ်ထောင်ရေးပဋိပက္ခတွေ၊ ကလေးတွေနဲ့ ပြဿနာတွေအပါအဝင် ဦးမင်းနိုင်ရဲ့မိသားစုဘဝကိုပြဖို့စဉ်းစားခဲ့ပါသေးတယ်။ ဒါပေမဲ့ စီးပွားရေးလောကကိုဦးတည်တဲ့ ပုဂ္ဂိုလ်ရေးအောင်မြင်မှုစာအုပ်မျိုးဖြစ်ချင်တဲ့အတွက် သူ့ရဲ့ပရော်ဖက်ရှင်နယ်ဘဝကိုပဲ ဇောင်းပေးဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ဒီဝတ္ထုမှာပါတဲ့အကြောင်းအရာတွေကြောင့် ပုဂ္ဂိုလ်ရေးဘဝတိုးတက်ရေးကိုရည်ရွယ်ခဲ့တာပါ။ ဒါပေမဲ့ ကျွန်တော် ဝတ္ထုရှည်ရေးဖို့ ဘယ်တော့မှ မစဉ်းစားခဲ့ပါဘူး။ တကယ်လို့ မိသားစုအကြောင်းပါပါလာရင် စာအုပ်က အရမ်းရှည်ပြီး စရိတ်စကလည်းတက်မယ်၊ ဖတ်ဖို့လည်းခက်သွားမယ်။

**ဝတ္ထုထဲကယောဂီကြီးက ဘယ်သူလဲ။**

ယောဂီကြီးက တကယ်တော့ ဆရာနှစ်ယောက်ကို တစ်ယောက်တည်းလုပ်ထားတာပါ။ ဆရာနှစ်ယောက်မှာတစ်ယောက်က ကျွန်တော့်ကို နှစ်ပေါင်းများစွာ ပုဂ္ဂိုလ်ရေးအရ ကူညီအကြံပေးခဲ့တဲ့ သိပ်တော်တဲ့ စိတ်စိစစ်မှုပညာရှင်ပါ။ ဘဝအသိပညာတွေရင့်ကျက်ပြီး အင်မတန်စိတ်ဓာတ်ပွင့်လင်းတဲ့ပုဂ္ဂိုလ်ပါ။ သူ့ရဲ့အကြံဉာဏ်အများစုကို **'ကိုယ့်ကိုယ်ကိုယ်သိမြင်ခြင်း'** ဆိုတဲ့သစ်စေ့မှာအသုံးပြုထားပါတယ်။ ဒုတိယဆရာတစ်ယောက်ကတော့ အခုဟိမဝန္တာမှာသီတင်းသုံးနေတဲ့ ဘုန်းတော်ကြီးပါ။ သူ့ကိုကျွန်တော်ပီရူးမှာတွေ့ဆုံခွင့်ရပြီး 'ကရိယယောဂ' ကျင့်ဖို့ သူပဲကျွန်တော့်ကို

လမ်းပြတိုက်တွန်းခဲ့တာပါ။ သူလည်းပဲ အသိပညာအရမ်းကြွယ်ဝတဲ့ပုဂ္ဂိုလ်တစ်ယောက်ပါ။ သူနဲ့ပတ်သက်ပြီးထူးခြားတာက သူက အလှကုန်ပစ္စည်းတစ်ခုဖြစ်တဲ့ AVON France မှာ Creative Director အဖြစ် ၁၅ နှစ်ကျော်လုပ်ခဲ့တဲ့ ပြင်သစ်လူမျိုးပါ။ သူက အရှေ့နဲ့အနောက်ကမ္ဘာနှစ်မျိုးလုံးနဲ့ အကျွမ်းဝင်သူဖြစ်ပြီး အဲဒီကမ္ဘာနှစ်ခုကို ဘယ်လိုပေါင်းကူးရမလဲဆိုတာသိသူပါ။

**ယောဂီဆရာကြီးက ဘာဖြစ်လို့သေသွားရတာလဲ။**

ကျွန်တော်တို့ရဲ့ပုဂ္ဂိုလ်ရေးတိုးတက်ဖို့အတွက် တခြားသူတွေအပေါ် အားမကိုးဘဲ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ရမယ်ဆိုတဲ့အချက်ကို ဖောင်းပေးဖို့အရေးကြီးတယ်လို့ ခံစားရလို့ပါ။ လက်တွေ့အပြင်လောကမှာတော့ ဆရာတွေက သက်ရှိထင်ရှားရှိနေတုန်းပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ပြောင်းလဲဖို့အတွက် ကျွန်တော်တို့တစ်ဦးတည်းအပေါ်မှာပဲ လုံးလုံးလျားလျားမူတည်တယ်ဆိုတာ ကျွန်တော်တို့သတိပြုရမယ်။ ဆရာတွေပဲဖြစ်ဖြစ် လျှို့ဝှက်ဆန်းကြယ်တဲ့ ဂုရုတွေပဲဖြစ်ဖြစ် ဘယ်သူမှ ကျွန်တော်တို့ကို တစ်ဦးချင်းကောင်းအောင်မလုပ်နိုင်ပါဘူး။ သူတို့က ကျွန်တော်တို့ကို လမ်းညွှန်ပြသနိုင်တယ်။ အကြံပေးနိုင်တယ်။ ဒါပေမဲ့ လူတစ်ယောက်ပြောင်းလဲဖို့က သိပ်ခက်ခဲတဲ့အလုပ်ဖြစ်ပြီး ကျွန်တော်တို့ရဲ့ကိုယ်ပိုင်ခံယူချက်နဲ့ ဇွဲလုံ့လဝီရိယအပေါ်မှာပဲ လုံးလုံးမူတည်တယ်။

**တရားအားထုတ်တာ အရမ်းကောင်းတယ်ဆိုရင် ဘာဖြစ်လို့ လူတွေပိုပြီးအားမထုတ်ကြတာလဲ။**

ပထမဆုံးအချက်တစ်ခုကတော့ အနောက်တိုင်းမှာက အရှေ့တိုင်းလို ကမ္မဋ္ဌာန်းတရားကို ကျယ်ကျယ်ပြန့်ပြန့်အားမထုတ်ကြဘူး။ လူတွေက ကမ္မဋ္ဌာန်းတရားရဲ့အကျိုးကျေးဇူးနဲ့ရလဒ်တွေကိုသတိမထားမိကြသလို သင်ကြားပြသပေးတဲ့ကမ္မဋ္ဌာန်းကျောင်းတွေလည်း များများစားစားမရှိကြဘူး။ ဒုတိယအချက်ကတော့ တရားအားထုတ်တာက လေ့ကျင့်ခန်းလုပ်တာနဲ့အတူတူပဲ။ လူတော်တော်များများက ကိုယ်လက်

လုပ်ရှားလေ့ကျင့်ခန်းဟာ သူတို့ကျန်းမာရေးအတွက် ကောင်းမွန်းသိပေမဲ့ ဘာလို့ သူတို့မလုပ်ကြတာလဲ။ အဖြေကတော့ ဌွဲ၊ လုံ့လ၊ ဝီရိယပဲ။ လေ့ကျင့်ခန်းလုပ်တာက ဌွဲ၊ လုံ့လ၊ ဝီရိယလိုတယ်။ စည်းကမ်းလိုတယ်။ အဲဒါတွေကို ဝန်ထုပ်ဝန်ပိုးလို့ခံစား တတ်ကြတယ်၊ အချိန်အတော်ကြာမှသာ ရလဒ်ထိုကျွန်တော်တို့မြင်ကြတယ်။ စိတ် မရှည်မှုဟာ ကျွန်တော်တို့လူ့အဖွဲ့အစည်းရဲ့အစိတ်အပိုင်းတစ်ခုဖြစ်နေတယ်။ တစ်စုံ တစ်ယောက်ဟာ တရားအားထုတ်ရင် အကျိုးကျေးဇူးကို ချက်ချင်းမခံစားရဘူး။ တစ်နည်းပြောရရင် အဲဒါက ပျင်းရိငြီးငွေ့ဖွယ်ကောင်းတယ်။ ပင်ပန်းတယ်၊ ဆွဲဆောင် မှုမရှိဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ဌွဲ၊ လုံ့လ၊ ဝီရိယရှိမယ်။ ပျော်တာတွေ၊ မပျော်တာ တွေကို ခဏဖယ်ထားနိုင်ရင် ထူးခြားတဲ့ရလဒ်ကို ကျွန်တော်တို့မြင်ရလိမ့်မယ်။ တရားအားထုတ်တာဟာ ပုဂ္ဂိုလ်ရေးဘဝတိုးတက်ရေးအတွက် ထူးခြားတဲ့လက်နက် ကိရိယာတစ်ခုလို့ ကျွန်တော်ကတော့ယုံကြည်တယ်။ ကျွန်တော်ကိုယ်တိုင် ရှစ်နှစ်ကျော် ကျော်ကျင့်ခဲ့ပြီးပါပြီ။ တရားအားထုတ်တာက ပိုပြီးတည်ငြိမ်အေးချမ်းပြီး ဟန်ချက် ညီတဲ့ဘဝတစ်ခုဖြစ်အောင် အထောက်အကူပြုပါတယ်။

**စာအုပ်ထဲမှာပြောထားသလို ဆရာ့ခန္ဓာကိုယ်ကနေ တကယ်ခွာလို့ရခဲ့တာလား။**

အချက်အလက်တွေက အကုန်မှန်ပါတယ်။ ကျွန်တော် နာမ်တရားအကြောင်း ကိုအရမ်းစိတ်ဝင်စားနေတဲ့အချိန်မှာ အဲဒီလိုဖြစ်လာတာပါ။ ကျွန်တော့်ခန္ဓာကို ခွာ လို့ရမယ့်နည်းလမ်းပါပဲ့စာအုပ်စာတမ်းတွေအမျိုးမျိုးကို ကျွန်တော်ဝယ်ယူစုဆောင်း လေ့ရှိတယ်။ ပြီးတော့ လက်တွေ့လုပ်ကြည့်တယ်။ လူတွေ တရားအားထုတ်တဲ့အခါ အဲဒီလိုအခြေအနေမျိုးကိုဖြတ်သန်းရလေ့ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ အကြောင်းအရာတွေက အရမ်းဆွဲဆောင်မှုရှိပြီး စိတ်ဝင်စားဖို့ကောင်းတယ်လေ။ အထူးသဖြင့် ကိုယ့်ရဲ့ခန္ဓာကိုယ်ကိုခွာလို့ရတဲ့အကြောင်းကို မိတ်ဆွေတွေကိုပြောပြ ရတဲ့အခါမျိုးမှာပေါ့။ တကယ်တော့ အဲဒါတွေဟာ ဘာအဓိပ္ပာယ်မှမရှိတဲ့ အတ္တမာန ရဲ့လှည့်စားမှုတွေပါ။ အဲဒါမျိုးတွေလုပ်နေတာ စစ်မှန်တဲ့စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက် ရေးအတွက် အထောက်အကူမပြုတဲ့အပြင် ကိုယ့်ရဲ့တန်ဖိုးရှိတဲ့အချိန်တော်တော်

များများပါကုန်ဆုံးသွားရပါတယ်။

**ကိုယ့်ကိုယ်ကိုယ်သိမြင်ခြင်းဆိုတဲ့ ပထမသစ္စာကို ဘယ်လိုသေချာကျင့်သုံးသင့်သလဲ။**

ကိုယ့်ကိုယ်ကိုယ်သိမြင်ဖို့ဟာ လွယ်တဲ့ကိစ္စတော့မဟုတ်ဘူး။ ကျွန်တော်တို့ဟာ ဘယ်လိုလူစားမျိုးလဲဆိုတာသိဖို့ခက်ခဲသလို အထူးသဖြင့် ကျွန်တော်တို့ရဲ့ကြီးမားတဲ့ အစိတ်အပိုင်းတော်တော်များများက မသိစိတ်ထဲရောက်နေတဲ့အခါမျိုးပေါ့။ ကျွန်တော်တို့ရဲ့စိတ်ကိုသေသေချာချာစိစစ်ပြီး ခွဲခြမ်းစိတ်ဖြာစောင့်ကြည့်နိုင်ရင်တော့ ကောင်းပါတယ်။ ကျွန်တော်တို့ရဲ့စိတ်အတွင်းပိုင်းပျော်ရွှင်ဖို့အတွက် ရင်းနှီးတဲ့ငွေအားလုံးဟာ သုံးထိုက်ပါတယ်။ တကယ်လို့ ကျွန်တော်တို့မတတ်နိုင်ဘူးဆိုရင် ကိုယ့်ကိုယ်ကိုယ်သိမြင်မှုဆီရှေးရှုတဲ့စိတ်ကိုဖွင့်ထားဖို့အရေးကြီးတယ်။ ကျွန်တော်တို့ပတ်ဝန်းကျင်က ကျွန်တော်တို့မိဘတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ကျွန်တော်တို့မမြင်ရတဲ့အရာတွေကို ကျွန်တော်တို့မြင်လာအောင် သူတို့ကကူညီပေးနိုင်တယ်ဆိုတာ သတိပြုပါ။

**တရားထိုင်တဲ့နည်းလမ်းကလွဲရင် စိတ်ငြိမ်းချမ်းမှုရစေတဲ့ တခြားနည်းလမ်းတွေမရှိဘူးလား။**

စိတ်ငြိမ်းချမ်းမှုကိုရစေတဲ့ တခြားနည်းလမ်းတွေအများကြီးရှိပါတယ်။ ဘာသာတရားကိုင်းရှိုင်းပြီး ဝတ်ပြုဆုတောင်းတာကလည်း စိတ်ငြိမ်းချမ်းမှုရတာပဲ။ တချို့လူတွေကတော့ ကိုယ်ကျိုးမငဲ့တဲ့ဝန်ဆောင်မှုမျိုးပေးတာကလည်း သူတို့စိတ်ကိုအေးချမ်းစေတယ်။ ဘယ်လိုနည်းပဲရွေးရွေး ဌ၊ လ၊ ပီရိယစိုက်ပြီး ကျင့်ကြံဖို့ပဲလိုတယ်။ တချို့လူတွေက ပြေးတာလိုအားကစားတစ်ခုခုလုပ်တာမျိုး လုပ်လို့မရဘူးလားမေးကြတယ်။ ပြေးတာက ရုပ်ပိုင်းဆိုင်ရာကိုပိုကောင်းစေတယ်။ ဒါပေမဲ့ စိတ်ပိုင်းဆိုင်ရာငြိမ်းချမ်းမှုကိုပေးဖို့တော့ ခက်တယ်။

**ကိုယ့်ကိုပြောင်းလဲစေမယ့်ဆရာမျိုးကို ဘယ်လိုရှာလို့ရနိုင်သလဲ။**

ကမ္ဘာ့ဌာန်းကျောင်းတွေရှိပါတယ်။ ကမ္မဋ္ဌာန်းကျောင်းတွေမှာသွားအားထုတ်ပြီး

ပုဂ္ဂိုလ်ရေးဘဝတိုးတက်အောင်လုပ်လို့ရပါတယ်။ နောက်ပြီး Hariharananda Mission (*www.hariharananda.org*) ဆိုတဲ့အဖွဲ့အစည်းတစ်ခုရှိပါတယ်။ အဲဒီအဖွဲ့ကလည်း ကရိယယောဂအဆင့်မြင့်ကျင့်စဉ်တွေကို သင်ကြားပေးပါတယ်။

**ဆရာ့စာအုပ်မှာပါတဲ့ ဇာတ်လမ်းတွေ၊ ပုံပြင်တွေအများကြီးကို ဆရာဘယ်ကရသလဲ။ ဆရာကိုယ်တိုင်စိတ်ကူးညာက်ကွန့်မြူးပြီး ဖန်တီးထားတာလား။**

တချို့အိုင်ဒီယာတွေကို သရုပ်ပေါ်ဖို့အတွက် ဇာတ်လမ်းတချို့ကို ကျွန်တော်ကိုယ်တိုင်ဖန်တီးပါတယ်။ ဒါပေမဲ့ အများစုက ဂျူး၊ ဟိန္ဒူ၊ တရုတ် စတဲ့ကမ္ဘာပေါ်ကယဉ်ကျေးမှုအမျိုးမျိုးထဲက ရှေးဟောင်းပုံပြင်ဇာတ်လမ်းတွေကို အများစုသုံးထားပါတယ်။ ပုံပြင်တွေ၊ ဇာတ်လမ်းတွေကိုစုထားပြီး ကျွန်တော် စာသင်၊ စာရေးတဲ့အခါ အဲဒီအထဲကအသိပညာတွေကိုအသုံးပြုပါတယ်။ ဒီစာအုပ်ကိုဖတ်ပြီးရင် စာအုပ်ထဲမှာပါတဲ့ပုံပြင်အကြောင်းအရာအများစုကို မေ့ကောင်းမေ့နိုင်တယ်။ အဲဒီပုံပြင်ထဲကပေးတဲ့အသိပညာကိုတော့ ဘယ်တော့မှမေ့မှာမဟုတ်ဘူး။

◈ ◈ ◈